ဦးဝ [illegible]

ပဲခူးခရိုင်-ဝေါမြို့အပိုင်

အဗျားနှစ်ရွာ အလယ်ဆိုင်

# မူလကသစ်ဝိုင်

## ကျေးဇူးရှင် ဆရာတော်ဘုရားကြီး

ဟောကြားတော်မူခဲ့သော

ကိုယ်တွေ့ဉာဏ်မြင်

# အလုပ်ပေး ဝိပဿနာ တရားစဉ်

## ဒုလ္လဘဒေသနာ

တည်းဖြတ် စီစဉ်သူ
အရှင်ခေမိန္ဒ (ပဓာန-နာယက)
မူလ ကသစ်ဝိုင် ဓမ္မရိပ်သာ။


သာသနာ-၂၅၁၄ ခု ကောဇာ-၁၃၃၂-ခု။နယုန်လ။

## အာစရိယံ-ဂရုံ-အဟံဝန္ဒာမိ သဗ္ဗဒါ။

လောကုတ္တရာ-အမွေထူး၊ အမွေမြတ်၊ ပေးအပ်သနားခဲ့သော ဆရာမြတ်သခင်၊ ထေရ်အရှင်မြတ်ကြီး၏ ကျေးဇူးတော်၊ ဂုဏ်တော်၊ အထူးတွေကို "ကိုယ်တွေ့ ဉာဏ်မြင်" ဆယ်ရက်စဉ်၊ အလုပ်စခန်း၊ ပါဝင်လျှမ်းသည့်၊ ဤစာကျမ်းကို၊ ရေးသားပါရ "ဓမ္မပူဇာ" တရားဖြင့်သာ၊ အမြတ်ဆုံး ပူဇော် ကန်တော့ လိုက်ပါ၏၊ ဆ ရာ တော် အ ရှင်သူမြတ်ကြီးဘုရား။ ။

(ပုံ) ဘဒ္ဒန္တ - ခေမိန္ဒ၊

(ပုံ) ဘဒ္ဒန္တ - လက္ခဏ၊



ကျေးဇူးရှင် ကသစ်ဝိုင် ဆရာတော် ဘုရားကြီး ပုံ

# မာတိကာ


၁။ နိဒါန်းလင်္ကာ

၂။ ပါရမီဆယ်ပါးထိုင်တရားတော် ၁၇

၃။ ပစ္စယပရိဂ္ဂဟဉာဏ်-ညတရားတော် ၅၅

၄။ ဗိုလ်ငါးပါး ထိုင်တရားတော် ၁၀၃

၅။ သမ္မသနဉာဏ်-ညတရားတော် ၂၂၉

၆။ မဂ္ဂင်ရှစ်ပါး-ထိုင်တရားတော် ၃၂၅

၇။ ဥဒယဗ္ဗယဉာဏ်-ညတရားတော် ၃၆၅

၈။ ကံဆန်းကျယ်ပုံ-တရားတော် ၄၅၉

# နိဒါန်း လွှာ

**အနမတဂ္ဂေါယံ ဘိက္ခဝေ သံသာရော၊ ပုဗ္ဗာကောဋိ နပညာယတိ၊ အဝိဇ္ဇာ နီဝရဏာနံ သတ္တာနံ တဏှာသံယောဇနာနံ သန္ဓာဝတံ သံသရတံ။**

( အနမတဂ္ဂ သံယုတ္တပါဠိ )

ဘိက္ခဝေ၊ ချစ်သားချစ်သမီးအများတို့။ အယံသံသာရော၊ဤအဆက်မပြတ်တဲ့ပညတ်သံသရာပရမတ်သံသရာကြီးသည်။ အနမတဂ္ဂေါ၊ နှစ်ရာထောင်လောက် ဉာဏ်ဖြင့်လျှောက်၍ ငါဘုရားအောက်မေ့အပ်ပါသော်လည်း သိအပ်သော-အစမရှိခဲ့ (ဝါ) အစမရှိဟူ၍ ငါဘုရားသိအပ်တော်မူအပ်ပါ၏။ ပုဗ္ဗာကောဋိ၊ သံသရာကြီး၏ ရှေ့အစွန်းအစသည်။ နပညာယတိ၊ ဘုရားဉာဏ်တော်မှာ မထင်ရှားအောင် အလွန်ပင် ရှည်လျားလှတော့သည် သာလျှင်ကတည်း။

သံသရာကြီးသည် အစမရှိဘူးတဲ့....။

**သံသရာနှစ်မျိုး။**

ပညတ်သံသရာကတမျိုး....။ ပရမတ်သံသရာကတမျိုး၊ နှစ်မျိုးရှိတယ်။

ပညတ်သံသရာကြီး အစမရှိပုံ....။

အကုန်လုံး,လူ့မှန်သမျှ....လူရယ်လို့ တခုယူထား၊

။ နတ်မှန်သမျှ....နတ်ရယ်လို့ တခုယူထား၊

။ ဗြဟ္မာမှန်သမျှ....ဗြဟ္မာရယ်လို့ တခုယူထား၊

ပေါင်းလိုက်တော့, လူ,နတ်,ဗြဟ္မာ, သုံးခုရတယ်။

အပါယ်လေးခုယူထား (ငရဲ,တိရစ္ဆာန်, ပြိတ္တာ,အသူရကာယ်)

လူ, နတ်, ဗြဟ္မာ, သုံးခုရယ် အပါယ်, လေးခုရယ် ဝိုင်းပြီး တော့ရေးထားစမ်း။

အဲဒီလိုရေးထားမယ်ဆိုလျှင် သံသရာကြီးသည်၊ လူက, စသလား၊ နတ်,ကစသလား၊ ဗြဟ္မာ,ကစသလား၊ အပါယ်လေးပါး, ကစလား၊ အစကိုရှာကြည့်လျှင် ရှိကိုမရှိဘူး။

ဘယ်သူက စလာတယ်ဆိုတာ မိမိတို့၏ဉာဏ်နဲ့ မဆိုထားဘိ၊ ဘုရားရှင်ကိုယ်တော်မြတ်ဉာဏ်တော်နဲ့ အစကိုလိုက်ရှာပါသော်လဲ အစကိုရှာမတွေ့ရဘူး။

**သံသရာလည်ပုံ။**

အဲဒီ (၇) ဘဝ လယ်ပြမယ်....။

လူကသေလျှင်....လူသွားဖြစ်ထာ (၁)

။ နတ်သွားဖြစ်ထာ (၂)

။ ဗြဟ္မာသွားဖြစ်ထာ (၃)

။ အပါယ်လေးပါးကျတာ (၄)

ပေါင်းလိုက်တော့ လူ,ကသေလျှင် (၇) ဘဝသွားဖြစ်ရပါလိမ့်မယ်။

နတ်ကသေလျှင်....နတ်ဖြစ်သွားတာ (၁)

〃 လူဖြစ်သွားတာ (၂)

〃 ဗြဟ္မာဖြစ်သွားထာ (၃)

〃 အပါယ်လေးပါးကျတာ (၄)

ပေါင်းလိုက်တဲ့အခါမှာ နတ်ကသေလျှင် (၇) ဘဝ သွားဖြစ်ရပါလိမ့်မယ်။

ဗြဟ္မာကသေလျှင် ဗြဟ္မာသွားဖြစ်ထာ (၁)

〃 နတ်သွားဖြစ်ထာ (၂)

〃 လူသွားဖြစ်ထာ (၃)

ပေါင်းလိုက်တဲ့အခါ ဗြဟ္မာကသေလျှင် (၃)ဘဝသွားဖြစ်ရပါလိမ့်မယ်။

အပါယ်လေးပါးကသေလျှင်....အပါယ်ပြန်ကျတာ (၄)

〃 လူသွားဖြစ်ထာ (၅)

〃 နတ်သွားဖြစ်ထာ (၆)

ပေါင်းလိုက်တဲ့အခါ အပါယ်ကသေလျှင်(၆)ဘဝဖြစ်သွားရပါလိမ့်မယ်။

ယခုဘဝကသေလို့ရှိလျှင် ဘဝသစ်မှာသွားဖြစ်တယ်၊ သွားမွေးတယ်ဆိုသောကြောင့် လူထွက်လို့ခေါ်တယ်၊ ဗမာပြည်မှာ လူဝင်လူထွက်စီးကမ်းရှိသလိုဘဲ လူထွက်သိမယ်ဆိုလျှင် လူဝင်လဲ သိရပါတယ်။

လူ့ဘဝကိုလဲ (၇)ဘဝကလာနိုင်တယ်၊ နတ်ဘဝကိုလဲ(၇)ဘဝက လာနိုင်တယ်၊ ဗြဟ္မာဘဝကိုလဲ (၃)ဘဝကလာနိုင်တယ်၊ အပါယ်လေးပါးဘဝကိုလဲ (၆)ဘဝက လာနိုင်တယ်လို့ လူဝင်လဲသိထားကြ။

**ပညတ်သံသရာအစမရှိပုံ။**

လူက သေမယ်ဆိုလို့ ရှိလျှင် (၇)ဘ၀ လဲသွားနိုင်တယ်၊ လာလဲလာနိုင်တယ်ဆိုသောကြောင့် အဲဒီ(၇)ဘ၀ လှည့်ကြည့်မယ်ဆိုလျှင် ဘယ်သူကစသလဲလို့ အစလဲရှာမတွေ့ဘူး။

နတ်ဘ၀ကသေလျှင်လဲ (၇)ဘ၀ဆိုတာ ဘယ်သူက စသလဲလို့ အစလဲရှာမတွေ့ဘူး (၇) ဘ၀လှည့်ပြီး ဝိုင်းထားမယ်ဆိုလျှင် ဘဲဥ့အစရှာမရသလိုဘဲ လူကစတယ် နတ်ကစတယ် ဗြဟ္မာကစတယ် အပါယ်လေးပါးက စတယ်ဆိုတာ အစကိုမရှိဘူး။

အယံသံသာရော၊ (၇)ဘ၀ အဆက်မပြတ်တဲ့ ပညတ်သံသရာကြီးသည်။ အနမတဂ္ဂေါ၊ နှစ့်ရာ့ထောင့်လောက် ငါဘုရားဉာဏ်ဖြင့်လျှောက်၍ အောက်မေ့အပ်ပါသော်လည်း ဘယ်သူကစတယ်၊ လူ့ကစတယ်၊ နတ့်ကစတယ်၊ ဗြဟ္မာကစတယ်၊ အပါယ့်ကစတယ်ဟူ၍။ ဝါ၊ အစမရှိဘူးဟူ၍ ငါဘုရား သိတော်မူအပ်ပါ၏။ ပုဗ္ဗကောဋိ၊ ပညတ်သံသရာ (၇)ခုတို့၏ ရှေ့အစွန်းအစသည်။ နပညာယတိ၊ ငါဘုရားဉာဏ်တော်မှာ မထင်ရှားအောင် အလွန်ပင် ရှည်လျားတော့သည်သာလျှင်ကတည်း။

ဒါက ပညတ်သံသရာလည်ပုံပါဘဲ....။

ဤကဲ့သို့ ပညတ်သံသရာ, ပရမတ်သံသရာ၌ လူ့နတ့်ဗြဟ္မာ, သတ္တဝါအပေါင်းတို့သည် ဆုံလည်သည့်နွား ချားရဟတ်ပမာ ချာချာရစ်ပတ် မွေးသေနယ်ထဲ၌ ကျင်လည်ပြေးသွားကြလျက် မလွတ်အောင် မထွက်နိုင်အောင် ဖွဲ့နှောင်ရစ်ပတ်ထားကြသော တရားတို့သည်ကား အဝိဇ္ဇာ့တဏှာ့ ဒိဋ္ဌိ့ဟူသော တရားသုံးပါးတည်း။

အဝိဇ္ဇာ မှောင်၊ ပိတ်လှောင်မြှေးယှက်အပ်သည်ဖြစ်၍ တဏှာ သံယောဇဉ် ဖွဲ့ယှဉ်တုပ်နှောင် အပ်ကုန်လျက် ငါ့ ငါ့ ထင်ချက် သက္ကာယဒိဋ္ဌိ တရားယုတ်၌ နစ်မြုတ်စွဲဝင်၍ နေခြင်းကြောင့် ဘေးဘျမ်းများစွာ သံသရာမှာ သုခဒုက္ခ ရောနှောကြ၍ မျှောရ ရှည်စွာ သံသရာ လက်စသိမ်းပျောက် မလွန်မြောက်နိုင်ခြေ။

ကြောက်ဘွယ်ဘနန်း ဘေးဘျမ်းများစွာ သံသရာ၌ အဝိဇ္ဇာ နှင့် တဏှာမူလ မြစ်မနှစ်ပါးကို ဝိပဿနာဉာဏ် မဂ်ဉာဏ်ဖြင့် ထင်ရှားအပြီး ခုတ်လှီးသတ်ဖြတ်နိုင်ပါမှ သံသရာဝဋ္ဋဘဝညွတ်မှ ထွက်မြောက်ကင်းလွတ် နိဗ္ဗာန်ရောက်ကြောင်းကို အစိန္တေယျ သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရားသည် လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ရဟုလသားပမာထားလျက် (၄၅) ဝါ ကာလပတ်လုံး သံသရာသမုဒ် ဝဲဇလုပ်၌ နစ်မြုပ်မျောပါး၍ နေကြကုန်သော လူ နတ် ဗြဟ္မာ သတ္တဝါအပေါင်းတို့အား ဤ ကဲ့သို့သော ဘေးရန်ခပင်း ဒုက္ခတွင်းမှ လွတ်ကင်းချမ်းသာ နိဗ္ဗူ တာသို့ လျှင်မြန်ထုတ်ချောက် ကောင်းစွာရောက်စေခြင်းအကျိုး ငှါ ဟောကြားညွှန်ပြ ဆုမ္မတော်မူအပ်သော ဒေသနာရင်းဖြစ် ပေသည်။

ထိုကဲ့သို့ ဟောကြားတော်မူအပ်သော ဒေသနာတော်ကား ထင်ရှားစွာ ရှိပါငြားသော်လည်း တတ်အပ်သေချာ ခွဲခြားကာ မသိကြသည့်ခြင်းရာကြောင့် မျက်စေ့လည် မှောက်မှားလျက် နိဗ္ဗာန်ကိုသွား ဝိပဿနာတရားများကို အားထုတ်သူ နည်းပါး၍ အိုနာသေရေး ဒုက္ခဘေးတို့ကို အစဉ်မပြတ် အထပ်ထပ်ဖြစ်စေ တတ်သော လောကီကုသိုလ်များကိုသာ အားထုတ်သူတို့ များ ကြပေသည်။

ထိုသူတို့အား မဂ်,ဖိုလ်,နိဗ္ဗာန်သုံးတန်ချမ်းသာကို လျှင်မြန်စွာ ရစေခြင်းအကျိုးငှါ ဘုရားဟောဒေသနာ ပိဋကပ်သုံးပုံကျမ်းပေါင်းစုံမှ လိုရင်းကိုထုတ်နှုတ်၍, "ကျေးဇူးရှင်,မူလ ကသစ်ဝိုင်ဆရာတော်ဘုရားကြီး" သည် စာတွေ့,ကိုယ်တွေ့,တထိုင်တည်းဖြင့်ပင် နာမ်ရုပ်ဖြစ်ပျက် တရားတို့ကို တွေ့မြင်နိုင် သိနိုင်သော "ကိုယ်တွေ့ဉာဏ်မြင်, အလုပ်ပေး ဝိပဿနာတရားစဉ်" ဒုလ္လဘဒေသနာ, **တရား တော်**ကို ဟောကြားတော်မူခဲ့လေသည်။

**သာသနာနှင့်ကသစ်ဝိုင်ဆရာတော်။**

ဤ "ကိုယ်တွေ့ဉာဏ်မြင်, အလုပ်ပေးဝိပဿနာ တရားစဉ်" ဒုလ္လဘဒေသနာ, **တရားတော်**ကို ဟောကြားတော်မူခဲ့သော ကျေးဇူးရှင် မူလ ကသစ်ဝိုင်ဆရာတော် ဘုရားကြီးသည် သက်တော် (၆၂)နှစ် သိက္ခာတော် (၄၂)ဝါတို့ပတ်လုံး သာသနာတော်မြတ်ကြီး၏အကျိုးကို တော,ရော,မြို့,ပါ မယှဉ်သာအောင် သည်ပိုးရွက်ဆောင်တော်မူခဲ့ရာ ပရိယတ်, ပဋိပတ်,နှစ်ဌာန၌ အထက်တန်းဝင်ကြသော တပည့်တကာ တကာမ ရဟန်းသံဃာ ပရိသတ်များမှာ မရေတွက်နိုင်အောင်ပင် ရှိခဲ့ပေပြီ။

ဗုဒ္ဓဝါဒ,ဗုဒ္ဓလမ်းစဉ်အရ ကိုယ်တိုင်စူးစမ်းရှာဖွေ ကျင့်ကြံအားထုတ် အောင်မြင်ထမြောက် **အထွဋ်အထိပ် လမ်းဆုံးသို့** ပေါက်ရောက်တော်မူသော ကျေးဇူးရှင်မူလ ကသစ်ဝိုင်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော တရားဒေသနာတော်တို့သည်ကား သိမ်မွေ့နက်နဲခက်ခဲသော သဘောဉာဏ်၏ အရာသက်သက်ဖြစ်သော်လည်း "ပစ္စယပရိဂ္ဂဟ ဉာဏ်" အခဏ်း၌ ခကြောင်း,ကျိုး,နာမ်,ရုပ်, ဖြစ်, ပျက်,မြင်၍ယုံမှားခြင်း(၁၆)ပါး

(၈) ပါးစင်ပုံ၊ ကန်ါဝိတရဏာဝိသုဒ္ဓိဖြစ်ပုံ၊ စူဠသောတာပန်ခေါ် ပုံတို့ကို နားလည်လွယ်သော မြန်မာစကား သက်သက်ဖြင့် ကျမ်းဂန်မတတ်သောသူများပင် မသိသူမရှိအောင် ဟောကြားပြသနိုင်သောစွမ်းရည် ရှိပါပေသည်။

"သမ္မသနဉာဏ်" အခဏ်း၌ ကာလသုံးခွင် ဖြစ်ပျက်မြင်ပုံ၊ လက္ခဏာရေးသုံးပါးထင်ပုံ၊ အမှားသုံးခုစင်ပုံ၊ နာမ်ရုပ်စစ်မှ သန်ါရဒုက္ခဖြင်ပုံ၊ သန်ါရဒုက္ခဖြစ်မှ မဂ်ကျပုံ၊ ဆိုင်ရာဆိုင်ရာ ဝတ္ထုသက်သေ သာဓက ဥပမာပုံ အမျိုးမျိုးပြကာ ပရမတ္ထသဘာဝတို့ကို အချက်ကျကျ ဟောထားလေသည်။

"ဥဒ္ဒယဗ္ဗဉာဏ်" အခဏ်း၌ နာမ်,ရုပ်,မြင်မှ, ဖြစ်,ပျက်,ထင်ပုံ ဖြစ်,ပျက်,မြင်မှ လက္ခဏာရေး,သုံးပါးမိပုံ လက္ခဏာရေး,သုံးပါး မိမှ အညစ်အကြေး, (၁၀)ပါးပေါ်ပုံ၊ အညစ်အကြေး (၁၀) ပါးပေါ်ရှိမှ မဂ်,ဟုတ်မဟုတ်သိပုံ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ပုံ တို့ကို အကြောင်းအကျိုးစပ်၍ တိကျပြတ်သားစွာ ဟောထား လေသည်။

**တိုက်တွန်းချက်။**

ဘဝကိုကြောက်သဖြင့် နိဗ္ဗာန်ရောက်ရေး အားသွန်ကြိုးကုတ် ကမ္မဋ္ဌာန်းအလုပ်ကို ကျိုးစား အားထုတ်၍ နေကြကုန်သော ရဟန်း,ရှင်,လူ,ယောဂီ,သူတော်စင်အပေါင်းတို့။

ယောဂီအရှင် သူတော်စင်တို့၏ မှီခိုအားထားရာ ကျေးဇူးရှင် မူလ ကသစ်ဝိုင်ဆရာတော်ဘုရားကြီး ဟောကြားတော်မူခဲ့သော "ကိုယ်တွေ့ညာဏ်မြင် အလုပ်ပေး ဝိပဿနာတရားစဉ်" ဒုလ္လဘဒေသနာ တရားစာများကို စာတွေ့ဖြင့်မဆုံးဖြတ်ဘဲ လက်တွေ့ကျင့်သုံးသောအားဖြင့် အိုနာသေရေး ဒုက္ခဘေးတို့၏ ကင်းဝေးရာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေဟု ဆုတောင်းပတ္ထနာပြုကာ ဤနိဒါန်းလွှာကို နိဂုံးချုပ်လိုက်ရပါတော့သတည်း။ ။

ဘဒ္ဒန္တ ခေမိန္ဒ

ဘဒ္ဒန္တ လက္ခဏ

မူလ-ကသစ်ဝိုင်ဓမ္မရိပ်သာ

# ဓမ္မဒါန

## စေတနာရှင်များစာရင်း

ကျေးဇူးရှင် ကသစ်ဝိုင်ဆရာတော်ဘုရားကြီးဟောကြားတော်မူသော "ကိုယ်တွေ့ဉာဏ်မြင် အလုပ်ပေးဝိပဿနာတရားစဉ်ဒုလ္လဘဒေသနာ" တော်သည် ဘုရားရှင် ကိုယ်တော်မြတ်ကြီး ပွင့်ထွန်းပေါ်ပေါက်လာမှသာ, ဟောကြားတော် မူအပ်သော, အလွန်အကြူး, အထူးအားဖြင့် ကြားနာရခဲသော, အဘိဓမ္မာဒေသနာမှ, ဖွေရှာပေါင်းထုံ,အနှစ်စုလျက်,ရှုမှတ်ဆင်ခြင်,ကိုယ်တိုင်မြင်တွေ့သိရှိခဲ့ရသော တရားတော်များဖြစ်၍၊ မွေး,နာ,အို,သေ,ရတဲ့ဘောမျှော်တွေးကြောက်သဖြင့်၊ နိဗ္ဗာန်ရောက်ရေး, တအားသွေးလျက်အသက်ခန္ဓာပမာမထား, ကြိုးစား အားထုတ်လိုကြတဲ့, ရဟန်း, ရှင်လူ, ယောဂီသူတော်စင်တို့သည် ကြည့်ရှုဆင်ခြင်,သိမှုတွင်တွင်ဖြင့်, အသင့်နှလုံးသွင်းကာ, အမြင့်ဆုံး အမြတ်ဆုံးဖြစ်တဲ့ နိဗ္ဗာန်စံသုံးမှုကို၊ရည်သန်ပြုသည်ကာ ပဋိပတ္တိသာသနာ ရှည်ကြာ တည်

တန့် ခိုင်မြဲမှုအတွက်က တဖြာ, သဒ္ဒါပြဌာန် လှူဒါန်းပါဝင်ကြ သော ဓမ္မဒါမှ အလှူရှင်များမှာ....

၁။ ပဲခူးမြို့ ကွယ်လွန်သူ ကျေးဇူးရှင် ဆရာဝန် ဦးဘအားရည်စူး၍ ဇနီးဒေါ်ပြုံးနှင့် သား သမီးများစေတနာ ၁၅၀

၂။ ရန်ကုန်မြို့ အလုံရပ် ဗိုလ်မှူးတင်မောင်-ဒေါ်သန်းရင် သား-မောင်ရဲအောင် စေတနာ ၁၀၀

၃။ ရန်ကုန်မြို့ အမှတ် ၁၄၀-၃၂-လမ်း ဦးဘဆွေ-ဒေါ်သန်းမြ သမီးအေးအေးမူ အေးအေးကြူ၊ သား မောင်အောင်မျိုးတို့ စေတနာ ၁၀၀

၄။ သံတွဲမြို့ စသုံးလုံးအရာရှိဟောင်း ဦးသာအောင် အမှူးထား၍ ကျိန္တလီမြို့ယောဂီများစေတနာ ၁၀၀

၅။ ပဲခူးမြို့ သိမ်ဒါယကာ ဦးပါ-ဒေါ်ချစ် စေတနာ ၁၀၀

၆။ ရန်ကုန်မြို့ ပုဇွန်တောင် အိုးဘိုရပ် ဒေါ်ဒွေးလမ်း အမှတ်(၁၄) အမိဒေါ်ဖွားဖြူ အမှူးထား၍ ဦးစံလှိုင်-ဒေါ်စောတင် မိသားစုစေတနာ ၁၀၀

၇။ ဝေါမြို့နယ် စိုင်တီစုရွာ ဦးလှရွှေ-ဒေါ်ခင်ရွှေ စေတနာ ၈၀

၈။ ဝေါမြို့နယ် အင်းတိုင်စုရွာ ဖွားသဲညွန့်ကိုအမှူး ထား၍ ဦးထွန်းကြိုင်၊ ဒေါ်သိန်းတင်၊ ဒေါ်ခင်စိန်တို့စေတနာ ၅၅

စာမျက်နှာ(၄၇၂)သို့ကြည့်ပါ

ကျေးဇူးရှင်

မူလ-ကသစ်ဝိုင် ဆရာတော်ဘုရားကြီးကိုယ်တိုင်

ဟောကြားတော်မူခဲ့သော

# ပါရမီဆယ်ပါး

# အလုပ်ပေး ထိုင်တရားတော်

တတိယနေ့နံနက်ပိုင်း

ဒုလ္လဘဒေသနာ

ဆင်းရဲဒါ တမျိုး

ချမ်းသာဒါတမျိုး....ငါးမျိုး။

ပေါ်ဒါသည်တမျိုးထဲလားမျိုးစုံလား ?

॥ မျိုးစုံပါဘုရား။ ॥

မျိုးစုံဆိုလျှင် စာလိုဘာခေါ် ?

॥ ရုပ်ခေါ်ပါဘုရား။ ॥

သိတာကော တနေရာထဲမှာသိနေသလား၊ ပေါ်တိုင်းလိုက်သိနေသလား ?

॥ ပေါ်တိုင်းလိုက်သိနေပါဘုရား။ ॥

ပေါ်တိုင်းလိုက်သိလျှင် စာလိုဘာခေါ် ?

॥ နာမ်ခေါ်ပါဘုရား။ ॥

နာမ်ခေါ်တယ်နော်....

ရုပ်နဲ့နာမ်တို့သည် နှစ်ခုလား တခုထဲလား ?

॥ နှစ်ခုပါဘုရား။ ॥

ပေါ်ဒါနဲ့သိဒါသည် နှစ်ခုလား တခုထဲလား ?

॥ နှစ်ခုပါဘုရား။ ॥

ပေါ်လိုက်လျှင်သိ-သိလိုက်လျှင် ဘယ့်နယ်နေသလဲ ?

॥ ပျက်သွားပါဘုရား။ ॥

ပျက်သွားတယ်,ပေါ်,သိ,ပျက်,လို့ မှတ်နေကြ၊ အမြင်သန့်တယ်ဆိုလျှင် ဘာပေါ်တယ် ညာပေါ်တယ်လို့ ဒီလိုမမှတ်နဲ့

ခေတာ့၊ ပေါ်ဒါလေးလောက်စိတ်ထား သိ့ပျက့်အပေါ်နဲ့-သိ့ ပျက့်သိ့ပျက့်ဆုံးအောင်သာ မှတ်နေကြတဲ့။

ကနေ့ပါရမီနဲ့ တရားထိုင်ရလိမ့်မယ်....။

ပါရမီဆိုတာ ဖြည့်မှပြည့်သလား အလိုအလျောက် ပြည့် သလား ?

။ ဖြည့်မှ ပြည့်ပါဘုရား။ ။

ဖြည့်မှနော်....အိပ်နေလို့ ရတာမဟုတ်ဘူး။

**ပါရမီဖြည့်ရတဲ့ပုဂ္ဂိုလ်သုံးဦး။**

(၁) ဘုရားဆုပန်တဲ့ ပုဂ္ဂိုလ်တဦး၊

(၂) ပစ္စေကဗုဒ္ဓါ ဆုထူးကြီးပန်းတဲ့ ပုဂ္ဂိုလ်တဦး၊

(၃) ရဟန္တာ ဆုထူးကြီးပန်တဲ့ ပုဂ္ဂိုလ်တဦးတဲ့၊

ပါရမီဖြည့်တဲ့ပုဂ္ဂိုလ်ဘယ်နှစ်ဦးလဲ့

။ သုံးဦးပါဘုရား။ ။

**ပါရမီဖြည့်ပုံ။**

သုံးဦးတဲ့-ပါရမီဖြည့်ပုံကလေး—

ရဟန္တာဆုထူးကြီးပန်တဲ့ ပုဂ္ဂိုလ်သည်၊-သာမညပါရမီ(၁၀) ပါး ရိုးရိုးပါရမီ(၁၀)ပါးကို ဖြည့်ကျင့်ရတယ်၊

၁၈၄၉၄

သာမညပါရမီဆိုဒါက.... တိုင်းပြည်, ဥစ္စာ, သား, မယား, ပါမငဲ့ညှာဘဲ ရက်စက်စွာ ဖြည့်ကျင့်ရတဲ့ ပါရမီမျိုးကို သာမည-ပါရမီ-ရိုးရိုးပါရမီလို့ခေါ်တယ်။ ။

ပစ္စေကဗုဒ္ဓါ-ဆုထူးကြီးပန်တဲ့ပုဂ္ဂိုလ်သည်။ ၎င်းသာမည ပါ-ရမီ(၁၀)ပါးထဲ၌ "ဥပပါရမီ" (၁၀)ပါးတို့၌ ပါရမီ(၂၀)ကို နှစ်သင်္ချေနှင့် ကမ္ဘာတသိန်းဖြည့်ကျင့် ရတဲ့ပုဂ္ဂိုလ်မျိုးကို ပစ္စေကဗုဒ္ဓါ ဆုထူးကြီးပန်တဲ့ ပုဂ္ဂိုလ်လို့ခေါ်ပါတယ်။ ။

ဥပပါရမီဆိုတာက ခြေ, လက်, နား, နှာ, ကိုယ်အင်္ဂါ, အစိတ်အပိုင်းတို့ကို မငဲ့ညှာဘဲ ရက်စက်စွာ ဖြည့်ကျင့်ဆည်းပူးရတဲ့ပါရမီမျိုးကို "ဥပပါရမီ"လို့ ခေါ်ပါတယ်။ ။

ဘုရားဆုထူးကြီးကို ပန်တဲ့ပုဂ္ဂိုလ်သည် ၎င်းပါရမီ(၂၀)ထဲ၌ ပရမတ္ထပါရမီ(၁၀)ပါးတို့၌ ပါရမီ(၃၀)လုံးကိုပင် လေးသင်္ချေနှင့်ကမ္ဘာတသိန်း, ရှစ်သင်္ချေနှင့်ကမ္ဘာတသိန်း, တဆယ့်ခြောက်သင်္ချေနှင့်ကမ္ဘာတသိန်း ဖြည့်ကျင့်ရတဲ့ ပုဂ္ဂိုလ်မျိုးကို ဘုရားဆုထူးကြီးပန်တဲ့ ပုဂ္ဂိုလ်လို့ခေါ်ပါတယ်။ ။

ပရမတ္ထပါရမီ-ဆိုတာက အသက်ခန္ဓာမငဲ့ညှာဘဲ ရက်စက်စွာ ဖြည့်ကျင့်ရတဲ့ ပါရမီမျိုးကို ပရမတ္ထပါရမီလို့ ဆိုလိုပါတယ်။ ။

အကျဉ်းချုပ်ကလေး ပြန်မေးမယ်။ ။

ရဟန္တာဆုထူးကြီးပန်တဲ့ပုဂ္ဂိုလ်သည် ပါရမီ ဘယ်လောက်ဖြည့်ကျင့်ရသလဲ ?

။ ပါရမီ(၁၀)ပါးပါဘုရား။

ပစ္စေကဗုဒ္ဓါဆုတူးကြီးပန်တဲ့ပုဂ္ဂိုလ်သည် ပါရမီဘယ့်လောက် ဖြည့်ကျင့်ရသလဲ ?

။ ပါရမီ(၂၀)ပါဘုရား။ ။

အေး....ပါရမီ-၂၀။

ဘုရားဆုတူးကြီးပန်တဲ့ပုဂ္ဂိုလ်သည် ပါရမီဘယ့်လောက်ဖြည့် ကျင့်ရသတဲ့ ?

။ ပါရမီ(၃၀)ပါဘုရား။ ။

ပါရမီ(၃၀)ခေါ်တယ်။

ဘုရားကတော့ လေးသင်္ချေနှင့်ကမ္ဘာတသိန်း, ရှစ်သင်္ချေနှင့် ကမ္ဘာတသိန်း, တဆယ့်ခြောက်သင်္ချေနှင့်ကမ္ဘာတသိန်း အပိုင်း အခြားနဲ့ ဖြည့်ကျင့်ရတယ်။ ။

ပစ္စေကဗုဒ္ဓါကတော့ နှစ်သင်္ချေနှင့် ကမ္ဘာတသိန်း ဖြည့်ကျင့် ရတယ်။

ရဟန္တာမှာ။ ။အဂ္ဂသာဝက ရဟန္တာ၊ မဟာသာဝက ရဟန္တာ၊ ပကတိသာဝက ရဟန္တာလို့ သုံးမျိုးရှိတယ်။

အဂ္ဂသာဝက ရဟန္တာ-ကတော့ တသင်္ချေနှင့်ကမ္ဘာတသိန်း ပါရမီဖြည့်ကျင့်ရတယ်။ ။

မဟာသာဝက ရဟန္တာ-ကတော့ ကမ္ဘာတသိန်း ပါရမီဖြည့် ကျင့်ရတယ်။ ။

ပကတိသာဝက ရဟန္တာ-ကတော့ ကာလအပိုင်းအခြား ကိန်း သေမရှိဘူး၊ ပါရမီဖြည့်ကျင့်တဲ့နေရာမှာ မရမနေဘူးဆိုတဲ့ ဇွဲ

ကလေးနဲ့ စိပ်စိပ်နဲ့ မြန်မြန်ကြီး ဖြည့်ကျင့်လိုက်မယ်ဆိုလျှင်လဲမြန်တယ်၊ ပါရမီဖြည့်အောင်လေးလောက် ခပ်ကြဲကြဲနဲ့ ခပ်နှေးနှေးကလေး ဒီလိုများ ဖြည့်ကျင့်မယ်ဆိုလျှင် လေးသင်္ချေနှင့် ကမ္ဘာတသိန်းမက ကြာကြာကြီး ပါရမီဖြည့်ကျင့်ရတယ်လို့ ဆိုတာ ကာလအပိုင်းအခြားလဲ မရှိဘူးဆိုတာ သိပေတော့။ ။

**ပါရမီ။**

ပါရမီလေးပြောမယ်.....။

**"ပါရံ နိဗ္ဗာနံ ဂစ္ဆတိ တေသယာတိ ပါရမီ"**

တေသယာ၊ ဤဒါနသီလ, စသော ဆယ်ပါးကုန်သော ကုသိုလ်မျိုးဖြင့်။ ပါရံနိဗ္ဗာနံ၊ နိဗ္ဗာန်တဘက်ကမ်းသို့။ ဂစ္ဆတိ၊ ရောက်နိုင်ပေါက်နိုင် သွားနိုင်ကြကုန်၏။ ဣတိတသ္မာ၊ ထိုသို့နိဗ္ဗာန်တဘက်ကမ်းသို့ ရောက်နိုင်ပေါက်နိုင် သွားနိုင်ပို့နိုင်သည်၏ အဖြစ်ကြောင့်။ သော၊ ဤဒါန-သီလ-စသော ဆယ်ပါးသော ကုသိုလ်မျိုးသည်။ ပါရမီ၊ ပါရမီမည်ပါပေ၏။

ပါရမီဆိုတာ နိဗ္ဗာန်တဘက်ကမ်းကို ပို့ပေးဒါတဲ့၊ ပါဠိသုံးကတော့ ပါရမီဘဲ ဗမာပြန်လိုက်တော့ နိဗ္ဗာန်တဘက်ကမ်းကို ပို့ပေးဒါလို့ ဒီလိုမှတ်ထား။

ဒါဖြင့် နိဗ္ဗာန်တဘက်ကမ်းနှင့် တူတယ်လို့ ဆိုသောကြောင့် ဥပမာလေးပေးမယ်....။ သမုဒ္ဒရာကြီးသည် ဤဘက်ကမ်းလဲရှိတယ် ကူးတဲ့လူလဲရှိတယ်၊ နောက်ပြီးတော့ ပို့ပေးတဲ့ လှေ, ဖေါင်,သင်္ဘော,တို့လဲ ရှိတယ်လို့ အဲဒီလို ဥပမာန ဘက်က မှတ်ရတယ်။

**သမုဒ္ဒရာနဲ့ သံသရာတူပုံ။**

သမုဒ္ဒရာကြီးနဲ့ သံသရာကြီးနဲ့တူတယ် သံသရာဆိုတော့ ဟို.... သုံးတန်းရှိတယ်။

ကြောင်း,ကျိုး, ကြောင်း,ကျိုး, အဆက်မပြတ်တဲ့ ပရမတ် သံသရာကြီး။ ။

နာမ်,ရုပ်,နာမ်,ရုပ်, အဆက်မပြတ်တဲ့ ပရမတ်သံသရာကြီး။ ။

ဖြစ်,လိုက်,ပျက်လိုက်, ဖြစ်လိုက်,ပျက်လိုက်, အဆက်မပြတ်တဲ့ ပရမတ် သံသရာကြီး။ ။

အဲဒီသံသရာကြီးနဲ့တူတယ်လို့ မှတ်ထားရ။

သမုဒ္ဒရာ ဤဘက်ကမ်းနဲ့ သံသရာဒီဘက်ကမ်းနဲ့ တူတယ်၊ သမုဒ္ဒရာဟိုဘက်ကမ်းနဲ့ သံသရာဟိုဘက်ကမ်း နိဗ္ဗာန်နဲ့တူတယ်လို့ မှတ်ထားရ၊ သမုဒ္ဒရာ ဤဘက်ကမ်းဆိုလျှင် မိမိနေတဲ့ဘက်ကမ်းဘဲ၊ ဟိုဘက်ကမ်းဆိုလျှင် မိမိမရောက်သေးတဲ့ ဘက်ကမ်းဘဲ ခေါ်တယ်။

ဒီတော့ မိမိနေတဲ့ဘက်ကမ်းကို ဤဘက်ကမ်းခေါ်လိုက်ပါ သဖြင့်၊ သံသရာဒီဘက်ကမ်းဆိုဒါ ခန္ဓာကြီးရှိတဲ့ ဘက်ကမ်းဘဲ လူခန္ဓာ, နတ်ခန္ဓာ, ဗြဟ္မာခန္ဓာ, အပါယ်ခန္ဓာ,ရှိလျှင် သံသရာ ဒီဘက်ကမ်းဘဲ၊ ခန္ဓာကြီးတွေမရှိလျှင် နိဗ္ဗာန်တဘက်ကမ်းလို့ ဒီလိုမှတ်ထား။

ခန္ဓာကြီးလို့ ဆိုလိုက်ပါသဖြင့် ကိုယ့်ခန္ဓာထဲမှာကြည့်လျှင်၊
ပေါ်,သိ,ပျက်, ဒါဘဲ
ပေါ်ဒါလဲ....ဒီဘက်ကမ်းဘဲ

သိဒါလဲ....ဒီဘက်ကမ်းဘဲ
ဖြစ်ပျက်လဲ ဒီဘက်ကမ်းဘဲ
ဒါဖြင့် နိဗ္ဗာန်တဘက်ကမ်းဟာ....
ပေါ်ဒါလဲ....မဖြစ်ဘူး
သိဒါလဲ....မဖြစ်ဘူး
ဖြစ်ခြင်း,ပျက်ခြင်းလဲမဖြစ်ဘူးလို့ ဆန့်ကျင်ဘက်ယူထားကြ၊
ပေါ်ဒါသည်-နာမ်-ရုပ်
ပူဒါ,အေးဒါ,လှုပ်ထာ,က....ရုပ်
ဆင်းရဲဒါ,ချမ်းသာဒါ,က....နာမ်
ပေါ်ဒါသည် "ရုပ်-နာမ်"ခေါ်တယ် "ရုပ်-နာမ်"သည် ဒီဘက်ကမ်း။

နိဗ္ဗာန်တဘက်ကမ်းသည် "ရုပ်-နာမ်"မဖြစ်ဘူး၊ သိတဲ့နာမ်တရားသည် ဒီဘက်ကမ်း၊ နိဗ္ဗာန်ကတော့ အသိဆိုတဲ့ နာမ်တရားလုံးဝမဖြစ်ဘူးခေါ်တယ်။

ဖြစ်လိုက်,ပျက်လိုက်, ဖြစ်လိုက်,ပျက်လိုက် ဒီဘက်ကမ်းဆိုသဖြင့် သင်္ခါရလောကဟာ ဒီဘက်ကမ်းဘဲ၊ သတ္တလောကလဲ ဒီဘက်ကမ်းဘဲ ဒါဖြင့် နိဗ္ဗာန်တဘက်ကမ်းမှာ သတ္တလောကလဲ မရှိ ဒါဖြင့် ဘုရားတွေနိဗ္ဗာန်ဝင်သွားတယ်၊ ပစ္စေကဗုဒ္ဓါတွေ နိဗ္ဗာန်ဝင်သွားတယ်၊ ရဟန္တာတွေ နိဗ္ဗာန်ဝင်သွားတယ်ဆိုဒါ ဟိုဘက်ကမ်းမှာ ဘုရား,ပစ္စေကဗုဒ္ဓါ, ရဟန္တာအနေမျိုးနဲ့လဲ မတွေ့ရဘူးလို့ ဒီလိုလဲမှတ်ထားရ။

နိဗ္ဗာန်တဖက်ကမ်းမှာ ဘုံ(၃၁)အနေမျိုးနဲ့လဲ မဖြစ်ဘူး၊ နိဗ္ဗာန်ကြီးဟာ မြို့ကြီးသား တိုင်းပြည်ကြီးလားလို့ဆိုလျှင် ဒီလိုလဲဘဲ မရှိဘူး၊ နိဗ္ဗာန်အနေနဲ့ပြောတာ။

## နိဗ္ဗာန်သည်-တည်ရာမရှိ

"နိဗ္ဗာနံဿ ငှိတော ကာသော"

ဒီလိုဆိုသောကြောင့် နိဗ္ဗာန်ဟာ တည်နေရာအရပ်ရယ်လို့ မရှိဘူးခေါ်တယ်။

ချိန်ထိုးလိုက်။ ။သမုဒ္ဒရာ ဤဘက်ကမ်းက ဟိုဘက်ကမ်း ကူးတဲ့လူနဲ့ သံသရာဒီဘက်ကမ်းက နိဗ္ဗာန်တဘက်ကမ်းကိုကူးတဲ့ ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ, တို့နဲ့တူတယ်လို့ မှတ်ရတယ်။ နိဗ္ဗာန်ကူးတဲ့လူ ဒီသုံးမျိုးဘဲရှိတယ်။

ဘုရား,အဖြစ်နဲ့မှ
ပစ္စေကဗုဒ္ဓါ, အဖြစ်နဲ့မှ
ရဟန္တာ,အဖြစ်နဲ့မှ ကူးနိုင်တယ်။
ပုထုဇဉ်တွေ-မကူးနိုင်ဘူး။
သောတာပန်
သကဒါဂါမ်
အနာဂါမ်တွေလဲ နိဗ္ဗာန်ကိုမကူးနိုင် အဲဒီလိုမှတ်ထားကြ။

နောက်ပြီးတော့ သမုဒ္ဒရာဒီဘက်ကမ်းက ဟိုဘက်ကမ်းကူးတဲ့ နေရာမှာ လှေတို့,ဖေါင်တို့ သင်္ဘောတို့,နှင့် ကူးရတယ်။

သံသရာဒီဘက်ကမ်းက နိဗ္ဗာန်တဘက်ကမ်းသို့ ကူးတဲ့အခါ ကျတော့ (ပါရမီ)နဲ့ ကူးရတယ်။ ။

ဘုရား ဘာနဲ့ကူးသလဲလို့ မေးလျှင် (ပါရမီ)နဲ့ ဘဲကူးရတယ်။ ပစ္စေကဗုဒ္ဓါ ရဟန္တာတွေ ဘာနဲ့ ကူးသလဲလို့ မေးလျှင် (ပါရမီ)နဲ့ ဘဲ ကူးရတယ်။ ။

ဒါကြောင့် (ပါရမီ)ဆိုတာ နိဗ္ဗာန်တဘက်ကမ်းကို ပို့ပေးတာလို့ ဆုံးဖြတ်လိုက်တော့ ဒါဖြင့် သာမည-ပြောမယ်ဆိုလျှင် နိဗ္ဗာန်တဘက်ကမ်းကို ပို့ပေးတာ (ပါရမီ)တဲ့၊ ဝိသေသ ပြောမယ်ဆိုလျှင် (ပညာပါရမီ) တခုထဲဘဲ။ ။

**အမတ မဟာနိဗ္ဗာန သမ္ပာပကေသု ဟိ ပညာဝ သေဋ္ဌာ၊**
**အဝသေသာ တဿာ ပရိဝါရာ ဟောန္တိ။**

ဆိုတဲ့ သုတ္တနိပါတ် အဋ္ဌကထာနဲ့အညီ ယုံကြပေတော့။ အင်း သာမညပြောမယ်ဆိုလျှင် (ပညာပါရမီ) တပါးပါဘဲ၊ (ပညာပါရမီ)ဆိုတော့ အသိကလေးနဲ့မှ နိဗ္ဗာန်ကူးနိုင်တယ် မသိလျှင် မကူးနိုင်ဘူးဆိုတာမှတ်ကြ။

အသိလဲတနေ့က ဆရာတော်ပြောတဲ့ "ဖြစ်ထာ, ပျက်တာ, ဖြစ်တာ,ပျက်ထာ,ကိုသိတဲ့ ဝိပဿနာဉာဏ်အသိ။

ရုပ်တဲ့နိဗ္ဗာန်ကြီးကိုသိတဲ့ မဂ်ဉာဏ်-ဖိုလ်ဉာဏ်အသိ-ဒီအသိနဲ့မှ ကူးနိုင်တယ်၊ အဲဒီအသိနဲ့ ကူးနိုင်ဘို့ရာမှာလဲဘဲ ကျန်တဲ့ပါရမီ (၉)ပါးအား ပေးရတယ်လို့ဆိုတာမှတ် ကျန်တဲ့ပါရမီ(၉)ပါးအားပေးမှ သိကြလိမ့်မယ်၊ ဒါကြောင့် သိချင်ကဲ့လို့ရှိလျှင် ကျန်တဲ့ပါရမီ(၉)ပါးအား ပေးကြ မှတ်ထားနော်။

သိကောသိချင်ကြရဲ့လား ?

။ သိချင်ကြပါဘုရား။ ။

ဖြစ်ပျက်ကိုကော သိချင်ကြရဲ့လား ?

။ သိချင်ပါတယ်ဘုရား။ ။

ရုပ်တဲ့နိဗ္ဗာန်ကြီးကိုကော မဂ်ဉာဏ်,ဖိုလ်ဉာဏ်နဲ့ သိချင်ကြရဲ့လား ?

॥ သိချင်ပါတယ်ဘုရား॥ ॥

သိချင်ကဲ့လို့ရှိလျှင် ကျန်တဲ့ပါရမီ(၉)ပါးအား ပေးရမယ်နော်။

အားကောပေးချင်ကြရဲ့လား ?

॥ ပေးချင်ပါတယ်ဘုရား॥ ॥

ကဲ—ပေးချင်လျှင် ပြင်ကြပေတော့-ပြင်ကြပေတော့....။

ကဲ—အဓိဋ္ဌာန်မယ် လိုက်ဆိုကြ။

တပည့်တော်များသည်၊ ဖြစ်ပျက်ဆုံးတဲ့ နိဗ္ဗာန်တဘက်ကမ်းကို မဂ်ဉာဏ်-ဖိုဉာဏ်ဖြင့် လှမ်းမြင်ရလေအောင် ခန္ဓာကိုယ်မှာ ယခုအချိန်ကစ၍ တနာရီတိတိ ပေါ်လျှင်သိ-သိလျှင်ပျက်, ပေါ်, သိ,ပျက်, ပေါ်,သိ,ပျက်, မှတ်၍သာ နေပါ့မည်-နေပါ့မည်၊ မှတ်နေတုံးမှာ ကျန်ပါရမီ ကိုး-ပါးအားပေးပြီးကာ တနာရီတိတိ အမှတ်နဲ့သာ နေပါ့မည်-နေပါ့မည်၊ မှတ်နေရင်း ရပ်တဲ့ နိဗ္ဗာန်ကို မဂ်ဉာဏ်-ဖိုလ်ဉာဏ်ဖြင့် မြင်ခဲ့ပါလျှင် တူးခြားသော အမူအရာတခု ပြုနိုင်ပါစေသတည်း။

ကဲ....မှတ်ကြ-မှတ်ကြ။

ဒါက အဓိဋ္ဌာန်ဘဲ။ ॥ အဓိဋ္ဌာန်ဆိုတာ ရည်ရွယ်ချက်ခေါ်တယ်၊ တနာရီတိတိ မှတ် နေ ပါ့ မယ် ဆို တဲ့ ရည်ရွယ်ချက်ကလေးဘဲ။

ရည်ရွယ်ဒါက....အဓိဋ္ဌာန်။

မှတ်နေဒါက....“ပညာ”တဲ့။

အဓိဋ္ဌာန်ပါရမီအား ပေးပြီးတော့မှတ်ပုံ၊ ပါရမီနှစ်ပါးဖြည့်ကျင့်ပြီးတော့နေပြီး တက်နှစ်ချောင်းနဲ့ နိဗ္ဗာန်တဘက်ကမ်းရောက်အောင် လှော်နေပြီ မှတ်။

ထိုင်တုံး-ကျန်တဲ့ပါရမီ(၉)ပါး ဖြည့်ကျင့်ပုံကလေးနဲနဲ-နဲနဲ သွင်းပေးမယ်။

**သစ္စာပါရမီ။** ။အားပေးပြီးခါမှတ်ကြပါအုံး၊ သစ္စာဆိုတော့ အမှန်ခေါ်တယ်၊ ရည်ရွယ်ချက်နဲ့ကိုက်အောင် မှတ်ရတယ်၊ တနာရီမှတ်နေပါမည်ဆိုတဲ့ ရည်ရွယ်ချက်အတိုင်း တနာရီလုံးလုံးမှတ်လျှင် သစ္စာခေါ်တယ်၊ အမှန်မှတ်တယ်ခေါ်တယ်၊ ရည်ရွယ်ချက်နဲ့ကိုက်အောင် အပြောနဲ့ အလုပ် ကိုက်အောင်မှတ်ခြင်းသည်တဲ့၊ "သစ္စာပါရမီ"အားပေးပြီးတော့ မှတ်နေတယ်ခေါ်တယ်။

ပါရမီ-သုံးပါး ဖြည့်ကျင့်နေပြီ၊ တက်သုံးချောင်းနဲ့ နိဗ္ဗာန်ရောက်အောင်လှော်နေပြီး ကြိုးစားမှတ်ကြ၊ "အားပေးတယ်, အားပေးတယ်"ဆိုတာက အမှတ်စိပ်စိပ်နဲ့ မြန်မြန်မှတ်ဘို့ အားပေးတယ်ခေါ်တယ်။

**ဒါနပါရမီ။** ။အားပေးပြီးကာ မှတ်ကြပါအုံး ဒါနဆိုတော့ စွန့်တယ်ခေါ်တယ်၊ "အပြင်စွန့် အတွင်းစွန့်" နှစ်မျိုးခေါ်တယ်။

အပြင်စွန့်။ ။စွန့်ထားရတယ် တနာရီ တင်းပြည့်ကျပ်ပြည့်မှတ်ချင်တယ်ဆိုလျှင် အပြင်ဘက်ကသား, သမီး, ပစ္စည်းဥစ္စာ,အလုပ်အကိုင်,စီးပွားရေး,တွေလဲအကုန်စွန့်ထားရတယ်။

အတွင်းစွန့်။ ။အတွင်းလဲဘဲ ခြေ, လက်, နား, နှာ, ကိုယ်အင်္ဂါ, အစိတ်အပိုင်းတို့ကိုလဲ စွန့်ရတယ်၊ အသက်ခန္ဓာကိုလဲ စွန့်ရတယ်၊ တနာရီတင်းပြည့်ကျပ်ပြည့်ရအောင် အပြင်စွန့်-စွန့်၊ အတွင်းစွန့်-စွန့်ပြီးတော့မှတ်ရတယ်။

ဤကဲ့သို့ စွန့်ပြီးတော့ မှတ်တယ်ဆိုလျှင်(ဒါနပါရမီ) အား ပေးပြီးကာ မှတ်တယ် ခေါ်တယ်၊ ဒါကြောင့် ယခုမှတ်နေတဲ့ တနာရီအတွင်းမှာ စွန့်ထားကြစမ်း၊ အပြင်ကို မဆိုထားဘိ အတွင်းအသက်ပင်သေသေ, ခန္ဓာပင်ကြေကြေ, အမှတ်ကလေး တော့မစွန့်ဘူး၊ အမှတ်ကလေးတော့ ငါ့ဟာဖြင့် တင်းပြည့် ကျပ်ပြည့်ရအောင်မှတ်မယ်၊ ဤကဲ့သို့ အသက်ခန္ဓာတောင်စွန့်ပြီး တော့ မှတ်ကြပါ၊ ပါရမီလေးပါး ဖြည့်ကျင့်ပြီးတော့နေပြီ, တက်လေးချောင်း,နဲ့ နိဗ္ဗာန်တဘက်ကမ်းသို့ ရောက်အောင်လှော် နေကြပြီ ကြိုးစားမှတ်ကြ။

**နိက္ခမပါရမီ။** ။အားပေးပြီးကာ မှတ်ကြပါအုံး....နိက္ခမဆိုတာ အိမ်ကထွက်လာတာ ခေါ်တယ်၊ အိမ်ကထွက် လာလို့ရှိလျှင် အိမ်သံယောဇဉ်တွေကိုဖြတ်ရတယ်၊ သား,သမီး, သံယောဇဉ်၊ ပစ္စည်းဥစ္စာသံယောဇဉ်၊ အလုပ်အကိုင် သံယောဇဉ်၊ စီးပွားရေး, သံယောဇဉ်တို့ကို ဖြတ်ပြီးသကာလ မှတ်တယ်လို့ ခေါ်တယ်၊ အတွင်းလဲ ခန္ဓာကိုယ်ကြီးကို သံယောဇဉ် ဖြတ်ပြီး တော့ မှတ်ရတယ်၊ ဒါနကစွန့်ရုံစွန့်တယ် သံယောဇဉ် မပြတ်ဘူး၊ နိက္ခမက-သံယောဇဉ်ဖြတ်တယ်၊ ဒါနက စွန့်သော်လဲဘဲ အိမ်ဘက်, သားသမီးဘက်, ပစ္စည်းဘက်, စိတ်လည်တတ်တယ်၊ နိက္ခမကြပြီ ဆိုလျှင် အိမ်ဘက်, သားသမီးဘက်, ပစ္စည်းဘက်, အလုပ်အကိုင် ဘက်, စီးပွားရေးဘက်ကိုလဲ သိပ်မလည်တော့ဘူး။

သံယောဇဉ်ဖြတ်ပြီးမှတ်ကြပါ၊ ဒါမှ တနာရီတင်းပြည့်ကျပ် ပြည့် အမှတ်ပြည့်မယ် မှတ်ထားကြ မလည်စေနဲ့, အိမ်ဘက်, သားသမီးဘက်, ပစ္စည်းဘက်, စီးပွားရေးဘက်ကိုလဲဘဲ စိတ်မလည်

ကြစေနဲ့ ကိုယ့်ခန္ဓာထဲတောင်မှ ငဲ့ကွက်တဲ့စိတ်မျိုးလဲ မပါစေနဲ့ သံယောဇဉ်ဖြတ်ပြီးတော့ မှတ်ကြပါ၊ ပါရမီငါးပါး ဖြည့်ကျင့်ပြီးတော့နေပြီ၊ တက်ငါးချောင်းနဲ့ နိဗ္ဗာန်တဘက်ကမ်းကို ရောက်အောင် လှော်နေကြပြီလို့မှတ်။

**သီလပါရမီ။** ။အားပေးပြီးတော့ မှတ်ကြပါအုံး၊ ယောဂီတို့ ယောဂီတို့ကတော့ ရှေးမဆွကထဲက ဆယ်ပါးသီလ ခံယူပြီးသောကြောင့် ရှောင်ပြီးမှတ်နေကြတာဘဲ ယောဂီမှတပါး အခြားတရားအားထုတ်တဲ့ပုဂ္ဂိုလ်တို့ကတော့ သီလမပါသော်လဲဘဲ "အဝိတိက္ကမောသီလ" လို့ဆိုသောကြောင့် မှတ်နေတုန်းအချိန်ကလေးမှာလဲဘဲ ဘာမှမလွန်ကြူးကြပါဘူး။

အပြောမှားတာလေးခုလဲ ရှောင်ကြဉ်ပြီးပြီ၊ အလုပ်မှားတာသုံးခုလဲရှောင်ကြဉ်ပြီးပြီ၊ အသက်မွေးမှားတာ ခုနစ်ခုလဲဘဲရှောင်ကြဉ်ပြီး မှတ်နေကြသောကြောင့် "သီလပါရမီ" အားပေးပြီးကာ ရှောင်ပြီးကာ မှတ်နေတယ်လို့ဆိုပါတယ်၊ ပါရမီခြောက်ပါး ဖြည့်ကျင့်ပြီးတော့နေပြီ တက်ခြောက်ချောင်းနဲ့ နိဗ္ဗာန် တဘက်ကမ်းကိုရောက်အောင်လှော်နေပြီ ကြိုးစားမှတ်ကြ။

**ဝီရိယပါရမီ။** ။အားပေးပြီးကာ မှတ်ကြပါအုံး ဝီရိယဆိုတော့ ဇွဲခေါ်တယ် ဇွဲကောင်းကောင်းနဲ့ မှတ်ရတယ်၊ ဘာအလုပ်မျိုးမဆို ဇွဲမရှိလျှင် ရကိုမရဘူး၊ "ဇွဲကောင်းတော့ စိတ်ကတခြားမသွား" ဘူးတဲ့ တကယ်ဇွဲကောင်းတဲ့ပုဂ္ဂိုလ်ဆိုလျှင် စိတ်သည် ငိုက်ခြင်း, သန်းခြင်း, ပျင်းခြင်း, ဝေခြင်း, ဆိုတဲ့ ထိနမိဒ္ဓ အောက်ထွက်ကို မထွက်ဘူး အောက်ဘက်ကိုလဲ စိတ်မယိုင်ဘူး၊ စိတ်လေ, စိတ်လွင့်, စိတ်ကူး, အချောင်နေတာ, ဆိုတဲ့ ဥဒ္ဓစ္စအထက်ဘက်ကိုလဲ စိတ်မလွင့်ဘူး။

အထက်လဲမတက် အောက်လဲမဆင်းဘဲနဲ့ အလယ်ခေါင် မတ်မတ်ကြီးပေါ်လိုက်တိုင်း သိ,ပျက်,ကပ်နိုင်တယ် ပေါ်လိုက် တိုင်း သိ,ပျက်,ကပ်နိုင်တယ်ဆိုလျှင် ဒီပုဂ္ဂိုလ် "ဇွဲကောင်းပြီ ဇွဲ ကောင်းပြီ ဒါကြောင့် ဇွဲကောင်းကောင်းနဲ့ တနာရီတင်းပြည့် ကျပ်ပြည့်ရအောင်မှတ်ကြပါ "ဝီရိယပါရမီ" အားပေးပြီးကာ မှတ်ကြပါလို့ ဆိုလိုတယ်။

ဇွဲကောင်းမှနော် ဇွဲမကောင်းလျှင် တင်းပြည့်ကျပ်ပြည့်မရ ဘူး တမှတ်ကို တပျက်-တပျက်-တစက္ကန့်ထား တမိနစ် ခြောက် ဆယ်တနာရီ သုံးထောင်ခြောက်ရာရမယ်ဆိုလျှင် အဲဒါတင်းပြည့် ကျပ်ပြည့်ရတယ် ဒီလိုဆိုလျှင် "ဝီရိယပါရမီ" ကူထားတဲ့ပုဂ္ဂိုလ် ခေါ်တယ်၊ ဇွဲကောင်းကောင်းနဲ့ မမှတ်တဲ့ပုဂ္ဂိုလ် သုံးထောင် ခြောက်ရာ မပြည့်ကြဘူး သုံးထောင်လောက်ရမယ် နှစ်ထောင် ကျော်လောက်ရမယ် တထောင်ကျော်လောက် အမှတ်ရမယ် ဆိုလျှင် ဝီရိယကိုမရှိတော့ဘူး ဇွဲလဲမရှိတော့ဘူး။ ။

ထိုပုဂ္ဂိုလ် ငိုက်,သန်း,ပျင်း,ဝေ, အောက်ကို စိတ်ဆင်းချင်လဲ ဆင်းမယ် စိတ်လေ, စိတ်လွင့်, စိတ်ကူး, အချောင်နေတဲ့။ ဥဒ္ဓစ္စ အထက်ကို စိတ်ပြန့်လွင့်ချင်လွင့်တော့မယ်၊ ဒါကြောင့် အထက် လဲ မပြန့်လွင့်ရအောင် အောက်ကိုလဲ စိတ်မဆင်းရအောင် ခလယ်ခေါင် မတ်မတ်ကြီးပေါ်လိုက်တိုင်း သိ,ပျက်-သိ,ပျက် သိ,ပျက်-ကပ်နိုင်အောင် "ဝီရိယပါရမီ"လေးကူ၍ မှတ်ကြပါတဲ့ ပါရမီခုနစ်ပါး ဖြည့်ကျင့်နေပြီ တက်ခုနစ်ချောင်းနှင့် လှော်နေ ပြီလို့မှတ် ဇွဲအရေးကြီးတယ်နော် ဘာလုပ်လုပ် ဇွဲအရေးကြီး တယ် ကြိုးစားပြီးမှတ်ကြ။

**ခန္တီပါရမီ။** ။အားပေးပြီးကာ မှတ်ကြပါအုံး။ "သီးခံမှနိဗ္ဗာန်ရတယ်" ဆိုတဲ့စကားမှန်တယ်၊ အပြင်သီးခံ၊ အတွင်းသီးခံ၊ ဟူ၍နှစ်မျိုးရှိတယ်။

အပြင်သီးခံ။ ။ဆိုတာက တရားမှတ်နေတုံး အချိန်ကလေးမှာ အပြစ်ပြောတာ၊ ကဲ့ရဲ့တာ၊ ဆဲတာ၊ ခဲစသည်တို့ဖြင့် ပေါက်ထာ၊ သန်း၊ခြင်၊ကြမ်းပိုး၊ကိုက်ထာ၊ အအေးဒါဏ်၊ အပူဒါဏ်၊ အအိုက်ဒါဏ်၊ သီးခံပြီးတော့နေခြင်းကို ဆိုတယ်၊

အတွင်းသီးခံ။ ။ဆိုတာက အတွင်းက ညောင်းတာ၊ ကျင်တာ၊ ထုံတာ၊ ကိုက်ထာ၊ ခဲတာ၊ ဆိုတဲ့ ဆင်းရဲမှု၊ ကြမ်းတမ်းတာ၊ဆိုတဲ့ဆင်းရဲမှု ဒီဆင်းရဲမှုတွေကို သီးခံပြီးနေရခြင်းကိုဆိုတယ်။

သီးခံတယ်ဆိုတာက အမှတ်ကိုမဖျက်ရဘူး၊ ဆင်းရဲလျှင်လဲဘဲ "သိ၊ပျက်၊ကပ်၊ ကြမ်းတမ်းလျှင်လဲဘဲ သိ၊ပျက်၊ကပ်၊ ဤကဲ့သို့ ဆင်းရဲ၊သိ၊ပျက်၊ ကြမ်းတမ်း၊ သိ၊ ပျက်၊ ကပ်၍ မှတ်နေခြင်းသည် သီးခံပြီးတော့ မှတ်နေတယ်ခေါ်တယ်၊ မှတ်ထားကြ၊ ပါရမီရှစ်ပါး ဖြည့်ကျင့်ပြီးတော့နေပြီး တက်ရှစ်ချောင်းနဲ့ နိဗ္ဗာန်တဘက်ကမ်းကို ရောက်အောင်လှော်နေပြီ-မှတ်။

**မေတ္တာပါရမီ။** ။အားပေးပြီးကာ မှတ်ကြပါအုံး "မေတ္တာ" ဆိုတော့ ညီညီမျှမျှ ချစ်တယ်ခေါ်တယ်၊ ကိုယ့်သားနှင့် သူ့သား အချစ်ခြင်း တူတယ်ခေါ်တယ်၊ ခန္ဓာထဲမှာလဲဘဲ ကြမ်းတမ်းဒါနဲ့ သိမ်မွေ့ဒါ စိတ်ခြင်းတူရတယ်၊ လောကသဘော ကြမ်းတမ်းလာပြီဆိုလျှင် "ဒေါသ"ဖြစ်တတ်တယ်၊ သိမ်မွေ့လာပြီဆိုလျှင် "လောဘ"ဖြစ်တတ်တယ်။

ဤကဲ့သို့ ဒေါသ၊ လောဘ ဖြစ်လျှင် မေတ္တာမရှိဘူး၊ ဆင်းရဲဒါ ဆိုလျှင် လောကသဘောက ဒေါသ ဖြစ်တတ်တယ်၊ ချမ်းသာဒါဆိုလျှင်၊ လောဘ ဖြစ်တတ်တယ်၊ ဒေါသ လောဘ ဖြစ်မယ်ဆိုလျှင် မေတ္တာမယှဉ်ဘူး၊ ကြမ်းတမ်းဒါ ဆင်းရင်ဒါ တွေ့လို့ ရှိလျှင်လဲ အသာကလေးမှတ်လိုက်ထာဘဲ သိမ့်မွေ့ဒါ ချမ်းသာဒါ တွေ့လို့ရှိလျှင်လဲ အသာကလေးမှတ်လိုက်ထာဘဲ စိတ်ခြင်းဘယ့်နှယ်နေသလဲလို့ ဆိုလျှင် အတူတူဘဲတဲ့။

**ဉပေက္ခာပါရမီ။** ။အားပေးပြီးကာ မှတ်ကြပါအုံး ဉပေက္ခာ ဆိုတာ အလိုက်သင့် မှတ်ထာ ခေါ်တယ်၊ လူပေါင်းကောင်းတဲ့ ပုဂ္ဂိုလ်လိုဘဲ ဆင်းရဲဒါလဲဘဲ ဆင်းရဲတယ်လို့ မမှတ်ဘူး ပေါ် သိပျက် လောက် မှတ်လိုက်ထာဘဲ သိမ်မွေ့နူးညံ့ဒါလဲ သိမ်မွေ့နူးညံ့တယ်လို့ မမှတ်ဘူး ပေါ်ဒါလေးလောက် သိ ပျက် ကပ်ပြီးမှတ်လိုက် ဤကဲ့သို့ ပေါ်ဒါလေးလောက် သိ ပျက် ကပ်ပြီး အလိုက်သင့်မှတ်နေခြင်းသည် "ဉပေက္ခာပါရမီ" အားပေးပြီးကာ မှတ်နေတယ်လို့ ခေါ်ပါတယ်။ ။

ပါရမီ ဆယ်ပါးလဲ ပြည့်ကျင့်ပြီးပြီ တက်ဆယ်ချောင်းနဲ့ လှော်နေပြီးပြီ၊ အကျဉ်းချုပ် တနာရီ တင်းပြည့်ကျပ်ပြည့် သုံးထောင်ခြောက်ရာရအောင် ရွေးလဲရွေးမနေကြနဲ့ ပေါ်ဒါကို အလိုက်သင့် ဇွဲကောင်းကောင်းနဲ့ မှတ်နေကြပါလို့ ဆိုလိုက်ပေတယ်။ ။

ကဲ...နာရီဝက်သာသာလေးလောက်လဲ ရောက်သွားပြီ ပါရမီ ဆယ်ပါးလဲ ပြည့်နေပြီ၊ နောက်ကို ကျန်တဲ့နာရီပိုင်းကလေးဟာ

ဖြင့် အသံတိတ်တိတ် ဆိတ်ဆိတ်ကလေး ပါရမီကို ဖြည့်ကျင့်ပြီး သကာလ မှတ်ကြပါတော့။ ။

ကဲ-တနာရီလဲစေ့ပါပြီ....။

မျက်လုံးမဖွင့်နဲ့ ပေါ်ဒါမှတ်၍ ဖြေးဖြေးလေးပြင်ကြ လက်ပြင်လျှင်လက်ထဲစိတ်ဖြန့်၊ ခြေထောက်ပြင်လျှင် ခြေထောက်ထဲစိတ်ဖြန့်၊ကိုယ်ကြီးပြင်လျှင် ကိုယ်ကြီးထဲ စိတ်ဖြန့် ပေါ်ဒါမှတ်၍ ဖြေးဖြေးပြင်ကြ၊ အင်း....အမှတ်ကလေးနဲ့ ပြင်မယ်ဆိုလျှင်, ဘယ်လိုနေနေ, ဘယ်အလုပ်ကို, လုပ်ကိုင်, လုပ်ကိုင်, ဘယ်နေရာ ရောက်ရောက်, ဘယ်အချိန်, မျိုးမဆို, ရပ်တဲ့ နိဗ္ဗာန်ကြီးကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မြင်နိုင်တယ်။

ဒါကြောင့် ယောဂီတို့ဟာ သတိတော့ မလွှတ်ရဘူး၊ လက်ကလေးကွေးတယ်၊ လက်ကလေးဆန့်တယ်လို့ ဆိုလျှင်လဲဘဲ သတိတော့ မလွှတ်ရဘူး "ဆယ်ရက်" ဝင်ထားတဲ့ အခါမှာ "ဆယ်ရက်" လုံးလုံး သတိမလွှတ်ရဘူး၊ ပေါ်ဒါမှတ်ပြီးတော့ ဘယ်အလုပ်,လုပ်လုပ်, အိမ်သာတက်ရင်းလဲဘဲ မဂ်ကျနိုင်တာဘဲ ထမင်းချက်ရင်းလဲဘဲ မဂ်ကျနိုင်တာဘဲ လယ်လုပ်ရင်း, ကူလီလုပ်ရင်း, ကိုင်ရင်း, စသည်တို့ဖြင့် ဘယ်အလုပ်,လုပ်လုပ် မဂ်ကျနိုင်ဒါဘဲ။

ဒါကြောင့် သတိတော့လက်မလွှတ်ကြနဲ့ နိဗ္ဗာန်တဘက်ကမ်းကိုပို့ပေးတာ ပါရမီဆယ်ပါးတဲ့ သာမညအားဖြင့် ပြောလိုက်ထာဘဲ ဝိသေသ အထူးကလေးပြောမယ်ဆိုလျှင် "ပညာ-ပါရမီ"နဲ့မှ နိဗ္ဗာန်ကိုပို့နိုင်တယ်လို့ ဒီလိုမှတ်ရတယ် အသင်ကလေးတလုံးလိုတယ်နော်။

ဒါကြောင့် ဒီပဲရင်းဆရာတော်က အကျဉ်းချုပ်က လေး "မသိလျှင် တပတ်ပတ် သိလျှင်အဆုံးသတ်" ဆိုခဲ့တာဘဲ။

**မသိလျှင်တပဘ်ပတ်။** ။ဆိုတာက အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ သင်္ခါရပစ္စယာ ဝိညာဏာဆိုတဲ့ ပဋိစ္စ-သမုပ္ပါဒ် စက်ရဟတ်လည်ပုံကလေး ကြည့်ပြောတာ။

**သိလျှင်အဆုံးသတ်။** ။ဆိုတာကအဝိဇ္ဇာယတွေ၀ အသေသဝိ-ရာဂ နိရောဓါ သင်္ခါရနိရောဓေါ ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ပြတ်ပုံလေးကိုကြည့်ပြောတာ။

ဒါကြောင့်-မသိလို့ရှိလျှင် အပါယ်လေးပါး တပတ်ပတ် ပတ်မှာဘဲ နောက်ပြီးတော့ဆိုလျှင်လဲဘဲ-သည့်ပြင် "ဘုံသုံးဆယ့်တစ်" မှာလဲဘဲ သဒ္ဒါဝါသ "ငါးဘုံ" နှုပ်ပြီးတော့ "နှစ်ဆယ့်ခြောက်" ဘုံမှာလဲ တပတ်ပတ်-ပတ်ရမှာဘဲ သိလို့ရှိလျှင် ဒါ အဆုံးသတ်သွားရော။

တခါရပ်ထာကို မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ သိလျှင် အပါယ်လေးပါးဟာ အဆုံးသတ်သွားတာဘဲ။

နှစ်ခါရပ်ထာကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိမယ်ဆိုလျှင် လူနတ် "ငါးဘုံ" ဒုတိယ အဆုံးသတ်သွားရော ငါးနဲ့လေးပေါင်း "ကိုး" ကိုးဘုံရှိသွားပြီ။

သုံးခါရပ်ထာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် သိမယ်ဆိုလျှင် ကျန်လူနတ် "နှစ်ဘုံ" တတိယအဆုံး သတ်သွားရော ကိုးနဲ့နှစ်ပေါင်း ဘာဆယ့်တစ်ဘုံ ရှိသွားပြီ။

လေးခါရပ်ထာကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိမြင်မယ်ဆိုလျှင် ပြဟ္မာဘုံနှစ်ဆယ် အဆုံးသတ်သွားရော၊ တဆယ့်တစ်နဲ့-နှစ်ဆယ်-ပေါင်း "သုံးဆယ့်တစ်ဘုံ" အဆုံးသတ်သွားရော။

ရဟန္တာလဲဖြစ်ပြီ၊ ပစ္စေကဗုဒ္ဓါလဲဖြစ်ပြီ၊ ဘုရားလဲဖြစ်သွားရော ပရိနိဗ္ဗာန်စံလို့ရှိလျှင် နိဗ္ဗာန်သာဝင်ဘို့ ထုံးတမ်းဘဲရှိတော့တယ်။ ' ။

ဒါကြောင့် "သိလျှင်အဆုံးသတ်တဲ့" အသိအရေးကြီးတာဘဲ၊ အသိအရေးကြီးတာဘဲ၊ ဆုံးတဲ့နိဗ္ဗာန်ကို၊ မဂ်ဉာဏ်၊ဖိုလ်ဉာဏ်၊ဖြင့် သိချင်တယ်ဆိုလျှင်၊ ဖြစ်၊ပျက်၊ကိုသိရမယ်၊ မနေ့က ဆရာတော် ရေးခိုင်းထားတဲ့ "မှတ်စိတ်ကသွားလျှင် မဂ်ဉာဏ်၊ဖိုလ်ဉာဏ်၊ရောက်တယ်" ဆိုဒါလေးကြည့်ရတယ်။

**ဝိပဿနာလမ်းမှ-နိဗ္ဗာန်ရောက်ပုံ။**

"ဝိပဿနာ မဂ္ဂ မူလကော အရိယမဂ္ဂေါ"ဆိုတဲ့ အဋ္ဌကထာနဲ့ အညီဘဲ မှတ်စိတ်ကသွားလျှင် မဂ်၊ကျတယ် မမှတ်လျှင်တော့ ဘယ်တော့မှ မဂ်မကျဘူး ဖိုလ်ဝင်စားလို့လဲမရဘူး မဂ်ဝင်ချင်တယ် ဖိုလ်ဝင်စားချင်တယ်ဆိုလျှင် မှတ်ရမယ် ဟုတ်ကြရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

မှတ်မှဘဲရမယ် မမှတ်လျှင် ရောက်ကိုမရောက်ဘူး မမှတ်လို့ရှိလျှင် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာ၊ဖြစ်ကို မဖြစ်ဘူး ရဟန္တာမဖြစ်လို့ရှိလျှင် နိဗ္ဗာန်ဝင်ကိုမဝင်နိုင်ဘူး။

ဒါကြောင့် ထူးထူးခြားခြား ဝိသေသပြောရလျှင် ဘုရားတွေ ဘုရားတွေ နိဗ္ဗာန်သွားတာလဲ ဝိပဿနာနဲ့သွားရ၊ ပစ္စေက-

ဗုဒ္ဓါတွေ နိဗ္ဗာန်သွားတာလဲ ဝိပဿနာနဲ့သွားရ၊ ရဟန္တာ ကိုယ်တော်တွေ နိဗ္ဗာန်သွားတာလဲ ဝိပဿနာနဲ့သွားရ။

ဒါ့ကြောင့် "ဝိပဿနာတိ ဗုဒ္ဓပစ္စေကဗုဒ္ဓ၊ သာဝကာနံ ဂတမဂ္ဂေါ"

ဗုဒ္ဓ၊ အဘဘုရားတွေ။ ပစ္စေကဗုဒ္ဓ၊ ပစ္စေကဗုဒ္ဓါ ဘထွေးတော်တွေ။ သာဝကာနံ၊ အစ်ကို အစ်မ ဖြစ်ကြကုန်သော ရဟန္တာယောကျ်ား, ရဟန္တာမိန်းမတို့၏။ ဂတမဂ္ဂေါ၊ နိဗ္ဗာန် တဘက်ကမ်းသို့ ရောက်အောင်သွားသော လမ်းရိုး လမ်းမ လမ်းဖြောင့်ကြီးသည်။ ဝိပဿနာတိ-ဝိပဿနာ နာမ၊ ဝိပဿနာ မည်ပါပေ၏။ ။

ဘုရားတွေ နိဗ္ဗာန်ကို ဘယ်လမ်းကသွား ?
။ ဝိပဿနာလမ်းက သွားပါဘုရား။ ။
ဝိပဿနာကဘဲ သွားရတယ်။
ပစ္စေကဗုဒ္ဓါတွေ နိဗ္ဗာန်သွားတော့ ဘယ်လမ်းကသွား ?
။ ဝိပဿနာလမ်းက သွားပါဘုရား။ ။

ရဟန္တာကိုယ်တော်တွေ နိဗ္ဗာန်သွားတော့ ဘယ်လမ်းကသွား ?
။ ဝိပဿနာလမ်းကသွားပါဘုရား။ ။

**"ကတမောစ ဘိက္ခဝေ အသင်္ခတ ဂါမိ မဂ္ဂေါ ဝိပဿနာ"**

ဟော....ဘုရားက မေးထားတယ်၊ ချစ်သားတို့ နိဗ္ဗာန်သွားတဲ့ လမ်းမကြီးသည် ဘယ်လမ်းမကြီးလဲ၊ ဘယ်လမ်းမကြီးကသွားလျှင် နိဗ္ဗာန်ရောက်မလဲလို့ မြတ်စွာဘုရားကမေးတယ်၊ ဘုရားဘဲ

ဖြေတာဘဲ၊ "ဝိပဿနာ"တဲ့၊ ဟော....နိဗ္ဗာန်သွားတဲ့ လမ်းမကြီး ဟာ ဘယ်လမ်းမကြီးလဲ ?

॥ ဝိပဿနာပါဘုရား॥ ॥

ဝိပဿနာကသွားလျှင် ဘယ်ရောက် ?

॥ နိဗ္ဗာန်ရောက်ပါဘုရား॥ ॥

ကဲ....ဒါဘဲရှိတာဘဲ ရှင်းရဲ့လား ?

॥ ရှင်းပါ့ဘုရာ॥ ॥

ကိုယ်လဲဘဲ ဒီနိဗ္ဗာန်သွားချင်လျှင် ဒီဝိပဿနာနဲ့သွားရတယ်၊ လှူရုံနဲ့ သွားလို့ရမရ ?

॥ မရပါဘုရား॥ ॥

သီလဆောက်တည်ရုံနဲ့ သွားလို့ ရ-မရ ?

॥ မရပါဘုရား॥ ॥

သမထပွားရုံနဲ့ သွားလို့ ရ-မရ ?

॥ မရပါဘုရား॥ ॥

ဘာနဲ့သွားရ ?

॥ ဝိပဿနာနဲ့သွားရပါဘုရား॥ ॥

ကဲ-မှတ်ထားကြ....ဒါကြောင့်"သာမည" "ဝိသေသ"ခွဲထား ရ၊ သာမညပြောလျှင် ပါရမီဆယ်ပါးနဲ့ နိဗ္ဗာန်သွားရ၊ ဒီဆယ် ပါးထဲက အထူးကလေး ပြောမယ်ဆိုလျှင် "ပညာပါရမီ"နဲ့မှ နိဗ္ဗာန်သွားရ၊ ပညာပါရမီထဲမှာလဲဘဲ ဒီထက်ထူးအောင် ပြော လျှင် "ဝိပဿနာ"နဲ့မှ နိဗ္ဗာန်သွားရတယ်။ ॥

ရှင်းသွားပလား ?

॥ ရှင်းပါပြီဘုရား॥ ॥

**ဝိပဿနာနှစ်လမ်း။**

ဝိပဿနာဆိုတော့ နှစ်လမ်းရှိတယ်။ ပေါ်,သိ,ပျက်,ပေါ်, သိ,ပျက်-ဒီလိုဆိုလျှင်ဒါကလမ်းဖြောင့်လို့ခေါ်တယ်၊ဆရာတော် ပဌမတုံးက ဝိပဿနာ ခြောက်မျိုး ပြောခဲ့တယ်။ ။

ကိုယ်တွေ့ဉာဏ်မြင်ကို-ပင်တိုင်အလုပ်။

ကျန်ငါးတွေ့ဉာဏ်မြင်ကို ယာယီအလုပ်လို့ ပဌမဘုံးက ခွဲခဲ့တယ်။

ကိုယ်တွေ့ဉာဏ်မြင် ပင်တိုင်အလုပ်အတွက် ပေါ်,သိ,ပျက်, ပေါ်,သိ,ပျက်,လို့ မှတ်ထားရ၊ အဲဒီ ပေါ်,သိ,ပျက်, ပေါ်,သိ, ပျက်,ပေါ်,သိ,ပျက်,နဲ့ သွားလျှင် လမ်းဖြောင့်မှတ်။

ပေါ်ဒါဘယ်နှစ်မျိုးလဲ ?

။ ငါးမျိုးပါဘုရား။ ။

ငါးမျိုးတမျိုးမျိုး သိနေမယ် ဆိုလျှင်တော့ အဲဒါ"လမ်း ဖြောင့်"ထဲကဘဲ။

ပေါ်ဒါငါးမျိုး မှတ်နေတုံး ငါးမျိုးလုံး မသိတော့ဘူး၊ ပျောက်သွား, အသိကလေးတော့ ကျန်တယ်၊ အသိကျန်လျှင် "လမ်းကောက်" ကောက်မှန်းသိလျှင် အပျက်ကပ်, သိပျက်,သိ ပျက်,သိပျက်,နဲ့ သွားလျှင် အဲဒါလမ်းကောက် မှတ်ထားကြ။

**လမ်းကောက်ရှုနည်း။**

လမ်းကောက် အတွက်ကတော့ ကျန်ငါးတွေ့ ဉာဏ်မြင် ယာယီအလုပ်ခွဲ -ဒီတော့ဘာသိသလဲ,သိပျက်,သိပျက်,မှာ ဘာသိ သလဲလို့ဆိုတော့ ငါးမျိုးလာတတ်တယ်။ ။

မြင်သိပျက် တစ်
ကြားသိပျက် နှစ်
နံသိပျက် သုံး
စားသိပျက် ငါး=ငါးမျိုးလာတတ်တယ်။
ရှင်းသွားပလား။
။ ရှင်းပါပြီဘုရား။ ။

အဲဒါ-လမ်းကောက်ကတော့ ငါးမျိုးရှိတယ်၊ ငါးမျိုးဖြစ်ပုံ အလုပ်စခမ်း ကိုယ်ထဲမှာပေါ်ဒါငါးမျိုးမှတ်နေ-မှတ်နေတဲ့အချိန် ကလေးမှာ ပေါ်ဒါပျောက်သွားတယ်၊ ငါးမျိုးလုံး မမြင်ရဘူး၊ အသိကလေးကျန်တယ်၊ ဘာသိလဲလို့ဆိုတော့ "မြင့်သိ"

ကောင်းတဲ့ဘုရား့သိကြား့နတ်တွေ့ ဗြဟ္မာတွေ-စောင်းတန်း့ အရောင်အဝါတို့ကိုမြင်သည်ဖြစ်စေ၊ မကောင်းဘက်က မကောင်း ဆိုးဝါး ဘီလူး့သဘက့်သရဲ့တောကြီး့တောင်ကြီး့ မှောင်ကြီး တွေကို မြင်သည်ဖြစ်စေ-ဒါ"မြင့်သိ့ပျက်"

မြင်လိုက်လျှင် အပျက်ကပ်လိုက့် မြင်ပျက့်မြင်ပျက့်မြင်ပျက့်
မြင်ပျက်နဲ့ မသွားဘူးလား ?
။ သွားပါတယ်ဘုရား။ ။

သွားတယ်ခေါ်တယ်၊ အဲဒီလို့မြင်ပျက့်မြင်ပျက့်မြင်ပျက်နဲ့ သွားမယ်ဆိုလျှင် ဘာမြင်တယ်ဆိုတာ မပေါ်တော့ဘူး၊ ဘာမြင် တယ်ဆိုတာ မပေါ်တော့ဘူး၊ မပေါ်တော့ဘူး၊ ရိပ်ရိပ့် ရိပ်ရိပ့် ရိပ်ရိပ်နဲ့ တခါထဲ အရိပ်ကလေးတွေ ပျက်နေသလို့ ဖွားဖွား့ ဖွားဖွား့ ဖွားဖွား့ ဖွားဖွားနဲ့ အမှုံကလေးတွေ ပျက်နေသလို ထင်တတ်တယ်၊ ဟော....မြင်တာ ဘုရားလား့နတ်လား့သိကြား

လား မကောင်းဆိုးဝါးလား၊ သူ့မေးလျှင် ဒါတွေလဲမတွေ့ရဘူး၊ ရိပ်ရိပ်၊ ရိပ်ရိပ်၊ ရိပ်ရိပ်၊ ရိပ်ရိပ်နဲ့ အဲဒါတွေ ပျက်နေဒါ တွေ့ရတော့တယ်၊ အဲဒါ မြင်ပျက်၊ ရှုနည်းဘဲ သဘောကျရဲ့လား ?

॥ ကျပါတယ်ဘုရား॥

အဲဒီလိုဆိုလျှင် သရဲမြင်ပါ့မလား ?

॥ မမြင်ပါဘုရား॥ ॥

ဘီလူး-သဘက်ကော မြင်ပါ့မလား ?

॥ မမြင်ပါဘုရား॥ ॥

မမြင်တော့ဘူး၊ အဲဒါ အကြောက်ပြေတယ်ခေါ်တယ်၊ အဲဒီလိုမြင်လျှင် အကြောက်အလန့် အထိတ်တွေမရှိတော့ဘူး၊ သဘောကျရဲ့လား ?

॥ ကျပါတယ်ဘုရား॥ ॥

အဲဒါ "မြင်-ပျက်" ရှုနည်းဘဲ....॥

ပေါ် သိ ပျက်၊ လမ်းရိုးကို ကိုင်ထားရတယ်၊ အဲဒါလေးမှတ်နေတဲ့အချိန်မှာ ပေါ်ဒါငါးမျိုး တမျိုးမျိုး မမြင်တော့ဘူး၊ အသိကလေးတော့ကျန်တယ်၊ ဘာ အ သိ လဲ လို့ ဆို လျှင် "ကြား သိ" နားဘက်ရောက်သွားပြီ။

ကောင်းတဲ့-ဘုရားသံ တရားသံ စသော အသံတွေကိုပင် ကြားသည်ဖြစ်စေ၊ မကောင်းတဲ့ဘက်က ဆဲသံ ဆိုသံ ရိုက်သံ အစရှိသော ဒီလိုအသံတွေကိုပင် ကြားသည်ဖြစ်စေ၊ ကိုယ်တွင်းကနေပြီးတော့ မည်တဲ့အသံတွေကိုပင် ကြားသည်ဖြစ်စေ၊ အဲဒါကြားလျှင် လမ်းကောက်ရောက်သွားပြီ၊ ကောက်မှန်းသိလျှင် အပျက်

ကပ်,ကြွားပျက်,ကြွားပျက်,ကြွားပျက်,ကြွားပျက်နဲ့ အဲဒီလို မနေဘူးလား ?

။ နေပါတယ်ဘုရား။ ။

နေဘယ်၊ အဲဒီလို,ကြွားပျက်,ကြွားပျက်,ကြွားပျက်နဲ့ ရှုပါများမယ်ဆိုလျှင် နားထဲက စီစီ,စီစီ,စီစီ,စီစီ,စီစီ,စီစီ,နဲ့ ပျက်နေတာတွေ့တတ် အဲဒီလိုများ တွေ့ပြီဆိုလျှင် ဗဟိဒ္ဓ အသံတွေကို မကြားတော့ဘူး၊ ရထားပေါ်,သင်္ဘောပေါ်,သွား သူတောင်းစားသီချင်းဆိုတောင်းတဲ့ အသံတွေ အနားမှာ စကားသိပ်များဆူညံတဲ့အသံတွေ, အဲဒီအသံတွေကို မကြားချင်ဘူးလို့ ဆိုလျှင် "ကြွားပျက်"သာ ရှုပေတော့။

နားထဲမှာစိတ်ထားပြီး သကာလဲ ကြွားတိုင်း, ကြွားတိုင်း, ကြွားပျက်,ကြွားပျက်,ကြွားပျက်,လို့ အဲဒီလို ရှုရှု,ရှုရှု, သွားမယ်ဆိုလျှင် ခုနပြောသလို စီစီ,စီစီ,စီစီ,စီစီနဲ့ နားအူသလို အသံကလေးတွေ ကြားနေတတ်တယ်၊ နောက်ပြင်ဘက် ဗဟိဒ္ဓ မကြားပါဘဲနဲ့ အတွင်းက ရွရွ,မွမွ,ဖြိုးဖြိုး,ဖျင်းဖျင်း,စိုးစိုး,စစ်စစ်, ဆိုတဲ့ ကိုယ်တွင်းတရားကို ပြန်ပြီးတော့လဲ မြင်တတ်တယ်။ ဒါက "ကြွားပျက်" ရှုနည်းဘဲ။

လူတို့ တရားဝါသနာပါ ပြန်သွားလျှင် အိမ်ရောက်သွား, မြို့ရောက်သွား, ရွာရောက်သွားလျှင် ညလဲဘဲ အားထုတ်ချင် တနာရီလောက် အဖျင်းဆုံးရအောင် အားထုတ်ချင်တယ် လူတွေကလဲ ရပ်ထဲရွာထဲဆိုတော့ မငြိမ်ဘူးတယ်....ဆူညံတယ်။

လောက်(ဒ်)စပီကာ အစရှိသောဒီလိုအသံတွေကလဲရှိတယ်၊ ရွာတွန်သံဆိုတဲ့,အုတ်အုတ်,အုတ်အုတ်,အုတ်အုတ်,ဆိုတဲ့ ဒီလိုအသံ

မျိုးတွေလဲရှိတယ်၊ တရားအားထုတ်လို့မရပါဘူးလို့ မငြီးနဲ့၊ ကြွားပျက်, ကြွားပျက်, ကြွားပျက် ရှုမယ်ဆိုလျှင် ရှာတွင်းလဲ ရတာဘဲ, မြို့တွင်းလဲရတာဘဲ, မရဘူးလား ?

॥ ရပါတယ်ဘုရား॥ ॥

ဆေးလေး-ဆေးနည်းလေးရမှ နေရာမရွေး ရှုမှတ်လို့ ရတယ် မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

နည်းကလေးလဲ ယူထားရတယ်၊ ဒါက"ကြွားပျက်" ရှုနည်း ဘဲ॥ ॥

လမ်းဖြောင့်ပြန်ကိုင်လိုက် ပေါ်ဒါငါးမျိုး-တမျိုးမျိုး ရှုမှတ် နေရင်းမတ်တတ်နဲ့ ပေါ်ဒါပျောက်ပြန်ရော ပျောက်တယ်ဆို တာက ရှိသျှက်နဲ့မမြင်ဒါဆိုလိုတယ်၊ ပေါ်ဒါပျောက်လို့အသိ ကလေးကျန်ပြန်တယ်၊ ဘာအသိလဲလို့ ဆိုတော့ "နံ့သိ" လမ်း ကောက်သွား။

ဘာနံ့သလဲဆိုတော့ ကောင်းသောအမွှေးအကြိုင်အစရှိသော အနံ့တို့ကို နံသည်ပင်ဖြစ်စေ, မကောင်းသော အပုတ်, အနံ့, အသိုးအစရှိတဲ့ အနံ့ကိုပင် နံသည်ဖြစ်စေ လမ်းကောက်သွားပြီ၊ ကောက်မှန်းသိလျှင် အပျက်ကပ်, နံပျက်,နံပျက်,နံပျက်,နံပျက်, နဲ့ ကပ်လျှင်, ဘာနံ့ညာနံ့လို့ မကွဲတော့ဘူး သူ့စိတ်ထဲမှာ နံပြီးပျက်သွား, နံပျက်,နံပျက်,နံပျက်,နဲ့ ထင်တယ်တဲ့ အဲဒါက လမ်းကောက်တမျိုး "သုံးမျိုး"ရှိသွားပြီ။

ပေါ်ဒါငါးမျိုး တမျိုးမျိုးမှတ်နေရင်း မတ်တတ်ပေါ်ဒါ ပျောက်သွားပြန်ပြီ၊ အသိလေးတော့ ကျန်တယ်၊ဘာအသိလဲလို့

ဆိုတော့ "စား သိ" လမ်းကောက်သွား၊ ဘယ်လိုသိသလဲဆို တော့ လျှာပေါ်မှာတင်ထားတဲ့ ချိုသိ၊ချဉ်သိ၊ခါးသိ၊ငံသိ၊ စပ်သိ၊ဖန်သိ တဲ့ အရသာခြောက်ပါး အဲဒါသိမယ်ဆိုလျှင် လမ်း ကောက်သွား။

ကောက်မှန်းသိမယ်ဆိုလျှင် အပျက်ကပ်၊ ချိုပျက်၊ ချဉ်ပျက်၊ ခါးပျက်၊ ငံပျက်၊စပ်ပျက်၊ဖန်ပျက်၊ပေါ့နေ၁-အဲဒီလို အသိကပ် သွားမယ်ဆိုလျှင် အဲဒါနောက်တော့ သိပျက်၊သိပျက်၊သိပျက်၊ သိပျက်၊နဲ့ သွားပြန်ရော တလမ်းတဲ့ ဒါလမ်းကောက်လေးမျိုး ရှိသွားပြီ။

ပေါ်ဒါငါးမျိုး တမျိုးချိုးမှတ်နေရင်း မတ်တတ်ပေါ်ဒါ ပျောက်သွား အသိကလေးတော့ကျန်တယ်၊ ဘာအသိလဲလို့မေး တော့ "စိတ်ကူးသိကလေး" ကောင်းတာကိုပင် စိတ်ကူးစိတ်ကူး၊ မကောင်းတာကိုပင် စိတ်ကူးစိတ်ကူး၊ ပရမတ်ကိုပင် စိတ်ကူး စိတ်ကူး၊ ဟုတ်ထာကိုပင် စိတ်ကူးစိတ်ကူး၊ မဟုတ်ထာကိုပင် စိတ်ကူးစိတ်ကူး၊ စိတ်ကူးဒါကလေးတွေပေါ်နေ လမ်းကောက် သွား၊ လမ်းကောက်မှန်းသိမယ်ဆိုလျှင် အပျက်ကပ်၊သိပျက်ကပ်၊ လိုက် စိတ်ကူးလိုက်လျှင် ပျက်သွား၊ စိတ်ကူးလိုက်လျှင် ပျက် သွား၊လို့ဆိုတော့၊ သိပျက်၊သိပျက်၊သိပျက်၊သိပျက်၊နဲ့ ဒီလိုမနေ ဘူးလား ?

။ နေပါတယ်ဘုရား။ ။

အဲဒါလမ်းကောက်လို့ခေါ်တယ်၊ ငါးမျိုးစေ့သွားပြီ။

မှတ်ထားနော် ?

။ မှန်ပါဘုရား။ ။

လမ်းကလေးဟာ....ပေါ်သိ,ပျက်, ပေါ်,သိ,ပျက်, ပေါ်,သိ, ပျက်,နဲ့,သွားလျှင် လမ်းဖြောင့် လမ်းဖြောင့်နဲ့,လဲဘဲ ဆုံးတဲ့ နိဗ္ဗာန်ကြီးကို ရောက်တတ်တယ်တဲ့၊ ဟော....သိပျက်, သိပျက်, သိပျက်,သိပျက်,နဲ့,သွားဒါက "ငါးလမ်း" လမ်းကောက်-လမ်း ကောက်နဲ့, သွားလျှင်လဲဘဲ ဆုံးတဲ့နိဗ္ဗာန်ကြီးကို ရောက်တတ် တယ်တဲ့။

ရှင်းသွားပလား ?

။ ရှင်းပါပြီဘုရား။ ။

**လမ်းဖြောင့်လမ်းကောက်ရောရှုပါ။**

လမ်းဖြောင့်နဲ့,-လမ်းကောက်ရော....။

ပေါ်,သိ,ပျက်,မှတ်နေတဲ့ အချိန်ကလေးမှာ မြင်လိုက်, မြင် ပျက်,ကပ်၊ မြင်ပျက်ကိုမှတ်နေတုံး အချိန်မှာ, ပေါ်,သိ,ပျက်၊ လာ,ပေါ်သိပျက်, ပေါ်သိပျက်, မှတ်နေတဲ့ အချိန်ကလေးမှာ ကြားလိုက်, ကြားပျက်, ကပ်၊ ကြားပျက်, မှတ်နေရင်းမတ်တတ် ပေါ်,သိ,ပျက် ဒိုရင်းပြန်ရောက်သွား၊ ပေါ်,သိ,ပျက်, မှတ်နေတဲ့ အချိန်ကလေးမှာ နံ-တာလေးပေါ်, နံပျက်, ကပ်လိုက် နံပျက် ကပ်နေရင်း မတ်တတ်မြင်လာပြန်လျှင်, မြင်ပျက်,ကပ်၊ကြားလာ ပြန်လျှင်, ကြားပျက်, ကပ်၊ ပေါ်လာပြန်လျှင် ပေါ်,သိ,ပျက်, ကပ်....ကပ်တော့။

စားတာကလေးတခါပေါ်လာလျှင်, စား,သိ,ပျက်, စားဘာ ကနေပြီး သကာလ ပေါ်လာပြန်လျှင် ပေါ်,သိ,ပျက်ကပ် စိတ် ကူးလာပြီဆိုလျှင်လဲဘဲ, သိ,ပျက်,ကပ် ရောကျော် လှေ့ကြုံစီးတဲ့

ပမာကဲ့သို့-ကြုံတဲ့လေ့တော့စီးမှာဘဲ ရောက်ထာလိုရင်းဘဲလို့-ဒီလို အောက်မေ့သလို အလုပ်ကတော့ "ခြောက်မျိုး" လုပ်ဘဲ၊ ကြုံတာနဲ့ လုပ်သွားရမှာဘဲ။

လမ်းဖြောင့်လဲ တွေ့မှတ်သွားမှာဘဲ လမ်းကောက်လဲဘဲ တွေ့မှတ်သွားမှာဘဲ ငါးမျိုးလုံးဘဲ ဘာဘဲ့ပေါ်ပေါ်ဘဲ၊ ကောက်-ကောက်သလိုဘဲ မှတ်သွားမှာဘဲ ဒီလိုဆိုလျှင် ရောထွေးမသွားဘူးလား?

॥ ရောသွားပါတယ်ဘုရား॥ ॥

လမ်းဖြောင့်နဲ့ လမ်းကောက် ရောထွေးမသွားဘူးလား?

॥ ရောထွေးသွားပါဘုရား॥ ॥

အဲဒီလို လမ်းဖြောင့်-လမ်းကောက် ရောထွေးသွားလျှင်လဲ ဆုံးတာကိုမြင်တတ်တယ်၊ မှတ်ထားနော်?

॥ မှန်ပါဘုရား॥ ॥

လမ်းဖြောင့်ကြီးဘဲသွားလျှင်လဲဘဲ ဆုံးတာကိုမြင်တတ်တယ်။
လမ်းကောက်ကြီး သွားလျှင်လဲဘဲ ဆုံးတာကိုမြင်တတ်တယ်။
လမ်းဖြောင့်နဲ့ လမ်းကောက် ရောပြီးသွားပြီးလျှင်လဲ ဆုံးတာကိုမြင်တတ်တယ်။

သုံးလမ်းမှတ်ထားရ၊ အဲဒီလိုဆိုလျှင်, ပေါ်, သိ, ပျက်, လမ်းဖြောင့်တမျိုး။
သိပျက်,သိပျက်,သိပျက်, လမ်းကောက်ကတမျိုး။

လမ်းဆုံးကတမျိုးလို့ အားလုံးဘယ်နှစ်ခုရှိသလဲ?

॥ သုံးမျိုးရှိပါဘုရား॥ ॥

သုံးမျိုးလို့ တမ်းထားရတယ်၊ သုံးမျိုးလို့ တမ်းထားရတယ်, ပေါ်,သိ,ပျက် မှတ်နေတဲ့ အချိန်ကလေးမှာ ပေါ်ဒါကတော့ ငါးမျိုး ငါးမျိုးမှာ ပူ, အေး, ဒီနှစ်ခုမှတ်ထား တိုးပူ, တန့်ပူ, လျော့ပူ,သိပျက်မှတ်၊ တိုးအေး,တန့်အေး,လျော့အေး, သိပျက်မှတ် ပူ,အေး,ကို မှတ်နေတာဘဲ မှတ်နေတဲ့အချိန်မှာ ပူ,အေး, ပျောက်သွား ပျောက်တယ်ဆိုတာရှိလျက်နဲ့ မမြင်ဘူးခေါ်တယ်၊ အသိ,ကျန်-မကျန်, နှစ်မျိုးမှတ်ထား၊ အသိ,ကျန်လျှင် လမ်းမဆုံး, အသိ,လေးပါမကျန်လျှင် ဘယ့်နယ်နေ ?

॥ လမ်းဆုံးပါပြီဘုရား॥ ॥

ဟော....သူ့မှတ်ထားရတယ်၊ အသိ,ကျန်တော့ ဘာသိလဲ ထပ်စစ်လိုက်, ကိုယ့်ဟာကိုယ်ထပ်စစ်လိုက်, ပညာရှိဆိုလျှင် ကိုယ့်ဟာကိုယ် ရှာစစ်,အသိ,ကျန်လျှင် ဘာသိလဲ အေး ဒါနှစ်မျိုးမှတပါး "သုံးမျိုး" သိနေလျှင် လမ်းဖြောင့်အတိုင်းသွား॥

ငါးမျိုးမှတပါးသည့်ပြင် သိနေမယ်ဆိုလျှင် လမ်းကောက်အတိုင်းသွား, အသိ,ကျန်လျှင် နှစ်လမ်းသွားပုံမှတ်ထားနော်....

ခန္ဓာထဲမှာ ဒိပ်,ဒိပ်,ဒိပ်,ဒိပ်, ကလေးမှတ်နေတယ်၊ တခုထဲဘဲ အဲဒါမှတ်နေရင်း မတ်တတ်နဲ့ ဒိပ်,ပျောက်သွားတယ်၊ရှိလျက်နဲ့ မမြင်တာ, အသိ,ကျန်,မကျန် နှစ်လမ်း....

ကျန်လျှင် လမ်းဘယ့်နယ် ?

॥ မဆုံးပါဘုရား॥ ॥

လမ်းမဆုံး အသိကျန်လျှင် လမ်းမဆုံး အသိကျန်လို့ရှိလျှင် **လမ်းဆုံးပြီ**လို့မှတ် အသိကျန်လျှင် လမ်းမဆုံးဘူးဆိုတော့ ဘယ်

လမ်းသွားသလဲစစ်၊ ဒိပ်မှတပါး၊ ဒိပ်တလုံးမှတ်ထားအုံး၊ ဒိပ် မှတပါး သည့်ပြင် ငါးမျိုး တမျိုးမျိုး သိနေမယ်ဆိုလျှင် အာရုံ ပြောင်းတာဘဲ "လမ်းဖြောင့်" အာရုံခြင်းပြောင်းဒါဘဲ။ ။

ဒီလို ပြောင်းနေမယ်ဆိုလျှင် လမ်းဖြောင့်အတိုင်း ပေါ်သိ ပျက်ဘဲရှိသေးတယ်မှတ်တော့၊ ဒိပ်ပျောက်သွားတော့ ငါးမျိုး လုံးဘဲပျောက်သွား၊ အသိတော့ ကျန်တယ်ဆိုလျှင် လမ်းကောက် မဆုံးတဲ့လမ်းနော်-မှတ်ထား ?

။ မှန်ပါဘုရား။ ။

ခန္ဓာထဲမှာဆိုလျှင်၊ ဖြတ်ဖြတ်၊ဖြတ်ဖြတ်၊ဖြတ်ဖြတ်၊ဖြတ်ဖြတ်၊ သိပ်မြန်တာဘဲ ဘင်ဉာဏ် အပျက် ဖြတ် ဆိုလျှင် သိပျက်၊ သိပျက်၊ သိပျက်၊သာ အသာကလေးသာ မှတ်နေကြ၊ မှတ်နေရင်း မတ် တတ်နဲ့ ဖြတ်ခနဲဆို ပျောက်သွား "အသိ" ကျန်၊မကျန်၊ ဘယ်နှစ် မျိုးလဲ ?

။ နှစ်မျိုးပါဘုရား။ ။

ကျန်လျှင် ဆုံးမဆုံး ?

။ လမ်းမဆုံးပါဘုရား။ ။

မကျန်လျှင် ?

။ လမ်းဆုံးပါပြီဘုရား။ ။

လမ်းဆုံးပြီခေါ်တယ် မှတ်ထားကြ ?

။ မှန်ပါဘုရား။ ။

အသိကျန်တော့ ဘယ်လမ်းသွားသလဲ ဘာသိသလဲ မေး၊ တ်မှတပါး ငါးမျိုးတမျိုးမျိုး သိနေတယ်ဆိုလျှင် ပေါ်သိ

ပျက်, လမ်းဖြောင့်အတိုင်းရှိသေး အာရုံပြောင်းတာဘဲမှတ်တော့, ဖြတ်,ပျောက်သွားတော့ ငါးမျိုးလုံး ပျောက်သွားတယ်၊ အသိကလေးတော့ ကျန်တယ်ဆိုလျှင် လမ်းကောက်အတိုင်းသွား-ရှင်းပလား ?

။ ရှင်းပါပြီဘုရား။ ။

အဲဒီလောက်ပြောလျှင် ဆရာဖြစ်တတ်တယ်၊ စာလေး ဘာလေးလဲတတ် လုပ်ငန်းကလေးလဲ ဝါသနာပါတယ် ဒီလိုဆိုလျှင် အဲဒါ ကိုယ်မှာ ဖိဖိ,စီးစီး,လုပ်သွားလျှင် ဆရာဖြစ်ထာဘဲ။

အဲဒါ လမ်းစစ်ထာဘဲ၊ ဒီသုံးလမ်းဘဲရှိတာဘဲ၊ ဒိပ်ဒိပ်, လှုပ်လှုပ်,ဖြတ်ဖြတ်,ဆပ်ဆပ်, စသည်တို့ဖြင့် လှုပ်ရှားမှုကလေးတွေမှတ်၊ မှတ်နေတဲ့အချိန်မှာ လှုပ်ရှားမှုကလေးတွေ ပျောက်သွား၊ ရှိလျက်နဲ့ မမြင်တာ အကုန်လုံးပါနေတာဘဲ၊ အသိ,ကျန်,မကျန်, နှစ်လမ်း။

မကျန်လျှင် လမ်းဆုံးသလား မဆုံးဘူးလား ?

။ လမ်းဆုံးပါဘုရား။ ။

ဆုံးပြီ မကျန်လျှင် လမ်းဆုံးပြီ အသိကျန်လျှင် ?

။ လမ်းမဆုံးပါဘုရား။ ။

လမ်းမဆုံး,အသိ,ကျန်လျှင် ဘယ်လမ်းလဲစစ်—။

လှုပ်ရှား, လှုပ်ရှားမှုမှဘပါး အားလုံးလမ်းဖြောင့်က ငါးမျိုးရှိတယ်၊ လှုပ်ရှား,လှုပ်ရှားမှုမှတပါး လေးမျိုး တမျိုးမျိုးသိနေလို့ရှိလျှင် ပေါ်,သိ,ပျက်ဘဲရှိသေး လမ်းဖြောင့်မှတ်တော့။

လှုပ်ရှားမှုပျောက်တော့ ငါးမျိုးလုံးပျောက်သွားတယ်"အသိ" လေးကျန်တယ်ဆိုလျှင် လမ်းကောက်၊ စစ်,အဲဒါ ယောဂီတို့စစ်

လျှင် ဘယ်လမ်းဘဲရှိပါသေးတယ်၊ ဒါက လမ်းမဆုံးသေးပါဘူး ယခုတော့လမ်းဆုံးပြီ၊ သူ့ဟာသူစစ်တဲ့ ပုဂ္ဂိုလ်လဲသိရတယ်၊ အစစ်မခံဘဲနဲ့ ပညာရှိတဲ့ပုဂ္ဂိုလ်လဲဘဲ အိမ်မှာအားထုတ်လျှင် ကိုယ့်ဟာကိုယ်သိဒါဘဲ။

မသိနိုင်ဘူးလား ?

။ သိနိုင်ပါတယ်ဘုရား။ ။

သိနိုင်တယ်ခေါ်တယ်၊ ဆင်းရဲဒါ့ကလေး၊ မှတ်လိုက်ထာကလေးတခုမှတ် ဝေဒနာနုပဿနာ၊ တိုးကိုက်၊ တန့်ကိုက်၊ လျော့ကိုက်၊ ဒီလိုကိုက်တာကလေးမှတ်နေ ဖြတ်ခနဲဆို ကိုက်ထာကလေး မှတ်နေ ဖြတ်ခနဲဆို ကိုက်ထာကလေးပျောက်သွား အသိ့အသိ့ကိုကြည့်ရတယ်၊ အသိကလေး၊ မှတ်စိတ်ကလေး ကျန်နေသေးသလား၊ မှတ်စိတ်ပါပျောက်သွားသလား၊ ချိန်လိုက် ပျောက်သွားလျှင် “လမ်းဆုံးပြီ” ဝေဒနာနဲ့လမ်းဆုံးပြီ၊ ဆုံးတဲ့နိဗ္ဗာန်မြင်ရတာက မဂ်ဉာဏ် ဖိုလ်ဉာဏ် မဂ်ကျပြီလို့ဆိုလိုတယ်။

လမ်းမဆုံးသေးဘူး၊ အသိ့ကျန်လျှင် လမ်းမဆုံးသေးဘူး၊ ဘယ်လမ်းလဲ “မှတ်တော့ဝေဒနာ၊ မှတ်တော့ဝေဒနာ” ဝေဒနာပျောက်သွားလျှင် ပူ့အေး့လှုပ့်သုံးမျိုး သိမြင်နေပြန်တယ်၊လမ်းဖြောင့်အတိုင်း ပေါ်သိ့ပျက့်ဘဲ ရှိနေသေးဒါဘဲ မှတ်တော့ဝေဒနာ ပျောက်တော့ ငါးမျိုးလုံး၊ အသိ့လေးဘဲ ကျန်သေးတယ် လမ်းကောက်ဖြစ်သွားပြီ။

ဟော....အဲဒါ ဝေဒနာချိန်ထိုးပုံဘဲ ဒီလောက် ကျယ်ကျယ်လွင့်လွင့်ပြောထားလို့ရှိလျှင် ပညာရှိဆိုလျှင် ဒီလောက်မကျယ်ရဘူး အကျဉ်းချုပ်ကလေးနဲ့ ရှင်သာရိပုတ္တရာ၊ သာမဏေလေး၊

တော်တော့် ဒီလောက်ပြောရုံနဲ့ သိတတ်ပါပြီ သိလောက်ပါပြီ ဆိုပြီးတော့ တခါထဲ တရားအားထုတ်တာဘဲ။

**"ကချေကာယေ ဥဘ ဩဒါပေတွာ သမ္ဘာဓမ္မ အာရဘိ"**

တခါထဲ ကိုယ်ထဲသွင်းပြီးတော့ တရားအားထုတ်လိုက်ထာဘဲ ယံခု ကျယ်ကျယ်ကြီးဘဲ ဒါ လမ်းဖြောင့်တွေပြောနေတာ လမ်းကောက်နဲ့စစ်မယ်ဆိုလို့ရှိလျှင် မြင်တာမှတ်နေရင်း မတ်တတ်နဲ့ မြင်ဒါကလေးပျောက်သွား၊ အသိကျန်မကျန် နှစ်မျိုးရှိတယ်၊ အသိမကျန်ဘူး မှတ်စိတ်ပါပျောက်သွားတယ်ဆိုလျှင် လမ်းဆုံးပြီ။

အသိလေးကျန်နဲ့တယ် ဘာသိလဲ မြင်ဒါမှတပါး သည့်ပြင် ပေါ်သိပျက် လမ်းဖြောင့်အတိုင်းဘဲ သိချင်သိနေလိမ့်မယ်၊ မြင်ဒါမှဘပါး ကြားသိနံသိစားသိသိသိဆိုတဲ့ ဒီလိုအသိကိုလဲ သိချင်သိနေလိမ့်မယ်၊ အသိတော့မပျောက်ဘူး၊ အဲဒီလိုမပျောက်သေးဘူးဆိုလျှင် လမ်းဖြောင့်လဲ တလမ်းသွားနေတယ်၊ လမ်းကောက်လဲ တလမ်းသွားနေတယ်၊ လမ်းမဆုံးသေးဘူးလို့မှတ် မြင်ပျက်ကိုရှုသဖြင့် ဆုံးမဆုံးကို ပြောလိုက်သကိုး။

ကြားပျက်လဲ ဆုံးမဆုံး ?
။ မဆုံးပါဘုရား။ ။
နံပျက်လဲ ဆုံးမဆုံး ?
။ မဆုံးပါဘုရား။ ။
စားပျက်လဲ ဆုံးမဆုံး ?
။ မဆုံးပါဘုရား။ ။

သိပျက်လဲ ဆုံးမဆုံး ?

။ မဆုံးပါဘုရား။ ။

ဉာဏ်နဲ့ချိန်ထိုးပြီး သကာလ ပတ္တာ ဖြန့်သိပေတော့ မဆုံးတဲ့အခါမှာဆိုလျှင် လမ်းဖြောင့်အတိုင်း သွားမသွား လမ်းကောက်အတိုင်း သွားမသွားကိုလဲ ဉာဏ်နဲ့ ဖြန့်ပြီးသကာလ ပညာရှိဆိုလျှင် ဝေဖန်ပြီးတော့ကြည့်ပေတော့။

အင်း....လမ်းဖြောင့်နဲ့ သွားတဲ့ အခါမှာလဲဘဲ ဆုံးပုံမဆုံးပုံ၊ လမ်းကောက်နဲ့ သွားတဲ့အခါမှာလဲ ဆုံးပုံ၊မဆုံးပုံ၊ ဆုံးတဲ့အခါမှာဆိုလို့ရှိလျှင် ဆုံးတာ နိဗ္ဗာန်မြင်ရတာက မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ မဂ်ဉာဏ်ဖြင့် မြင်တုံးအခါက ဘယ်လိုဖြစ်နေတယ်၊ ဖိုလ်ဉာဏ်ဖြင့်ဆုံးတဲ့နိဗ္ဗာန်ကို မြင်ရတဲ့အခါမှာ ဘယ်လိုဖြစ်နေတယ်ဆိုတာနောက်နောက်နေ့မှ တဆင့်တိုးပြီးတော့ သိပေတော့။

ဤကဲ့သို့ ဆုံးမဆုံးကို ဝေဖန်ပြီးသကာလ ပြလိုက်ရသဖြင့် အားထုတ်ကျိုး နာကြားရကျိုး နပ်ပါပေစလို့ ဝမ်းမြောက်ဝမ်းသာများ ရှိခဲ့ပါလျှင် သုံးကြိမ် သာခုခေါ်နိုင်ကြပါစေကုန်သတည်း။ ။

သာဓု—သာဓု—သာဓု

ကျေးဇူးရှင်

မူလ-ကသစ်ပိုင် ဆရာတော်ဘုရားကြီးကိုယ်တိုင်

ဟောကြားတော်မူခဲ့သော

# ပစ္စယပရိဂ္ဂဟဉာဏ်

# ကင်္ခါဝိတရဏာဝိသုဒ္ဓိခဏ်း

အလုပ်ပေးဝိပဿနာ ညတရားတော်

ဒုလ္လဘဒေသနာ

# ကသစ်ပိုင် ဝိပဿနာ ခန္ဓာသဘင်

**ကျေးဇူးရှင် ကသစ်ပိုင်ဆရာတော်ဘုရား–ဟောကြားတော်မူသော၊ ဥာဏ်စဉ်ဇယားပုံ။**

| နံပါတ် | ဥာဏ်စဉ်(၁၆)ပါး ပါဠိဘာသာ | ဥာဏ်စဉ်(၁၆)ပါး မြန်မာဘာသာ | ဥာဏ်စဉ်(၁၆)ပါးကို ရုပ်နာမ်စသည်ဖြင့်ခွဲပုံ | ဥာဏ်စဉ်(၇)ပါး အကျဉ်း | ဥာဏ်စဉ်(၄)ပါး ခြုံပုံ | ပရိညာဖြင့် ခွဲပုံ | အာကာသဖြင့် ခွဲပုံ |
|---|---|---|---|---|---|---|---|
| ၁<br>၂ | နာမရူပ ပရိစ္ဆေဒဉာဏ်<br>ပစ္စယပရိဂ္ဂဟဉာဏ် | အကျိုးနာမ်ရုပ်ကိုမြင်<br>အကြောင်းနာမ်ရုပ်ထင် | ရုပ်နာမ်အစ (၂) | နာမ်ရုပ်မြင် (၂) | နာမ်ရုပ်မြင် (၂) | ဉာတ,က နာမ်ရုပ်မြင် (၂) | အကြား (၂) |
| ၃<br>၄ | သမ္မသနဉာဏ်<br>ဥဒယဗ္ဗယဉာဏ် | ကာလသုံးခွင်ဖြစ်ပျက်မြင်<br>ပေါ်တုံးသာဖြစ်ပျက်ထင် | ဖြစ်ပျက်အလယ် (၂) | ဖြစ်ပျက်ထင် | ဖြစ် ပျက် ထင် (၁၀) | တီရဏကလာပဆင် (၁၀) | အမြတ် (၁၀) |
| ၅<br>၆<br>၇<br>၈<br>၉<br>၁၀<br>၁၁<br>၁၂ | ဘင်္ဂဉာဏ်<br>ဘယဉာဏ်<br>အာဒီနဝဉာဏ်<br>နိဗ္ဗိဒါဉာဏ်<br>မုစ္စိတုကမျှတာဉာဏ် ၁<br>ပဋိသင်္ခါဉာဏ် ၂<br>သင်္ခါရုပေက္ခာဉာဏ် ၃<br>အနုလောမဉာဏ် ၄ | အပျက်မြင်<br>ကြောက်ရာထင်<br>အပြစ်တွေ့မြင်<br>မုန်းလျှင်<br>လွှတ်ချင်<br>ထပ်ရှုလွှတ်မည်ထင်<br>ဖြစ်ပျက်ကိုသာမြင်မြင်<br>ရှုရင်း ရှုရင်း ရှုရင်းနဲ့ ဗင် | ပျက်စ (၁)<br>(၃) ပျက်လယ်<br>(၄) ပျက်ဆုံး: လွှတ်ချင်စ, လွှတ်ချင်လယ်, လွှတ်ချင်ဆုံး, X<br>(၈) အပျက်အဆုံး | အပျက်မြင်<br>(၃) မုန်းလျှင်<br>(၄) ဖြစ်ပျက်ဘမြင် | | | |
| ၁၃<br>၁၄<br>၁၅ | ဂေါတြဘူဉာဏ်<br>မဂ်ဉာဏ်<br>ဖိုလ်ဉာဏ် | ရုပ်စ<br>ရုပ်လယ်<br>ရုပ်ဆုံးထင် | ရုပ်ထာမြင်တဲ့ | ရုပ်ဆုံးထင် (၃) | ရုပ်တာမြင် (၃) | X<br>ပဟာနက မဂ်ဝါယံဘင် | အရပ် (၃) |
| ၁၆ | ပစ္စဝေက္ခဏာဉာဏ် | မြန်ဆင်ရှင်<br>ဉာဏ်စဉ်(၁၆)ပါး<br>ခြုံပုံပင်။ | ဝိပဿနာလမ်းစဉ် သုံး(၃) | မြန်ဆင်မြင် (၁)<br>ဥာဏ်စဉ် (၇)ပါး ခြုံပုံမင် | မြန်ဆင်မြင် (၁)<br>ဥာဏ်စဉ် (၄)ပါး ခြုံပုံမင် | ပရိညာသုံးရှင် | အာကာသမှတ် |

အမှာ။ ။ကြံဇယားပါ ကန့်လန့်မျဉ်းတို့မှာကို၊ အစက်ဆက်အောင်ဆွဲပါ။ဂဏန်းများသည် ဥာဏ်စဉ်အရေအတွက်ကိုပြသည်။

## ကသစ်ဒိုင်-ဆရာဒေါင်ဘုရား-ဟောကြွားတော်မူသော

### ပစ္စယပရိဂ္ဂဟ ဉာဏ်မှာ သံသရာ (၃)မျိုးပေါ်ပုံ

ရှေးသံသရာ၊ ယခုသံသရာ၊ နောင်သံသရာ၊

အစမမြင် ( ကြောင်း ကျိုး..........ကြောင်း ကျိုး..........ကြောင်း ကျိုး
နာမ်ရုပ် နာမ်ရုပ် နာမ်ရုပ် နာမ်ရုပ် နာမ်ရုပ် နာမ်ရုပ်
ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် ဖြစ်ပျက် ) အဆုံးမထင်

သံသရာမြင်-ထိပ်စရာ သံဝေဂ ဖြစ်ဘွယ်ပင်

၁။ စဆုံးမမြင် သံသရာပြင်ဝယ် အနွပုထုဇဉ် အမြဲပင် လယ်နေရမှာပါတကား။
၂။ အပါယ်လေးခွင် ကိုယ့်အိမ်လိုပင် အစဉ်အမြဲ နေရဦးမှာပါတကား။
၃။ ထက်နတ်ပြဟ္မာ တက်ဖြစ်ရှာလည်း ညှော်သည်ပမာ မကြာခဏ ပါယ်ပြန်ရဦးမှာပါတကား။
၄။ ကြောက်ဘွယ်ဘေးဘျမ်း ဆိုးစွမ်းအပေါင်း မကောင်းဟူသမျှ ပေါ်ရနင့်တာ နင်သာခံရမှာပါတကား။
၅။ တကယ်ခံရ ပြင်းထန်လှ၍ ယိုကျနင့်မျက်ရေ သမုဒ်ရေထက်များ နင်ကား ဘေးတွေ့ခဲ့ပြီ။ နောင်လဲတွေ့လိမ့်အုံးမှာပါတကား။
၆။ အမိနို့ရေ သမုဒ်ရေထက်များ နင်ကားမွေးခဲ့ပြီ နောင်လဲမွေးလိမ့်အုံးမှာပါတကား။
၇။ ခေါင်းပြတ်သေပေါင်း စုဆောင်းသွေးတွေ သမုဒ်ရေထက်များ နင်ကား သေခဲ့ပြီ။ နောင်လဲသေရအုံးမှာပါတကား။
၈။ နင်ဝယ်သတိထား နင့်ကိုသနားလို့ မြတ်ဘုရားပွင့်လာ ဒေသနာဆေး တိုက်ကျွေးပါလျက် နင်မသောက်ချက် နင့်တွက် နင့်တာ နင်မလိမ္မာလို့ နင့်သံသရာ နင်သာလယ်ကြ နင်ဒုက္ခခံရ နင့်ကိုယ်ပါတကား....။

ကျေးဇူးရှင်

မူလ-ကသစ်ဝိုင်ဆရာတော်ဘုရားကြီး၏

# ပစ္စယပရိဂ္ဂဟဉာဏ်

# ကင်္ခါဝိတရဏဝိသုဒ္ဓိခဏ်း

## အလုပ်ပေးဝိပဿနာ ညတရားတော်

ဒုလ္လဘဒေသနာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**လက်အုပ်ချီပုံ။** ။ဂါရဝနိုတ ဖြစ်အောင် လက်အုပ်ချီကြ နဖူးပေါ်မှာ လက်အုပ်တင်လိုက်စမ်း။

**မျက်စေ့ထားပုံ။** ။ရှိခိုးခါနီးမှာဆိုလျှင် မျက်လုံးမှိတ်ထားနော်၊ နောက်ကို အလေ့အထရှိပါစေ။

**ဂုဏ်တင်ပုံ။** ။မိမိတို့ရင်တွင် နာမ်အစဉ်မှာဝင်တဲ့ စေတနာကလေးက ရှိခိုးခံရသော ရတနာသုံးပါးနှင့် ဆရာသမားတို့၏ရင်တွင်း နာမ်အစဉ်မှာဝင်တဲ့ သီလ, သမာဓိ, ပညာ,ဂုဏ်တို့ကို ဉာဏ်နှင့်မှန်း၍ ကြည်ညိုသောသဒ္ဓါ တက်သန်သောစေတနာ အသိဉာဏ်ပညာ ရွှေသွားပြီးကာ ခန္ဓာမှာ လက်

**ပဋိစ္စသမုပ္ပါဒ်လည်ပုံ။**

**အဝိဇ္ဇာပစ္စယာသင်္ခါရာ။** ။မသိလို့ ကုသိုလ် အကုသိုလ်နှစ်ဖြာ လုပ်မိကြလေသည်။

**သင်္ခါရပစ္စယာ,ဝိညာဏံ ။** ။ကုသိုလ်,အကုသိုလ်,နှစ်ဖြာ လုပ်မိသည့်အတွက်ကြောင့် ဘဝသစ်မှာ ဝိညာဉ်သစ် တွယ်ကြပါသည်။

**ဝိညာဏပစ္စယာ,နာမရူပံ။** ။ဝိညာဉ်သစ် တွယ်မိသည့်အတွက်ကြောင့် နာမ်နဲ့, ရုပ်နဲ့တွယ်ကြပါသည်။

**နာမရူပပစ္စယာ,သဠာယတနံ။** ။နာမ်နဲ့ ရုပ်နဲ့ တွယ်မိသည့်အတွက်ကြောင့် လူခန္ဓာအိမ်, နတ်ခန္ဓာအိမ်, ဗြဟ္မာခန္ဓာအိမ်မှာ အကြည်ဓာတ် ခြောက်ချပ် ပေါ်လာပါသည်၊ မျက်စေ့အကြည်မှန် တစ်၊ နားအကြည်မှန်,နှစ်၊ နှာခေါင်းအကြည်မှန်,သုံး၊ လျှာအကြည်မှန်,လေး၊ ကိုယ်အကြည်မှန်,ငါး၊ မနောအကြည်မှန်,ခြောက်၊ ရယ်လို့ အကြည်ဓာတ် ခြောက်ချပ်ပေါ်လာပါသည်။

**သဠာယတနပစ္စာ,ဖဿော။** ။မှန်အကြည်ဓာတ် ခြောက်ချပ် တပ်မိသည့်အတွက်ကြောင့် အာရုံခြောက်ပါးနဲ့ ထိခိုက် မိကြပါသည်။

**ဖဿပစ္စယာဝေဒနာ။** ။အာရုံခြောက်ပါးနှင့် ထိခိုက်မိသည့်အတွက်ကြောင့် ဆင်းဆင်းရဲရဲ ခံစားရ

တဲ့"ဒုက္ခဝေဒနာ" ချမ်းချမ်းသာသာခံစားရတဲ့ "သုခဝေဒနာ" နှစ်ဖြာပေါ်လာသည်၊ အဲဒါကလေး အရေးအကြီးဆုံးဘဲ ဖဿ-ဝေဒနာကလေးဟာ ဒါအရင်းခံဘဲ၊ ချမ်းသာတယ်ဆိုတာ, ဆင်းရဲတယ်ဆိုတာ,ထိခိုက်မိလို့ဘဲ "ဒွါရ နဲ့ အာရုံ" ထိခိုက်မိသည့်အတွက်ကြောင့် ဆင်းဆင်းရဲရဲ ဖြစ်ကြရတယ်၊ ချမ်းချမ်းသာသာ ဖြစ်ကြရတယ်၊ မထိသမျှ ကာလပတ်လုံး ဆင်းရဲချမ်းသာ နှစ်ဖြာမရှိဘူးနော်၊ အဲဒါ ဘုရားရှင်လိုရင်းပါဘဲ။

**ဝေဒနာပစ္စယာ,တဏှာ။** ။ ခံစားမိသည့်အတွက်ကြောင့် တပ်မက်တဲ့တဏှာ ပေါ်လာပါသည်။

**တဏှာပစ္စယာ,ဥပါဒါန်။** ။တပ်မက်တဲ့တဏှာ ပေါ်လာသည့်အတွက်ကြောင့် စွဲလန်းတဲ့ဥပါဒါန်တရားလဲ ပေါ်လာပါသည်။

**ဥပါဒါနပစ္စယာ,ဘဝေါ။** ။ စွဲလန်းတဲ့ဥပါဒါန်တရား ပေါ်လာသည့်အတွက်ကြောင့် ကုသိုလ်ကံ, အကုသိုလ်ကံ, နှစ်ဖြာဆိုတဲ့ ကမ္မဘဝ ပေါ်လာပါသည်။

**ဘဝပစ္စယာ,ဇာတိ။** ။ကုသိုလ်ကံ,အကုသိုလ်ကံ, နှစ်ဖြာဖြစ်မိသည့်အတွက်ကြောင့် အနာဂါတ်ဘဝမှာ မွေးကြပါသည်။

**ဇာတိပစ္စယာ-ဇရာ,မရဏ။** ။ မွေးခဲ့မိသည့် အတွက်ကြောင့် အိုကြ,သေကြပါသည်၊ သောက စိုးရိမ် ပူဆွေးကြပါသည်၊ ပရိဒေဝ ငိုကြွေးကြပါသည်၊ ဒုက္ခ ကိုယ်လဲဆင်းရဲကြပါသည်၊ ဒေါမနဿ စိတ်လဲ ဆင်းရဲကြပါ

သည်၊ ဥပါယာသသမ္ဘဝန္တိ သက်ကြီးရှိုက်ငင် ပင်ပင်ပန်းပန်းလဲ ဖြစ်ကြပါသည်။

"ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ" ချမ်းသာတယ်ဆိုတာ မှုံမှုံကလေး တမှုံလောက်မျှ မရောမယှက် ဆင်းရဲအတိသက်သက်ဖြစ်သော ဆင်းရဲစု, ဆင်းရဲတုံး, ဆင်းရဲခဲဖြစ်၏၊ မွေးဒါ, အိုဒါ, သေဒါသည်၊ မုချမသွေ ပဋိစ္စသမုပ္ပါဒ် သံသရာ နယ်ထဲမှာ အမှန်မသွေ ကေန်ဖြစ်ပါပေ၏လို့ "ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်လည်ပုံ" "အကြောင်းအကျိုး" ဆက်ပုံ "ရုပ်, နာမ်" နှစ်ပါးသာ ရှိပုံတို့ကို အရင်းကျကျ ဟောပြလိုက်သောအခါဝယ်။

ပရဗိုဇ်ကြီး သဘောကျလွန်းလို့ အိုအသျှင်ဂေါတမ အသျှင် ဂေါတမဟာ လောကမှာ အသိဆုံးဆိုဒါ မှန်လှပါပေ၏၊ အသျှင် ဂေါတမလောက် လောကမှာသိတဲ့ပုဂ္ဂိုလ် မရှိပါဘူး၊ အသျှင် ဂေါတမ ဟောပြလိုက်သောတရားသည်၊ အလွန့်အလွန်သဘော ကျစရာ နှစ်သက်စရာကောင်းပါပေစွတကားလို့ ကောင်းချီး ဩဘာ ထောမနာပေးပြီးတဲ့နောက် သာသနာဘက် သက်ဝင်ပြီး သကာလ ရဟန်းခံလိုက်တဲ့အခါမှာ အာသဝေါ ကုန်ခမ်းပြီး ရဟန္တာဖြစ်သွားကြောင်း။

ဒါကြောင့် ယခုရှိခိုးနေကြကုန်သော သင်ဒကာ-ဒကာမ အပေါင်း သူတော်ကောင်းတို့သည် အကြောင်းမှန့်, အကျိုးမှန်, တကယ်သိတော်မူသော မြတ်စွာဘုရားအား အကြောင်းတရား, အကျိုးတရား, နှစ်ဖြာဖြင့် ယခုလို ရှိ ခိုး လိုက် ရခြင်း သည် အကြောင်း, အကျိုး, နှစ်ဖြာ ဓာတ်သိမ်း ချုပ်ငြိမ်းသွားသော နိဗ္ဗာန်တရားကောင်းကို ညှိဘက်ကမ်းက မဂ်ညာဏ်, ဖိုလ်ညာဏ်ဖြင့်

ကိုယ်အလျှင် လှမ်းမြင်နိုင်ကြပါစေ၊ ကိုယ်လှမ်းမြင်ရသလို သူတပါးကိုလဲ လှမ်းမြင်ရလေအောင် စားရေး, သောက်ရေး, ဝတ်ရေး,နေရေးဆိုတာ လိုလေသေးတယ်မရှိ အိမ်မှာလိုလျှင် ကိုယ့်တာဝန်တခုထားပြီးသကာလ လိုတဲ့နေရာမှာ ပြည့်စုံအောင် ဆောင်ကျဉ်းပြီးတော့နေတာက ဘုံဆိုင်အလုပ် ခန္ဓာ့ကျွန်အလုပ် ဖြစ်ခဲ့ပေတယ်။

သာသနာတော်နဲ့စပ်သော အလုပ်သည်သာလျှင် ကိုယ်ပိုင်အလုပ်ပါတကား၊ သာသနာ့ တာဝန်သည်သာလျှင် ကိုယ့်တာဝန်အစစ်ပါတကားလို့ ကိုယ့်အလုပ်မှန်း၊ ကိုယ့်တာဝန်မှန်း သိကြသည်ဖြစ်၍ လိုတဲ့နေရာမှာ အားပေးချီးမြှင့် ထောက်ပံ့ကြရုံမျှမက တရားတော်များကိုတောင် ကိုယ်တိုင်ပြနိုင် ဟောနိုင် ဆုံးမနိုင် သံသယကိုဖြေရှင်းနိုင် အယူမှားဒိဋ္ဌိ အကြီးစားကို အလွယ်တကူဖြင့် ချွတ်နိုင် ဖြုတ်နိုင်ကြသော မြန်မာပြည်တပြည်လောက်သာမက ကမ္ဘာတဝှမ်းလုံး ထင်ရှားကျော်ကြားလောက်တဲ့ ကမ္ဘာ့သာသနာပြု အာဇာနည် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ ရလွယ် ရောက်လွယ်နိုင်သည်ကိုယ်ဖြစ်ကြစေ။

ဆရာတော်ဘုရားပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏ အရှင်ဘုရား။

## ဉာဏ်စဉ်ဇယားရှင်းပြပုံ

အကွက်ကလေးကျော်လိုက် "ဉာဏ်စဉ်တဆယ့်ခြောက်ပါး" ပါဠိဘာသာတဲ့ ဉာဏ်စဉ်တဆယ့်ခြောက်ပါး မြန်မာဘာသာတဲ့ ဆရာတော်က မြန်မာဘာသာနဲ့ တိုင်လိုက်လို့ရှိလျှင် ယောဂီတို့က ယောဂီဆိုတော့ အကုန်လုံးဆိုတော့ ရွတ်သွားလိမ့်မယ်။

အို....ဆရာတော်ဘာသာ ဆရာတော် ဆိုပါ့မယ်လေ....။

အကျိုးနာမ်ရုပ်မြင် နာမရူပ ပရိစ္ဆေဒဉာဏ်ပင် တွေ့ကြရဲ့လား သူ့ဟာသူ ဖတ်ရှုံကလေးဘဲ။

**ဉာဏ်စဉ်(၁၆)ပါး**

၁။ အကျိုးနာမ်ရုပ်မြင်....နာမရူပ ပရိစ္ဆေဒဉာဏ်ပင်

၂။ အကြောင်းနာမ်ရုပ်ထင်....ပစ္စယပရိဂ္ဂဟဉာဏ်ပင်

၃။ ကာလသုံးခွင်ဖြစ်ပျက်မြင်....သမ္မသနဉာဏ်ပင်

၄။ ပေါ်တုံးသာဖြစ်ပျက်ထင်....ဥဒယဗ္ဗယဉာဏ်ပင်

၅။ အပျက်မြင်....ဘင်္ဂဉာဏ်ပင်

၆။ ကြောက်စရာထင်....ဘယဉာဏ်ပင်

၇။ အပြစ်တွေ့မြင်....အာဒီနဝဉာဏ်ပင်

၈။ မုန်းလျှင်....နိဗ္ဗိန္ဒဉာဏ်ပင်

၉။ လွတ်ချင်....မုစ္စိတုကမျတာဉာဏ်ပင်

၁၀။ ထပ်ရှုမှလွတ်မည်ထင်....ပဋိသင်္ခါဉာဏ်ပင်

၁၁။ ဖြစ်ပျက်ကိုဘဲပြန်မြင်....သင်္ခါရုပေက္ခာဉာဏ်ပင်

၁၂။ ရှုရင်း့ရှုရင်း့ရှုရင်းနဲ့ပင်....အနုလောမဉာဏ်ပင်

၁၃။ ရပ်စ....ဂေါတြဘူဉာဏ်ပင်

၁၄။ ရပ်လယ်....မဂ်ဉာဏ်ပင်

၁၅။ ရပ်ဆုံး....ဖိုလ်ဉာဏ်ပင်

၁၆။ ပြန်ဆင်ခြင်....ပစ္စဝေက္ခဏာဉာဏ်ပင်

ဉာဏ်စဉ်တဆယ့်ခြောက်ပါး ဖြစ်ပုံပင်တည်း။ ။

ပါဠိသက်သက် ကျက်ထားလျှင်လဲရတယ်, မြန်မာသက်သက် ကျက်ထားလျှင်လဲရတယ်, သို့သော် ပါဠိဘာသာလဲအသုံးအနှုန်း ရှိသောကြောင့်-ပါဠိဘာသာနဲ့ မြန်မာဘာသာ နှစ်ခုတွဲ တွဲထား ရတယ်။ ။

မြန်မာဘာသာသက်သက်ချည်းလဲရတယ်။ ။
အကျိုးနာမ်ရုပ်ကိုမြင်, အကြောင်းနာမ်ရုပ်ထင်,
ကာလသုံးခွင် ဖြစ်ပျက်မြင်, ပေါ်တုံးသာ ဖြစ်ပျက်ထင်,
အပျက်မြင်,ကြောက်စရာထင်,
အပြစ်တွေမြင်,မုန်းလျှင်,
လွတ်ချင်, ထပ်ရှုမှလွတ်မည်ထင်,
ဖြစ်ပျက်ကိုဘဲပြန်မြင်, ရှုရင်းရှုရင်းရှုရင်းနဲ့ပင်,
ရပ်စ,ရပ်လယ်,ရပ်ဆုံးထင်,ပြန်ဆင်ခြင်,
ဉာဏ်စဉ် တဆယ့်ခြောက်ပါး ဖြစ်ပုံပင်တည်း။ ။

**ဉာဏ်စင်(၁၆)ပါးရုပ်နာမ်ဖြင့်ခွဲပုံ။**

ဒါကတော့လွယ်ရဲ့-ကဲ....နောက်အကွက်ကြည့်....။

ဉာဏ်စဉ်တဆယ့်ခြောက်ပါးကို ရုပ်,နာမ် စသည်ဖြင့် ခွဲပုံတဲ့။ အဲဒီမှာ ရုပ်-နာမ်-အစ နောင်မှာ (၂)လို့ ထိုးထားတယ်၊ အဲဒီ ဂဏန်းလေးတွေဟာ ဉာဏ်ဘဲ ခေါ်တယ်, နောက်ပြီးတော့ မျဉ်းချောင်းကလေးတွေ ထိုးထားတာရှိလိမ့်မယ်။

ဟို....ဤဇယားပါ ကန့်လန့်မျဉ်းတိုများကို ဖြောင့်ဖြောင့် ဆုံးအောင် ဆွဲကြည့်ပါတဲ့ မျဉ်းတိုရှိလျှင် ဉာဏ်အရင်းထိအောင် ဆွဲထားနော် ?

။ မှန်ပါဘုရား။ ။

ဖတ်လိုက်ဦးမယ်, ဖတ်လိုက်ဦးမယ်, ဉာဏ်စဉ်တဆယ့်ခြောက်ပါးကို ရုပ်နာမ်ဖြင့်ခွဲပုံတဲ့။ ။

ရုပ်နာမ်အစ
ဖြစ်ပျက်အလယ်
အပျက်အဆုံး....တွေ့ကြရဲ့လား?
။ တွေ့ပါတယ်ဘုရား။ ။

ရုပ်,နာမ်အစကို နောက်ကိုဖတ်လို့ရအောင်(က)ကြီးဖြစ်ဖြစ် ရေးထား သို့မဟုတ် မိမိသင်္ကေတလေးလောက် ရေးထား တစ်လို့ လျှင်လဲရေးထား။

အရင်းက....ဉာဏ်စဉ်ဆယ့်ခြောက်ပါး နာမ်ရုပ်စသည်ဖြင့် ခွဲပုံ။ ။

ရုပ်နာမ်အစ,
ဖြစ်ပျက်အလယ်,
အပျက်အဆုံး,
ရုပ်ထာမြင်တဲ့,
ဝိပဿနာလမ်းစဉ်သုံး, တွေ့ကြရဲ့လား?
။ တွေ့ပါတယ်ဘုရား။ ။
ပြန်ကောက်ဦးမယ်။
ရုပ်နာမ်အစ,....ကျော်ကျော်ကြည့်နော်....
ဖြစ်ပျက်အလယ်,
အပျက်အဆုံး,
ရုပ်ထာမြင်တဲ့

ဝိပဿနာလမ်းစဉ်သုံး.... အဲဒါပြန်ကောက်မယ်။

ရုပ်နာမ်အစ,ဆိုတာ နှစ်ဉာဏ်နော် ?

॥ မှန်ပါဘုရား॥ ॥

မျဉ်းတိုကြောင်းဟာ ဟို....အရင်းထိအောင် ဆွဲလိုက်တော့ "ပစ္စယပရိဂ္ဂဟဉာဏ်" ကြားထဲရောက်မသွားဘူးလား ?

॥ ရောက်သွားပါဘုရား॥ ॥

ရုပ်,နာမ်အစဆိုလျှင် နှစ်ဉာဏ် "နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဉာဏ်"အတွက်။

ဖြစ်ပျက်အလယ်ဆိုလျှင် ဘယ်နှစ်ဉာဏ်လဲ ?

॥ နှစ်ဉာဏ်ပါဘုရား॥ ॥

နှစ်ဉာဏ်ဆိုတာ မျဉ်းတိုဆွဲကြည့်စမ်း ဥဒယဗ္ဗယဉာဏ်ကြား ထဲရောက်မသွားဘူးလား ?

॥ ရောက်သွားပါတယ်ဘုရား॥ ॥

"သမ္မသနဉာဏ်နဲ့ ဥဒယဗ္ဗယဉာဏ်" နှစ်ဉာဏ်အတွက်။

အပျက်အဆုံးတဲ့၊ အပျက်အဆုံးဆိုတော့ ဟို....ရှစ်,ခေါ်တယ် အဲဒါ အပျက်အဆုံးဆိုတော့ သူ-ရှစ်ဉာဏ်ရှိလိမ့်မယ် ?

॥ မှန်ပါဘုရား॥ ॥

ဒီရှစ်ဉာဏ် ရှိလိမ့်မယ်နော် ?

॥ မှန်ပါဘုရား॥ ॥

ဘင်္ဂဉာဏ်ကနေပြီးတော့ မျဉ်းတိုကြည့်လိုက် အနုလောမ ဉာဏ်အထိ ဒါကောက်ကြည့်လျှင် ရှစ်ဉာဏ်ရှိလိမ့်မယ် ?

॥ မှန်ပါဘုရား॥ ॥

ဘင်ဉာဏ်ကစ၍ အနုလောမဉာဏ်ထိ ဘယ်နှစ်ဉာဏ်လဲ ?
॥ ရှစ်ဉာဏ်ပါဘုရား॥ ॥

အဲဒါအပျက်အဆုံးခေါ်တယ် အဲဒီရှစ်ဉာဏ်ကို သူ့ခွဲဦးမယ်။ ပျက်စ,ဟုတ်လား ?
॥ မှန်ပါဘုရား॥ ॥

အဲဒီမှာမျဉ်းတိုကလေး မှားနေတယ်ခေါ်တယ်၊ အဲဒီပျက်စ, အောက်က မျဉ်းတိုကလေးဟာ ဘင်ဉာဏ်ကြားထဲကို ထည့်လိုက် အဲဒါလေး အဲဒီမျဉ်းကဲလေးတခုဟာ နဲနဲလေး မှားနေတယ် ခေါ်တယ်။

ပျက်စအောက်က မျဉ်းတိုလေးဟာ ဘယ်ကြားထဲထည့်မလဲ ?
॥ ဘင်ဉာဏ်ကြားထဲ ထည့်ရပါမယ်ဘုရား॥ ॥

ဘင်ဉာဏ်ကြားထဲထည့်ထား ပျက်စ တဉာဏ်ဘယ်သူလဲ ?
॥ ဘင်ဉာဏ်ပါဘုရား॥ ॥

ဘင်ဉာဏ်နေ၁်....

ပျက်လယ်"သုံး" အဲဒီမျဉ်းတိုလေးရယ်၊ အောက်မျဉ်းတိုက ဘယ်ထိအောင် ဆွဲလိုက်မလဲ၊ နိဗ္ဗိန္ဒဉာဏ်ထိအောင် ဆွဲလိုက်။

ဘယဉာဏ်က နိဗ္ဗိန္ဒဉာဏ်ထိအောင် မဆွဲလိုက်ဘူးလား ?
॥ ဆွဲလိုက်ပါတယ်ဘုရား॥ ॥

ပျက်လယ်-ဘယ်နှစ်ဉာဏ်လဲ ?
॥ သုံးဉာဏ်ပါဘုရား॥ ॥

သုံး-ဉာဏ် ဘယဉာဏ်,အာဒီနဝဉာဏ်,နိဗ္ဗိန္ဒဉာဏ်,အတွက်။

ပျက်ဆုံးဆိုတော့“လေး”ညဏ်မထိုးဘူးလား?

။ ထိုးပါတယ်ဘုရား။ ။

မုစ္စိတုကမျတာ ညဏ်ကနေ ပြီး တော့-အနုလောမညဏ်ထိ ဘယ်နှစ်ညဏ်ရှိသလဲ?

။ လေးညဏ်ရှိပါတယ်ဘုရား။ ။

အဲဒါပျက်ဆုံး“လေး”ခေါ်တယ်၊ ပျက်စ“တစ်” ပျက်လယ် “သုံး”ပျက်ဆုံး“လေး”ဆိုတော့ အပျက်ထင်တဲ့ညဏ်သည် “ရှစ်” ညဏ်ရှိတယ်။ ။

အဲဒီ-ပျက်ဆုံး့ပြာလဲဘဲ....။

လွှတ်ချင်စ

လွှတ်ချင်လယ်

လွှတ်ချင်ဆုံး-လို့ရေးမထားဘူးလား?

။ ရေးထားပါတယ်ဘုရား။ ။

ပျက်ဆုံး‘ လေး”ညဏ်မှာ့ လွှတ်ချင်စ့လို့ဆိုတော့ သူ့တဲ့တဲ့ ကြည့်, မုစ္စိတုကမျတာညဏ်နေ၃်?

။ မှန်ပါဘုရား။ ။

နောက်ပြီးတော့့လွှတ်ချင်လယ့်လို့ဆိုတော့....။

ပဋိသခ်ါညဏ့်နဲ့သခ်ါရုပေက္ခာဉာဏ်ခေါ်တယ်?

။ မှန်ပါဘုရား။ ။

လွှတ်ချင်ဆုံး-ဆိုတော့့အနုလောမညဏ့်တဲ့ အဲဒီမျဉ်းကြောင်း နဲ့နဲ့လိုသွားတယ့် လွှတ်ချင်ဆုံး့ အောက်ကမျဉ်းကြောင်း မရှိ ဘူးလား?

။ ရှိပါတယ်ဘုရား။ ။

အဲဒီမျဉ်းကြောင်းဟာ, အနုလောမဉာဏ် ထိအောင် ဆွဲထားလိုက်-အင်း....ဒီအတိုင်းဘဲ ထားချင်ထားပါ....။

လွတ်ချင်စ....မုစ္စိတု ကမျတာဉာဏ်
လွတ်ချင်လယ်....ပဋိသင်္ခါဉာဏ်

လွတ်ချင်ဆုံး....သင်္ခါရုပေက္ခာဉာဏ်....တဲ့ ဟုတ်လား ?
။ ဟုတ်ပါတယ်ဘုရား။ ။

သူ့ ဟာသူ ခွဲထားလိုက် အဲဒါပါဘဲ၊ အဲဒါပြန်ပြီးတော့ ကောက်ဦး....။

ရုပ်နာမ်အစ, ဖြစ်ပျက်အလယ်, အပျက်အဆုံး, ရပ်ထာမြင်တဲ့ ဝိပဿနာလမ်းစဉ်သုံး။

ဒါက ဉာဏ်စဉ်(၁၆)ပါးကို ဝိပဿနာလမ်းစဉ်သုံးပါးနှင့် ခွဲပြပုံ။

ဉာဏ်စဉ်(၇)ပါးခွဲပြပုံ။

ဉာဏ်စဉ်(၇)ပါး အကျဉ်းတဲ့ ဖတ်ထားလိုက်ဦးနော် ?
။ မှန်ပါဘုရား။ ။

နာမ်ရုပ်မြင်,
ဖြစ်ပျက်ထင်,
အပျက်မြင်, ဘယ်နှစ်ဉာဏ် ရှိသွားပြီလဲ ?
။ သုံးဉာဏ်ပါဘုရား။ ။

သုံးဉာဏ်ရှိသွားပြီ....။
မုန်းလျှင်,

ဖြစ်ပျက်ဘဲမြင်,
ရုပ်ဆုံးထင်,
ပြန်ဆင်ခြင်, ဉာဏ်စဉ်(၇)ပါး ဖြစ်ပုံပင်တည်း။
ပြန်ကောက်ဦးမယ်....။
နာမ်ရုပ်မြင်,
ဖြစ်ပျက်တင်,
အပျက်မြင်,
မုန်းလျှင်,

ဖြစ်ပျက်ကိုဘဲပြန်မြင်, အဲဒါမှာ နဲနဲလေး ဖြည့်စွက်ချက်ကလေးထည့်စမ်း "ဖြစ်ပျက်ကိုဘဲပြန်မြင်" အဲဒါနဲနဲလေး နဲနဲလေး စကားလဲ နဲနဲထောင့်နေတယ်။

ဖြစ်ပျက်ကိုဘဲပြန်မြင်,
ရုပ်ဆုံးထင်,
ပြန်ဆင်ချင်, ဉာဏ်စဉ်(၇)ပါး ဖြစ်ပုံပင်တည်း။

ကဲ....ပြန်ကောက်ကြ နာမ်ရုပ်မြင်တာ ဘယ်နှစ်ဉာဏ်လဲ

॥ နှစ်ဉာဏ်ပါဘုရား॥ ॥

နှစ်ဉာဏ်ဆိုလျှင်၊ မျဉ်းတိုဆွဲကြည့် နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပစ္စယ ပရိဂ္ဂဟာဉာဏ်,နော်....?

॥ မှန်ပါဘုရား॥ ॥

ဖြစ်ပျက်ထင်, ဘယ်နှစ်ဉာဏ်လဲ ?

॥ နှစ်ဉာဏ်ပါဘုရား॥ ॥

အဲဒါ"နှစ်"ထိုးထား "နှစ်"မပါဘူး။

သမ္မသနဉာဏ်,နဲ့ ဥဒယဗ္ဗယဉာဏ်,နော်....?

॥ မှန်ပါဘုရား॥ ॥

အပျက်မြင်,က-တဉာဏ်နော်.... ?

॥ မှန်ပါဘုရား॥ ॥

ဘာဉာဏ်လဲ ?

॥ ဘင်္ဂဉာဏ်ပါဘုရား॥ ॥

ဘင်္ဂဉာဏ်တဲ့....

အဲဒီ-အပျက်မြင်အောက်က မျဉ်းကြောင်းကို ဘင်္ဂဉာဏ်ကြား ထဲ ထည့်လိုက်နော် ?

॥ မှန်ပါဘုရား॥ ॥

မုန်းလျှင်, ဘယ်နှစ်ဉာဏ်လဲ ?

॥ သုံးဉာဏ်ပါဘုရား॥ ॥

ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိန္ဒဉာဏ် ဒီဉာဏ်သုံးဉာဏ်က သဘောတူတူဘဲတဲ့။

နိဗ္ဗိန္ဒဉာဏ် တခုကိုပင်လျှင် ယောဂီ အထင်လိုက် ပြီးတော့ ဘယဉာဏ်,အာဒီနဝဉာဏ် ပေါ်လာတယ်နော်....ဒါကြောင့် မုန်း တာကလေးတခုထဲထိုးလိုက်။

॥ မှန်ပါဘုရား॥ ॥

ဖြင်ပျက်ကိုဘဲပြန်မြင်,တဲ့ ဖြစ်ပျက်ကိုဘဲပြန်မြင်လို့ ဆိုတာက "လေး"ဉာဏ်မထိုးထားဘူးလား ?

॥ ထိုးထားပါတယ်ဘုရား॥ ॥

မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ်, ဒီလေးဉာဏ်တို့သည် ဖြစ်ပျက်ဘဲ မြင်ရတယ်။

ရုပ်ဆုံးထင်တဲ့ဘယ်နှစ်ဉာဏ်ထိုးထားသလဲ ?

။ သုံးဉာဏ်ထိုးထားပါတယ်ဘုရား။ ။

အဲဒီ-မျဉ်းကြောင်းကို ခွကြည့်လေ....ရုပ်ဆုံးထင်  ဆိုတော့ ဂေါတြဘူဉာဏ်, ရယ်- မဂ်ဉာဏ်, ရယ်- ဖိုလ်ဉာဏ်, ရယ် မနေ ဘူးလား ?

။ နေပါတယ်ဘုရား။ ။

ဂေါတြဘူဉာဏ်က....ရုပ်စ,
မဂ်ဉာဏ်က ...ရုပ်လယ်,
ဖိုလ်ဉာဏ်က....ရုပ်ဆုံး, ဆိုတော့-ရုပ်ဆုံးထင်တဲ့ ဉာဏ်သည် သုံးဉာဏ်မနေဘူးလား ?

။ သုံးဉာဏ်ပါဘုရား။ ။

ပြန်ဆင်ခြင်ဆိုတာက ပစ္စဝေက္ခဏာ ဉာဏ်တဉာဏ်နော်....?

။ မှန်ပါဘုရား။ ။

ဉာဏ်စဉ်အားလုံးပေါင်းလိုက်မယ်ဆိုလျှင် (၇) ပါး ဖြစ်ပြန် တယ်တဲ့....ဒါကတခုကုန်သွားပြီ။

## ဉာဏ်စဉ်လေးပါးဖြစ်ပုံ။

ဉာဏ်စဉ်လေးပါးဖြစ်ပုံ ကျဉ်းသထက်ကျဉ်းသွားအောင် ဖတ် ဦးမယ်နော်....။

နာမ်ရုပ်မြင်,

ဖြစ်ပျက်ထင်,
ရုပ်ထာမြင်,
ပြန်ဆင်ခြင်, ဉာဏ်စဉ်လေးပါးဖြစ်ပုံပင်တည်း။

ဉာဏ်စဉ်တွေ (၁၆)ပါး မသုံးတတ်လို့ရှိလျှင် (၄)ပါးလေးတိုတိုသုံးလိုက်တော့။

မဟုတ်ဘူးလား ?
॥ ဟုတ်ပါတယ်ဘုရား။ ॥

နာမ်ရုပ်မြင်,
ဖြစ်ပျက်ထင်,
ရုပ်ထာမြင်,
ပြန်ဆင်ချင်, ဉာဏ်စဉ်လေးပါးဖြစ်ပုံတည်း။

ကဲ....ကောက်တော့မယ်၊ နာမ်ရုပ်မြင်တာ ဘယ်နှစ်ဉာဏ်လဲ ?
॥ နှစ်ဉာဏ်ပါဘုရား။ ॥

နာမရူပ ပရိစ္ဆေဒဉာဏ်,နဲ့ ပစ္စယ ပရိဂ္ဂဟဉာဏ်,နော်....?
॥ မှန်ပါဘုရား။ ॥

ဖြစ်ပျက်ထင်,တာ ဘယ်နှစ်ဉာဏ်လဲ ?
॥ ဆယ်ဉာဏ်ပါဘုရား။ ॥

သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိန္ဒာဉာဏ်, မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, အနုလောမဉာဏ်-အထိ ဟုတ်ကဲ့လား ?
॥ ဟုတ်ပါတယ်ဘုရား။ ॥

မျဉ်းကြောင်းကြည့်ထား နောက်ပြီးတော့ ရပ်ထာမြင့်, ဘယ်နှစ်ဉာဏ်လဲ ?

॥ သုံးဉာဏ်ပါဘုရား॥ ॥

ဟို....ဂေါတြဘူဉာဏ်,မဂ်ဉာဏ်,ဖိုဉာဏ်,သုံးဉာဏ်နော်....?

॥ မှန်ပါဘုရား॥ ॥

ပြန်ဆင်ချင့်ဆိုတာက တဉာဏ်မဟုတ်ဘူးလား ?

॥ မှန်ပါတယ်ဘုရား॥ ॥

ဘာဉာဏ်လဲ ?

॥ ပစ္စဝေက္ခဏာဉာဏ်ပါဘုရား॥ ॥

အဲဒါ....အားလုံးပေါင်းလိုက်မယ်ဆိုလျှင် ဉာဏ်စဉ်(၄)ပါး ဘဲ ဒါက လွယ်တယ်॥ ॥

## ပရိညာဖြင့်ခွဲပုံ॥

ပရိညာဖြင့်ခွဲပုံတဲ့ ဟော....တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ဒီ"ပရိညာ"နဲ့ အားထုတ်ရတယ် ခေါ်တယ်॥

ညာတပရိညာ,

တီရဏပရိညာ,

ပဟာနပရိညာ,လို့ ခေါင်းစဉ်ကလေးတော့ တွေ့လိမ့်မယ် နော်....?

॥ မှန်ပါဘုရား॥ ॥

ဖတ်ပုံ-ဖတ်ပုံ

ဥာတ, က-ဥာတက ဖြစ်တတ်တယ်၊ ဥာတ,နောင် အစက်ကလေးပြုထား၊ လိုရင်းက ဥာတ,ပရိညာ,ကလို့ ဆိုတဲ့ အဓိပ္ပါယ်နော်....?

။ မှန်ပါဘုရား။ ။

ဥာတ,က....နာမ်ရုပ်မြင်,
တိရဏ,က....လက္ခဏာထင်,
ပဟာန,က....မဂ်ပါယ်တာပင်,
ပရိညာလမ်းစဉ်"သုံး"တဲ့-နော်....?

။ မှန်ပါဘုရား။ ။

ပြန်ကောက်အုံးမယ်။ ဥာတ,က....နာမ်ရုပ်မြင်,
တိရဏ,က....လက္ခဏာထင်,
ပဟာန,က....မဂ်ပါယ်တာပင်,
ပရိညာလမ်းစဉ်"သုံး"တဲ့။ ။

ဥာတပရိညာ,က နာမ်ရုပ်မြင်တာပြောတယ် ဘယ်နှစ်ဉာဏ်လဲ?

။ နှစ်ဉာဏ်ပါဘုရား။ ။

နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ်ကို "ဥာတပရိညာ"ခေါ်တယ်။

တိရဏပရိညာ,က လက္ခဏာ ထင်တာပြောတယ် အားလုံးဘယ်နှစ်ဉာဏ်လဲ ?

။ ဆယ်ဉာဏ်ပါဘုရား။ ။

ဆယ့်ဥာဏ် သမ္မသနဥာဏ်ကနေပြီးတော့ အနုလောဥာဏ် အထိနော်....။

ပဟာနပရိညာ့က 'မဂ်'ခေါ်တယ်၊ ပဟာနပရိညာ့အတွက်က မဂ်ပါယ်တာတဲ့ အားလုံးပေါင်းလိုက်တဲ့ အခါမှာ ပရိညာ လမ်းစဉ် "သုံး"ပါဘဲ။

ရှင်းသွားပလား ?

॥ ရှင်းပါပြီဘုရား॥ ॥

ဉာတ ပရိညာက "သာမညလက္ခဏာ" ခေါ်တယ်။

အင်း....ဉာတပရိညာက "သဘာဝလက္ခဏာ"ခေါ်တယ်။

တိရဏပရိညာက "သာမညလက္ခဏာ"ခေါ်တယ်။

ပဟာနပရိညာက "မဂ်ပယ်တာ"ခေါ်တယ်။

အဲဒါကလေးတွေလဲ မှတ်ထားကြနော်.... ?

॥ မှန်ပါဘုရား॥ ॥

**အာကာသဖြင့်ခွဲပြပုံ**၊

အာကာသဖြင့် ခွဲပြပုံတဲ့။ မနေ့ကလဲခွဲထားပြီ၊ အာကာသ (အကြား၊အပြတ်၊အရပ် အာကာသ"သုံးပါး"မှတ်တဲ့)။

အကြား၊အပြတ်၊အရပ်၊ အာကာသ သုံးပါးနော်....။

॥ မှန်ပါဘုရား॥ ॥

အကြား၊ဆိုတာက ဘယ်နှစ်ဉာဏ်လဲ ?

॥ နှစ်ဉာဏ်ပါဘုရား॥ ॥

နှစ်ဉာဏ်က နာမရူပ ပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟဉာဏ် နော်....။

အပြတ်ဆိုတာက ဘယ်နှစ်ဥာဏ်လဲ ?

॥ ဆယ်ဥာဏ်ပါဘုရား॥ ॥

ဆယ်ဥာဏ်နော်.... သမ္မသနဥာဏ်က နေပြီးတော့ အနုလောမဥာဏ်အထိ။

ဖြစ်ပျက်ခေါ်တယ်နော်.... ?

॥ မှန်ပါဘုရား॥ ॥

အရပ်ဆိုတာက ဘယ်နှစ်ဥာဏ်လဲ ?

॥ သုံးဥာဏ်ပါဘုရား॥ ॥

ဂေါတြဘူဥာဏ်ရယ်, မဂ်ဥာဏ်ရယ် ဖိုလ်ဥာဏ်ရယ်နော်....။

॥ မှန်ပါဘုရား॥ ॥

အဲဒါ-အာသအတွက်တဲ့....အဲဒါလေးနောက်ကိုတော့ ကျဉ်းသည်ထက်ကျဉ်းအောင် ဟော-ဟောပြီးတော့ သွားမယ်နော်.... ကဲ-တော်ကြစို့။

ဒီစာရွက်ကလေးဟာ မသိသော ပုဂ္ဂိုလ်များ ရှိမယ်ဆိုလျှင် သေသေချာချာ သိရအောင် မေးခြင်း မြန်းခြင်း ဆွေးနွေးခြင်း ပြုလုပ်ပါနော်.... ?

॥ မှန်ပါဘုရား॥ ॥

အကယ်၍ မရှင်းလင်းခဲ့လို့ရှိလျှင်လဲဘဲ တရားစစ်တဲ့ ပုဂ္ဂိုလ်တွေလျှောက်ပါ၊ ဒါမှ မရှင်းသေးလို့ရှိလျှင် ဆရာတော်ထံ ကိုယ်တိုင်လာကြပါတဲ့နော်.... ?

॥ မှန်ပါဘုရား॥ ॥

ဒီစာရွက်ကလေးတွေဟာ ကျေးဇူးလဲများပါလိမ့်မယ်၊ မိမိအတွက် အလွန်တရာ ကျေးဇူးများတယ် ဆိုလို့ရှိလျှင် ဘာမှ ကိုယ့်ရုပ်ပုံကလေးတွေတောင်မှ မှန်ဘောင်တွေ ဘာတွေထည့်ပြီး အကုန်ခံသေးတာဘဲနော်....?

॥ မှန်ပါဘုရား॥ ॥

ဒါကြောင့် စာရွက်ကလေးတွေဟာလဲ အင်မတန်မှ ရှားပြီးတော့ သွားသောကြောင့် အလှူရှင်လဲဘဲ ကျေးဇူး ရှိအောင် မှန်ဘောင်လေးနဲ့ သွင်းပြီးတော့ ထားလျှင် အဘိုးတန်ပါတယ်နော်....?

॥ မှန်ပါဘုရား॥ ॥

ကဲ....တော်ကြစို့ ဒီအတွက်॥ ॥

**နိရယေ ဘယသန္တာသံ၊ နိဗ္ဗာနေ ဝိပုလံ သုခံ။**
**ဥဘယာ နေ့တာ နတ္ထာနိ၊ ဒဿေတဗ္ဗာနိ ယောဂိနာ॥ ॥**

နိရယေ၊ ချမ်းသာမှကင်းသော သံသရာ ဝဋ်ဆင်းရဲကြီး၌။ ဘယသန္တာသံ၊ ကြောက်စရာကောင်းပုံ့ ထိတ်စရာကောင်းပုံ့, လန့်စရာကောင်းပုံဆိုတဲ့ ဆိုးကျိုးတမျိုးကိုရင်း။ နိဗ္ဗာနေ၊သံသရာဇာတ်သိမ်း ချုပ်ငြိမ်းသွားသော အငြိမ်းဓါတ် ချမ်းသာမြတ်ကြီး၌။ ဝိပုလံသုခံ၊ ပြောလို့ကိုမကုန်နိုင်, ဟောလို့ကို မကုန်နိုင်တဲ့ အကြီးအကျယ် ချမ်းသာထူး ချမ်းသာမြတ်ဆိုတဲ့ ကောင်းကျိုးတမျိုးကိုရင်း။ ဥဘယာနိ တောနိ အတ္ထာနိ၊ သံသာထဲမှာ နေရတဲ့ ဆိုးကျိုး, နိဗ္ဗာန်ရောက်သွားတဲ့ အခါကျတော့ ကောင်းကျိုး, ထိုနှစ်မျိုးတို့ကို။ ယောဂိနာ၊ ကမ္မဋ္ဌာန်းကို နင်လား ငါလား တကယ်တန်း လုံးပမ်းကျိုးကုတ် အားထုတ်၍နေကြတဲ့ ရဟန်း,

လူ့ရှင့်ယောဂီသူတော်စဉ် အစစ်မှန်ခဲ့ပါလျှင်။ ဒဿေတဗ္ဗာနိ၊ မမြင်မြင်အောင်၊ မထင်ထင်အောင်၊ ပြအပ် ပြသင့် ပြထိုက်၊ ကုန် တော့သည်သာလျှင်ကတည်း။

သာဓု-သာဓု-သာဓု

ရဟန္တာဖြစ်တဲ့ ပုဂ္ဂိုလ်များ၏ မဟာကရုဏာ ခေါ်တယ်၊ ဘုရားရှင်ကိုယ်တော်မြတ် ကရုဏာကို မဆိုထားဘိ၊ရဟန္တာ ကိုယ် တော်များ၏ ကရုဏာတော်မှ အင်မတန်မှ ကြီးမားလှပါ ပေတယ်။

ယောဂီ....ဟုတ်ကဲ့လားတဲ့ တကယ်တန်းကော တရားကိုအား ထုတ်ကဲ့လားတဲ့....မြင်ကော မြင်ရဲ့လားတဲ့....မြင်တဲ့အခါမှာ ဆို လျှင် ကြောက်စရာ-လန့်စရာ-ထိတ်စရာများကော မြင်ရဲ့လားတဲ့၊ တကယ်တန်းကြောက်စရာ၊လန့်စရာ ထိပ်စရာပေါ်တဲ့ရဟန်းလူရှင် သူတော်စဉ်မှန်ခဲ့ပါလျှင် သံသရာကြီးထဲမှာ နေရတာ ကြောက် စရာ၊ လန့်စရာ၊ ထိပ်စရာကောင်းတဲ့ ဆိုးကျိုးတမျိုး သံသရာ ဇာတ်သိမ်း ချုပ်ငြိမ်းသွားတဲ့အခါကြပြီဆိုလျှင် နိဗ္ဗာန် ချမ်းသာ ကြီး၌ ပြောလို့ မကုန်နိုင် ဟောလို့ကို မကုန်နိုင်တဲ့ အကြီးအ ကျယ် ချမ်းသာတူး၊ ချမ်းသာမြတ်ဆိုတဲ့ ကောင်းကျိုးတမျိုး ထိုနှစ်မျိုးကို မပြဘဲ မနေပါနဲ့။

အင်မတန်မှ ဝေနေယျကြာ သတ္တဝါအပေါင်းတို့အား ထိပ် ပြီးတော့သွားအောင်၊ လန့်ပြီးတော့သွားအောင်၊ ကြောက်ပြီး တော့သွားအောင် ပြပါလို့ ကရုဏာသန်သန်ထား မေတ္တာများ များဖြင့် မိန့်မှာတဲ့စကားများကို ထိပ်ပေါ်မှာ တင်ထားပြီး သကာလ အချိန်ရလျှင် ရသလောက် သံဝေဂများထည့်ပြီးတော့

ဟောကြားပါလိမ့်မယ်လို့ဆိုတာ ရှေးမဆွက ကြိုတင်ပြီးတော့ မှတ်ပါအုံး။

ကနေ့ဟောရမည့်တရားကတော့ "ပစ္စယ ပရိဂ္ဂဟဉာဏ် ကခ်ါ ဝိတရဏာဝိသုဒ္ဓိ စဉ္ဇသောတာပန်" အဆင့်အတန်းအကျိုးသုံးပါး ရပ်တို့ကို တကန့်စီ တကန့်စီ အကြောင်းအကျိုးဆက်ပြီးသကာလ ကရုဏာသန်သန်ထား မေတ္တာများများဖြင့် ဟောကြားပါတော့ မယ်တဲ့။

**ပစ္စယ ပရိဂ္ဂဟဉာဏ်ခဏ်း။**

ပစ္စယ ပရိဂ္ဂဟဉာဏ်။
ပစ္စယ=ဆိုတာ "ပိုင်ပိုင်ကြီးယူနိုင်တာ"
ဉာဏ်=ဆိုတာက "သိတာ"ခေါ်တယ်။

အကြောင်းတရားကို ပိုင်ပိုင်နိုင်နိုင် ယူနိုင် သိနိုင်တဲ့ ဉာဏ်လို့ ဆိုလိုတယ်နော်....။

ဒါဖြင့်အကြောင်းတရား သိချင်တယ်ဆိုလျှင် မနေ့က လက်စနဲ့ ဆက်ကြစို့တဲ့ မနေ့က နာမရူပ ပရိစ္ဆေဒဉာဏ်=နာမ,က နာမ်, ရူပ,က-ရုပ်ဆိုတာ ရုပ်ရှင်စနစ်လို မျိုးစုံမပေါ်ဘူးလား ?

။ ပေါ်ပါတယ်ဘုရား။ ။

နာမ်ဆိုတာ ပေါ်တိုင်း ပေါ်တိုင်း လိုက်ပြီးတော့ မသိဘူး လား ?

။ သိပါတယ်ဘုရား။ ။

ပေါ်ဒါ,နဲ့ သိဒါ, နှစ်ခုကွဲရဲ့လား ?

။ ကွဲပါတယ်ဘုရား။ ။

ပေါ်ဒါသည် ခန္ဓာကိုယ်ထဲမှာ ကြည့်မယ်ဆိုလျှင် ဘုန်းကြီးတို့လုပ်ငန်းနဲ့ ပူဒါ၊ အေးဒါ၊ လှုပ်ထာ၊ ဆင်းရဲဒါ၊ ချမ်းသာဒါ၊ ငါးမျိုးနော်....?

။ မှန်ပါဘုရား။ ။

အဲဒီငါးမျိုးပေါ်ပုံကလေး။

မီးဓါတ်က လောင်ကျွမ်းအောင်ဖုတ် "ရေ"ဓါတ်ကခမ်းချုပ် "လေ"ဓါတ်က တရှိန်းရှိန်း တရှူးရှူးနဲ့ မှုတ်ပေးလိုက်တော့ "အာကာသ"ဆိုတဲ့အကြားကလေးတွေဟာ ဆန်ခါလို အပေါက်အပေါက် ထင်းရှူးသားများကဲ့သို့ ပွပွ၊ ရွရွ၊ မွမွကလေးတွေ ပေါ်လာပြီးသကာလ "ပထဝီ"ဓါတ်ဆိုတဲ့ အမှုံကလေးတွေက တလှုပ်လှုပ်၊ တရွရွ၊ တမွမွ၊ တရိပ်ရိပ်၊ တလှစ်လှစ်၊ တစစ်စစ်၊ တဖြစ်ဖြစ်နဲ့ရုပ်ရှင်စနစ်လို ကိုယ်ထဲမှာမျိုးစုံပေါ်လာသည် ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အဲဒီလို မျိုးစုံပေါ်တဲ့ နေရာမှာဆိုလျှင် အပူကလေး တေဇောကလေး တေဇောလေး လွန်ကဲနေတဲ့အချိန်မှာဆိုလျှင် ပူဒါ၊ အေးဒါ၊ဆိုတဲ့ လက္ခဏာလေး ထင်တတ်တယ်နော်....?

။ မှန်ပါဘုရား။ ။

**တေဇောဓာတ်လွန်ကဲပုံ။**

"လွန်ကဲရာ ဓာတ်၏လက္ခဏာ ပေါ်မြဲသာတည်း" ဆိုတဲ့အတိုင်း တေဇောဓာတ် လွန်ကဲမယ်ဆိုလျှင် အပူ၊ အအေး၊ ဆိုတဲ့ လက္ခဏာလေးဟာ ပေါ်လာတာဘဲ အဲဒီလို အပူ၊ အအေး၊ ဆိုတဲ့

တေဇော်မီး ဓာတ်ကလေးမှာ ပေါ်လာတဲ့အချိန်၌ ဓာတ်တခု ချင်းထားကြ ဓာတ်တခု ထင်ထင်ရှားရှား ပေါ်လာမယ်ဆိုလျှင် ကျန်တဲ့ ဓာတ်သုံးပါးလဲဘဲ မကင်းသောအားဖြင့် လိုက်ပါပြီး သကာလ ဖြစ်ပေါ်လာတတ်တယ်ဆိုတာ ယုံနော်....?

॥ မှန်ပါဘုရား॥ ॥

ဖြစ်ပေါ်လာပုံကလေး॥ ॥

ပူ့အေး့ဆိုတဲ့ တေဇောကို မီးလေးခေါ်တယ်။

ဓာတ်လေးပါးကို ဗမာလိုမှည့်အုံးမယ်။

တေဇော=ကို ဗမာလို မီး့မှတ်ပါ။

ဝါယော=ကို ဗမာလို လေ့မှတ်ပါ။

အာပေါ=ကို ဗမာလို ရေ့မှတ်ပါ။

ပထဝီ=ကို ဗမာလို မြေ့မှတ်ပါ။

(မြေ့ရေ့လေ့မီး့ ဘုတ်ကြီးလေးသွယ်) "လယ်တီဆရာတော် ဘုရားကြီး"

အခု တေဇော့ကလေး တေဇော့ဆိုတော့ ဗမာလို မီး့မခေါ် ဘူးလား ?

॥ ခေါ်ပါတယ်ဘုရား॥ ॥

မီးဓာတ်များ လွန်ကဲနေတဲ့အချိန်မှာ ကျန်တဲ့ ဓာတ်သုံးပါး ဘို့သည် တပြိုင်နက်ဖြစ် တပြိုင်နက်ပါတယ်ဆိုတာ ယုံကြ၊ ပါပုံ ကလေး॥

ပူဒါ့အေးဒါ့ဆိုတဲ့ တေဇော့ မီးဓာတ့်ကလေး ထင်ထင် ရှားရှား ပေါ်နေမယ်ဆိုလျှင် လောင်စာဖြစ်သော မြေဓာတ့်လဲ

ပါမြဲဓမ္မတာ၊ မှုတ်ပေးတတ်တဲ့-လေဓာတ်လေးလဲ ပါမြဲဓမ္မတာ သုံးခုတွဲစပ်ပေးတဲ့ ရေဓာတ်လဲ ပါမြဲဓမ္မတာနော်....ဒါကြောင့်။

**ကောဟိ တေဇောဓာတု ဘိဇ္ဇမာနာ၊**
**သေသ ဓာတုယော ဂဟေတွာဝ ဘိဇ္ဇတိ။**

ဆိုတဲ့ ခန္ဓဝဂ္ဂသံယုတ် အဋ္ဌကထာနဲ့အညီ ယုံကြပေတော့။

ဒါဖြင့် မီးဓာတ်ကလေးတခု ထင်ထင်ရှားရှား ပေါ်နေမယ် ဆိုလျှင် ကျန်တဲ့ ဓာတ်သုံးပါးလဲ တပြိုင်နက်ဖြစ်တပြိုင်နက်ပျက် မပါဘူးလား ?

။ ပါ ပါတယ်ဘုရား။ ။

သို့သော်....စာတတ်တိုင်း ခွဲမနေရဘူး မီးဓာတ်ကတော့ ထင်ထင်ရှားရှား ဖြစ်ပျက်ရှုရတယ်၊ ကျန်တဲ့ ဓာတ်သုံးပါးကတော့ ယုံကြည်သောအားဖြင့် ဖြစ်ပျက်ရှုရတယ်၊ ဒါ စာတတ်တိုင်း ဓာတ်တွေ ခွဲမနေနဲ့လို့ ဆိုလိုတယ်။

သဘောကျပလား ။

။ ကျပါပြီဘုရား။ ။

အကြောင်းအကျိုးလေးစစ်အုံးမယ်၊ ဒီ အကြောင်းအကျိုး လေးဟာ ဆရာတော်က "ကိုယ်တွေ့ဥာဏ်မြင်" ဆိုတော့ ဓာတ်ပြတဲ့ဆရာခေါ်တယ်၊ ဓာတ် ပြ တဲ့ ဆ ရာ ဖြစ် သော ကြောင့် အကြောင်းအကျိုးမှာလဲဘဲ ဓာတ်ပါဘဲကောက်ရတယ်၊ ငါးကြင်း ဆီနဲ့ငါးကြင်းသား ကြော်တဲ့ပမာလို ရုပ်ဖြစ်ခြင်းအကြောင်းတွေ က တယ်ပြီးတော့များတာဘဲ သို့များသော်လဲဘဲ ဓာတ်ပြတဲ့ဆရာ

ဖြစ်သောကြောင့် ခါတ်သည်ပင်လျှင် အကြောင်း, ခါတ်သည်ပင်လျှင် အကျိုး,လို့ ဒီလိုယူရအောင်နော်....?

॥ မှန်ပါဘုရား॥ ॥

အင်း....ခန္ဓာကိုယ်မှာ ပူဒါ,အေးဒါ,ဆိုတဲ့ တေဇောမီး ခါတ်ကလေး ထင်ထင်ရှားရှား ဖြစ်ပေါ်နေပြီဆိုလျှင် အဲဒီ ထင်ထင်ရှားရှား ဖြစ်ပေါ်နေတာက အကျိုးတရားခေါ်တယ်၊ မထင်မရှားတဲ့ ခါတ်သုံးပါးက အကြောင်းတရားလို့ဆိုတာမှတ်ပါ။

အကြောင်းဖြစ်တဲ့ကလေး၊ လောင်စာဖြစ်တဲ့ မြေခါတ်ကလဲရှိလို့ မှုတ်ပေးတတ်တဲ့ လေ,ခါတ်ကလေးကလဲရှိလို့, သုံးခုတွဲစပ်ပေးတတ်တဲ့,ရေ,ခါတ်ကလေးကလဲရှိလို့ ခန္ဓာကိုယ်မှာ ပူဒါ, အေးဒါ,ဆိုတဲ့ တေဇောခါတ်တပါး, မီးခါတ်တပါးသည် ယောဂီသန္တာန်မှာ အကျိုးတရား၏ အဖြစ်ဖြင့် ထင်ထင်, ရှားရှား, ဘွားဘွား,ကြီး ဖြစ်နေတယ်ဆိုတာ.... "တယော-မဟာဘူတေ ပဋိစ္စ ဧကံမဟာဘူတံ" ဆိုတဲ့ ပဋ္ဌာန်းပဋိစ္စဝါရ ပါဠိတော်နှင့်အညီ ယုံကြပေတော့။

ဒီလိုဆိုလျှင် တေဇောမီးခါတ်က အကျိုး,ကျန်တဲ့ မဟာဘုတ်သုံးပါးက အကြောင်း, အကြောင်းလဲ မဟာဘုတ်ရုပ်ပါ,အကျိုးလဲ မဟာဘုတ်ရုပ်ပါ,လို့ ငါးကြင်းဆီနဲ့ ငါးကြင်းသားသာကြော်ပေတော့၊ ဒီလိုရှင်းလျှင် သက်ရှိခန္ဓာမှာဖြစ်ဖြစ်, သက်မဲ့ဝတ္ထုပစ္စည်းမှာဖြစ်ဖြစ်,ဝတ်တဲ့အဝတ်, စားတဲ့အစား, နေထိုင်စရာဖြစ်တဲ့ အိမ်ကျောင်း, ဝတ်ဆင်တားတဲ့ ပတ္တ...ကက်ကောက်

အပူဘာကြောင့်ဖြစ်, ကျန်တဲ့ မဟာဘုတ်သုံးပါးကြောင့်ဖြစ် ကျန်တဲ့ မဟာဘုတ်သုံးပါးကြောင့်ဖြစ်,လို့ ရဲရဲကြီးဖြေကြ။

ရှင်းသွားပလား ?

။ ရှင်းသွားပါပြီဘုရား။ ။

**ဝါယောဓာတ်လွန်ကဲပုံ။**

ယောဂီတို့ခန္ဓာကိုယ်မှာ ကန်တဲ့လေ, တိုးတဲ့လေ,တွန်းတဲ့လေ, လေးထင်ထင်ရှားရှား ဖြစ်ပေါ်ပြီးတော့နေတဲ့အချိန်မှာ ကျန်တဲ့ ဓာတ်သုံးပါးလဲဘဲ မကင်းသောအားဖြင့် လိုက်ပါပြီးသကာလ တပြိုင်နက်ဖြစ်, တပြိုင်နက်ပျက်,ဆိုတာယုံကြ။

တပြိုင်နက်ဖြစ်ပုံ။ ။လေ, လေး ခန္ဓာမှာ ဖြစ်ပေါ်ပြီးတော့ နေမယ်ဆိုလျှင် မီးလဲပါမြဲဓမ္မတာ မီးပါလျှင် လောင်စာဖြစ်တဲ့ မြေလဲ ပါမြဲဓမ္မတာ သုံးခုတွဲစပ်ပေးတတ်တဲ့ ရေဓာတ်လဲ ပါမြဲ ဓမ္မတာ....ဒါကြောင့်....

"ကောဟိ ဝါယောဓာတု ဘိဇ္ဇမာနာ သေသဓာတုယော ဂဟေတွာဝ ဘိဇ္ဇတိ"ဆိုတဲ့ ခန္ဓဝဂ္ဂသံယုတ် အဌကထာနဲ့အညီ ယုံကြပေတော့။

အကြောင်းအကျိုးမေးမယ်၊ ခန္ဓာထဲမှာ ကန်တဲ့လေလေး, တိုးတဲ့လေလေး, တွန်းတဲ့လေလေး,သည် ဘာကြောင့်ဖြစ်ပေါ် လာသလဲ မေးခဲ့ပါလျှင် ကျန်တဲ့ မဟာဘုတ်သုံးပါး, ဓာတ်သုံး ပါးကြောင့် ဖြစ်ပေါ်ပြီးတော့လာတယ်လို့ အဖြေပေးကြ။

ဖြစ်ပုံကလေး။ ။မီးဓာတ်ကလဲရှိနေလို့ လောင်စာဖြစ်တဲ့ မြေဓာတ်ကလဲရှိနေလို့, သုံးခုတွဲစပ်ပေးတတ်တဲ့ ရေဓာတ်ကလဲ

ရှိနေလို့ ခန္ဓာကိုယ်မှာ ကန့်တိုး့တွန်း့ဆိုတဲ့ လေဓာတ်ကလေး ဟာ အကျိုးတရား၏အဖြစ်ဖြင့် ဘွားဘွားကြီး ဖြစ်ပေါ်ပြီးနေ တော့တယ်ဆိုတာ........

"တယောမဟာဘူတေ ပဋိစ္စ ကော်မဟာဘူတံ"ဆိုတဲ့ (ပဋ္ဌာန်း ပဋိစ္စဝါရ) ပါဠိတော်နှင့်အညီ ယုံကြပေတော့။

တခုရှင်းသွားပြီ ?

။ မှန်ပါဘုရား။ ။

**ပထဝီဓာတ်လွှန်ကဲပုံ။**

ယောဂီတို့ခန္ဓာကိုယ်မှာဆိုလျှင် ရွရွ့ဆိုတဲ့ ပထဝီကလေးတွေ့ ဖြင်းဖြင်း, စစ်စစ်, ဟုန်းကနဲ, ဖြန်းကနဲ, ကြက်သီးထသလိုဆိုတဲ့ အမှုံကလေးတွေ, မိုးဖွဲ့ကလေးတွေများကျနေသလို ဆံပင်တို တို, ရေစိုစို, လက်နဲ့ပွတ်လိုက်တဲ့အခါ အမှုံကလေးတွေများစင် နေသလို့, ရေပန်းကလေးများ ပန်းနေသလို ဖြုတ်ကလေးတွေ များ ပျံသန်းသွားလာနေသလို သဲကမ်းပါးများ ဖြုတ်ဖြုတ်, ဖြုတ်ဖြုတ်နဲ့ ပြိုကျနေသလို ခန္ဓာကိုယ်ထဲမှာ အမှုံကလေးတွေ ဖြစ်ပေါ်ပြီးတော့ နေတဲ့အချိန်မှာ ကျန်တဲ့ မဟာဘုတ်သုံးပါးလဲ ဘဲ လိုက်ပါပြီးသကာလ တပြိုင်နက်ဖြစ်,တပြိုင်နက်ပျက်, ဆိုတာ ယုံကြ။

လိုက်ပါလာပုံ။ ။မြေဓာတ်ကလေး ရှိမယ်ဆိုလျှင် လောင် ကျွမ်းပြီးတော့နေတဲ့ မီးဓာတ်လဲ ပါမြဲဓမ္မတာ၊ မီးဓာတ်ပါမယ် ဆိုလျှင် မှုတ်ပေးတတ်တဲ့ လေ့လဲပါမြဲဓမ္မတာ၊ သုံးခုကွဲစပ်ပေး တတ်တဲ့ ရေဓာတ်လဲ ပါမြဲဓမ္မတာဆိုတာ မှတ်ကြ၊ ဒါကြောင့် ...

"ကောယဟိ ပထဝီဓာတု ဘိဇ္ဇမာနာ သေသဓာတုယောဂဟေတ္ဝာဝ ဘိဇ္ဇတိ"ဆိုတဲ့ ခန္ဓဝဂ္ဂ သံယုတ်အဋ္ဌကထာနဲ့အညီ ယုံကြပေတော့၊ အကြောင်းအကျိုးမေးမယ်၊ ခန္ဓာကိုယ်မှာ ထင်ထင်ရှားရှားပြိုးတော့နေတဲ့ ပထဝီဓာတ်ကလေး အမှုံဓာတ်ကလေးဟာ အကျိုးတရားပါဘဲ ဒီအမှုံကလေးဟာ ဘာ့ကြောင့် ဖြစ်ပေါ်လာသလဲလို့ ဒီလိုမျိုးမေးလိုက်မယ်ဆိုလျှင် မဟာဘုတ်သုံးပါး အကြောင်းကြောင့်ဖြေကြနော်....

॥ မှန်ပါဘုရား॥ ॥

မဟာဘုတ်သုံးပါးကြောင့် ခန္ဓာကိုယ်မှာ ဖြစ်ပုံကလေးကြည့်နော်....အသားတွေ ပျောက်သွားတယ်, ခေါင်း ကိုယ် ခြေ လက်တွေ ပျောက်သွားတယ်, ယောကျ်ား, မိန်းမ,တွေ ပျောက်ပြီးသကာလ ဒီခန္ဓာကြီးထဲမှာ အမှုံစု, အမှုံပုံကြီး ဖြစ်ပြီးတော့သွားတယ်၊ ရွစု,ရွပုံ, ဖြင်းစု, ဖြင်းပုံ, ဖြစ်ပြီးတော့ သွားတယ်ဆိုတာ, ဘာကြောင့်လဲမေးလျှင်, ကျန်တဲ့ မဟာဘုတ်သုံးပါးလို့ ဆိုတာ ရဲရဲကြီးဖြေကြ၊ မဟာဘုတ်သုံးပါးကြောင့် အမှုံတွေဖြစ်ပုံနော်....

॥ မှန်ပါဘုရား॥ ॥

မီးဓာတ်ကလဲ လောင်ကျွမ်းအောင်ဖုတ်ပေးလို့ ရေဓာတ်ကလဲဘဲ ခမ်းချုပ်,ခမ်းချုပ်ပေးလို့ လေ,ဓာတ်ကလေးတွေကလဲ တရှိန်းရှိန်း, တရှူးရှူး,နဲ့ မှုတ်ပေးလို့ ခန္ဓာမှာဆိုလျှင် ရွရွ, မွမွ,ဖွိုးဖွိုး,ဖြင်းဖြင်း,စိုးစိုး,စစ်စစ်,စသော ပထဝီအမှုံကလေးတွေ ဖြစ်ပေါ်ပြီးတော့လာတယ်ဆိုတာ....ဒါကြောင့်

"တယော မဟာဘူတေပဋိစ္စ ဧကံမဟာဘူတံ"ဆိုတဲ့ ပဋ္ဌာန်းပဋိစ္စဝါရ ပါဠိတော်နဲ့အညီပါဘဲ။

တယောမဟာဘူတော၊ ယောဂီသန္တာန်မှာ ငုတ်နေလို့ မထင်ရှားကြတဲ့ သုံးပါးသော မဟာဘုတ်တရား, ဓာတ်တရားတို့ကို။ ပဋိစ္စ၊ အကြောင်းခံ ကူညီဘော် ကူညီဘက်, ဖြစ်ဖေါ်, ဖြစ်ဘက် အဖြစ်ဖြင့် ဖြစ်ကြပြီး၍။ ဧကံမဟာဘူတံ၊ ရွရွ,မွမွ,ဖွိုးဖွိုး, ဖြင်းဖြင်း, စိုးစိုး,စစ်စစ်,စသော, တခုသော ပထဝီမဟာဘုတ်တရား, ပထဝီမဟာဘုတ်တရားသည် ပထဝီဓာတ်တရားသည်။ ဥပ္ပဇ္ဇတိ၊ ယောဂီသန္တာန်မှာ အကျိုးတရား၏အဖြစ်ဖြင့် ထင်ထင်ရှားရှား ဘွားဘွားကြီး ဖြစ်ပေါ်၍ လာပါပေတော့၏တကား။

သာဓု—သာဓု—သာဓု

ကျန်တဲ့မဟာဘုတ်သုံးပါးကြောင့် ခန္ဓာကိုယ်ကြီးသည် အမှီဖြစ်ပုံတဲ့၊ အဲဒါလေး ထင်ရှားအောင် ချက်ပြမယ်နော်....

။ မှန်ပါဘုရား။ ။

ငါးတုံးကလေးတွေ,အမဲတုံးကလေးတွေ,လက်နှစ်သစ်လောက်တုံး အိုးထဲထည့် မီးကလေးနဲ့ နှပ်ချက်-ချက်ကြည့်။

ဒီနေရာမှာ“အန္န”ချက်ပုံ“ကလျာဏ”ချက်ပုံ နှစ်ခု ပြောမယ်နော်....

။ မှန်ပါဘုရား။ ။

အပြောနဲ့အမှတ်မကွဲလျှင် “အန္န”ပုထုဇဉ်ချက်ပုံ ချက်နည်းဘဲ။ ။

အပြောနဲ့အမှတ်နဲ့ကွဲမယ်ဆိုလျှင်“ကလျာဏ”ပုထုဇဉ် ချက်ပုံ ချက်နည်းဘဲ။ ။

အန္ဓချက်ပုံ အရင်ပြောမယ်။ ။ဟော့....ဘာနဲ့ချက်သလဲ လို့မေးလျှင်, မီးနဲ့ချက်တယ်လို့ ပြောလိမ့်မယ်၊ပြောတဲ့အတိုင်း တကယ့်မီးနဲ့ချက်တယ်လို့မှတ်လျှင်, ပုထုဇဉ် အကန်းတွေ ပုထုဇဉ်အမိုက်တွေ, ပုထုဇဉ်အယုတ်တွေ, ဉာဏ်မြင်မရှိတဲ့ တုံးပေ ကပ်သုပ်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေ ချက်ပုံချက်နည်းဘဲ။ ။

ဟုတ်ကဲ့လား?

။ ဟုတ်ပါတယ်ဘုရား။ ။

ကလျာဏချက်ပုံ။ ။မီးနဲ့ချက်တယ်လို့ သူများသိအောင် ပြောသည် ပူရှိန်,ပူခိုး,ပူငွေ့,နဲ့ချက်တယ်လို့မှတ်လျှင်, အပြော ကမီး အမှတ်ကတော့ ပူရှိန်ပူခိုးပူငွေ့ဖြစ်သောကြောင့် အပြော နဲ့ အမှတ်နဲ့ မကွဲဘူးလား?

။ ကွဲပါတယ်ဘုရား။ ။

"အဲဒီလိုကွဲမယ်ဆိုလျှင် စာတတ် ကလျာဏ ပုထုဇဉ် ချက်ပုံ ချက်နည်းဘဲ"။

"အပြောနဲ့အသိနဲ့ကွဲမယ်ဆိုလျှင် လုပ်ငန်းတတ် ကလျာဏ ပုထုဇဉ် ချက်ပုံချက်နည်းဘဲ"။

ထမင်းချက်ထာလဲ လိုတာဘဲ, ဟင်းချက်ထာလဲ လိုတာဘဲ, ကုသိုလ်ရေးတွေ ပြုလုပ်တဲ့ နေရာမှာ "အန္ဓ"အချက်မျိုးနဲ့မချက် ကြနဲ့ "ကလျာဏ" အချက်မျိုးနဲ့ချက်ကြ။

ယခုလို ဗုဒ္ဓိပတ္တိသာသနာတော်ကြီးကို အားပေးပြီးသကာလ ဝေယျာဝစ္စ ဆောင်ကျဉ်းပြီးတော့နေကြတဲ့အလုပ်သမား,အချက် သမားတို့မှာဆိုလျှင်..

မျက်မြင်နဲ့ ဉာဏ်မြင် ကွဲအောင်ပြောပါ။
ပညတ်နဲ့ ပရမတ်ကွဲအောင်ပြောပါ။
အမှတ်နဲ့ အတတ်ကို ကွဲအောင် ခွဲကြပါ ဆိုလိုတယ်။
သဘောကျပလား ?
॥ ကျပါပြီဘုရား။ ॥
မီးနဲ့ ချက်တယ်လို့ ပြော ပူရှိန်၊ ပူခိုး၊ ပူငွေ့နဲ့ ချက်ပုံကလေး နော်....
॥ မှန်ပါဘုရား။ ॥
အောက်က ထင်းမီးမရှိဘူးလား။ ॥
॥ ရှိပါတယ်ဘုရား။ ॥
ထင်းမီးဟာ ပူရှိန်၊ ပူခိုး၊ ပူငွေ့ နော်
॥ မှန်ပါဘုရား။ ॥
အဲဒီထင်းမီး ပူရှိန်၊ ပူခိုး၊ ပူငွေ့ဟာ ငါးတိုး အမဲတုံးထဲကို မရောက်ဘူးနော်....
॥ မှန်ပါဘုရား။ ॥
ကြားထဲမှာ အာကာသခြားနေတယ်၊ အာကာသတို့သဘောဟာ မရောဘူးနော်....ထင်းမှာတောက်နေတဲ့ ပူရှိန်ပူခိုးသည် ငါးတုံးအမဲတုံးထဲသို့ ဝင်မဝင် ?
॥ မဝင်ပါဘုရား။ ॥
ရောက်မရောက် ?
॥ မရောက်ပါဘုရား။ ॥
မရောက်ဘူး အာကာသခြားပြီးသကာလ နေသောကြောင့် တခုနဲ့တခုတော့ မရောဘူးဆိုတာ သိပြီးပြီ သို့သော် ထင်းမီးက

ပူရှိန်,ပူခိုး,ပူငွေ့တွေဟာ ငါးတုံးအမဲတုံးကလေးတွေကို မဟပ်ဘူးလား ?

॥ ဟပ်ပါတယ်ဘုရား॥ ॥

ပူရှိန်မဟပ်ဘူးလား ?

॥ ဟပ်ပါတယ်ဘုရား॥ ॥

ပူရှိန်ဟပ်လိုက်တော့ တဖြည်းဖြည်း တဖြည်းဖြည်း, ပူပူ,ပူပူ မလာဘူးလား ?

॥ ပူလာပါတယ်ဘုရား॥ ॥

အဲဒါငါးတုံးထဲမှာ နောက်ပိုတ်ဆုံး အအေး လုံးလုံးပျောက်သွားတော့ ပူရှိန်ကြီးဘဲ ကျန်ခဲ့တယ်၊ အဲဒီ ပူရှိန်ဟာ ထင်းမီးကလာတဲ့ ပူရှိန်မဟုတ်ဘူး၊ "ထင်းမီးက ပူရှိန်က အကြောင်း" "ငါးတုံးအမဲတုံးမှာရောက်တဲ့ ပူရှိန်က အကျိုး" ခေါ်တယ်၊ သို့သော် အကြောင်း အကျိုးသာလျှင် ဆက်စပ်နေတယ်၊ ထင်းမီးမှာ ရှိတဲ့ ပူရှိန်ကသပ်သပ် ငါးတုံးအမဲတုံးထဲမှာ ရှိတဲ့ပူရှိန်ကသပ်သပ် သူတို့နှစ်ခု မရောဘူးခေါ်တယ်။

ဒါဖြင့် ငါးတုံးအမဲတုံးထဲမှာ ပူရှိန်,ပူခိုး,ပူငွေ့ ရောက်သွားပြီနော်....

॥ မှန်ပါဘုရား॥ ॥

အဲဒီ အပူကလေးက လောင်ကျွမ်းအောင် ဖုတ်တော့မယ်၊ ငါးတုံးအမဲတုံးထဲမှာ ရောကလေးက ခမ်းချုပ်,ခမ်းချုပ် မသွားဘူးလား ?

॥ ခမ်းချုပ်သွားပါတယ်ဘုရား॥ ॥

အရှိန်နဲ့ အခိုးကလေးက မှုတ်လိုက်တော့ ငါးတုံးအမဲတုံး ကလေးဟာ ဆန်ခါလိုအပေါက်အပေါက် ထင်းရှူးသားများကဲ့သို့ ပွပွ,ရွရွ,မွမွကလေးတွေ ပေါ်မလာဘူးလား ?

॥ ပေါ်လာပါတယ်ဘုရား॥ ॥

အဲဒါမယုံကဲ့လို့ရှိလျှင် ယောက်မကလေးနဲ့ ဇွန်းကလေးနဲ့ ဆယ်ကြည့်ရတယ်၊ ဆယ်ကြည့်မယ်ဆိုလျှင် အခိုးကလေးတလူလူ ထွက်မနေဘူးလား ?

॥ ထွက်နေပါတယ်ဘုရား॥ ॥

ထွက်နေတဲ့နေရာကြည့်လို့ရှိလျှင် ရှေ့ကလို မာမာ,ကျစ်ကျစ်, သိပ်သိပ်,သဲသဲ ဟုတ်သေးလား ?

॥ မဟုတ်တော့ပါဘုရား॥ ॥

အပွတွေဖြစ်လာတယ်၊ အဲဒီအပွဖြစ်လာတာ ဘယ်သူ့လက်ချက်လဲ ဒီလိုမေးလျှင် ပူရှိန်,ပူခိုး,ပူငွေ့ လက်ချက်ဘဲ ရှင်းရှင်းပြောပါဆိုလို့ရှိလျှင် အရှိန်,အခိုး,အငွေ့ဆိုတဲ့လေ,လက်ချက်ဘဲ သဘောကျပလား။

॥ သဘောကျပါပြီဘုရား॥ ॥

ကဲ....ပြန်ထည့်လိုက် မီးခါတ်ကလဲဘဲ ဖုတ်လွန်းမကဖုတ်လေခါတ်ဆိုတဲ့ အရှိန်,အခိုးကလဲ မှုတ်လွန်းမက မှုတ်လိုက်တဲ့အခါကျတော့ ငါးတုံးအမဲတုံးကလေးတွေဟာ အပေါက်ကလေးတွေ ကျယ်လွန်းမက ကျယ်ကျယ်, ကျယ်ကျယ်,ပြီးတော့သွားတဲ့အခါ နောက်ပိတ်ဆုံး၌ ဇွန်းနဲ့လဲ မချေပါနဲ့ ယောက်မနဲ့လဲမမွှေပါနဲ့ ငါးမှုံ့လို သူ့ဟာသူ အလိုလို ကြေပြီးတော့သွားပါသည်။

ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ငါးတွေ ကြေသွားတယ်နော်....ငါးမှုန့်တွေ ကြေသွားတာ အဲဒါ ဘယ်သူ့လက်ချက်လဲမေးလျှင် ပူရှိန်၊ ပူခိုး၊ ပူငွေ့၊ လက်ချက်ဘဲ ဘယ်မီးရှိမလဲ ရှိသေးသလား ?

॥ မရှိပါဘူးဘုရား॥ ॥

နေ့နဲ့ချက်ထာလဲ ဒီအတိုင်းဘဲ.... နေ့နဲ့ချက်ထာလဲ ဒီအတိုင်းဘဲတဲ့၊ နောက်ပြီးတော့ဆိုလျှင် လျှပ်စစ်မီးနဲ့ ချက်ထာလဲ ဒီအတိုင်းဘဲ၊ ချက်တတ်ပစေနော်....ဗဟုသုတ အင်မတန်များပစေ အင်မတန်နက်နဲသောတရား သဗ္ဗညုတ ရွှေဉာဏ်တော်နဲ့ ဘကယ်မြင်ပြီးတော့ အမှန်အစစ်တွေကို ဟောထားဒါနော်....॥

॥ မှန်ပါဘုရား॥ ॥

ဘုရားရှင်ကိုယ်တော်မြတ် ဟောထားတဲ့ ဒေသနာတော်တွေ သေသေချာချာမှတ်ကြနော်....ပဋိပတ္တိ သာသနာတော် ထွန်းပြီးတော့ ယခုလို တရားပွဲကြီးနဲ့ကြုံ၍ ကိုယ်ကိုယ်တိုင် တရားနာ၊ ဘာရားအားထုတ်တဲ့အခါမှာ အဲဒါ အမှန်အစစ်တွေ မြင်ကြဒါဘဲ ဟုတ်ကြရဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

အဲဒါ ခန္ဓာလဲဒီအတိုင်းဘဲ ငါးတုံးအမဲတုံးလေးသာလျှင် ဒီကဲ့သို့ ပူရှိန်၊ ပူခိုး၊ ပူငွေ့၊ နဲ့ချက်လို့ ကြေမွသွားသည် မဟုတ်သေးပါ၊ ခန္ဓာထဲကအသားလဲ ဒီအတိုင်းဘဲ အနုရုဒ္ဓါ အရှင်အနုရုဒ္ဓါ၏နမ ရောဟဏီမင်းသမီး၊ ဟို....အမဲသားခေတ်စာကျတဲ့ ခဲဟန်းတပါး၊ အဲဒီ အမဲသား လိုက်ရှာလိုက်ထာ မတွေ့တော့

ပေါင်သားကို ဒါးနဲ့လှီးပြီးတော့ ချက်လိုက်ထားတဲ ပြီးတော့ အမဲသားအဖြစ်နဲ့ သွားမကပ်ဘူးလား ?

॥ ကပ်ပါတယ်ဘုရား॥ ॥

အဲဒီ....တော့ ပေါင်သားလဲ ပုရိုန်,ပုခိုး,ပုငွေ့,နဲ့ တွေ့တော့ သူလဲဘဲ မြေ့မြေ့လေးတွေ, ယိယိလေးတွေ မဖြစ်ဘူးလား ?

॥ ဖြစ်ပါတယ်ဘုရား॥ ॥

ငါးတုံး အမဲတုံးကလေးတွေမှာ ပွပွ,ရွရွ,မွမွ, ကလေးတွေ ဖြစ်သလို သူလဲဘဲဖြစ်လာတာဘဲ သဘောကျရဲ့လား ?

॥ သဘောကျပါပြီဘုရား॥ ॥

အဲဒါ....အတူတူဘဲ ခန္ဓာဒီအတိုင်းကြည့်ကြ....နကိုယ်တုံးက မျက်စေ့နဲ့မြင်ရတဲ့ အသားအရေ အကြော ခေါင်းကိုယ် ခြေ လက် ယောကျ်ား, မိန်းမ, သဏ္ဍာန်ကြီး ပျောက်ပြီးသကာလ ရွရွ,မွမွ,ဖွိုးဖွိုး,ဖြင်းဖြင်း, စိုးစိုး,စစ်စစ်,စသော ပထဝီအမှုံကလေး တွေ ဖြစ်ပေါ်ပြီးတော့လာတာ ဘယ်သူ့လက်ချက်လဲ မေးလျှင် ကျန်တဲ့,ဓာတ်သုံးပါး, လက်ချက်ကြောင့်လို့ဖြေနော်...

॥ မှန်ပါ့ဘုရား॥ ॥

မီးဓာတ်,ကလဲ လောင်ကျွမ်းအောင်ဖုတ်ပေးလို့၊ ရေဓာတ်, ကလေးကလဲ ခမ်းချုပ်, ခမ်းချုပ်ပေးလို့၊ လေဓာတ်,ကလေးက လဲ, တရိုန်းရိုန်း,တရှူးရှူး,နဲ့ မှုတ်ပေးလို့၊ ခန္ဓာမှာ နကိုယ်က မျက်မြင်,မြင်နေရတဲ့,အသား,အရေ,အကြော,ခေါင်း,ကိုယ်,ခြေ, သက်, ယောကျ်ား,မိန်းမစသည် အကုန်ပျောက်တယ်နော်....॥

॥ မှန်ပါဘုရား॥ ॥

ရွရွ၊မွမွ၊ဖြိုးဖြိုး၊ဖြင်းဖြင်း၊စိုးစိုး၊စစ်စစ်၊စသောပထဝီအမှုံဓါတ်ကလေးတွေ ဖြစ်ပေါ်ပြီးတော့ လာတယ်လို့ဆိုတာ အကြောင်းအကျိုးနဲ့ဆက်ပြီးတော့ယုံကြပါ။

ကဲ-ချုံးကြတော့ ရုပ်ဖြစ်ခြင်း အကြောင်းသည် ရုပ်ဘဲလို့နခမ်းသတ်လိုက်။

မဟာဘုတ်ဖြစ်ခြင်း အကြောင်းသည် မဟာဘုတ်လို့ နခမ်းသတ်လိုက်။

အဲဒီလို သတ်မယ်ဆိုလို့ရှိလျှင် "စာတွေ့"နဲ့လဲ ကိုက်သည် "ကိုယ်တွေ့"နဲ့လဲကိုက်သည်။

စာတွေ့နဲ့ကိုက်ပုံ။ ။ဓါတ်ကြီးလေးပါး, လက္ခဏ, ရသ, ပစ္စုပ္ပဋ္ဌာန်, ပဒဋ္ဌာန်, ခွဲခန်း၌ ပဒဋ္ဌာန်ပါတယ် ပဒဋ္ဌာန်သည် နီးသောအကြောင်းခေါ်တယ်။

"သေသခါတုတ္တာယ ပဒဋ္ဌာနံ" အဋ္ဌကထာ စသည်တို့မှာ များစွာလာသောကြောင့် ကျန်ဓါတ်သုံးပါးသည် ပဒဋ္ဌာန် နီးသောအကြောင်း အဲဒီစာတွေ့"နဲ့လဲ .ကိုက်သည်"ကိုယ်တွေ့" နဲ့လဲ ကိုက်သည်။-ဒါကြောင့် ကျယ်ကျယ်ကြီး ခွဲခြမ်းစိတ်ဖြာ ဝေဖန်နေဘို့ မလိုတော့ဘူး။

ရုပ်၊ဖြစ်ခြင်းအကြောင်းသည်အလွန်များ၏။

ကံ၊စိတ်၊ဥတု၊အာဟာရ, သမုဋ္ဌာန်လေးပါးနဲ့လဲရှိ၏။

ခန္ဓာ၊နဲ့စပ်သောအကြောင်း။

အာယတန၊နဲ့စပ်သောအကြောင်း။

ဓါတ်၊နဲ့စပ်သောအကြောင်း။

သစ္စာ နဲ့ စပ်သောအကြောင်း။
ပဋိစ္စသမုပ္ပါဒ်နဲ့ စပ်သောအကြောင်း။
ပဋ္ဌာန်း နဲ့ စပ်သောအကြောင်း။

အကြောင်းတွေက စာတတ်လျှင် ဝေဝေ ဆာဆာ ကြီးပါ လို့ ဆိုတာမှတ်ပေတော့။

ရှင်းသွားပလား?

॥ ရှင်းသွားပါပြီဘုရား။ ॥

ရုပ်ဖြစ်ခြင်းအကြောင်းသည် နခမ်းသတ်"ရုပ်"
ရူပပစ္စယပရိဂ္ဂဟဉာဏ် ပိုင်သွားပြီ။
နာမ်ဖြစ်ခြင်း အကြောင်းလေးပြောမယ်။

နာမ်ဆိုတော့ ဆရာတော်တို့ သိမှုလေးတလုံးမဟုတ်လား?

॥ ဟုတ်ပါတယ်ဘုရား။ ॥

သည့်ဖြင့် စိတ်တို့ စေတသိက်တို့ခွဲနေသေးသလား?

॥ ခွဲမနေပါဘုရား။ ॥

လုပ်ငန်းစနစ်မှာသိမှုလေးတလုံးဘဲအဲဒီသိမှုလေးဆိုတဲ့"နာမ်" တရားကလေးကို အကြောင်းစစ်မယ်နော်....?

॥ မှန်ပါဘုရား။ ॥

အကြောင်းစစ်မယ် စစ်တော့အပေါ်ဆုံးက စတိ စတိ ပေါ် ဒါရေးထား၊ အလယ်က သိတာရေးထား ဒီအောက်ကသိတာ ရေးထား၊ ဟော....ဖတ်စမ်းပါဆိုလျှင် ပေါ် သိ သိ ဟော.... သုံးကြောင်းနော်....?

॥ မှန်ပါဘုရား။ ॥

အပေါ်ကြောင်းက ဘာရေးထား ?

॥ စတိလို့ရေးထားပါဘုရား॥ ॥

ဒါစတိဆိုတာ ရေးတာမဟုတ်ဘူးနော် အပေါ်ကြောင်းက ပေါ်ဒါ ရေးထားအလယ်က ဘာရေးထား ?

॥ သိတာပါဘုရား॥ ॥

သိတာအောက်ဆုံးကဘာလဲ

॥ သိတာပါဘုရား॥ ॥

သိတာ အသိနှစ်လုံးရှိရတယ်၊ ဖတ်စမ်းပါဆိုတော့ ပေါ်၊ သိ၊သိ ဒီလိုမနေဘူးလား ?

॥ နေပါတယ်ဘုရား॥ ॥

ပူဒါ၊အေးဒါ၊လှုပ်ထာတ ရုပ်။

ဆင်းရဲဒါ၊ချမ်းသာဒါက နာမ်ဆိုတော့ ပေါ်တဲ့ငါးမျိုးမှာ ရုပ်၊နာမ်လို့ ဆုံးဖြတ်ထားလိုက် ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ပေါ်မှ သိတယ်နော် ပေါ်မှသိတယ်နော်၊ ပေါ်ဒါက အကြောင်း သိဒါက အကျိုးခေါ်တယ်၊ အဲဒါပထမအသိ ပထမအမှတ်ကလေးဘဲ တပေါ်၊တသိ၊တပေါ်၊တမှတ်တဲ့ စကား သုံးလိုက်ထာ ပေါ်ဒါတခုကို အသိကလေးတလုံးမပါဘူးလား ?

॥ ပါ၊ပါတယ်ဘုရား॥ ॥

အဲဒီ အသိကလေးကို တပေါ်၊တသိ၊တမှတ်၊ခေါ်တယ်၊ အဲဒီ အသိက ဘာသိသလဲမေးလျှင် ပေါ်တဲ့ ရုပ်၊နာမ်ကို သိတယ်နော်

ပေါ်တဲ့ ရုပ်နာမ်ကိုသိတယ်၊ ဒီအသိကလေးကို သူပြန်သိရဲ့လား ?

॥ မသိပါဘုရား॥ ॥

အဲဒါ မသိလျှင် "မဂ်"မကျဘူး သူ့လမ်းစဉ်သွားတာကြည့်စမ်း၊ မှတ်စိတ်က မှတ်ပြီး ပျက်၊မှတ်ပျက်၊မှတ်ပျက်၊မှတ်ပျက်နဲ့လာရတယ်၊ ဒီမှတ်ထာလေးပျက်ထာကို သူ့ဟာသူ မသိနိုင်ဘူး၊ ဒါကြောင့် တပေါ်၊တသိ၊တပေါ်၊တမှတ်နဲ့ မဂ်မကျနိုင် ဒါဖြင့်အဲဒီ ပထမအသိကလေးဖြစ်ပျက်၊ဖြစ်ပျက်သွားတာ အောက်ဆုံးအသိလာရတယ်နော်....

॥ မှန်ပါဘုရား॥ ॥

အောက်ဆုံးက အသိက ဘာကိုသိသလဲ ပထမအသိကလေးဖြစ်ထာ၊ပျက်ထာကို သိတယ်၊ ပထမအသိက ဘာသိသလဲ ပေါ်တဲ့နာမ်ရုပ်သိတယ်၊ အဆင့်ဆင့်ပေါ်တဲ့ နာမ်ရုပ်ကြောင့်နာမ်ဖြစ်တယ်နော်....

॥ မှန်ပါဘုရား॥ ॥

ပထမအသိကလေးက အကြောင်း၊ ဒုတိယအသိကလေးက အကျိုး၊ခေါ်တယ်၊ ပထမနာမ်ကြောင့် ဒုတိယ နာမ်ဖြစ်ပေါ်တယ်ခေါ်တယ်၊ ဒုတိယနာမ်က ပထမအသိ ပထမအမှတ်ကလေးဖြစ်ထာ၊ပျက်ထာ၊မသိဘူးလား ?

॥ သိပါတယ်ဘုရား॥ ॥

အဲဒါ-တပေါ်၊နှစ်မှတ်ခေါ်တယ်၊ တပေါ်၊နှစ်သိ၊တပေါ်နှစ်မှတ်နဲ့မှ မဂ်ကျမယ်နော်....

॥ မှန်ပါဘုရား॥ ॥

အဲဒါကလေး မှတ်ထားကြ။ ။

ဥပမာ။ ခန္ဓာထဲမှာ ခေါင်း၌ အပူပေါ်လျှင် ရင်ကမသိဘူး လား ?

။ သိပါတယ်ဘုရား။ ။

အဲဒီအသိကလေးဟာ ဘာကိုသိသလဲ အပူကိုသိတယ်၊ဒီအသိကလေး ဖြစ်ထာ,ပျက်ထာ,ကို အောက်က အသိကလေးတခုလာရတယ်၊ ဒုတိယ အသိလေ ဒုတိယ အသိကလေးက ပထမအသိ,ဖြစ်,ပျက်ကို မသိဘူးလား, ?

။ သိပါတယ်ဘုရား။ ။

ပထမအသိက အပူကို မသိဘူးလား ?

။ သိပါတယ်ဘုရား။ ။

အပူတလုံးကို အသိတလုံးနေမယ်ဆိုလျှင်, တပေါ်, တသိ, တပေါ်,တမှတ်, မင်မကျဘူး အပူကလေးတလုံးကို နှစ်သိနေမယ်, နှစ်မှတ်နေမယ်ဆိုလျှင် အဲဒါ မဂ်ကျတယ်ခေါ်တယ် အားလုံး ရှင်းပလား ?

။ ရှင်းပါပြီဘုရား။ ။

အဲ....အကြောင်းအကျိုး စစ်တော့မယ်။ အောက်ဆုံးက ဒုတိယနာမ်သည် ဘယ်သူ့ကြောင့်ဖြစ်၊ပထမ,နာမ်,ပထမ,အမှတ်ကြောင့်ဖြစ်၊ ပထမ,နာမ်,ပထမ,အမှတ်သည် ဘယ်သူ့ကြောင့်ဖြစ်၊ ပေါ်,တဲ့နာမ်, ရုပ်,ကြောင့်ဖြစ် ဆင့်ကဲ,ဆင့်ကဲ,သွားရတယ် ဒါဖြင့် နာမ်,ဖြစ်ခြင်းအကြောင်းသည် နာမ်ရုပ်လို့ နခမ်းသပ် ပေတော့။

ရှင်းသွားပလား ?

။ ရှင်းပါပြီဘုရား။ ။

ရုပ်ဖြစ်ခြင်းအကြောင်းသည် ဘယ်သူလဲ "ရုပ်"
နာမ် ဖြစ်ခြင်းအကြောင်းသည် ဘယ်သူလဲ"နာမ်ရုပ်"
ဟော....ကောက်ချက်ချ၊ ရုပ်ဖြစ်ခြင်းအကြောင်းသည် ရုပ်၊ နာမ်ဖြစ်ခြင်းအကြောင်းသည် "နာမ်ရုပ်"

ရှင်းသွားပလား ?

။ ရှင်းပါပြီဘုရား။ ။

ကဲ-ဒါဖြင့် အကျိုးသက်သက်ကောက်၊ အကျိုးတရားသည် နာမ်ရုပ် အကြောင်းသည် နာမ်ရုပ်။

အကျိုးတရားကို နာမ်ရုပ်လို့မြင်လျှင် "နာမရူပ ပရိစ္ဆေဒ-ဉာဏ်ပင်"

အကြောင်းတရားကို နာမ်ရုပ်လို့မြင်လျှင် "ပစ္စယပရိဂ္ဂဟ-ဉာဏ်ပင်" ဟော....နာမရူပပရိစ္ဆေဒဉာဏ်လဲ "နာမ်ရုပ်"ဘဲ။
ပစ္စယ ပရိဂ္ဂဟဉာဏ်လဲ "နာမ်ရုပ်"ဘဲ။
သို့သော်....နာမရူပ ပရိစ္ဆေဒဉာဏ်က "အကျိုးနာမ်ရုပ်" ပစ္စယပရိဂ္ဂဟဉာဏ်က "အကြောင်းနာမ်ရုပ်" ရှင်းသွားပလား ?

။ ရှင်းသွားပါပြီဘုရား။ ။

ရှင်းရှင်းလေးမှတ်ထား။ အဲဒါ ဆရာတော်တို့ "ကိုယ်တွေ့ ဉာဏ်မြင်" ခေတ်တရားပြသောကြောင့် တခုစီ အကြောင်းအကျိုးရှင်းတာ ခေါ်တယ် နော်....။

။ မှန်ပါဘုရား။ ။

တခုစီမဟုတ်ပါဘဲနဲ့ လုံးပြီးတော့ အကြောင်းအကျိုးဆို လျှင် လွယ်တယ်၊ လွယ်ပုံမနေ့ကတုံးက နာမရူပ ပရိစ္ဆေဒဥာဏ် နာမ်ရုပ်လို့ မပိုင်ခဲ့ဘူးလား ?

။ ပိုင်ခဲ့ပါတယ်ဘုရား။ ။

အားလုံး သတ္တလောကလဲ နာမ်ရုပ်ဘဲရှိတယ်၊ ဩကာသ-လောကလဲ နာမ်ရုပ်ဘဲရှိတယ်၊ သင်္ခါရလောကလဲ နာမ်ရုပ်ဘဲရှိ တာဘဲ၊ နာမ်ရုပ်မှတပါး ငါရှိသေးသလား ?

။ မရှိပါဘုရား။ ။

အသား့အရေ့အကြော ?

။ မရှိပါဘုရား။ ။

ခေါင်း့ကိုယ့်ခြေလက် ?

။ မရှိပါဘုရား။ ။

ယောကျ်ား မိန်းမစသည် ?

။ မရှိပါဘုရား။ ။

ဩကာသလောက ဘုံဗိမာန်တွေ ?

။ မရှိပါဘုရား။ ။

အဝတ်တို့ အစားတို့အနေအထိုင် အသုံးအဆောင်တို့ ?

။ မရှိပါဘုရား။ ။

ဘယ်ဟာသာရှိသလဲ ?

။ နာမ့်ရုပ် နှစ်ပါးသာ ရှိပါတယ်ဘုရား။ ။

အဲဒါ လွယ်တာပေါ့ နာမ်ရုပ်ဘဲရှိသောကြောင့် အကြောင်း တရားဟာလဲ နာမ်ရုပ်ပေါ့ အကျိုးတရားဟာလဲ နာမ်ရုပ်ပေါ့

ဒီထက်ကျဉ်းစရာမရှိတော့ဘူး၊ အဲဒါနောက်ပိတ်ဆုံးမှာ နာမ်ရုပ်ထဲက မထွက်လို့ရှိလျှင် ဒီဉာဏ်သုံးသပ်ဘို့ မလိုတော့ဘူး။

ဒါကြောင့် နောက်ပိတ်ဆုံး ဝိသုဒ္ဓိမဂ်မှာ "နာမရူပတော ပဝတ္တိဒ္ဓ"လို့ နာမ်ရုပ်ကြောင့်ဖြစ်ဘူးတယ်၊ နာမ်ရုပ်ကြောင့် ယခုဖြစ်နေတယ်၊ နာမ်ရုပ်ကြောင့် နောင်ဖြစ်လိမ့်ဦးမယ်၊ အပေါင်းသုံးသပ်လာတယ် ဟုတ်ကြရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အဲဒါ လိုရင်းဘဲ ဘာမှခွဲခြမ်းစရာ မလိုပါဘူး ရှင်းသွားပြီနော်....?

။ မှန်ပါဘုရား။ ။

ဒါဖြင့် အကြောင်းတရားဟာ နာမ်,ရုပ်, အကျိုးတရားဟာ နာမ်,ရုပ်,လို့သိလျှင် "သံသရာ"ဖေါ်ကြစို့....။

နိရယေ၊ ချမ်းသာမှကင်းသော သံသရာ ဝဋ်ဆင်းရဲထဲ၌။ ဘယသန္တာသံ၊ ကြောက်စရာကောင်းပုံ လန့်စရာကောင်းပုံ ထိတ်စရာကောင်းပုံဆိုတဲ့ ဆိုးကျိုးကို။ ဒဿေတဗ္ဗာနိ၊ မမြင်,မြင်အောင် မထင်,ထင်အောင် ပြအပ် ပြသင့် ပြထိုက်တော့သည်သာလျှင်ကတည်း။ ။

သာဓု။ သာဓု။ သာဓု။

**သံသရာဖေါ်ပြပုံ။**

ရဟန္တာဖြစ်တဲ့ မထေရ်တပါး မိန့်မှာတဲ့စကားကို သံသရာဖေါ်မှရတော့မယ်၊ သံသရာဖေါ်ချင်တယ်ဆိုလျှင် သုံးကြောင်းရေးရတယ်၊ သုံးကြောင်းထားရတယ်၊ သုံးချောင်းမှာဆိုလျှင် အထက်အောက်ကို သုံးကွက် ခပ်ကျဲကျဲဖြတ်ထားရတယ်။

ရှေ့အကွက်က....ရှေ့သံသရာ,
အလယ်ကွက်က....ယခုသံသရာ,
နောင်အကွက်က....နောင်သံသရာ, ကာလသုံးပါး အတွက်ခေါ်တယ်။

အလယ်ကွက်ကလေးရေးမယ် အလယ်ကွက် အလယ်ကွက်ယခုသံသရာ ပစ္စုပ္ပန် သံသရာဘဲနော်....၊ အလယ်ကွက်မှာ အကြောင်းသုံးကြောင်း တွေ့လိမ့်မယ်၊ အပေါ်ကြောင်းက ကြောင်း,ကျိုး,နှစ်လုံးတဲ ရေးထားတယ်၊ အပေါ်ကြောင်းက ဘာရေးထားသလဲ ?

။ ကြောင်း,ကျိုး,ရေးထားပါတယ်ဘုရား။ ။

ကြောင်း,ကျိုး,ခပ်ကျဲကျဲနော်....
အကြောင်းအကျိုးဘဲ....ဒါဘဲအလယ်ကြောင်းမရှိဘူးလား ?

။ ရှိပါတယ်ဘုရား။ ။

အကြောင်းအောက် တည့်တည့် အကြောင်းတရား ဆိုတာဘယ်သူလဲ နာမ်,ရုပ် မဟုတ်လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အဲဒီ အကြောင်းအောက်တည့်တည့် အလယ် ကြောင်း မှာ နာမ်,ရုပ်,လို့ ရေးထားအကျိုးတရားဟာလဲနာမ်ရုပ်မဟုတ်လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အကျိုးအောက်တည့်တည့် အလယ်ကြောင်းမှာလဲ နာမ်ရုပ်လို့ ရေးထားအလယ်ကြောင်းဖတ်စမ်းပါဆိုလျှင် နာမ်,ရုပ်,နာမ်,ရုပ် လေးလုံးထဲခေါ်တယ်၊ အောက်ကြောင်းမရှိဘူးလား ?

။ ရှိပါတယ်ဘုရား။ ။

နာမ်ရုပ်ဆိုလျှင် ကိုယ်တွေ့ ပေါ်သိ ပေါ်လျှင် မသိဘူးလား?

။ သိပါတယ်ဘုရား။ ။

သိလိုက်လျှင် ဘယ့်နယ်နေ ပျက်မသွားဘူးလား?

။ ပျက်သွားပါတယ်ဘုရား။ ။

အမြင်သန့်လျှင် နေရာမရွေ့ နေရာမရွေ့ဘဲနဲ့ ပျက်မယ်ဆိုလျှင် ပျက်တိုလား-ပျက်ရှည်လား?

။ ပျက်တိုပါဘုရား။ ။

ပျက်သွားတာတိုတိုလေးခေါ်တယ်နော်....?

။ မှန်ပါဘုရား။ ။

ဆရာတော်က စကားနဲ့ ပေါ်လွှင်အောင် သုံးတတ်တယ် ပျက်တိုသလား ပျက်ရှည်လား?

။ ပျက်တိုပါဘုရား။ ။

ပျက်တိုဆိုလျှင် မြန်သလား နှေးသလား?

။ မြန်ပါတယ်ဘုရား။ ။

လှစ်ခနဲဆိုဘယ်ရောက်သွား?

။ ပျက်သွားပါတယ်ဘုရား။ ။

ဒိတ်ခနဲဆို ဘယ်ရောက်သွား?

။ ပျက်သွားပါတယ်ဘုရား။ ။

စစ်ခနဲဆိုဘယ်ရောက်သွား?

။ ပျက်သွားပါတယ်ဘုရား။ ။

အင်မတန်မြန်တယ် ခေါ်တယ် နေရာမရွေ့ဘဲနဲ့ ပျက်တယ် ဆိုလျှင် လျှပ်တလက်မကမြန်တယ် လျှပ်စီးလက်ထာ အရောင်ကြီးတယ်လဲပြေးတယ် တောင်ဘက်ကနေပြီးတော့ ဝင်းကနဲ ပြေးသွားလိုက်ထာ, မြောက်ဘက်ကျမှ လက်ခနဲပျက်သွားတယ် အင်မတန်မြန်တယ်ခေါ်တယ်၊ ဒါ-ယော်ဂီအသိပြောတာ၊ ဘုရားရှင်ဉာဏ်တော်အရဆိုလျှင် ပြောလို့မရတော့ဘူး၊ မျက်စေ့တမှိတ်လျှပ်တပျက်မှာ "နာမ်ပေါင်း ကုဋေတသိန်းမက ပြောင်းလဲသည်" "ရုပ်ပေါင်း ကုဋေငါးထောင်ကျော်မက ပြောင်းလဲသည်" ရှေဉာဏ်တော်အရာ၊ မိမိကဒီလိုရေတွက်နိုင်တာ မဟုတ်ဘူး၊ သို့သော် လျှပ်စီးလက်သည်ထက် မြန်တယ်လို့ဆိုတာတော့ ဆုံးဖြတ်နိုင်တယ်။

သဘောကျရဲ့လား ?

။ ကျပါပြီဘုရား။ ။

ဒါဖြင့်.... နာမ်ရုပ်မှန်လျှင် ဖြစ်ပျက်ပါလာတယ် ဒါဖြင့် အောက်ကြောင်းရေ နာမ်ရုပ်အောက်တည့်တည့်, ဖြစ်,ပျက်, အကျိုးနာမ်ရုပ် အောက်တည့်တည့်လဲ ဖြစ်ပျက်ခေါ်တယ်၊ အောက်ကြောင်းဖတ်စမ်းပါဆိုလျှင် ဖြစ်,ပျက်, ဖြစ်,ပျက်,လေးလုံး-ဟော-ရေးပုံရှင်းသွားပြီ ပြန်မေးဦးမယ်။

အပေါ်ကြောင်းက ဘာရေးထား ?

။ ကြောင်း,ကျိုးရေးထားပါဘုရား။ ။

ကြောင်းကျိုးနှစ်လုံးထဲ အလယ်ကြောင်းက ဘာရေးထား ?

။ နာမ်,ရုပ်, နာမ်,ရုပ်,ပါဘုရား။ ။

နာမ်,ရုပ်,နာမ်,ရုပ်, လေးလုံးအောက်တန်းက ဘာရေးထား?

။ ဖြစ်,ပျက်,ဖြစ်,ပျက်,ပါဘုရား။ ။

ဖြစ်,ပျက်,ဖြစ်,ပျက်, လေးလုံးနော်.... သူ့အကွက်ကျပစေ။ အကြောင်းဆိုတာ နာမ်ရုပ်ဖြစ်ပျက်ပါ၊ အကျိုးဆိုတာ နာမ်ရုပ်ဖြစ်ပျက်ပါ။

ရှင်းသွားပလား ?

။ ရှင်းသွားပါပြီဘုရား။ ။

ကိုယ်တွေနဲ့ပြောလျှင် အကြောင်းဆိုတာလဲ ပေါ်,သိ,ပျက်ပါ၊ အကျိုးဆိုတာလဲ ပေါ်,သိပျက်ပါ၊ သိပ်ရှင်းတာဘဲနော်။

။ မှန်ပါဘုရား။ ။

**ဒိဋ္ဌိသုံးမျိုး အကြိယဒိဋ္ဌိမှကင်းပုံ။**

အဲ....အပေါ်ကြောင်းကလေး ပြောကြစို့ အကြောင်းမတွေ့ဘူးလား ?

။ တွေ့ပါတယ်ဘုရား။ ။

အကြောင်း,တွေ့လျှင် ရှိ,မရှိ ?

။ ရှိပါတယ်ဘုရား။ ။

ရှိတယ်ခေါ်တယ်။ အကြောင်းရှိတယ်လို့ ယူမယ်ဆိုလျှင် အကြောင်းမရှိဘူးဆိုတဲ့ အကြိယဒိဋ္ဌိ,အယူကြီးမှ ကင်းဝေးပြီးတော့ သွားပါသည်။

အကြိယဒိဋ္ဌိ,ဆိုတာ ကုသိုလ်ဘဲလုပ်လုပ်၊ အကုသိုလ်ဘဲ လုပ်လုပ် အကြောင်းဆိုတာ မရှိဘူးလို့, ယူတဲ့အယူမှားခေါ်တယ်။

ဘာဒိဋ္ဌိ?

။ အကြိယဒိဋ္ဌိပါဘုရား။ ။

အကြိယဒိဋ္ဌိ၊ အဲဒီ အကြိယဒိဋ္ဌိအယူကြီးမှ ကင်းဝေးပြီးတော့ သွားပြီ အကြောင်းရှိတယ်လို့ တွေ့လို့တဲ့။

**နတ္ထိကဒိဋ္ဌိမှကင်းပုံ။**

အကျိုးကောတွေ့ရဲ့လား ?

။ တွေ့ပါတယ်ဘုရား။ ။

အကျိုးဆိုတာ ရှိ,မရှိ ?

။ ရှိပါတယ်ဘုရား။ ။

အကျိုးရှိတယ်လို့ယူလျှင် အကျိုးမရှိဘူးဆိုတဲ့ "နတ္ထိကဒိဋ္ဌိ" အယူကြီးမှလဲ ကင်းဝေးပြီးတော့ သွားပါသည်။

ကုသိုလ်ဘဲလုပ်လုပ်၊ အကုသိုလ်ဘဲလုပ်လုပ်၊ ကုသိုလ်လုပ်လျှင် ကုသိုလ်အကျိုး ခံစားရတယ်ဆိုတာ အလကားပြောတာ၊ အကုသိုလ်လုပ်လျှင် အကုသိုလ်အကျိုး ခံစားရတယ် ဆိုတာ အလကားပြောတာ၊ နောက်ဘဝမှာဆိုလျှင် ကုသိုလ်၏ အကျိုးဆိုတာ နတ်တွေ,လူတွေ,ဗြဟ္မာတွေ ရှိတယ်ဆိုတာ အလကားပြောတာ၊ အကုသိုလ်အကျိုးပေးသည်ဆိုတာ အပါယ်လေးပါး ရှိတယ်ဆိုတာ အလကားပြောတာ နောက်ဘဝ တကယ်မရှိဘူး ယူပုံ-ယူပုံ။

အဲဒီလို တကယ်မရှိသောကြောင့် ကုသိုလ်လုပ်ပေးမယ်လို့ ကုသိုလ်အကျိုးမခံစားရ အကုသိုလ်လုပ်ပေမယ်လို့ အကုသိုလ် အကျိုးမခံစားရ၊ အကျိုးလဲရှိတာမဟုတ်ဘူးလို့ အကျိုးတရားကို

မရှိဘူးလို့ ယူတဲ့ "နတ္ထိကဒိဋ္ဌိ"အယူကြီးမှလဲ ကင်းဝေးပြီးတော့ သွားပါသည်။

ရှင်းသွားပလား ?

॥ ရှင်းပါပြီဘုရား॥ ॥

**အဟေတုကဒိဋ္ဌိမှကင်းပုံ။**

အကြောင်းနဲ့ အကျိုး, နှစ်ခုတွေ့ရဲ့လား ?

॥ တွေ့ပါတယ်ဘုရား॥ ॥

အကြောင်းရှိလျှင် အကျိုးရှိလိမ့်မယ် ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

အဲဒီလို အကြောင်းရှိလျှင် အကျိုးထင်လိမ့်မယ်၊ အကြောင်းလဲရှိတယ်, အကျိုးလဲရှိတယ်ဆိုတဲ့ အယူမှန်ကြီးကို ယူကြမယ်ဆိုလျှင် အကြောင်းလဲမရှိ အကျိုးလဲမရှိဘူးဆိုတဲ့ "အဟေတုကဒိဋ္ဌိ" အယူကြီးမှလဲ ကင်းဝေးပြီးတော့ သွားပါသည်၊ ဟော.... အကြောင်း,အကျိုး နှစ်ခုလုံးပယ်မြစ်သည်။

ဟယ်....ကုသိုလ် အကုသိုလ်ဆိုတာ ဘယ်ရှိမလဲကွယ်၊ လုပ်ချင်တဲ့အလုပ်ကိုလုပ်ပါ အကုသိုလ်လုပ်မယ်ဆိုလို့ ရှိလျှင် အကုသိုလ်ကံကလေး သတ္တိကျန်ရစ်ခဲ့တယ်ဆိုတာမင်းတို့မြင်ရဲ့လား၊ ကုသိုလ်လုပ်လျှင် ကုသိုလ်ကံကလေး သတ္တိကျန်ရစ်ခဲ့တယ်ဆိုတာ မင်းတို့မြင်ရဲ့လား၊ သတ္တိကံကလေးကျန်ရစ်ခဲ့တယ်ဆိုတာ မင်းတို့မြင်မှမမြင်ဘဲ ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

အဲဒီလို ပေါ့ပေါ့မယူနဲ့ အကြောင်းမရှိဘူး၊ အကြောင်းမရှိဘူးဆိုတာ ပေါ့ပေါ့လာတယ်၊ စင်စစ် သူတို့ပြောလိုက်ထာက ဟော့....ကုသိုလ်လုပ်လျှင်ဒီကုသိုလ်လေးပျက်သွားတော့ စေတနာသတ္တိကံကလေး နာမ်မှာကျန်ရစ်တယ်ဆိုတာ ဒါအလကားပြောတာ အကုသိုလ်စေတနာပျက်သွားလျှင် သတ္တိကံကလေး နာမ်အစဉ်မှာ ကျန်တယ်ဆိုတာ ဒါအလကားပြောတာ ဟို.... "နာနက္ခဏိက ကမ္မပစ္စည်း"ကို ပယ်ချလိုက်ထာခေါ်တယ်။

ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အဲဒီထိအောင် သူတို့ယူကြ သူတို့မြင်ပမလား ?

။ မမြင်ပါဘုရား။ ။

မမြင်ဘူး....ရွှေဉာဏ်တော်အရာမမြင်ဘူး, ရွှေဉာဏ်တော်အရာမမြင်သော်လဲဘဲ, ကဲ....အမေမွေးကော အမိဝမ်းတွင်းမှာဆိုလို့ရှိလျှင် အမွှာပူးကလေးနှစ်ယောက် မရှိဘူးလား ?

။ ရှိပါတယ်ဘုရား။ ။

အဲဒီ အမွှာပူးကလေးနှစ်ယောက်ဟာ, ယောကျ်ားခြင်းလဲရှိတယ်၊ မိန်းမခြင်းလဲရှိတယ်၊ တချို့ဟာဖြင့် ယောကျ်ားနှင့် မိန်းခလေး အမွှားပူးရှိတယ်၊ အဲဒီလိုမွေးလာတာ ရုပ်ခြင်းကော တူရဲ့လား ?

။ မတူပါဘုရား။ ။

ရုပ်ခြင်းပင်တူသော်လဲ, ဉာဏ်ခြင်းကောတူရဲ့လား ?

။ မတူပါဘုရား။ ။

အဆင်းခြင်းကောတူရှဲ့လား ?

॥ မတူပါဘုရား॥ ॥

အမူအရာခြင်းကောတူရဲ့လား ?

မတူပါဘုရား॥ ॥

အဲဒါ ဘယ်သူကဖန်ဆင်းသလဲ, အဖေကလဲဘဲ, အဖေကလဲဘဲ, သားချော,သားလှ, သမီးချော, သမီးလှ, လိုချင်တာဘဲ, ပညာတတ်ကလေး,အလိမ္မာကလေး လိုချင်တာဘဲ, ရရဲ့လား ?

॥ မရပါဘူးဘုရား॥ ॥

"ကမ္မံ သတ္တေ ဝိဘဇ္ဇတိ ယဒိဒံ ဟိန ပဏီတတာယ" (သုဘသုတ်) မြတ်စွာဘုရားဟောတယ် အယုတ်, အလတ်,တို့ ဆိုတာက "ကံ"သာလျှင် ဝေဖန်တယ်ရှိတယ်တဲ့။

သဘောကျပလား ?

॥ သဘောကျပါပြီဘုရား॥ ॥

အမေက ကောင်းတာလေးဆုတောင်း အဖေကလဲ ငါ့သားလေး ချောချောလေး လှလှလေး မွေးပါစေလို့ မလိုချင်ဘူးလား ?

॥ လိုချင်ပါတယ်ဘုရား॥ ॥

လိုချင်တဲ့အတိုင်း ရရဲ့လား ?

॥ မရပါဘုရား॥ ॥

**ကံ,ကဝေဖန်ပုံ။**

အဲဒါ ဘယ်သူကဝေဖန်သလဲ ?

॥ ကံ,ကဝေဖန်ပါတယ်ဘုရား॥ ॥

ကံ့ဆိုတာ ဘယ်လိုနေသလဲဆိုလျှင်,နာမ်အစဉ်မှာ သတ္တိလေး ရှိလာတယ် သဘောကျပလား ?

။ ကျပါတယ်ဘုရား။ ။

ဒီ သတ္တိကလေးတာ သူ့အခါက မလွန်သေးလျှင်, မပြယ်ဘူးနော်....သဘောကျရဲ့လား ?

။ ကျပါပြီဘုရား။ ။

အဲဒါလေး ရှင်းရှင်းမှတ်ထား။ အကြောင်းလဲမရှိ, အကျိုးလဲ မရှိဘူးဆိုတဲ့ အဟောတုကဒိဋ္ဌိ အယူကြီးမှလဲ ကင်းဝေးပြီးတော့ သွားပါသည်။ အဲဒီ အယူကြီးသုံးပါးဟာ "နိယတမိစ္ဆာဒိဋ္ဌိ" အယူကြီးခေါ်တယ်၊ တယ်ကြောက်စရာကောင်းတယ်၊ ကိလေသန္တရာယ် ခေါ်တယ်။

ဒီ အယူတွေများ ယူပြီးတော့နေမယ်ဆိုလျှင် ကမ္ဘာပျက် သော်လဲ မပျက်, ကမ္ဘာပြောင်းခံရတယ်၊ သည့်ပြင်ကမ္ဘာတွေလဲ ပျက်တယ်လို့ဆိုလျှင် ဟော....မပျက်နိုင်တဲ့ ကောင်းကင်ဘုံမှာ ခံရတယ်တဲ့၊ အနန္တရိယကံကြီး ငါးပါးကတော်သေးတယ် ကနေ့ အဖေသတ်, ကနေ့ အဖေသတ်, နက်ဖန်ကာ ကမ္ဘာပျက်မယ်ဆိုလျှင် မခံရဘူး။

ခုန အယူကြီးသုံးပါးက ဒီကမ္ဘာကြီးပျက်လို့ရှိလျှင် မပျက်သော ကမ္ဘာပြောင်းဟာ သည့်ပြင်ကမ္ဘာတွေလဲ ဒီကမ္ဘာနဲ့ အတူတူပျက်တယ်ဆိုလျှင် ကောင်းကင်ပေါ်ခံတဲ့ ဟော ကြောက်စရာမကောင်းဘူးလား ?

။ ကြောက်စရာကောင်းပါတယ်ဘုရား။ ။

ဒီ အယူကြီးတွေဟာ အနစ်နာဆုံးခေါ်တယ် မှတ်ထားကြ နော်....။

။ မှန်ပါဘုရား။ ။

ကဲ....တခါကြည့်အုံး အကြောင်းဆိုတာ ဘယ်သူလဲ ?

။ နာမ်,ရုပ်,ပါဘုရား။ ။

အောက်က နာမ်ရုပ်ပေါ်လာတယ်၊ အကြောင်းဆိုတာ နာမ် ရုပ်လို့ သိမယ်ဆိုလျှင် "ပစ္စယပရိဂ္ဂဟဉာဏ်" ပိုင်ပြီ၊ ဒါဖြင့် နာမ်ရုပ် မှတပါး သည့်ပြင်အကြောင်းတွေ ရှာသေးတယ်၊ ထာဝရဘုရား ဖန်ဆင်းတယ်, မဟာပိန္နဲ,ကဒဲ,စန္ဒ ပရမိဿွာ, အစရှိသော နတ် တွေဖန်ဆင်းတယ်၊ ဒီလိုအကြောင်းယူလျှင် "ဝိသမဟေတုက ဒိဋ္ဌိ"။

ဝိသမ။ ။မဟုတ်မမှန် မတော်မလျော်

ဟေတုက။ ။ဆိုတာ အကြောင်းခေါ်တယ်။

မတော်တဲ့ အကြောင်း, မဟုတ်တဲ့အကြောင်း, မမှန်တဲ့အ ကြောင်းတွေယူထားလျှင် "ဝိသမဟေတုကဒိဋ္ဌိ" ခေါ်တယ်၊

သဘောကျပလား။

။ ကျပါပြီဘုရား။ ။

ရှင်းရှင်းလေးမှတ်ထားကြ။ ဟို...."သီလဗ္ဗတပရာမာသဒိဋ္ဌိ" တိရစ္ဆာန်တို့အလေ့အကျင့် ခွေးလို နွားလို အလေ့အကျင့်မှ သံသရာကထွက်မြောက်မယ် မဂ်,ဖိုလ်,နိဗ္ဗာန်ရမယ်လို့ ယူတဲ့ အယူ ဟာ မှန်လား မှားလား ?

။ မှားပါတယ်ဘုရား။ ။

အဲဒါ အယူမှားတွေလဲ ပျောက်သွားတာဘဲနော် ။

။ မှန်ပါဘုရား။ ။

"ပဋိဃ" အကျင့်ကိလေသာဆိုတာ သူတို့က အရည်ထင်တယ်၊ အရည်ထင်သောကြောင့် မီးငါးဖိုနဲ့ ဖိုပြီးတော့ ထိုင်နေမယ်ဆိုလျှင် ဒီအရည်တွေခမ်းလျှင် ရဟန္တာဖြစ်သွားတယ်၊ အဲဒီလို အကြောင်းမှားတွေလဲ ပျောက်မသွားဘူးလား ?

။ ပျောက်သွားပါတယ်ဘုရား။ ။

အကြောင်းမှားတွေလဲ ပျောက်သွားဒါဘဲ နောက်ပြီးတော့ ဆိုလျှင်လဲဘဲ ရေရှုတယ်, ရေငုတ်တယ်, ရေဖြန်းတယ်, အဲဒီဝတ္ထုကြောင်းရှိတယ် မှတ်သားကြပေတော့။

**မှတ်သားစရာပြသာဓက။**

အနာထပိဏ်သူဌေး၏ အိမ်မှာဆိုလို့ရှိလျှင် ကျွန်ပေါင်း ကိုးဆယ့်ကိုးယောက်ရှိတယ်၊ အဲဒီ ကိုးဆယ့်ကိုးယောက်ထဲမှာ ကျွန်မတယောက်က မွေးဖွားတဲ့ သဘောက်မလေးတယောက်ခေါ်တယ်၊ ကျွန်က ကိုးဆယ့်ကိုးယောက် သဘောက်မလေးက တယောက်ဆိုတော့ ဘယ်လောက်ရှိသွားသလဲ ?

။ ဆယ်ယောက်ပါဘုရား။ ။

ဟင်း....တရာလေ ?

။ တရာပါဘုရား။ ။

ကျွန်ပေါင်းတရာပြည့်တော့ အဲဒီ သဘောက်မလေးကို "ပုဏ္ဏိကာ"တဲ့ နာမည်မှည့်ထားတယ်၊ သဘောက်မလေးနော် သဘောက်မလေးဖြစ်သော်လဲဘဲ ပညာကတော့ ရင့်သန်တယ်

ခေါ်တယ်၊ အဲဒီ ပုဏ္ဏကာဆိုတဲ့ သဘောက်မကလေးတယောက် သည် နံနက်စောစော ဂင်္ဂါမြစ်ကမ်းမှာ အမြဲတမ်း ရေသွားခပ်ရ ပါသတဲ့ နံနက်တိုင်း နံနက်တိုင်း ရေသွားခပ်သောအခါဝယ် "ဇာနုသောဏိ"မည်သော ပုဏ္ဏားတယောက်ကလဲ နံနက်စော စော အမြဲတန်း အဲဒီ ဂင်္ဂါမြစ်ကမ်း ရေသွားငုတ်, ရေဖြန်း, ရေချိုး,ရေပက်,ရေသောက် ဒီလိုအလုပ်မျိုးလုပ်နေတာဘဲ ဒါနဲ့ မျက်နှာခြင်းဆိုမိတာများတော့ လူခြင်းခင်တဲ့သဘောနဲ့ ပုဏ္ဏ-ကာက မေးလိုက်တယ်။

အသင်ပုဏ္ဏား အသင်ပုဏ္ဏားတို့က ကိုယ့်ကိုယ်ကို ကိုယ်ပိုင် ပါလျက်နဲ့ နံနက်စောစော ဆောင်းရာသီ အင်မတန်ချမ်းတဲ့ အချိန်မှာ ယခုလို ရေလာငုတ်ထာ, ရေလာဖြန်းတာ,ရေလာချိုး တာ, ရေလာပက်ထာ, ရေလာသောက်ထာ, ဘာဖြစ်လို့လဲ ဘယ်လိုအကြောင်းကြောင့် လုပ်ပါသလဲလို့ ဒီလိုမေးတော့။

ပုဏ္ဏားကပြန်ဖြေလိုက်တယ်၊အသင် သတို့သမီးကလေး အသင် သတို့သမီးကလေးက ငယ်ငယ်ကလေးကို အကြောင်းမသိရှာဘူး၊ ရေချိုးလျှင်,ရေငုတ်လျှင်, ရေဖြန်းလျှင်, အကုသိုလ်တွေပျောက် တယ်, သတို့သမီးကလေးရဲ့ ဒါကြောင့်မို့ နံနက်စောစောမှာ ရေလာချိုးတယ်, ရေလာဖြန်းတယ်, ရေလာစိမ့်တယ်လို့ အဲဒီလို ပြောလိုက်တယ်။

ဒီလိုပြောလိုက်တော့ သတို့သမီးကလေးက ပညာရှိတယ်၊ အော်....ပုဏ္ဏားကြီးကလဲ ဘာမှန်းမှမသိဘူး "အဇာနန္တသ" ဇေါ်တယ်၊ ပြောတဲ့လူကလဲ ရေချိုးလျှင် အကုသိုလ် ပျောက်

တယ်၊ ရေငုတ်လျှင်၊ ရေဖြန်းလျှင်၊ အကုသိုလ်ပျောက်တယ်ဆိုတဲ့ လူကလဲ သူ့ကိုယ်သူ လူသိကြီးဘဲလို့ ဒီလိုပြောတာ။

ပုဏ္ဏိကာ ကောက်ချက်ချ ပုဏ္ဏားကိုတရားပြပုံ။ ။အသင်ပုဏ္ဏား ဒီလိုဘယ်ဟုတ်မလဲ ရေချိုးလျှင်အကုသိုလ်ပျောက်တယ်၊ ရေဖြန်းလျှင် အကုသိုလ်ပျောက်တယ်လို့ တကယ်ဆိုလျှင် တရားဟောပြီး ကောက်ချက်ချတော့မယ်။

အကုသိုလ်ပျောက်တယ်လို့ဆိုလျှင် ကုသိုလ်လုပ်တဲ့ ပုဂ္ဂိုလ်တို့လဲဘဲ ရေချိုးလျှင်၊ ရေဖြန်းလျှင်၊ ရေငုတ်လျှင်၊ ကုသိုလ်တွေပျောက်ကုန်တော့မှာပေါ့ အရှင်ပုဏ္ဏား၊ တပြစ်ကောက်လိုက်ပြီ။ အကုသိုလ်လုပ်ပြီးရေချိုးလျှင် ရေထဲမျောတယ်ဆိုလျှင်၊ ကုသိုလ်လုပ်ပြီးသားပုဂ္ဂိုလ်တွေ ရေမချိုးနဲ့တော့ သမထပွားများလျှင် ရေမချိုးနဲ့တော့။

ဒါဖြင့် ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ်တွေဟာ ရေနှစ်ကြိမ်ချိုးဘို့တောင် မပေးတော့ဘူး ဘာဖြစ်လို့လဲဆိုလျှင်၊ ဝိပဿနာပွားတဲ့ ကုသိုလ်တွေဟာ ရေးချိုးလို့ရှိလျှင် ဘာဖြစ်သွား ?

။ ပျောက်သွားပါတယ်ဘုရား။ ။

ရေထဲပါကုန်တော့မှာပေါ့ တယ်တော်တဲ့ သတို့သမီးကလေးနော်....။

။ မှန်ပါဘုရား။ ။

အသင်ပုဏ္ဏား ရေချိုးလို့ ရေမျောလို့၊ ရေစိမ်လို့၊ အကုသိုလ်ပျောက်ရိုးမှန်လျှင် ကုသိုလ်လုပ်တဲ့လူတွေလဲ ရေချိုးလျှင်၊ ရေမျောလျှင်၊ ရေငုတ်လျှင်၊ ကုသိုလ်တွေ ပျောက်ကုန်တော့မှာပေါ့ အရှင်ပုဏ္ဏားလို့ တပြစ်ကောက်လိုက်တယ်။

အရှင်ပုဏ္ဏား ရေချိုးလို့ အကုသိုလ်ပျောက်တယ်ဆိုလျှင် ရေထဲမှာနေကြတဲ့ ငါး,မကန်း,လိပ်,တွေလဲဘဲ အမြဲတန်း အကုသိုလ်ပျောက်ပြီးသကာလ၊ ငါးတွေသေတဲ့အခါမှာဆိုလျှင် နတ်ပြည်ကြီးဘဲ အမြဲတန်း ရောက်ကုန်တော့မှာပေါ့ အရှင်ပုဏ္ဏား တယ်တော်တာဘဲ။

ရေထဲနေတဲ့ ငါးတွေ,မကန်းတွေ, လိပ်တွေ,ဟာ အကုသိုလ်ချိုရဲ့လား ?

။ ရှိပါတယ်ဘုရား။ ။

အမြဲတန်း သူ့လိုရေချိုးလျှင် ပျောက်မယ်ဆိုလျှင် သူ အမြဲတန်း ရေချိုးနေတာဘဲ ရေထဲက တက်ကိုမတက်ဘူး ဟင်....။

။ မှန်ပါဘုရား။ ။

ဒီတော့ ရေသတ္တဝါတွေလဲဘဲ အကုသိုလ်မရှိဘူးလို့ ယူရာကျတော့မယ်၊ အသင်ပုဏ္ဏား ဒီတင်မကသေးပါဘူး၊ ရေချိုးလို့ အကုသိုလ်ပျောက်ရိုးမှန်ခဲ့လျှင် မုဆိုးလုပ်ပြီးသားပုဂ္ဂိုလ်, တံငါလုပ်ပြီးသားပုဂ္ဂိုလ်, သူခိုးခားပြလုပ်ပြီးသားပုဂ္ဂိုလ်, အဲဒီ အကုသိုလ်ကံတွေကင်းအောင် ရေဆင်းချိုးမယ်ဆိုလျှင် မုဆိုးတွေ, တံငါတွေ, သူခိုးခားပြတွေ,လဲဘဲ အကုသိုလ်ပျောက်ပြီးသကာလ အပါယ်မရောက်ပါဘဲနဲ့ လူပြည်,နတ်ပြည်, အကုန်လုံးရောက်ကုန်တော့မှာပေါ့ အရှင်ပုဏ္ဏား။

ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

သဘောကျတယ်၊ ပုဏ္ဏားကြီးကလဲ အလွန်တရာသဘောကျသည် ဖြစ်လေသောကြောင့် အင်မတန် လမ်းမှားနေတဲ့ ငါ့ကို

လမ်းလေးဖြောင့်အောင် ဟောဖော်ပြောပြဆုံးမတော်ရပေသည် လို့ ဆရာစားသဘောဖြင့် ဘာမှလဲ ကန်တော့စရာမပါတော့ အပေါ်ရုံပုဆိုးတထည်ကန်တော့ပြီးတော့ သွားပါသတဲ့၊ တယ် မျှားတာဘဲ တယ်ဟုတ်တယ် နော်....။

။ မှန်ပါ့ဘုရား။ ။

ပုဏ္ဏိကာ ဆိုတဲ့ သတို့သမီးကလေးဟာ အဲဒီဘဝတွင်ရဟန္တာမ ဖြစ်တော့မယ်နော်....။

။ မှန်ပါဘုရား။ ။

ပုဏ္ဏိကာထေရ်ရီမတဲ့ တယ်ကောက်ချက်ချတယ်နော်....။

။ မှန်ပါဘုရား။ ။

အကြောင်းတွေဟာ မမှားဘူးလား၊ အကြောင်းတွေဟာ မမှားဘူးလား ?

။ မှားပါတယ်ဘုရား။ ။

ရေချိုးလျှင်, ရေဖြန်းလျှင်, ရေငုတ်လျှင်, အကုသိုလ်များ ပျောက်တယ်ဆိုတာ အကြောင်းတရားနာမ်ရုပ်နဲ့ ကိုက်ရဲ့လား ?

။ မကိုက်ပါဘုရား။ ။

ပျောက်တယ်, ပျောက်တယ်, ဆိုတာ ဆန့်ကျင်ဘက်ဖြစ်မှ ပျောက်ထာမီးပျောက်ချင်လျှင်ရေလာမှ, ရေပျောက်ချင်မီးလာမှ,အပူပျောက်ချင်လျှင် အအေးလာမှ, အအေးပျောက်ချင်လျှင် အပူလာမှ, ဆင်းရဲဒါပျောက်ချင်လျှင် ချမ်းသာဒါလာမှ ချမ်းသာဒါပျောက်ချင်လျှင် ဆင်းရဲဒါလာမှခေါ်တယ်၊ အကုသိုလ်

ပျောက်ချင်တယ်ဆိုလျှင် ကုသိုလ်လာမှရတယ် ဆန့်ကျင်ဘက်မှ ရတယ်၊ မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ရေနဲ့ အကုသိုလ်နဲ့ဟာ မတွဲဘူးလား၊ ရေနဲ့ အကုသိုလ်နဲ့ ဟာ ဆန့်ကျင်ဘက်ဟုတ်ကဲ့လား ?

॥ မဟုတ်ပါဘူးဘုရား॥ ॥

မိတ်ဓါတ်မဟုတ်ဘူး, ရန်ဓါတ်မဟုတ်ဘူး॥

॥ မှန်ပါဘုရား॥ ॥

ဒါကြောင့် စိတ်ညစ်နေတဲ့ ပုဂ္ဂိုလ်တယောက် စိတ်ဆိုးစိတ် ကောက် စိတ်မချမ်းသာနေတဲ့ ပုဂ္ဂိုလ်တယောက် ရေချိုးလျှင် စိတ်ညစ်ထာပျောက်ပါ့မလား ?

॥ မပျောက်ပါဘုရား॥ ॥

ဆန့်ကျင်ဘက်မှမဟုတ်ဘဲ သဘောကျပလား ?

॥ ကျပါပြီဘုရား॥ ॥

ကဲ....ဒါကြောင့် အကြောင်းတရားဟာ နာမ်ရုပ်လို့ ပိုင်ပိုင် ကြီးယူကြ၊ ဒီနေရာကလေး နဲနဲစစ်မယ်၊ အကုသိုလ်ဆိုတာလဲ အကြောင်းနော် ကုသိုလ်ဆိုတာလဲ အကြောင်းနော်....

**ကုသိုလ်-အကုသိုလ်လုပ် နာမ်ရုပ်॥**

ဒါဖြင့် အကုသိုလ် ဘယ်သူလုပ်လဲမေးလျှင် နာမ်ရုပ်လုပ်တယ် မြင်ရတယ်၊ သူများအသက်ကို သတ်ထာလဲ နာမ်ရုပ်၊ ခိုးယူလု ယက် တိုက်ဖျက်ပြီးတော့နေတာလဲ နာမ်ရုပ်နော်....

အကုသိုလ်ဘယ်သူလုပ် ?

॥ နာမ်,ရုပ် လုပ်ပါတယ်ဘုရား॥ ॥

အကုသိုလ်အကျိုး ဘယ်သူခံစားရ ?

॥ နာမ်ရုပ် ခံစားရပါတယ်ဘုရား॥ ॥

အကုသိုလ်ကြောင့် ဘယ်သူအပါယ်ကျ ?

॥ နာမ်ရုပ်ကျပါတယ်ဘုရား॥ ॥

အဲဒါဘဲ....အကြောင်း,အကျိုး မှန်ပေစေနော်....

ကုသိုလ်ပြောမယ် ကုသိုလ်ဘယ်သူလုပ် ?

॥ နာမ်ရုပ်လုပ်ပါတယ်ဘုရား॥ ॥

ကုသိုလ်အကျိုး ဘယ်သူခံစားရ ?

॥ နာမ်ရုပ်ခံစားရပါတယ်ဘုရား॥

အဲဒါကုသိုလ်လုပ်လျှင် နာမ်ရုပ်မြင်အောင်လုပ်ရတယ်၊ အဲဒါ အရေးကြီးတယ်၊ လှူမယ် အလှူလှူမယ် ဒါနပြုမယ်ဆိုလျှင် ဘယ်သူလဲ ?

॥ နာမ်ရုပ်ပါဘုရား॥ ॥

ဟောကြည့်....အလှူလှူတဲ့အခါမှာ နာမ်ရုပ်မြင်အောင် လှူရတယ်၊ ဘာဖြစ်လို့လဲ နာမ်ရုပ်မှတပါး အလှူရှင်မရှိဘူး မြင်တဲ့လူ မနည်းဘူးလား ?

॥ နည်းပါတယ်ဘုရား॥ ॥

အင်မတန်နည်းတယ်၊ လှူဒါကတော့ ဗုဒ္ဓဘာသာတွေဟာ အင်မတန်မစားရလျှင် နေပေစေ၊ မဝတ်ရလျှင် နေပေစေ၊

အင်မတန်လှူတာဘဲ၊ လှူတော့နာမ်ရုပ်မြင်ရဲ့လား အလှူရှင် စစ်စစ်မြင်ရဲ့လားဆိုတော့ သိပ်ကွာတာဘဲ မြင်တဲ့လူ အင်မတန် ရှားတယ်နော်....

ပဋိပတ္တိသာသနာထွန်းလို့ မြင်တဲ့လူက နဲနဲလေးများလာ သေးတာ ပဋိပတ္တိသာသနာ မထွန်းတဲ့အချိန်အခါမှာဆိုလျှင် မမြင်တာချည်းဘဲ များနေတာဘဲ။

မဟုတ်ဘူးလား ။

။ ဟုတ်ပါတယ်ဘုရား။ ။

များနေတယ်ခေါ်တယ် အလှူဘယ်သူလှူ ?

။ နာမ်ရုပ်လှူပါဘုရား။ ။

အလှူအကျိုးဘယ်သူခံစားရ ?

။ နာမ်ရုပ်ခံစားရပါတယ်ဘုရား။ ။

အလှူကြောင့်သူဌေးဖြစ်ထာဘယ်သူလဲ ?

။ နာမ်ရုပ်ပါဘုရား။ ။

ဒါသူ့ဟာသူရှင်းသွားတာဘဲ....။

သီလဆောက်တည်တာဘယ်သူလဲ ?

။ နာမ်ရုပ်ပါဘုရား။ ။

သီလဆောက်တည်ခြင်းအကျိုးဘယ်သူခံစား ?

။ နာမ်ရုပ်ခံစားပါဘုရား။ ။

အသက်ဘယ်သူရှည် ?

။ နာမ်ရုပ်ရှည်ပါဘုရား။ ။

ဘေးကင်းရန်ကင်းဘယ်သူကင်း?
။ နှမ်ရုပ်ကင်းပါဘုရား။ ။

ကဲ....သူ့ဟာသူရှင်းသွားတာဘဲ....။

သမထဘယ်သူပွား?
။ နာမ်ရုပ်ပွားပါဘုရား။ ။

ဘုရားဘယ်သူရှိခိုး?
။ နာမ်ရုပ်ရှိခိုးပါဘုရား။ ။

အဲဒါ-လိုတယ်,လိုတယ်, ဘုရားရှိခိုးလျှင် နာမ်ရုပ်မြင်ရတယ်။
ပုတီးဘယ်သူစိပ်?
။ နာမ်ရုပ်စိပ်ပါဘုရား။ ။

အသုဘ,ဘယ်သူပွား?
။ နာမ်ရုပ်ပွားပါဘုရား။ ။

မေတ္တာဘယ်သူပွား?
။ နာမ်,ရုပ်ပွားပါဘုရား။ ။

အဲဒါမြင်ရတယ်ခေါ်တယ်၊ပရမတ်မေတ္တာကလေးကျမှအဲဒါ မြင်ရတယ်ခေါ်တယ် ဒါဖြင့်-

သမထပွားလို့ ဈာန်ဘယ်သူရ?
။ နာမ်,ရုပ်ရပါတယ်ဘုရား။ ။

အဘိဉာဏ်ဘယ်သူရ?
။ နာမ်ရုပ်ရပါတယ်ဘုရား။ ။

ဗြဟ္မာဘယ်သူဖြစ် ?

॥ နာမ်ရုပ်ဖြစ်ပါဘုရား॥ ॥

သူ့ဟာသူရှင်းသွားတာဘဲ ဟော....ကိုယ့်အခါကလေးလာပြီး ဝိပဿနာ ဘယ်သူအားထုတ် ?

॥ နာမ်ရုပ် အားထုတ်ပါဘုရား॥ ॥

အဲဒါမြင်ရမယ် မြင်ရမယ် ဝိပဿနာအားထုတ်တဲ့ပုဂ္ဂိုလ်ဟာယခု ယောဂီ(၃၀၀)ကျော်ရှိတယ်၊ စင်စစ်တော့ ဒီယောဂီ(၃၀၀)ကျော်, အားထုတ်သလား ဘယ်သူအားထုတ်သလဲ ?

॥ နာမ်ရုပ် အားထုတ်ပါဘုရား॥ ॥

**တပေါ်,နှစ်သိ,ရှင်းပြပုံ။**

အဲ....မှတ်ထားကြ နာမ်ရုပ် အားထုတ်တယ်လို့ဆိုတာ တခါရှင်းလိုက်၊ ရုပ်ကအားထုတ်သလား နာမ်က အားထုတ်သလားလို့ တခါဆင့်လိုက်နော်.... ဆင့်လိုက်တော့ ခုနဥစ္စာ-ပေါ်,သိ,သိ,တန်းထား၊ပေါ်ဒါက နာမ်ရုပ် သူကအာရုံခေါ်တယ်၊ပထမအသိကလေးကမှတ်စိတ် ဝိပဿနာဉာဏ်ခေါ်တယ်၊ ပေါ်တဲ့နာမ်ရုပ်ကို ပထမအသိကလေးက မှတ်နေတာဘဲ။

သဘောကျပလား ?

॥ ကျပါပြီဘုရား॥ ॥

ပထမအမှတ်ကလေးဖြစ်ပြီး ပျက်သွားတာကို ဒုတိယ အမှတ်ကလေးက မှတ်မနေဘူးလား ?

॥ မှတ်နေပါတယ်ဘုရား॥ ॥

ဒုတိယအမှတ်ကလေးက ဝိပဿနာခေါ်တယ်၊ ဒါဖြင့် သေသေချာချာမှတ်စမ်း ဝိပဿနာ ဘယ်သူရှုဆိုလျှင်, နာမ်တရားရှု

နာမ်တရားက နှစ်ချက်ရှိတယ်၊ ပထမနာမ်, ဒုတိယနာမ်, နှစ်ခုရှိတယ်။

ပထမနာမ်သည် ပေါ်တဲ့ ရုပ်နာမ်ကိုရှုတယ်။

ဒုတိယနာမ်သည် ပထမနာမ် သိတာကလေး ဖြစ်ပျက်ကိုရှုတယ်။

အဲ....နောက်ပိတ်ဆုံး ချုံးလိုက်တဲ့အခါကျတော့ ဝိပဿနာ အားထုတ်ထာနာမ်တရားသက်သက် ရုပ်မပါဘူးရုပ်ကမှတ်တတ်ရဲ့လား ?

။ မမှတ်တတ်ပါဘုရား။ ။

ရုပ်က အာရုံဆိုသောကြောင့် သူက အမှတ်ခံရတာခေါ်တယ် အားလုံးရှင်းပလား ?

။ ရှင်းပါပြီဘုရား။ ။

ဟို....စာ,မှာဆိုလျှင် ပေါ်တဲ့နာမ်ရုပ်က ဝိပဿနာအာရုံခေါ်တယ်၊ မှတ်တဲ့မှတ်စိတ်တွေက ဝိပဿနာခေါ်တယ်။

ရှင်းသွားပလား ?

။ ရှင်းသွားပါပြီဘုရား။ ။

အဲ-မှတ်ထားကြ။ စစ်စစ်,စစ်စစ်, ကဲ....ဒါဖြင့် ဝိပဿနာ အားထုတ်တယ်ဆိုတာ နာမ်တရားခေါ်တယ်၊ အဲဒီနာမ်တရားက မှတ်မှတ်,မှတ်မှတ်,ပြီးတော့နေတာ အားထုတ်တယ်ခေါ်တယ်၊

နာမ်ကရားမှတ်လို့ ကလျာဏ ပုထုဇဉ်ဖြစ်လျှင် နာမ်ရုပ်ဘဲ၊

စူဠသောတာပန်ဖြစ်လျှင်-နာမ်ရုပ်ဘဲ၊

အာရဒ္ဓဝိပဿကပုဂ္ဂိုလ်ဖြစ်လျှင်-နာမ်ရုပ်ဘဲ၊

သောတာပန် သကဒါဂါမ်ဖြစ်လျှင်-နာမ်ရုပ်ဘဲ၊

အနာဂါမ်-ရဟန္တာဖြစ်လျှင်-နာမ်ရုပ်ဘဲ၊

ပရိနိဗ္ဗာန်စံလျှင်-နာမ်ရုပ်ဘဲ၊

နာမ်နဲ့ရုပ်နဲ့ပြိုင်တူချုပ်သွားပြီး နိဗ္ဗာန်ဝင်လျှင် နာမ်ရုပ်ချုပ်ငြိမ်းပြီး နာမ်-ရုပ် မရှိတော့ဘူး။

ဒီ-သခ်တနယ်ထဲက နာမ်ရုပ်လဲ ဒီဘက်ကမ်းမှာ ချုပ်ငြိမ်း နိဗ္ဗာန်တဘက်ကမ်းမှာ နာမ်ရုပ်ကလုံးလုံးမရှိတော့ဘူး၊အဟောင်း ရုပ်နာမ် ဒီဘက်ကမ်းမှာချုပ်ငြိမ်း အသစ်ရုပ်နာမ် မပေါ်ကိန်း ဖြင့်, နာမ်ဇာတ်, ရုပ်ဇာတ်, လုံးလုံးသိမ်းသွားဒါ နိဗ္ဗာန်ဝင်တဲ့။

ရှင်းသွားပလား ?

"ရှင်းသွားပါပြီဘုရား။ ။

အကြောင်းနဲ့အကျိုး ခွဲလိုက်တယ်၊ ကဲ....လှည့်တော့မယ်, လှည့်တော့မယ်၊ ယခုသက်တန်း (၈၀)တန်းနော်.... (၈၀) တန်းလောက်ဘဲရှိတော့တယ်၊ (၈၀) တန်း ဆိုလျှင် နေရတာ ကလေး, နဲနဲ,ချိန်ကြည့်ရတယ်၊ (၈၀)ကို (၂)ဆတိုး=(၁၆၀) တနှစ်ယုတ်(၁၅၉)နှစ်ဘဲ နေရတယ်၊ သက်တန်း နှစ်ဆပြည့် အောင် မနေရဘူးတဲ့ (ဋီကာကျော်မှာကိုးထားတယ်)

"ဒုတိယံ ဝဿသတံ န ပါပုဏာတိ"တဲ့ ဟော—အနှစ်(၁၀၀) တန်းမှာ (၂၀၀)ပြည့်အောင် မရောက်ဘူးတဲ့။

သဘောကျရဲ့လား ?

။ သဘောကျပါဘုရား။ ။

ဒါဖြင့် (၇၀)တန်းမှာ အလွန်ဆုံး ဘယ်လောက်ထိအောင် နေရမလဲ (၁၅၉) တွေ့ဘူးရဲ့လား (၁၅၉)နှစ်နေရတဲ့ ပုဂ္ဂိုလ် တွေ့ဘူးရဲ့လား ?

॥ မတွေ့ဘူးပါဘုရား॥ ॥

အင်မတန်မှရှားတယ် ရှာမှရှားတယ်ခေါ်တယ်၊ ကဲ....အသက် ရှစ်ဆယ်တန်းမှာ (၄၀)လောက်ရှိတဲ့ လူကြီးတယောက် သူက တကယ်ဉာဏ်ထက်ထာဘဲ အရိပ်ပြ အကောင်ထင်တယ်ခေါ်တယ် လာပြီးတော့ အားထုတ်တဲ့အချိန်ကလေးမှာ ခန္ဓာထဲ၌ ရိပ်ရိပ်, ရိပ်ရိပ်,ရိပ်ရိပ်,ရိပ်ရိပ်, ဖြတ်ဖြတ်,ဖြတ်ဖြတ်, ဖြတ်ဖြတ်,ဖြတ်ဖြတ်, လှုပ်လှုပ်, လှုပ်လှုပ်, ဆပ်ဆပ်, ဆပ်ဆပ်, ဆပ်ဆပ်,ဆပ်ဆပ် စသည် တို့ဖြင့်, ဖြစ်,ပျက်,တွေ့ သူမြင်ကော ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ပျက်ထာလဲမစဲ တသဲသဲ ဖြစ်ထာလဲမစဲ တသဲသဲ မြင်ရော အပျက်ကို မြင်မယ်ဆိုလျှင် အတိတ်ကိုပြန်မြင်တတ်တယ် အဖြစ် ကိုမြင်မယ်ဆိုလျှင် အနာဂါတ်ကို ကြိုတင်မြင်တတ်တယ်။

ကဲ....အသက်(၄၀)မှာ အဟောင်းပျက် အသစ်ဆက်, အဟောင်းပျက်အသစ်ဆက်, ပျက်မစဲတသဲသဲ,မြင်ရော၊ ကဲ....မြင် တော့ နောက်ကို ပြန်ဆုံးဖြတ်တော့မယ် (၃၀-၂၀-၁၀) မွေးမွေးခြင်းဖြစ်ပျက်လို့ မဆုံးဖြတ်ဘူးလား၊ ဖြစ်ပျက်ကို မဆုံး ဖြတ်နိုင်ဘူးလား ?

॥ ဆုံးဖြတ်နိုင်ပါတယ်ဘုရား॥ ॥

(၄၀)မှာ ဖြစ်ပျက်မြင်လျှင် မွေးသည့်အထိ ဖြစ်ပျက်လို့ မဆုံးဖြတ်နိုင်ဘူးလား ?

။ ဆုံးဖြတ်နိုင်ပါတယ်ရာရား။ ။

အမိဝမ်းတွင်း ရေကြည်တည်စကနေပြီးတော့ ကိုးလလွယ် ဆယ်လမွေးသည့်အထိ ဖြစ်ပျက်လို့ မဆုံးဖြတ်နိုင်ဘူးလား ?

။ ဆုံးဖြတ်နိုင်ပါတယ်ဘုရား။ ။

ကဲ....ဒါဖြင့် တဘဝအတွက်, ရှေ့အကွက်နော် အောက် ကြောင်း ဖြစ်,ပျက်,ဖြစ်ပျက်,လို့ လေးလုံးထဲရေးထား၊ ဟော... ဖြစ်ပျက်ဆိုလျှင် အလယ်ကသိပြီ နာမ်,ရုပ်,နာမ်,ရုပ်, လေးလုံး အပေါ်တန်းကသိပြီ,ကြောင်း,ကျိုး, နှစ်လုံးထဲ ဒါတဘဝခေါ် တယ်နော်....။

။ မှန်ပါဘုရား။ ။

အင်း....ရေကြည်တည်စက အသက်(၄၀) မပြည့်မခြင်း ဘာတွေဖြစ်ခဲ့သလဲမေးလျှင်....

အပေါ်တန်း....ကြောင်း,ကျိုး,

အလယ်တန်း....နာမ်,ရုပ်,နာမ်,ရုပ်,

အောက်တန်း....ဖြစ်,ပျက်,ဖြစ်,ပျက်,နော်....

။ မှန်ပါဘုရား။ ။

ဒါဘဲခေါ်တယ်၊ အသက် (၄၀) ကျလျှင် ဘာ တွေ လဲ ကြောင်း,ကျိုး,နာမ်,ရုပ်,ဖြစ်,ပျက်,တွေဘဲတဲ့ ရှင်းပလား ?

။ ရှင်းပါဘုရား။ ။

ကဲ....(၄၀)ကနေပြီးတော့ (၈၀)ထိအောင် သူကြိုမြင်လိမ့်မယ်၊ (၄၀)မှာလဲ ဖြစ်လိုက်, ပျက်လိုက်, ဖြစ်လိုက်, ပျက်လိုက်, မစဲတသဲသဲမြင်မယ်ဆိုလျှင် (၅၀-၆၀-၇၀-၈၀) မသေမခြင်း ဖြစ်,ပျက်,ဖြစ်,ပျက်,လို့ မမြင်ဘူးလား ?

॥ မြင်ပါတယ်ဘုရား॥ ॥

ကဲ-ဒါဖြင့် နောင်အကွက် အောက်တန်း, ဖြစ်,ပျက်,ဖြစ်,ပျက်, လေးလုံးရေး၊ ဖြစ်,ပျက်,ဆိုလျှင် နာမ်ရုပ်နော်....အလယ်တန်း နာမ်,ရုပ်,နာမ်,ရုပ်,လေးလုံးရေး၊ အပေါ်တန်း ကြောင်း,ကျိုး, နှစ်လုံးရေး သဘောကျပလား ?

॥ ကျပါပြီဘုရား॥ ॥

ဒါဖြင့်အသက်(၄၀)က အထက် မသေမခြင်း မင်းသန္တာန် ဘာတွေဖြစ်လိမ့်မလဲနော်.... ဒီလိုမေးလျှင် ကြောင်း,ကျိုး,တွေ နာမ်,ရုပ်,တွေ ဖြစ်,ပျက်,တွေ ဖြစ်လိမ့်ဦးမယ်လို့ သေသေချာချာ ဖြေကြ။

ရှင်းသွားပလား ?

॥ ရှင်းသွားပါပြီဘုရား॥ ॥

အဲဒါ....တဘဝခေါ်တယ်၊ တဘဝလုံးလုံး မြင်ပဲစေနော်.... တဘဝလုံးလုံး ဘာတွေလဲ ဆက်။

အပေါ်တန်း ကြောင်းကျိုးချည်းဘဲနော်.... ?

॥ မှန်ပါဘုရား॥ ॥

အလယ်တန်း နာမ်,ရုပ်,နာမ်,ရုပ်, ချည်းဘဲနော်.... ?

॥ မှန်ပါဘုရား॥ ॥

အောက်တန်း ဖြစ်,ပျက်,ဖြစ်,ပျက်, ချည်းဘဲနော်.... ?

॥ မှန်ပါ့ဘုရား॥ ॥

အဲဒီလို တဘဝလုံး ကြည့်လိုက်တော့ အသား,အရေ,အကြော မတွေ့ ပါသေးသလား ?

॥ မပါ,ပါဘုရား॥ ॥

ခေါင်း,ကိုယ်,ခြေ,လက်,စသည် ?

॥ မပါ,ပါဘုရား॥ ॥

ယောကျ်ား, မိန်းမ,စသည် ?

॥ မပါ,ပါဘုရား॥ ॥

အဝတ်တို့,အစားတို့, ?

॥ မပါ,ပါဘုရား॥ ॥

နေထိုင်စရာတို့, ပုတီး,လက်ကောက်တို့ ?

॥ မပါ,ပါဘုရား॥ ॥

ငါတို့,သူတို့ ?

॥ မပါ,ပါဘုရား॥ ॥

အသက်,လိပ်ပြာတို့ ?

॥ မပါ,ပါဘုရား॥ ॥

မပါလျှင် မရှိဘူးလား ရှိသလား ?

॥ မရှိပါ,ဘုရား॥ ॥

မရှိလျှင် အခုမှမရှိတာလား အစကထဲက မရှိတာလား ?

॥ အစကထဲက မရှိပါဘုရား॥ ॥

အစက ဘာတွေရှိသလဲမေးလျှင် ကြောင်း,ကျိုး,နာမ်,ရုပ်, ဖြစ်,ပျက်,ဘဲ ကိုယ်တွေ့နဲ့ ပြောမယ်ဆိုလျှင်, ပေါ်,သိ,ပျက်, ဘဲ။

ရှင်းရှင်းလေးနော်....?
။ မှန်ပါဘုရား။ ။

သဘောကျပလား ?
။ သဘောကျပါဘုရား။ ။

အဲဒါ တဘဝခေါ်တယ် တဘဝ,တဘဝနော်....။
။ မှန်ပါဘုရား။ ။

ဒါ-ဘယ်သူပြောတာလဲ ကိုယ့်ကိုယ်ကို,ကိုယ့်ဉာဏ်နဲ့ကြည့်ဒါ။

ဟာ....ငါ အသားလဲမမြင်တော့ပါ, ခေါင်း,ကိုယ်,ခြေ,လက်, လဲရှိတယ်ထင်တယ် ယခုတော့မမြင်တော့ဘူး, ယောကျ်ား,မိန်းမ, ရှိတယ်၊ သားတွေ သမီးတွေ,မြေးတွေ,မြစ်တွေ, ရှိတယ်ဆိုတာ ယခုလဲ မြင်သေးသလား ?
။ မမြင်တော့ပါဘုရား။ ။

မမြင်တော့ဘူးနော်....?
။ မှန်ပါဘုရား။ ။

ယခု ဘာတွေမြင်သလဲ ကြောင်း,ကျိုး,နာမ်,ရုပ်,ဖြစ်,ပျက်, ဘဲမြင်တယ်၊ ရှေးတုံးကလဲဒါ, ယခုလဲဒါ, နောင်လဲ မသေမခြင်း ဒါတွေချည်းဘဲ။

ရှင်းသွားပလား ?

॥ ရှင်းပါပြီဘုရား॥ ॥

**သဿတ ဥစ္ဆေဒ နှစ်ပါးစင်ပုံ။**

ကဲ-အောက်တန်းကြည့်, အောက်တန်းကြည့်နော်....ရေကြည်တည်စက ဖြစ်,နောက်ပိတ်ဆုံးကြ,ပျက်, ဖြစ်ထာကို လောကစကား 'မွေး' ပျက်သွားဒါကို 'သေ' မွေး,သေ,ဘဲခေါ်တယ်။

အလယ်ခေါင်မှာ ဖြစ်ပျက်,ဖြစ်ပျက် ဖြစ်ပျက်တွေ ဘယ်လောက်များ ?

॥ အများကြီးပါဘုရား॥ ॥

အများကြီးနော်....ဖြစ်ပျက်တခုလျှပ်တလက်,မမြန်ဘူးလား?

॥ မြန်ပါတယ်ဘုရား॥ ॥

အဲဒီ ဖြစ်ပျက်တခု လျှပ်စီးတလက်မကမြန်တယ် မှတ်လှယ်စေခြင်းအကျိုးငှါ တပျက်ကို တစက္ကန့်ထား တမိနစ် ခြောက်ဆယ်, မပျက်ဘူးလား ?

॥ ပျက်ပါတယ်ဘုရား॥ ॥

တနာရီ (၃၆၀၀) မပြောင်းလဲဘူးလား?

॥ ပြောင်းလဲပါတယ်ဘုရား॥ ॥

အဲဒါတဘဝခေါ်တယ်-ရှင်းနော်....ဒါဖြင့် ရေကြည်တည်စကမွေး, နောက်ပိတ်ဆုံးကျသေ, ဒီကြားထဲမှာ မွေး, သေ, မွေး, သေ,ဘယ်လောက်များ?

॥ အများကြီးပါဘုရား॥ ॥

ရေတွက်လို့မရဘူး၊ အဲဒီမှာ ကိုင်ထားကြနော်....ဖြစ်ပြီးလျှင် ဖြစ်တဲ့အတိုင်းတည်မတည်....?

॥ မတည်ပါဘုရား॥ ॥

ဘယ့်နှယ်ဖြစ်သွား ?

॥ ပျက်သွားရပါတယ်ဘုရား॥ ॥

ဟော....ဖြစ်ပြီးပျက်ရတာဘဲ, မွေးပြီးသေရတာဘဲ,အဲဒီ ပျက်သွားဒါကို အပြတ်လို့ယူထားရ ပျက်သွားလျှင်, ပြတ်သွားလျှင်, ဒါ-အာကာသ,အကြား,ခေါ်တယ်၊ ကာလခြား-ကာလခြားကို လောကစကား အပြတ်,ခေါ်တယ်။

ပြတ်ပုံ။ ။ရှေးက ဘင်,နောက်က,ဖြစ်,ခေါ်တယ် ရှေ့က အပျက်,နောက်က အဖြစ်ခေါ်တယ်။

မဟုတ်ဘူးလား?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ရှေ့က အပျက်ဆိုတော့"အတိတ်"နောက်က အဖြစ်ဆိုတော့ "ပစ္စုပ္ပါန်"အတိတ်နဲ့ပစ္စုပ္ပါန်, အဟောင်းနဲ့အသစ်,နဲ့ကြားပြတ် ပြတ်,မသွားဘူးလား ?

॥ ပြတ်သွားပါတယ်ဘုရား॥ ॥

အဲဒါ အပြတ်ခေါ်တယ် တပြိုင်နက်ကို "အကြား" ရှေ့ နောက်ကို"အပြတ်"ဟော....လောကယူတာ ကြိုးလေးတချောင်း ကို လူနှစ်ယောက်ဆွဲ ကြားထဲပြတ်သွား ပြတ်သွားလျှင် နှစ် ချောင်းမဖြစ်ဘူးလား ?

॥ နှစ်ချောင်းဖြစ်သွားပါဘုရား॥ ॥

ဟော....ရှေ့နောက်နှစ်ချောင်း ဖြစ်သွားတာဘဲ အခုလဲ ဒီလို ဘဲ အပြတ်ဆိုတာ ရှေ့-နောက်ခေါ်တယ် ဖြစ်,ပျက်ကို ယူရ တယ်။

ရှင်းသွားပလား ?

။ ရှင်းသွားပါပြီဘုရား။ ။

ဖြစ်ပြီး ပျက်သွားတာမြင်လျှင်, အပြတ်မြင်တယ်ခေါ်တယ် အပြတ်မြင်လျှင် "သဿတဒိဋ္ဌိ"စင် ပျက်တဲ့နေရာမှာ အသစ်ဖြစ် ဖြစ်မလာဘူးလား ?

။ ဖြစ်လာပါတယ်ဘုရား။ ။

အသစ်ဖြစ်လာလျှင်, ဆက်,ပျက်ထာက, ပြတ်, အသစ်ဖြစ် ထာက, ဆက်,ခန္ဓာမှာ ပြတ်,ဆက်,ယောကျ်ား,မိန်းမ,ခန္ဓာ မိမိ ခန္ဓာ, သူ့ခန္ဓာ, ပြတ်,ဆက်,ကြီးဘဲ တပြတ်ကို လျှပ်တလက်မကာ မြန်တယ်၊ အဆက်ကလေးလဲ ဒီအတိုင်းဘဲ။

**ဆောင်။** ။ပြတ်ထာမြင် သဿတဒိဋ္ဌိ စင်၊
ဆက်ထာမြင် ဥစ္ဆေဒဒိဋ္ဌိ စင်၊

ဒီ-ဒိဋ္ဌိ နှစ်ပါးဟာ တယ်ကြောက်စရာကောင်းတာဘဲ ပြတ် ပြတ်သွားဒါမြင်မယ်ဆိုလျှင် သဿတဒိဋ္ဌိ မြဲတယ်ဆိုတဲ့ အယူမှား ရှိသေးသလား ?

။ မရှိပါဘုရား။ ။

ခေါင်းကော မြဲသေးသလား?

။ မမြဲပါဘုရား။ ။

အလယ်ပိုင်း ?

။ မမြဲပါဘုရား။ ။

အောက်ပိုင်း ?

။ မမြဲပါဘုရား။ ။

မြဲတဲ့နေရာကလေး ဘယ်နေရာရှိသေးသလဲ ?

။ မရှိပါဘုရား။ ။

ဘာဖြစ်လို့ ?

။ အပြတ်မြင်လို့ပါဘုရား။ ။

အပြတ်မြင်လို့၊ အပျက်မြင်လို့ ခေါ်တယ်၊ ကိုယ့်ခန္ဓာမမြဲ သျှင် သတ္တဝါကော မြဲတာရှိမရှိ ?

။ မရှိပါဘုရား။ ။

ဘုံသုံးဆယ့်တစ်ကော မြဲတာရှိမရှိ?

။ မရှိပါဘုရား။ ။

သင်္ခါရလောက ရုပ်နာမ်ဓမ္မကော မြဲတာရှိမရှိ ?

။ မရှိပါဘုရား။ ။

ဘာမြင်လို့ ?

။ အပျက်မြင်လို့ပါဘုရား။ ။

ဟော....ရှင်းသွားတာဘဲ။

**ဆောင်။ ။ ဆက်ထာမြင် ဥစ္ဆေဒ,ဒိဋ္ဌိစင်။**

ဥစ္ဆေဒ၊ အဆက်ပြတ်တယ်ခေါ်တယ်။

သေပြီးလျှင် မြေဩဇာဖြစ်တယ်၊ ဘာမှ လူပြန်ဖြစ်ဘို့၊ နတ်ပြန်ဖြစ်ဘို့၊ အပါယ်လေးပါးကျဘို့ဆိုတာ မဟုတ်ဘူး၊ အဆက်ကို ပြတ်သွားပြီတဲ့၊ အဲဒီလို ယူတာခေါ်တယ်၊ သေပြီးလျှင် မွေးတာမတွေ့တော့ အဆက်ပြတ်ထာယူတယ်၊ ခန္ဓာထဲမှာ ပျက်ပြီး

လျှင် ပျက်တဲ့နေရာမှာ အသစ်ဖြစ်ထာ မမြင်တော့ အဆက်ပြတ်တယ် ယူတယ်တဲ့နော်....**?**

॥ မှန်ပါဘုရား॥ ॥

ယခုအဆက်ပြတ်ကဲ့လား **?**

॥ မပြတ်ပါဘုရား॥ ॥

မပြတ်ဘူး ဖြစ်ဖြစ်မလာဘူးလား **?**

॥ လာပါတယ်ဘုရား॥ ॥

အဟောင်းထပ်ဖြစ်သလား၊ အသစ်တွေဖြစ်သလား **?**

॥ အသစ်တွေ ဖြစ်ပါတယ်ဘုရား॥ ॥

ဟော....ရှင်းသွားပြီ

ကဲ....ဒါဖြင့် ဆက်ထာမြင် ဉစ္ဆေဒ ဒိဋ္ဌိစင်တဲ့ ဒိဋ္ဌိနှစ်ပါး သေချာစွာယူကြ။

ယောကျ်ားတွေ သိပ်အရေးကြီးတယ်၊ ဗုဒ္ဓဘာသာ၊ ဘုရားအယူ ယူတဲ့ပုဂ္ဂိုလ်တွေ သိပ်အရေးကြီးတယ် ဘာဖြစ်လို့လဲ, ဗုဒ္ဓဘာသာမှန်လျှင်, သင်္ကန်းဝတ်ကြတယ်, ရှင်သာမဏေ ဝတ်ကြတယ် ရဟန်းခံကြတယ်၊ရှင်သာမဏေမှာ လိင်(၁၀)ပါး၌ "မိစ္ဆာဒိဋ္ဌိကော-ဟောတိ" ပါပြန်တယ်၊ သဿတအယူ, ဉစ္ဆေဒအယူ, ယူမယ်ဆိုလျှင် ဒီသဿတအယူ ဉစ္ဆေဒအယူကို ပျောက်အောင် ခန္ဓာမှာ ကြိုးပြတ်ကလေးတွေဆက်တဲ့ ပုံသဏ္ဌာန် ပြတ်ဆက်မြင်ထားရတယ်၊ ကိုယ်တိုင်မြင်လျှင်, သာကောင်း, ကိုယ်တိုင်မမြင်သော်လဲဘဲ ဆရာသမားပြောတာနဲ့ ယုံကြည်ရတယ်။

ပစ္စက္ခသိဒ္ဓိ=ကိုယ်တိုင်မြင်ခြင်း။

ဩကပ္ပနသိဒ္ဓိ=ကိုယ်မမြင်သော်လဲ, ဆရာသမားပြောတာကို ယုံကြည်ခြင်း ခေါ်တယ်။

ဒါကြောင့် ရှင်လောင်းကလေးတွေ ရဟန်းလောင်းကလေးတွေ၊ ခန္ဓာမှာ-ကြိုးပြတ်ကလေးတွေ ဆက်တဲ့ပုံသဏ္ဍာန်လို့ ပြတ်ဆက်,ပြတ်ဆက်,ပြောထားရတယ်။

နာရီစက်မှာ ဒက်,ဒက်,ဒက်,ဒက် မရှိဘူးလား?

॥ ရှိပါတယ်ဘုရား॥ ॥

နှစ်ဒက် တပြိုင်နက်မြည်သလား, တဒက်ပြီးမှတဒက်, မြည်သလား?

॥ တဒက်ပြီးမှ,တဒက်မြည်ပါတယ်ဘုရား॥ ॥

ရှေ့ဒက်,ပျက်မှ နောက်ဒက်, အသစ်ဆက်တယ် ရှေ့ဒက် ပျက်လျှင် ဒီလိုမြဲသလား မမြဲဘူးလား ?

॥ မမြဲပါဘုရား॥ ॥

နောက်ဒက်, ဆက်မယ်ဆိုလျှင်, အဆက်ပြတ်သလား, မပြတ်ဘူးလား?

॥ အဆက်မပြတ်ပါဘုရား॥ ॥

မပြတ်ဘူး....အဲဒီ နာရီစက်လို ခန္ဓာမှာလဲ မြင်နေရတယ်၊ မြင်အောင်လဲ ပြောထားရတယ်၊ မြင်အောင်လဲ ပြောထားရတယ်, အဲဒီလိုမှမပြောလျှင် ဒီရှင်လောင်းလေးဟာ ရှင်သာမဏေ မဖြစ်ဘူးတဲ့။

အရေးမကြီးဘူးလား?

॥ အရေးကြီးပါတယ်ဘုရား॥ ॥

အင်မတန် အရေးကြီးတယ်နော်.... ဗုဒ္ဓဘာသာဆိုတာ ရှင်တော့ပြုကြတယ်, ရဟန်းတော့ခံကြတယ်, ပေါ့ပေါ့လေးထင်တယ်, အဲဒီအယူ့ယူနေလျှင် မရဘူးတဲ့။

ကဲ....မိန်းမသားများသည် ရှင်ပြု ရဟန်းခံ မရှိငြားသော်လဲ ဘဲ ဒီလိုသဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိကြီးနဲ့ ယူထားလျှင် အကုသိုလ်' ကုသိုလ်လဲ့ပယ်တတ်တယ် မြဲတယ်ဆိုလို့ရှိလျှင်, မြဲတယ်လို့ယူထားလျှင်, သေစရာမတွေ့သောကြောင့် အပါယ်လဲ ကြောက်စရာမလိုတော့ဘူး၊ အပါယ်လဲ ကြောက်စရာ မလိုလို့ရှိလျှင် အကုသိုလ်ပယ်ဘတ်တယ်။

မြဲတယ်-မြဲတယ်လို့ ယူထားမယ်ဆိုလို့ရှိလျှင် နောက်ဘဝ· လူ့နတ့်ဗြဟ္မာ, ဖြစ်စရာရှိသေးသလား ?

။ မရှိပါဘုရား။ ။

မရှိလျှင် ကုသိုလ်ပယ်တတ်တယ်, အဆက်ပြတ်တယ် ဒီဘဝအဆုံးမှာ နောက်ဘဝမျှ မဖြစ်တော့ဘူး၊ အပါယ်လေးပါးလဲ မကျတော့ဘူး၊ နတ်ပြည့်လူ့ပြည့်လဲ မရှိတော့ဘူး၊ ဗြဟ္မာလဲ မရှိတော့ဘူးလို့ဆိုလျှင် ကုသိုလ့်အကုသိုလ့်လုပ်စရာ မလိုတော့ဘူး လိုသေးသလား?

။ မလိုတော့ပါဘူးဘုရား။ ။

အဲဒါ ပယ်တတ်တယ်၊ ဒါကြောင့် ဒီ့ဒိဋ္ဌိကြီးနှစ်ပါးပျောက်သွားအောင် ကြိုးစားပြီး သကာလ မှတ်ကြပေတော့။ ။

**ဆောင်။** ။ပျက်သွားတာမြင် သဿတဒိဋ္ဌိစင်။
ဆက်လာတာမြင် ဥစ္ဆေဒဒိဋ္ဌိစင်-လို့။
ဒီ-ဒိဋ္ဌိကြီးနှစ်ပါး လက်ာလေးနဲ့ မှတ်ကြ။
ကဲ....ဒီဘဝတော့ ရှင်းသွားပြီ။

**အတိတ်ဘဝဖေါ်ပုံ။**

ရှေးရှေးဘဝတွေ ပြန်ဖေါ်ကြစို့၊ ကိုယ့်ကိုယ်, ကိုယ်ပြန်ဖေါ်တာ ဒီဘဝမှာ မွေး,သေ,မွေး,သေတွေ ရေးထားတာ ဉာဏ်နဲ့ မြင်နေ၁်....မွေးသေပေါင်း ဘယ်လောက်ရှိ အသင်္ချေ အနန္တ ရေတွက်လို့မရ၊ ဒါဖြင့် မွေးတာကလေးတခု လက်ညှိုးနဲ့ထောက် ရှေ့နားသေတာနောက်နား,သေတာ,သေတာနှစ်ခု ညှပ်ပူးညှပ်ပိတ်နေ၁်....

အစ်ပွါယ်။ သေပြီးလျှင် မွေးရလိမ့်ဦးမည်၊ မွေးပြီးလျှင်သေရလိမ့်ဦးမည်၊ မွေးတာတခု သေတာနှစ်ခု ညှပ်နေပုံ။

သေတာလေးတခု လက်ညှိုးနဲ့ထောက် ရှေ့နား ဘာတွေ့သလဲ**?**

။ မွေးတာတွေ့ပါတယ်ဘုရား။ ။

မွေးတာ နောက်နားမွေးတာ၊ ဟော....မွေးတာလေးနှစ်ခု ညှပ်ပူးညှပ်ပိတ်။

အစ်ပွါယ်။ မွေးပြီးလျှင် သေရလိမ့်ဦးမည်၊ သေပြီးလျှင်မွေးရလိမ့်ဦးမည်။

သေပြီး မမွေးလျှင် နိဗ္ဗာန်ရောက်ထာဘဲ၊ သေပြီးမမွေးလျှင် နိဗ္ဗာန်ရောက်တယ်၊ သေပြီးမွေးလျှင် သံသရာလည်တယ်။

။ မှန်ပါဘုရား။ ။

ဒီအသေကြည့်ရတာဘဲ သေပြီးနောက် မွေးအုံးမလား၊ မမွေးဘူးလား၊ မမွေးတော့ဘူးဆိုလျှင် နိဗ္ဗာန်ကူးကုန်ပြီ၊ သေပြီးလျှင်မွေးအုံးမယ်ဆိုလျှင် ဖော....သံသရာလည်ပြီ....။

သဘောကျပလား ?

॥ ကျပါတယ်ဘုရား॥ ॥

အဲ....ရှင်းရှင်းလေး မှတ်ထားကြ၊ ကဲ....ရှင်းသွားပြီ၊ မွေးတာကလေးတခုကို သေတာလေးနှစ်ခု ညှပ်ပူးညှပ်ပိတ် မမေ့နဲ့နော်သံသရာလှည့်လို့ကောင်းအောင် ဒီဘဝအစမွေးတာ မရှိဘူးလား?

॥ ရှိပါတယ်ဘုရား॥ ॥

အမိဝမ်းတွင်းမှ ကလလ ရေကြည် တည်နေသည်၊ အဲဒါမွေးတာခေါ်တယ်၊ အဲဒီမွေးတာကလေးတခုကို သေတာလေးနှစ်ခုညှပ်ပူးညှပ်ပိတ်နော်....

॥ မှန်ပါတယ်ဘုရား॥ ॥

ဒီဘဝမွေးတာဆိုလျှင် ရှေ့ဘဝက သေခဲ့ပြီ,သေခဲ့ပြီ, သေနဲ့မွေးနဲ့ စပ်နေတယ်နော်....။

॥ မှန်ပါဘုရား॥ ॥

ရှေ့ဘဝက သေခဲ့ပြီဆိုလျှင် ဘဝဟောင်းတခုပေါ်လာပြီ....။

သေတာတခုပေါ်လျှင် ဘဝဟောင်းတခု ပေါ်တယ်မှတ်နော်....။

॥ မှန်ပါဘုရား॥ ॥

သေတာ၏ရှေ့နား ဘာတွေ ?

॥ မွေးတာတွေပါဘုရား॥ ॥

အဲဒီမွေးနဲ့ သေနဲ့ကတော့ တဘဝထဲဘဲခေါ်တယ်....။
အဲဒီ မွေးတာ ရှေ့နားဘာတွေ ?
॥ သေတာပါဘုရား॥ ॥

ဟော....နှစ်ဘဝပေါ်လာပြီ....။
သေတာရှေ့နား ?
॥ မွေးတာပါဘုရား॥ ॥

မွေးတာရှေ့နား ?
॥ သေတာပါဘုရား॥ ॥

ဟော....သုံးဘဝပေါ်လာပြီ....။

သေတာရှေ့နား ?
॥ မွေးတာပါဘုရား॥ ॥

အဲ-သေခြင်းအစဘယ်သူ ?
॥ မွေးတာပါဘုရား॥ ॥

မွေးခြင်းအစဘယ်သူ ?
॥ သေတာပါဘုရား॥ ॥

ကဲ....လှည့်စမ်း....လှည့်စမ်း....လှည့်စမ်း....မွေးသေ, မွေးသေ, မွေးသေ, နောက်ပြန်လှည့်ပါ၊ စကြာဝဠာကြီး သင်ပုန်းလုပ်နောက်ပြီးတော့ အပ်ဖျားကလေးနဲ့ မုံညင်းစေ့လောက်ရေး မွေးသေ, မွေးသေ, မွေးသေ, နဲ့ရေး စကြာဝဠာပြည့်သွားရော၊ မွေးသေ့အစတွေ့မတွေ့ ?
॥ မတွေ့ပါဘုရား॥ ॥

မွေးနဲ့ သေနဲ့ ဘယ်သူကစ ?

။ အစမရှိပါဘုရား။ ။

လှည့်ကြည့်လေ မွေးတာကစကယ်ဆိုလျှင်, သူ့ရှေ့နား ဘယ်သူလာ?

။ သေတာလာပါတယ်ဘုရား။ ။

သေတာစတယ်ဆိုလျှင်, သူ့ရှေ့နားဘယ်သူလာ?

။ မွေးတာပါဘုရား။ ။

ဒီလောက်ဆိုရိပ်မိပြီး, မွေးတာ, သေတာ ဘယ်သူကစ?

။ အစမရှိပါဘုရား။ ။

အစမရှိဘူးလေ မွေးတာ စရေးထားစမ်းပါလား သူ့ရှေ့နား ဘယ်သူလာအုံးမလဲ ?

။ သေတာလာပါတယ်ဘုရား။ ။

သေတာရေးထားစမ်း သူ့ရှေ့နား ဘယ်သူလာအုံးမလဲ ?

။ မွေးတာလာပါတယ်ဘုရား။ ။

ဒါဖြင့် မွေးနဲ့သေ ဘယ်သူကစ ?

။ အစမရှိပါဘုရား။ ။

သံသရာအစမရှိဘူးဆိုတာ ကြားဘူးကြရဲ့လား ?

။ ကြားဘူးပါတယ်ဘုရား။ ။

အဲဒါ-မွေးသေ, လှည့်ကြည့်ရတယ်-အုံးပင်နဲ့အုံးသီး ဘယ်သူကစ ?

။ အစမရှိပါဘုရား။ ။

သရက်ပင်နဲ့ သရက်သီး ဘယ်သူကစ ?

॥ အစမရှိပါဘုရား॥ ॥

လှည့်လဲလှည့်ကြည့်ရတယ်, ကိုယ့်အိမ်က သရက်ပင်သည်၊ သရက်စေ့ကစ ဒီသရက်စေ့သည် ဘယ်ကလာ သရက်ပင်ကလာ သရက်ပင်မရှိလျှင် အစေ့ရှိပမလား ?

॥ မရှိပါဘုရား॥ ॥

သရက်ပင်ဘယ်ကလာ ?

॥ သရက်စေ့က လာပါတယ်ဘုရား॥ ॥

အဲ....လှည့်ကြည့်စမ်း ဘယ်သူကစ ?

॥ အစမရှိပါဘုရား॥ ॥

အစမရှိဘူး မွေးတာနဲ့ သေတာကော ဘယ်သူကစ ?

॥ အစမရှိပါဘုရား॥ ॥

အဲ....မှတ်ထားကြ ဒါက ရှေးသံသရာခေါ်တယ်....နောက်က လာခဲ့တဲ့ ကိုယ့်ဘဝပြန်မြင်တာ။

သေတဲ့ဘဝပေါင်း ဘယ်လောက်ရှိ ?

॥ မရေတွက်နိုင်ပါဘုရား॥ ॥

မွေးတဲ့ဘဝပေါင်း ဘယ်လောက်ရှိ ?

॥ မရေတွက်နိုင်ပါဘုရား॥ ॥

အိုတာ, နာတာ, ဘယ်လောက်ရှိ ?

॥ မရေတွက်နိုင်ပါဘုရား॥ ॥

ချစ်သောသူတို့နဲ့ ခွဲရတာ ဘယ်လောက်ရှိ ?

॥ မရေတွက်နိုင်ပါဘုရား॥ ॥

ချစ်သောပစ္စည်းတို့ကို စွန့်ခွါလာရတာ ဘယ်လောက်ရှိ ?

॥ မရေတွက်နိုင်ပါဘုရား॥ ॥

အင်မတန်များနေပြီ ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

သတ္တဝါတွေကိုလဲ စွန့်ခဲ့လှုပြီ၊ ချစ်သောသူကိုလဲ စွန့်ခဲ့လှုပြီ၊ ခုန ပစ္စည်းဝတ္ထုတွေနဲ့လဲ ခွဲခွါလာရတာ ဘယ်လောက်ရှိသွားပလဲ ?

॥ မရေမတွက်နိုင်ပါဘုရား॥ ॥

စကြာမင်းဖြစ်တုံးက စွန့်ခဲ့တာ သည့်ပြင် နတ်မင်း၊ ဗြဟ္မာမင်းဖြစ်တုံးက စွန့်ခဲ့တာတွေ ဘယ်လောက်များ ?

॥ မရေတွက်နိုင်ပါဘုရား॥ ॥

အများကြီးဘဲခေါ်တယ်၊ ဒါဖြင့် ရှေ့အကွက်နေ့....ရေးတာတော့ဒီအတိုင်းဘဲ အခုကတော့ တဘဝလေး လုပ်ထာကိုးသံသရာဆိုတော့ ရှေ့အများကြီးရေးရမယ် ဟုတ်လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

အောက်တန်း ဖြစ်၊ပျက်၊ဖြစ်၊ပျက် လေးလုံးရေးလိုက်ပါသဖြင့် အလယ်တန်း နာမ်၊ရုပ်၊နာမ်၊ရုပ်၊လေးလုံး အပေါ်တန်း ကြောင်း၊ကျိုး၊ နှစ်လုံး၊အကြောင်းနဲ့ အကျိုးကော ဘယ်သူက စတယ်ထင်သလဲ ?

॥ အစမရှိပါဘုရား॥ ॥

**သတ္တဝါနဲ့ ကံနဲ့ လှည့်ပုံ။**

အစမရှိဘူးနော်....အကြောင်းက စတယ် ထင်တတ်တယ်၊ ကဲ-သတ္တဝါနဲ့ကံနဲ့ လှည့်ကြည့်၊ ကံသည် အကြောင်းရင်းနော်.... သတ္တဝါသည် အကျိုးနော်....လူဖြစ်ဖြစ်, နတ်ဖြစ်ဖြစ်, ဗြဟ္မာဖြစ်ဖြစ်ပေါ့ မှတ်ထား၊ သတ္တဝါဘယ်သူ့ကြောင့်ဖြစ် ?

။ ကံကြောင့်ဖြစ်ပါဘုရား။ ။

ဟော....လာပြီ၊ ကံ့ဆိုတာ ကမ္မ၊ ကမ္မ-ဆိုတာ လုပ်မှုရတာဘဲ။

သဘောကျရဲ့လား ?

။ ကျပါတယ်ဘုရား။ ။

ကံ့ဆိုတာ လုပ်မှုနော်....
ကာယကံ့ဆိုတာ ကိုယ်နဲ့လုပ်တဲ့အလုပ်၊
ဝစီကံ့ဆိုတာ ပါးစပ်နဲ့ပြောတဲ့အလုပ်၊
မနောကံ့ဆိုတာ စိတ်ကူးနဲ့ ကြံစည်တဲ့အလုပ်၊

ကဲ-ကဲ....ဟိုကမ္မသဒ္ဒါ, သတ္တိကလေး, ကံကလေးဆိုပေမယ်လို့ လုပ်မှု ကံသတ္တိကျန်တာ၊ သဘောကျပလား

။ ကျပါပြီဘုရား။ ။

အရင်းကျအောင်ယူနော်....ဒို့ဘုရားဒေသနာတော်က အင်မတန် နှိုက်နိုင်မှုအနှစ်ရှိတာ၊ အပေါ်ယံကြောဆိုလျှင် ဘာမှမရှိဘူး။

ဟုတ်ကဲ့လား ?

။ ဟုတ်ပါဘုရား။ ။

ကဲ....သေသေချာချာ မှတ်ကြ....။

အကြောင်းနဲ့ အကျိုးကောဘယ်သူကစ ?

။ အစမရှိပါဘုရား။ ။

အစမရှိဘူး၊ ဒါဖြင့် အပေါ်တန်း ကြောင်း,ကျိုး,ကြောင်း, ကျိုး,လေးလုံးဝိုင်းရေးစမ်း၊ အစမရှိပုံသိရအောင် ကဲ-ဒါ ရှေ့သံသရာအတွက်ကုန်သွားရှောရှေးသံသရာ မင်းဘာတွေဖြစ်ခဲ့ဘူးသလဲ ကိုယ့်ကိုယ်, ကိုယ်မေးကြည့်, ဆန်းစစ်ကြည့်၊ ကြောင်း,ကျိုးတွေသာ နာမ်,ရုပ်,တွေသာ ဖြစ်,ပျက်,တွေသာ ဖြစ်ခဲ့ဘူးပြီ၊ ကိုယ်တွေ့ပြောလျှင် ပေါ်,သိ,ပျက်,တွေသာ ဖြစ်ခဲ့ဘူးပြီ။

ရှင်းသွားပလား?

။ ရှင်းသွားပါပြီဘုရား။ ။

ယခုဘဝကော မင်းဘာတွေဖြစ်နေသလဲ, ကြောင်း,ကျိုး, နာမ်,ရုပ်,ဖြစ်,ပျက်,တွေသာ ဖြစ်နေခဲ့ပြီဟုတ်ကဲ့လား?

။ ဟုတ်ပါတယ်ဘုရား။ ။

ကဲ....နောင်အတွက်သွားကြစို့....ဒီဘဝအဆုံးကျလျှင် သေ, ဟော....အဆုံးကျလျှင် မသေဘူးလား?

။ သေပါတယ်ဘုရား။ ။

သေတယ်ဆိုတာ, ဘာခေါ်သလဲ?

။ ပျက်သွာပါဘုရား။ ။

**အသက်လိပ်ပြာ ငါ-ရှိမရှိ။**

ဟော...လာပြီ-လာပြီ-လာပြီ၊ ပြောတော့ ပြောနေကြတာဘဲလ ကြုပြီ အစစ်အဆေးတယ်လိုတာဘဲ သေတယ်, သေတယ်

ဆိုတာ လူတို့ထင်နေကြတယ်, အသက်ထွက်သွားလို့, ဝိညာဉ် ချုပ်သွားလို့, လိပ်ပြာထွက်သွားလို့ ဒီလိုမပြောဘူးလား?

॥ ပြောပါတယ်ဘုရား॥ ॥

ဟုတ်ကောဟုတ်ကဲ့လား?

॥ မဟုတ်ပါဘုရား॥ ॥

အသက်ကောရှိသလား?

॥ မရှိပါဘုရား॥ ॥

လိပ်ပြာကော,ဝိညာဉ်ကော?

॥ မရှိပါဘုရား॥ ॥

ဒါဖြင့် သားသယ်အမေ ကလေးတွေဘာဖြစ်လို့ လိပ်ပြာခွဲ ရသလဲ ဟော....လာပြီး သားသယ်အမေ လိပ်ပြာမခွဲဘူးလား?

॥ ခွဲပါတယ်ဘုရား॥ ॥

ဒါဖြင့် လိပ်ပြာရှိတာပေါ့ မရှိဘူးလား၊ လိပ်ပြာကလေး သေခါနီးဆဲဆဲလေးမှာ အတောင်လေး,ဖြတ်ဖြတ်, ဖြတ်ဖြတ်နဲ့ တခါထဲမျက်လုံးထဲက ထွက်သွားတာ မတွေ့ရဘူးလား ?

॥ မတွေ့ရပါဘုရား॥ ॥

ရှိကော,ရှိရဲ့လား ?

॥ မရှိပါဘုရား॥ ॥

မရှိလျှင် ခွဲနေဘို့လိုသေးသလား ?

॥ မလိုပါဘုရား॥ ॥

ဟို....ငါ့ကွက်တဲ့တဏှာလေး အဲဒါလေးခွဲရတာခေါ်တယ်၊ သဘောကျရဲ့လား ?

॥ ကျပါပြီဘုရား॥ ॥

**သာပက္ခကာလံ ကိရိယာယ အတ္တနောဂေဟေ ယက္ခ ကုက္ကုရ အင်္ဂေါ်ထာ-မဟိ သ သကုဏာဒီဘာဝေန နိဗ္ဗတ္တနာ ကာရဏာ ဟောတိ။**

အမေလုပ်တဲ့ပုဂ္ဂိုလ်က ဒီသားလေး သမီးလေးငဲ့ပြီးသကာလ အနားမှာ ပြိတ္တာဖြစ်ချင်ဖြစ်နေတတ်တယ်၊ အဲဒီပြိတ္တာကလေး ကပြတာ။

သဘောကျရဲ့လား ?

။ ကျပါပြီဘုရား။ ။

ဟို....ခုနလိပ်ပြာလာတာ မဟုတ်ဘူး နကိုယ်ကရှိလျှင်တော့ သာမှာပေါ့၊ ရှိမှ မရှိဘဲ ကလေးမှာ လိပ်ပြာရှိသလား ?

။ မရှိပါဘုရား။ ။

မအေကော လိပ်ပြာရှိသလား ?

။ မရှိပါဘုရား။ ။

ကလေးလိပ်ပြာနဲ့ မအေလိပ်ပြာနဲ့တွဲနေတာ တွေ့ရဲ့လား?

။ မတွေ့ပါဘုရား။ ။

ရှိမှမရှိဘဲ....ဒါဖြင့် အသက်ထွက်တယ်လို့ပြော, လိပ်ပြာ ထွက်တယ်လို့ပြော, ဝိညာဉ်ချုပ်တယ်လို့ပြော, ပြောရုံပြောရ တယ်၊ ရုပ်နဲ့ နာမ်နဲ့ကွဲ သေပွဲဝင်တယ်လို့ ခေါ်ကြသည်။ ချုပ်နဲ့နာမ် ကွဲသွားတာခေါ်တယ်။

ဆောင်။ ။ရုပ်နဲ့ နာမ်နဲ့တွဲ ရှင်ဆဲခေါ်ကြသည်။
ရုပ်နဲ့နာမ်နဲ့ကွဲသေပွဲဝင်တယ်လို့ခေါ်ကြသည်။
တွဲရှင်ကွဲသေ ကောင်းကောင်းကြီး မှတ်ထားကြ။

ရုပ်နဲ့နာမ်နဲ့ကွဲနေလျှင် ဘယ့်နယ်ခေါ် ?

။ ရှင်တယ်ခေါ်ပါတယ်ဘုရား။ ။

အသက်ရှိလို့, ဝိညာဉ်ရှိလို့, လိပ်ပြာရှိလို့, ရှင်တာဟုတ်ကဲ့လား ?

။ မဟုတ်ပါဘူးဘုရား။ ။

ဘာဖြစ်လို့ရှင်နေတာလဲ ?

။ ရုပ်နဲ့,နာမ်နဲ့,တွဲနေလို့ပါဘုရား။ ။

အဲ--သိပြီးသားဘဲ ကွဲသွားလျှင်ဘာခေါ်သလဲ ?

။ သေတယ်ခေါ်ပါတယ်ဘုရား။ ။

အလောင်းမှာဘာရှိ၊ အလောင်းမှာ ရုပ်ရှိတယ်, နာမ်မရှိတော့ဘူး နာမ်ရှိသေးသလား ?

။ မရှိတော့ပါဘူးဘုရား။ ။

နာမ်က, ရေခဲနဲ့တူတယ်, ရုပ်က, ငါးနဲ့တူတယ် နကိုယ်တုံးက နာမ် ရေခဲစိမ်ထားတော့ လူအရှင်တို့မှာ ပုတ်ကဲ့လား ?

။ မပုတ်ပါဘုရား။ ။

နာမ်တည်းဟူသော ရေခဲမရှိတဲ့ အခါကျတော့ ရုပ်ဆိုတာ ပုတ်မသွားဘူးလား သေတဲ့လူ ?

။ ပုတ်သွားပါတယ်ဘုရား။ ။

အင်း....နာမ်နဲ့ ရုပ်နဲ့ ကွဲသွားလျှင် ဒါ....ပုတ်သွားတာဘဲ ရှင်းသွားပလား ?

။ ရှင်းပါပြီဘုရား။ ။

အဲဒါ-မှတ်ထားနော်....။

အဲဒါ....နာမ်ချုပ်-ရုပ်ကျန်-ပုတ်နံ့မသာဖြစ်တော့သည် ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အင်မတန့်မှန်တာဘဲခေါ်တယ်။ ကဲ-နာမ်နဲ့ရုပ်နဲ့တွဲ ရှင်ဆဲခေါ်ကြသည်၊ နာမ်နဲ့ရုပ်နဲ့ကွဲ သေပွဲဝင်တယ်လို့ ခေါ်ကြသည်၊ သမုတိနယ်-လောကနယ်မှန်၏၊ ဟော....ပြောတော့အသက်ထွက်တယ်၊ ဝိညာဉ်ချုပ်တယ်, လိပ်ပြာထွက်သွားတယ်လို့ သူများသိအောင်, ပြောနေကျအတိုင်း, ပြောတော့-နော်....။

။ မှန်ပါဘုရား။ ။

ကိုယ့်စိတ်ထဲက ရုပ်,နာမ်,ကွဲသွားလို့ သေပြီလို့မှတ်လျှင် အပြောနဲ့အမှတ်နဲ့ ကွဲသောကြောင့်ကလျာဏ ပုထုဇဉ် သေပုံ သေနည်းဘဲ အသေတောင်မှဘဲ အကန်းနဲ့ အကောင်း သေတာ ကွဲနေသေးတယ်နော်....။

။ မှန်ပါဘုရား။ ။

ကဲ....ဒါဖြင့်တွဲလျှင် ရှင်,ကွဲလျှင်သေ,ဆိုတာကော တကယ် မှန်သလား, ပရမတ္ထသစ္စာ အမှန်ဆုံးမဟုတ်ဘူးတဲ့၊ အမှန်ဆုံး မဟုတ်ဘူးတဲ့။

**ဆောင်။** ။ရုပ်နဲ့နာမ်နဲ့တွဲရှင်ဆဲလို့ အခေါ်လွဲနေကြသည်။
ရုပ်နဲ့နာမ်နဲ့ကွဲ, သေပွဲဝင်တယ်လို့ အခေါ်လွဲနေကြပြန်သည်။

ပရမတ်ထဲကျလျှင်, အလွဲ,ချည်းဖြစ်သွားပြန်ရော....။

**ရုပ်သေး-ဥပမာပြပုံစံ။**

ကဲ-လဲ့ပုံ "နာမ်ကကြံသော် လေပြည့်ပေါ်၊ ရုပ်နော် ရှုကြ ရှိုက်ကြ၏" အသက်ရှူတာ ရှိုက်ထာ ပြောတာ နာမ်ကလေး, စိတ်ကလေးက ရှူချင်တယ် ရှိုက်ချင်တယ်လို့ ကြံလျှင် လေမပြည့် ဘူးလား ?

။ ပြည့်ပါတယ်ဘုရား။ ။

လေမပြည့်လာဘူးလား ?

။ ပြည့်လာပါတယ်ဘုရား။ ။

လေပြည့်လာလျှင် သူ့အစဉ်အတိုင်း လေကမှုတ်, မီးကဖုတ်, ရေကခမ်းချုပ်, အကြားဓါတ် အသေးအနုတ်ကဲ့ မြေဓါတ်က တလှုပ်လှုပ်,တဖွဲဖွဲ့, တသဲသဲ့,တလှစ်လှစ်, တရစ်ရစ်, တဖြစ်ဖြစ်နဲ့, ရင်ထဲမှာ တကိုယ်လုံးမှာ ရုပ်ရှင်စနစ်လို မျိုးစုံပေါ်လာသည်။

ကဲ-ကောက်ချက်ချ၊ နာမ်ရယ်, လေရယ်, ရုပ်ကယ်, ဒီသုံးပါး ပြည့်စုံလျှင် ရှူကြလိမ့်မယ်၊ ရှိုက်ကြလိမ့်မယ်၊ ဟော...."အသက် လိပ်ပြာ့ငါမယ,ါပမာရုပ်သေးကြည့်" ခုန-နာမ်ရယ်, လေရယ် ရုပ်ကယ်သုံးပါးခင်းထားနော်....

အဲဒီသုံးပါးထဲမှာ အသက်ပါသလား ?

။ မပါ့ပါဘုရား။ ။

လိပ်ပြာ့ပါသလား ?

။ မပါ့ပါဘုရား။ ။

ဝိညာဉ်ကောပါရဲ့လား ?

။ မပါ့ပါဘုရား။ ။

ငါကော့ ပါရဲ့လား ?

॥ မပါ့ ပါဘုရား॥ ॥

မပါသော်လဲဘဲ၊ သူတို့သုံးခုတွဲလို့ ရှိလျှင် လှုပ်ရှားမနေဘူးလား ?

॥ လှုပ်ရှားနေပါတယ်ဘုရား॥ ॥

ရှူခြင်း ရှိုက်ခြင်း မရှိဘူးလား ?

॥ ရှိပါတယ်ဘုရား॥ ॥

အဲဒါ-ရှင်တယ်လို့ခေါ်တာ တကယ်အသက်ရှိလို့ ရှင်တာ မဟုတ်ဘူး။

ဥပမာ ဘာနဲ့တူသလဲမေးမယ်ဆိုလျှင် ပမာရုပ်သေးကြည့်၊ ရုပ်သေး သစ်သားကြိုး ကြိုးချီလက်နဲ့ဆွဲတာဘဲ၊ သစ်သားကော အသက်ရှိသလား ?

॥ မရှိပါဘုရား॥ ॥

ကြိုးကော အသက်ရှိသလား ?

॥ မရှိပါဘုရား॥ ॥

ဆွဲသောသူ၏လက်ကော အသက်ရှိသလား ?

॥ မရှိပါဘုရား॥ ॥

အဲဒီ သုံးခုစလုံး အသက့် လိပ်ပြာ့ ဝိညာဉ်မရှိသော်လဲ တွဲဆွဲလိုက်လျှင် ဘယ်နှယ်နေသလဲ ?

॥ လှုပ်နေပါတယ်ဘုရား॥ ॥

လှုပ်နေတာဘဲ၊ သစ်သားကြိုးနဲ့ ရုပ်နဲ့တူပါတယ်၊ ကြိုးနဲ့ လေနဲ့ တူပါတယ်၊ ဆွဲသောသူ၏လက်ကလေးနဲ့ နာမ်တရားနဲ့

တူပါတယ်၊ အဲဒီ သုံးခုတွဲလျှင် လှုပ်ရှားနေတာကို လူတို့ကရှင်တယ်၊ ရှင်တယ်လို့ ခေါ်တာနော်....။

॥ မှန်ပါဘုရား॥ ॥

အသက်ရှိလို့, ဝိညာဉ်ရှိလို့, လိပ်ပြာကလေးတွေရှိလို့, ရှင်နေတာမဟုတ်ဘူးနော်....။

॥ မှန်ပါဘုရား॥ ॥

ဒါဖြင့် နကိုယ်ထဲကမရှိလျှင်, သေစရာရှိသေးလား ?

॥ မရှိတော့ပါဘုရား॥ ॥

ဒါဖြင့် ရှင်တာ ဘယ်လိုခေါ်, သေတာဘယ်လိုခေါ်, မေးလျှင် "ရုပ်သပ်သပ်" "နာမ်သပ်သပ်" ထားရ မရောနဲ့နော်....။

॥ မှန်ပါဘုရား॥

ရုပ်သပ်သပ်ဖြစ်ထာ, နာမ်သပ်သပ်ဖြစ်ထာ, ရှင်တယ်ခေါ်ကြ၊ အဲဒီ ဖြစ်လာတဲ့ ရုပ်ကလေးဖြစ်သွားတာ, ဖြစ်လာတဲ့ နာမ်ကလေးပျက်သွားတာ, သေတယ်ခေါ်ကြနော်....။

॥ မှန်ပါဘုရား॥ ॥

**ခန္ဓာနံ ဘေဒေါ မရဏန္တိ ဝုစ္စတိ"**

ခန္ဓာနံ၊ ရုပ်စုနာမ်စုနှစ်ခုတို့၏။ ဘေဒေါ၊ လျှပ်တလက်မကမြန်မြန်ကြီးပျက်၍သွားနေခြင်းကို။ မရဏန္တိ၊ ပရမတ်လို သေပြီ, သေပြီလို့။ ဝုစ္စတိ၊ ပရမတ္ထသစ္စာ အမှန်ဆုံးအနေအားဖြင့် ခေါ်ဆိုပညတ်သမုတ်အပ်နိုင်တော့သည်သာလျှင်ကတည်း။ ॥

သာဓု—သာဓု—သာဓု

အင်း....ဒါဖြင့် ဒီဘဝဆုံးလျှင်,ဒီတဘဝဆုံးလို့ရှိလျှင် သေတယ်ဟုတ်လား ?

॥ မှန်ပါတယ်ဘုရား॥ ॥

သေတယ်ဆိုတာ ခုန ရုပ်နဲ့ နာမ်နဲ့ ကွဲသွားတာနော်....သမုတိနယ်အတိုင်းမှတ်ပါ၊ သေပြီးလျှင် ဘဝသစ်မှာ မမွေးဘူးလား ?

॥ မွေးပါတယ်ဘုရား॥ ॥

သေတာတခုကို, မွေးတာနှစ်ခုညှပ်နော်....မွေးပြီးလျှင် အဆုံးကျ ဘာလဲ ?

॥ သေပါတယ်ဘုရား॥ ॥

သေပြီးလျှင် နောက်ဘဝဘာလဲ ?

॥ မွေးပါတယ်ဘုရား॥ ॥

ဒါဖြင့် မွေးတာတခုဆိုလျှင်, အနာဂါတ်ဘဝတခု ပေါ်လာတယ်လို့ သိ,သိ,ထားကြနော်....॥

॥ မှန်ပါဘုရား॥ ॥

ကဲ-ဒါဖြင့် နောက်ကိုရေးစမ်း သေ,မွေး,သေ,မွေး,သေ,မွေး,နဲ့ နောက်ပြန်ရေးပါ ဘယ်ကျမှဆုံးမလဲ, သေတာနဲ့ မွေးတာဘယ်ကျမှဆုံးမလဲ ?

॥ အဆုံးမရှိပါဘုရား॥ ॥

သေတာအဆုံးထားလျှင်, သူ့နောက်ဘာလာမလဲ ?

॥ မွေးတာပါဘုရား॥ ॥

မွေးတာအဆုံးထားလျှင်, သူ့နောက်ဘာလာမလဲ ?

။ သေတာလာပါဘုရား။ ။

**သံသရာခေါ်ပုံ။**

အဲဒါ-သေနဲ့,မွေးနဲ့,ဟာ အဆုံးမရှိဘူး၊ ဒါဖြင့် နောက်သံသရာအတွက်၊ ၊နောင်သံသရာအတွက် အောက်တန်းက ဖြစ်ပျက်,လေးလုံးရေး၊ အလယ်တန်းက နာမ်ရုပ်,နာမ်ရုပ်,လေးလုံးရေး၊ အပေါ်တန်းက, ကြောင်း,ကျိုး,နှစ်လုံးရေး ရှေ့အတိုင်းဘဲနေ၁် အဲဒါ....သံသရာခေါ်တယ်။

သံ=အဆက်မပြတ်+သရာ=ဖြစ်ထာ, ပျက်ထာ,မွေးဒါ, သေဒါ, ခေါ်တယ်။

အောက်တန်းနဲ့မညီဘူးလား ?

။ ညီပါတယ်ဘုရား။ ။

ဖြစ်ထာ,ပျက်ထာ, မွေးဒါ,သေဒါ အဆက်ပြတ်သလား ?

။ မပြတ်ပါဘုရား။ ။

အောက်တန်းကြည့်စမ်း,အဆက်ပြတ်သလား ?

။ မပြတ်ပါဘုရား။ ။

အဲဒါ-သံသရာခေါ်တယ်....။

ပညတ်သံသရာကတမျိုး၊ ပရမတ်သံသရာကတမျိုး။

ပညတ်သံသရာဆိုလျှင် (၇)မျိုးလှည့်ရတယ်၊ လူရယ်, နတ်ရယ်,ဗြဟ္မာရယ်,အပါယ်လေးပါးရယ်, (၇)မျိုးလှည့်လျှင် အဲဒါ ပညတ်သံသရာခေါ်တယ်။

ယခု နာမ်,ရုပ်,ဖြစ်,ပျက်၊ လှည့်လျှင်, ပရမတ်သံသရာခေါ်တယ်။

အောက်တန်းကြည့်နော်....။

။ မှန်ပါဘုရား။ ။

ဖြစ်ပျက်,ဖြစ်ပျက်,ဖြစ်ပျက်နဲ့,အဆက်မပြတ် ပရမတ် သံသရာတတန်း၊

နာမ်ရုပ်,နာမ်ရုပ်, အဆက်မပြတ်တဲ့ ပရမတ်သံသရာတတန်း၊

ကြောင်းကျိုး,ကြောင်းကျိုး, အဆက်မပြတ်တဲ့ ပရမတ် သံသရာတတန်း၊

ဘယ်နှစ်တန်းလဲ ?

။ သုံးတန်းပါဘုရား။ ။

သုံးတန်းခေါ်တယ်၊ အဲဒီ သံသရာကြီးထဲမှာ ကြည့်စမ်း၊ ကြောင်းကျိုး,နာမ်ရုပ်, ဖြစ်ပျက်တွေသာ ဖြစ်ခဲ့ဘူးပြီ၊ ယခုလဲ ဒါဘဲဖြစ်တုံး၊ နောင်လဲဘဲ နိဗ္ဗာန်မရမခြင်း ဒါဘဲ ဖြစ်လိမ့်အုံးမယ် ဉာဏ်မြင်ရဲ့လား ?

။ မြင်ပါတယ်ဘုရား။ ။

ငါတွေ့ရဲ့လား, ငါတွေ့ရဲ့လား ?

။ မတွေ့ပါဘုရား။ ။

အသား,အရေ,အကြော ?

။ မတွေ့ပါဘုရား။ ။

ခေါင်း,ကိုယ်,ခြေ,လက် ?

။ မတွေ့ပါဘုရား။ ။

ယောကျ်ား,မိန်းမ စသည် ?

။ မတွေ့ပါဘုရား။ ။

မတွေ့လျှင် ရှိ,မရှိ ?

॥ မရှိပါဘုရား॥ ॥

ခုမှမရှိတာလား,အစထဲက မရှိတာလား ?

॥ အစထဲက မရှိတာပါဘုရား॥ ॥

အစထဲကမရှိတဲ့ ပစ္စည်းကို ဖြစ်တယ်,မဖြစ်တယ် ဘယ့်နှယ် ပြော ?

॥ မပြောတတ်ပါဘုရား॥ ॥

ဖြစ်တယ်လို့လဲ မပြောရဘူး, ပျက်တယ်လို့လဲမပြောရဘူး?

॥ မှန်ပါဘုရား॥ ॥

**ပတ္တမြားဥပမာ သိစရာ။**

**ဥပမာ။** ॥ကိုယ့်သန္တာန်မှာ ပတ္တမြားလေးမရှိဘူးဆိုပါတော့၊ မင်းပတ္တမြား ပျောက်သွားပလားမေးလျှင် ပျောက်တယ်လို့မပြောရဘူး၊ ပျောက်တယ်ပြောလျှင် ရှိရာမကျဘူးလား ?

॥ ကျပါတယ်ဘုရား॥ ॥

မပျောက်သေးဘူးလို့လဲ မပြောရဘူး၊ အကယ်၍ မပျောက်သေးဘူးပြောလျှင် ရှိရာမကျဘူးလား ?

॥ ကျပါတယ်ဘုရား॥ ॥

ပျောက်တယ်လို့လဲ မပြောနိုင်, မပျောက်ဘူးလို့လဲ မပြောနိုင်၊ ဘာကြောင့်လဲ နကိုယ်က မရှိလို့တဲ့၊ ဟော....ပညတ်မရှိတာပြောပုံ,ပြောနည်းတမျိုးဘဲ။

သဘောကျရဲ့လား ?

॥ ကျပါတယ်ဘုရား॥

အိုးကွဲတယ်၊ အိုးကွဲတယ်ဆိုတာက အဲဒါ သမုတိနယ်လောက် သာမှန်တယ်၊ အိုးဆိုတာ မြေကြီးမဟုတ်လား ?

॥ မှန်ပါဘုရား॥ ॥

နကိုယ်ထဲက အိုးရှိရဲ့လား ?

॥ မရှိပါဘုရား॥ ॥

မရှိသောအိုးသည် ကွဲတယ်၊ကောင်းတယ်၊မသုံးနိုင်ဘူး၊ မသုံးနိုင်ဘူး၊ ယခုသုံးနေကြတာ သမုတိနယ်၊လောကနယ်သာမှန်တာ တကယ်အိုးရှိလျှင် ကွဲသွားတယ်ပြောပါ၊ အိုးမရှိလို့ရှိလျှင် မကွဲသေးဘူးလို့ပြောပါ၊ အိုးက ရှိကိုရှိလို့လား ?

॥ မရှိပါဘုရား॥ ॥

သဘောကျပလား ?

॥ ကျပါပြီဘုရား॥ ॥

သေအချာမှတ်ကြ ရှင်းသွားပြီနော်.... ?

॥ မှန်ပါဘုရား॥ ॥

ငါ့လေးဟာ ရှိသလား၊မရှိဘူးလား ?

॥ မရှိပါဘုရား॥ ॥

မရှိတဲ့ငါသည် သေသွားပြီလို့ပြောလျှင် ဉစ္ဆေဒိဋ္ဌိ။
မသေသေဘူးလို့ပြောလျှင် သဿတဒိဋ္ဌိ။
ဟော....တယ်ခက်ပါလား၊ ဟင်....မရှိတဲ့ ငါက လေး ဟာ မသေ သေးဘူးပြောလျှင် ဘယ့်နှယ် ?

॥ သဿတဒိဋ္ဌိပါဘုရား॥ ॥

သဿတဒိဋ္ဌိလေး မြဲနေတာပေါ့၊ ငါသေ သွားပြီဆိုလျှင် နောက်ဘဝ ငါဆက်စရာလိုသေးသလား ?

॥ မလိုတော့ပါဘုရား॥ ॥

ဥစ္ဆေဒဒိဋ္ဌိ အဆက်ပြတ်တယ်၊ မရှိတဲ့ငါဟာ တော်တော် ခက်တယ်။

ပရမတ်သံသရာတွင် ဟော....ပရမတ်သံသရာ အစ,အဆုံး ရှိရဲ့လား ?

॥ မရှိပါဘုရား॥ ॥

**ဆောင်။** ॥အစလဲမမြင်,အဆုံးလဲမထင်, အန္တ ပုထုဇဉ်၊
အစသာမမြင်,အဆုံးတော့ထင်, ကလျာဏပုထုဇဉ်၊
အရိယာအရှင်။

အစကတော့ ဘုရားတောင်မှ မမြင်ဘူး၊ မမြင်တာက ဉာဏ် တော်မမှီလို့ မဟုတ်ဘူး၊ အစကို ရှိကိုမရှိလို့ခေါ်တယ်။

ရှင်သွားပလား ?

॥ ရှင်းပါပြီဘုရား॥ ॥

ပရမတ်သံသာရာတွင် ကြောင်းကျိုး,နာမ်ရုပ်နဲ့ ဖြစ်ပျက်တွေ ကိုမြင် သုံးခုခွဲလိုက် ပရမတ်သံသရာ သုံးတန်နော်.... ?

॥ မှန်ပါဘုရား၊ ॥

**ပစ္စယပရိဂ္ဂဟဉာဏ်ပေါ်ပုံ။**

ပစ္စယပရိဂ္ဂဟဉာဏ် သုံးသပ်မှ ပေါ်လာတယ် ခေါ်တယ်၊ ဒါကတော့ တခုထဲလာတယ်။

**ခန္ဓာနဉ္စပဋိပါဋိ၊ ဓါတု အာယတနာနစ။**
**အဗ္ဗောစ္ဆိန္နံ ဝတ္တမာနာ၊ သံသာရောတိ ပဝုစ္စတိ။**

ဒါလေး တရားအားမထုတ်ခင်တုံးက ဒါလေးကြည့်ပြီးတော့ တရားဟောနေရတယ်၊ ခန္ဓာ, အာယတန, ဓါတ်တို့၏ အဆက်မပြတ်သော အစဉ်အတန်းကို သံသရာလို့ခေါ် ဘုရားကလဲ ဒီလို ဟောတော့ ဆရာတော်ကလဲ လုံးထွေး လုံးထွေးနဲ့ တီးခဲ့တာဘဲ ယခုလိုမပါဘူး။

ကြောင်း,ကျိုး, အဆက်မပြတ်တဲ့ ပရမတ်သံသရာတတန်း၊
နာမ်,ရုပ်, အဆက်မပြတ်တဲ့ ပရမတ်သံသရာတတန်း၊
ဖြစ်,ပျက်, အဆက်မပြတ်တဲ့ ပရမတ်သံသရာတတန်း၊
ဘယ်နှစ်တန်းလဲ **?**
။ သုံးတန်းပါဘုရား။ ။

**ဆောင်။** ။ပရမတ်သံသရာတွင် ကြောင်းကျိုး, နာမ်ရုပ်နဲ့ ဖြစ်ပျက်တွေကိုမြင် ပစ္စယပရိဂ္ဂဟဉာဏ်ပင်။

အကြောင်းမှန်သိပလား နာမ်ရုပ်နဲ့ ဖြစ်ပျက်ဘဲ၊ အကြောင်းတရားသည် နာမ်ရုပ်နဲ့ ဖြစ်ပျက်ဘဲ၊ သည့်ပြင်ရှိသေးသလား **?**
။ မရှိပါဘုရား။ ။

**ယုံမှားကင်းပုံ။**

"ယုံမှား တဆယ့်ခြောက်ပါး, ရှစ်ပါးစင်, ကင်္ခါဝိတရဏာဝိသုဒ္ဓိပင်"ဟော ယုံမှားခြင်း တဆယ့်ခြောက်ပါး ယုံမှားခြင်း ရှစ်ပါး။

ယုံမှားခြင်းတဆယ့်ခြောက်ပါးဆိုတာ....
အတိတ်ယုံမှား—၅
အနာဂါတ်ယုံမှား—၅
ပစ္စုပ္ပန်ယုံမှား—၆-ပေါင်းတော့(၁၆)ပါး။

အဲဒါ နောက်ပိတ်ဆုံးတိုတိုပြော ငါ့ခေါင်းဆောင်ကြီးခေါ်တယ်၊ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ငါနဲ့ပတ်သက်ပြီးတော့ လူ့နတ့်ဗြဟ္မာတွေခေါ် အဲဒီ လူထဲမှာဆိုလို့ရှိလျှင် မင်းပုဏ္ဏား, သူဌေး, သူဆင်းရဲလို့ခေါ် အဲဒီ မင်းပုဏ္ဏာတွေမှာလဲဘဲ ယောကျ်ား,မိန်းမခေါ် မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အဲဒီဥစ္စာတွေ သံသယရှိတာခေါ်တယ်။
ငါသည် ရှိ,မရှိ ?

။ မရှိပါဘုရား။ ။

မရှိသောငါသည် ရှေးတုံးက ဖြစ်ခဲ့ဘူး, မဖြစ်ခဲ့ဘူး သံသယရှိသေးသလား ?

။ မရှိပါဘူးဘုရား။ ။

ယခုလဲ ဖြစ်တုံးဖြစ်ဆဲ သံသယရှိသေးသလား ?

။ မရှိပါဘူးဘုရား။ ။

နောက်ကိုလဲ ဒီ-ငါ့ ဖြစ်လိမ့်အုံးမယ်ဆိုတာ သံသယရှိသေးသလား ?

။ မရှိပါဘူးဘုရား။ ။

ငါဖြစ်လာတဲ့အခါဆိုလျှင်၊ လူလား၊ နတ်လား၊ ဗြဟ္မာလား ဒီလို ရှိသေးသလား ?
॥ မရှိပါဘူးဘုရား॥ ॥

လူထဲမှာလဲဘဲ မင်းလား၊ ပုဏ္ဏားလား၊ သူဌေးလား၊ သူဆင်းရဲလား၊ ရှိသေးသလား ?
॥ မရှိပါဘူးဘုရား॥ ॥

ယောကျ်ားလား၊ မိန်းမလား၊ ရှိသေးသလား ?
॥ မရှိပါဘူးဘုရား॥ ॥

အသားဖြူဖြူလား၊ မဲမဲလား၊ ရှိသေးသလား
॥ မရှိပါဘူးဘုရား॥ ॥

ဝဝပိန်ပိန်ရှိသေးသလား ?
॥ မရှိပါဘုရား॥ ॥

ဘာဖြစ်လို့လဲမေးလျှင် အစထဲက ငါလဲမရှိဘူး....॥

**စူဠသောတာပန်အပါယ် လွတ်၊ မလွတ်॥**

ဆောင်॥ ॥ယုံမှား တဆယ့် ခြောက်ပါး ရှစ်ပါးစင်၊ ကင်္ခါဝိတရဏဝိသုဒ္ဓိပင် ဟော-စူဠ သောတာပန် လို့တွင်॥

စူဠ=အငယ်ခေါ်တယ်၊ သောတာပန် အငယ်စားဖြစ်ပြီ၊ အပါယ်ခွင်မရောက်၊ စူဠသောတာပန်ဆိုလျှင် အပါယ်မကျဘူး. ဆိုတာ ဘယ်တော့မှ မကျဘူးလား ဒီလိုမေးလိုက်॥

"အပရိဟီန ကင်္ခါဝိတရဏဝိသုဒ္ဓိကော"

ဝိသုဒ္ဓိမဂ်-မဟာဋီကာ ထောက်လိုက် ကင်္ခါဝိတရဏဝိသုဒ္ဓိ မလျော့သေးလျှင် ဝိသုဒ္ဓိ အတန်းမှာတည်နေလျှင် စူဠသောတာပန် အပါယ်မကျ ကင်္ခါဝိတရဏဝိသုဒ္ဓိ ပစ္စယပရိဂ္ဂဟ ဉာဏ်လျော့သွားပြီး နာမ်ရုပ်လဲမထင် "အန္ဓ" ပုထုဇဉ်ဖြစ်လျှင် အပါယ်ကျရော....။

သဘောကျရဲ့လား ?

။ ကျပါတယ်ဘုရား။ ။

ဘယ်တော့မှမကျဘူးဆိုတာ သောတာပန်, အရိယာ၊ စူဠသောတာပန်က တက်ချီ-ဆင်းချီ ရှိတယ်၊ သူလဲ နိစ္စနေလျှင်တော့ မကျပါဘူး။

"စူဠသောတာပန်လို့တွင် အပါယ်ခွင်မရောက် ဝမ်းမြောက်ဘွယ်တခု" လဒ္ဓသာသော ကြည့်ရေးထာ၊ ငါသေလျှင် အပါယ်မကျကော့ဘူးဟော့လို့ သိသောကြောင့် ဝမ်းမြောက်ဘွယ်တခု ဝမ်းသာလုံးတခုရပြီ၊ ဘာဖြစ်လို့ အပါယ်မကျတော့ဘူးဟော့လို့ သိရပါသလဲ "နာမ်ရုပ်ကိုမြင် အငှတ်မှားလေးခုစင်"လို့ ဒိဋ္ဌိပြုတ်လို့ ဆိုလိုတယ်။

။ မှန်ပါဘုရား။ ။

"အပါယ်မရောက် ဝမ်းမြောက်ဘွယ်တခု ခိုင်မြဲမှုသာသနာ" ဟော....သာသနာမှာ ခိုင်မြဲသွားပြီ ရေသောက်မြစ် တွယ်သွားပြီ ဆိုလိုတယ်၊ ဘာဖြစ်လို့လဲမေးလျှင် ပစ္စယပရိဂ္ဂဟ ဉာဏ်ပိုင်ပြီ၊ အကြောင်းမှန် ကောင်းကောင်းကြီးသိပြီတဲ့၊ ဘယ်လိုသိသလဲ,

ဘုရားဒေသနာတော်ကလဲ အကြောင်းတရားသည် နာမ်ရုပ်လို့ မပြောခဲ့ဘူးလား ?

॥ ပြောခဲ့ပါတယ်ဘုရား॥ ॥

ကိုယ်တွေ့နဲ့လဲ ကိုက်သွားတယ်၊ ခန္ဓာကြည့်လိုက်တော့ ပေါ်, သိ,ရုပ်,နာမ်အပြင် သည့်ပြင်ရှိသေးသလား ?

॥ မရှိပါဘုရား॥ ॥

**အနတ္တမြင် ဒိဋ္ဌိစင်॥**

ဒါဖြင့်-ပေါ်,သိ,သည် အကြောင်းဖြစ်ရ၊ ရုပ်,နာမ်,သည် အကြောင်းဖြစ်ရ၊ သည့်ပြင်အကြောင်း ရှာမတွေ့တော့ဘူး၊ ဒါကြောင့် ဘုရားဒေသနာတော်နဲ့ မိမိကိုယ်တွေ့မြင်တာနဲ့ ကိုက်သောကြောင့် ဘုရားသာသနာသည် အကြောင်းမှန်ပြတဲ့ သာသနာဘဲလို့ တကယ်ဆုံးဖြတ်ပြီးသည် ဖြစ်လေသောကြောင့် ဘုရားသာသနာတော်ထဲမှာ ရေသောက်မြစ်တွယ်သွားပြီ ဆိုလိုတယ်၊ သည့်ပြင် ဘာသာ သာသနာသို့ မပြောင်းတော့ပါ ဆိုလိုသည်နော်....॥

॥ မှန်ပါဘုရား॥ ॥

ပသီ-ဦးသီလာစာရ ဝေါမြို့ ရောက်သွားတဲ့အခါမှာ ဆိုလျှင် မဟာမေဒင်ဘာသာ ပသီဘာသာ ပုဂ္ဂိုလ်တို့အား ခွင့်ပန်တယ်၊ သံသယရှိလျှင်မေးပါ, ယုံမှားရှိမယ်ဆိုလျှင်မေးပါလို့ ဤကဲ့သို့ ခွင့်ပေးလိုက်တဲ့အခါမှာ စလေမန်တဲ့ အင်္ဂလိပ်ကျောင်းဆရာကြီး ဆယ်တန်းကျောင်းအုပ်ဆရာကြီးပေါ့ အဲဒီ ဆယ်တန်းကျောင်းအုပ်ဆရာကြီးဖြစ်တဲ့ စလေမန်က အရှင်ဘုရား ပသီဘာသာကိုစွန့်၍ မဟာမက်ဘာသာကိုစွန့်၍ ဗုဒ္ဓဘာသာထဲသို့ ဝင်သွားတာ

ဘာအကြောင်းကြောင့်လဲ ဘုရားလို့ လျှောက်ထားသောအခါ ဝယ်။

တိုတိုလေးဖြေလိုက်တယ်၊ ဗုဒ္ဓဘာသာမှာသာလျှင်"အနတ္တ" ရှိတယ်၊ အနတ္တဆိုတာ ရုပ်,နာမ် ခေါ်တယ်၊ အနတ္တ ရုပ်,နာမ် သာရှိတယ်၊ သည့်ပြင်ဘာသာမှာ အနတ္တ ရုပ်,နာမ် မရှိသော ကြောင့် ဗုဒ္ဓဘာသာထဲသို့ ဝင်ပြီးတော့ သွားရပါတယ်လို့ ဖြေ လိုက်သည်။

ဟုတ်ကဲ့လား ?

။ မှန်ပါဘုရား။ ။

သည့်ပြင် ဘာသာ သာသနာမှာ အနတ္တ ငါမဟုတ် ကိုယ်မ ဟုတ် အစိုးမရဆိုတာ မရှိဘူးခေါ်တယ်၊ အနတ္တ စစ်စစ်သိလျှင် ရုပ်,နာမ်,သိ,မှ ခေါ်တယ်၊ အားလုံးရှင်းပလား ?

။ ရှင်းပါပြီဘုရား။ ။

ရှင်းသွားပြီနော်....။

ဆောင်။ ။ပရမတ်သံသရာတွင် ကြောင်းကျိုး, နာမ်ရုပ်နဲ့ ဖြစ်ပျက်တွေကိုမြင် ပစ္စယပရိဂ္ဂဟဉာဏ်ပင် ယုံမှား သယ်ခြောက်ပါး ရှစ်ပါးစင်, ကင်္ခါဝိတရဏာဝိသုဒ္ဓိပင်, စူဠ သောတာပန်လို့တွင် အပါယ်ခွင်မရောက် ဝမ်းမြောက်ဘွယ်တခု ိုင်မြဲမှုသာသနာ သုံးဖြာအကျိုးရ။

ကုန်သွားပြီ ဉာဏ်ကလေးတော့.... ထိတ်စရာပြ သံဝေဂ လေးပါး ထည့်သွင်းဟောပြောလိုက်မယ်။

သံဝေဂခဏ်း။

ဆောင်။ ။အစလဲမမြင်, အဆုံးလဲမထင်သည့် သံသရာပြင်ဝယ် အန္ဓပုထုဇဉ် အမြဲပင် လည်နေရမှာပါတကား။

သံသရာကြီးသည် အစအဆုံးရှိရဲ့လား ?
။ မရှိပါဘုရား။ ။

အစအဆုံးမရှိတဲ့ သံသရာကြီးထဲမှာ ဘယ်သူလည်နေသလဲ ?
။ အန္ဓပုထုဇဉ်တွေ လည်နေရပါဘုရား။ ။

အန္ဓဆိုတာ နာမ်ရုပ်မမြင်တာ အငုတ်မစင်မစင်တာနော်....။
။ မှန်ပါဘုရား။ ။

ဟိုကြည့် ဒီကြည့်မကြည့်နဲ့ မိမိနာမ်ရုပ်မမြင်လျှင် မိမိကို အန္ဓခေါ် ငါဘဲ လည်နေတယ်လို့ ကိုယ့်ကိုယ် ကိုယ်ဆုံးဖြတ်နော်....။
။ မှန်ပါဘုရား။ ။

ပညတ်သံသရာဆိုလျှင် ဘုံသုံးဆယ့်တစ် သုဒ္ဓါဝါသ ငါးဘုံနှုပ် ဘယ်လောက်ကျန်သလဲ ?
။ နှစ်ဆယ့်ခြောက်ဘုံ ကျန်ပါဘုရား။ ။

နှစ်ဆယ့်ခြောက်ဘုံမှာတော့ လည်နေတာဘဲ သုဒ္ဓါဝါသဘုံဆိုတာက အနာဂါမ်နဲ့ ရဟန္တာသာဖြစ်တယ်၊ အဲဒီဘုံ ရောက်သွားလို့ရှိလျှင် တခေါက်မပြန်တော့ဘူး နိဗ္ဗာန်ကူးသွားတာဘဲ။
မဟုတ်ဘူးလား ?
။ ဟုတ်ပါတယ်ဘုရား။ ။

အဲဒါကြောင့်မို့ ဘုံသုံးဆယ့်တစ် သုဒ္ဓါဝါသ ငါးဘုံနှုတ်နှစ်ဆယ့်ခြောက်ဘုံ အကုန်ရောက်ဘူးတာဘဲ၊ အိမ်သာထဲမှာရှိတဲ့ ပိုးလောက်ကလေးတွေတောင် ရောက်ဘူးတာဘဲ မရောက်ဘူးတဲ့ ဘုံက သုဒ္ဓါဝါသ ငါးဘုံဘဲရှိတယ်။

အားလုံးရှင်းပလား ?

။ ရှင်းပါပြီဘုရား။ ။

ဆောင်။ ။ အစလဲမမြင် အဆုံးလဲမထင်သည့် သံသရာပြင်ဝယ် အန္ဓပုထုဇဉ် အမြဲပင် လည်နေရဦးမှာပါတကား၊ အပါယ်လေးခွင် ကိုယ့်အိမ်လိုပင် အမြဲအစဉ် နေရဦးမှာပါတကား။

ဟော....ဘုံသုံးဆယ့်တစ် သုဒ္ဓါဝါသ ငါးဘုံနှုတ် နှစ်ဆယ့်ခြောက်ဘုံ ဘယ်ဘုံအလည်များသလဲ အပါယ်လေးဘုံတဲ့ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အပါယ်လေးဘုံဟာ ကိုယ့်အိမ်လိုပင်တဲ့ ဟော....ရုပ်နာမ် မမြင်တဲ့အန္ဓတို့သည် ကိုယ့်အိမ် ဘယ်မှာလဲ ?

။ အပါယ်လေးဘုံမှာပါဘုရား။ ။

ဟော....ကိုယ့်အိမ်အပါယ်မှာတဲ့ တယ်ပြီးတော့ အပါယ်မှာ ဆောက်ထားတဲ့အိမ်ကြီးဟာ သိပ်ကောင်းတာ အဝီစိငရဲကြီး ဆိုလို့ရှိလျှင်အမိုးဒုက္ခ ကိုးယူဇနာ၊ အကာလဲ ကိုးယူဇနာ၊အခင်းလဲ ကိုးယူဇနာ၊ မတောင့်ဘူးလား ?

။ တောင့်ပါတယ်ဘုရား။ ။

အင်း—အင်မတန်တော့ ဟို....ဗုန်းတွေဘာတွေဟာ ဘာမှလဲ ကြောက်စရာမရှိဘူး မီးလဲမလောင်နိုင်ဘူး၊ ဟင်....အဲဒီအိမ်ကြီး ကို မလွှမ်းဘူးလား?

॥ မလွှမ်းပါဘုရား॥ ॥

အဲဒါ ကိုယ့်အိမ်ဘဲလွှမ်းတာ, မလွှမ်းတာတော့ မပြောတတ် ဘူး၊ အဲဒါ ကိုယ့်အိမ်ဘဲ။

"အပါယ်လေးခွင် ကိုယ့်အိမ်လိုပင် အမြဲအစဉ် နေရဦးမှာ ပါတကား" ဟို....သူမျှားအိမ်ကလေး၊ လူ့အိမ်ကလေး, နတ် အိမ်ကလေး, ဗြဟ္မာ့အိမ်ကလေး, နေရတာက တဘာဝတလေ ဟို....ကိုယ့်အိမ်ကို ပြန်ပြန်နေတာက နှစ်သိန်းလေးသောင်း အထု ရှိသော မဟာပထဝီမြေမှုံ့နဲ့အမျှ။

မဟုတ်ဘူးလား?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ဒါကြောင့် ကိုယ့်အိမ်တော့ ကိုယ်လွှမ်းကြတာဘဲ။

॥ မလွှမ်းပါဘူးဘုရား॥ ॥

ဟင်....မလွှမ်းသာမလွှမ်းဘယ် ကိုယ့်အိမ် ခဏခဏပြန်နေ တာဘဲ။

**နတ်ဗြဟ္မာ အပါယ်မှမလွတ်။**

**ဆောင်။** ॥ထက်နတ်ဗြဟ္မာ တက်ဖြစ်ရှာလည်း ညွှံ့သည်ပမာ မကြာခဏ ပါယ်ပြန်ရလိမ့်မှာပါတကား॥ ॥

ညွှံ့သည်တွေ ညွှံ့သည်တွေ တဲ့နော်....॥

အနွှလဲ ဒါနမရှိဘူးလား ?

॥ ရှိပါတယ်ဘုရား॥ ॥

သီလမရှိဘူးလား ?

။ ရှိပါတယ်ဘုရား။ ။

သမထစျာန်တွေ မရှိဘူးလား ?

။ ရှိပါတယ်ဘုရား။ ။

ဒီ-ဒါန-သီလ-သမထ,တွေ ရှိမယ်ဆိုလျှင်, အထက်နတ်,ဗြဟ္မာ အထက်နတ်တွေမဖြစ်ဘူးလား ?

။ ဖြစ်ပါတယ်ဘုရား။ ။

ဗြဟ္မာတွေမဖြစ်ဘူးလား ?

။ ဖြစ်ပါတယ်ဘုရား။ ။

ဒီ....ဒါန, သီလ, သမထ, အကျိုးပေးတော့၊ နတ်ဗြဟ္မာတွေ ဖြစ်ထားပေါ့၊ "ထက်နတ်,ဗြဟ္မာ, တက်ဖြစ်ရှာလည်း, ညှော်သည် ပမာ" ဟော...ဘယ့်နှယ် လူဖြစ်လဲညှော်သည် ဆိုပါကလား၊ နတ်တွေကော ?

။ ညှော်သည်ပါဘုရား။ ။

ဗြဟ္မာတွေကော ?

။ ညှော်သည်ပါဘုရား။ ။

ဒါဖြင့်....ယခု တရားနာပရိသတ်တွေကော ?

။ ညှော်သည်ပါဘုရား။ ။

ဟင်....ဒါဖြင့် ဘယ်ပလဲ ကိုယ့် အိမ် အိမ်သယ်ဘယ်ဓလဲ ?

။ အပါယ်မှာပါဘုရား။ ။

အင်း--ဟင်း...ဟင်း....(ရယ်၍ပြောသည်) အပါယ်မှာတဲ့....။

"ညှော်သည်ပမာ မကြာခဏ ပါယ်ပြန်ရလိမ့်မှာပါတကား" ကဲ....ခုလာနေတာ ခဏလေးမရောက်ဘူးလို့ လာလည်ကြတာဘဲ

တော်တော်ကြာ ဘယ်သွားကြမလဲ အပါယ်ပြန်မယ်, အပါယ်ပြန်မယ်တဲ့၊ ကိုယ့်အိမ်ကိုယ်ပြန်တော့မှာဘဲ၊ အပေါ်တက်ထာဒါန,သီလ,သမထ ကုသိုလ်နော်....။

॥ မှန်ပါဘုရား။ ॥

ကိုယ့်အိမ်ကိုယ်ပြန်တာ ဘယ်သူ့လက်ချက်?

॥ အကုသိုလ်ပါဘုရား။ ॥

အကုသိုလ် မပြဋ္ဌာန်းဘူး၊ ဒိဋ္ဌိလက်ချက် ခေါ်တယ်။

॥ မှန်ပါဘုရား။ ॥

**ဒိဋ္ဌိရှိက ပါယ်ပြန်ရအံ့။**

တစ်တရားခံ ဒိဋ္ဌိကြီးနော်....သူကနေပြီး သကာလ မင်းတို့တော်လောက်ပြီ ကဲ....ကိုယ့်အိမ်ကိုယ်ပြန်တော့ဆိုတော့ တံခါးပိတ်လိုက်တော့ ချာကနဲလည်သွားတာဘဲ သဘောကျရဲ့လား?

॥ ကျပါတယ်ဘုရား။ ॥

**ဆောင်။** ॥ထက်နတ်, ဗြဟ္မာ, တက်ဖြစ်ရှာလည်း, ညွှတ်သည်ပမာ, မကြာခဏ, ပါယ်ပြန်ရလိမ့်မှာပါတကား။

ကြောက်ဘွယ်ဘေးဘျမ်း, ဆိုးသွမ်းအပေါင်း, မကောင်းဟူသမျှ, ပေါ်ရနင့်တာ, နင်သာခံရလိမ့်မှာပါတကား။ ॥နင့်ကြောင့်ပေါ်,နင်သော်ခံတော့လေး....။

မျက်စေ့တဆုံးကြည့်တာ, ကြည့်တော့ လူ့ပြည်ကြီးမှာကြောက်ဘွယ် ဘေးဘျမ်းတွေ မရှိဘူးလား ?

॥ ရှိပါတယ်ဘုရား။ ॥

ဆိုးသွမ်းတာတွေ မရှိဘူးလား?

॥ ရှိပါတယ်ဘုရား။ ॥

မကောင်းတာတွေ မရှိဘူးလား ?
॥ ရှိပါတယ်ဘုရား॥ ॥

မျက်စေ့နဲ့ ပတ်သက်၍ မကောင်းတာ,
နားနဲ့ပတ်သက်၍ မကောင်းတာ,
နှာခေါင်းနဲ့ ပတ်သက်၍ မကောင်းတာ,
လျှာနဲ့ပတ်သက်၍ မကောင်းတာ,
ကိုယ်နဲ့ပတ်သက်၍ မကောင်းတာ,
စိတ်နဲ့ပတ်သက်၍ မကောင်းတာတွေ မရှိဘူးလား ?
॥ ရှိပါတယ်ဘုရား॥ ॥

အဲဒါ "ကြောက်ဘွယ်ဘေးဘျမ်း, ဆိုးသွမ်း အပေါင်း မကောင်းဟုသမျှ ပေါ်ရနင့်တာ" နင့်ကြောင့်ပေါ်တယ်တဲ့ နင် ဆိုတာ "အနွ" အနွဆိုတာဟာ စစ်စစ်ဆိုလျှင် ဒိဋ္ဌိ ဟုတ်လား ?
"ဟုတ်ပါတယ်ဘုရား॥ ॥

ဒိ-ဒိဋ္ဌိလေးကြောင့် ပေါ်တယ် ခေါ်တယ်၊ အဲဒါကိုယ့်ရင် တွင် နာမ်အစဉ်မှာ နာမ်ရုပ် မမြင်လို့ရှိလျှင် ဒိဋ္ဌိကလေးဝင်ဝင် နေတယ်၊ "ပေါ်ရနင့်တာ နင်သာခံရလိမ့်မှာပါတကား၊ နင့် ကြောင့်ပေါ် နင်သော်ခံတော့လေး"တဲ့

ရှင်းသွားပလား ?
॥ ရှင်းပါပြီဘုရား॥ ॥
ကိုယ့်ကြောင့်ပေါ် ကိုယ်ခံပေါ့ ထောင်တွေ ဂါတ်တွေ ဘယ်သူ့ကြောင့်ပေါ် ?
॥ ကိုယ့်ကြောင့်ပေါ်ပါဘုရား॥ ॥

ကိုယ့်ကြောင့်ပေါ်လျှင် ထောင့်ဂါတ်ကိုယ်ခံပေါ့ ကျွန်းတွေ့ နောက်ပြီးတော့ ကြိုးတွေလဲ ကိုယ့်ကြောင့်ပေါ်တာ ကိုယ့်ကြောင့်ပေါ်လျှင် ကိုယ်ဘဲ ကျွန်းကျမှာပေါ့ ကိုယ်ဘဲ ကြိုးကျမှာပေါ့ ဟုတ်ကဲ့လား?

။ ဟုတ်ပါတယ်ဘုရား။ ။

အဲဒါ ကိုယ့်ကြောင့်ပေါ် ကိုယ်ခံပေါ့ သဘောကျပလား?

။ ကျပါပြီဘုရား။ ။

**ယာနိ ကာနိစိ ဘိက္ခဝေ ဘယာနိ ဥပ္ပဇ္ဇန္တိ။**
**သဗ္ဗာနိ တာနိ ဗာလတော ဥပ္ပဇ္ဇန္တိ၊ နောပဏ္ဍိတတော၊**

ဆိုတဲ့ တိကနိပါတ် ဗာလသုတ်ကိုကြည့်ရေးတာ ဘုရားဟောတွေ့ ဘုရားဟောတွေ့ လက်တွေ့တွေဘဲနော်....

။ မှန်ပါဘုရား။ ။

**ဆောင်။** ။ တကယ်ခံရ ပြင်းထန်လှ၍ ယိုကျနင့်မျက်ရည်လေးတွေ သမုဒ္ဒရာ ရေမှာနည်းသေး နင်ဘေးတွေ့ခဲ့ပြီ နောင်လဲ တွေ့လိမ့်ဦးမှာပါတကား။

လူတွေက ပြောတတ်တယ်၊ ဒီဘဝ ဒီကိုယ်စံပေါ့ကွာ နောက်ဘဝနောက်ကိုခံတော့ပေါ့ကွာဆိုပြီး လုပ်ချင်သလို လုပ်တတ်တယ်၊ နောက်ဘဝကျတော့ သိတာပေါ့ ငါဘာလုပ်ခဲ့လို့ ဒီလို ဒုက္ခတွေတွေ့ရတယ်လို့ ဆိုတာ သိတာဘဲ ခုနပြောခဲ့တဲ့ဒုက္ခတွေ ပြင်းပြင်းထန်ထန်ခံရ၊ အဲဒီလိုခံရတဲ့ အခါမှာဆိုလျှင် မျက်ရည်ကလေး တွေ့တွေ့တွေ့တွေ့ မကျဘူးလား?

။ ကျပါတယ်ဘုရား။ ။

နွားများတောင် နွားသတ်ရုံမောင်းတော့ မောင်းခါနီးဆဲဆဲလေးမှာ နွားတိုင်း နွားတိုင်း သွားကြည့် မျက်ရည်လေး တွေတွေ တွေတွေ ကျနေတာဘဲ၊ ဟိုကျတော့ လိုချင်တဲ့ နွားလေးတခု လက်မှတ်ထိုးပြီး ထုတ်လိုက်တဲ့အခါကျတော့ ကျန်နွားတွေ အဲဒီတော့မှ မျက်ရည်တိတ်တယ်။

။ မှန်ပါဘုရား။ ။

တော်တော် ကြောက်စရာကောင်းတာဘဲ "တကယ်ခံရ ပြင်းထန်လှ၍ ယိုကျမျက်ရည်" ဒုက္ခတွေတိုင်း တွေ့တိုင်း ငိုရတဲ့မျက်ရည်လေးတွေကို စုစုထားမယ်ဆိုလျှင်၊ မျက်ရည်က သမုဒ်ရေ ထက်များသေးတယ်၊ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

**သိအပ်စရာ ပုံပမာ။**

ဝနဝါသီ-တောထဲမှာနေတဲ့ တိဿ သာမဏေလေးနဲ့ ဘုရားရှင်ကိုယ်တော်မြတ် ရင်ဘောင်တန်းပြီးတော့ တောင်ပေါ်တက်သွားတဲ့အခါမှာ တောင်ထိပ်ရောက်တော့ မြတ်စွာဘုရားက ချစ်သားတိဿ တောင်ပေါ်ကကြည့်လိုက်တဲ့အခါမှာ ဘာတွေများ မြင်သလဲလို့ မေးလိုက်တဲ့အခါမှာ....။

မြတ်စွာဘုရား သမုဒ္ဒရာလေးစင်းမှာရှိသော ရေတွေကိုမြင်ပါတယ်ဘုရား။

ချစ်သား၊ တိဿ၊ ဤရေတွေ မြင်တိုင်း မြင်တိုင်း ဘယ်လိုများစိတ်ကူးသလဲ၊ ဘယ်လိုများ ဆင်ခြင်မိသလဲလို့ မေးပြန်သောအခါဝယ်....

မြတ်စွာဘုရား၊ သမုဒ္ဒရာလေးစင်းမှာရှိတဲ့ ရေတွေကို မြင်ရတိုင်း မြင်ရတိုင်း၊ အော်....အနမတဂ္ဂ သံသရာကစပြီး သကာလ ဒုက္ခ ရောက်တိုင်း ရောက်တိုင်း၊ ငိုရတဲ့ မျက်ရည်တွေကို စုစု စုစု ထားမယ်ဆိုလျှင်၊ သမုဒ္ဒရာလေးစင်းမှာရှိတဲ့ ရေထက်ပင်၊ မျက်ရည်တွေက များပါကလားလို့ ဆင်ခြင်မိပါတယ် မြတ်စွာဘုရားလို့ လျှောက်ထားလိုက်သော အခါဝယ်....။

သာဓု-သာဓု-သာဓု-တိဿ တိဿ တိဿ၊ ငါဘုရား ရွှေဉာဏ်တော်နဲ့ ကိုက်ညီအောင် ဖြေဖေါ်ရပါသဖြင့် တော်ပါပေစွ တော်ပါပေစွလို့ ဘုရားရှင်ကိုယ်တော်မြတ်ကခုနစ်နှစ်အရွယ်ရှိသော တိဿ သာမဏေလေးအား ချီးမြှင့်တော်မူသတဲ့။

ဒါကြောင့်....ကန်ရေများ တွေ့မယ်၊ ချောင်းရေများတွေ့မယ်၊ ပင်လယ်ရေများတွေ့မယ်၊ သမုဒ်ရေများ တွေ့မယ်ဆိုလျှင်၊ အော်....ဒီရေတွေ ဘာဟုတ်သေးသလဲ၊ ငါသည် စိတ်ဆင်းရဲတိုင်း စိတ်ဆင်းရဲတိုင်း၊ ကိုယ်ဆင်းရဲတိုင်း၊ ကိုယ်ဆင်းရဲတိုင်း၊ သောက ရောက်တိုင်း၊ သောကရောက်တိုင်း၊ စသည်တို့ဖြင့် ငိုရတဲ့မျက်ရည်လေးတွေကို စုစု စုစုထားမယ်ဆိုလျှင်၊ ဟောဒီ ရေတွေထက်ပင် အဆတရာမက အလွန်ပင် များလှပါသေးပါတကားလို့ သံဝေဂ ဖြစ်ပြီးသကာလ ဆင်လဲဆင်ခြင်ကြနော်....။

။ မှန်ပါဘုရား။ ။

**ဆောင်။** ။အမိနို့ရည်၊ သမုဒ်ရေထက်များ၊ နင်ကားမွေးခဲ့ပြီ၊ နောင်လဲ မွေးလိမ့်ဦးမှာပါတကား။

ဇာတိဒုက္ခ ကြီးကျယ်ပုံလေး၊ နောက်တုံးက မွေးရတဲ့ဘဝပေါင်း ဘယ်လောက်ရှိသလဲ၊ မရေမတွက်နိုင်ဘူး၊ တခါမွေး

လျှင်, အမိနို့ရည်တွေ, စုစုထား, မွေးတာကလဲ အနန္တဆိုတော့၊ အမိနို့ရည်ကလဲ အနန္တဖြစ်မယ်ဆိုလျှင် အမိနို့ရည်နဲ့၊ သမုဒ်ရေနဲ့ ဘယ်သင်းကများမလဲ?

॥ အမိနို့ရည်က များပါတယ်ဘုရား॥ ॥

အင်း....“အမိနို့ရည် သမုဒ်ရေထက်များ နင်ကားမွေ-ခဲ့ပြီ နောင်လဲ မွေးလိမ့်ဦးမှာ ပါတကား။

“**ကေဿ ပီဂိတံ ခိရံ၊ စတုဒမိ ဇလ ဗဟု**”လို့ အနမတဂ္ဂသုတ္တန် ဒေသနာတော်နဲ့ ကိုက်ပြီးသကာလ ယုံကြ။

**ဆောင်။** ॥ ခေါင်းပြတ်သေပေါင်း လည်ချောင်းသွေးတွေ သမုဒ်ရေထက်များ နင်ကားသေခြင်းဆိုးနဲ့ သေခဲ့လှလေပြီ နောင်လဲသေလိမ့်ဦးမှာပါတကား။

ပုထုဇဉ်-နော်....ပုထုဇဉ်တို့၏ သေခြင်းသည် ကောင်းသောသေခြင်း မကောင်းသောသေခြင်း နှစ်မျိုးတို့တွင် မကောင်းသောသေခြင်းကများသည်။

သံမုဋ္ဌမရဏ၊ အသံမုဋ္ဌမရဏ၊ နှစ်မျိုးတို့တွင် သတိလစ်, တွေ့တွေ့, ဝေဝေ, ကယောင်ကတန်း, မြည်တန်း ပြီး သကာလ သံမုဋ္ဌမရဏနဲ့ သေတာများသည်၊ ဒါကြောင့် ပုထုဇဉ်တို့၏ သေတဲ့နေရာမှာ မကောင်းသောသေခြင်းတွင် ရန်သူက လည်ပင်း လာ,လာပြီးတော့ ဖြတ်လိုက်တဲ့အခါမှာ လည်ပင်း ပြင်ကြီးနဲ့ သေရတဲ့ ဘဝပေါင်းစုံပြောမယ်နော်....။

॥ မှန်ပါဘုရား॥ ॥

လည်ပင်းတခါဖြတ်တော့ လည်ချောင်းသွေး မထွက်ဘူးလား ?

॥ ထွက်ပါတယ်ဘုရား॥ ॥

လည်ပင်းပြတ်ပေါင်းများတော့ လည်ချောင်းသွေးတွေကော မများဘူးလား ?

॥ များပါတယ်ဘုရား॥ ॥

ဒါကြောင့် လည်ပင်းပြတ်ကြီးနဲ့ သေရတဲ့ဘဝပေါင်းဟာ လည်ချောင်းသွေးနဲ့ သမုဒ်ရေနဲ့ နှိုင်းချိန်မယ်ဆိုလျှင် လည်ချောင်းသွေးက များသတဲ့နော်....॥

॥ မှန်ပါဘုရား॥

"**စတုဒ္ဒိ ဇလာ ဘိယျော၊ သီသစ္ဆေဒန လောဟိတံ**" ဆိုတဲ့ အနမတဂ္ဂသုတ္တန် ဒေသနာတော်နဲ့ ကိုက်ပြီးတော့လဲ ယုံကြနော်....॥

॥ မှန်ပါဘုရား॥ ॥

"ခေါင်းပြတ်သေပေါင်း လည်ချောင်းသွေးတွေ သမုဒ်ရေထက်များ နင်ကား သေခြင်းဆိုးနဲ့ သေခဲ့လှလေပြီ နောင်လဲ သေခြင်းဆိုးနဲ့ သေရလိမ့်ဦးမှာပါတကား"॥

တယ်ကြောက်စရာကောင်း မွေးတဲ့ဇာတိဒုက္ခ၊ သေတဲ့ မရဏဒုက္ခ၊ ဒီနှစ်ခုကို အစနဲ့အဆုံး ကိုင်ပြလိုက်တယ်နော်....

॥ မှန်ပါဘုရား॥ ॥

အိုရတဲ့ ဒုက္ခ၊ နာရတဲ့ ဒုက္ခ၊ စိတ်ဆင်းရဲရတဲ့ ဒုက္ခ၊ ကိုယ်ဆင်းရဲရတဲ့ ဒုက္ခ၊ ချစ်သောသူတို့နဲ့ ကွေကွင်းရတဲ့ ဒုက္ခ၊ မုန်းသောသူတို့နဲ့ အတူယှဉ်တွဲပြီးတော့နေရတဲ့ ဒုက္ခ၊ "သံခိတ္တေန ပဉ္စုပါဒါ

နက္ခန္တာပိ” ဒုက္ခအကျဉ်းအားဖြင့် ပြောပြမယ်ဆိုလျှင် ရုပ်,နာမ် ရှိနေတဲ့ ဒုက္ခမှန်သမျှ အကုန်လုံး တွေ့ကြတော့မယ်ဆိုတာ ယုံလဲ ယုံကြနော်....

။ မှန်ပါဘုရား။

“နင်ဝယ်သတိထား နင့်ကိုသနားလို့ မြတ်ဘုရားပွင့်လာ” ဘုရားပွင့်တာ သနားလို့ ပွင့်သတဲ့....။

။ မှန်ပါတယ်ဘုရား။ ။

ဘယ်သူ့သနားလို့လဲ “နင်” နင့်ဆိုတာ အန္ဓ၊ အန္ဓဆိုတာ ရုပ်,နာမ် မမြင်တာနော်....။

။ မှန်ပါဘုရား။ ။

**ဆောင်။** ။နင်ဝယ်သတိထား, နင့်ကိုသနားလို့, မြတ်ဘုရား ပွင့်လာ, ဒေသနာဆေး, တိုက်ကျွေးပါလျက်, နင် မသောက်ချက်, နင့်တွက်နင့်တာ, နင်မလိမ္မာလို့, နင့်သံသရာ, နင့်သာလည်ကြ, နင့်ဒုက္ခ, ခံရနင့်ကိုယ်ပါတကား။ ။

ဘုရားပွင့်ပြီး ဘာလုပ်လာသလဲ, တရားဟောတာဘဲ သွေး ဆေး,လေဆေး,ငန်းဆေး, စားဆေး, ထိုးဆေး, ဘုရားကပေးသ လား ?

။ မပေးပါဘုရား။ ။

ဘာလုပ်လာသလဲ ?

။ တရားဟောတာပါဘုရား။ ။

တရားဟောတာ, မသေတဲ့ဆေး, မအိုတဲ့ဆေး, မနာတဲ့ဆေး နော်....။

။ မှန်ပါဘုရား။ ။

မအို့မနာ့မသေတဲ့ဆေးပေးတာ ဘုရားဘဲရှိတယ်၊ သည့်ပြင် ရှိသေးသလား ?

။ မရှိပါဘူးဘုရား။ ။

ဘုရားကိုယ်စားလည်တွေတော့ များတာပေါ့ နော်....အရင်း ခံကတော့ ဘုရားဘဲခေါ်တယ်, သဘောကျပလား ?

။ ကျပါပြီဘုရား။ ။

အင်း....“ဒေသနာဆေး့တိုက်ကျွေးပါလျက်, နင် မသောက် ချက်” အခုလူတွေကြည့်စမ်း ဘုရားဆုပန်ခဲ့သလား, ပစ္စေကဗုဒ္ဓ ဆု ပန်ခဲ့သလား, အဲဒီနှစ်ခုပန်ခဲ့လို့ ရှိလျှင်, တရားမနာလျှင် ကိစ္စ မရှိဘူး၊ ရဟန္တာဆုပန်ခဲ့တယ်, အဂ္ဂသာဝက, မဟာသာဝက, ပကတိသာဝက, ရဟန္တာမျိုးတို့တွင် ကြုံကြိုက်တဲ့ဆု ပန်ခဲ့မယ်, အဲဒီလိုပန်ခဲ့တဲ့ပုဂ္ဂိုလ်ဟာ ပထမပုထုဇဉ်က သောတာပန်ဖြစ်ဘို့ရာ တရားနာရတယ်၊ မနာလျှင် ဘယ်နည်းနှင့်မှ, သောတာပန့်မဖြစ် ဘူး။

**သောတာပန်ဖြစ်ခြင်း အင်္ဂါနှစ်ပါးတဲ့....**

**ပရတောဃောသ=တရားနာမှုက=တစ်**

**အဇ္ဈတ္တဥ္စယောနိသော မနသိကာရ=အားထုတ်မှုက=နှစ်။**

ဟော....တရားလဲနာရမယ်၊ နာရုံနဲ့ကိစ္စမပြီးသေးဘူး တရား လဲအားထုတ်ရမယ်၊ အဲဒီနှစ်ခုနော်....သဘောကျပလား ?

။ ကျပါပြီဘုရား။ ။

အဲဒါ....တရားနာမပျင်းနဲ့ တရားနာမပျင်းနဲ့၊ တကယ်၍ ပျင်းလျှင်,သောတာပန်, မဖြစ်, မဖြစ်လို့ရှိလျှင် အပါယ်ကျဦး မှာဘဲ။

၁၂

ကိုယ့်အိမ်ကို ပြန်ချင်တဲ့လူသည် တရား,နာ,မနာ ?

॥ တရားမနာပါဘုရား॥ ॥

အင်း....ဒါဖြင့် တရားမနာတဲ့လူသည် ဘယ်သွားမလဲ ?

॥ ကိုယ်အိမ်ကို့ ပြန်မှာပါဘုရား॥ ॥

ကိုယ့်အိမ်ကို ပြန်မယ်တဲ့ ကိုယ့်အိမ်ကဘယ်လိုလဲ ရန်ကုန် ပြောတာလား ?

॥ အပါယ်ပါဘုရား॥ ॥

အပါယ်တဲ့ ဒါဖြင့် တရားနာတဲ့လူတွေ ဘယ်နယ်လဲ, ကိုယ်အိမ်ကို ဘယ့်နယ်လဲ ?

॥ မပြန်ချင်တော့ပါဘူးဘုရား॥ ॥

မပြန်ချင်တော့ဘူးတဲ့, လွမ်းလို့ပြန်ချင်သေးသလား ?

॥ မပြန်ချင်တော့ပါဘုရား॥ ॥

အချောင်ထွက်ပြီးတော့လဲ မပြေးနဲ့နော်....တရားနာမယ်ဆိုလို့ရှိလျှင် နာမ်ရုပ်မြင်အောင် နာကြ ဟုတ်ကဲ့လား ?

॥ မှန်ပါဘုရား॥ ॥

"ဒေသနာဆေး တိုက်ကျွေးပါလျက်,နင်မသောက်ချက်, နင့်တွက်နင့်တာ, နင်မလိမ္မာလို့"

အဖေကလဲ, အဖေအတွက်စဉ်းစား၊အမေကလဲ အမေအတွက်စဉ်းစား၊ သားသမီးကလဲ, သားသမီးအတွက်စဉ်းစား၊ လင်ကလဲ လင်အတွက်, မယားကလဲ မယားအတွက်, အဲ-ငါ အရေးမကြီးဘူး နင်တို့သာအရေးကြီးတယ်၊ နင်တို့အလျင်သွား ဟင်....တွန်းချတတ်တယ်။

ယောဂျဲုးတွေ ဓမ္မတာလေ, နင်တို့ ဟို....မိုးညှင်းဆရာတော်ကြီး ပြောသလိုပေါ့၊ အံမာ ဒို့ ယောဂျဲုးတွေဟာလေ ဒကာမတွေကို အတော်သနားတယ်, နင်တို့အပါယ်မကျစေနဲ့ ဒို့အပါယ် ကျချင်ကျပစေလို့ ဆိုပြီးတော့ သူတို့ကို အလျှင်တွန်းသတဲ့၊ တယ်သနားစိတ် အားကြီးတာဘဲနော်....ဟင်....ကိုယ့်အတွက်တော့ ကိုယ်မလိမ္မာဘူး။

"နင့်တွက်နင့်တာ, နင်မလိမ္မာလို့, နင့်သံသရာ, နင်သာလည်ကြ, နင့်ဒုက္ခ ခံရနင့်ကိုယ်ပါတကား"

ကိုယ့်သံသရာ ကိုယ်လည်မှာ ဟို....သားသမီးလည်တဲ့ သံသရာ အဖေ့မိဘခံလို့ရပါ့မလား ?

॥ မရပါဘုရား॥ ॥

မရဘူး....ထိတ်စရာပြ သံဝေဂလေးတွေပါ ထည့်သွင်းပြီး သကာလ ကရုဏာသန်သန်ထား၊ မေတ္တာများများဖြင့် ဟောလိုက်ပေသည်။

သံသရာထဲမှာ ဒုက္ခချိန်လိုက်၊ ဆင်းရဲဒါ ဘယ့်လောက်ရှိသလဲလို့မေးလျှင်၊ အသခေ်ျအနန္တ သံသရာထဲမှာ ဆင်းရဲဒါအနန္တဆိုလျှင် သံသရာကလွတ်သွားတဲ့နိဗ္ဗာန်ကျပြီဆိုလျှင် ချမ်းသာဒါ အနန္တနော်....

॥ မှန်ပါဘုရား॥ ॥

ဆင်းရဲဒါ တသိန်းရှိမယ်ဆိုလျှင် ပြောင်းပြန်လှန် နိဗ္ဗာန်ကျလျှင် ချမ်းသာတသိန်း၊ သံသရာထဲမှာ ဆင်းရဲဒါ **အနန္တ**ဆိုလျှင် နိဗ္ဗာန်ကျပြီဆိုလျှင် ချမ်းသာဒါ **အနန္တ**နော်...။

॥ မှန်ပါဘုရား။

ဆင်းရဲဒါ တသိန်းရှိမယ်ဆိုလျှင် ပြောင်းပြန်လှန် နိဗ္ဗာန်ကျလျှင် ချမ်းသာတသိန်း၊ သံသရာထဲမှာ ဆင်းရဲဒါ အနန္တဆိုလျှင် နိဗ္ဗာန်ကျပြီဆိုလျှင် ချမ်းသာဒါ အနန္တနော်....။

။ မှန်ပါဘုရား။ ။

နိရယေ၊ ချမ်းသာမှုကင်းသော သံသရာ ဝဋ်ဆင်းရဲကြီးထဲ၌ ဘယသန္တာသံ၊ ကြောက်စရာကောင်းပုံ၊ ထိပ်စရာကောင်းပုံ ဆိုတဲ့ ဆိုးကျိုးတမျိုးကိုရင်း။ နိဗ္ဗာနေ၊ သံသရာဇာတ်သိမ်း ချုပ်ငြိမ်းသွားတဲ့ အငြိမ်းဓာတ် နိဗ္ဗာန်ချမ်းသာမြတ်ကြီး၌။ ဝိပုလံ-သုခံ၊ ပြောလို့ကိုမကုန်နိုင်၊ ဟောလို့ကိုမကုန်နိုင်တဲ့ အကြီးအကျယ် ချမ်းသာထူး ချမ်းသာမြတ်ဆိုတဲ့ ကောင်းကျိုးတမျိုးကိုရင်း။ ဥဘယာနိ တောနိ အတ္တာနိ၊ ဒီ ဆိုးကျိုး ကောင်းကျိုး ထိုနှစ်မျိုးတို့ကို။ ယောဂိနာ၊ ကမ္မဋ္ဌာန်းကို နင်လား ငါလားနဲ့ တကယ်တန်း လုံးပန်းကြိုးကုတ် အားထုတ်၍နေကြတဲ့ ရဟန်းလူရှင် သူတော်စင်အစစ်မှန်ခဲ့ပါလျှင်။ ဒဿေတဗ္ဗာနိ၊ မမြင့်မြင်အောင်၊ မထင့်ထင်အောင်၊ ပြအပ်၊ ပြသင့် ပြထိုက်ကုန်တော့သည်သာလျှင်ကတည်း။ ။

## သာဓု-သာဓု-သာဓု

ကနေ့ ပစ္စယပရိဂ္ဂဟဉာဏ်ခဏ်းနှင့်တကွ သံဝေဂလေးတွေပါ ထည့်ပြီးသကာလ ဟောပြလိုက်ရခြင်းသည် ရင်တွင် နာမ်အစဉ် မှာဆိုလို့ရှိလျှင် အသိဉာဏ်များ ရှေးတုံးကမသိတာ သိသွားပါလိမ့်မယ်၊ သိပြီးသား ပိုပြီးတော့ ရှင်းသွားပါလိမ့်မယ်။

ဒါကြောင့် နာမ်ခေတ်မှာ ဝိဇ္ဇာဆိုတဲ့ အသိဉာဏ်ကလေးကပ်မယ်ဆိုလျှင် နာမ်ဆက်ပြတ်၊ နိဗ္ဗာန်ရောက်တော့မယ်ဆိုတာ ဝမ်းမြောက်သောအလား တရားတော် ချီးကျူးသောအားဖြင့် သုံးကြိမ် ကိုယ်မြို့ ကိုယ့်ရွာဒေသမှာ တရားများ ကွယ်ပြီးတော့ မသွားရလေအောင် အားပေးသောအားဖြင့် သုံးကြိမ် သာဓု ခေါ်နိုင်ကြပါစေကုန်သတည်း။ ။

သာဓု-သာဓု-သာဓု

ပစ္စယပရိဂ္ဂဟဉာဏ်-ကင်္ခါဝိတရဏဝိသုဒ္ဓိခဏ်း

ညတရားတော် ပြီး၏။

ကျေးဇူးရှင်

မူလ-ကသစ်ဝိုင် ဆရာတော်ဘုရားကြီးကိုယ်တိုင်

ဟောကြားတော်မူခဲ့သော

# ဗိုလ်ငါးပါး

# အလုပ်ပေး—ထိုင်တရားတော်

စတုတ္ထနေ့-နံနက်ပိုင်း

ဒုလ္လဘဒေသနာ

ကျေးရွာရှင်

မူလ-ကသစ်ဝိုင်ဆရာတော်ဘုရားကြီး၏

# မိုးလင်းငါးပါး

# အလုပ်ပေး-ဆိုင်တရားတော်

စတုတ္ထနေ့-နံနက်ပိုင်း

ဒုလ္လဘဒေသနာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**တရားမထိုင်မီ နာရီဝက်။**

လက်ချတား, လက်ချထား, မျက်လုံးမှိတ် စိတ်ရင်ထဲမှာထား ပေါ်ဒါမှတ်နေကြ။

ပေါ်ဒါဘယ်နှစ်မျိုးလဲ ?

။ ငါးမျိုးပါဘုရား။ ။

ငါးမျိုး ပူဒါတမျိုး, အေးဒါတမျိုး, လှုပ်ထာတမျိုး, ဆင်းရဲဒါတမျိုး, ချမ်းသာဒါတမျိုး။ ။

ပေါ်ဒါ တမျိုးထဲလား မျိုးစုံလား ?

။ မျိုးစုံပါဘုရား။ ။

မျိုးစုံဆိုလျှင် ဘာခေါ်သလဲ ?

။ ရုပ်ခေါ်ပါတယ်ဘုရား။ ။

သိဒါကော တနေရာထဲမှာ သိသလား ပေါ်တိုင်းလိုက်သိသလား ?

။ ပေါ်တိုင်းလိုက်သိနေပါဘုရား။ ။

ပေါ်တိုင်းလိုက်သိလျှင် ဘာခေါ်သလဲ ?

။ နာမ်ခေါ်ပါတယ်ဘုရား။ ။

ရုပ်နဲ့ နာမ်နဲ့ နှစ်ခုနော် ပေါ်ဒါနဲ့ သိဒါ နှစ်ခု ပေါ်လိုက်ထာနဲ့ သိလိုက်ထာ တပြိုင်နက်နော် မရှေးမနှောင်း တပြိုင်နက်နော်....

။ မှန်ပါဘုရား။ ။

ဘယ်သူကရှေ့ ဘယ်သူကနောက်လို့ ဒီလိုမရှိဘူး တပြိုင်နက်ဘဲ၊ ပေါ်လျှင်သိ, သိလျှင်ပျက်, ပေါ်,သိ,ပျက်နှင့်သွားလျှင် ဘယ်ရောက်မဘဲ ရုပ်တဲ့ နိဗ္ဗာန်ကြီးကို ရောက်မယ်၊ ဒါက "လမ်းဖြောင့်"

ပေါ်ဒါပျောက်လျှင် သိပျက်နဲ့သွားရမယ်၊ သိပျက်,သိပျက်, သိပျက်,သိပျက်နဲ့ သွားမယ်ဆိုလျှင် ဘယ်ရောက်မယ် ရုပ်တဲ့ နိဗ္ဗာန်ကြီးကိုရောက်မယ်တဲ့၊ ရုပ်တဲ့နိဗ္ဗာန်ကြီးကို ရောက်မယ်တဲ့ ရုပ်တဲ့နိဗ္ဗာန်ကြီးကို မရောက်သေးခင် လှမ်းမြင်ရမယ်။

မဂ်ဉာဏ်နဲ့လှမ်းမြင်လျှင်....ဒါမဂ်ဝင်ဒါဘဲ။

ဖိုလ်ဉာဏ်နဲ့ လှမ်းမြင်လျှင်....ဒါဖိုလ်ဝင်စားတာဘဲ။

မင်္ဂဉာဏ်နဲ့ ရပ်တဲ့ နိဗ္ဗာန်ကြီးကို လှမ်းမြင်ရအောင် ဖိုလ်ဉာဏ်နဲ့ ရပ်တဲ့နိဗ္ဗာန်ကြီးကို လှမ်းမြင်ရအောင် ဘာလုပ်?

။ ဖြစ်ပျက်ကို မှတ်ရပါမယ်ဘုရား။ ။

ဖြစ်ပျက်ကိုမှတ်ရမယ်၊ ဖြစ်ပျက်မှတ်ထာနှစ်လမ်းနော်၊ ပေါ့. သိ့ပျက်မှတ်တဲ့ လမ်းဖြောင့်က တလမ်း၊ သိပျက်,သိပျက်,သိပျက် မှတ်တဲ့ "လမ်းကောက်" က တလမ်းလို့ နှစ်လမ်းရှိတယ်၊ အင်း.... နှစ်လမ်းရှိတယ်။

အဲဒီ "လမ်းဖြောင့်" သက်သက်နဲ့ဖြစ်စေ ရပ်တဲ့ နိဗ္ဗာန်ကြီးကို မင်္ဂဉာဏ်,ဖိုလ်ဉာဏ်ဖြင့် မြင်နိုင်တယ်။

"လမ်းကောက်"သက်သက်ဖြင့်ဖြစ်စေ ရပ်တဲ့ နိဗ္ဗာန်ကြီးကို မင်္ဂဉာဏ်,ဖိုလ်ဉာဏ်ဖြင့် မြင်နိုင်တယ်။

လမ်းဖြောင့် လမ်းကောက် နှစ်ခုရောပြီးသကာလ မှတ်မယ် ဆိုလို့ရှိလျှင်လဲ ရပ်တဲ့နိဗ္ဗာန်ကြီးကို မင်္ဂဉာဏ်,ဖိုလ်ဉာဏ်ဖြင့် မြင်နိုင်တယ်လို့ ဒီလိုမှတ်ထား။

မင်္ဂဉာဏ်,ဖိုလ်ဉာဏ်ဖြင့် ရပ်တဲ့နိဗ္ဗာန်ကြီးကို မြင်နိုင်ရအောင် လမ်းဖြောင့်နဲ့လဲ မှတ်နိုင်တယ်၊ လမ်းကောက်နဲ့လဲ မှတ်နိုင်တယ်၊ မှတ်တဲ့နေရာမှာ "ဗိုလ်ငါးပါး"နဲ့ မှတ်ကြစို့တဲ့။

**ဗိုလ်ငါးပါးနဲ့မှတ်ပုံ။**

ဗိုလ်ငါးပါး ဗောဓိပက္ခိယတရားတဲ့ ဗောဓိပက္ခိယတရားတဲ့ ဗောဓိ့ဆိုတာသိဒါခေါ်တယ်၊ ဗောဓိ ဗမာပြန်လျှင် "သိဒါ" ခေါ်တယ်။

ဖြစ်,ပျက်, သိဒါတမျိုး။
ရပ်ထာကို မြင်,သိဒါ တမျိုးတဲ့ နှစ်မျိုးမှတ်ထား။

(၁) ရုပ်ထာကို မြင်သိဒါက "မဂ်ဉာဏ်,ဖိုလ်ဉာဏ်,အကျိုးဗောဓိ"

(၂) ဖြစ်ပျက်ကို သိဒါ မှတ်ထာက "ဝိပဿနာဉာဏ်အကြောင်းဗောဓိ"လို့ ဒီလိုလဲ မှတ်ထားရ၊ ဗောဓိတော့သိပြီ ပက္ခိယ အသင်းဝင်ခေါ်တယ်၊ "မဂ်ဉာဏ်နဲ့ အသင်းဝင်တဲ့တရား" "ဝိပဿနာနဲ့ အသင်းဝင်တဲ့ တရားဒါကို" "ပက္ခိယ"ခေါ်တယ်။

အသင်းဝင်တဲ့တရား ဘယ်နှစ်ပါးရှိသလဲမေးလျှင် "သုံးဆယ့်ခုနစ်ပါး"ရှိတယ်၊ သုံးဆယ့်ခုနစ်ပါးထဲမှာ "ဗိုလ်ငါးပါး"ပါလာတယ်၊ ဗိုလ်-ဗိုလ်တဲ့။

လောကမှာ စစ်ဗိုလ်ခန့်တယ်၊ ရန်သူနဲ့ ရင်ဆိုင်တိုးရမှာကိုလဲ မကြောက်, နောက်မဆုတ်ပါဘဲနဲ့ ရဲရဲဝန့်ဝန့် တိုက်နိုင်ခိုက်နိုင်တဲ့ ပုဂ္ဂိုလ်ကို ဗိုလ်ခန့်ရဘိသကဲ့သို့ ထို့အတူတဲ့ ပရမတ်တရားမှာလဲဘဲ ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ် ရန်သူတို့နှင့် ရင်ဆိုင်တွေ့မယ်ဆိုလျှင် တုန်လှုပ်ခြောက်ခြား ပျက်ပြားခြင်း မရှိတာကိုပင် ဗိုလ်တဲ့။

"**အကမ္ပိယဋ္ဌေန ဗလံ**"လို့ ကျမ်းဂန်ဖွင့်သည် ဖြစ်လေသောကြောင့် ရန်သူတို့နှင့် ရင်ဆိုင် တွေ့ပင်တွေ့ငြားသော်လဲဘဲ၊ တုန်လှုပ်ခြောက်ခြား ပျက်ပြားခြင်းမရှိ၊ ခိုင်ခိုင်, ခန့်ခန့်, တည်တည်, တန့်တန့် နေနိုင်တာကိုပင်လျှင် ပရမတ်တရားကိုလဲဘဲ ဗိုလ်လို့ ခန့်တယ်။

ဗိုလ်ငါးပါး။ ။ သဒ္ဓါဗိုလ်, သတိဗိုလ်, ဝီရိယဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်၊ ဟော....ဗိုလ်ငါးပါးလေ၊ ဟင်....ညှိမယ်, ညှိမယ်။

သဒ္ဓါဗိုလ်နဲ့ ပညာဗိုလ် ဒီနှစ်ခုက တတွဲ
သမာဓိဗိုလ်နဲ့ ဝီရိယဗိုလ်က တတွဲ
သတိဗိုလ်က လိုတဲ့နေရာ အရာရာမှာ ကူညီရမယ်လို့ ဒီလိုလဲ မှတ်ထား။

သဒ္ဓါဗိုလ်နဲ့ ပညာဗိုလ် နှစ်ခုရှင်းပြမယ်၊ သဒ္ဓါက လွန်ကဲ, ပညာကနဲမယ်ဆိုလျှင် မဂ်ဉာဏ်မဖြစ်နိုင်ဘူး၊ ပညာက လွန်ကဲ, သဒ္ဓါက နဲမယ်ဆိုလျှင်လဲဘဲ မဂ်ဉာဏ်မဖြစ်နိုင်ဘူး၊ သဒ္ဓါနဲ့ ပညာ ချိန်ခွင်လျှာ မထွက်သကဲ့သို့ ညီမျှရမယ်၊ သဒ္ဓါကလဲ အားကောင်းရမယ်၊ ပညာကလဲ အားကောင်းရမယ်။

**သဒ္ဓါဗိုလ်။**

"သဒ္ဓါ"=သဒ္ဓါဆိုတာ ယုံတာခေါ်တယ်၊ လုပ်ငန်းနဲ့ ပတ်သက်၍ ယုံပုံကလေး....

ဤလုပ်ငန်းသည် မှန်တယ်ဆိုတာ ယုံရဲ့လား ?
။ ယုံပါတယ်ဘုရား။ ။

ငါသည် ပါရမီထူး ရှိတယ်ဆိုတာ ယုံရဲ့လား ?
။ ယုံပါတယ်ဘုရား။ ။

အားထုတ်လိုက်လျှင် မုချရမှာဘဲလို့ ဆိုတာ ယုံရဲ့လား ?
။ ယုံပါတယ်ဘုရား။ ။

ယုံကြည်တာသုံးမျိုးနော်....

"ဗလ"တဲ့ ဗိုလ်ဆိုတာ ခိုင်မြဲထယ်၊ ယုံကြည်တာ ခိုင်မြဲရဲ့လား ?

॥ ခိုင်မြဲပါတယ်ဘုရား॥ ॥

ဘယ်သူဖျက်ဖျက် ပျက်မလား ?

॥ မပျက်ပါဘူးဘုရား॥ ॥

မပျက်ဘူးတဲ့ အဲဒါ "သဒ္ဓါဗိုလ်ဘဲ"

ဒီနေရာမှာဆိုလို့ ရှိလျှင်လဲဘဲ, ဖြစ်,ပျက်,ကို မှတ်မှရပ်တဲ့ နိဗ္ဗာန်ကိုမြင်မယ်ဆိုတာ ယုံရဲ့လား ?

॥ ယုံပါတယ်ဘုရား॥ ॥

မှတ်မှရပ်မယ်လို့ယုံတာ, သဒ္ဓါ, ဘယ်သူဖျက်ဖျက် မပျက်ဘဲ,နဲ့ ခိုင်မြဲပြီးတော့နေတာ, ဗိုလ်,လို့ ဒီလိုမှတ်ထားကြ။

သဒ္ဓါဗိုလ်နော်....မှတ်မှရမယ်လို့ဆိုတာ ယုံတာ ခိုင်မြဲကြရဲ့လား ?

॥ ခိုင်မြဲပါတယ်ဘုရား॥ ॥

ခိုင်မြဲပြီတဲ့....ယုံတော့ယုံပြီ မမှတ်လျှင် ရနိုင်ပါ့မလား ?

॥ မရနိုင်ပါဘုရား॥ ॥

**ပညာဗိုလ်။**

မှတ်ထာက ပညာခေါ်တယ်, မှတ်ထာက ပညာခေါ်တယ်, ဗိုလ်,ဆိုတာက ခိုင်မြဲတာခေါ်တယ်၊ အမှတ်မြဲရမယ်, အမှတ်မြဲရမယ်၊ အမှတ်မြဲချင်တယ်ဆိုလျှင် ဣမှတ်ကို တစက္ကန့်ထား,တမိနစ်

(၆၀) ယခုတနာရီ မှတ်မယ်ဆိုလျှင် (၃၆၀၀) ရမယ်ဆိုလျှင် အမှတ်မြဲတယ် ထွက်စိတ်ရှိသေးသလား ?
။ ထွက်စိတ်မရှိတော့ပါဘုရား။ ။

ငိုက်,သန်း,ပျင်း,ဝေ,ဆိုတဲ့ အောက်ထွက်,ထွက်တဲ့ "ထိနမိဒ္ဓ" လဲမရှိဘူး၊ စိတ်လေ,စိတ်လွင့်, စိတ်ကူး, အချောင်နေတာဆိုတဲ့ အထက်ထွက်,ထွက်တဲ့ "ဥဒ္ဓစ္စ" စိတ်မျိုးလဲ မရှိဘူး၊ မရှိပလား လို့ဆိုလျှင် မှတ်စိတ်သည် တနာရီ (၃၆၀၀) ရနိုင်မယ်ဆိုလျှင် အဲဒါ အမှတ်မြဲဟာဘဲ အမှတ်ခိုင်မြဲမယ်ဆိုလျှင် "ပညာဗိုလ်" ဖြစ်ပြီ။

ရှင်းသွားပလား ?
။ ရှင်းသွားပါပြီဘုရား။ ။

သဒ္ဓါဗိုလ်နဲ့ ပညာဗိုလ် နှစ်ခု ယှဉ်ထား,ဖြစ်ပျက်,ကို မှတ်မှ ရမယ်ဆိုတာ ယုံတာ ခိုင်မြဲထားကြ၊ မှတ်စိတ်ကလဲဘဲ, တင်းပြည့် ကျပ်ပြည့် တနာရီ (၃၆၀၀)ရတယ်လို့ဆိုကြ၊ အဲဒီလို မှတ်မယ် ဆိုလို့ရှိလျှင် နောက်ပိတ်ဆုံးရပ်တဲ့ နိဗ္ဗာန်ကြီးကို မဂ်ဉာဏ်,ဖိုလ် ဉာဏ်,ဖြင့် မမြင်နိုင်ဘူးလား ?
။ မြင်နိုင်ပါတယ်ဘုရား။ ။

ဟော....ဒါအရေးကြီးတယ်, ဟော....ဒါလွယ်တာမဟုတ်ဘူး ယုံတာကတော့ လွယ်သေး မှတ်ထာကတော့ တမိနစ် (၆၀) အမှတ်ရဘို့၊ တနာရီ (၃၆၀၀)အမှတ်ရဘို့ အဲဒါဟာ မလွယ်လှ ဘူး၊ ဘာဖြစ်လို့လဲ မေးမယ်ဆိုလျှင် စစ်တိုက်လျှင်, စစ်အောင် ဘို့ဆိုတာ ရန်သူတွေရှိသကဲ့သို့ အမှတ်မှာလဲ ဖျက်တဲ့ရန်သူတွေ ရှိတယ်။

ရန်သူနှစ်ယောက်။ ။အထက်ရန်သူ ဥဒ္ဓစ္စ။
။အောက်ရန်သူ ထိနမိဒ္ဓ။

ဟော....အနီးဆုံးကပ်ဖျက်နေတာ မှတ်လို့ကောင်းလျှင် သူတို့နှစ်ယောက် လာ,လာဖျက်တယ်။

အထက်ရန်သူ့,ဘယ်သူ?

။ ဥဒ္ဓစ္စပါဘုရား။ ။

အောက်ရန်သူ့,ဘယ်သူ?

။ ထိနမိဒ္ဓပါဘုရား။ ။

အဲ....သူတို့နှစ်ယောက် အရေးကြီးတယ်၊ ဒါ....လက်တွေ့သမားတွေ ဥဒ္ဓစ္စ ဆိုတော့ စိတ်လေ,စိတ်လွင့်, စိတ်ကူး, အချောင်နေတာ, အယုတ်ဆုံး, ကမ္မဋ္ဌာန်းနဲ့ပတ်သက်ပြီး သကာလ စိတ်ကူးနေတာ စာနဲ့ပတ်သက်ပြီး သကာလ စိတ်ကူးနေတာ အဲဒါလဲ....လွင့်နေတာဘဲ လွင့်လျှင် မှတ်လို့ရနိုင်ပါ့မလား?

။ မရနိုင်ပါဘုရား။ ။

အောက်ရန်သူ့,ဘယ်သူလဲ?

။ ထိနမိဒ္ဓပါဘုရား။ ။

ထိနမိဒ္ဓ=ငိုက်ခြင်း,သန်းခြင်း,ပျင်းခြင်း,ဝေခြင်း, ဖြစ်နေမယ်ဆိုလျှင် အမှတ် လွတ်မနေဘူးလား?

အမှတ်လွတ်နေပါတယ်ဘုရား။ ။

အဲဒီ....နှစ်ခု အရေးကြီးတယ်၊ အဲဒီနှစ်ခုနိုင်မှ ပညာဗိုလ်ဖြစ်မယ်၊ အဲဒီနှစ်ခုနိုင်အောင် ဗိုလ်ထပ်ခန့်ရတယ်။

**သမာဓိဗိုလ်။**

ပညာဗိုလ်ကတော့ ပ,ဗိုလ်ကြီးပေါ့ လောကစကား၊ ဥဒ္ဒစ္စ နိုင်တဲ့ဗိုလ်က, သမာဓိဗိုလ်, ဒု-ဗိုလ်တယောက်၊ထိနမိဒ္ဓ နိုင်တဲ့ဗိုလ်က ဝိရိယဗိုလ်၊ ဒု-ဗိုလ်နှစ်ယောက် ခန့်လိုက်ရတယ်၊ ဥဒ္ဒစ္စ ဘယ်သူနိုင် ?

॥ သမာဓိဗိုလ်က နိုင်ပါတယ်ဘုရား॥ ॥

သမာဓိဗိုလ်နိုင်တယ်၊ ထိနမိဒ္ဓ အောက်ရန်သူဘယ်သူနိုင် ?

॥ ဝိရိယဗိုလ်က နိုင်ပါတယ်ဘုရား॥ ॥

ဝိရိယဗိုလ်, ဟော....ဒုဗိုလ်ကလေး နှစ်ယောက်နော်....ဒုဗိုလ်လေးနှစ်ယောက်။

သမာဓိ့တဲ့ ဟော....ခိုင်မြဲတယ်၊ သမာဓိ=စိတ်တည်တယ်လေ ဗိုလ်က ခိုင်မြဲတယ်။

**ဆောင်။** ॥သမာဓိကောင်းတော့ ပေါ်တိုင်း, ပေါ်တိုင်း, စိတ်တည်ငြား॥

သူ့ဟာသူ ရှင်းနေတာဘဲ သမာဓိကောင်းတော့ ဘယ့်နယ်နေ ?

॥ ပေါ်တိုင်း စိတ်တည်ပါတယ်ဘုရား॥ ॥

ပေါ်တိုင်းစိတ်တည်မယ်။ အပူပေါ်လျှင်, အပူပေါ်မှာ စိတ်ရောက်တယ်၊ အအေးပေါ်လျှင်, အအေးပေါ်မှာ စိတ်ရောက်ရောက်သွားတယ်၊ အလှုပ်, အရွ, အမွ, ကလေးတွေ ပေါ်မယ်ဆိုလျှင်, စိတ်ရောက်ရောက်သွားတယ်၊ ထုံတာ, ကျင်တာ, နာတာ, ကိုက်တာ, အောင့်တာ, မူးတာ, ဝေတာ, ဆိုတဲ့ ဆင်းရဲမှုတွေ ပေါ်မယ်ဆိုလို့ရှိလျှင် စိတ်ရောက်ရောက်သွားတယ်၊ စိမ့်ကနဲ,

ဖြန်းကနဲ့, အေးကနဲ့,သိမ့်ကနဲဆိုတဲ့, ချမ်းသာမှုတွေပေါ်မယ်ဆိုလျှင်, စိတ်ရောက်သွားတယ်။

ဟော....ပေါ်တိုင်း, ပေါ်တိုင်း, စိတ်ရောက်သွားလျှင် စိတ်တည်လျှင်, သမာဓိပေါ့၊ မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

သမာဓိဘဲ....ဗိုလ်က ခိုင်မြဲတယ်၊ စိတ်တည်တာ ခိုင်မြဲတယ်ဆိုလျှင်, ဥဒ္ဒစ္စလွင့်လို့ ရပါ့မလား ?

။ လွင့်လို့မရပါဘုရား။ ။

စိတ်လေတာမရဘူး၊ စိတ်လွင့်တာမရဘူး၊ အချောင်နေတာမရဘူး၊ ပညာဗိုလ်ဆိုတဲ့၊ ပ,ဗိုလ်ကြီးက သမာဓိဗိုလ်ဆိုတဲ့ ဒု,ဗိုလ်ကလေးကို အမောင်....ဥဒ္ဒစ္စတယ်ဆိုး....မှတ်မယ်မကြံသေးဘူးစိတ်ဟာ လွင့်လွင့်သွားတယ်၊ စိတ်ကူးတာများတယ်, အချောင်နေတာများတယ်, စာတတ်မယ်ဆိုလို့ရှိလျှင်, စာနဲ့စိတ်ကူးတာများတယ်, ကမ္မဋ္ဌာန်းနဲ့ပတ်သက်၍မကွဲလွဲသေးလျှင်-သံသယဖြစ်ထာများတယ်။

အဲဒီ-ဥဒ္ဒစ္စ, ကလေးကိုမင်းနိုင်အောင်ထိမ်းပေတော့လို့-ပ,ဗိုလ်ကြီးကခိုင်းတော့, သမာဓိဆိုတဲ့ ဒု - ဗိုလ်ကလေးက-အာမခံတယ်၊ မဟုတ်ဘူးလား?

။ မှန်ပါတယ်ဘုရား။ ။

ဥဒ္ဒစ္စ, ကလွင့်, သမာဓိကတည် - သူတို့နှစ်ခု - တခါထဲရန်ဖြစ်တယ်၊ လွင့်သွားလိုက်, ပြန်ဆွဲလိုက်, ပြန်ဆွဲလိုက်, လွင့်သွားလိုက်, လွင့်သွားလိုက်, ပြန်ဆွဲလိုက်-အဲဒီနှစ်ခုလုပ်နေတယ်-လုပ်နေတော့-

ဟို....က တခါအမိန့်ပေးလိုက်တယ်၊ ဗိုလ်ခန့်လိုက်တယ် - ဗိုလ်ခန့် လိုက်တော့ တည်တဲ့ဘက်က-မြဲမသွားဘူးလား?

။ မြဲသွားပါတယ်ဘုရား။ ။

ဟော....တည်တဲ့ဘက်ကမြဲသွားတယ် နိုင်ပုံကလေးရိုးရိုးသမာဓိဆိုလျှင်၊ ဥဒ္ဒစ္စ, ကိုမနိုင်ဘူး၊ ယခုတရားအားထုတ်ထာကိုကြည့်လေ၊ ယခုတရားအားထုတ်ထာကိုကြည့်၊ စိတ်ကလေးရင်ထဲမှာ ထားလျှင်, သွားပြီ, လွင့်ပြီးသွားလိုက်ထာ၊ တခါထဲသွားလိုက်ထာ၊ ဟိုသွား, ဒီသွား, တောင်သွား, မြောက်သွား, ဟိုရောက်, ဒီရောက်,နဲ့ တခါထဲရောက်ထာကိုလေ-ဟို....ထုတ်ပြီးတော့ပြောမယ်ဆိုလို့ရှိလျှင်-ယခုရှုးတဲ့ အရှူးထက် - သူကဆိုးသေးတယ်-မဆိုးဘူးလား?

။ ဆိုးပါတယ်ဘုရား။ ။

“ **ပုထုဇ္ဇနော ဥမ္မတ္တကော** ” တဲ့ ပုထုဇဉ်မှန်သမျှ အရူးကြီးဘဲဆိုတာ၊ တရားအာထုတ်ကြည့်မှသိတယ်၊ ထုတ်မပြောလို့ ထုတ်ပြောလျှင်-ဟိုအရူးထက်ဆိုးတာပေါ့-ရောက်ချင်ရာ ရှောက်ရောက်မဟုတ်ဘူးလား?

။ ဟုတ်ပါတယ်ဘုရား။ ။

ရောက်ချင်ရာ - ရှောက်ရောက်နေတာ သိတ်ဆိုးတာဘဲ၊ ဒါကြောင့်သူ့ကိုတခါထဲ ဥဒ္ဒစ္စ, နိုင်ဘို့, သမာဓိဗိုလ်, ဒုဗိုလ်, ခန့်လိုက်ပါသည်၊ ဒါကြောင့်, သမာဓိဆိုတဲ့ ဒု-ဗိုလ်ကလေးက-ဆန့်ကျင်ဘက်ဖြစ်တဲ့ ရန်သူ, ဥဒ္ဒစ္စ, ကို-စိတ်လေ, စိတ်လွင့်, စိတ်ကူး, အချောင်နေတာ,ကို နိုင်အောင်သတ်ပြီး၊ ဟော.... ကာဘာက လေးတခု။

**ဝိရိယဗိုလ်**။

တခါ-အောက်ရန်သူဘယ်သူလဲ?

။ ထိနမိဒ္ဓ ပါဘုရား။ ။

ထိနမိဒ္ဓ ငိုက်ပြန်ပြီ မှတ်လို့ကောင်းခါနီးပြီဆိုလျှင်၊ငိုက်ပြန်ပြီ၊ ငိုက်ခြင်း၊ သန်းခြင်း၊ ပျင်းခြင်း၊ ဝေခြင်း၊ ဆိုတဲ့ ထိနမိဒ္ဓ အောက်ရန်သူ သူလာလျှင်လဲမှတ်လို့ရပါ့မလား?

။ မှတ်လို့မရပါဘုရား။ ။

ပညာဆိုတဲ့-ပ-ဗိုလ်ကြီးက ဝိရိယဆိုတဲ့ ဒု-ဗိုလ်ကလေးကို-ခိုင်းပြန်တယ်၊ သူကနိုင်တာကို၊ ငိုက်ထာဟာ၊ သန်းတာဟာ၊ ပျင်းတာ၊ ဝေတာဟာ၊ ဇွဲကောင်းလို့လား၊ ဇွဲမကောင်းလို့လား?

။ ဇွဲမကောင်းလို့ပါဘုရား။ ။

ဇွဲမကောင်းလျှင်ငိုက်မှာဘဲ။ ။

**ဆောင်**။ ။ဇွဲကောင်းတော့ စိတ်ကတခြားမသွား။ ။

ဟော....ငိုက်ခြင်း၊ သန်းခြင်း၊ ပျင်းခြင်း၊ ဝေခြင်း၊ ရှိသေးသလား?

။ မရှိတော့ပါဘုရား။ ။

ဇွဲကောင်းတဲ့ပုဂ္ဂိုလ်တယောက်မဟုတ်ဘူးလား?

။ မှန်ပါဘုရား။ ။

ဇွဲကောင်းတဲ့ပုဂ္ဂိုလ်တယောက်၊ အမောင်ဝိရိယ၊ အမောင်ဇွဲ၊ ပ-ဗိုလ်ကြီးက-ငါသည် တမိနစ် (၆၀) ရအောင်မှတ်ချင်တယ်၊ တနာရီတရားထိုင်လျှင် (၃၆၀၀) အမှတ် ဏင်းပြည့်ကျပ်ပြည့် ရအောင် မှတ်ချင်တယ်၊ သို့သော် - ငါ့မှာ ရန်သူရှိတယ်ဟော့ = အောက်ရန်သူဆိုတဲ့ ထိနမိဒ္ဓ၊ ခဏ ခဏ ဝင်သောကြောင့်၊အိပ်

အိပ်သွားတယ်, ငိုက်ငိုက်သွားတယ်, ဆပ်ကနဲ, ဆပ်ကနဲ, ခေါင်းကလေးတွေဟာ, တုန်တုန်, တုန်တုန်, သွားတယ်၊ သတိဟာမေ့သလိုဖြစ်ဖြစ်သွားတယ်၊ ငါ့အမှတ်ဟာ, လွတ်လွတ်, သွားတယ်-အဲဒါ....ငါမဝင်စေချင်ဘူး၊ ကဲ-မင်းဝီရိယ,ဇွဲ, ထိနမိဒ္ဓ, နိုင်ပါ့မလားလို့မေးတော့ - ဒုံ-ဗိုလ်ကလေးက-အာမခံတော့-သူ့ကိုဗိုလ်လို့နာမည်မပေးလိုက်ဘူးလား?

॥ ပေးလိုက်ပါတယ်ဘုရား॥ ॥

ဗိုလ်ခန့်လိုက်တယ်၊ ဇွဲကောင်းတာလဲ, ဗိုလ်ခန့်လိုက်တော့ခိုင်မြဲမသွားဘူးလား?

॥ ခိုင်မြဲသွားပါတယ်ဘုရား॥ ॥

သာမည-ဇွဲမဟုတ်ဘူး၊ ဗိုလ်ခန့်လိုက်တော့ အင်မတန်ခိုင်မြဲတဲ့ဇွဲ-ဒီဇွဲခိုင်မြဲလျှင်-ငိုက်ပါ့မလား?

॥ မငိုက်တော့ပါဘုရား॥ ॥

ဟော-မငိုက်တော့ဘူးခေါ်တယ်၊ ဝီရိယဆိုတဲ့ဗိုလ်ကလေးက-အောက်ရန်သူဖြစ်တဲ့-ထိနမိဒ္ဓ, ကို နှိမ်နင်းတော့-ကဲ....ဒုံ-ဗိုလ်ကလေးနှစ်ယောက်ခန့်ထားလိုက်ထာ-ကာဘာကိုလုံနေတာဘဲ॥

သမာဓိဗိုလ်ကတော့-ဥဒ္ဓစ္စ,ဖြစ်တဲ့ အထက်ရန်သူကိုနှိမ်, စိတ်လေပါအုံးမလား?

॥ စိတ်မလေတော့ပါဘုရာ॥॥ ॥

ဝီရိယဗိုလ်ကတော့, အောက်ရန်သူဖြစ်တဲ့, ထိနမိဒ္ဓ, ကိုနှိမ်, ငိုက်ပါအုံးမလား?

॥ မငိုက်တော့ပါဘုရား॥ ॥

ဟော....ကြည့်စိတ်လဲမလေဘူး၊ ငိုက်လဲမငိုက်ဘူးဆိုလျှင်, တမိနစ် (၆၀) အမှတ်မရနိုင်ဘူးလား?

။ ရနိုင်ပါတယ်ဘုရား။ ။

နောက်ပြီးတော့ဆိုလျှင်လဲဘဲ-တနာရီ( ၃၆၀၀ ) မရနိုင်ဘူးလား?

။ ရနိုင်ပါတယ်ဘုရား။ ။

ဟော....ပညာဗိုလ်ကလေး....သတိလဲကူပေးရအုံးမယ်၊ သတိကလဲကူပေးရအုံးမယ်-အားထုတ်ပုံအစဉ်ကလေးအားထုတ်ပုံအစဉ်ကလေး၊ သတိကူရမယ်၊ အားထုတ်ပုံအစဉ်ကလေးဘဲ....

သဒ္ဓါဗိုလ်....ပဌမ
ဝိရိယဗိုလ်....ဒုတိယ
သတိဗိုလ် ....တတိယ
သမာဓိဗိုလ်....စတုတ္ထ
ပညာဗိုလ် .... ပဉ္စမ

ဟော....သူ့အစဉ်အတိုင်းလာရတယ်။

ရုပ်တဲ့နိဗ္ဗာန်ကြီးကို၊ မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ဖြင့်မြင်ချင်တယ်ဆိုလျှင် မှတ်မှ,လို့ ဆိုတာယုံရဲ့လား?

။ ယုံပါတယ်ဘုရား။ ။

မှတ်မှ, ရုပ်ထာကို, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ဖြင့်မြင်ရမယ်ဆိုတာကိုယုံရဲ့လား?

။ ယုံပါတယ်ဘုရား။ ။

ယုံတာကောခိုင်မြဲရဲ့လား ?

။ ခိုင်မြဲပါတယ်ဘုရား။ ။

အဲဒါသဒ္ဓါဗိုလ်ဘဲ ယုံတာခိုင်မြဲပြီးတဲ့နောက် ဝိရိယဗိုလ်ဇွဲကောင်းကောင်းနဲ့ အားထုတ် ယုံရုံနဲ့မရသေးဘူး၊ အားထုတ်မှရတယ်၊ ဒီဆေးသောက်လျှင် ရောဂါပျောက်မယ် ယုံကြည်ရုံနဲ့ ဆေးမသောက်လျှင် ရောဂါပျောက်ပါ့မလား ?

။ မပျောက်နိုင်ပါဘုရား။ ။

အင်း....ယခု ဒီလိုဘဲ ဖြစ်ပျက်မှတ်လျှင်, ရပ်တဲ့နိဗ္ဗာန်ကြီးကို, မဂ်ဉာဏ်,ဖိုလ်ဉာဏ်, မြင်ရမယ်ဆိုတာ ယုံ-ယုံကာမတ္တဖြင့် အားမထုတ်လျှင် မဂ်ဉာဏ်,ဖိုလ်ဉာဏ်,မရနိုင်ဘူး အားထုတ်တဲ့။

ဟော....ဝိရိယဗိုလ် အားထုတ်တော့စိတ်တခြားသွားမလား?

။ မသွားပါဘုရား။ ။

အားထုတ်လျှင်, ထိနမိဒ္ဓ, နိုင်မနိုင် ?

။ နိုင်ပါတယ်ဘုရား။ ။

**သတိဗိုလ်**။

ဝိရိယကလေးက, ထိနမိဒ္ဓ,နိုင်၊ တတိယတခါလာ, သတိဗိုလ်တဲ့။

**ဆောင်**။ ။သတိကောင်းတော့ ပေါ်ဒါထင်ရှား။

ပေါ်ဒါထင်ရှားတာ ခိုင်မြဲသွားကော ဒီကနေ့, ပေါ်ဒါ, သိပ်မထင်ရှားဘူး၊ မနေ့ကထင်ရှားတယ်၊ မနက်ပိုင်း ထင်ရှားတယ်၊ နေ့လည်ပိုင်း မထင်ရှားဘူး၊ ဒီလိုမရှိရဘူး၊ သတိကောင်းလျှင်....။

"သတိကောင်းတော့ ပေါ်ဒါ ထင်ရှား" ဆိုသောကြောင့် တထိုင်ထက် တထိုင် ပေါ်နေတာ ထင်ရှားရမယ်၊ အပူကလေး ဟာ တခါ တခါ ပေါ် ပေါ် ပြီးတော့လာတာ ပိုပို ပိုပို ပြီး တော့ ထင်ရှားရတယ်။

သတိကောင်းတော့ ပေါ်ဒါထင်ရှားဆိုသည် ဖြစ်လေသော ကြောင့် ခန္ဓာကိုယ်မှာ ကြမ်းကြမ်း တမ်းတမ်း ဆင်းဆင်း ရဲရဲ ပေါ်ဒါတွေကို မဆိုထားဘိ၊ သိမ်သိမ် မွေ့မွေ့ သေးသေး ငယ်ငယ် အမှုအရာကလေးတွေတောင် အခိုးကလေးတွေ သွား လာပြီးတော့ နေတာတောင် အသံကလေးတွေ မြည်တာတောင် အလွန်ထင်ရှားပါတယ်၊ ဟော....သတိဗိုလ်ဗျ။

ထင်ရှားမှလဲ သမာဓိတည်မယ်၊ မထင်ရှားလျှင် ဇဝေဇဝါ ဖြစ်နေလျှင် သမာဓိ တည်ကို မတည်နိုင်ဘူး စတုတ္ထသမာဓိဗိုလ်။

**ဆောင်။** ။သမာဓိကောင်းတော့ ပေါ်တိုင်း ပေါ်တိုင်း စိတ် တည်ငြား။ ။

သူကဟန်ကျတယ်၊ သမာဓိဗိုလ်ဆိုတော့ စိတ်တည်တာ ခိုင်မြဲ သွားရော၊ စိတ်တည်တာခိုင်မြဲသွားလျှင်၊ သူ့ရန်သူဖြစ်တဲ့ ဥဒ္ဓစ္စ စိတ်လေ စိတ်လွင့် စိတ်ကူး အချောင်နေတာရှိပါ့မလား ?

။ မရှိတော့ပါဘုရား။ ။

မရှိတော့ဘူး, သူ့ဟာသူနေရာကျ၊ ဒါဖြင့်နိုင်ပြီ၊ ဝီရိယဗိုလ် ကလဲ ဝီရိယဆိုတဲ့ ဒုဗိုလ်ကလေးကလဲ အောက်ရန်သူဖြစ်တဲ့ ထိန မိဒ္ဓ ကိုနှိမ်နင်းတော့ ငိုက်ခြင်း သန်းခြင်း ပျက်ခြင်း ဝေခြင်း မရှိ တော့ပါ။

သမာဓိဆိုတဲ့ ဒုဗိုလ်ကလေးက အထက်ရန်သူဖြစ်တဲ့ ဥဒ္ဓစ္စ ကို နှိမ်နင်းလိုက်တော့ စိတ်လေ စိတ်လွင့် စိတ်ကူး အချောင်နေတာ

မျိုးလဲ မပေါ်တော့ပါ၊ မပေါ်လျှင်တဲ့, စိတ်ကလဲ တခြား မသွား, ဝိရိယဗိုလ်ကြည့်ပြောတာ။

ပေါ်တာကလေးတွေကလဲ ထင်ရှား, သတိဗိုလ် ကြည့်ပြော တာ။

ပေါ်တိုင်းပေါ်တိုင်း စိတ်ကလေးကလဲ တည်ငြား, သမာဓိ ဗိုလ်ကြည့်ပြောတာ။

ဒါဖြင့် တခြားလဲမသွားဘူး ပေါ်တာလဲထင်ရှားတယ်၊ ပေါ် တိုင်းပေါ်တိုင်းလဲ စိတ်ကလေး တည်တယ်ဆိုလျှင် တမိနစ်(၆၀) မှတ်နိုင်တယ်၊ တနာရီ(၃၆၀၀)မှတ်နိုင်တယ်ဆိုလျှင် ပညာဗိုလ် တဲ့ ဟော....မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ပညာဗိုလ်တဲ့ တနာရီ(၃၆၀၀)မှတ်နိုင်တယ်ဆိုလျှင် အမှတ် သည် စိပ်မလား ကြဲမလား ?

॥ စိပ်ပါတယ်ဘုရား॥ ॥

မြန်မလား, နှေးမလား ?

॥ မြန်ပါတယ်ဘုရား॥ ॥

သေခါနီးလူမမာသည် သေခါနီး,သေတော့မည့်ဆဲဆဲကလေး မှာ အသက်ရှူမြန်သလား, နှေးသလား?

॥ မြန်ပါတယ်ဘုရား॥ ॥

အသက်ရှူမြန်လျှင် သေတော့မယ်လို့ မသိရဘူးလား ?

॥ သိရပါတယ်ဘုရား॥ ॥

ယခုလဲဘဲ တယ်အမှတ်မြန်တယ်၊ လှုစ်လှုစ်,လှုစ်လှုစ်,လှုစ်လှုစ်, လှုစ်လှုစ်နဲ့ တခါထဲ သိပ်မြန်တယ်၊ သိပျက်, သိပျက်, သိပျက်,

သိပျက်, သိပျက်, ပါးစပ်တောင်မလှုပ်ရဘူး၊ စိတ်ထဲက သိပျက်, သိပျက်,သိပျက်,သိပျက်နဲ့ အဲဒီလိုများ မြန်ပြီးတော့ နေမယ်ဆိုလျှင် သိပျက် ဆုံးတော့မယ်ဆုံးလျှင်၊ ဆုံးလျှင်နိဗ္ဗာန်မြင်ရတာက မဂ်ဉာဏ်,ဖိုဉာဏ်လို့ဆိုတာမှတ်၊ မဂ်ဉာဏ်ဖြင့် ဆုံးတဲ့နိဗ္ဗာန်ကြီးကို လှမ်းမြင်မယ်ဆိုလျှင် အဲဒါ မဂ်ဝင်တာဘဲ။

တခါမဂ်ဝင်....သောတာပန်

နှစ်ခါမဂ်ဝင်....သကဒါဂါမိ

သုံးခါမဂ်ဝင်....အနာဂါမ်

လေးခါမဂ်ဝင်....ရဟန္တာ....။

ဂုဏ်းထူးကိုလိုက်၍ ပစ္စေကဗုဒ္ဓါ, ဘုရားလို့ ခေါ်ဆိုပါတော့ ရပ်တဲ့နိဗ္ဗာန်ကြီးကို ဖိုလ်ဉာဏ်ဖြင့် လှမ်းမြင်ခဲ့လျှင် ဖိုလ်ဝင်စားတယ်ခေါ်တယ် မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဖိုလ်ဝင်စားတယ် ခေါ်တယ်တဲ့၊ မဂ်ဝင်တာကအစ ဖိုလ်ဝင်စားတာက အလယ်, နိဗ္ဗာန်ဝင်တာက အဆုံး, မဂ်ဝင်ချင်တယ်ဆိုလျှင် ဖြစ်ပျက်ကိုမှတ်ပါ၊ ဖြစ်ပျက်ကို မှတ်ချင်တယ်ဆိုလျှင် ပေါ်သိပျက် တလမ်း၊ သိပျက်တလမ်း၊ နှစ်လမ်းမှတ်ပါ။

အဲဒီ သိ,ပျက်,နှစ်လမ်း မှတ်ချင်တယ်ဆိုလျှင် ဖိုလ်ငါးပါးနဲ့ ညီချင်တယ်ဆိုလျှင် အထက်ရန်သူဖြစ်တဲ့ ဥဒ္ဓစ္စ စိတ်လေ,စိတ်လွင့်, စိတ်ကူး, အချောင်နေတာလဲ မပေါ်ပါစေနဲ့ ဇွဲကောင်းကြပါစေ။

အောက်ရန်သူ ထိနမိဒ္ဓ ငိုက်ခြင်း, သန်းခြင်း, ပျင်းခြင်း, ဝေခြင်းဆိုတာမျိုးလဲ မပေါ်ပါစေနဲ့ သမာဓိခိုင်မြဲပါစေ။

အထက်ရန်သူ အောက်ရန်သူ နှစ်ခုစိတ်ကလေးသည် အထက်ကိုလဲ မလွင့်ပါ၊ အောက်ကိုလဲ မဆင်းပါဆိုလို့ရှိလျှင် အလည်ခေါင်တည့်တည့် သွားနေတဲ့ စိတ်ကလေးသည် ပေါ်တိုင်းပေါ်တိုင်း၊ စိတ်တည်ပါလိမ့်မယ်၊ စိတ်တည်မယ်ဆိုလို့ရှိလျှင် ခုနတမိနစ်(၆၀)တနာရီ (၃၆၀၀)မှတ်ရပါလိမ့်မယ်။

ကဲ....တင်းပြည့်ကျပ်ပြည့်မှတ်ကြစို့တဲ့ ပြင်ကြ-ပြင်ကြ။

**တရားထိုင်ပုံ။**

ကဲ....အဓိဋ္ဌာန်ရအောင် အဓိဋ္ဌာန်ရအောင် ထိုင်ချင်သလိုထိုင်ရပါတယ်၊ အောက်ပိုင်း တင်ပလ္လင်ခွေ ထိုင်ချင်ထိုင်၊ မိန်းမထိုင်ထိုင်ချင်ထိုင် ကြိုက်သလိုထိုင်ကြ၊ အထက်ပိုင်းဖြစ်သော ကိုယ်ကိုမတ်မတ်ထားချင်ထား ကုန်းကုန်းကလေး ထားချင်ထား၊ ကြိုက်သလိုထားကြ၊ လက်လဲဘဲ ဘယ်ညာ ထပ်ချင်ထပ်၊ မထပ်ချင်နေချမ်းသာသလို ကြာကြာထားနိုင်သလိုထားကြ။

ကဲ....ပါးစပ်က တင် လိုက်ဆိုရမယ် လက်အုပ်တွေ မချီရဘူး၊ လိုက်ဆိုကြ အဓိဋ္ဌာန်ကလေး အဓိဋ္ဌာန်ဆိုပေမယ်လို့ မလှုပ်မရှက် မပြင်ဘဲနဲ့ နေပါမည်လို့ ဒီလို ရည်ရွယ်ချက်မျိုးမဟုတ်ပါဘူး၊ တနာရီမှတ်မယ်ဆိုလျှင် တနာရီအတွင်း ပေါ်သိပျက်ဖြစ်စေ မှတ်၍နေပါမည်ဆိုတဲ့ အဓိဋ္ဌာန်ကလေး....။

**အဓိဋ္ဌာန် ပုံ။**

ကဲ....လိုက်ဆိုကြ....။

တပည့်တော်များသည် ဖြစ်ပျက်ရပ်တဲ့ နိဗ္ဗာန်တဘက်ကမ်းကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် ဤဘက်ကမ်းက လှမ်းမြင်ရလေအောင်

ခန္ဓာကိုယ်မှာ ယခုအချိန်ကစ၍ တနာရီတိတိ ပေါ်လျှင်သိ, သိလျှင်ပျက်, ပေါ်,သိ,ပျက်,ပေါ်,သိ,ပျက် မှတ်၍ရင်း၊ ပေါ်ဒါပျောက်လျှင် သိ,ပျက်,သိ,ပျက် မှတ်၍ရင်း နေပါမည်၊ နေပါမည်၊ မှတ်နေတုံးမှာ အထက်ရန်သူ ဥဒ္ဒစ္စ စိတ်လေ,စိတ်လွင့်,စိတ်ကူး,အချောင်နေတာ ပေါ်ခဲ့ပါလျှင် သမာဓိဗိုလ်ဖြင့် ချက်ခြင်းပင် နှိပ်ကွပ်ပြီးကာ အောက်ရန်သူ ထိနမိဒ္ဓ ငိုက်သန်း,ပျင်းဝေ,ပေါ်ခဲ့ပါလျှင် ဝိရိယဗိုလ်ဖြင့် ဇွဲကောင်းကောင်းဖြင့် နှိပ်ကွပ်ပြီးကာ တနာရီတိတိ,တနာရီတိတိ, အမှတ်နဲ့သာ နေပါမည်,နေပါမည်, အရှင်ဘုရား၊ ကဲ....မှတ်နေကြ။

တရားထိုင်နေစဉ်ဆုံးမပုံ။

တောင့်တောင့်တင်းတင်းကြီးလဲ လုပ်မထားနဲ့ အသက်ရှူပြင်းပြင်းကြီးလဲ လုပ်မထားနဲ့ နေတတ်သလို ချမ်းသာအောင်နေကြ၊ အသက်ကလေးလဲ မှန်မှန်ရှူနေကျအတိုင်း ရှူကြ၊ ဘာမှလဲကြောင့်ကြမှု မစိုက်နဲ့ လိုချင်တဲ့လောဘလဲ မဝင်နဲ့ လိုချင်လွန်းအားကြီးလျှင် လောဘဝင်တတ်တယ်၊ ဒါမကောင်းဘူးလို့ ဒီလိုများပယ်ချလျှင် ဒေါသဝင်တတ်တယ်၊ ကောင်းတာဖြစ်စေ, မကောင်းတာဖြစ်စေ ပေါ်ခိုက်,ပေါ်ခိုက် မမှတ်နိုင်ဘူးဆိုလျှင် မောဟ ဖြစ်တတ်တယ်။

လောဘဆိုလျှင် ပြိတ္တာဘုံကျ၊ ဒေါသဆိုလျှင် ငရဲဘုံကျ၊ မောဟဝင်လို့ရှိလျှင် တိရစ္ဆာန် ဘုံရောက်၊ ဒါကြောင့် စိတ်ကိုရင်ထဲမှာ တင်းမထားနဲ့ ဘာမှ ဝေဘန်မှုမရှိနဲ့ စိတ်ကို မကစားနဲ့ ဆိုလိုတယ်၊ စိတ်မကစားနဲ့ တည်အောင်ထား။

တရားအမြဲတန်းအားထုတ်နေတဲ့ ပုဂ္ဂိုလ်ဟာ စိတ်ရင်ထဲမှာ ထား၊ တည်သည်ထက်တည်အောင် ဇွဲကလေးနဲ့ ပြန်ပြီးတော့ ရင်ထဲစိုက်လိုက်မယ်ဆိုလျှင် ကျဉ်းကျဉ်းထား ကျယ်ကျယ်မြင်တဲ့ နည်းစနစ်ဖြစ်သောကြောင့် တကိုယ်လုံးဘဲ ပေါ်ဒါမြင်နေတတ်တယ်လို့ အဲဒီလိုလဲမှတ်၊ အမြင်မသန်သေးသော ပုဂ္ဂိုလ်ဆိုလို့ရှိလျှင် စိတ်သည် ရင်ထဲက ပေါ်တဲ့နေရာ လိုက်မှတ်ပေတော့။

ကဲ....တိတ်တိတ်ကလေးမှတ်ကြ နာရီဝက်ကြာမှ တခါသတိပေးမယ်။

ကဲ....နာရီဝက်ရှိသွားပြီ....နာရီဝက်ရှိသွားပြီ....။

မနေနိုင်တော့ဘူး ပြင်ရတော့မယ် ပြင်လိုလျှင် အမှတ်နဲ့သာ ပြင်ကြ လက်ပြင်လျှင် လက်ထဲစိတ်ဖြန့် ပေါ်ဒါမှတ်၍ပြင်ကြ၊ ခြေထောက်ပြင်ချင်လျှင် ခြေထောက်ထဲစိတ်ဖြန့် ပေါ်ဒါမှတ်၍ ပြင်ကြ၊ ဘယ်ညာ တစောင်းပြောင်းချင်တယ်ဆိုလျှင်လဲဘဲ ပေါ်ဒါမှတ်ပြီး အသာကလေး ဖြေးဖြေး, ဖြေးဖြေး,ပြင်ကြ၊ မပြင်ရဘူးဆိုတဲ့ အမိန့်ဩဘာန်မပေါ်ဘူး အမှတ်မလွှတ်ရဘူးဆိုတဲ့ အမိန့်ဩဘာန်ပေါ်တယ်၊ ဒါကြောင့် အမှတ်ကိုတော့ မလွှတ်ကြစေနဲ့ ဒါကြောင့် ကြာကြာထိုင်ပြီးတော့ ထားလို့ရှိလျှင် မမြင်တဲ့လူ ရှိမှာမဟုတ်ပါဘူး။

အောက်ပိုင်းက ပူချင်ပူနေမယ်, ထုံချင်ထုံနေမယ်, ကျင်ချင်ကျင်နေမယ်, နာချင်နာနေမယ်, သိပ်ထုံ,သိပ်ကျင်, သိပ်နာနေမယ်ဆိုလျှင် အောက်ပိုင်းကို နာနာရှုကြ၊ အပေါ်ပိုင်းကနေပြီးတော့ အောက်ပိုင်းကို နာနာရှုကြလျှင် အရှိန်တို့, အခိုးတို့, အငွေ့တို့ အောက်ကိုဆင်းပြီဆိုလျှင် နဲနဲစိုက်လိုက် တနေရာထဲ

မှာ စူးစိုက်၊ စူးစိုက်ပြီးသကာလ ဖြစ်နေတဲ့ ကျင်မှု၊ ထုံမှု၊နာမှု လေးကို ဖြန့်ပြီးတော့ ရှုလိုက်ရတယ်။

အရှိန်၊အခိုး၊အငွေ့တွေ ရောက်လာမယ်ဆိုလျှင် သက်သာ တယ်ခေါ်တယ်၊ တင်ပါးထဲမှာ အရှိန်၊အခိုး၊အငွေ့တွေ ရောက် လာမယ်ဆိုလျှင် အဲဒီ အခိုးပေါ်မှာ၊ အငွေ့ပေါ်မှာ၊လေပေါ် မှာ ထိုင်နေသကဲ့သို့ ငြိမ့်ကနဲ၊ ငြိမ့်ကနဲ၊ အဲဒီလိုဖြစ်နေတတ်တယ်၊ လှိုင်းစီးတဲ့လှေများကဲ့သို့ ဒီလိုဘဲ ငြိမ့်ကနဲ၊ ငြိမ့်ကနဲဖြစ်တော့ အဲဒီ လိုဆိုလျှင် သက်သာသွားတယ်၊ ကြာကြာကြီး ထိုင်နိုင်တယ် ခေါ်တယ်။

အောက်ရန်သူ ထိနမိဒ္ဓ ငိုက်ခြင်း၊ သန်းခြင်း၊ ပျင်းခြင်း၊ ဝေခြင်း၊ ပေါ်မယ်ဆိုလျှင် ဇွဲကောင်းကောင်းနဲ့သာ ဖျောက် လိုက်၊ ခပ်ကြာကြာ မျက်စေ့ဖွင့်ပြီးတော့ အလင်းရောင်မှာ စိုက် ပြီးတော့ ကြည့်နေလိုက် ဇွဲဖျောက်လိုက်ရတယ်။

အထက်ရန်သူ ဥဒ္ဓစ္စ စိတ်လေ၊စိတ်လွင့်၊စိတ်ကူး၊ အချောင် နေတာ ပေါ်မယ်ဆိုလျှင် သမာဓိဗိုလ်ဖြင့် ချက်ခြင်းပင် စိတ်ကို ရင်ထဲဆွဲသွင်းပြီးသကာလ ပေါ်ဒါမှတ် မတွေ့သေးဘူး၊ ဘာမှ ပေါ်ဒါမမြင်သေးဘူးဆိုလျှင် အသက်ရှူလို့ လှုပ်ထာမှတ်၊ တ ခါရှူတခါလှုပ်၊ တခါရှူတခါလှုပ်၊ ရှုတိုင်းလှုပ်ထာသိမယ်ဆို လျှင် ဒါအလုပ်သိဘဲ၊ အလုပ်သိ၊သိမယ်ဆိုလို့ရှိလျှင်လဲဘဲ၊ ဒါ ဖြစ်၊ပျက်၊ပါသောကြောင့် ဖြစ်၊ပျက် ရပ်တဲ့ နိဗ္ဗာန်ကြီးကို မဂ် ဉာဏ်၊ဖိုလ်ဉာဏ်နဲ့ မြင်နိုင်တယ်လို့ ကြိုးစားမှတ်ကြ။

တနာရီ(၃၆၀၀)တင်းပြည့်ကျပ်ပြည့်ရအောင် အထက်ရန် သူ ဥဒ္ဓစ္စကိုသမာဓိဗိုလ်နဲ့နှိမ်၊ အောက်ရန်သူ ထိနမိဒ္ဓကို ဝီရိယ

ဗိုလ်နဲ့ နိမ်၊ ဒီနေရာမှာ ပညာဗိုလ်ကလေးက ချက်ကနဲ, ချက်ကနဲ, ချက်ကနဲ တခါထဲ တမှတ်တစက္ကန့်, တမှတ်တစက္ကန့်, စက္ကန့်တိုင်း, စက္ကန့်တိုင်း, တခါထဲအမှတ်ရအောင် ကြိုးစားပြီးတော့ မှတ်ကြပေတော့။

ကဲ....ဒီက အချိန်စေ့မှ ဖြုတ်မယ်။

ကဲ....တနာရီစေ့ပါပြီ....။

မျက်လုံးမဖွင့်နဲ့ ပေါ်ဒါမှတ်၍ ဖြေးဖြေး, ဖြေးဖြေး, ပြင်လိုပြင်ကြ မပြင်လိုလျှင် မှတ်မြဲတိုင်းမှတ်ပြီးတော့ အသာလေး နေပါ။

ကဲ....ပြင်လိုလျှင် ပြင်ကြ,ပြင်ကြ, အမှတ်နဲ့ပြင်နော် အလွတ် မပြင်နဲ့၊ အင်း....ကဲ ရပ်ပုံကလေး ဆုံးပုံကလေးတွေပြောမယ်။

**ရပ်ပုံ-ဆုံးပုံ-လမ်းသုံးလမ်း။**

လမ်းကသုံးလမ်းထားရတယ်....။

ပေါ်,သိ,ပျက်,က "လမ်းဖြောင့်" ဒါက ပထမလမ်း။

သိပျက်,သိပျက်,သိပျက်, အဲဒီလိုသွားဒါက "လမ်းကောက်" ဒုတိယလမ်း။

ဆုံးတာက တတိယလမ်းလို့ လမ်းသုံးလမ်းမှတ်ထားရ။

ပေါ်,သိ,ပျက်ဆိုလျှင် ဘာလမ်းလဲ လမ်းဖြောင့်နော် ?

။ မှန်ပါဘုရား။ ။

ပေါ်ဒါပျောက်၍, သိဒါ,ကလေးကျန်လျှင် သိ,ပျက်,သိ, ပျက်, သွားတာဘာ လမ်းလဲ....လမ်းကောက်ခေါ်တယ်။

အသိဘာမှ မကျန်လျှင်, ဘာလမ်းလဲ....လမ်းဆုံးလို့ သုံး လမ်းမှတ်ထားရတယ်။

**လမ်းဖြောင့်။**

ပထမလမ်းကိုပြောမယ် "လမ်းဖြောင့်"
ပေါဒါဘယ်နှစ်မျိုးလဲ ?
။ ငါးမျိုးပါဘုရား။ ။

ငါးမျိုး-ပူသိတွဲ.... ဟော....ပူသိနဲ့သွားမယ်, အေးသိနဲ့သွားမယ်, လှုပ်သိနဲ့သွားမယ်, ဆင်းရဲသိနဲ့သွားမယ်, ချမ်းသာသိနဲ့သွားမယ်,ဆိုလျှင် ဘယ်လမ်းလဲ၊ "လမ်းဖြောင့်" မှတ်ထား။

အပူနဲ့,အအေး,ဒီနှစ်ခုကို နမူနာယူပြောမယ်၊ ပူဒါကို မှတ်နေတယ်၊ တိုးပူသိပျက်, တန့်ပူသိပျက်, လျော့ပူသိပျက်,လို့,ပူ,သိပျက်မှတ်တယ်၊ ပူဒါပျောက်သွားလို့ အေးဒါပေါ်တော့ အေးဒါကိုဆက်မှတ်တယ်၊ တိုးအေးသိပျက်, တန့်အေးသိပျက်,လျော့အေးသိပျက်,လို့ အဲဒါလေးတွေ ဆက်မှတ်နေ, ဆက်မှတ်နေရင်း မတ်တတ်နဲ့ ပူအေးပျောက်သွား၊ ပျောက်ပုံမှတ်ထား။

ပူဒါ,အေးဒါ,ပျောက်သွား အသိကလေးကျန်တယ်၊ ဘာအသိလဲလို့မေးလျှင်, လှုပ်ထာသိတယ်, ဆင်းရဲဒါသိတယ်, ချမ်းသာဒါသိတယ်,ဆိုလျှင် ပေါ်,သိ,ပျက်ထဲက ဖြစ်သောကြောင့် "လမ်းဖြောင့်"အတိုင်းသွား။

**လမ်းကောက်။**

မှတ်နေတော့, ပူအေး,သိပျက်,မှတ်နေ၊ ပျောက်သွားတော့ ငါးမျိုးလုံးပျောက်သွား၊ မှတ်ထားနော်....ငါးမျိုးလုံး ပျောက်သွားတယ်၊ အသိလေးကျန်နေ အသိကလေးကျန်လျှင်, သိပျက်, သိပျက်,ကပ်လိုက် အဲဒါ "လမ်းကောက်"သွားပြန်ရော။

**လမ်းဆုံး။**

မှတ်နေတုံးကတော့, ပူသိပျက်, အေးသိပျက်,မှတ်နေ၊ မှတ်နေရင်းမတ်တတ်၊ ပူ,အေး,ပျောက်သွား၊ ငါးမျိုးလုံး ပျောက်သွားတယ်၊ အသိလဲပျောက်သွားတယ်ဆိုလျှင် "လမ်းဆုံး"တယ်၊ လိုရင်းတိုတိုမှတ်။

**လမ်းသုံးမျိုးရော၍သိပုံ။**

ပေါ်ဒါငါးမျိုး မှတ်နေလို့ရှိလျှင် လမ်းဖြောင့်အတိုင်း၊ ပေါ်ဒါငါးမျိုးပျောက်၍ အသိလေး ကျန်မယ်ဆိုလျှင် လမ်းကောက်သွား၊ အသိပါမကျန်လျှင် လမ်းဆုံးပြီလို့ ဆိုတာမှတ်နော်....ဒါလေး ရှင်းရှင်းမှတ်ထား။

လှုပ်ထာကလေးမှတ်၊ လှုပ်ထာကအမျိုးမျိုး၊ ဒိတ်သိပျက်, လှုပ်သိပျက်,ရွသိပျက်,ဖျင်းသိပျက်, စစ်သိပျက်, အစရှိသည်ဖြင့် လှုပ်ထာကလေးတွေ မျိုးစုံဘဲမှတ်၊ အဲဒီလှုပ်ထာကလေးကို မှတ်နေတဲ့အခါမှာ လှုပ်ထာကလေး ပျောက်သွား အသိလေးကျန်ပြန်တယ်၊ လှုပ်ထာကလေးတခုသာပျောက်၍ ငါးမျိုးမှာ လေးမျိုးသိနေမယ်ဆိုလျှင် လမ်းဖြောင့်ဘဲ။

မှတ်တော့ လှုပ်ထာကလေး ပျောက်သွားတော့ ငါးမျိုးလုံး ပျောက်သွား မတွေ့ရတော့ဘူး၊ ငါးမျိုးလုံး ပျောက်သွားပြီဆိုလျှင် အသိကျန်လျှင် လမ်းကောက်ဘဲ အသိမကျန်လို့ရှိလျှင် လမ်းဆုံးပြီလို့ ဆိုတာမှတ်နော်....။

ရင်ထဲက လှုပ်လှုပ်,လှုပ်လှုပ်,လှုပ်လှုပ် ကလေးတခုပြောမယ်၊ အဲဒါလေးမှတ်နေ မှတ်နေရင်းမတ်တတ် လှုပ်,ပျောက်သွားတယ် အသိကလေးကျန်တယ်၊ ဘာအသိလဲမေးလျှင် လှုပ်,ထာမှတပါး

လေးမျိုးကို သိနေမယ်ဆိုလျှင် လမ်းဖြောင့် ငါးမျိုးမှတပါး သည့်ပြင်သိနေမယ်ဆိုလျှင် လမ်းကောက်ဘဲ အသိလေးပါ မကျန် ဘူးဆိုလျှင် လမ်းဆုံးပြီလို့ ဒီလိုမှတ်ထား။

ဖျပ်ဖျပ်, ဖျပ်ဖျပ်, ဖျပ်ဖျပ်, ရိပ်ရိပ်, ရိပ်ရိပ်; ရိပ်ရိပ်, တယ်မြန် တယ်၊ ဘင်္ဂဉာဏ် အဲဒါလေးမှတ်နေ ဖျပ်ကနဲဆို ပျောက်သွား အသိကလေးကျန်တယ်တဲ့ မဟုတ်ဘူးလား ?

॥ မှန်ပါဘုရား॥ ॥

ဖျပ်ကနဲဆို ပျောက်သွားပြီးတော့ အသိကလေးကျန်လျှင် ဘာအသိလဲမေးလျှင် ဖျုပ်မှဘပါး သည့်ပြင် ငါးမျိုးကို သိနေ မယ်ဆိုလျှင် ဘယ်လမ်းလဲ ?

॥ လမ်းဖြောင့်ပါဘုရား॥ ॥

လမ်းဖြောင့်ဘဲရှိတယ်၊ ငါးမျိုးမှတပါး သည့်ပြင် သိနေမယ် ဆိုလျှင် ဘယ်လမ်းလဲ ?

॥ လမ်းကောက်ပါဘုရား॥ ॥

လမ်းကောက် အသိပါမကျန်လျှင် ဘယ်လမ်းလဲ ?

॥ လမ်းဆုံးပါဘုရား॥ ॥

လမ်းဆုံး, အဲ....အဲဒါကလေးမှတ်ထား ဗဟုသုတရှိတယ်၊ ခန္ဓာထဲမှာဆိုလျှင် ဆင်းရဲဒုက္ခပေါ်နေတတ်၊ ဥပမာ နာတာ ကလေးတခုမှတ်နေ မှတ်နေရင်းမတ်တတ် နာတာကလေးပျောက် သွား အသိလေးတော့ကျန်နေ နာတာမှတပါး သည့်ပြင်ငါးမျိုး သိနေမယ်ဆိုလျှင် ဘယ်လမ်းလဲ ?

॥လမ်းဖြောင့်ပါဘုရား॥ ॥

ငါးမျိုးမှတပါး သည့်ပြင်သိမယ်ဆိုလျှင် ဘယ်လမ်းလဲ ?

॥ လမ်းကောက်ပါဘုရား॥ ॥

အသိပါမကျန်လျှင် ဘယ်လမ်းလဲ ?

॥ လမ်းဆုံးပါဘုရား။ ॥

ဟော....ဗဟုသုတ သိပ်များတယ်၊ အေးကနဲ့ဖြန်းကနဲ့စိမ့်ကနဲ့သိမ့်ကနဲဆိုတဲ့ ပီတိတွေ မှတ်နေရင်းမတ်တတ်နဲ့ ပီတိတွေ ပျောက်သွား အသိကလေးကျန်တယ်၊ ဘာသိလဲမေးမယ်ဆိုလို့ရှိလျှင် ဖြန်းကနဲ့သိမ့်ကနဲ့အေးကနဲဆိုတဲ့ ပီတိသုခမှတပါး ငါးမျိုး သိနေမယ်ဆိုလျှင် ဘယ်လမ်းလဲ ?

॥ လမ်းဖြောင့်ပါဘုရား။ ॥

လမ်းဖြောင့်, လမ်းဖြောင့်ဆိုလျှင် မဆုံးသေးဘူး ငါးမျိုးမှတပါး သည့်ပြင်သိနေမယ်ဆိုလျှင် ဘယ်လမ်းလဲ ?

॥ လမ်းကောက်ပါဘုရား။ ॥

လမ်းကောက်, အသိကျန်နေမယ်ဆိုလျှင် လမ်းမဆုံးသေးဘူး၊ အသိပါမကျန်လို့ရှိလျှင် လမ်းဆုံးပြီလို့ဆိုတာမှတ် မှတ်ပေတော့။

ကဲ....ရောကျော်ကလေး ရောကျော်ကလေး၊ ခန္ဓာမှာဆိုလို့ရှိလျှင် ခုန ပြောခဲ့ပြီးတဲ့အတိုင်း ပေါ်ဒါမှတ်နေတာဘဲ, ပူသိပျက်, အေးသိပျက်, လှုပ်မှတ်, လှုပ်သိပျက်, ဆင်းရဲသိပျက်, ချမ်းသာသိပျက်, ပေါ်တဲ့အတိုင်း လှည့်မှတ်နေတာဘဲ၊ တခုပြီးတခု, တခုပြီးတခုပေါ်တဲ့အတိုင်း လှည့်မှတ်နေတာဘဲ ဒီလိုမှတ်နေတဲ့ အချိန်ကလေးမှာဆိုလျှင်, ငါးမျိုးလုံး ပျောက်သွား အသိကလေးကျန်လျှင် လမ်းကောက်ဘဲရှိတော့တယ် လမ်းဆုံးပလား ?

॥ မဆုံးသေးပါဘုရား။ ॥

အသိပါမကျန်လျှင် ?

။ လမ်းဆုံးပါပြီဘုရား။ ။

လမ်းဆုံးသွားပြီ၊ ဒါက လမ်းဖြောင့်အတိုင်းသွားဒါဘဲ။

လမ်းကောက်ပြောမယ်တဲ့။ ။မြင့်သိ့ပျက်, မြင်လို့ရှိလျှင်လဲ့ အပျက်ကပ် မြင့်ပျက်၊ ကြားလို့ရှိလျှင်လဲဘဲ, အပျက်ကပ်, ကြားပျက်၊ နံလို့ရှိလျှင်လဲဘဲ,အပျက်ကပ်,နံပျက်၊စားလို့ရှိလျှင်လဲဘဲ, အပျက်ကပ်, စားပျက်ဘဲ၊ လျှက်ပျက်, သောက်ပျက်,ဘဲနောက်ပြီးတော့ဆိုလို့ရှိလျှင်လဲဘဲ တခုခု စိတ်ကူးမယ်ဆိုလို့ရှိလျှင် ကောင်းတာစိတ်ကူး,စိတ်ကူး, မကောင်းတာစိတ်ကူး, စိတ်ကူးအပျက်ကလေးကပ်လိုက် စိတ်ကူးလျှင်လဲပျက်သွားလို့။

ကျန်တဲ့ငါးမျိုး တမျိုးမျိုး ဆေးစက်ကျရာ, အရုပ်ဖြစ်အောင်လိုက်,လိုက်ပြီးတော့မှတ်နေ၊ မှတ်နေရင်းမတ်တတ် အသိကလေးပျောက်သွားတဲ့လမ်း ဘယ်လမ်းလဲ ?

။ လမ်းဆုံးပါဘုရား။ ။

လမ်းဆုံးသွားရော့,လမ်းဆုံးသွားရောတဲ့ ရောကျော်၊ ပေါ်ဒါမှတ်နေရင်း,မြင်လိုက်တော့ မြင့်သိ့ပျက်, ပေါ်ဒါမှတ်နေရင်း, ကြားလိုက်တော့, ကြားသိပျက်မှတ်လိုက်၊ ပေါ်ဒါမှတ်နေရင်း, နံလိုက်တော့, နံ့သိ့ပျက်,မှတ်လိုက်၊ ပေါ်ဒါမှတ်နေရင်း, စားတာသိလိုက်တော့, စား,သိ့ပျက်,မှတ်လိုက်၊ ပေါ်ဒါမှတ်နေရင်း ထိ့သိ့လေးသိလိုက်တော့, သိ့သိ့ပျက်,မှတ်လိုက်တယ်၊ လမ်းဖြောင့်,နဲ့ လမ်းကောက်, ရောမှတ်တယ်၊ နောက်ပိတ်ဆုံး အသိလေးပါမကျန်တော့ဘူး ဘယ်လမ်းလဲ ?

။ လမ်းဆုံးသွားပါပြီဘုရား။ ။

လမ်းဆုံးခေါ်တယ်၊ ကဲ....ဆုံးပုံကလေး ပြောတော့မယ်.... ဆုံးလျှင် အသိမကျန်တော့ဘူးနော်....။

။ မှန်ပါဘုရား။ ။

အသိမကျန်တော့ဘူး၊ ဘာသိသလဲလို့မေးလျှင် မှတ်စိတ်အသိ သို့ခေါ်တယ်၊ ဝိပဿနာအသိ, မှတ်စိတ်အသိလို့ ဒီလို အသိ ကလေးပြောရ၊ ကဲ....နောက်ပိတ်ဆုံး-ဆုံးခါနီးပေါ့။

ပေါ်,သိ,ပျက်,ပေါ်,သိ,ပျက်, ပေါ်ဒါ ဒီဘက်ကမ်းလား, ဟိုဘက်ကမ်းလား ?

။ ဒီဘက်ကမ်းပါဘုရား။ ။

ဒီဘက်ကမ်း—သိတာကော

။ ဒီဘက်ကမ်းပါဘုရား။ ။

ပျက်သွားတာ ?

။ ဒီဘက်ကမ်းပါဘုရား။ ။

ဒီဘက်ကမ်း ဒါက,လမ်းဖြောင့်,အတိုင်း။

လမ်းကောက်ဆိုလျှင်, မြင်,သိ,ပျက်,မြင်တာကော ?

။ ဒီဘက်ကမ်းပါဘုရား။ ။

ကြားတာကော ?

။ ဒီဘက်ကမ်းပါဘုရား။ ။

နံ့တာကော ?

။ ဒီဘက်ကမ်းပါဘုရား။ ။

စားတာကော ?

။ ဒီဘက်ကမ်းပါဘုရား။ ။

သိတာကော ?

။ ဒီဘက်ကမ်းပါဘုရား။ ။

ပျက်သွားတာကော ?

။ ဒီဘက်ကမ်းပါဘုရား။ ။

ဒီဘက်ကမ်းဘဲ, ဒီဘက်ကမ်းချည်းဘဲ၊ နောက်ပိတ်ဆုံးကျ တော့ ရပ်ထာ, ရပ်ထာဆိုတာ မဖြစ်ထာကို ရပ်တယ်ခေါ်တယ်။

**"ဥပ္ပါဒေါ သင်္ခါရာ၊ အနုပ္ပါဒေါ နိဗ္ဗာနံ"။**

မဖြစ်ထာကို ချုပ်တယ်, ဆုံးတယ်, ငြိမ်းတယ်, ရပ်တယ်တဲ့ ဘာမဖြစ်သလဲ ပေါ်,သိ,ပျက် မဖြစ်ဘူး၊ လမ်းကောက်ပြော မယ်ဆိုလျှင် သိ,ပျက်, မဖြစ်ဘူးတဲ့ ဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

မဖြစ်လျှင် ဘာခေါ်လဲ ဆုံးတယ်, ရပ်တယ်, အဲဒီ ဆုံး,ရပ် ဆိုတာ "နိဗ္ဗာန်"ခေါ်တယ်၊ နိဗ္ဗာန်သည် ဘယ်နားမှာလဲမေးလျှင် ဖြစ်,ပျက်,အဆုံးနားမှာ....

**"သင်္ခါရသီသံ နိရောဓေါ"။**

နိရောဓေါ၊ ချုပ်ဆုံး, ရပ်တဲ့ နိဗ္ဗာန်သည်။ သင်္ခါရသီသံ၊ ဖြစ် ပျက်အဆုံးမှာဘဲ။ ဖြစ်,ပျက် အဆုံးနားမှာ ဘာရှိ ?

။ နိဗ္ဗာန်ရှိပါတယ်ဘုရား။ ။

နိဗ္ဗာန်ရှိ၊ အဲ...နိဗ္ဗာန်ခေါ်တယ်၊ နိဗ္ဗာန်က ဒီဘက်ကမ်း လား, ဟိုဘက်ကမ်းလား ?

။ ဟိုဘက်ကမ်းပါဘုရား။ ။

အတွင်းလား,အပြင်လား ?

။ အပြင်ပါဘုရား။ ။

အပြင်ခေါ်တယ်၊ ကိုယ်ထဲမှာတော့ နိဗ္ဗာန်မရှိဘူး၊ ကိုယ့်ကိုယ်ထဲမှာ နှမ်းစေ့လေးလောက်တွေလျှင် အဲဒီ နှမ်းစေ့လေးလောက်တွေတဲ့ ရုပ်နာမ်ဟာ ဖြစ်လိုက်ပျက်လိုက်ဘဲနေ၁်....

॥ မှန်ပါဘုရား॥ ॥

မဖြစ်မပျက်ထာ ကိုယ်ထဲမှာ နှမ်းစေ့လေးလောက်ပါမပါ?

॥ မပါပါဘုရား॥ ॥

**မဂ်ဝင်ပုံ။**

နိဗ္ဗာန်ကတော့ မဖြစ်မပျက်ခေါ်တယ် ဟိုဘက်ကမ်း၊ မဖြစ်ထာကိုပင် 'ဆုံး'မဖြင်ထာကိုပင် 'ရပ်'လို့ အဲဒီ ရပ်တဲ့နိဗ္ဗာန်ဟာ တဘက်ကမ်းဘဲ မြင်လိုက် ရထာကတော့ ဘာဉာဏ်လဲ ?

॥ မဂ်ဉာဏ်ပါဘုရား॥ ॥

မဂ်ဉာဏ်တဲ့ တနည်းအားဖြင့်ဖိုလ်ဉာဏ်ခေါ်တယ်၊ မဂ်ဉာဏ်ဆိုပေမယ်လို့ ညကပြောတဲ့အတိုင်း ရပ်စ ဂေါတြဘူဉာဏ်၊ ရပ်လယ် မဂ်တဉာဏ်၊ နှစ်ဉာဏ်ရှိသွားပြီ ရပ်ဆုံးဖိုလ် နှစ်ဉာဏ်၊ လေးဉာဏ်ရှိသွားပြီ တနည်း၊ ဖိုလ်သုံးဉာဏ်ထားလျှင် ငါးဉာဏ်ရှိသွားပြီ။

လေးဉာဏ်ငါးဉာဏ်၊ လေးသိငါးသိ၊ လေးမှတ်စာ ငါးမှတ်စာဆိုတော့ မကြာလှဘူး၊ တမှတ်ကို တစက္ကန့်ထားမယ်ဆိုလျှင် လေးစက္ကန့်လောက် ငါးစက္ကန့်လောက် ဒီလောက်ဘဲရှိ ဒါစက္ကန့်ဆိုလျှင် မြင်လွယ်အောင်ပြောပြတာ။

စက္ကန့်ကလေးတခုမှာ နာမ်ပေါင်း ကုဋေတသိန်းမက ပျက်နိုင်တယ် မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

အင်မတန်မြန်တယ်ခေါ်တယ်၊ အဲ့ဒါကြောင့်မင်္ဂကျတဲ့အချိန်မှာ "လေးသိ ငါးသိ" "လေးမှတ်စာ ငါးမှတ်စာ" လေး'လှမ်းကန်' ဖြစ်သွားတတ်တယ်၊ အဲဒီအချိန်မှာ သတိလစ်သလို၊ မေ့သလို ဖြစ်တတ်တယ်၊ စိတ်ကတော့ရှိတယ်၊ စိတ်ကရှိ၏တဲ့ ရှိသော်လဲဘဲ မသိသလို၊ သတိလစ်သလို မေ့သလိုဖြစ်တယ်။

**ဥပမာ။** ။ပြောလျှင်ဓာတ်လိုက်သော ပုဂ္ဂိုလ်များသည် ဖြုန်းကနဲ မေ့ပြီးတော့လဲသွား မေ့နေသော်လဲ၊ စိတ်ကရှိ၏လို့ ယူရသလိုဘဲ မေ့ဆေးထိုးထားတဲ့ ပုဂ္ဂိုလ်များသည် မေ့နေသော်လဲဘဲ စိတ်ကား နာမ်ကား ရှိ၏လို့ ယူရသလို ထို့အတူဘဲ ဒီမှာ မင်္ဂကျတဲ့အချိန်ကလေးမှာ အသိ လေးသိ ငါးသိတော့ရှိ၏၊ လေးနာမ် ငါးနာမ်တော့ရှိ၏။ ရှိသော်လဲဘဲ ယောဂီဖြစ်ပုံကတော့၊ မသိသလို၊ သတိလစ်သလို၊ မေ့သလို၊ ဖြစ်နေတတ်တယ်၊ ငါဘယ့်နယ်ဖြစ်သွားပါလိမ့်မလဲ အိပ်ငိုက်ထာလဲ မဟုတ်ဘူး၊ ကိုယ်တွေ့လဲဘဲ လေးလံထိုင်းမှိုင်းဘာလဲမဟုတ်ဘူး၊ အိပ်ပျော်သွားတာလဲမဟုတ်ဘူး တယ်ထူးပါကလားလို့။

မမေ့သေးခင်ကလဲဘဲ ကိုယ့်ကိုယ်ထဲမှာ ဖြစ်ပျက်ကို လျှင်မြန်စွာမြင်နေတတ်တယ်၊ မေ့နေတဲ့အချိန်ကလေးမှာတော့ ဘာမှ မသိဘူး၊ ခုန လေးသိ ငါးသိ ဖြစ်ပြီးတဲ့နောက် သတိရလာတယ် စိတ်ကြည်ကြည်လင်လင်ဘဲ စိတ် ထိုင်းထိုင်း မှိုင်းမှိုင်းလဲ ဘာမှ မရှိဘူး၊ အဲဒီအခါကျပြီဆိုလျှင် ဖြစ်ပျက်ကိုပြန်မြင်တယ်၊ ရှေ့ကလဲဖြစ်ပျက်မြင်၊ နောက်ကလဲဖြစ်ပျက်မြင်၊ ခလယ်ခေါင်မှာ ကြားညှပ်လျက်နဲ့ မေ့သလိုထင်၊ အဲဒါကတော့ တခဏမျှ မေ့သလို ထင်မယ်ဆိုလို့ရှိလျှင် အဲဒါ "မင်္ဂဝင်"တာဘဲ။

မဂ်ဝင်တာလဲ ဒီဘက်ကမ်းဘဲနော်....။

။ မှန်ပါဘုရား။ ။

တခါ မဂ်ဝင်သောတာပန် ဘယ်ဘက်ကမ်းလဲ ?

။ ဒီဘက်ကမ်းပါဘုရား။ ။

နှစ်ခါမဂ်ဝင်သကဒါဂါမ် ဘယ်ဘက်ကမ်းလဲ ?

။ ဒီဘက်ကမ်းပါဘုရား။ ။

သုံးခါမဂ်ဝင် အနာဂါမ် ဘယ်ဘက်ကမ်းလဲ ?

။ ဒီဘက်ကမ်းပါဘုရား။ ။

လေးခါမဂ်ဝင်လျှင် ရဟန္တာ, ပစ္စေကဗုဒ္ဓါ,ဘုရား,ဘယ်ဘက်ကမ်းလဲ ?

။ ဒီဘက်ကမ်းပါဘုရား။ ။

ဟော....မဂ်ဝင်တာ ဒီဘက်ကမ်းဘဲ....။

**ဖိုလ်ဝင်စားပုံ။**

ဖိုလ်ဝင်စားမယ်တဲ့၊ ခုနပြောသလို မဂ်ဝင်တဲ့အချိန်ကလေးမှာ, ဖိုလ်ဉာဏ် နှစ်ဉာဏ်,သုံးဉာဏ်,ပါသွားတယ်၊ အဲဒီ ဖိုလ်ဉာဏ်တို့သည် ဘာကိုမြင်သလဲလို့ မေးလျှင်, ဆုံးတဲ့,ရပ်တဲ့, နိဗ္ဗာန်တဘက်ကမ်းကို လှမ်းမြင်တယ်ခေါ်တယ်၊ အဲဒါကလေးကို တခါထဲ အရှင်းခံထားပြီးတော့....။

ငါသည်တဲ့ ဖိုလ်ဉာဏ်ဖြင့်ရပ်တဲ့ နိဗ္ဗာန်တဘက်ကမ်းကို မြင်ဘူးတာမှန်ခဲ့ပါလျှင်, ယခုခန္ဓာဖြစ်ပျက်ကို မှတ်ရင်း, မှတ်ရင်း, မတ်ဘတ်နဲ့ ရပ်တဲ့, နိဗ္ဗာန်ကြီးကို, ဖိုလ်ဉာဏ်ဖြင့်, တနာရီဆိုလျှင် တနာရီ ပြန်မြင်နိုင်ပါစေသား၊ အလွန်ဆုံး ခုနစ်ရက်ဆိုလျှင် ခုနစ်

ရက်လုံးလုံး ပြန်မြင်နိုင်ပါစေသား အဓိဋ္ဌာန်ရတယ်၊ အဓိဋ္ဌာန်ပြီးတော့ ခန္ဓာမှာဖြစ်ပျက်ကို မှတ်နေရတယ်။

မှတ်နေရင်းမတ်တတ်၊ ဖြစ်ပျက်ဆုံးသွားလျှင်၊ ရပ်တဲ့နိဗ္ဗာန်ဘက်ကမ်းကို ဖိုလ်ဉာဏ်ဖြင့် မမြင်ရဘူးလား ?

။ မြင်ရပါမယ်ဘုရား။ ။

ဖိုလ်ဉာဏ်က ဘယ်ဘက်ကမ်းလဲ ?

။ ဒီဘက်ကမ်းပါဘုရား။ ။

မြင်ရတဲ့နိဗ္ဗာန်က ဘယ်ဘက်ကမ်းလဲ ?

။ ဟိုဘက်ကမ်းပါဘုရား။ ။

နိဗ္ဗာန်က အပြင်မြင်ရတဲ့ ဖိုလ်ဉာဏ်က အဇ္ဈတ္တအတွင်းခေါ်တယ်၊ အတွင်းကနေပြီးတော့ အပြင်ကို လှမ်းမြင်တာခေါ်တယ် မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အဲဒီတော့....ဖိုလ်ဉာဏ်ဖြင့်လှမ်းမြင်တဲ့ အချိန်မှာ ဖိုလ်အသိတွေရှိ၏၊ ဖိုလ်စိတ်တွေလဲရှိ၏၊ နာမ်တရားတွေလဲရှိ၏၊ သို့သော်ယောဂီမှာဆိုလို့ရှိလျှင်၊ မသိသလို၊ သတိလစ်သလို၊ မေ့သလို၊ ဖြစ်နေတတ်တယ်လို့ အဲဒီလိုမှတ်။

မဂ်ဉာဏ်ကမြန်တယ်- ဖိုလ်ဉာဏ်ကျတော့၊ တနာရီဆိုတော့ အင်မတန်ကြာတယ်ခေါ်တယ်၊ ဝသီဘော်နိုင်မယ်ဆိုလို့ရှိလျှင် တမိနစ်ဝင်စားလျှင် တမိနစ်မြင်တယ်၊ ငါးမိနစ် ဝင်စားမယ်ဆိုလျှင်၊ ငါးမိနစ်လုံးလုံး မြင်နိုင်တယ်၊ တနာရီ ဝင်စားမယ်ဆိုလျှင်၊ တနာရီလုံးလုံးမြင်နိုင်တယ်၊ အလွန်ဆုံး၊ ခုနစ်ရက်၊ ဝင်စားမယ်ဆိုလျှင်၊ ခုနစ်ရက်လုံးလုံး မြင်နိုင်တယ်။

ဖိုလ်ဉာဏ်ထိုင်လျက် ဝင်စားမယ်ဆိုလျှင်၊ ထိုင်လျက်ချည်းဘဲ ခုနစ်ရက်လုံးလုံး နိဗ္ဗာန်တဘက်ကမ်းကို လှမ်းမြင်နေတယ်၊ အဲဒီ လှမ်းမြင်နေတဲ့ အချိန်ကလေးမှာ သတိလစ်သလို့မေ့သလို ဖြစ်နေတတ်တယ်၊ ငိုက်တာလဲ မဟုတ်ဘူးနော်....။

။ မှန်ပါဘုရား။ ။

အိပ်ငိုက်ထာက ရုပ်လေးတယ်ခေါ်တယ်၊ ဆပ်ကနဲ့ဆပ်ကနဲ့ အောက်ကို ကျကျပြီးတော့ မသွားဘူးလား ?

။ သွားပါတယ်ဘုရား။ ။

ယခုတော့ အိပ်ငိုက်ထာမဟုတ်ဘူး၊ သိသာတာဘဲ၊ ကျောက်ထုရုပ်လို ခိုင်မာပြီးတော့ နေခြင်းကလဲတမျိုး၊ သူ့သွားကိုင်လျှင် လက်တွေ့ဘာတွေ့ အားလုံး တောင့်နေတယ်ခေါ်တယ်၊ ကိုယ်ကြီးလဲ တောင့်နေတယ်ခေါ်တယ်၊ ခြေထောက်တွေ့ ဘာတွေ့ ထိုင်လျက်ကွေးလျက်ထားလျှင် ဆန့်လို့မရဘူး၊ ဆွဲဆန့်လို့မရဘူး တောင့်ပြီးတော့နေတော့ဒါဘဲ။

အသက်ကလေးမှန်မှန်မှန်မှန်ရှူခြင်းကလဲတမျိုး၊ တိုတိုရှူတာ၊ ရှည်ရှည်ရှူတာ၊ ရှိုက်ပြီးတော့ရှူတာ၊ မရှိရဘူး၊ အသက်ရှူတာလဲ သူမသိရဘူး၊ ဘယ်လောက်ပင်ကြာကြာ၊ ကြာကြာ၊ ဆင်းရဲဒုက္ခမရှိရဘူး၊ ဘယ်လောက်ပင် ကြာကြာ၊ ကြာကြာ၊ လေးလံတိုင်းမှိုင်းခြင်း ဘာမှလဲမရှိရဘူး၊ ဘယ်လောက်ပင် ကြာကြာ၊ အသက်အန္တရာယ် မရှိဘူးခေါ်တယ်။

တရားထိုင်လွန်းအားကြီးတော့ သေသွားလိမ့်မယ်၊ ရောဂါဝေဒနာ ဖြစ်လိမ့်မယ်လို့ ဆိုတာ ဘယ်တော့ကမှမရှိဘူး၊ ကိလေသာတွေ ပါးပါးပါးပါး ပြီးတော့ သွားသည်ဖြစ်လေသော

ကြောင့် တနေ့ထက်တနေ့ အသားအရေမှာ စိုစို့ပြေပြေ၊ ဖြူဖြူ့၊ ဝင်းဝင်းကြီးဆိုတာမျိုးလဲ ပေါ်ပြီးတော့ လာတတ်တယ်လို့ ဆိုတာမှတ်နော်....။

॥ မှန်ပါဘုရား။ ॥

**မဂ်ဖိုလ်ဝင်လျှင် ဒ၀ာရုံခြောက်ပါးဆိတ်ပုံ။**

အဲဒါ ဖိုလ်ဝင်စားတာဘဲ၊ မဂ်ဝင်တဲ့အချိန်၊ ဖိုလ်ဝင်တဲ့အချိန်ဟာ ဤဘက်ကမ်း အဲဒီ ဤဘက်ကမ်းမှာ အာရုံခြောက်ပါးလေး ဆိတ်ပုံပြောမယ်၊ ဖြူ နီ ကြောင် ကြားဆိုတဲ့ အဆင်းမျိုးစုံ ရူပါရုံတို့သည် ဒီဘက်ကမ်းမှာ ရှိပါတယ်၊ သူ့မျက်စေ့နဲ့ မမြင်ဘူး၊ မျက်စေ့ဖွင့်ပြီးတော့ ဖိုလ်ဝင်စားတော့လဲဘဲ မျက်စေ့ရှေ့မှာ လက်နှိပ်ဓါတ်မီးနဲ့ ထိုးမယ်ဆိုလျှင် မမြင်ဘူး၊ ဘာ့ကြောင့်လဲ လို့မေးမယ်ဆိုလျှင် ဟိုဘက်ကမ်းကိုချည်းဘဲ မဂ်ဉာဏ်ဖိုလ်ဉာဏ် ဖြင့် လှမ်းမြင်နေလို့ ရှင်းသွားပလား ?

॥ ရှင်းသွားပါပြီဘုရား။ ॥

အသံမျိုးစုံ သဒ္ဒါရုံတို့သည် ဒီဘက်ကမ်းမှာရှိပါ၏၊ သူ့နား ထဲသွားပြီးတော့ ကပ်အော်လျှင် ကြား မကြား ?

॥ မကြားပါဘုရား။ ॥

မကြားဘူး၊ ဘာဖြစ်လို့လဲမေးမယ်ဆိုလျှင် ဟိုဘက်ကမ်းကို ချည်းဘဲ လှမ်းမြင်နေလို၊ အနံ့မျိုးစုံ ဂန္ဓာရုံတို့သည် ဒီဘက်ကမ်း မှာရှိပါ၏၊ သူ့နှာခေါင်းနားမှာ အမွှေးတိုင်စသော အနံ့တွေ သွားလျှင် နံ့ မနံ ?

॥ မနံပါဘုရား။ ॥

မနံပါ ဟိုဘက်ကမ်းကိုချည်း လှမ်းမြင်နေလို့။

လျှာပေါ်မှာ ချို့,ချဉ်,စပ်,ငံ,ဖန်,ခါးဆိုတဲ့အရသာလေးတွေ တင်ထား သိပါမလား ?

॥ မသိပါဘုရား॥ ॥

ချိုမှန်း,ချဉ်မှန်း,စပ်မှန်း,ခါးမှန်း,ငံမှန်း, ဘယ်တော့ကမှ မသိပါ၊ အဲဒီနေရာကလေးမှာ ကွမ်းသီးကိုက်လျက်နဲ့ ဖိုလ်ဝင်စားမယ်ဆိုလျှင် မေးခိုင်သွား ကွမ်းသီးကြီးကိုက်လျက်သားဘဲ ပါးစပ်ကြီး ဟ,လျက်နဲ့ ဖိုလ်ဝင်စားမယ်ဆိုလျှင်ပါးစပ်ကြီးဟလျက် ခိုင်သွားရော ပါးစပ်ကြီးစေ့လျက်နဲ့ ဖိုလ်ဝင်စားမယ်ဆိုလို့ရှိလျှင် ပါးစပ်ကြီး စေ့ပြီးတော့ မေးခိုင်သလိုဖြစ်နေ ဆွဲဟလျှင် မရဘူး။

ဒါကြောင့်တဲ့ ချို့,ချဉ်,စပ်,ဖန်,ခါး,ငံတို့သည် လျှာပေါ်မှာ တင်ထားသော်လဲဘဲ မသိပါ ဘာဖြစ်လို့လဲ မေးမယ်ဆိုလျှင် ဟိုဘက်ကမ်းကိုချည်း လှမ်းမြင်နေလို့။

ဖိုလ်ဝင်စားဘဲ့ပုဂ္ဂိုလ်ကိုယ်ထဲမှာ မဂ်ကျတဲ့ ပုဂ္ဂိုလ်ကိုယ်ထဲမှာ ပူဒေါ်,အေးဒေါ်,လှုပ်ထာရှိတယ် မဟုတ်ဘူးလား ?

॥ ရှိပါတယ်ဘုရား॥ ॥

ရှိတာဘဲ ခန္ဓာကိုယ် ရှိမယ်ဆိုလျှင် တေဇောဓါတ်ရှိတယ် ဝါယောဓါတ်ရှိတယ်, ပထဝီဓါတ်ရှိတယ်၊ ဓါတ်တွေရှိသည်ဖြစ်လေသောကြောင့် ပူဒေါ်,အေးဒေါ်လဲ ကိုယ်ထဲမှာရှိတယ်၊ လှုပ်ထာလဲ ကိုယ်ထဲမှာရှိတယ်၊ ရင်ထဲမှာခုံတဲ့ ဒိတ်ဒိတ်,ဒိတ်ဒိတ်,ဒိတ်ဒိတ်လဲရှိတာဘဲ သွေးကျတာလဲရှိတာဘဲ အသက်ရှူတဲ့,ရှူလိုက်,ရှိုက်လိုက်,ရှူလိုက်,ရှိုက်လိုက်ဆိုတဲ့ထွက်လေ,ဝင်လေလဲရှိတာဘဲ ခန္ဓာထဲမှာ ပူဒေါ်,အေးဒေါ်,လှုပ်ထာပင် ရှိသော်လဲဘဲ သူက သိ,မသိ ?

॥ မသိပါဘုရား॥ ॥

မသိဘူးခေါ်တယ်၊ အပြင်ဘက်က မီးပူ့နေပူတွေ သူ့လာ ထိုးလျှင် သိ့မသိ ?

။ မသိပါဘူးဘုရား။ ။

မသိဘူးခေါ်တယ်၊ လေတွေသိတ်တိုက် သူသိပါ့မလား ?

။ မသိပါဘူးဘုရား။ ။

မသိဘူးခေါ်တယ်၊ သူ့လာပြီးသကာလ လက်ကြီးနဲ့ကိုင် လျှင် သူသိ့မသိ ?

။ မသိပါဘုရား။ ။

ထက်လှစွာသော့ အပ်ဖျားကလေး့ ဆူးကလေးနဲ့ လာထိုး လျှင် သူသိ့မသိ ?

။ မသိပါဘူးဘုရား။ ။

မသိဘူးခေါ်တယ်၊ တစုံတခုနဲ့ သူ့ကို ရိုက်နှက်မယ်ဆိုလို့ရှိ လျှင် သူဘယ်တော့ကမှမသိဘူး၊ ဘာဖြစ်လို့လဲ မေးမယ်ဆိုလို့ရှိ လျှင် ဟိုဘက်ကမ်းကိုချည်းဘဲ လှမ်းမြင်နေလို့ ဒါက "လူပြိန်း ပြောနည်း" ကာယဝိညာဉ်စိတ်၊ ထိ့သိ့မဖြစ်လို့တဲ့၊ ဒါက.... "ပညာရှိပြောနည်း"လို့ဆိုတာ မှတ်နော်....။

နောက်ပြီးတော့ဆိုလို့ရှိလျှင် စိတ်ကူးလေးတွေ ကောင်း တာတွေ့ စိတ်ကူး့စိတ်ကူး့ မကောင်းတာတွေ စိတ်ကူး့ စိတ်- ကူး့ ဟုတ်ထာတွေစိတ်ကူး့စိတ်ကူး၊မဟုတ်ထာတွေ စိတ်ကူး့စိတ်- ကူး့ ပညတ်လို့ ပရမတ်လို့ စိတ်ကူး့စိတ်ကူး၊ အဲဒီ ...ဓမ္မာရုံ သဘောတွေကို စိတ်ကူးတဲ့၊ စိတ်ကူးသိကလေးကော ရှိပမလား?

။ မရှိပါဘုရား။ ။

ဟိုဘက်ကမ်းကိုချည်းဘဲ လှမ်းမြင်နေလို့နေ၁် စိတ်ကူးသိက လေးလဲ ဘာမှမရှိဘူးခေါ်တယ်၊ ဟိုဘက်ကမ်းကိုချည်းဘဲ လှမ်း မြင်နေလို့တဲ့။

ဟောဒါ....လောကီအာရုံခြောက်ပါး ဒီဘက်ကမ်းမှာ ဆိတ် နေပုံတဲ့၊ ဒါကလေးမှတ်ထား အဲဒါ....တနာရီ ဝင်စားမယ်ဆို လျှင် တနာရီလုံးလုံး ဖြစ်နေပုံလေးဘဲလို့ ဆိုတာ အဲဒါမှတ်။

နောက်ပြီးတော့ဆိုလျှင် သူ့ကို မီးပုံပြီးတော့ ရှို့မယ်ဆိုလျှင် မီးလောင်ပါ့မလား ?

။ မလောင်ပါဘုရား။ ။

မလောင်ဘူးခေါ်တယ်, မလောင်ဘူးခေါ်တယ်။

**သုခ-ဒုက္ခ-ဝေဒနာကင်းပုံ။**

နောက်ပြီးတော့ ဝေဒနာနဲ့ပတ်သက်ပြီးတော့ နဲနဲပြောမယ်၊ ကျင်တာကိုမှတ်နေတဲ့အချိန်, ထုံတာကိုမှတ်နေတဲ့အချိန်, ကိုက် ထာ,နာတာ,ဆင်းရဲဒုက္ခမှတ်နေတဲ့ အချိန်ကလေးမှာ ဆင်းရဲကို မှတ်ပြီးသကာလ, မင်္ကျ,သွားတယ်, ဖိုလ်ဝင်စားတယ်, အဲဒီလို မင်္ကျ,သွား ဖိုလ်ဝင်စားတယ်ဆိုလျှင်, ဆင်းရဲဒါလဲ မရှိတော့ ဘူး၊ ကျင်တာလဲပျောက်, ထုံတာလဲပျောက်,နာတာလဲပျောက်, မှတ်စိတ်လဲ ပျောက်သွားတာဘဲ။

ဘာဖြစ်လို့လဲ မေးမယ်ဆိုလျှင် မင်္ဂဉာဏ်,ဖိုလ်ဉာဏ်, တို့သည် ဝေဒနာပြောမယ်ဆိုလျှင် သောမနဿဝေဒနာ, ဥပေက္ခာဝေဒ- နာ,နှစ်ပါးသာယှဉ်တယ်၊ ဒုက္ခဝေဒနာနဲ့, သုခဝေဒနာ, နှစ်ပါး မယှဉ်သည်ဖြစ်လေသောကြောင့် ခဏ္ဍာမှာ, ကျင်တာ,နာတာ,

ကိုက်ထာ,အောင့်တာ, မူးတာ, ဝေတာ, ဘယ်တော့ကမှ မပေါ် ဘူး။

ဖိုလ်ဝင်စားပြီးတော့နေတဲ့ အချိန်မှာ ဟိုနေရာက, ညောင်း လိုက်ထာ, ကျင်လိုက်ထာ, ထုံလိုက်ထာ, ကိုက်လိုက်ထာ,လို့ ကိုယ်ဆင်းရဲဒါ, ပေါ်ကိုမပေါ်ဘူး၊ ခုနစ်ရက်လုံးပင်, ဝင်စား ပင်, ဝင်စားပြေးသော်လဲဘဲ ဆင်းရဲဒုက္ခ, နဲနဲလေးမှ မပေါ် ပါဘူး။

ဖိုလ်ဝင်စားတဲ့ပုဂ္ဂိုလ်ကို မဆိုထားဘိ၊ ဝိပဿနာဉာဏ်အား ကောင်းနေတဲ့ အချိန်ကလေး, ဥဒယဗ္ဗယ,ဉာဏ် အနုစားပိုင်ပြီး သကာလ၊ အာရဒ္ဓဝိပဿကပုဂ္ဂိုလ်,ဖြစ်၍၊ ခန္ဓာကိုယ်မှာဆိုလျှင် စိတ်ချမ်းသာ, ကိုယ်ကျမ်းမာဆိုတဲ့, ပါဂုညတာ, ဖြစ်နေတဲ့အချိန် ကလေးမှာ တချို့ယောဂီ, နှစ်နာရီ,သုံးနာရီ,လေးနာရီ, ငါးနာ ရီ,ခြောက်နာရီ, ခုနစ်နာရီ,လောက် ကြာတယ်၊ အဲဒါ ကြာပြီး တော့ ဘာမှလဲမဖြစ်ဘူး။

ရပ်ထာ,မြင်နေပို့လားဆိုတော့ မဟုတ်ဘူး၊ ဖြစ်ပျက်, မှတ် လို့ ကောင်းလွန်းလို့တဲ့၊ ဟော....အဲဒါကြောင့် ဝိပဿနာဉာဏ် · ထက်သန်ပြီးတော့ နေမယ်ဘိုလို့ရှိလျှင်လဲဘဲ ဖိုလ်ဝင်စားသလို ဘဲ ညောင်းခြင်း,ညာခြင်း, ဘာမှမရှိဘူးခေါ်တယ်။

အဲဒါ....မဂ်ဝင်တဲ့အချိန်, ဖိုလ်ဝင်တဲ့အချိန်,ဘဲ မဂ်ဉာဏ်,က နိဗ္ဗာန်ကိုလှမ်းမြင်မယ်ဆိုလျှင်, ဖိုလ်ဝင်စားတယ်ခေါ်တယ်။

မဂ်ဝင်တာအစ, ဖိုလ်ဝင်စားတာအလယ်,လို့ ရဟန္တာ ဖြစ် ပြီးတဲ့နောက် ပရိနိဗ္ဗာန်စံရေး, ပရိနိဗ္ဗာန်စံတယ်ဆိုတာ, နာမ်နဲ့, ရုပ်နဲ့, နောက်ပိတ်ဆုံးပြိုင်တူချုပ်တယ်ခေါ်တယ်၊ "ကမ္မဇရုပ်"

ခေါ်တယ်၊ စုတိနာမ်နဲ့, ကမ္မဇရုပ်နဲ့, ပြိုင်တူချုပ်သွားတယ် ချုပ်သွားပြီနော်....။

ချုပ်သွားလျှင် အလောင်းတော်ကြီး မကျန်ဘူးလား ?

။ ကျန်ပါတယ်ဘုရား။ ။

အလောင်းတော် ဘယ်ဘက်ကမ်းမှာကျန် ?

။ ဒီဘက်ကမ်းမှာ ကျန်ပါတယ်ဘုရား။ ။

ဟော....ဒီဘက်ကမ်းမှာ ကျန်ရစ်တယ်၊ အလောင်းတော်ဆိုတာ ရုပ်ခေါ်တယ်၊ နာမ်တရားတော့ ချုပ်သွားပြီမဟုတ်လား ?

။ မှန်ပါတယ်ဘုရား။ ။

ဘယ်မှာသွားပေါ်သလဲ ?

။ မပေါ်တော့ပါဘုရား။ ။

မပေါ်တော့ဘူး အလောင်းမှာရှိတဲ့ နာမ်ချုပ်ပြီးတော့ သည့်ပြင်မှာပေါ်လို့ရှိလျှင် နိဗ္ဗာန် မဝင်သေးဘူးခေါ်တယ်၊ သံသရာလည်တုံးရှိသေးတာဘဲ မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

တနာမ်ပျက်လို့ တနာမ်အသစ်ဆက်တယ်ဆိုလျှင် အဲဒါသံသရာလည်တုံးဘဲ ခေါ်တယ်၊ ခုအလောင်းတော်ဟာ ရုပ်သာကျန်ရစ်တယ် နောက် နာမ်မလာတော့ဘူး၊ အလောင်းမှာသာ နာမ်မလာတာ မဟုတ်ဘူး၊ ဘယ်မှာမှ နာမ်မလာတော့ဘူး၊ နာမ်အသစ် နောက်ဖြစ်အုံးမလား ?

။ မဖြစ်တော့ပါဘုရား။ ။

အဲဒါ....နာမ်အသစ် နောက်ကို မဖြစ်ဘူးဆိုလျှင် အဲဒါ နာမ် သေတယ်ခေါ်တယ်၊ နာမ်သေတာဟာ ဒါဘဲရှိတယ်။

အသညသ ဘုံမှာ ကမ္ဘာငါးရာ နာမ်တွေချုပ်ငြားသော်လဲ နာမ်မသေဘူး၊ အသညသ ဘုံကသေလာမယ်ဆိုလို့ရှိလျှင် လူ့ ပြည်နတ်ပြည်မှာ နာမ်လာပေါ်တာဘဲ၊ နိရောဓသမာပါတ်ဝင် စားတဲ့ ပုဂ္ဂိုလ်ဟာ ခုနစ်ရက်လုံးလုံး နာမ်ချုပ်တယ်၊ နာမ်ချုပ် သော်လဲ နာမ်မသေဘူး၊ သမာပါတ်ဝင်စားရာက ထမယ်ဆိုလျှင် နာမ်ပြန်ပေါ်လာတာဘဲ။

ဒီတော့ နာမ်လုံးလုံးချုပ်တဲ့ အချိန်ကလေးဟာ ဘယ်အချိန် လဲလို့ မေးတော့ နိဗ္ဗာန်ဝင်တဲ့အချိန်ကလေးဘဲ၊ ပရိနိဗ္ဗာန်စံတဲ့ အချိန်လေးဘဲ မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အဲဒါမှ နာမ်သေတယ်ခေါ်တယ်၊ လူတွေဟာ ဘဝဟောင်း ကိုစွန့်ပြီး ဘဝသစ်ကို ကူးစက်သွားလာပြီးတော့ နေကြတာတွေ ဟာ နာမ်သေလား၊ မသေဘူးလား ?

။ မသေပါဘုရား။ ။

နာမ်မသေဘူးခေါ်တယ်၊ ယခု ရဟန္တာ ကိုယ်တော်မြတ်တို့၊ ဘုရားတို့၊ ပစ္စေကဗုဒ္ဓါကိုယ်တော်မြတ်တို့ ပရိနိဗ္ဗာန်စံတဲ့ ဥစ္စာ နာမ်သေတယ်ခေါ်တယ်။

အလောင်းမှာလဲဘဲ နာမ်ဟောင်းချုပ်ငြိမ်း နိဗ္ဗာန်တဘက် ကမ်းမှာလဲ နာမ်သစ်မပေါ်ကိန်းဖြင့် နာမ်ဇာတ်၊ ရုပ်ဇာတ်လုံးလုံး သိမ်းသွားတာ "နိဗ္ဗာန်ဝင်" လို့။

ကဲ....မဂ်ဝင်ပုံ့ ဖိုလ်ဝင်စားပုံ့ နိဗ္ဗာန်ဝင်ပုံတို့ကို ကရုဏာသန် သန်ထား မေတ္တာများများဖြင့် ဟောကြားလိုက်ရတာကို ကြားနာလိုက်ရတဲ့ တရားထိုင်ရတဲ့ သင်သူတော်ကောင်း အပေါင်းတို့မှာ ဝမ်းမြောက်ဝမ်းသာ ရှိခဲ့ပါလျှင် သုံးကြိမ် သာဓုခေါ်နိုင်ကြပါစေကုန်သတည်း။ ။

သာဓု—သာဓု—သာဓု

ဗိုလ်ငါးပါး ထိုင်တရားတော် ပြီးပြီ။

ကျေးဇူးရှင်

မူလ-ကသစ်ဝိုင် ဆရာတော်ဘုရားကြီးကိုယ်တိုင်

ဟောကြားတော်မူခဲ့သော

# သမ္မသနုဉာဏ်ခဏ်း

အလုပ်ပေးဝိပဿနာ ညတရားတော်

ဒုလ္လဘဒေသနာ

# ကျေးဇူးရှင်

## မူလ-က သစ်ပိုင်ဆရာတော်ဘုရားကြီး၏

# သမ္မသနဉာဏ်ခန်း

## အလုပ်ပေးဝိပဿနာ ညတရားတော်

## ဒုလ္လဘဒေသနာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**ကန်တော့နည်း။**

ဂါရဝ နိဝါတဖြစ်အောင် လက်အုပ်ချီကြ မျက်လုံးလေးမှိတ်လိုက် မိမိတို့ရင်တွင် နာမ်အစဉ်မှာ ဝင်တဲ့စေတနာလေးက ဉာဏ်မှန်ပြောင်းတတ်ပြီးသကာလ ရှိခိုးခံရသော ရတနာသုံးပါးနှင့် ဆရာသမားတို့၏ ရင်တွင် နာမ်အစဉ်မှာဝင်တဲ့ သီလ,သမာဓိ,ပညာဂုဏ်ကို မှန်း၍ ကြည်ညိုသောသဒ္ဓါ, ထက်သန်သောစေတနာပြဋ္ဌာန်းပြီးကာ ခန္ဓာမှာ လက်ငင်းဖြစ်ပျက်နေသော ရုပ်နာမ်ဓမ္မဖြင့် လေးလေး,ညီညီ,ပြတ်ပြတ်,ရှင်းရှင်း, ကန်တော့ကြ။

**ဆုပေး။**

သုံးဆယ့်နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီး ရှစ်ဆယ်သော လက္ခဏာတော်ငယ်၊ ရောင်ခြည်တော်

ခြောက်သွယ် ကွန့်မြူးပြီးသကာလ "အသဒိသ" မည်သူနဲ့မှ မတူနိုင် "အတုလ" မည်သူနဲ့မှ နှိုင်းယှဉ်လို့မရတဲ့ သက်တော် ထင်ရှား မြတ်ဘုရားအစစ်ကို "ဝက္ကလိ" မထေရ်သည် ဘုရားရှင် ကိုယ်တော်မြတ်ကို မြင်ရရာ အရပ်က မမှိတ်သော မျက်စေ့ဖြင့် ဖွင့်ကြည့်၍ အားရအောင် ဖူးမြင်၍နေလေသည်၊ ဘုရားရှင်ကိုယ် တော်မြတ်ကလဲ ပါရမီမရင့်သေးသော အချိန်၌ အသာ တိတ် တိတ်, ဆိတ်ဆိတ်, အဖူးခံတော်မူသည်၊ ပါရမီရင့်သောအခါ၌ "ချစ်သားဝက္ကလိ" ငါဘုရားအကောင်ပုတ်ကြီးကို ယခုလို သင့် မျက်လုံးဖြင့် ဖွင့်ကြည့်၍ ဖူးမြင်နေရုံမျှဖြင့် ဘာအကျိုးရှိမလဲ ချစ်သားဝက္ကလိရယ်လို့။

"**ကိ`တိ ဝက္ကလိ ဣမိနာ ပုတိကာယေန ဒိဋ္ဌေန**"ဖြင့် ပယ်မြစ် တော်မူသည် ချစ်သားဝက္ကလိ မမိုက်နဲ့နော်,မမိုက်နဲ့နော်, ငါ ဘုရားမြင်လျှင် တရားမြင်လိမ့်မယ်၊ တရားမြင်လျှင် ငါဘုရားမြင် ပါလိမ့်မယ်လို့ ဘုရားနဲ့တရား အတူတူထားပြီးသကာလ ဟော ကြားသွားတဲ့ ဒေသနာတော်ကို ကြားနာကြရကုန်သော သင်သူ၊ တော်စင်အပေါင်းတို့မှာ မိမိတို့ခန္ဓာကိုယ်တွင်း သမာဓိသွင်း၍ ဉာဏ်ဖြင့် ရှင်းလင်းဆင်ခြင်လိုက်သောအခါဝယ် ရုပ်ရှင်စနစ်လို မျိုးစုံဖြစ်ပေါ်နေတဲ့ "ရုပ်ဓါတ်" ပေါ်တိုင်း,ပေါ်တိုင်း,လိုက်သိ နေတဲ့ "နာမ်ဓါတ်" ရုပ်ဓါတ်, နာမ်ဓါတ်, နှစ်ရုပ်တို့သည် အဟောင်းပျက် အသစ်ဆက်ခါ လျှပ်တလက်မက ဖြစ်,ပျက်, ဖြစ်ပျက်နဲ့ နေတာတွေကို ကိုယ်ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့် မြင် ရသော အခါကာလဝယ်....။

ပျက်ပျက်သွားတာမြင်....မမြဲတဲ့ အနိစ္စလက္ခဏာထင်၊
ပျက်ပျက်သွားတာမြင် .... အောင့် လို့ မရ တဲ့ သင်္ခါရဒုက္ခ
လက္ခဏာထင်၊
ပျက်ပျက်သွားတာမြင်....အစိုးမရတဲ့ အနတ္တလက္ခဏာထင်၊

ဤကဲ့သို့ လက္ခဏာသုံးခွင် ထင်,မြင်,ခဲ့ပါလျှင်....

**အရိယေဟိ ဒိဋ္ဌံ အနိစ္စာဒိ လက္ခဏံ ပဿန္တော**
**အရိယာနံ ဒဿာဝီ စိတ္တတိ ။** ။ ဆိုတဲ့ ကျမ်းဂန်နဲ့ အညီ "အရိယာဖြစ်ကြောင်းလက္ခဏာကောင်းထင် အရိယာအစစ်မြင်" ဆိုသည့်အတိုင်း အရိယာအစစ်တွေကို အကြောင်းနှင့်မြင်သည် ပူဇော်သည် ကန်တော့သည် မည်ပါပေ၏။

ခန္ဓာမှာ ဖြစ်ပျက်ကို မှတ်ရင်း,မှတ်ရင်းမတ်တတ်နဲ့ ဖြစ်ပျက်ဇာတ်သိမ်း ချုပ်ငြိမ်းသွားသော နိဗ္ဗာန်တဘက်ကမ်းကို ဤဘက်ကမ်းက မဂ်ဉာဏ်,ဖိုလ်ဉာဏ်ဖြင့် လှမ်းမြင်ခဲ့ပါလျှင်"အရိယာဖြစ်အင်မဂ်ဖိုလ်ဝင်အရိယာအစစ်မြင်"ဆိုသည့်အတိုင်း အရိယာအစစ်တွေကိုအကျိုးတရား၏အဖြစ်ဖြင့် မြင်သည် ပူဇော်သည် ကန်တော့သည် မည်ပါပေ၏၊ ကိုယ်ကိုယ်တိုင် လက္ခဏာသုံးခွင်မြင်လျက်အကြောင်းနဲ့ မြင်ရသလို သူတပါးကိုလဲ လက္ခဏာသုံးခွင်ထင်လျက် အကြောင်းနဲ့ မြင်ရလေအောင် ကိုယ်ကိုယ်တိုင် မဂ်ဖိုလ်ဝင်လျက် အကျိုးနဲ့ မြင်ရသလို သူတပါးကိုလဲ မဂ်ဖိုလ်ဝင်လျက်အကျိုးနဲ့ မြင်ရလေအောင်, စားရေး, သောက်ရေး, ဝတ်ရေး, နေရေး, ဆိုတာ လိုလေသေးတယ်မရှိ။ အိမ်တာဝန် ခန္ဓာ, တာဝန်ကို ' ထမ်းဆောင်ပြီးတော့ နေရတာ၊ အလွန်ဘဲ များလှပြီ၊ ကိုယ့်အလုပ်, ကိုယ်မလုပ်ရသေး၊ ကိုယ့်တာဝန် ကိုယ်

မထမ်းရသေး၊ သာသနာတာဝန် သည်သာလျှင် ကိုယ့်တာဝန် အစစ်ပါနော် သာသနာ အလုပ်သည်သာ လျှင် ကိုယ့်အလုပ်, အစစ်ပါဘဲလို့၊ ကိုယ့်တာဝန်မှန်း, ကိုယ့်အလုပ်မှန်း သိကြသည်ဖြစ်၍၊ ပဋိပတ္တိ သာသနာကြီးနဲ့ ရင်ဆိုင်လာပြီးတော့ ဆုံဆည်းတဲ့ အခါမှာဆိုလျှင်၊ ကိုယ့်အလုပ်ကိုယ်လုပ်တော့မယ်လို့၊ ကိုယ့်တာဝန် ကိုယ်ထမ်းဆောင်မယ်ဆိုတဲ့သဘောမျိုးဖြင့် သာသနာဘက်မှာ ဘယ်ဘက်က လိုသလဲ, လိုတာ ငါ့တာဝန်နော်၊ ပစ္စည်းဖြင့်အားမပေးနိုင်လျှင် လုပ်အားဖြင့်အားပေးမယ်၊ အရာရာမှာ ဒို့ကူညီတယ်ဆိုတဲ့သဘောမျိုးဖြင့် အားပေး ကူညီထောက်ပံ့ကြရုံမျှမက၊ တရားတော်များကိုတောင် တရားပြဆရာတွေ မပင့်ရမူ၍ ကိုယ့်ကိုယ်တိုင် တရားတွေပြနိုင် ဟောနိုင်, ဆုံးမနိုင်, သံသယကို ဖြေရှင်းနိုင်၊ အယူမှားဒိဋ္ဌိအကြီးစားကို အလွယ်တကူဖြင့် ချွတ်နိုင်, ဖြုတ်နိုင်ကြသော မြန်မာပြည်တပြည်လောကသာမက ကမ္ဘာတခွင်လုံး ဗုဒ္ဓဘာသာတရားတွေ လွှမ်းမိုးပြီးတော့ သွားရလေအောင်၊ ကမ္ဘာ့သာသနာပြုအာဇာနည် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ ရလွယ် ရောက်လွယ်နိုင်သည်ဖြစ်ကြစေ။ ။

ဆရာတော်ပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏ဘုရား။ ။

**ဆောင်။** ။နာမ်ရုပ်ထိမှ, ဖြစ်ပျက် သိမည်, ဖြစ်ပျက် သိမှ,<br>လက္ခဏာရေးသုံးပါးမိမည်၊ လက္ခဏာရေး သုံးပါးမိမှ, အညစ်အကြေးဆယ်ပါး ပေါ်ရှိမည်၊ အညစ်အကြေးဆယ်ပါးပေါ်ရှိမှ, မဂ်ဟုတ်မဟုတ် သိမည်။

ဝိပဿနာလမ်းစဉ်ကလေး-တိုစိ,တိုစိ, မှတ်ထားကြနော်....။

**နာမ်ရုပ်ထိမှ-ရှင်းပြပုံ။**

"နာမ်ရုပ်ထိမှ" ပြန်ရှင်းရတယ်....။

နာမ်ရုပ်ထိမှ-ဆိုတာ နှစ်ဉာဏ်ခေါ်တယ်။ ။

အကျိုးနာမ်ရုပ်ကိုမြင်တဲ့ နာမရူပပရိစ္ဆေဒဉာဏ်- တဉာဏ်။

အကြောင်းနာမ်ရုပ်ကိုမြင်တဲ့ ပစ္စယပရိဂ္ဂဟဉာဏ်- တဉာဏ်။

စာရွက်ထဲမှာ ပါလဲပါခဲ့ပြီ- အဲဒီနှစ်ဉာဏ်အတွက် နာမ်ရုပ်ထိမှတဲ့ အခု ခြောက်ရက်တိုင်တိုင် ဟောခဲ့ပြီး သားလေးတွေဟာလဲ၊ နာရုပ်ဘဲ, ရှိသေးတာဘဲ၊ ကိုယ်တွေ့ပြောလျှင် ပေါ်, သိ, ဒီလောက်ဘဲရှိတယ်၊ နှစ်ခုဘဲရှိသေ,တယ်၊ "ပျက်" တောင်မပါသေးဘူး။

နာရုပ်ထိမှ ဖြစ်ပျက်သိမည်တဲ့-တခုတိုးလိုက် နာမ်အစစ် ရုပ်အစစ်ကို တကယ် ထိထိ, မိမိ, သိမယ်ဆိုလျှင်တဲ့ ဖြစ်ပျက်, သိသွားတာဘဲ။

ဖြစ်ပျက်သိမည် ဆိုဒါ နှစ်ဉာဏ်ခေါ်တယ်....။

သမ္မသနဉာဏ်....ဖြစ်ပျက်,

သဒယဗ္ဗယဉာဏ်....ဖြစ်ပျက်, နှစ်ဉာဏ်အတွက် ဖြစ်ပျက်လို့ ဆိုလိုသည်နော်....။

။ မှန်ပါဘုရား။ ။

နာမ်စစ်လျှင် ရုပ်စစ်လျှင် ဖြစ်ပျက်ပါတတ်တယ်နော်.... ?

။ မှန်ပါဘုရား။ ။

ဒါက-သင်္ခတ-လက္ခဏာခေါ်တယ်။

သင်္ခတ-က=နာမ်ရုပ်-။ လက္ခဏာ=ဖြစ်ပျက်ခေါ်တယ်။

အဲဒါနဲ့ စပ်ပြီးတော့ အသင်္ခတလက္ခဏာ, သိရတယ်။

အသင်္ခတက=နိဗ္ဗာန်၊ လက္ခဏာ အမှတ်အသား=က မဖြစ်မပျက်ခေါ်တယ်....။

ယခုတော့- သင်္ခတ လက္ခဏာဆိုသောကြောင့် နာမ်, ရုပ်၏ အမှတ်အသားနော်....။

။ မှန်ပါဘုရား။ ။

**ဖြစ်ပျက်ပါမှ နာမ်ရုပ်စစ်သည်၊**

နာမ်ရုပ်စစ်လာပြီ ဆိုလျှင်၊ ဖြစ်ပျက်ပါရတယ်၊ ဖြစ်ပျက်ပါရမယ်နော်၊ ဒါလက္ခဏာခေါ်တယ်။

ယောဂီတို့ ယခုမြင်ကြတဲ့ရုပ်သည် စစ်သလား, မစစ်ဘူးလား?

။ စစ်ပါတယ်ဘုရား။

ဘာဖြစ်လို့ ?

။ ဖြစ်ပျက်ပါလို့ပါဘုရား။ ။

ဖြစ်ပျက်ပါလာလို့ ဟုတ်ကြရဲ့လား?

။ ဟုတ်ပါတယ်ဘုရား။ ။

အပူကောစစ်ရဲ့လား?

။ စစ်ပါတယ်ဘုရား။ ။

ယောဂီတို့ခန္ဓာမှာ တွေ့နေတဲ့အပူဟာစစ်ကဲ့လား ?

။ စစ်ပါတယ်ဘုရား။ ။

အအေးကောစစ်ကဲ့လား ?

။ စစ်ပါတယ်ဘုရား။ ။

ကန်, တိုး, တွန်း, ဆို တဲ့ လေဓာတ် က လေး တွေ ကော စစ်ကဲ့လား ?

။ စစ်ပါတယ်ဘုရား။ ။

ရှရှ, မှမှ, ဖြိုးဖြိုး, ဖြင်းဖြင်း, စိုးစိုး, စစ်စစ်, စသော ပထဝီဓာတ်ကလေးတွေကောစစ်ကဲ့လား ?

॥ စစ်ပါတယ်ဘုရား॥ ॥

ဘာဖြစ်လို့ ?

॥ ဖြစ်ပျက်ပါလို့ပါဘုရား॥ ॥

ဖြစ်ပျက်ပါလို့ ရုပ်စစ်ပြီနော် ?

॥ မှန်ပါဘုရား॥ ॥

ယောဂီတို့ခန္ဓာမှာ, ရင်ထဲမှာ, အသိကလေး မရှိဘူးလား ?

॥ ရှိပါတယ်ဘုရား॥ ॥

အဲဒီအသိကလေးဟာကော ပေါ်တိုင်း,ပေါ်တိုင်း, လိုက်သိရဲ့လား ?

॥ သိပါတယ်ဘုရား॥ ॥

အဲဒီ-ပေါ်တိုင်း, ပေါ်တိုင်း,လိုက်သိတာကလေးကိုနာမ်ခေါ်တယ်နော်.... ?

॥မှန်ပါဘုရား॥ ॥

အဲဒီနာမ်ကလေးကောစစ်ကဲ့လား ?

॥ စစ်ပါတယ်ဘုရား॥ ॥

ဘာဖြစ်လို့ ?

॥ ဖြစ်ပျက်ပါလို့ပါဘုရား॥ ॥

အဲဒါ-ရှင်းသွားတာဘဲ၊ ယောဂီတို့၏ခန္ဓာမှာ တွေ့နေကြတဲ့ ရုပ်လဲ ရုပ်စစ်ပါပြီ၊ ပေါ်တိုင်း,ပေါ်တိုင်း, လိုက်ပြီးသိနေကြတဲ့

နာမ်တရားလဲစစ်ပါပြီ၊ ဘာဖြစ်လို့လဲမေးမယ်ဆိုလျှင် ဖြစ်ခြင်း, ပျက်ခြင်းပါလာလို့နော်....။

။ မှန်ပါဘုရား။ ။

**နာမ်-ရုပ်စစ်မဟုတ်ပုံ။**

ဒါဖြင့် ရုပ်စစ်ပြီဆိုလျှင်မစစ်ထာရှိသေးတာပေါ့၊စာထဲမှာပါလာတဲ့ရုပ်နာမ် စစ်,မစစ်?

။ မစစ်ပါဘူးဘုရား။ ။

စာထဲမှာ ရေးထားတာနော် ပါဠိတော်တို့ အဋ္ဌကထာတို့ ဋီကာတို့ရေးထားတဲ့ ရုပ်တွေနာမ်တွေမရှိဘူးလား ?

။ ရှိပါတယ်ဘုရား။ ။

အဲဒါစစ်ပါ့မလား ?

။ မစစ်ပါဘူးဘုရား။ ။

မစစ်ဘူးနော်-ဘာဖြစ်လို့ ဖြစ်ပျက်မပါလို့ ခေါ်တယ်။

ဆရာတော် ယခုဟောပြောနေတဲ့ ရုပ်ကလေးတွေ-နာမ်ကလေးတွေကော စစ်ကဲ့လား ?

။ မစစ်ပါဘုရား။ ။

ဘာဖြစ်လို့ ?

။ ဖြစ်ပျက်မပါလို့ပါဘုရား။ ။

ဖြစ်ပျက်မပါဘူး,ဆရာတော်ဟောတော့ လူတို့နားမှာမကြားဘူးလား ?

။ ကြားပါတယ်ဘုရား။ ။

ကြားတဲ့ရုပ်နဲ့-ကြားတဲ့နာမ်ကော စစ်ကဲ့လား ?

။ မစစ်ပါဘုရား။ ။

ကြားတဲ့ရုပ်ကောစစ်ရဲ့လား ?

॥ မစစ်ပါဘုရား॥ ॥

ကြားတဲ့နာမ်ကောစစ်ရဲ့လား ?

॥ မစစ်ပါဘုရား॥ ॥

ဘာဖြစ်လို့ ?

॥ ဖြစ်ပျက်မပါလို့ပါဘုရား॥ ॥

ဖြစ်ပျက်မပါလို့ လူတဘက်သားနားလည်အောင် စာထဲမှာ ရုပ်နဲ့နာမ်နဲ့ရေးပြ၊ စာထဲမှာရေးပြတဲ့ရုပ်နာမ်ကော စစ်မစစ်?

॥ မစစ်ပါဘုရား॥ ॥

မစစ်ဘူးနော် ဖြစ်ပျက်မပါလို့ မစစ်သော ရုပ်နာမ်ကိုလဲသိရတယ်၊ စာထဲမှာ ရေးပြတဲ့ ပါဠိတော်, အဋ္ဌကထာ, ဋီကာ,မှာရေးထားတဲ့ မဂ်တို့,ဖိုလ်တို့,နိဗ္ဗာန်တို့ကော စစ်ကဲ့လား ?

॥ မစစ်ပါဘူးဘုရား॥ ॥

ဆရာတော်ပြောတဲ့မဂ်တို့,ဖိုလ်တို့, နိဗ္ဗာန်တို့ကောစစ်ကဲ့လား?

॥ မစစ်ပါဘုရား॥ ॥

တရားနာပရိသတ်တို့နားမှာကြားတဲ့ မဂ်တို့, ဖိုလ်တို့,နိဗ္ဗာန်တို့ကောစစ်ကဲ့လား ?

॥ မစစ်ပါဘုရား॥ ॥

မစစ်ဘူးနော် ဖြစ်ပျက်လဲ မပါဘူးနော် အားလုံး သဘောကျရဲ့လား ?

॥ ကျပါတယ်ဘုရား॥ ॥

သေသေချာချာမှတ်ကြ။ လူတဘက်သား နားလည်အောင် ရေးပြ၊ဟော့....ငါ့ဟာအပူကလေးစစ်စစ်,တေဇောကလေးစစ်စစ်, ငါ့ကိုရေးပြစမ်းပါဆိုလို့ရှိလျှင် ရေးပြလို့ကိုမရတော့ဘူး၊စစ်စစ် ကလေး ငါ့ကိုသဘောပေါက်အောင် ပြောပြစမ်းပါလို့ ဒီလို ခိုင်းလျှင်ကော စစ်စစ်ပြောလို့ရပါ့မလား?

။ မရပါဘူးဘုရား။ ။

**ပြော-ရေး-ကြားလျှင် ပညတ်နာမ်ရုပ်ပင်။**

ပြောလျှင်ပညတ်ဖြစ်သွားတာဘဲ, ရေးပြလျှင်လဲ ပညတ်ဖြစ် သွားတာဘဲ, ပညတ်ဆိုတာ ရှိတာလား-မရှိတာလား?

။ မရှိတာပါဘုရား။ ။

အခုမှမရှိတာလား အစကတဲက မရှိတာလား?

။ အစထဲကမရှိတာပါဘုရား။ ။

ဟော....မှတ်ထားကြ၊ ဖြစ်ပျက်ရှိတာ ရုပ်နာမ်သဘာဝခေါ် တယ်၊ ယခုယောဂီတို့၏ ခန္ဓာမှာ တေဇောဆိုတဲ့ အပူကလေး နေ၁....?

။ မှန်ပါဘုရား။ ။

တင်ပါးထဲမှာပေါ်တယ်ဆိုပါတော့ အဲဒီတင်ပါးထဲမှာပေါ် တဲ့ အပူဟာ, ပေါ်လာလျှင်ဖြစ်, ပျောက်သွားလျှင်ပျက်, ဒီလို မနေဘူးလား?

။ နေပါတယ်ဘုရား။ ။

အပူလဲဝင်တယ်၊ ဖြစ်ပျက်လဲပါတယ်၊ အဲဒီအပူကလေးကို ဆရာတော်က ပါးစပ်နဲ့ဟောတယ်- ဟော့...တင်ပါးထဲမှာ

အပူကလေးဟာ တင်ပါးထဲမှာ ဖြစ်လိုက်, ပျက်လိုက်, ဖြစ်လိုက်, ပျက်လိုက်,ဒီလိုနေတယ်လို့ ပြောလျှင်, ပြောသောအပူ့ဖြစ်,ပျက်, ဟာ စစ်မစစ် ?

॥ မစစ်ပါဘူးဘုရား॥ ॥

ကြားတဲ့အပူ ဖြစ်ပျက်ဟာ စစ်မစစ် ?

॥ မစစ်ပါဘူးဘုရား॥ ॥

လူတဘက်သား နားလည်အောင် ပြောတဲ့ အပူ့ဖြစ်ပျက်ကို စာနဲ့ ရေးပြလျှင် စစ်မစစ် ?

॥ မစစ်ပါဘုရား॥ ॥

အစစ်က တင်ပါးထဲမှာ အပူဘဲရှိတယ်၊ အဲဒီအပူကို ပြောကြ, ကြားကြ,ရေးပြကြတော့ ပြောပညတ်,ကြားပညတ်, အစစ်က သဘာဝခေါ်တယ်၊ အားလုံးရှင်းပလား ?

॥ ရှင်းပါပြီဘုရား॥ ॥

"သဘာဝ"ဆိုတာ....

သ=တကယ်ရှိ॥

ဘာဝ=ဖြစ်ပေါ်လာတယ်ခေါ်တယ်॥

တင်ပါးထဲမှာ အပူကလေးသည် တကယ်ရှိလို့ ဖြစ်ခြင်း, ပျက်ခြင်း, ပေါ်လာတယ်၊ တကယ်ရှိတယ်ဆိုတာ အမြဲအခါခပ် သိမ်း ရှိနေတာမဟုတ်ဘူး၊ ပေါ်တုံး,ပေါ်ခိုက်ကို ရှိတယ်ဆိုရှ သည်၊ သဘောကျပလား ?

॥ ကျပါပြီဘုရား॥ ॥

မရှိတဲ့ ခုနပြောတဲ့ ပါးစပ်ပြောတွေ့နားကြားတွေ့ ရေးပြတဲ့ အပူတို့သည် တကယ်မရှိသောကြောင့် ဖြစ်လိုက်,ပျက်လိုက်, ရှိပ မလား ?

॥ မရှိပါဘုရား॥ ॥

အဲဒါ မှတ်ထားကြ၊ ကဲ....“ရုပ်,နာမ်ထိမှ ဖြစ်ပျက်သိမည်” ဒီနေရာကလေးမှတ်ကြ ရုပ်, နာမ်အတွက် ပေါ်သိ, အကွက် ခြောက်ညတိတိ ဟောခဲ့တယ်၊ ခြောက်ညတိတိမှာ ဉာဏ်အား ဖြင့် စစ်လိုက်မယ်ဆိုလျှင် နာမရူပပရိစ္ဆေဒဉာဏ်နဲ့ ပစ္စယပရိဂ္ဂဟ ဉာဏ် ဒီနှစ်ဉာဏ်ဘဲ ရှိသေးတယ်၊ ဒီနေ့ညတော့ ဖြစ်ပျက်ဟော ရတော့မယ် ဖြစ်ပျက်နော်.... ?

॥ မှန်ပါဘုရား॥ ॥

**သမ္မသနဉာဏ်ခဏ်း॥**

ဖြစ်ပျက်မှာလဲဘဲ နှစ်ဉာဏ်....॥

သမ္မသနဉာဏ်=ဖြစ်ပျက်॥

ဥဒယဗ္ဗယဉာဏ်=ဖြစ်ပျက်၊နှစ်မျိုးတို့တွင် သမ္မသနဉာဏ် ဖြစ် ပျက်ကို ယနေ့ဟောရလိမ့်မယ်နော်....॥

॥ မှန်ပါဘုရား॥ ॥

ကဲ....သမ္မသနဉာဏ်ကလေး ကောက်ထားလိုက်၊သမ္မသနဉာဏ် ကွက်ကလေးကြည့်ထားလိုက်॥

“ကာလသုံးခွင်, ဖြစ်ပျက်မြင်, သမ္မသနဉာဏ်ပင်”

ဟုတ်ကဲ့လား ? .

॥ ဟုတ်ပါတယ်ဘုရား॥ ॥

မြန်မာဘာသာ နဲ့ ပါဠိဘာသာ နှစ်ခု စပ်ထားကြ၊ မြန်မာဘာသာမှာ သမ္မသနဉာဏ် အတွက် ဘယ်လို ရေးထားသလဲ?

॥ ကာလသုံးခွင် ဖြစ်ပျက်ကို မြင် လို့ ရေးထားပါတယ်ဘုရား॥ ॥

ကာလသုံးခွင် ဖြစ်ပျက်ကို မြင် တဲ့....ကာလသုံးပါးစလုံး ဖြစ်ပျက်မြင်မယ်ဆိုလျှင် ဘာဉာဏ်ခေါ်သလဲ?

॥ သမ္မသနဉာဏ် ခေါ်ပါတယ်ဘုရား॥ ॥

အဲ—သမ္မသနဉာဏ်ခေါ်တယ်၊ သမ္မသနဉာဏ်မှာလဲဘဲ....॥

လမ်းစတမျိုး

လမ်းလယ်တမျိုး

လမ်းဆုံး တမျိုး-သုံးမျိုးရှိတယ် ခေါ်တယ်၊ အခုဟာ လမ်းစ ခေါ်တယ်။ ॥

"ကာလသုံးခွင် ဖြစ်ပျက်ကိုမြင် သမ္မသနဉာဏ် လမ်းစပင်" ကဲ....ခန္ဓာကိုယ်မှာ ပေါ်လျှင် မသိဘူးလား ?

॥ သိပါတယ်ဘုရား॥ ॥

ပေါ် သိ'တင်ဆိုလျှင် ရုပ်နာမ်ဘဲ ရှိသေးတယ်၊ ပေါ် သိ ဆိုလျှင် တပေါ် တသိ တပေါ် တမှတ်ဘဲ ရှိသေးတယ်....?

॥ မှန်ပါဘုရား॥ ॥

တပေါ် တသိ တပေါ် တမှတ်နဲ့ မဂ်မကျလို့ပြောခဲ့ပြီ နှစ်-သိမှ မဂ်ကျမယ်နော်....

နှစ်မှတ်မှ မဂ်ကျမယ် ပေါ်လျှင် မသိဘူးလား?

॥ သိပါတယ်ဘုရား॥ ॥

သိလျှင် ပျက်မသွားဘူးလား ?

॥ ပျက်သွားပါတယ်ဘုရား॥ ॥

သိတိုင်း သိတိုင်း ပျက်မသွားဘူးလား ?

॥ ပျက်သွားပါတယ်ဘုရား॥ ॥

အဲဒီအပျက်ကို နောက်အသိကလေးက သိရတယ် ?

॥ မှန်ပါဘုရား॥ ॥

ဒုတိယအသိကလေးက သိရတယ်၊ အဲဒီဒုတိယအသိကလေးပ လာလျှင် ယောဂီတို့မှာ တချက် တိုးသွားတယ် ?

॥ မှန်ပါဘုရား॥ ॥

ပေါ်သိ ပျက်၊ ဟော....ပျက်ထာ နှစ်သိ ခေါ်တယ်။

॥ မှန်ပါဘုရား॥ ॥

တသိထဲ တမှတ်ထဲဆိုလျှင် ပေါ်သိ ဒီလောက်သာရပ် တယ်၊ အသိတလုံးထဲ နေရတယ်၊ ဒီအသိကလဲ ပေါ်တဲ့နာမ်ရုပ်ဘ သိရတယ်၊ သူ့အသိကလေး ဖြစ်ထာ ပျက်ထာ ဖြစ်ထာ ပျက် ထာ မသိနိုင်ဘူး သိချင်တယ်ဆိုလျှင် ဒုတိယအသိလေးလာ တယ်၊ ဒုတိယအသိလေးလာလျှင် ယောဂီမှာ ပေါ်သိ ပျက် အပျက်ထိအောင် ရောက်သွားတယ်။

॥ မှန်ပါဘုရား॥ ॥

ပေါ်သိဆိုလျှင် တပေါ် တသိ တပေါ် တမှတ်။

ပေါ်သိ ပျက်ဆိုလျှင် တပေါ် နှစ်သိ တပေါ် နှစ်မှတ် ခေါ်တယ်။

॥ မှန်ပါဘုရား॥ ॥

အဲဒီ အပျက်ကလေးကို သိမှ မင်္ဂကျတယ်ခေါ်တယ်, ဘာ့ကြောင့်လဲလို့ မေးလျှင် 'မှတ်စိတ်' မှတ်စိတ်နောင်မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ် လာတတ်တယ်၊ ဒီမှတ်စိတ်ကလေးသည် နိစ္စသဘော အားဖြင့် မြဲပြီးတော့ နေမယ်ဆိုလျှင် မဂ်ဉာဏ်လာပါ့မလား ?

။ မလာပါဘုရား။ ။

မှတ်လိုက်လျှင်ပျက်, မှတ်လိုက်လျှင်ပျက်, မှတ်ပျက်,မှတ်ပျက်, မှတ်ပျက်,မှတ်ပျက်, အဲဒီလိုသွားမှ မဂ်လာတယ်ခေါ်တယ်။

။ မှန်ပါဘုရား။ ။

"ဝိပဿနာ မဂ္ဂမူလကော အရိယာမဂ္ဂေါ"ဆိုတဲ့ အဋ္ဌကထာ ဘို့နှင့်အညီပါဘဲ။

အရိယာမဂ္ဂေါ၊ ဆုံးတဲ့နိဗ္ဗာန်ကြီးကို မြင်ရတဲ့ အရိယာမဂ်သည်။ ဝိပဿနာမဂ္ဂမူလကော၊ ဖြစ်ပျက်ကိုမှတ်, မှတ်ပြီးတော့နေ ဘဲ့ ဝိပဿနာမဂ်လျှင်,မှတ်စိတ်လျှင်, အကြောင်းရင်း ရှိပါပေ၏၊ ျင်းပါပေ၏။

ရှင်းရဲ့လား ?

။ ရှင်းပါတယ်ဘုရား။ ။

မဂ်ကျတယ် ဆိုတာတဲ့ မှတ်မှ ကျတယ်တဲ့။

။ မှန်ပါဘုရား။ ။

မဂ်စိတ်သည် အကြောင်းရင်း၊ မဂ်ကျခြင်းသည် အကျိုး ဘုရားနော် ?

။ မှန်ပါဘုရား။ ။

ဒါကြောင့် မှတ်စိတ်ကလေးဖြစ်ပြီး ပျက်သွား, မှတ်စိတ်လေးဖြစ်ပြီး ပျက်သွားဆိုလျှင် ယောဂီမှာ ပေါ်သိ,ပျက် ခေါ်တယ်။

॥ မှန်ပါဘုရား။ ॥

ပေါ်သိဆိုလျှင် တမှတ်ဘဲ ရှိသေးတယ်၊ ပေါ်လျှင်သိ, သိလျှင်ပျက်သွားဆိုလျှင် နှစ်မှတ်ရှိသွားပြီ၊ နှစ်မှတ်ရှိမှ နာမ်ပျက်သိ,နာမ်ပျက်သိမှမဂ် ကျမယ်တဲ့ ရှင်းထားကြ....?

॥ မှန်ပါဘုရား။ ॥

ရှင်းလဲထားကြနော် ကိုယ်တွေ့နဲ့ စာတွေ့ကိုက်ထားရ။

စာတွေ့က=နာမ်ရုပ် ဖြစ်ပျက်။ ကိုယ်တွေ့က=ပေါ်,သိ,ပျက်, ပူသိပျက်, အေးသိပျက်, လှုပ်သိပျက်, ဆင်းရဲသိပျက်, ချမ်းသာသိပျက်, ငါးစုံငါးတွဲပျက်ပုံ ရှင်းသွားပလား ?

॥ ရှင်းသွားပါပြီဘုရား။ ॥

ဒါဖြင့် ပျက်ထာကလေးတခု ပြောမယ်၊ နှာသီးဖျားဆိုတော့ နဲနဲလေး နေရာကျဉ်းတာပေါ့ ကျဉ်းတော့ နဲနဲလေး ထင်ရှားတယ်ခေါ်တယ်။

॥ မှန်ပါဘုရား။ ॥

နှာသီးဖျားမှာ, စပ်,ကလေးတလုံးပေါ်တယ်၊ တချို့ဝေဒနာပါတယ်၊ သန်း,ခြင်,ကြမ်းပိုး, ကိုက်လိုက်သလို နာမှုကလေးပါတယ်၊ အဲဒီ စစ်ကလေးဟာ နှာသီးဖျားမှာ ပေါ်ပြီးတော့ နှာသီးဖျားမှာဘဲ ချက်ခြင်းပျက်သွားတယ် နေရာရွေ့လား မရွေ့ဘူးလား ?

॥ မရွေ့ပါဘူးဘုရား။ ॥

မရွေ့လို့ရှိလျှင် တိုလား, ရှည်လား ?

॥ တိုပါတယ်ဘုရား॥ ॥

တိုလျှင် မြန်မလား, နှေးမလား ?

॥ မြန်ပါတယ်ဘုရား॥ ॥

စစ်ကလေးမြန်တာခေါ်တယ်။

**ယတ္ထုပ္ပဇ္ဇန္တိ တတ္ထေဝ ဘိဇ္ဇန္တိ ပရမတ္ထတော၊**
**ကောသဂ္ဂ မတ္တမ္ပိ သမိရဏ ဘာဝတော။**

ပရမတ္ထတော၊ အမှန်ဆုံးသဘော ကောန်ပြောလိုက်ရမှာဖြင့် ကောသဂ္ဂမတ္တမ္ပိ၊ ဆံခြည်ပင်တဖျားခန့်မျှသော်လည်း။ သမိရဏ- ဘာဝတော၊ ပြောင်းခြင်း, ရွေ့ခြင်း, ယိမ်းခြင်း, ယိုင်ခြင်း, တုံခြင်း, လှုပ်ခြင်း, နဲနဲလေးမှမရှိသည် အဖြစ်ကြောင့်။ ယတ္ထ၊ အကြင် အကြင်နေရာ၌။ ဥပ္ပဇ္ဇန္တိ၊ ပေါ်တက်,ပေါ်တက် လာတတ်ကြ ကုန်၏။ တတ္ထ တတ္ထ၊ ထိုထိုပေါ်တက်လာရာ အရပ်၌ပင်လျှင်။ ဘိဇ္ဇန္တိ၊ မြန်မြန်ကြီးပျက်၍ သွားရလေကုန်တော့၏တကား။

သာဓု-သာဓု-သာဓု

ဒါဖြင့် ဖြစ်တဲ့နေရာမှာ ပျက်သွားတယ်လို့ဆိုတော့ မမြန် ဘူးလား ?

॥ မြန်ပါတယ်ဘုရား॥ ॥

စစ်,ကလေး နှာသီးဖျားမှာပေါ်လျှင်, ရင်ကအသိကလေး ပေါ်တယ်၊ စစ်,ကရုပ်, အသိက,နာမ်, ရုပ်နဲ့နာမ်တို့သည် ဘယ်သူ ကရွှေ့, ဘယ်သူကနောက်, ဒီလိုမေးလျှင် တပြိုင်နက်ခေါ်တယ်။

॥ မှန်ပါဘုရား॥ ॥

ရှုပက္ခန္ဓောပိ ဘိဇ္ဇမာနော အရူပက္ခန္ဓေ ဂဟေတွာဝ ဘိဇ္ဇတိ။

ဆိုတဲ့ ခန္ဓသံယုတ် အဋ္ဌကထာနဲ့ အညီ ယုံပေတော့နော်....။
။ မှန်ပါဘုရား။ ။

ဒါဖြင့် ရုပ်နဲ့ နာမ်တို့သည် တပြိုင်နက်ဖြစ်, တပြိုင်နက် ပျက်သွားတယ်၊ ဒီမှာလဲ စစ်နဲ့ သိသည်၊ တပြိုင်နက်ဖြစ်, တပြိုင်နက် ပျက်သွားတယ်၊ စစ်သည် နေရာမရွေ့ဘဲနဲ့ မြန်မြန်ပျက်တတ်သလို အသိကလေးလဲဘဲ နေရာမရွေ့ဘဲနဲ့ မြန်မြန်ပျက်တယ်။

စာကတော့ စစ်ကလေးတလုံးကို နာမ်ပေါင်း (၁၇)ချက် ပြောင်းလဲတယ်တဲ့ ဝီထိ ချတတ်လျှင်....
။ မှန်ပါဘုရား။ ။

ယောဂီကတော့ ဒီလိုမဟုတ်ဘူး, ဒီလိုမဟုတ်ဘူး, ယောဂီကတော့, တနေ့က ဆရာတော်စစ်ပြတယ်, စစ်ကလေးက နှာသီးဖျား, နှာသီးဖျားမှာပေါ်တဲ့, စစ်ကလေးက "ထိ"ရင်ကလေးက "သိ"ထိသိခေါ်တယ်။
။ မှန်ပါဘုရား။ ။

ထိနဲ့သိနဲ့, တနေရာထဲမဟုတ်ဘူး, ထိက နှာသီးဖျား စစ်ပေါ်တဲ့နေရာ၊ 'သိ'က မနောဝိညာဉ်ရင်ထဲမှာ ခေါ်တယ်။ အဲဒီ စစ်ပေါ်တဲ့နေရာ "ထိ" ကလေးမှာ, ကာယဒွါရဝီထိ,တဝီ-ထိ-ဆုံးသွားတယ်။
။ မှန်ပါဘုရား။ ။

ဒွေဘာဝင်္ဂါနိ ဗုဒ္ဓဿ၊ သာရိပုတ္တဿ သောဠသ။
အညေသံ ပန သတ္တာနံ၊ ဘာဝင်္ဂါနိ ဗဟူနိပိ။ ။

ဆိုတဲ့အတိုင်း တစီထိ, တစီထိ, ကြား,ကြားမှာဆိုလို့ရှိလျှင်, ဘဝင်တွေ အနန္တခြားတယ်။

။ မှန်ပါဘုရား။ ။

အနန္တ ခြားပြီးတဲ့နောက်, ရင်မှာလာရော၊ တဒနုဝတ္တကမနောဒွါရဝီထိ, လာရော-လာပေမယ်လို့, စစ်လို့ မသိသေးဘူး နော်....နောက်လိုက်ဘဲရှိသေး ရင်ရောက်သွားပြီ၊ 'ထိ' မဟုတ်တော့ဘူး'သိ'ဖြစ်သွားပြီ၊ တခါ ဘဝင်တွေအနန္တခြား "သုဒ္ဓမနောဒွါရဝီထိ" လိုက်ပြန်ရော ရင်ထဲက နှာသီးဖျားမှာ စစ်ကလေးပေါ်မှန်းတော့ သိပြီနော်....မှတ်ထား စစ်ကလေးပေါ်မှန်းတော့သိပြီ 'ထိ'ရယ်လို့တော့ မထင်ရှားသေးဘူး ပေါ်မှန်းတော့သိတယ်။

အဲ....ဘဝင်တွေအနန္တခြားအုံး "အတ္တမနောဒွါရဝီထိ"ရင်ထဲမှာ လိုက်ခဲ့လိုက်တော့ ဘယ့်နှယ်ဖြစ်သလဲ နှာသီးဖျားကစစ်နဲ့ ရင်က အသိနဲ့ အဲဒါဆုံသွားတယ်။

။ မှန်ပါဘုရား။ ။

သိပုံ။ ။နှာသီးဖျားမှာ စစ်ကလေးပေါ်တာ သိလိုက်ထာဘဲ ဘဝင်တွေ အနန္တခြားပြီးတော့ "လေးဝီထိ"မှ တသိထဲလာတယ်၊ ဒါယောဂီအသိ။

။ မှန်ပါဘုရား။ ။

ဝီထိကို သေသေချာချာကြည့်နော်.... သေသေချာချာကြည့်ဘာမှ ဘုရားဟောတော်မူတဲ့အတိုင်း "တစီထိ(၁၇)ချက်"ပျက်,

ဘယ်မှာလာရမလဲ မရဘူး အဲဒီလို ဘဝင်တွေ အနန္တခြားပြီးတော့ "လေးဝီထိ" မြောက်မှ နှာသီးဖျားကစစ်နဲ့ ရင်ကသိဒါနဲ့ အဲဒါရုပ်နဲ့ နာမ် တပြိုင်နက်ဖြစ် တပြိုင်နက်ပျက် အဲဒီလို ယူရတယ်။

။ မှန်ပါဘုရား။ ။

အင်မတန် ဘုရားဉာဏ်တော် သိပ်စိပ်ထာဘဲ ဆရာတော်တို့ ဉာဏ်နဲ့ဆိုလျှင် ဘာမှမျှော်လင့်ချက် တခုမရဘူး, ပုလင်းကွဲ လောက် အရောင်မတောက်တဲ့ ဉာဏ်တွေနော်....။

။ မှန်ပါဘုရား။ ။

ဒါကြောင့် ဘုရားဉာဏ်တော် အင်မတန် ချီးမွမ်းဘွယ်ကောင်းတယ်၊ စာနော်, စာ, စာ, စာခေါ်တယ် ဒါလဲအမှန်ဘဲ ဒါဖြင့် နှာသီးဖျားမှာပေါ်တဲ့, စစ်ကလေးနဲ့, ရင်မှာပေါ်တဲ့, သိ, ကလေးနဲ့ ဘဝင်တွေအနန္တခြားပြီးသကာလ 'လေးဝီထိ' မြောက်မှ တသိဘဲပေါ်တယ်နော်....?

။ မှန်ပါဘုရား။ ။

ဟိုမှာကတော့ အသိတွေ အများကြီးဘဲ သို့သော် ယောဂီ အသိဟာ ခုနပြောသလို လေးဝီထိမြောက်မှ တသိထဲရတယ်။

။ မှန်ပါဘုရား။

အင်မတန် လျှင်မြန်လှန်းလို့ အဲဒါကြည့်ပြီးတော့....

ရူပက္ခန္ဓော၊ ပေါ်တဲ့ရုပ်စုသည်။ ဘိဇ္ဇမာနော၊ လျှပ်တလက်မက မြန်မြန်ကြီးပျက်၍ သွားနေသည်ရှိသော်။ အရူပက္ခန္ဓေ၊ စိတ်ကလေးဘိုလိုက်ပြီးတော့ သိနေတဲ့, ရင်ထဲမှာဖြစ်နေတဲ့,နာမ် စုတရားတို့ကို။ ဂဟေတွာဝ၊ ယူပြီး၍သာလျှင်, ယူပြီးမှသာ

လျှင်၊ ဘိဇ္ဇတိ၊ ရုပ်နဲ့နာမ်နဲ့တပြိုင်နက်၊ ပျက်၍သွားရလေတော့ ဩတကား။

သာခု-သာခု-သာခု

ခဲရာ့ခဲဆစ်, ခဲရာ့ခဲဆစ်, ဒါက စာတတ်သောပုဂ္ဂိုလ်များသာ နှိုက်နှိုက်ချွတ်ချွတ် ဝေဝေ့ဖန်ဖန်နဲ့ သိနိုင်တာ စာမတတ်လျှင် တော့ မသိနိုင်ဘူး။

ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား။ ॥

ပေါ်ဒါနဲ့ သိဒါဟာ တပြိုင်နက်လို့ ဒီလောက်သာ ယူ ထားလိုက်ရတယ်၊ စာနဲ့ ဒီမှာ အသိနဲ့ မကိုက်လို့ မှားတမ်းဆို လျှင် ဘယ်သူမှ သိတော့မှာ မဟုတ်ဘူး၊ ဘယ်သူမှ ဝိပဿနာဉာဏ် ရတော့မှာမဟုတ်ဘူးလို့ ရှင်းရှင်းမှတ်နော်....?

॥ မှန်ပါဘုရာ.။ ॥

ကဲ....ရှင်းသွားပြီ ...။

ဒါဖြင့် ပေါ်သိဖြစ်လျှင် ချက်ခြင်း ပျက်မသွားဘူးလား ?

॥ ပျက်သွားပါတယ်ဘုရား။ ॥

စစ်တလုံး့အသိတလုံး့အပျက်တလုံး သုံးခု့သုံးခု လာပေစေ, အမြင်မသန်သေးလျှင် စစ်က့အရင် အသိက အလယ်, အပျက်က နောက်၊ ရှေ့နောက်ဆင်တတ်တယ်။

॥ မှန်ပါဘုရား။ ॥

အမြင်သန်လျှင် စင်ရယ့်သိရယ့်ပျက်ရယ်, သုံးခုတပြိုင်နက် ထင်တတ်တယ်။

॥ မှန်ပါဘုရား။ ॥

အဲဒီလို တပြိုင်နက် ထင်မယ်ဆိုလျှင် ဘင်္ဂဉာဏ် အပျက်ထင်တဲ့ဉာဏ် ရောက်သွားတယ်ခေါ်တယ်၊ ရှင်းသွားပြီနော်....

॥ ရှင်းပါပြီဘုရား॥ ॥

အဲဒါ စစ်သိပျက်ကလေး ဒါနမူနာကလေး....॥

॥ မှန်ပါဘုရား॥ ॥

ဒါဖြင့် စစ်,သိ,ပျက်သည် နေရာမရွေ့ ပျက်တယ်ဆိုသောကြောင့် လျှပ်တလက်မက မြန်တယ်၊ လောကမှာ လျှပ်စီးလက်ထာ အမြန်ဆုံးလို့ထားတာ သို့သော် ယောဂီတို့ အသိဖြစ်တဲ့နာမ်ရုပ် ပျက်ထာနဲ့တော့ လိုက်လို့မရဘူး။

॥ မှန်ပါဘုရား॥ ॥

လျှပ်စီးလက်ထာတို့သည် အရောင်လဲကြီးတယ်, ပြေးလဲပြေးတယ် တောင်ကနေပြီးတော့ မြောက်ကို လက်မယ်ဆိုလျှင် တောင်ကနေပြီးတော့ မြောက်ကို ပြေးလိုက်ထာ ဝင်းကနဲ ဆိုပြီးတော့ ပြေးသွားတာဘဲ၊ မြောက်ကျတော့ လက်ခနဲဆို ပျက်သွားတာဘဲ၊ ဒါကြောင့် ကြီးလဲကြီးတယ်, ပြေးလဲပြေးသောကြောင့် နှေး၏၊ ခန္ဓာထဲမှာ တွေ့နေကြတဲ့ ရုပ်နဲ့နာမ်, ပေါနဲ့သိ, ဒီနှစ်ခုဟာလဲ သေးလဲသေးတယ်, ပြေးလဲမပြေးသောကြောင့် လျှပ်စီးလက်သည်ထက် မြန်တယ်ဆိုတာ ကိုယ်တွေ့နဲ့ဆုံးဖြတ်ပါနော်....

॥ မှန်ပါဘုရား॥ ॥

ဒါဖြင့် ရုပ်နာမ်တပျက်ဟာ လျှပ်စီးတလက်မက မြန်တယ်လို့ ယောဂီအသိ ဆုံးဖြတ်ပြီးတော့ မှတ်လွယ်စေခြင်း အကျိုးငှါ၊ တပျက်ကို တစက္ကန့်ထား, တမိနစ်(၆၀) မပျက်ဘူးလား ?

॥ ပျက်ပါတယ်ဘုရား॥॥ ॥

တမိနစ်(၆၀)ပျက်မယ်, (၆၀)ဆက်မယ်ခေါ်တယ်၊ တနာရီ (၃၆၀၀)ပျက်မယ်၊ (၃၆၀၀)ဆက်မယ်ခေါ်တယ်။

॥ မှန်ပါဘုရား॥ ॥

အဲဒီလို အဟောင်းပျက်, အ သစ် ဆက် သော နေ ရာ၌ အဟောင်းဟာ (၁၀၀)ပျက်လို့ အသစ်က (၁၀၀)ဆက်မယ် ဆိုလျှင် ရှေ့အတိုင်း ရှေ့အတိုင်း ထင်ရတယ်နော်....

॥ မှန်ပါဘုရား॥ ॥

အဟောင်းက (၁၀၀)ပျက်လို့ အသစ်က (၅၀-၆၀-၇၀) ဆိုလျှင် ပိန်သွားရမယ်, ချိုင့်သွားရမယ်, ဟောက်သွားရမယ် နော်....

॥ မှန်ပါဘုရား॥ ॥

အဟောင်း (၁၀၀)ပျက်လို့ အသစ်က (၁၅၀-၂၀၀-၃၀၀-၄၀၀) ဒီ့ပြိုများ အသစ်,အသစ်,ဖြစ်လာလျှင် တိုးလာ တတ်တယ်,ဝလာတတ်တယ်,ကြီးလာတတ်တယ်, ထွားလာတတ် တယ်။

သဘောကျပလား ?

॥ ကျပါပြီဘုရား॥ ॥

အပျက်နဲ့ အသစ်ဖြစ်ထာနဲ့ဟာ မတူလှဘူး၊ ဒါဖြင့် လျှပ် စီးတလက်မက မြန်တာကို ယောဂီသိလွယ်စေခြင်းအကျိုးငှါ တ ပျက်ကို တစက္ကန့်ထားလျှင် တမိနစ်(၆၀) အဟောင်းအသစ် ပြောင်းလဲပါတယ်၊ တနာရီ (၃၆၀၀) အဟောင်းအသစ်ပြောင်း လဲပြီးတော့ နေပါတယ်လို့ ဆိုတာ ယုံကြနော်....

॥ မှန်ပါဘုရား॥ ॥

အဲဒီလိုဆိုလျှင်ကဲ-မနေ့ကတုံးက ပစ္စယပရိဂ္ဂဟဉာဏ် သုံးသပ်တဲ့အခါမှာ ပရမတ်သံသရာ သုံးတန်းပေါ်တယ်၊ ကြောင်းကျိုး ကြောင်းကျိုး အဆက်မပြတ်တဲ့ ပရမတ်သံသရာတတန်း အပေါ်တန်းအတွက်၊နာမ်ရုပ်,နာမ်ရုပ်,အဆက်မပြတ်တဲ့ ပရမတ်သံသရာတတန်း အလယ်တန်းအတွက်၊ဖြစ်ပျက်,ဖြစ်ပျက်, အဆက်မပြတ်တဲ့ ပရမတ်သံသရာတတန်း အောက်တန်းအတွက်၊ အလယ်တန်းကလေးနဲ့ အောက်တန်းကလေးနဲ့ စပ်စပ်စပ်စပ်ထား အလယ်တန်းက နာမ်ရုပ်စုဆိုလျှင် အောက်တန်းက ဖြစ်ပျက်တခုခေါ်တယ် ဟုတ်ကဲ့လား?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ဖြစ်ပျက်တခုခေါ်တယ်၊ ရုပ်နာမ်,ဖြစ်ပျက်ကို ကိုယ်တွေ့ဆိုလျှင် ပေါ်,သိ,ပျက်, အဲဒါချိန်ထားလိုက်။

॥ မှန်ပါဘုရား॥ ॥

ဒါဘဲ ချိန်ထားလိုက်တော့ ဒီရုပ်နာမ် ဖြစ်ပျက်တွေ နောက်ကြောင်းပြန်ဖေါ်လိုက် အစရှိသလား မရှိဘူးလား ?

॥ အစမရှိပါဘူးဘုရား॥ ॥

အစမရှိဘူး၊ ဒီတော့ အစမထင်သည့် သံသရာခွင်ကစ၍ နိဗ္ဗာန်ရောက်သည်အထိ အလယ်တန်းက နာမ်ရုပ်,အတန်းကြီးမနေဘူးလား?

॥ နေပါတယ်ဘုရား॥ ॥

နာမ်ရုပ်အတန်းဆိုလျှင် အောက်တန်းက ဖြစ်ပျက်အတန်းကြီးမနေဘူးလား ?

॥ နေပါတယ်ဘုရား॥ ॥

॥ ရုပ်နာမ်တခု ဖြစ်ပျက်တခု ရုပ်နာမ် (၁၀)ခု ဖြစ်ပျက် (၁၀)ခု ရုပ်နာမ်တွေ မရေမတွက်နိုင်အောင် များမယ်ဆိုလျှင် ဖြစ်ပျက်တွေ မရေမတွက်နိုင်အောင်များသည် သူ့ရုပ်နာမ်နဲ့သူ ဖြစ်ပျက်နဲ့တွဲထား॥

ဥပမာ-ဆိုလျှင် မီးချစ်ဆံတခုမှာ မီးလေးတခု၊ မီးချစ်ဆံ (၁၀)ခုမှာ မီးလေး(၁၀)ခု သူ့မီးချစ်ဆံနဲ့ သူ့မီးနဲ့ တောက်လိုက်၊သေလိုက်၊တောက်လိုက်၊သေလိုက်၊ မြင်တဲ့ပမာလိုနေ၁်....

॥ မှန်ပါဘုရား॥ ॥

နာမ်ရုပ်တခု၊ ဖြစ်ပျက်တခု၊ နာမ်ရုပ်တခု၊ ဖြစ်ပျက်တခု၊ သူ့နာမ်ရုပ်နဲ့၊ သူ့ဖြစ်ပျက်နဲ့၊ "ကိုယ်တွေ့"ဆိုလျှင် သူ့ပေါ်သီနဲ့၊ သူ့ဖြစ်ပျက်နဲ့၊ တွဲတွဲနေတာ ယုံနေ၁်....

॥ မှန်ပါဘုရား॥ ॥

အဲဒီလိုဆိုလျှင် သံသရာဖေါ်လိုက်၊ သံသရာဖေါ်တဲ့အခါမှာ ဆိုလျှင် ကာလသုံးပါးခေါ်တယ်။

ရှေ့ရှေ့က နာမ်ရုပ်လဲ ဖြစ်ပျက်မပါဘူးလား ?

॥ ပါပါတယ်ဘုရား॥ ॥

ယခုနာမ်ရုပ်လဲ ဖြစ်ပျက်မပါဘူးလား ?

॥ ပါ၊ပါတယ်ဘုရား॥ ॥

နောင် နိဗ္ဗာန်မရမခြင်း နာမ်ရုပ်ကောဖြစ်ပျက်မပါဘူးလား?

॥ ပါ၊ပါတယ်ဘုရား॥ ॥

**ကာလသုံးခွင့်ဖြစ်ပျက်မြင်ပုံ။**

ကာလသုံးခွင် ဖြစ်ပျက်မြင်ပုံကလေး။

"အတ္တ ပစ္စုပ္ပန်အတွက်" အတ္တပစ္စုပ္ပန်ဆိုလျှင် ဘဝယူရတယ်၊ ရှေ့ရှေ့ဘဝက ရုပ်နာမ်ကော ဖြစ်ပျက်မပါဘူးလား?

॥ ပါ့ပါတယ်ဘုရား॥ ॥

ယခုဘဝ ရုပ်နာမ်ကော ဖြစ်ပျက်မပါဘူးလား?

॥ ပါ့ပါတယ်ဘုရား॥ ॥

နောင်ဘဝတွေမှာကော ရုပ်နာမ်တိုင်း, ရုပ်နာမ်တိုင်း, ဖြစ်ပျက်မပါဘူးလား?

॥ ပါ့ပါတယ်ဘုရား॥ ॥

ရှေ့ဘဝနဲ့ ယခုဘဝအလယ်မှာ ကြားတခုခေါ်တယ်.... ဒီကြားကို ရှေ့နောက်ဖြစ်သောကြောင့် အပြတ်ယူရတယ်။

॥ မှန်ပါဘုရား॥ ॥

အပြတ်ဆိုလျှင် ကာလအာကာသ, ကာလအာကာသဆိုတာက ရှေ့ဆိုလျှင်အတိတ်၊ယခုဆိုလျှင်ပစ္စုပ္ပန်၊အတိတ်နဲ့ပစ္စုပ္ပန်ကြားမှာ ခြားခြားထားတယ်ခေါ်တယ်။

॥ မှန်ပါဘုရား॥ ॥

အတိတ်ဆိုတော့ ရှေ့ဘဝကပျက်, ယခုဘဝကဖြစ်ခေါ်တယ်။

॥ မှန်ပါဘုရား॥ ॥

ယခုဘဝ, နောက်ဘဝ, တခုလာ, ယခုဘဝမှာပျက်, နောက်ဘဝမှာဖြစ်လာတယ်၊ သဘောကျရဲ့လား?

॥ ကျပါတယ်ဘုရား॥ ॥

ဒီတော့ "သုံး" ဘဝမှာ နှစ်ပိုင်း,နှစ်ပိုင်း,ပြတ်နေတယ်, ရှေ့ဘဝနဲ့ ယခုဘဝ အပြတ်တခု, ယခုဘဝနဲ့ နောက်ဘဝမှာ အပြတ်တခုရှိတယ်၊ အပြတ်တိုသဘောမှာ "အာကာသကွက်ကြည့်" ရုပ်ခြင်းမရောတာတဲ့ ဒါဖြင့် ရှေ့ဘဝက နာမ်ရုပ်သည် ဒီဘဝ ပါ,မပါ ?

॥ မပါ,ပါဘုရား॥ ॥

ကြည့်ကြ,ကြည့်ကြ, ဒီဘဝဆိုလျှင်, ပစ္စုပ္ပါန်ဘဝနော်....॥

॥ မှန်ပါဘုရား॥ ॥

ပစ္စုပ္ပါန်ဘဝမှာ လူတွေ,ပစ္စည်းဥစ္စာ, ရတနာ,ရွှေငွေတွေ မရှိဘူးလား ?

॥ ရှိပါတယ်ဘုရား॥ ॥

နောက်ဘဝ ပါ,မပါ ?

॥ မပါ,ပါဘုရား॥ ॥

॥ ဒီဘဝက နောက်ဘဝကို ဘာလေးများ ယူသွားမလဲ ?

॥ ဘာမှယူမသွားနိုင်ပါဘုရား॥

ဟော....ကြည့်....အာကာသ,နော်, အပြတ်,နော် ဒီဘဝနဲ့ ဟိုဘဝ ရောသလား, မရောဘူးလား ?

॥ မရောပါဘုရား॥ ॥

ရုပ်ခြင်းကောရောသလား॥ ॥

॥ မရောပါဘုရား॥ ॥

နာမ်ခြင်းကောရောသလား ?

॥ မရောပါဘုရား॥ ॥

ဟို....အသားအရေခြင်းကော ရောသလား ?

။ မရောပါဘုရား။ ။

ဒီဘဝနဲ့ ဟိုဘဝ မရောဘူးတဲ့....နော်....မရောဘူးတဲ့ ?

။ မှန်ပါဘုရား။ ။

ဒီဘဝက ဝတ္ထုပစ္စည်းကို ဟိုဘဝ ဘာယူသွားလို့ရသလဲ ?

။ ဘာမှယူသွားလို့မရပါဘုရား။ ။

မရသော်လဲဘဲ သုတ္တနိပါတ် အဋ္ဌကထာမှာ မေးထားတာ တခုရှိတယ်၊ မေးထားတာတခုရှိတယ်။

။ မှန်ပါဘုရား။ ။

လူတို့သည် ဒီဘဝသေတော့မှာဘဲတဲ့ မှုချဆပ်ဆပ် မနေရတော့ဘူး၊ အမောဆိုက် သတိ့သိပ်ပြီးတော့ မရတော့ဘူး အမောဆိုက်သေရတော့မယ်၊ နဲနဲလေး, ငါးမိနစ်လောက်ဘဲ ရှိတယ်ဆိုပါတော့....နော်....။

အဲဒီလူမေးထားတယ် သေမှာအမှန်ဘဲ သေတော့မည့် ဆဲဆဲလေးမှာ, သူ့ဥစ္စာဘာခေါ်သလဲ ဟော....ဒီလူပိုင်တဲ့ဥစ္စာ ဘယ်သင်းလဲ့တချက်၊ မတော်တဆ ဒီပုဂ္ဂိုလ် သေသွားမယ်ဆိုလျှင် ဘာယူသွားမလဲတချက်၊ သူ့နောက်ကို မယူဘဲနဲ့ ဘယ်သူလိုက်မလဲတချက်၊ ဒီသုံးချက်ရှိတယ် မေးထားတာလေ။

။ မှန်ပါဘုရား။ ။

မသေသေးဘူး, မသေသေးဘူး, သေခါနီးဆဲဆဲလေးမှာ သူပိုင်ဥစ္စာ ဘယ်သင်းလဲတဲ့ဆယ်သိန်း, ဆယ့်ငါးသိန်း,မက ချမ်းသာတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီပစ္စည်းဥစ္စာ သူပိုင်ပြောနိုင်ပမလား ?

။ မပြောနိုင်ပါဘူးဘုရား။ ။

သူ့ခန္ဓာထဲမှာရှိတဲ့ အသား၊အရေ၊အကြော၊ခေါင်း၊ကိုယ်၊ ခြေလက် အဝတ်အစားတွေ သူပိုင်ပြောလို့ရပမလား ?

॥ မရပါဘူးဘုရား॥ ॥

သူပိုင်တာ "ကံ"ကလေးတခုသာပိုင်တယ်။

॥ မှန်ပါဘုရား॥ ॥

မသေခင်စပ်ကြားမှာလှူခဲ့တဲ ဒါနကံကလေး၊ ဆောက်တည်ခဲ့တဲ့ သီလကံကလေး၊ ပွါးများခဲ့တဲ့ သမထကံကလေး၊ ရှုမှတ်ခဲ့တဲ့ဝိပဿနာကံကလေး၊ အဲဒီကံလေးသာ ကိုယ်ပိုင်သတဲ့။

॥ မှန်ပါဘုရား॥ ॥

"ကမ္မဿကတဉာဏ်"လေး ပေါ်လာပစေ၊ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာအစစ်နော်....॥

॥ မှန်ပါဘုရား॥ ॥

အဲဒီကံကလေးဟာ "သတ္တိ" ခေါ်တယ်၊ သတ္တိဆိုတာက ဥပါဒ်၊ ဌီ၊ ဘင်-ခဏငယ် သုံးချက်ရှိတာမဟုတ်ဘူး။

॥ မှန်ပါဘုရား॥ ॥

အဲဒီ-ကံကလေးမေးမယ်- ဖြစ်နေသလား? ဖြစ်တယ်လို့လဲ မပြောနိုင်၊ရင့်နေသလား? ရင့်တယ်လို့လဲမပြောနိုင်၊ ပျက်သွားသလား? ပျက်လဲ မပျက်ဘူး။ ကာလသုံးပါး လွတ်နေတယ်နော်....॥

॥ မှန်ပါဘုရား॥ ॥

ဒါကြောင့် ဒီကံကလေးတခု သူ့နောက်ကို ပါသွားနိုင်တယ်၊ ရှင်းသွားပလား ?

॥ ရှင်းသွားပါပြီဘုရား॥ ॥

သဘောပေါက်အောင်လိုက်၊ ဒါဖြင့် ဒီဘဝပြောင်းသွားတဲ့ အခါ ဘာလေး ယူသွားသလဲ မေးတော့ ဒီကံကလေးယူသွားတာဘဲ။

॥ မှန်ပါဘုရား॥ ॥

မယူဘဲနဲ့ သူ့နောက်ကိုဘယ်သူလိုက်သလဲ၊ သူ့နောက်ဆိုတာ သူဆိုတာ ဘာခေါ်သလဲ နာမ်အစဉ်ခေါ်တယ်။

॥ မှန်ပါဘုရား॥ ॥

အသား, အရေ, အကြော,လဲမဟုတ်ဘူး၊ ခေါင်း,ကိုယ် ခြေ, လက်,လဲမဟုတ်ဘူး၊ ယောကျ်ား, မိန်းမ,လဲ မဟုတ်ဘူး၊ ငါ,လဲ မဟုတ်ဘူး၊ နာမ်အစဉ်ကို သူ, သူ, ခေါ်တာ။

॥ မှန်ပါဘုရား॥ ॥

အဲဒီ-နာမ်အစဉ်တည်းဟူသော သူ့နောက်ကို ကံ,ကလေး လိုက်တယ်တဲ့ ဟော-သဘောကျပလား ?

॥ ကျပါတယ်ဘုရား॥ ॥

အဲဒါလေး-မြင်အောင်ကြိုးစားကြနော်၊ အဲဒီ ဉာဏ်ပေါက်ဘို့ သိပ်အရေးကြီးတာ "ကမ္မဿကတဉာဏ်"ဆိုတာ တစ်နံပါတ် အချက်ခေါ်တယ်၊ ကံသာလျှင် ကိုယ်ပိုင်အစစ်ပါတကား-ကံ,မှ တပါး ငါပိုင်တာတခုမှမရှိပါတကားလို့ တစ်နံပါတ် ဒီ-ဉာဏ်ပေါက်ဘို့ အရေးကြီးတယ်။

॥ မှန်ပါဘုရား॥ ॥

အဲဒီ-ဉာဏ်ပေါက်ပြီးတော့မှ ဝိပဿနာဉာဏ် ပေါက်လာရတယ်၊ ဝိပဿနာဉာဏ်ပေါက်ပြီးမှ မဂ်ဉာဏ်, ဖိုဉာဏ်, ဒီဉာဏ်တွေပေါက်လာရတယ်။ ။

။ မှန်ပါဘုရား။ ။

ပထမ တစ်အချက်မှာ ကမ္မဿကတဉာဏ် သိပ်အရေးကြီးတာဘဲ ဟုတ်ကော ဟုတ်ရဲ့လား?

။ ဟုတ်ပါတယ်ဘုရား။ ။

ကံသာလျှင် ကိုယ့်နောက်လိုက်တယ်၊ ပစ္စည်းတွေ ကိုယ့်နောက်မလိုက်ဘူးဆိုတာ ဟုတ်ကဲ့လား?

။ ဟုတ်ပါတယ်ဘုရား။ ။

တရုပ်လူမျိုးတွေ, အရင်တုံးကသေသွားပြီဆိုလျှင်၊ ခေါင်းထဲမှာ လုံလုံလောက်လောက် အဝတ်တွေ, ဘာတွေ, မထည့်ဘူးလား?

။ ထည့်ပါတယ်ဘုရား။ ။

လဘက်ခြောက်တွေ, သောက်လို့မကုန်နိုင်အောင် ထည့်လိုက်တာဘဲ။

။ မှန်ပါဘုရား။ ။

သည့်ပြင် ငွေစက္ကူတွေ, ဘာတွေလဲ ထည့်လိုက်တာဘဲ။

။ မှန်ပါဘုရား။ ။

အဲဒါ-နောက်တော့ ဘယ်သူယူသွားသလဲဆိုတော့ ဘေးကနေတဲ့ သုဘရာဇာတွေဖြစ်ဖြစ် သည့်ပြင်ပုဂ္ဂိုလ်တွေဖြစ်ဖြစ် ပေါက်ပြီးတော့ယူသွားတာဘဲ၊ သူယူသွားလို့ရရဲ့လား?

။ မရပါဘူးဘုရား။ ။

မရမှန်းသိတော့ နောက်လူတွေ သိပ်မထည့်တော့ဘူး။

။ မှန်ပါဘုရား။ ။

ပါးကုန်ပြီ၊ တံ ရုပ်တွေလဲ ပါးကုန်ပြီ ယူလို့မှ မရဘဲ ရှိရဲ့လား ?

။ မရပါဘုရား။ ။

မရဘူး-ဒီပစ္စည်းတွေနေနေသာသာ၊ ကိုယ့်ကိုယ်ကော ထမ်းသွားလို့ရရဲ့လား ?

မရပါဘုရား။ ။

သွားကြည့်မယ်ဆိုလျှင်၊ နောက်ပိတ်ဆုံး ခေါင်းထဲမှာ အရိုးတွေဘဲ ကျန်ခဲ့တယ်။

။ မှန်ပါဘုရား။ ။

ဒီအရိုးတွေတောင်မှ ယူမှမသွားနိုင်ဘဲ ရရဲ့လား ?

။ မရပါဘူးဘုရား။ ။

ဒါတွေ လက်တွေ့ဖြစ်လာပြီ ရှင်းထားနော်....။

။ မှန်ပါဘုရား။ ။

အဲဒါ-သုံးဘဝမှာ အပြတ်တွေ တွေ့တော့ တဘဝနဲ့တဘဝ ဘာမှမကူးစက်ဘူးနော်....။

။ မှန်ပါဘုရား။ ။

အာကာသခေါ်တယ်၊ အဲဒါ....အတ္တပစ္စုပ္ပန် ခေါ်တယ် အော်....တဘဝနဲ့တဘဝ, ဘာမှယူလို့မရပါတကား "ကံ"မှ တပါး သည့်ပြင် ယူစရာရှိသေးသလား ?

။ မရှိပါဘူးဘုရား။ ။

သည့်ပြင် ဘာမှယူလို့မရဘူး၊ မယူဘဲနဲ့ကော လိုက်ထာက ဒီ့ကံ့ဘဲရှိတယ်, နာမ်အစဉ်မှာ ကျန်ရစ်တဲ့ ကံ့ကလေးသည် အဲဒါရွေရည်စိမ်နဲ့တူတယ်၊ တနှစ်သာခံတဲ့ ရွှေရည်စိမ်ဆိုလျှင် "ဒိဋ္ဌဓမ္မဝေဒနီယကံ" ဒီဘဝအကျိုးပေးလျှင်ပေး မပေးလျှင်, အဟောသိကံ့ဖြစ်တာဘဲနော်...."

॥ မှန်ပါဘုရား॥ ॥

နှစ်-နှစ်ခံရွှေရည်စိမ်နဲ့ "ဥပပဇ္ဇဝေဒနီယကံ"နဲ့ တူတယ်၊ နောက်ဘဝမှာ အကျိုးပေးလျှင်ပေး မပေးလျှင်, အဟောသိကံ, ဖြစ်သွားတာဘဲနော်....॥

॥ မှန်ပါဘုရား॥ ॥

တသက်ခံရွှေရည်စိမ်နဲ့ "အပရာပရိယ ဝေဒနီယကံ"နဲ့တူတယ်၊ ဒါကြောင့်....

"အပရာပရိယကမ္မ ဝိနိမုတ္တော သတ္တောနာမနတ္ထိ"

အပရာပရိယကံမှလွတ်သော သတ္တဝါရယ်လို့မရှိဘူး॥

॥ မှန်ပါဘုရား॥ ॥

အဲဒီ နာမ်အစဉ်ကလေးသည် အပရာပရိယကံ ကျန်နေလျှင် နာမ်ရှိလျှင်, ဒီကံအကျိုးပေးမှာဘဲ နာမ်မရှိတဲ့နေရာက နိဗ္ဗာန်ရောက် အဲဒီနိဗ္ဗာန်ရောက်သွားလျှင် သူ့အကျိုးပေးလို့ မရတော့ဘူး॥

သဘောကျရဲ့လား ?

॥ ကျပါတယ်ဘုရား॥ ॥

သင်္ဂြိုဟ်တို့ ဋီကာကျော်တို့ပိုင်းတာ၊ အရင်းကျကျ သိထားရတယ် ရှင်းထားနော်....။

။ မှန်ပါဘုရား။ ။

အဲဒါ သုံးဘဝတော့သိပြီ သုံးဘဝဆိုလျှင် ဆရာတော်တို့ ယခုယောဂီမြင်တာနဲ့ သိပ်ကွာခြားတယ် ယောဂီမြင်တာ ပြောအုံးမယ်နော်....

။ မှန်ပါဘုရား။ ။

စစ်ကလေးတလုံး ခန္ဓာမှာတွေ့ရဲ့လား ?

။ တွေ့ပါတယ်ဘုရား။ ။

သေးသေးလား ကြီးကြီးလား ?

။ သေးသေးပါဘုရား။ ။

စစ်ခနဲဆိုလျှင်ဘယ်ရောက်သွား ?

။ ပျောက်သွားပါတယ်ဘုရား။ ။

ပျောက်သွားလျှင် ရှိမရှိ ?

။ မရှိပါဘုရား။ ။

နောက်တခါ စစ်ကနဲပေါ်လာလျှင် အရင်စစ်လား နောက်စစ်လား ?

။ နောက်စစ်ပါဘုရား။ ။

အဟောင်းလား အသစ်လား ?

။ အသစ်ပါဘုရား။ ။

အရင်စစ်ဘယ်ရောက်သွား ?

။ ပျောက်သွားပါတယ်ဘုရား။ ။

ဘယ်ပျောက်သွား အရင်နေရာမှာပျောက်သွားတယ် ယခုစစ်သည် အသစ်နော်....

॥ မှန်ပါဘုရား॥ ॥

ယခုစစ်သည် ပေါ်ပြီးလျှင် ချက်ခြင်း ပျောက်မသွားဘူးလား ?

॥ ပျောက်သွားပါတယ်ဘုရား॥ ॥

နောက်စစ်မပေါ်ဘူးလား, အဲဒီ နောက်စစ်ဟာ အဟောင်းလား အသစ်လား ?

॥ အသစ်ပါဘုရား॥ ॥

အလယ်ကစစ်ဘယ်ရောက်သွား ?

॥ ပျောက်သွားပါဘုရား॥ ॥

ပျောက်သွားပြီတဲ့ စစ်သုံးစစ်ချိန်ထားနော် စစ်စစ်စစ်သုံး သိရှိလျှင်, သုံးတွဲဘဲတွဲထားနော်...

॥ မှန်ပါဘုရား॥ ॥

ရှေ့စစ်သိ, အလယ်စစ်သိ, နောက်စစ်သိ, အဲဒီ ရှေ့စစ်သိသည် ရှေ့စစ်မှာပင်ပျက်၊ အလယ်ခဏသို့မရောက်၊ အလယ်ခဏမှ စစ်သိသည် အလယ်ခဏမှာပင်ပျက်၊ နောက်ခဏသို့ မရောက်၊ နောက်ခဏမှာဖြစ်တဲ့ စစ်သိသည် အသစ် နောက်ခဏမှာပင်ပျက် သည့်နောက် ခဏသို့မရောက်၊ သည့်နောက် ခဏမှာဖြစ်တဲ့ စစ်သိသည် အသစ်, သည့်နောက် ခဏမှာပင်ပျက်၊ သည့်နောက်, နောက်ခဏသို့မရောက် အဲဒါ ပစ္စုပ္ပန်ခေါ်တယ်။

॥ မှန်ပါဘုရား॥ ॥

ခဏပိုင်းနဲ့ ယောဂီတို့ဖြစ်ပျက်ကို သိပုံတွဲ အားလုံးရှင်းသွားပလား?

॥ ရှင်းသွားပါပြီဘုရား॥ ॥

အဲဒီ ခဏပိုင်းလေးဟာ လျှပ်စီးတလက်မကမြန်တယ် လျှပ်တလက်မကမြန်တာကို မှတ်လွယ်စေခြင်းအကျိုးငှါ တစက္ကန့်ထား၊ ဒါဖြင့် စက္ကန့်သုံးစက္ကန့်ယူထား ရှေ့စက္ကန့်မှာဖြစ်တဲ့ ရုပ်နာမ် အလယ်စက္ကန့်မှာဖြစ်တဲ့ ရုပ်နာမ်နဲ့ ရောမရော?

॥ မရောပါဘုရား॥

ဘာဖြစ်လို့, ကြား,ကြား,ကြား,ကြား,အပြတ်မြင်လို့ခေါ်တယ်။

॥ မှန်ပါဘုရား॥ ॥

ရှေ့နောက်ကိုအပြတ်နော် တပြိုင်နက်ကိုအကြားနော်....॥

॥ မှန်ပါဘုရား॥ ॥

အာကာသ အခေါ်လဲသိရတယ် တပြိုင်နက်ကို ဗမာလို ဘာခေါ်သလဲ?

॥ အကြားခေါ်ပါတယ်ဘုရား॥

အကြားရှေ့နောက်ကို ဘာခေါ်လဲ?

॥ အပြတ်ခေါ်ပါတယ်ဘုရား॥ ॥

အပြတ်ခေါ်တယ် အဲဒါ သိထားကြနော်.... သိထားကြ.... အပြတ်ခေါ်တယ်။

॥ မှန်ပါဘုရား॥ ॥

တပြိုင်နက်အတွက်,နာမ်ရုပ်၊ ရှေ့နောက်အတွက်, ဖြစ်ပျက်ခေါ်တယ် ရှင်းထားနော်....။

॥ မှန်ပါဘုရား။ ॥

ဟို....အာကာသအကွက်မှာလဲ ရှိသားဘဲ, "အကြား, အပြတ်, အရပ်,တဲ့ အာကာသသုံးမှတ်" အကြားအတွက် နှစ်,ဉာဏ်၊ အပြတ်အတွက်, ဆယ်,ဉာဏ်ခေါ်တယ်၊ ဝိပဿနာဉာဏ်ဆယ်ချက်သည် ဖြစ်ပျက်,ဖြစ်ပျက်,ဆိုလျှင် အပြတ်ခေါ်တယ် ကာလခြားတယ်နော် မှတ်ထားကြ....။

॥ မှန်ပါဘုရား။ ॥

ဒါဖြင့် ရှေ့စက္ကန့်မှာရှိတဲ့ ရုပ်,နာမ်,နဲ့ အလယ်စက္ကန့်မှာရှိတဲ့ ရုပ်နာမ် ရောမရော ?

॥ မရောပါဘုရား။ ॥

ဘာတွေလို့ အကြားတွေလို့ အပြတ်တွေလို့ အလယ်စက္ကန့်မှာဖြစ်တဲ့ ရုပ်နာမ်နဲ့ နောက်စက္ကန့်မှာဖြစ်တဲ့ ရုပ်နာမ်နဲ့ ရော-မရော ?

॥ မရောပါဘုရား။ ॥

ဘာမြင်လို့ ?

॥ အပြတ်မြင်လို့ပါဘုရား။ ॥

အပြတ်မြင်လို့ခေါ်တယ်၊ ဒါဖြင့် စက္ကန့်ခြင်း, စက္ကန့်ခြင်း, မရောသလို နာမ်ရုပ်ခြင်း,နာမ်ရုပ်ခြင်း, မရောဘူး,ရောရဲ့လား ?

॥ မရောပါဘူးဘုရား။ ॥

ဒါဖြင့် မအောမွေးတဲ့ ရုပ်အတိုင်းရှိမရှိ ?

॥ မရှိပါဘုရား။ ॥

ယခုရုပ်သည် ဘယ်ကရုပ် ?

။ အသစ်ရုပ်ပါဘုရား။ ။

အသစ်ရုပ်ခေါ်တယ်နော်....

မအေမွေးတာဖယ်ထားအုံး နောက်နှစ်က ရုပ်သည် ဒီနှစ်သို့ ပါ,မပါ ?

။ မပါ,ပါဘုရား။ ။

နောက်လက ရုပ်သည် ဒီလသို့ ပါ,မပါ ?

။ မပါ,ပါဘုရား။ ။

နောက်ရက်က ရုပ်သည် ဒီရက်သို့ ပါ,မပါ ?

။ မပါ,ပါဘုရား။ ။

နောက်နာရီက ရုပ်သည် ဒီနာရီသို့ ပါ,မပါ ?

။ မပါ,ပါဘုရား။ ။

နောက်မိနစ်က ရုပ်သည် ဒီမိနစ်သို့ ပါ,မပါ ?

။ မပါ,ပါဘုရား။ ။

နောက်စက္ကန့်က ရုပ်သည် ဒီစက္ကန့်သို့ ပါ,မပါ ?

။ မပါ,ပါဘုရား။ ။

ဘယ်ရောက်ကုန် ?

။ ပျောက်ကုန်ပါပြီဘုရား။ ။

ပျက်သွားကုန်ပြီ, ပျက်တယ်ဆိုလျှင် ရှိ,မရှိ ?

။ မရှိပါဘုရား။ ။

ဘာလေး ကျန်ခဲ့သေးသလဲ ?

။ ဘာမျှ မကျန်ရစ်ခဲ့ပါဘုရား။ ။

ဘာမှ မကျန်တော့ဘူး၊ ရုပ်နာမ်ပျက်လျှင် ဘာကျန်သလဲ ဘာမှ မကျန်တော့ဘူး ရှင်းသွားပလား ?

॥ ရှင်းသွားပါပြီဘုရား॥ ॥

အဲဒါ သေသေချာချာမြင်ကြ ဒါဖြင့် "ကာလသုံးခွင် ဖြစ်ပျက်ကိုမြင်"လို့ ဆိုသောကြောင့် ရှေးရှေးက ရုပ်လဲ ဖြစ်ပျက်ပါတယ်၊ ယခု ရုပ်လဲ ဖြစ်ပျက်ပါသည်, နိဗ္ဗာန်မရမခြင်း နောင် ရုပ်လဲ ဖြစ်ပျက်ပါသည်၊ "ကာလသုံးပါး ဖြစ်ပျက်မြင်ပုံ"

ခဏ ပစ္စုပ္ပန်နဲ့ ဖြစ်ပျက်မြင်ပုံ၊ ရှေ့ခဏမှာ ဖြစ်တဲ့ ရုပ်နာမ်လဲ ဖြစ်ပျက်ပါ၊ ယခု အလယ်ခဏမှာ ဖြစ်တဲ့ရုပ်နာမ်လဲ ဖြစ်ပျက်ပါ နောင်ခဏမှာ ဖြစ်တဲ့ ရုပ်နာမ်လဲ ဖြစ်ပျက်ပါ မပါဘူးလား॥

॥ ပါ့ပါတယ်ဘုရား॥ ॥

ခဏတိုင်း,ခဏတိုင်း, ပျက်ပျက် မသွားဘူးလား ?

॥ သွားပါတယ်ဘုရား॥ ॥

ခဏတိုင်း, ခဏတိုင်း အပျက်တွေ, အရစ်တွေ, အဆစ်တွေ ဒီလိုမြင်မယ်ဆိုလျှင် သမ္မသနဉာဏ် ဖြစ်,ပျက်,မြင်ပြီတဲ့ ရှင်းသွားပလား ?

॥ ရှင်းသွားပါပြီဘုရား॥ ॥

"ကာလသုံးခွင်, ဖြစ်ပျက်ကိုမြင်, သမ္မသနဉာဏ်လမ်းစပင်" လမ်းစ အခုမှဘဲ တွေ့တယ်၊

॥ မှန်ပါဘုရား॥ ॥

ယောဂီခန္ဓာမှာ ကိုယ်တွေ့ဆိုလျှင် ပေါ်,သိ,ပျက်, အပျက် ထိအောင် ရောက်သွားပြီ....

॥ မှန်ပါဘုရား॥ ॥

"လက္ခဏာရေးသုံးပါးထင်၊ သမ္မသနုဉာဏ် လမ်းလယ်ပင်" ဟော....ဖြစ်ပျက်မြင်မယ်ဆိုလျှင် လမ်းစနော်....

လက္ခဏာရေးသုံးပါး ထင်မယ်ဆိုလျှင် သမ္မသနုဉာဏ် လမ်းလယ်။

**လက္ခဏာထင်ပုံ။**

ရှေ့ရုပ်နာမ်လဲ ဖြစ်ပျက်၊ ယခုရုပ်နာမ်လဲ ဖြစ်ပျက်၊ နောင်ရုပ်နာမ်လဲ ဖြစ်ပျက်ပါ မှန်းတော့သိပြီ ဖြစ်ပျက်ပါလျှင် လက္ခဏာရေးသုံးပါး ထင်ရမယ်တဲ့နော်....

။ မှန်ပါဘုရား။ ။

ပျက်သွားတာမြင် ရှေ့ရုပ်နာမ်ကော၊ ယခုရုပ်နာမ်ကော နောင်ရုပ်နာမ်ကော၊ မပျက်ကြဘူးလား ?

။ ပျက်ကြပါတယ်ဘုရား။

ပျက်သွားတာမြင်လျှင် မြဲသလား မမြဲဘူးလား ?

။ မမြဲပါဘူးဘုရား။ ။

ပါဠိလို အနိစ္စခေါ်တယ်၊ ဗမာပြန်တော့ မမြဲနော်....

။ မှန်ပါဘုရား။ ။

အနိစ္စ မမြဲမခိုင်တာ ဘယ်သူလဲမေးလျှင် ရုပ်နာမ်တဲ့၊ ဟော.... တရားကိုယ်ကောက်ကောက်ထား။

။ မှန်ပါဘုရား။ ။

"အနိစ္စာဝတ သင်္ခါရာ" ဆိုတဲ့ပါဠိတော်နဲ့ အညီဘဲနော်....

။ မှန်ပါဘုရား။ ။

အနိစ္စ မမြဲမခိုင်တာ ရုပ်နာမ်ခေါ်တယ်....။

။ မှန်ပါဘုရား။ ။

မမြဲမခိုင်တာ ဘာဖြစ်လို့သိသလဲ လက္ခာမေးလိုက်တယ်၊ လက္ခဏာဆိုတာ အမှတ်အသားခေါ်တယ်။

॥ မှန်ပါဘုရား॥ ॥

ရုပ်နာမ်မမြဲဘူး၊ မခိုင်ဘူးဆိုတာ ဘယ်လက္ခဏာ, ဘယ်အမှတ်အသားရှိလို့လဲ ဖြစ်ပျက်တဲ့၊ ဟော....“ဥပ္ပါဒ ါဝယ ဓမ္မိနော” ဆိုတဲ့ ပါဠိတော်နဲ့ အညီပါဘဲ ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ရုပ်နာမ်တိုင်း, ရုပ်နာမ်တိုင်း, ဖြစ်ပျက်, ဖြစ်ပျက်, မရှိဘူးလား ?

॥ ရှိပါတယ်ဘုရား॥ ॥

အဲဒါ လက္ခဏာဘဲ ဖြစ်ပြီးလျှင်, ပျက်ပျက်သွားတာ မြင်မယ်ဆိုလျှင် ရုပ်နာမ်သည် မြဲသလား မမြဲဘူးလား ?

॥ မမြဲပါဘူးဘုရား॥ ॥

ဖြစ်ပြီးလျှင်,ပျက်ထာမမြင်လျှင် ရုပ်နာမ်သည် မြဲတယ်ထင်တယ်၊

॥ မှန်ပါဘုရား॥ ॥

ဖြစ်ထာသာတွေ့ပြီး, ပျက်ထာမတွေ့လျှင်, ရုပ်နာမ်သည် မြဲတယ်ထင်တယ်၊ယခု အပျက်တွေ့တော့မြဲတယ်ထင်သေးသလား ?

॥ မထင်တော့ပါဘုရား॥ ॥

သူ့ဟာသူ မှတ်ထားကြ၊ အနိစ္စက ရုပ်နာမ်၊ လက္ခဏာက ဖြစ်ပျက်၊ ကဲ့အောင်ခဲ့....

॥ မှန်ပါဘုရား॥ ॥

ဥပမာ။ ။ ဆိုလျှင် အမိဝမ်းတွင်းမှာ အမွှာပူးမွေးတဲ့ ကလေးနှစ်ယောက် အဲဒီကလေးနှစ်ယောက်က အနိစ္စခေါ်တယ်၊ လက္ခဏာက မွေးသေ့ မွေးသေ့ ခေါ်တယ်၊ ဒီကလေးနှစ်ယောက်လဲ မမြဲဘူး၊ မခိုင်ဘူး၊ အားကိုးစရာ မရဘူး၊ ဘာအမှတ်အသားတွေလို့လဲ မွေးပြီးလျှင် သေရမဲ့ အမှတ်အသားတွေလို့ ပထ၂ ၁-ဖြန့်ကြည့် မိမိတို့ အိမ်မှာရှိတဲ့ ပစ္စည်းဥစ္စာ အကုန်လုံးမှန်သမျှ အနိစ္စ မမြဲကြဘူး၊ မခိုင်ကြဘူး၊ အားကိုးစရာ မရှိကြဘူး၊ ဘာလက္ခဏာသွားတွေလို့ လဲဖြစ်ပြီးလျှင် ပျက်သွားတဲ့လက္ခဏာ ရပြီးလျှင် ကုန်သွားတဲ့ လက္ခဏာမရှိဘူးလား ?

။ ရှိပါတယ်ဘုရား။ ။

အဲဒါကြောင့် ရကုန်-ရကုန်ကို ရန်ကုန်ခေါ်နေတာ ရပြီးလျှင် ဘယ့်နယ်လဲ ?

။ ကုန်ပါတယ်ဘုရား။ ။

ဟုတ်ကော ဟုတ်ရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဟုတ်ထာ မဟုတ်ထာ အပထား၊ ရှိတောင် မရှိကြတော့ဘူး၊ ပြောင်းပြီးတော့ သွားတော့မယ် ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အဲဒါ အကုန်လုံးဖြန့်ကြည့်လေ အင်္ကျီသည် အနိစ္စ ဟို....စားစရာသည် အနိစ္စ၊ အိမ်တွေ့၊ ကျောင်းတွေ့၊ ကုတင်၊ ကုလားထိုင်တို့သည် အနိစ္စ၊ မိမိတို့ ဝတ်ထားတဲ့ ပုတီး၊ လက်ကောက်၊ ဒွါဒယာ၊ တန်းဆာအကုန်လုံး အနိစ္စ၊ ဘာမှတ်သားထားလဲ၊ ဖြစ်ခြင်း၊ ပျက်ခြင်း၊ ရခြင်း၊ ကုန်ခြင်း၊ အဲဒါ မှတ်ထားလို့ မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အဲဒါ သူ့ဟာသူ ရှင်းရှင်းထားတော့နော်....အကုန်လုံးသွား ပစေ ပျက်ပျက်သွားဒါမြင် မမြဲတဲ့ အနိစ္စလက္ခဏာ တခုထင် အနိစ္စနဲ့ လက္ခဏာလဲ ကွဲသွားပစေနော်....

॥ မှန်ပါဘုရား॥ ॥

ရုပ်နာမ်သည် မြဲသလား, မမြဲဘူးလား ?

॥ မမြဲပါဘူးဘုရား॥ ॥

ဘုရားရှင်ကိုယ်တော်မြတ် သန္တာန်မှာရှိတဲ့ ရုပ်နာမ်ကော မြဲ သလား, မမြဲဘူးလား ?

॥ မမြဲပါဘူးဘုရား॥ ॥

အလွန်ယုတ်ညံ့တဲ့ ဒွန်းစဏ္ဍား သန္တာန်မှာရှိတဲ့ ရုပ်နာမ်ကော မြဲသလား,မမြဲဘူးလား ?

॥ မမြဲပါဘူးဘုရား॥ ॥

ဘာမြင်လို့ ?

॥ ဖြစ်ပျက်မြင်လို့ပါဘုရား॥

ဖြစ်ပျက်မြင်လို့ အားလုံး ရှင်းသွားကြပလား ?

॥ ရှင်းသွားပါပြီဘုရား॥ ॥

**လိုက်နာစရာ ဥပမာ॥**

ရဟန်းတပါးက - မြတ်စွာဘုရားသခင်ကို လျှောက်ပါသည်၊ မြတ်စွာဘုရား-ခန္ဓာကိုယ်ကြီးထဲမှာ-မြဲတာ,ခိုင်တာ,မပျက်စီးတာ, များ ရှိပါသေးသလား-ဘုရားလို့လျှောက်ထားလိုက်သောအခါ ဝယ်....॥

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည်၊ ချက်ခြင်းပင်-လက်သည်း ပေါ်မှာမြူမှုံတင်၍ ငါ၏-ချစ်သား.... ခန္ဓာကိုယ်ကြီးထဲမှာ-မြဲ

တာ, ခိုင်တာ, မပျက်စီးတာ, ငါဘုရားလက်သည်းတော်ပေါ်မှာ တင်ထားတဲ့မြူမှုံကလေး တမှုံစာလောက် မရှိဘူးချစ်သား-မှန်ရဲ့လား?

။ မှန်ပါတယ်ဘုရား။ ။

ဒီမြူမှုံလေးလောက်ရှိမယ်ဆိုလျှင် - ဖြစ်,ပျက်, အုံးမှာဘဲ-ရှိလျှင်တော့ဖြစ်ပျက်အုံးမှာဘဲ-မရှိလို့နေ၁်-မြဲတာ,ခိုင်တာ, မပျက်စီးတာ, ငါဘုရား လက်သည်းတော်ပေါ်မှာ - တင်ထားတဲ့ မြူမှုံလေးတမှုံလောက်မရှိဘူး-ချစ်သား-အကယ်၍-မြဲတာ,ခိုင်တာ, မပျက်စီးတာမျှားရှိမယ်ဆိုလျှင်, ယခုလိုအကျင့်ထူး အကျင့်မြတ်ဆိုတဲ့-ဝိပဿနာ-တွေမပေါ်ဘူးချစ်သား။

ယခုတော့ ခန္ဓာကိုယ်ကြီးသည်-မမြဲကြလို့-မခိုင်ကြလို့, အားကိုးစရာတွေမရှိကြလို့, သာလျှင်၊ ဝိပဿနာ-အကျင့်ထူး,အကျင့်မြတ်ဆိုတဲ့, ဆေးထူး,ဆေးမြတ်, ဆေးကောင်း, တရားထူး, တရားမြတ်, တရားကောင်း, ဆိုတာ-ပေါ်လာသတဲ့-ရောဂါကြီးလျှင်-ဆေးကောင်း ပေါ်ရသလိုဘဲနေ၁် - ခန္ဓာကိုယ်ကြီးသည် မမြဲကြလို့, မခိုင်ကြလို့, အားကိုးစရာမရှိကြလို့, ဝိပဿနာတရားထူးတရားမြတ်တွေ-ပေါ်တယ်ဆိုတာ-ယုံကြရဲ့လား?

။ ယုံပါတယ်ဘုရား။ ။

ဝိပဿနာ-ပေါ်မယ်ဆိုလျှင်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ရတော့မယ်-မဂ်ဉာဏ်, ဖိုလ်ဉာဏ်, ရမယ်ဆိုလျှင်, ဆုံးတဲ့နိဗ္ဗာန်ကိုမြင်ရ၊ လေးခါမြင်ပြီးတဲ့နောက်, ဆုံးတဲ့နိဗ္ဗာန်ကြီးကို-ပရိနိဗ္ဗာန်စံတဲ့ သဘောအားဖြင့်အဟောင်းရုပ်နာမ်-ဒီဘက်ကမ်းမှာလဲချုပ်ငြိမ်း,အသစ်ရုပ်, နာမ်, နိဗ္ဗာန်တဘက်ကမ်းမှာမပေါ်ကိန်းဖြင့်-နာမ်ဇာတ်

ရုပ်ဇာတ်များ သိမ်းပြီးတော့ သွားတော့မယ်ဆိုလျှင်-မြဲမသွားဘူး လား၊ နိဗ္ဗာန်ဝင်သွားတော့ မြဲမသွားဘူးလား?

॥ မြဲသွားပါတယ်ဘုရား॥ ॥

အသင်္ခတလက္ခဏာမဖြစ်မပျက်တော့ပါ,မဖြစ်လျှင်,မအိုတော့ ပါ, မနာတော့ပါ, ကိုယ်ဆင်းရဲ, စိတ်ဆင်းရဲခြင်းလဲမရှိတော့ပါ, ဒါကြောင့် ဝိပဿနာ-ဆေးထူးဆေးမြတ်-ပေါ်ခြင်းသည်၊တခြား မဟုတ်ပါဘူး, ဘယ်အခါမှမပျက်စီးနိုင်တဲ့ နိဗ္ဗာန်ချမ်းသာကြီးကို ရဘို့လို့ပေါ်လာတယ်ဆိုတာ ယုံကြရဲ့လား?

॥ ယုံပါတယ်ဘုရား॥ ॥

ဒါတချက်ကုန်သွားရော.... ရုပ်နာမ်မှန်လျှင် - ဖြစ်ပျက်ပါလာ ဘတ်တယ် ဆိုတာ၊ ကိန်းသေဆုံးဖြတ်ပြီးတဲ့နောက်၊ ပျက်သွား တာမြင်လျှင်-ဒီ-ပျက်သွားတာလေးဟာမပျက်ရအောင် - အောင့် နေနိုင်ပါ့မလား?

॥ အောင့်မနေနိုင်ပါဘုရား॥ ॥

မအောင့်နိုင်တာ-ဒုက္ခခေါ်တယ်၊ ဆင်းရဲ, ဆင်းရဲ, ဆင်းရဲလို့ လှေနံ-ဒါးထစ်-မမှတ်နဲ့ - ကာယိကဒုက္ခ=ကိုယ်ဆင်းရဲဒါဟုတ်၏၊ စေတသိကဒုက္ခ=စိတ်ဆင်းရဲဒါဟုတ်၏၊ ရုပ်နာမ်နှင့်ပတ်သက်၍- ဖြစ်ပေါ်လာမယ်ဆိုလျှင်-ဆင်းရဲ, ဆင်းရဲ, ဆင်းရဲလို့-ဗမာမပြန် နဲ့။

**“ဒုက္ခေန ခမိတဗ္ဗန္တိဒုက္ခံ”** ဆင်းဆင်းရဲရဲ, အောင့်အောင့်, အင်းအင်း, သီးခံနေရတယ်ခေါ်တယ် - အဲဒီလို သီးခံနေရတာ-

ဗမာပြန်လိုက်မယ်ဆိုလျှင်, မအောင့်နိုင်, သီးမခံနိုင်ဘူးလို့ ဗမာပြန်ရတယ်....။

॥ မှန်ပါ့ဘုရား॥ ॥

ဒါကြောင့်-ရုပ်-နာမ်လေးတွေ စစ်လာပြီဆိုလျှင်, ဖြစ်ခြင်းကိုလဲ မအောင့်နိုင်ဘူး - အောင့်နေရင်းမတ်တတ်နဲ့ ဖြစ်ပေါ်လာသည်၊ ဖြစ်လာတာ-ဖြစ်ပစေတော့, မပျက်ရအောင်-လဲအောင့်လို့ရပါ့မလား?

॥ မရပါဘုရား॥ ॥

အောင့်နေရင်းနဲ့ -ပျက်ပြီးတော့သွားပါသည်၊ ဒါကြောင့် ရုပ်နာမ်လေးတွေစစ်လာလျှင်-ဖြစ်ခြင်း ပျက်ခြင်း, ဖြစ်ခြင်း ပျက်ခြင်း, မအောင့်နိုင်လို့ - သူ့ကို - ဒုက္ခခေါ်ပါသည် - ရှင်းသွားပလား?

॥ ရှင်းသွားပါပြီဘုရား॥ ॥

ဘာဒုက္ခလဲမေးမယ်ဆိုလျှင်-သင်္ခါရဒုက္ခတဲ့မှတ်ထားကြ။

॥ မှန်ပါဘုရား॥ ॥

လက္ခဏာရေး သုံးပါး, ပါဝင်တဲ့ ဒုက္ခ သည် - သင်္ခါရဒုက္ခ ကောက်ရတယ်၊ "သင်္ခါရ-ဗမာပြန်လျှင်ဖြစ်ပျက်"၊ "ဒုက္ခ-ဗမာပြန်လျှင်-မအောင့်နိုင်တာ"ဖြစ်ခြင်း ပျက်ခြင်းမအောင့်နိုင်ဘူးတဲ့၊ ဘယ်သူလဲမေးလျှင်-နာမ်ရုပ်, ပေါ်သိ့ဘဲခေါ်တယ်၊ ရုပ်နာမ်မှန်လျှင်, ဖြစ်ပျက်-မှန်လျှင်,ဖြစ်ခြင်းပျက်ခြင်း-အောင့်နိုင်ရဲ့လား?

॥ မအောင့်နိုင်ပါဘုရား॥ ॥

အဲဒါ-ဘာခေါ်သလဲ?

॥ သင်္ခါရဒုက္ခ ခေါ်ပါတယ်ဘုရား॥ ॥

သင်္ခါရဒုက္ခ-ရှင်းရှင်းလေးမှတ်ထားနော် - သင်္ခါရဒုက္ခဆိုတာ, ဖြစ်ပျက်ဒုက္ခခေါ်တယ်။

॥ မှန်ပါဘုရား॥ ॥

ရုပ်နာမ်-မှန်လျှင်-ဖြစ်ခြင်းပျက်ခြင်း ရှိပြီးသားဘဲ၊ သင်္ခါရဒုက္ခဆိုတာ-ရယ်၊ ဖြစ်ပျက်ဒုက္ခဆိုတာရယ်၊ ခဏိက-ဒုက္ခဆိုတာရယ်၊ ပရမတ်ဒုက္ခဆိုတာရယ်၊ ရုပ်နာမ်ဒုက္ခဆိုတာရယ်၊ အတူတူဘဲမှတ်ရမယ်နော်....

॥ မှန်ပါဘုရား॥ ॥

ဒီ-သင်္ခါရဒုက္ခသည်-ဘယ်အပေါ်မှာ တည်နေသလဲမေးလျှင်၊ ရုပ်နာမ်ပေါ်မှာတည်နေတယ်၊ အသိကလေးက-နာမ်ခေါ်တယ်၊ အဲဒီအသိကလေးဖြစ်ထာ-ပျက်ထာက-သင်္ခါရဒုက္ခ ခေါ်တယ်။

ဝေဒနာနဲ့ပတ်သက်၍ ပြောမယ်ဆိုလျှင်, ကျင်တာ, နာတာ, ကိုက်ထာ, အောင့်တာ, မူးဒါ, ဝေဒါ, တို့သည်၊ ဒုက္ခဝေဒနာခေါ်တယ်၊ ဒုက္ခဝေဒနာဆိုတာ-နာမ်တရားဘဲ၊ အဲဒီ ဒုက္ခဝေဒနာတည်းဟူသော-နာမ်တရား,ဖြစ်လိုက်ပျက်လိုက်, ဖြစ်လိုက်ပျက်လိုက်,က-သင်္ခါရဒုက္ခခေါ်တယ်၊ စိမ့်ကနဲ, ဖြန်းကနဲ, သိမ့်ကနဲ, အေးကနဲ, ဆိုတဲ့-သိသိသာသာ-ခန္ဓာကိုယ်ထဲမှာဆိုလျှင်-ချမ်းသာဒါကလေးဟာ - သုခဝေဒနာနော် - အဲဒီသုခဝေဒနာလေးသည်-ဖြစ်ပြီးပျက်သွား, ဖြစ်ပျက်, ဖြစ်ပျက်,မှ သင်္ခါရဒုက္ခ-ခေါ်သည် ရှင်းသွားပလား?

॥ ရှင်းသွားပါပြီဘုရား॥ ॥

ရုပ်နဲ့သင်္ခါရနဲ့တခြားစီနော် - ရုပ်ဖြစ်ပျက်ကို - သင်္ခါရဒုက္ခ၊ နာမ်ဖြစ်ပျက်ကို သင်္ခါရဒုက္ခ၊အပူဖြစ်ပျက်, အအေးဖြစ်ပျက်, အ

လှုပ်ဖြစ်ပျက်, ဆင်းရဲဖြစ်ပျက်, ချမ်းသာဖြစ်ပျက်-ကို သင်္ခါရဒုက္ခနော်....

။ မှန်ပါဘုရား။ ။

အသိလေးဖြစ်ပျက်ကို သင်္ခါရဒုက္ခလို့ ယူတော့ ရှင်းသွားပလား ?

ရှင်းသွားပါပြီဘုရား။ ။

အင်း....ရုပ်နာမ်စစ်ပြီဆိုလျှင် ဖြစ်ခြင်း ပျက်ခြင်း မအောင့်နိုင်သောကြောင့်သင်္ခါရဒုက္ခ လက္ခဏာသင်္ခါရဒုက္ခနော်....သင်္ခါရဒုက္ခဆိုလျှင် ရုပ်နာမ်ဘဲ၊ ဘာလက္ခဏာ ဘာအမှတ်အသားရှိလို့ လဲမေးလျှင် ဖြစ်ပျက်ဘဲခေါ်တယ်။

ဒုက္ခလက္ခဏာမှာဒုက္ခက,သင်္ခါရဒုက္ခ, ရုပ်နာမ်ကောက်၊လက္ခဏာ အမှတ်အသားက ဖြစ်ပျက်ကောက်၊ သူ့ မမှတာဘဲ၊ရုပ်နာမ်စစ်လျှင် ဖြစ်ခြင်းပျက်ခြင်း အမြဲတန်းပါသည် ဖြစ်လေသောကြောင့် ဒီဖြစ်ပျက်တွေ ပါလာမယ်ဆိုလျှင် ရုပ်မှန်သမျှ ဒုက္ခကြီးပါ၊ နာမ်မှန်သမျှ ဒုက္ခကြီးပါလို့ ရှင်းရှင်းမှတ်ပါ သဘောကျရဲ့လား ?

။ သဘောကျပါဘုရား။ ။

ဒါဖြင့် လက္ခဏာရေးသုံးပါးမှာ ပါဝင်တဲ့ဒုက္ခသည် သင်္ခါရဒုက္ခကောက်ပါ၊ မကောက်ရဒါ ပြောအုံးမယ်၊ ကိုယ်လဲဆင်းရဲတဲ့ ကာယိကဒုက္ခ, စိတ်လဲဆင်းရဲတဲ့ စေတသိကဒုက္ခ၊ ကိုယ်ဆင်းရဲတယ်ဆိုတာ ကျင်နာကိုက်ခဲ့ဆိုတဲ့ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲတယ်ဆိုတာ, စိတ်ဆိုး,စိတ်ညစ်, စိတ်ကောက်, စိတ်မချမ်းသာမှု, စိတ်တွေ့လောင်မှုဆိုတာ စိတ်ဆင်းရဲတယ်နော်....။

အဲဒီလိုကိုယ်ဆင်းရဲတဲ့ကာယိကဒုက္ခ၊စိတ်ဆင်းရဲတဲ့စေတသိကဒုက္ခ၊ အဲဒါမျိုးလဲဘဲ ဒုက္ခလက္ခဏာထဲ မကောက်ပါနဲ့၊ ဝိပရိဏာမ ဒုက္ခ သားသမီး ပစ္စည်းဥစ္စာ ရတနာရွှေငွေတွေ ဖေါက်ပြန်ပျက်စီးကြလို့ ဆင်းရဲပြီးနေကြတဲ့ ဒုက္ခမျိုးလဲဘဲ ဒီထဲမှာ-မကောက်ပါနဲ့....နော်....။

။ မှန်ပါဘုရား။ ။

ကာယိကဒုက္ခ စေတသိကဒုက္ခလို့ဆိုတဲ့ ဒုက္ခ ဒုက္ခရယ် ဝိပရိဏာမဒုက္ခရယ် အဲဒီနှစ်ခုကတော့ မင်္ဂမကျနိုင်ဘူး ခေါ်တယ်၊ သံဝေဂတော့ဖြစ်တယ်၊ ထိတ်တယ် လန့်တယ်, ကြောက်တယ်, ကြောက်လျှင်တရားရှာ ဝိပဿနာအားထုတ်အားထုတ်တဲ့အခါမှာ ရုပ်နာမ်မမြင်ဘူးလား ?

။ မြင်ပါတယ်ဘုရား။ ။

ပေါ်သိမြင်တော့, ရုပ်နာမ်မြင်တော့, ဖြစ်ပျက်ပါလာတယ် ဖြစ်ပျက်ပါလာတော့မှ သင်္ခါရဒုက္ခမြင်တယ်, အဲဒီ သင်္ခါရဒုက္ခမှာ မင်္ဂကျတယ် ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား၊ ။

ဒါဖြင့်ဒီကိုယ်ကြီးဆင်းရဲ ဒီသားသမီးဆင်းရဲ, ပေါင်ဆင်းရဲ, ခြေထောက်ဆင်းရဲဆိုတာ ပညတ်ပေါ်မှာတည်တယ်ခေါ်တယ်၊ အဲဒီလို ဖြစ်ပျက်မျိုးနဲ့ မင်္ဂမကျဘူး ဟို....ပဲစေ့လေးစား ပဲ့ကြီးစေ့ကလေး တစေ့ပြီးတစေ့, တစေ့ပြီးတစေ့စား၊ အုံးသီးကလေးဟာ တခါကိုက် တခါကိုက် စသည်တို့ဖြင့်စား စားပါများတော့ မေးမညောင်းဘူးလား ?

။ ညောင်းပါတယ်ဘုရား။ ။

အဲဒါ....မေးညောင်းဒါဟာ သင်္ခါရဒုက္ခမဟုတ်ဘူး၊ ကာယိက-ဒုက္ခခေါ်တယ်၊ အဲဒီ မေးညောင်းဒါနဲ့ ပတ်သက်၍ မဂ်ဖိုလ်မရနိုင်ဘူး၊ သို့သော် အထောက်အပံ့တော့ဖြစ်တယ်၊ မေးညောင်းတာနဲ့ ပတ်သက်၍ ထိတ်လန့် ကြောက်ကြောက်ပြီးတော့ တရားရှာ တရားရှာတော့, ဖြစ်ပျက်မြင်ဖြစ်ပျက်မြင်တော့ သင်္ခါရဒုက္ခထင်တတ်တယ်၊ အဲဒါ သင်္ခါရဒုက္ခမှ မဂ်ကျတယ်။

॥ မှန်ပါဘုရား။ ॥

တရွေ့ရွေ့ လက်ကြီးမြှောက်လာ မြှောက်ပြီး သကာလခွန့်ဒီလိုဘဲ တရွေ့ရွေ့ မြှောက်ပါများခွန့်ပါများတော့ လက်မောင်းညောင်း လက်မောင်းညောင်းတာ သင်္ခါရဒုက္ခ မဟုတ်ဘူး ကာယိကဒုက္ခ ခေါ်တယ်၊ ဝါးပါများတော့ မေးညောင်း၊ ကာ-ယိက ဒုက္ခ ခေါ်တယ်၊ အဲဒါ မဂ်မကျနိုင်ဘူး၊ အဲဒီ ဒုက္ခသည်ဖြစ်လိုက်ပျက်လိုက်, ဖြစ်လိုက်ပျက်လိုက်, အဲဒီ ဖြစ်ပျက်မှ သင်္ခါရဒုက္ခခေါ်တယ်၊ အဲဒီဒုက္ခမှ မဂ်ကျနိုင်တယ်လို့ ဆိုတာ ရှင်းရှင်းမှတ်ပေတော့....

॥ သဘောကျပလား ?

॥ သဘောကျပါပြီဘုရား။ ॥

"ပျက်သွားတာမြင့်အောင့်လို့မရတဲ့ သင်္ခါရဒုက္ခ လက္ခဏာထင်"နေဘ်....ဒါဖြင့် ရုပ်နာမ် မှန်လျှင် ဖြစ်ခြင်းပျက်ခြင်း မရှိဘူးလား ?

॥ ရှိပါတယ်ဘုရား။ ॥

ရှိလျှင် ဒုက္ခလား သုခလား ?

॥ ဒုက္ခပါဘုရား။ ॥

ဒုက္ခဘဲ နောက်ပြီးတော့ဆိုလျှင်လဲ လူ့စည်းစိမ်,နတ်စည်းစိမ်, ဗြဟ္မာစည်းစိမ်တို့လဲဘဲ ဖြစ်ခြင်း,ပျက်ခြင်းရှိရဲ့လား ?

။ ရှိပါတယ်ဘုရား။ ။

ရှိလျှင် ချမ်းသာအစစ်လား,အတုလား ?

။ ချမ်းသာအတုပါဘုရား။ ။

အတုဆိုလျှင် သင်္ခါရဒုက္ခဘဲ ဈာန်ဝင်စားပြီးတော့ နေရတဲ့ ဈာန်ချမ်းသာ,ဖိုလ်ဝင်စားပြီးတော့နေရတဲ့ ဖိုလ်ချမ်းသာ အဲဒါ လဲဘဲ သုခဝေဒနာ သောမနဿဝေဒနာတွေဘဲ၊ အဲဒီ သောမနဿ ဝေဒနာဆိုလျှင် ဖြစ်ခြင်းပျက်ခြင်း ရှိမရှိ ?

။ ရှိပါတယ်ဘုရား။ ။

ဈာန်တရားလဲ ဖြစ်ခြင်း,ပျက်ခြင်းရှိသည်၊ မဂ်လဲ,ဖိုလ်လဲ, ဖြစ်ခြင်း,ပျက်ခြင်း,ရှိသည် ဒါဖြင့် ဈာန်တွေ,မဂ်တွေ,ဖိုလ်တွေလဲဘဲ ဖြစ်ပျက်ရှိသောကြောင့် သူတို့ချမ်းသာ စစ်,မစစ် ?

။ မစစ်ပါဘုရား။ ။

အတုဘဲ ခေါ်တယ်, ချမ်းသာတုဆိုလျှင် သင်္ခါရဒုက္ခထဲသွင်း လိုက်ပါတော့ ရှင်းသွားပလား ?

။ ရှင်းသွားပါပြီဘုရား။ ။

**"ယံကိဉ္စိ ဝေဒယိတံ သဗ္ဗံတံ ဒုက္ခသ္မိံ ဝဒါမိ"**

ဘိက္ခဝေ၊ ချစ်သားချစ်သမီးများတို့။ ယံကိဉ္စိဝေဒယိတံ၊ အကြင်ခံစားပြီးတော့ နေရတဲ့ လူ့စည်းစိမ် လူချမ်းသာ,နတ် စည်းစိမ်,နတ်ချမ်းသာ, ဗြဟ္မာစည်းစိမ်, ဗြဟ္မာချမ်းသာ, ဈာန် သမာပါတ်ကို ဝင်စားပြီးတော့နေတဲ့ ဈာန်ချမ်းသာဆိုးတဲ့ နိဗ္ဗာန် ကြီးကို မြင်ရတဲ့ မဂ်ချမ်းသာ,ဖိုလ်ချမ်းသာ,ခံစားမှု မှန်သမျှ

သည်။ လောကေ၊ လောကကြီးထဲ၌။ အတ္တ ိ၊ ထင်ရှားမသေ့ ကေန်ရှိနေကြပေ၏။ သဗ္ဗံ ့တံ ဝေဒယိတံ၊ အလုံးစုံခံစားပြီးတော့ နေရတဲ့ ချမ်းသာမှန်သမျှကို။ ဒုက္ခသ္မိံ၊ ဖြစ်ခြင်းပျက်ခြင်း, ဖြစ်ခြင်းပျက်ခြင်း, မအောင့်နိုင်တဲ့ သင်္ခါရဒုက္ခနယ်ထဲ၌။ ဝဒါမိ၊ ထည့်သွင်း၍ အရင်းကျကျ ငါဘုရား ဟောကြားတော်မူခဲ့သည် သာလျှင် ကတည်း။

သာဓု....သာဓု....သာဓု

ဒါဖြင့် လောကသုံးပါးထဲမှာ ချမ်းသာတယ်ဆိုတာဝေဒယိ-တသုခချည်းဘဲ ဝေဒယိတသုခ,ဆိုလျှင် ဝေဒနာစေတသိက်တွေဘဲ၊ ဝေဒနာမှန်လျှင် ဖြစ်ခြင်း,ပျက်ခြင်း လွတ်,မလွတ် ?

॥ မလွတ်ပါဘုရား॥ ॥

မလွတ်လျှင် အဲဒီဝေဒနာတွေဟာ ဒုက္ခခေါ်မလား,သုခခေါ်မလား ?

॥ ဒုက္ခခေါ်ပါတယ်ဘုရား॥ ॥

အဲဒါ သုံးဆယ့်တဘုံထဲမှာတော့ချမ်းသာတာ မရှိတော့ဘူး၊ ဖြစ်ပျက်နေတဲ့ ချမ်းသာတွေဟာ မစစ်ဘူးနော်....

॥ မှန်ပါဘုရား॥ ॥

ဟို....မဂ်ချမ်းသာ,ဖိုလ်ချမ်းသာ,တွေတောင် မစစ်ဘူးဆိုလျှင် သည့်ပြင် လောကီချမ်းသာတော့ ပြောမနေနဲ့တော့....

॥ မှန်ပါဘုရား॥ ॥

အာရုံခြောက်ပါးခံစားတဲ့ ချမ်းသာတွေကော ချမ်းသာစစ်ကဲ့လား ?

॥ မစစ်ပါဘုရား॥ ॥

သင်္ခါရဒုက္ခနော်....အဲဒါလေးတွေ မြင်အောင်ရှုမှ မဂ်ကျလိမ့်မယ်၊ သို့သော် မဂ်ချမ်းသာ ဖိုလ်ချမ်းသာတို့သည် ချမ်းသာမစစ် သင်္ခါရဒုက္ခပင် ဖြစ်သော်လဲဘဲ လက္ခဏာရေးသုံးပါး မရှုရဘူး ခေါ်တယ်၊ ဘာကြောင့်လဲမေးလျှင် ဝိပဿနာအာရုံတို့သည် လောကီရုပ်နာမ် ဖြစ်ပျက်ကိုသာ အာရုံပြုတယ်ခေါ်တယ်၊ "မဂ်ဉာဏ်၏ဖြစ်ပျက်, ဖိုလ်ဉာဏ်၏ဖြစ်ပျက်ကို အာရုံမပြုဘူးလို့ ဆိုလိုသည်" သဘောကျရဲ့သား ?

॥ သဘောကျပါတယ်ဘုရား॥ ॥

"ပျက်သွားတာမြင်, အောင့်လို့မရတဲ့ သင်္ခါရဒုက္ခထင်"
ပျက်သွားတာ ကိုယ့်သဘောလား,သူ့သဘောလား ?

॥ သူ့သဘောပါဘုရား॥ ॥

ယောဂီတို့ စိတ်ရင်တဲမှာ အသာလေးထားတယ်မဟုတ်လား?

॥ ထားပါတယ်ဘုရား॥ ॥

အသာလေးထားပြီးတော့ဖြစ်လာအောင် ကြိုးစားနေသေးသလား ?

॥ မနေပါဘူးဘုရား॥ ॥

ဖြစ်ပြီးတဲ့နောက် ပျက်သွားအောင် ကြိုးစားနေသေးသလား?

॥ မကြိုးစားပါဘုရား॥ ॥

စိတ်ကလေး ရင်မှာတည်အောင်သာထားတာလဲ၊ ထွက်သွားပြန်ဆဲ့,ထွက်သွားပြန်ဆဲ့နဲ့ ဆိုတဲ့ဇွဲလေးနဲ့ဘဲ တည်အောင်ထား

တာဘဲ၊ စိတ်ကလေးတည်လိုက်သည်နှင့် တပြိုင်နက် သူ့ဟာသူ ဖြစ် သူ့ဟာသူပျက်မသွားဘူးလား ?

॥ သူ့ဟာသူဖြစ်၊ သူ့ဟာသူ ပျက်သွားပါဘုရား။ ॥

ကိုယ်ကဆက်ပြီးတော့ ဆုတောင်းရသေးသလား ?

॥ ဆုမတောင်းရပါဘုရား။ ॥

ဘာပေါ်ပါစေ့၊ ညာပေါ်ပါစေလို့ ဒီလိုကော တောင့်တသေးသလား ?

॥ မတောင့်တပါဘုရား။ ॥

မတောင့်တနဲ့ တောင့်တမယ်ဆိုလျှင် "လောဘဖြစ်တတ်တယ်" ပေါ်လာတာလေးတွေ မမှတ်ချင်ဘူးလို့ ပယ်ချလျှင် "ဒေါသဖြစ်တတ်တယ်" ပေါ်ခိုက်၊ ပေါ်ခိုက်၊ ဖြစ်ခိုက်၊ ဖြစ်ခိုက် မမှတ်နိုင်လျှင် "မောဟဖြစ်တတ်တယ်" အစွန်းသုံးပါး လွတ်အောင်လုပ်။

॥ မှန်ပါဘုရား။ ॥

ဒါကြောင့် ယောဂီတို့မှာဆိုလျှင် ဘာလိုချင်တယ်၊ ညာလိုချင်တယ်ဆိုတဲ့ လောဘဇောနဲ့ မစောနဲ့နော်....ပြိတ္တာဘုံ ဖြစ်တတ်တယ်။ ॥

॥ မှန်ပါဘုရား။ ॥

ဟာ....ဒါလေးမမှတ်ချင်ပါဘူး၊ သူများလျှောက်ထားတာ သိပ်ကောင်းတယ်၊ သူတို့ချမ်းသာဒါတွေ့တယ်ပြောတယ်၊ ငါလဲ ချမ်းသာဒါတွေ့ချင်တယ်တဲ့ လက်ရှိပေါ်နေတဲ့ အပူလှိုင်းကဲဒါ၊ အအေးလှိုင်းကဲဒါ၊ ဆင်းရဲလှိုင်းကဲဒါ၊ နောက်ပြီးတော့ လှုပ်ထာ

လွန်ကဲဒါ၊ ဒါတွေမလိုချင်ဘူး ပယ်ချ၊ ဒေါသခေါ်တယ်, ၎ရဲ ဘုံကျတတ်တယ်။

॥ မှန်ပါဘုရား॥ ॥

ခန္ဓာမှာ ဖြစ်ခိုက်,ဖြစ်ခိုက်, ကောင်းသည်ဖြစ်စေ, ဆိုးသည် ဖြစ်စေ, ကြမ်းသည်ဖြစ်စေ, နုသည်ဖြစ်စေ, ပေါ်ခိုက်,ပေါ်ခိုက် မသိလိုက်လျှင် မောဟဖြစ်တတ်တယ် မောဟ ဖြစ်မယ်ဆိုလျှင် တိရစ္ဆာန်ဘုံ ရောက်တတ်တယ်။

॥ မှန်ပါဘုရား॥ ॥

ဒါကြောင့် ယောဂီတို့ ဘာပေါ်စေ,ညာပေါ်စေ,လို့ မရွေး ပါနဲ့, စိတ်ကလေး ရင်မှာထားပြီး သကာလ၊ ပေါ်ခိုက်,ပေါ် ခိုက်,ကြမ်းတာလဲ ပေါ်မယ်, နုတာလဲ ပေါ်မယ်, ဆင်းရဲဒါလဲ ပေါ်မယ်, ချမ်းသာဒါလဲ ပေါ်မယ်, ပေါ်ဒါလေးတွေသာ အသာကလေးရှုမှတ်, ရှုမှတ်ပြီးတော့ နေပေတော့ ရှင်းသွား ပလား?

လက္ခဏာရေးသုံးပါး ပါသွားပြီ....

**ဆောင်။** ။ကာလသုံးခွင်ဖြစ်ပျက်မြင်,သမ္မသနဉာဏ်လမ်းစပင်၊ လက္ခဏာရေးသုံးပါးထင်, သမ္မသနဉာဏ် လမ်းလယ် ပင်။

လမ်းလယ်ရောက်သွားပြီ....

ရှေ့ရုပ်နာမ်လဲ ဖြစ်,ပျက်,ဖြစ်သောကြောင့် အနိစ္စ,ဒုက္ခ, အနတ္တ။

ယခု,ရုပ်,နာမ်လဲ ဖြစ်,ပျက်,ဖြစ်သောကြောင့် အနိစ္စ,ဒုက္ခ, အနတ္တ။

နောင်နိဗ္ဗာန်မရမခြင်း ရုပ်,နာမ်လဲ ဖြစ်,ပျက်,တွေ့ ပါသော ကြောင့် အနိစ္စ,ဒုက္ခ,အနတ္တ,ဘဲ....

အနိစ္စ=အမြဲမခိုင်ကြတာ "ရုပ်နာမ်ကောက်"

သင်္ခါရဒုက္ခ=ဖြစ်ခြင်း,ပျက်ခြင်း,မအောင့်နိုင်တာ "ရုပ်နာမ် ကောက်"

အနတ္တ=အစိုးမရကြတာ, ကိုယ်ကြိုက်မဖြစ်ထာ, ဩဇာပေး လို့ မကိုက်ကြတာ "ရုပ်နာမ်ကောက်"

မဟုတ်ဘူးလား ?
॥ ဟုတ်ပါတယ်ဘုရား॥ ॥

အနတ္တ ရုပ်,နာမ်ဘဲ၊ အနိစ္စ,ဒုက္ခ,အနတ္တ, ဒီသုံးခုဟာ တရား ကိုယ် ရုပ်,နာမ် ခေါ်တယ်၊

အနိစ္စလက္ခဏာက "လက္ခဏာ" ဒုက္ခလက္ခဏာ,က "လက္ခဏာ" အနတ္တလက္ခဏာ,က "လက္ခဏာ" ကောက်ရတယ်, ကွဲသွားအောင် ရှုကြနော်....
॥ မှန်ပါဘုရား॥ ॥

ဖြစ်ခြင်း,ပျက်ခြင်းဟာ ရုပ်နာမ်မှန်လျှင် မရှိဘူးလား ?
॥ ရှိပါတယ်ဘုရား॥ ॥

ရှိသောကြောင့် မမြဲကြခြင်း၊ ဖြစ်ခြင်း, ပျက်ခြင်း, မအောင့် နိုင်ကြခြင်း, ကိုယ်အစိုးမရခြင်း, ဒီသုံးခုပေါ်နေတယ် ရှင်းရှင်း လေးမှတ်ထားနော်....
॥ မှန်ပါဘုရား॥ ॥

**ဆောင်။** ။အမှားသုံးခုစင်, သမ္မသနညာဏ်လမ်းဆုံးပင်။

ရှေ့ကိုတခုတက်လိုက် အမှားသုံးခုစင်သွားမယ် ပျောက်သွားမယ်ဆိုလျှင် သမ္မသနညာဏ် လမ်းဆုံးတာဘဲ၊ အမှားသုံးခုပြောမယ်။

**မှတ်မှားသုံးခု။**

မြဲတယ်ဆိုတဲ့ အနိစ္စ, အမှတ်မှားတခု။

ချမ်းသာတယ်ဆိုတဲ့ သုခ,အမှတ်မှားတခု။

ကိုယ့်ကိုယ့်ကိုယ်ပိုင်တယ်ဆိုတဲ့ အတ္တအမှားတခု။

သတ္တဝါတွေ ယောကျ်ားဖြစ်ဖြစ်, မိန်းမဖြစ်ဖြစ်, ဝိပဿနာ ညာဏ်အမြင် မပေါက်သေးခဲ့လို့ရှိလျှင် အမှား ယူတတ်တယ် နော်...."

။ မှန်ပါဘုရား။ ။

နိစ္စ=အမှတ်မှား,

သုခ=အမှတ်မှား,

အတ္တ=အမှတ်မှား, ဘယ်နှစ်ခုလဲ ?

။ သုံးခုပါဘုရား။ ။

**နိစ္စအမှတ်မှားပျောက်ပုံ။**

မြဲတယ်ဆိုတဲ့ အမှတ်မှားပျောက်ပုံကလေး။ ။

"အနာနဲ့ဆေး ကိုက်အောင်ပေး, ပျောက်ရေးမခက်ပါတဲ့၊ အနိစ္စလက္ခဏာထင်လျှင်,မြဲတယ်ဆိုတဲ့ အမှတ်မှားစင်" ဟော.... ကိုယ့်ကိုယ်ကြီးဟာ မြဲကြသေးသလား ?

။ မမြဲပါဘူးဘုရား။ ။

အားလုံးသက်ရှိသတ္တဝါတွေကော မြဲကြသေးသလား?

॥ မမြဲပါဘူးဘုရား၊ ॥

သတ္တဝါတို့ နေထိုင်ကြသော, ဩကာသလောက, ဘုံသုံးဆယ့်တစ်ကော မြဲကြသေးသလား?

॥ မမြဲကြပါဘူးဘုရား။ ॥

အဲဒီလောကနှစ်ပါး အရင်းခံ ထူထောင်ထားတဲ့ သင်္ခါရလောကကော မြဲကြသေးသလား?

॥ မမြဲကြပါဘူးဘုရား။ ॥

ဘာမြင်လို့လဲမေးလျှင်?

॥ အနိစ္စလက္ခဏာမြင်လို့ပါဘုရား။

မြဲတာ မခိုင်တာမြင်လို့တဲ့ သဘောကျပလား?

॥ သဘောကျပါပြီဘုရား။ ॥

အနိစ္စဆေးတလုံးသောက်လျှင် "နိစ္စဒိဋ္ဌိ" ရောဂါပျောက်မယ်၊ ကိုယ့်ကိုယ်ကြီးကို မြဲတယ်ဆိုတဲ့ရောဂါ ပျောက်သွားလိမ့်မယ်ခေါ်တယ် သဘောကျပလား?

॥သဘောကျပါဘုရား။ ॥

**သုခ အမှတ်မှားပျောက်ပုံ။**

အင်း...."သုခဒိဋ္ဌိ" ချမ်း သာ တယ် ဆို တဲ့ အယူမှား လေးလဲပျောက်တတ်တယ်၊ သင်္ခါရဒုက္ခလက္ခဏာထင်မယ်ဆိုလျှင်, ချမ်းသာတယ်ဆိုတဲ့ အမှတ်မှားစင်တဲ့ ဟော....ကိုယ့်ကိုယ်ကြီးချမ်းသာတယ်, လူနတ်ဗြဟ္မာတို့ချမ်းသာတယ်, လူ့စည်းစိမ်,နတ်စည်းစိမ်, ဗြဟ္မာစည်းစိမ်ကြီး, ချမ်းသာတယ်, စျာန်သမာပါတ်လဲ

ချမ်းသာတယ်,မင်္ဂလဲချမ်းသာတယ်, ဖိုလ်လဲချမ်းသာတယ်,ဆိုတာ သင်္ခါရဒုက္ခ မမြင်လို့တဲ့။

॥ မှန်ပါဘုရား॥ ॥

သင်္ခါရဒုက္ခဆိုတာ ဖြစ်ခြင်း ပျက်ခြင်း ခေါ်တယ်၊ မမြင်ကြ လို့တဲ့၊ ဖြစ်ခြင်း,ပျက်ခြင်း,ဆိုတဲ့ သင်္ခါရဒုက္ခ မြင်မယ်ဆိုလို့ရှိ လျှင်, လူမှန်သမျှကော ချမ်းသာဒါရှိရဲ့လား ?

॥ ချမ်းသာဒါမရှိပါဘုရား॥ ॥

မရှိတော့ဘူးနော်၊ ကာယိက-သုခ,ကိုယ်လေး ချမ်းသာတယ်၊ စေတသိကသုခ, စိတ်ကလေး, ချမ်းသာဆိုတဲ့ ဒီလိုသုခဝေဒနာ ကော, ဖြစ်ခြင်း,ပျက်ခြင်း ကင်းကြရဲ့လား ?

॥ ဖြစ်ခြင်းပျက်ခြင်း မကင်းပါဘုရား॥ ॥

မကင်းဘူး၊ ဒါကြောင့် ချမ်းသာမစစ်ဘူး၊ လူ့စည်းစိမ်, နတ်စည်းစိမ်, ဗြဟ္မာစည်းစိမ်,ကို ခံစားရှုနေရတဲ့, ဝေဒယိတ သုခကော ချမ်းသာစစ်ရဲ့လား ?

॥ မစစ်ပါဘုရား॥ ॥

မစစ်ဘူး ဖြစ်ခြင်းပျက်ခြင်းမှ, မအောင့်နိုင်ဘဲ မဟုတ်လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ဒါကြောင့် သင်္ခါရဒုက္ခထင်မယ်ဆိုလျှင်, ချမ်းသာတယ်ဆိုတဲ့, သုခ,အမှတ်မှားစင်ပြီ၊ လူ့ဘုံချမ်းသာတယ်ဆိုတာလဲ မတွေ့တော့ ဘူး၊ ပဒေသရာဇ်, ကေရာဇ်,စကြာမင်း, ချမ်းသာတယ် ဆိုတာလဲ မတွေ့တော့ဘူး၊ နတ်မင်းစည်းစိမ် ချမ်းသာတယ်ဆိုတာလဲ မတွေ့ တော့ဘူး၊ဗြဟ္မာမင်းစည်းစိမ် ချမ်းသာတယ်ဆိုတာလဲ မတွေ့တော့

ဘူး၊ အားလုံးလူရော့နတ်ကော့ဗြဟ္မာကော့ဆိုလို့ရှိလျှင်သင်္ခါရ ဒုက္ခမကင်းတော့ဘူး။

လူတွေလဲဘဲဖြစ်ပျက်၊ နတ်တွေလဲဘဲဖြစ်ပျက်, ဗြဟ္မာတွေ လဲဘဲဖြစ်ပျက်, ဈာန်ရတဲ့ဗြဟ္မာကြီးတွေလဲဘဲဖြစ်ပျက်' မဂ်ရတဲ့ ဖိုလ်ရတဲ့, အရိယာအရှင်, သူတော်စင်တွေလဲဘဲ ဖြစ်ပျက်ဘဲ၊ ဒါကြောင့်၊ ဖြစ်ခြင်း့ပျက်ခြင်း မကင်းနိုင်တဲ့ သင်္ခါရဒုက္ခတွေမယ် ဆိုလျှင် သုံးဆယ့်တဘုံမှာ ချမ်းသာတယ်ဆိုတဲ့ ချမ်းသာတယ် ဆိုတဲ့ "သုခ" အမှတ်မှားတော့ပျောက်သွားပြီ၊ ဟုတ်ကဲ့လား?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

**အတ္တအမှတ်မှားပျောက်ပုံ၊**

"အနတ္တလက္ခဏာ ဆိုမယ်ဆိုလျှင် ပိုင်တယ်-ဆိုင်တယ်၊ အစိုး ရတယ်ဆိုတဲ့ "အတ္တ" အမှတ်မှားစင်" ကိုယ့်ကိုယ်ကြီး ကိုယ် ပိုင်တယ်ထင်နေကြတယ်၊ အဲဒါ ဘာမမြင်လို့လဲ မေးမယ်ဆိုလျှင်, အနတ္တမမြင်လို့တဲ့နော်၊ အနတ္တဆိုတာ တခြားမဟုတ်ဘူး သူ့ သဘောနဲ့ သူ့ဟာသူ ဖြစ့်ပျက်, ဖြစ်ပျက်နေတာ, အနတ္တ ခေါ်တယ်။

॥ မှန်ပါဘုရား॥ ॥

ဒါကြောင့် သူ့သဘောနဲ့, ဖြစ်ပျက်, ဖြစ်ပျက်နေတာ မြင် မယ်ဆိုလျှင်- ကိုယ့်ကိုယ်ကြီး ကိုယ်ပိုင်သေးသလား?

॥ မပိုင်တော့ပါဘူးဘုရား॥ ॥

ကိုယ့်ကိုယ်မှာပိုင်တာ ဘယ်နှစ်ခုရှိသလဲ?

॥ တခုမှမရှိပါဘုရား॥ ॥

တခုမှမရှိဘူး၊ ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးက၊ ပရတော့ ပရတော့ တစိမ်း တစိမ်း တစိမ်းလို့ရှုတဲ့ ဆွေမျိုး မဟုတ်ဘူးနော်....”

॥ မှန်ပါဘုရား॥ ॥

ညီအကို မောင်နှမ ဆွေမျိုး အရင်းအခြာမဟုတ်ဘူးနော်.... သွေးသားလဲ မဟုတ်ဘူးနော်....ကိုယ့်ကိုယ် ကိုယ်ရှုပုံခေါ်တယ်။

॥ မှန်ပါဘုရား॥ ॥

ကိုယ်ကမွေးထားတဲ့ ကိုယ့်သားသမီး မဆိုထားနဲ့ အမိဝမ်း တွင်း အတူဆင်းကြတဲ့ ညီအကို မောင်နှမ အရင်းတွေကို မဆို ထားနဲ့ ကိုယ့်ခန္ဓာကိုယ်ကြီးတောင် တစိမ်းကြီးတဲ့ တစိမ်းဆိုပေ မယ်လို့ မိတ်ဆွေတစိမ်းမဟုတ်ပါ၊ ရန်သူတစိမ်းကြီး ရန်သူတ စိမ်းကြီးပေမယ်လို့ ဒင်မတန်မှ ဝေးဝေးနေတဲ့ ရန်သူတစိမ်း ကြီး မဟုတ်ဘူးနော် အနီးသံလျက်မိုးပြီးသကာလ လည်ပင်းကို တဝဲဝဲနဲ့ ဖြတ်မယ်ဆိုတဲ့ ရန်သူတစိမ်းကြီးနော် ရန်သူတစိမ်းကြီး” အလစ်ကိုတော့ သတ်တော့မှာဘဲ အလစ်ကိုတော့ သတ်တော့မှာ ဘဲ မရှောင်ဘူးနော်....

॥ မှန်ပါဘုရား॥ ॥

ဘာဖြစ်လို့လဲ မေးမယ်ဆိုလျှင် ဖြစ်ထာကို အပျက်ကလေးက သတ်ရတယ်၊ ဖြစ်ပြီးလျှင် ဖြစ်တဲ့အတိုင်း တည်နေရဲ့လား ?

॥ တည်မနေပါဘုရား॥ ॥

ဘာဖြစ်သွား ?

॥ ပျက်သွားပါတယ်ဘုရား॥ ॥

ကဲ....ကြည့် ဖြစ်ထာကလေးကို အပျက်ကလေးက သတ်ရတယ်၊ မွေးတာကလေးကို အသေကလေးက သတ်ရတယ်၊ မိချောင်းမကြီးက မွေးထားတဲ့ မိချောင်းငယ်လေးတွေကို မိချောင်းမကြီးက အောက်ကပါးစပ်ကြီးဟပြီးသကာလစားတဲ့ ပုံသဏ္ဌာန်လိုဘဲ မွေးတာကလေးကို သေတာကလေးက သတ်တယ်၊ ဖြစ်ထာကလေးကို ပျက်ထာကလေးက သတ်တယ်၊ နေမှမ်နေရဘဲ။

။ မှန်ပါဘုရား။ ။

ရုပ်နာမ်ကလေးဟာ ချက်ခြင်းပေါ်၊ ချက်ခြင်းလျှပ်တလက်မှာ မြန်မြန်ပျက်တယ်ခေါ်တယ်။

ဆိုင်းလို့ ရ၊မရ ?

။ ဆိုင်းလို့ မရပါဘုရား။ ။

အဲဒီနေရာမှာ ဆေးကုလို့ ရ၊မရ ?

။ မရပါဘုရား။ ။

စားဆေး၊ ထိုးဆေး၊ လိမ်းဆေးနဲ့ လုပ်လို့ ရ၊မရ ?

။ မရပါဘုရား။ ။

ဘယ်နည်းနဲ့မှ မရဘူး၊ ဆေးကု၊ ဆေးကု၊ ဆိုတာ ခဏကုလို့ မရဘူး၊ အဲဒီခဏကမှာ ဆေးတင်လိုက်တော့ နောင်ခဏကမှာ ရုပ်အသစ်တွေ ကောင်းစွာဖြစ်လာတာဘဲ နောင်ကိုကြိုတင်လုပ်ရတယ်။

။ မှန်ပါဘုရား။ ။

လက်ငင်းရုပ်နာမ်တော့ မရဘူး၊ လက်ငင်းရုပ်နာမ်သည် ဆင်းဆင်းရဲရဲဖြစ်လျှင် ဆင်းဆင်းရဲရဲ ပျက်သွားတာဘဲ၊ လက်ငင်းရုပ်

နာမ်ကလေးဟာ လျှပ်တလက်မကလေးကို ချမ်းသာအောင်ဘယ်လိုနည်းနဲ့မှ ပြုပြင်လို့မရဘူး၊ ဆင်းရဲဆင်းရဲအတိုင်းပျက်, ချမ်းသာချမ်းသာအတိုင်းပျက်, အပူအပူအတိုင်းပျက်, အအေးအအေးအတိုင်းပျက် ဒီလိုဘဲ ပျက်သွားရတာဘဲ။

။ မှန်ပါဘုရား။ ။

ဒီအပူကလေးကိုပေါ်နေတုံးဆဲဆဲမှာ အေးသွားအောင် လုပ်လို့မရဘူး၊ အေးသွားအောင်ဆိုတာက ဒီအပူကလေးကို ကုလိုက်တော့ နောင်ပေါ်မဲ့ ရုပ်နာမ်သည် အေးတဲ့ရုပ်နာမ် အသစ်ဖြစ်ဖြစ်လာတယ်။

။ မှန်ပါဘုရား။ ။

အဲဒီအသစ်ကို ပြုပြင်တာခေါ်တယ် အားလုံးရှင်းပလား?

။ ရှင်းပါပြီဘုရား။ ။

ဒါဖြင့် ဖြစ်ထာကို ဘယ်သူသတ်?

။ အပျက်သတ်ပါတယ်ဘုရား။ ။

မွေးတာကိုဘယ်သူသတ်?

။ အသေက သတ်ပါတယ်ဘုရား။ ။

ဒီအပျက်ကလေးတွေ အသေလေးတွေ ကိုယ့်ခန္ဓာမှာ မရှိဘူးလား?

။ ရှိပါတယ်ဘုရား။ ။

အဲဒါ ခန္ဓာကြီးဟာ အသေကို သတ်သတ်ပြီးတော့နေတဲ့ ခန္ဓာကြီးဖြစ်သောကြောင့် မိတ်ဆွေ ခေါ်မလား, ရန်သူခေါ်မလား ?

။ ရန်သူခေါ်ပါတယ်ဘုရား။ ။

အဲဒါကိုယ့်ခန္ဓာနော်....ဒါကြောင့် ဘုရားရှင်ကိုယ်တော်မြတ်က "တောလေးဆယ်"ထဲမှာ ပရတော,တစိမ်းကြီး,တစိမ်းကြီး, ရန်သူတစိမ်းကြီး အမြဲတန်းအဖြစ်ကို သတ်နေတဲ့ ရန်သူတစိမ်းကြီး,မွေးတာကို ချက်ခြင်းပင် သေအောင်သတ်နေတဲ့ ရန်သူတစိမ်းကြီးလို့ ရှုပါ,ရှုပါလို့ဆိုသောကြောင့် သူ့သဘောနဲ့ ပျက်ပျက်သွားတာမြင် ပိုင်တယ်, ဆိုင်တယ်, အစိုးရတယ်ဆိုတဲ့ အတ္တအမှတ်အသားစင် ကိုယ့်ကိုယ်ကြီး ကိုယ်မပိုင်လျှင် ကိုယ်က မွေးတဲ့ သားသမီးတို့ ကိုယ်ပိုင်ပါအုံးမလား ?

။ မပိုင်ပါဘုရား။ ။

မပိုင်ဘူးခေါ်တယ် ရှင်းရှင်းမှတ်ထားကြနော်....

။ မှန်ပါဘုရား။ ။

"အမှားသုံးခုစင် သမ္မနဉာဏ်လမ်းပင်"ဆုံးသွားရော။

**ဆောင်။** ။ကာလသုံးခွင် ဖြစ်ပျက်မြင် သမ္မသနဉာဏ်လမ်းစပင်၊ လက္ခဏာရေးသုံးပါးထင် သမ္မသနဉာဏ်လမ်းလယ်ပင်၊ အမှားသုံးခုစင် သမ္မသနဉာဏ်လမ်းဆုံးပင်။

လမ်းဆုံးပြီဆိုလျှင် ဗုဒ္ဓဘာသာ=ဗုဒ္ဓ-ဘုရား၊ ဘာသာ-အယူဝါဒ၊ ဘုရားအယူကို ကောင်းကောင်းကြီး ယူနိုင်ပြီ။

**ဘုရားအယူ-ယူပုံ။**

ယူပုံကလေး အားလုံးသော ရုပ်နာမ်မှန်သမျှ, သတ္တဝါတွေမှန်သမျှ, ဘုံသုံးဆယ့်တစ်တွေမှန်သမျှ, လောကသုံးပါးမှာ မမြဲမခိုင်တဲ့ အနိစ္စချည်းဘဲ၊ သင်္ခါရဒုက္ခ,ဖြစ်ခြင်း,ပျက်ခြင်း,မအောင့်

နိုင်တဲ့ ဒုက္ခတုံးကြီးဘဲ၊ အနတ္တ=အစိုးမရတဲ့ အနတ္တချည်းပါလို့ ဆုံးဖြတ်ကြ။
   ။ မှန်ပါဘုရား။ ။

**အတုခွဲပြပုံ။**

ဗုဒ္ဓဘာသာ အစစ်လို့ ပြောလိုက်ပါသဖြင့်ဗုဒ္ဓဘာသာအတု အရေခြုံတွေ ရှိပုံနော်....
   ။ မှန်ပါဘုရား။ ။

ဗုဒ္ဓဘာသာ အတုအရေခြုံတွေက ရုပ်နာမ်ကလေးကို သာမည ခွဲလိုက်၊ မသိတာရုပ်, သိတာနာမ်, ခွဲလိုက်တယ်ခေါ်တယ်၊ မသိတာရုပ်ဆိုတော့ အသား,အရေ,အကြော,သုံးဆယ့်နှစ်ကောဋ္ဌာသ အတုံးအခဲကို ယူလိုက်သည်။
   ။ မှန်ပါဘုရား။ ။

ခေါင်း,ကိုယ်ခြေလက် စသည်တို့လဲ မသိသောကြောင့် ရုပ်လို့ယူလိုက်သည်၊ ယောကျ်ား, မိန်းမတကိုယ်လုံးလဲ မသိတာဖြစ်သောကြောင့်ရုပ်လို့ယူလိုက်သည် နော်....။
   ။ မှန်ပါဘုရား။ ။

သိမှုကလေးတလုံးဘဲ နာမ်ခေါ်တယ်၊ မသိတာရုပ် သိတာနာမ် ရုပ်နာမ်နှစ်ပါးခွဲ အကြမ်းမျဉ်းယူသွားနော်....။
   ။ မှန်ပါဘုရား။ ။

ဆရာတော်တို့လိုတော့ တေဇော အပူ,အအေး၊ ဝါယော-ကန်,တိုး,တွန်း၊ ပထဝီ ခက်မာမှုလေးတွေ ဒီလို အနုစိပ်မရဘူး၊

နိုင်တဲ့ ဒုက္ခတုံးကြီးဘဲ၊ အနတ္တ=အစိုးမရတဲ့ အနတ္တချည်းပါလို့ ဆိုးဖြတ်ကြ။

॥ မှန်ပါဘုရား॥ ॥

**အတုခွဲပြပုံ။**

ဗုဒ္ဓဘာသာ အစစ်လို့ ပြောလိုက်ပါသဖြင့် ဗုဒ္ဓဘာသာအတု အရေခြုံတွေ ရှိပုံနော်....

॥ မှန်ပါဘုရား॥ ॥

ဗုဒ္ဓဘာသာ အတုအရေခြုံတွေက ရုပ်,နာမ်ကလေးကို သာ မညခွဲလိုက်၊ မသိတာရုပ်, သိတာနာမ်, ခွဲလိုက်တယ်ခေါ်တယ်၊ မသိတာရုပ်ဆိုတော့ အသား,အရေ,အကြော,သုံးဆယ့်နှစ်ကော- ဋ္ဌာသ အတုံးအခဲကို ယူလိုက်သည်။

॥ မှန်ပါဘုရား॥ ॥

ခေါင်း၊ကိုယ်ခြေလက် စသည်တို့လဲ မသိသောကြောင့် ရုပ် လို့ ယူလိုက်သည်၊ ယောကျ်ား, မိန်းမတကိုယ်လုံးလဲ မသိတာဖြစ် သောကြောင့် ရုပ်လို့ ယူလိုက်သည် နော်....။

॥ မှန်ပါဘုရား॥ ॥

သိမှုကလေးတလုံးဘဲ နာမ်ခေါ်တယ်၊ မသိတာရုပ် သိတာ နာမ် ရုပ်နာမ်နှစ်ပါးခွဲ အကြမ်းမျဉ်းယူသွားနော်....။

॥ မှန်ပါဘုရား॥ ॥

ဆရာတော်တို့လိုတော့ တေဇော အပူ,အအေး၊ ဝါယော- ကန်,တိုး,တွန်း၊ ပထဝီ ခက်မာမှုလေးတွေ ဒီလို အနုစိပ်မရဘူး၊

ရုပ်သည် သေမှုမရှိဘူးဆိုတာ ဟုတ်ကဲ့လား ?

॥ မဟုတ်ပါဘူးဘုရား॥ ॥

မသေခင်တောင် ဒီရုပ်ကလေးတို့သည် လျှပ်စီးတလက်မကာ မြန်မြန်ပျက်နေတယ်ဆိုတာ ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ဒါဖြင့် မသေခင်လဲ တရိပ်ရိပ်နဲ့ ပျက်မနေဘူးလား ?

॥ ပျက်နေပါတယ်ဘုရား॥ ॥

ဒါကြောင့် သူတို့ပြောတဲ့အတိုင်း သေမှုမရှိဘူးဆိုတဲ့ အယူဝါဒ ပယ်ချလိုက်တော့တဲ့ နာမ်တရားမြဲတယ်ဆိုတာ လက်ခံနိုင်ပါ့မလား ?

॥ လက်မခံနိုင်ပါဘုရား॥ ॥

**အသက်လိပ်ပြာ ငါမရှိပုံ॥**

အသက်၊လိပ်ပြာ ဝိညာဉ်ဘယ်သင်းခေါ် မရှိဘူးနော်....॥

॥ မရှိပါဘူးဘုရား॥ ॥

ရုပ်ကိုလဲ ခေါ်တာမဟုတ်ဘူး နာမ်ကိုလဲ ခေါ်တာမဟုတ်ဘူး၊ ရုပ်နာမ်မှတပါး အသက်သီးခြား, လိပ်ပြာသီးခြား, ဝိညာဉ်သီးခြား,ရှိတာမဟုတ်ဘူး မနေ့က ဆရာတော်သေပုံပြောပြတယ်၊ အသက်ထွက်လို့, လိပ်ပြာထွက်လို့, ဝိညာဉ်ချုပ်လို့, သေတာလား ဘာဖြစ်လို့လဲ ရုပ်နာမ်ကွဲလို့သေတာ ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ယုံနော်.... အမှန်တရားတွေ ခေါ်တယ်, အမှန်တရားတွေ, သဘောကျပလား ?

॥ သဘောကျပါဘုရား॥ ॥

အဲ....ရှင်းရှင်းလေးမှတ်ထားကြ၊ ရှင်းရှင်းလေးမှတ်ထားကြ။
ဒါဖြင့် အသက်လိပ်ပြာဝိညာဉ်ကောင်ဆိုတာ ရုပ်ကိုလဲမခေါ်ရပါ, နာမ်ကိုလဲမခေါ်ရပါ, သီးခြားလဲ မရှိဘူးခေါ်တယ် မရှိလေသောကြောင့် နာမ်တရားကို အသက်ထင်ပြီးသကာလမြဲတယ် မြဲတယ်ဆိုတာလဲမမှန်ပါ၊ နာမ်တရား သက်သက်ပြောမယ်ဆိုလျှင် ပေါ်လျှင်မသိဘူးလား ?

။ သိပါတယ်ဘုရား။ ။

သိလိုက်လျှင် ချက်ခြင်းပျက်မသွားဘူးလား ?

။ ပျက်သွားပါတယ်ဘုရား။ ။

တစက္ကန့်တောင် မခံတော့ဘူး ဒါကြောင့် နာမ်တရားသည် လျှပ်စီးတလက်ရက မြန်မြန်ကြီး ဖြစ်လိုက်,ပျက်လိုက်,ဖြစ်လိုက်, ပျက်လိုက်, နေသောကြောင့် အနိစ္စ မမြဲမခိုင်ကြပါ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

**ဗုဒ္ဓဘာသာအတုတွေပယ်ပုံ။**

ဒါဖြင့် ဗုဒ္ဓဘာသာအရေခြုံတွေ ပယ်ချလိုက်တော့ ရုပ်ဖြစ်-ဖြစ်,နာမ်ဖြစ်ဖြစ်, ကောမစဲ တသဲသဲပျက်ပြီးတော့ သွားသောကြောင့် အနိစ္စမမြဲ မခိုင်တာကြီးပါလို့ ရှင်းရှင်းမှတ်။

ဗုဒ္ဓဘာသာ အရေခြုံတွေ, ရုပ်နာမ်ကို တချို့ရုပ်နာမ်ဒုက္ခ, ဆင်းရဲကြပါသည်၊ တချို့ရုပ်နာမ်သုခ ချမ်းသာကြပါသည်လို့ ခွဲဝေပြီးသကာလ ယူကြပါသည်၊ ဘယ်ရုပ်နာမ် ဆင်းရဲသလဲ, ဘယ်ရုပ်နာမ်ချမ်းသာသလဲ,မေးလျှင် ကိုယ်လဲဆင်းရဲ,စိတ်လဲဆင်းရဲကြတဲ့ ရုပ်နာမ်သည် ဆင်းရဲကြပါသည် ကိုယ်လဲချမ်းသာ, စိတ်

လဲချမ်းသာဆိုတဲ့ ရုပ်နာမ်သည် ချမ်းသာကြပါသည်လို့ ယူပ သည်နော်....။

။ မှန်ပါဘုရား။ ။

သူတို့ယူတဲ့အတိုင်းမှန်ရဲ့လားလို့ မေးလျှင် မမှန်ပါ၊ ကိုယ်လဲ ဆင်းရဲဆိုဒါ ဒုက္ခဝေဒနာ ခေါ်တယ်၊ စိတ်လဲဆင်းရဲဆိုတာ ဒေါမနဿဝေဒနာ ခေါ်တယ်၊ အဲဒီဒုက္ခ ဒေါမနဿ ဝေဒနာနှစ်ခုသည် ဖြစ်ခြင်း၊ပျက်ခြင်း၊ ကင်းရဲ့လား ?

။ မကင်းပါဘူးဘုရား။ ။

ဖြစ်ခြင်း၊ပျက်ခြင်း၊ မကင်းလို့ရှိလျှင် ကိုယ်ဆင်းရဲတဲ့ဒုက္ခလဲ သင်္ခါရဒုက္ခပါ၊ စိတ်ဆင်းရဲတဲ့ ဒေါမနဿလဲ သင်္ခါရဒုက္ခပါ ချမ်းသာဒါရှိရဲ့လား ?

။ မရှိပါဘူးဘုရား။ ။

ကိုယ်ချမ်းသာတဲ့ ကာယိကသုခ သုခဝေဒနာကောက်ပါ စိတ်ချမ်းသာတယ်ဆိုတာက သောမနဿဝေဒနာနဲ့ ဥပေက္ခာ ဝေဒနာကောက်ပါ၊ ဤကဲ့သို့ သုခဝေဒနာ၊သောမနဿဝေဒနာ ဥပေက္ခာဝေဒနာ မှန်သမျှ ဖြစ်ခြင်း၊ပျက်ခြင်း၊ ကင်းကြရဲ့ လား ?

။ ဖြစ်ခြင်း၊ပျက်ခြင်း၊မကင်းပါဘုရား။ ။

ဖြစ်ခြင်း၊ပျက်ခြင်း၊ မကင်းလို့ရှိလျှင် သင်္ခါရဒုက္ခချည်းဘဲ ချမ်းသာဒါ တခုမှမရှိဘူး၊ စိတ်ကလေး အေးကနဲ့၊ ဖြန်းကနဲ့၊ စိမ့် ကနဲ့၊သိမ့်ကနဲ့၊ဆိုတဲ့ စိတ်ချမ်းသာမှုလဲ ဖြစ်၊ပျက်၊မကင်းပါ၊ အင် မတန် ဝမ်းမြောက်ပြီးတော့နေတဲ့ သောမနဿတွေလဲ ဖြစ်၊ပျက်၊ မကင်းပါ၊ အင်မတန်မှ သူ့သဘောနဲ့သူ အသာကလေး လျင်

သျှူရှတဲ့ ဥပေက္ခာသဘောအားဖြင့်လဲ ဖြစ်,ပျက်,မကင်းပါ၊ ဤသို့ ဖြစ်,ပျက်,မကင်းတာမှန်သမျှ သင်္ခါရဒုက္ခချည်းပါ ချမ်းသာဒါ တခုမှမရှိဘူးလို့မှတ်ပါ ဟုတ်ကဲ့လား။

။ ဟုတ်ပါတယ်ဘုရား။ ။

ဒါဖြင့် ဗုဒ္ဓဘာသာအတု အရေခြုံတွေယူတဲ့အတိုင်း ချမ်းသာတဲ့ ရုပ်,နာမ် ရှိကြသေးသလား ?

မရှိပါဘုရား။ ။

ဘုရားရှင်, ရုပ်နာမ်ကော ချမ်းသာကြရဲ့လား ?

။ မချမ်းသာပါဘုရား။ ။

ဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် နိဗ္ဗာန်ကြီးကိုမြင်ပြီးတော့ ဖလသမာပါတ် ဝင်စားနေတဲ့ နာမ်ကော ချမ်းသာကြရဲ့လား ?

။ မချမ်းသာပါဘုရား။ ။

ဘာဖြစ်လို့လဲမေးလျှင် ဖြစ်ခြင်း ပျက်ခြင်း မအောင့်နိုင်လို့ သဘောကျရဲ့လား ?

။ သဘောကျပါပြီဘုရား။ ။

**ရုပ်နာမ်သည် လိုချင်သလိုမရနိုင်။**

နောက်ပြီးတော့ ဗုဒ္ဓဘာသာ အတုတွေရှိသေး တချို့ ရုပ်နာမ် အနတ္တ အစိုးမရ၊ တချို့ရုပ်နာမ်, အတ္တ,အစိုးရတယ်လို့ ခွဲခြမ်းဝေဖန်စိပ်ဖြာပြီးတော့ ယူကြပါသည်။

ဘယ်ရုပ်နာမ် အစိုးမရသလဲလို့မေးလျှင်၊ သွားချင်လို့သွားလို့မရ၊ ထချင်လို့ထလို့မရ၊ ကိုင်ချင်လို့ကိုင်လို့မရ၊ စားချင်လို့စားလို့မရ၊ လိုချင်သလိုမရတဲ့ရုပ်နာမ်ကို အနတ္တခေါ်တယ်,

လိုချင်သလိုရတဲ့ရုပ်နာမ်ကို အတ္တ ခေါ်တယ်၊ ဗုဒ္ဓဘာသာအတု တွေခေါ်တာနော်....။

॥ မှန်ပါဘုရား॥ ॥

လိုချင်သလိုရတဲ့ရုပ်နာမ်ကို စစ်တော့မယ်။ ကဲ....ထချင်လို့ ထလို့ရတဲ့ရုပ်နာမ်, ခန္ဓာထဲမှာလဲမြင်ရတယ်၊ ခန္ဓာထဲမှာ တလှုပ်လှုပ်, တမ္မမ္မ, တရိပ်ရိပ်, တလှုပ်လှုပ်, တစစ်စစ်, တဖြစ်ဖြစ်နဲ့ ရုပ်ရှင်စနစ်လို ပထဝီဓာတ်တွေ အမှုံတွေ မျိုးစုံပေါ်တဲ့ အခိုက် ကာန့်,တိုး,တွန်း, ဆိုတဲ့ လေဓာတ်ကလေးတို့သည် မျိုးစုံပေါ် ခိုက်, ပူရှိန်, ပူခိုး,ပူငွေ့၊ အေးရှိန်, အေးခိုး, အေးငွေ့,ဆိုတဲ့ တေဇောဓာတ်ကလေးတွေ လွန်ကဲပြီးတော့ ပေါ်နေတဲ့အခိုက် အတွင်းမြင်ထား။

॥ မှန်ပါဘုရား॥ ॥

ဥပမာ။ အမှုံကလေးတွေဆိုပါတော့ အဲဒီအမှုံကလေးတွေ မှာ လက်ပါ,မပါ?

॥ မပါ,ပါဘုရား॥ ॥

ခြေထောက်ပါ,မပါ?

॥ မပါ,ပါဘုရား॥ ॥

ခါးတွေ ပါ,မပါ?

॥ မပါ,ပါဘုရား॥ ॥

ကဲ....ခိုင်စမ်း ထလိုက်စမ်း,ဆိုလျှင် ဘယ်ရုပ်တွေထသလဲ ?

॥ မထပါဘုရား॥ ॥

ထတဲ့ရုပ်မှုံ ရှိသေးသလား?

॥ မရှိပါဘူးဘုရား॥ ॥

ဟော....မရှိတော့ပါဘူး၊ ဒါဖြင့် ရုပ်မှုံကိုမြင်မှ တေဇော ဓာတ်ဆိုတဲ့ ပူအေးကိုမြင်မှ ကန့်၊ တိုး၊ တွန်း ဆိုတဲ့ ဝါယော ဓာတ်စစ်စစ်ကိုမြင်မှ ယခု ထထ သွားတယ်ဆိုတာက ပညတ်တွေ ပေါ်တယ်။

။ မှန်ပါဘုရား။ ။

အသားတွေထင်နေကြ၊ ခြေတွေလက်တွေထင်နေကြ၊ ခါး တွေထင်နေကြ၊ အဲဒီလို ထင်နေကြတဲ့အတွက်ကြောင့် ကိုယ်လို ချင်သလို ရတယ်၊ ခိုင်ချင်သလိုဖြစ်နိုင်တယ်ဆိုတာ အတွင်းမှာ ဓာတ်ပရမတ်ကလေးတွေ ကောင်းကောင်း မြင်တယ်ဆိုလျှင်၊ ဘယ်သူမှခိုင်းလို့မရဘူး။

နောက်ပိတ်ဆုံး.... ဆုံးဖြတ်လိုက်တော့ အော်....ရုပ်လဲဘဲ ဖြစ် ပျက်နေတာဘဲ၊ နာမ်တရားဆိုတဲ့ သိမှုကလေးလဲ ဖြစ်ပျက်နေ တာဘဲ၊ သူတို့ဟာ ဘယ်လိုမှ ခိုင်းလို့မရဘူး။ သူတို့ဟာ ဖြစ်ပြီး ပျက်သွားတာ ဒီအလုပ်ဘဲရှိတာဘဲ သည့်ပြင် အလုပ် ရှိသေး သလား?

။ မရှိပါဘူးဘုရား။ ။

ထစမ်းပါဆိုလို့ရှိလျှင်၊ အပေါ်ကို မြောက်သွားရဲ့လား ရုပ်မှုံကလေးတွေ အပေါ်ကိုတက်သွားရဲ့လား?

။ တက်မသွားပါဘုရား။

အပေါ်မတက်ဘူးနော် အောက်ဆင်းပါဆိုလျှင်ကော ဆင်း ရဲ့လား?

။ မဆင်းပါဘူး ဘုရား။ ။

အထဲဝင်ပါဆိုလျှင်ထော ဝင်ရဲ့လား ?

॥ မဝင်ပါဘူးဘုရား॥ ॥

လည်နေပါဆိုလျှင်ကော လည်ရဲ့လား ?

॥ မလည်ပါဘူးဘုရား॥ ॥

ရုစ်မှုံကလေးတွေ သေးလေးလား ကြီးကြီးလား ?

॥ သေးသေးပါဘုရား॥ ॥

သေးသေးဆိုလျှင် ဘာမြင်လို့ ?

॥ အပြတ်....॥ ॥

ဟင်း....အကြား အကြားခေါ်တယ် သေးသေးနဲ့ များများ ကြီးမြင်လျှင် အကြားမြင်တယ်ခေါ်တယ်။

॥ မှန်ပါဘုရား॥ ॥

**အကြားမြင် ရုပ်ခြင်းမရောပုံ။**

အပေါ်လဲ အကြားရှိတယ်၊ အောက်လဲ အကြားရှိဘယ်၊ ဘေးလဲအကြားရှိတယ်၊ အထဲလဲအကြားရှိတယ်၊ အကြားရှိလျှင် ရော,မရော ?

॥ မရောပါဘူးဘုရား॥ ॥

အထက်က ရုပ်နဲ့ရော,မရော ?

॥ မရောပါဘူးဘုရား॥ ॥

အောက်က-ဘေးက- အထဲက ရုပ်နဲ့ ရော,မရော ?

॥ မရောပါဘူးဘုရား॥ ॥

ဒါဖြင့် ဒီရုပ်မှုံကလေးသည် ဒီနေရာမှာဖြစ် ဒီနေရာမှာပျက် သွားရတာဘဲ။

॥ မှန်ပါဘုရား॥ ॥

အထက်တက်လို့မရဘူး၊ အောက်ဆင်းလို့မရဘူး၊ အထဲဝင်လို့မရဘူး၊ အပြင်ထွက်လို့မရဘူးခေါ်တယ်၊ ဒါဖြင့် အထက်တက်တာဘယ်သူလဲ၊ တက်တာလဲတွေ့နေရတာဘဲ၊ မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

အထက်တက်တာက ရုပ်သစ်ခေါ်တယ်၊ အောက်ဆင်းတာက ရုပ်သစ်ခေါ်တယ်၊ အထဲဝင်တာက ရုပ်သစ်ခေါ်တယ်၊ အပြင်ဘက်ထွက်တာလဲ ရုပ်သစ်ခေါ်တယ်၊ ခြာခြာလည်တာလဲ ရုပ်သစ်ခေါ်တယ်။

॥ မှန်ပါဘုရာ॥ ॥

မိုးပြေးနဲ့ ဥပမာတွေ့ာဘယ်၊ မိုးပြေးမြင်ဘူးတယ်မဟုတ်လား ?

॥ မြင်ဘူးပါတယ်ဘုရား॥ ॥

အိမ်ရှေ့မှဖြန်းဖြန်းနဲ့ ရွာချပြီးတော့သွားလိုက်တာ ရှေ့ကိုဘဲ၊ အဲဒီ မိုးပေါက်ကလေး ကြည့်စမ်း အိမ်ရှေ့မှာကျတဲ့ မိုးပေါက်သည် ပြေးသလား၊ ရှေ့ကိုပြေးသွားရဲ့လား ?

॥ ပြေးမသွားပါဘုရား॥ ॥

ရှေ့ကို ကျကျသွားတဲ့ မိုးပေါက်ဟာ အသစ်လား,အဟောင်းလား ?

॥ အသစ်ပါဘုရား॥ ॥

အပေါ်ကကျလာတာ ဒီနေရာမှာ ထပ်ကျသလား, ရှေ့ကို တိုးတိုးကျသွားသလား ?

॥ ရှေ့ကို တိုးတိုးကျသွားပါတယ်ဘုရား॥ ॥

မိုးပြေးဆိုတာ ဒီနေရာမှာ ထပ်မဖြစ်ဘူး၊ ရှေ့တိုးတိုးဖြစ်သွားတာဘဲ၊ အဲဒါ နမူနာယူလိုက်။

။ မှန်ပါဘုရား။ ။

ဒီနေရာမှာ နေရာသစ် မိုးပေါက်အသစ် ရှေ့ကို တိုးကျဖြစ်မယ်ဆိုလျှင် အဲဒါ မိုးပြေးခေါ်တယ်၊ မိုးပေါက်တခုထဲနဲ့ ဘယ်တော့မှ မပြေးဘူး။

။ မှန်ပါဘုရား။ ။

အခုလဲ ဒီလိုဘဲ ရုပ်မှုအသစ်နေရာ အသစ်အပေါ်ကို တိုးဖြစ်လျှင် တက်တယ်ခေါ်တယ်၊ အောက်ကိုဖြစ်လျှင် ဘာခေါ်သလဲ?

။ ကျတယ်ခေါ်ပါတယ်ဘုရား။ ။

ပတ်ဝန်းကျင်ဖြစ်လျှင် လည်တယ်ခေါ်တယ် မှတ်ကြ၊ အဲဒါမြင်မှ စာနဲ့ကိုက်တယ်၊

ပရမတ္ထတော၊ အမှန်ဆုံးသဘော ကေန်ပြောလိုက်ရမှာဖြင့် ကေသဂ္ဂမတ္တမ္ပိ၊ ဆံချည်မျှင်တဖျားခန့်မျှသော်လည်း။သမိရဏာ-ဘာဝတော၊ ပြောင်းခြင်း,ရွေ့ခြင်း,ယိမ်းခြင်း,ယိုင်ခြင်း,အထက်ကိုတက်ခြင်း, အောက်ကိုဆင်းခြင်း, အထဲကိုဝင်ခြင်း, အပြင်ထွက်ခြင်း, ချာချာလည်ခြင်း, နဲနဲလေးမှ မရှိသည်အဖြစ်ကြောင့် မမှန်ဘူးလား?

။ မှန်ပါတယ်ဘုရား။ ။

တုံတယ်ဆိုတာ ရုပ်သစ်လား,ရုပ်ဟောင်းလား?

။ ရုပ်သစ်ပါဘုရား။ ။

လှုပ်တယ်ဆိုတာကော?

။ ရုပ်သစ်ပါဘုရား။ ။

ယိမ်းတယ်,ယိုင်တယ်,ဆိုတာကော ?

॥ ရုပ်သစ်ပါဘုရား॥ ॥

ခုနလို အထက်တက်တယ်, အောက်ဆင်းတယ်, ဘေးကိုပြန့်တယ်, နောက်ပြီးတော့ အထဲဝင်တယ်, အပြင်ထွက်တယ်, လည်တယ်ဆိုတာကော ?

॥ ရုပ်သစ်ပါဘုရား॥ ॥

ရုပ်သစ်ဆိုတာ ဒီနေရာမှာ ထပ်ဖြစ်သလား, နေရာတခုဖြစ်သလား ?

॥ နေရာတခုဖြစ်ပါတယ်ဘုရား॥ ॥

အဲဒါမှတ်ထားကြ၊ အဲဒါ သမ္မသနဉာဏ်အတွက်ဘဲ....

॥ မှန်ပါဘုရား ॥

နေရာအသစ်,ရုပ်အသစ် တိုးဖြစ်မယ်ဆိုလျှင် တက်တယ်ခေါ်တယ်,လှုပ်တယ်ခေါ်တယ်, ယိမ်းတယ်ခေါ်တယ်, ယိုင်တယ်ခေါ်တယ်။

॥ မှန်ပါဘုရား॥ ॥

ဟို-ရုပ်ရှင်ကြည့်တော့ ရုပ်ရှင်မှာ အနီးကပ်ကြည့်မယ်ဆိုလျှင် လှုပ်တယ်၊ အဝေးကကြည့်မယ်ဆိုလျှင် ငြိမ်တယ်ခေါ်တယ်၊ လှုပ်တယ်ဆိုတာက ဟို-ကော်ပြားကလေး အဟောင်းနဲ့ အသစ်နဲ့ ပြောင်းလဲတဲ့နေရာ ရိပ်ခနဲ,ရိပ်ခနဲ, ဖြစ်သွားတတ်တယ်....။

॥ မှန်ပါဘုရား॥ ॥

အဝေးကျတော့ ပြောင်းလဲမှုမတွေ့တော့ဘူး ဟုတ်ကြရဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

အဲ....လှုပ်တယ်,လှုပ်တယ်ဆိုတာက ကားလေးတခုထဲ မဟုတ်ဘူး၊ ကားဟောင်းနဲ့ ကားသစ် ပြောင်းတယ်ခေါ်တယ်၊

ယခုလဲဘဲ ခန္ဓာမှာ လှုပ်တယ်,ယိမ်းတယ်,ယိုင်တယ်,ထွက်တယ် ဝင်တယ်,သွားတယ်ဆိုတာ တခုထဲမဟုတ်ဘူး၊ အဟောင်းနဲ့ အသစ် ပြောင်းလဲတာခေါ်တယ် ရှင်းသွားပလား ?

॥ ရှင်းသွားပါပြီဘုရား॥ ॥

ခန္ဓာထဲမှာ ဒိပ်ဒိပ်,ဒိပ်ဒိပ်နဲ့ ခုန်မနေဘူးလား ?

॥ ခုန်နေပါတယ်ဘုရား॥ ॥

ဒိပ်တခုထဲမဟုတ်ဘူး၊ အဟောင်းဒိပ်နဲ့ အသစ်ဒိပ်နဲ့ ပြောင်းလဲတယ်ခေါ်တယ်၊

॥ မှန်ပါဘုရား॥ ॥

မီးခိုးကလေးတွေလို အထက်ကို တခါထဲ ဟုန်းကနဲဆိုလျှင် အခိုးတွေ ပြန့်မသွားဘူးလား ¿

॥ ပြန့်သွားပါတယ်ဘုရား॥ ॥

အောက်ဆင်းသလိုလို, အထက်ကို တက်သလိုလို, ဘေးကိုပြန့်သလိုလို, ဒီလိုဆိုတာ တခုထဲမဟုတ်ဘူး॥

॥ မှန်ပါဘုရား॥ ॥

အခိုးတခုထဲမဟုတ်ဘူး၊ အဟောင်းနဲ့ အသစ်နဲ့ ပြောင်းလဲတာခေါ်တယ် ရှင်းပလား ?

॥ ရှင်းပါပြီဘုရား॥ ॥

အဲဒီလို ခန္ဓာတွေ ိးဉာဏ်နဲ့ မြင်မယ်ဆိုလျှင် ကဲ-လိုသလိုရသေးသလား ?

॥ မရပါဘူးဘုရား॥ ॥

ထချင့်ထလို့ ရပါ့မလား ?

။ မရပါဘူးဘုရား။ ။

သွားချင် သွားလို့မရ, စားချင် စားလို့မရ, ကွေးချင်ကွေးလို့မရ, ဆန့်ချင် ဆန့်လို့မရတော့ပါ ဟုတ်ရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

လိုသလိုမရ အနတ္တဆိုတာ အဲဒါထင်ရှားပါ၏၊ ဒါကြောင့် အတွင်းဉာဏ်မြင်ကို သေသေချာချာ သိမှ အလိုမလိုက်ဘူးဆိုတာ သိရတယ်၊ အပြင်မျက်မြင် ပညတ်ဆိုလျှင် လိုသလို ရတယ်ဟော့လို့ အဲဒီလို ဗုဒ္ဓဘာသာအတုတွေ ဝေဖန်တတ်တယ်၊ အင်မတန်ရှင်းသားဘဲ၊ ရှင်းသွားပလား ?

။ ရှင်းသွားပါပြီဘုရား။ ။

သမ္မသနဉာဏ် လမ်းဆုံးပြီးတော့ သွားမယ်ဆိုလျှင် ရှေ့ဉာဏ်တက်တော့တယ်၊ ဒီမှာ ဗဟုသုတ ရှိဘို့ကလေး....။

မွေးသည်ကစပြီး ရေကြည်ကလလ တည်စကနေပြီးသကာလ အသက်ရှစ်ဆယ် မပြည့်ခင်ဖြစ်စေ, ရှစ်ဆယ်ပြည့်ပြီးမှဖြစ်စေ, ရှစ်ဆယ်ကျော်မှ ဖြစ်စေနော်....

။ မှန်ပါဘုရား။ ။

ခန္ဓာထဲမှာ ဆိုလို့ရှိလျှင် ပေါ်,သိ,ပျက်,ပေါ်,သိ,ပျက်, ရုပ်နာမ်တို့သည် လျှပ်တလက်မက မမြန်ဘူးလား ?

။ မြန်ပါတယ်ဘုရား။ ။

တပျက်တစက္ကန့် ထားမယ်ဆိုလို့ရှိလျှင် တဏှာဘဲကြာတယ်နော်....

။ မှန်ပါဘုရား။ ။

ရုပ်နာမ်လဲ တခဏခံသည်၊ ရုပ်နာမ်မှတပါး ခန္ဓာကိုယ်ကြီး မရှိသောကြောင့် ခန္ဓာကိုယ်ကြီးလဲ တခဏခံသည်၊ ဆင်းရဲမှုလဲ တခဏခံသည်၊ ချမ်းသာမှုလဲ တခဏသာ ခံသည်၊ အသက်လဲဘဲ တခဏခံသည်၊ ရုပ်နာမ်မှတပါး သည့်ပြင် အသက်ရယ်လို့ ရှိသေး သလား ?

॥ မရှိပါဘုရား॥ ॥

## အပြတ်ကိုမြင် ပညတ်စင်။

ရုပ်နာမ်တခု တပြတ်တပြတ်ကို ပရမတ်လို အဲဒါ အသက် ခေါ်တယ်၊ အဟောင်းပျက် အသစ်ဆက်, အဟောင်းပျက် အသစ် ဆက်, ဆက်ဆက်ပြီးတော့လာတာ အဲဒါ ပညတ်ခေါ်တယ်။

॥ မှန်ပါဘုရား॥ ॥

အသက်လဲ နှစ်မျိုးရှိတယ်၊ ပရမတ်လို အသက်ကတမျိုး၊ ပညတ်လို အသက်ကတမျိုး "ကြိုးကလေး" ကို ဥပမာပေးပြမယ်၊ ရှော်ကလေးကိုတတောင် တတောင်လောက်ဆုပ် ဒီထက်မရှည် ခစနဲ့ ကျစ်လိုက်စမ်း အတောင်ရှစ်ဆယ်ရှိသွားပြီ တတောင်ဆို ဘာ အပြတ်နော်....

"မှန်ပါဘုရား॥ ॥

အဲဒါ အမှန်ဆုံးခေါ်တယ်၊ အတောင်ရှစ်ဆယ် ဆိုတာက အဆက်နော်. အဲဒါက အမှန်လို့ခေါ်တယ်၊ အမှန်ဆုံးမထည့်နဲ့ အကယ်၍ အမှန်ဆုံးဆိုလျှင် အဲဒီ အတောင်ရှစ်ဆယ်ကို လိမ်ထား ဘာလေးဖြေလိုက်လျှင် အတောင်ရှစ်ဆယ်ရှိပမလား ?

॥ ရှိပါဘုရား॥ ॥

ကြိုးပြတ်ကလေးတခုဟာ ဘယ်လောက်ရှိသလဲ ?

။ တတောင်ရှိပါတယ်ဘုရား။ ။

တတောင်ဘဲရှိတယ်၊အဲဒီကြိုးပြတ်မှာဆိုလျှင်ပရမတ်လို့ အမှန်ဆုံးပြောလိုက်ရမယ်ဆိုလျှင် တတောင်၊ပညတ်အဆက်လိုပြောရမယ်ဆိုလျှင် အတောင်ရှစ်ဆယ် နမူနာရှိသလို ဒီအတိုင်းဘဲ....

။ မှန်ပါဘုရား။ ။

မိမိတို့ ခန္ဓာကိုယ်ထဲမှာ တပျက် တပျက်သည် လျှပ်တလက်မကမြန်သည်၊ အဲဒါ မြန်တာကို တခဏထားလျှင် ပရမတ်လို တခဏဘဲခံသည် ပညတ်လိုဆိုလျှင် ကိုယ့်အသက်ကိုကြည့်ကြ ၁၀-နှစ်ရှိပြီ ၂၀-နှစ်ရှိပြီ ၃၀-၄၀-၅၀-၆၀- ရှိပြီ ဆိုတာ အဆက်တွေပြောတာခေါ်တယ်၊ အဟောင်းပျက်ပြီး အသစ်ဖြစ်မလာဘူးလား ?

။ ဖြစ်လာပါတယ်ဘုရား။ ။

အဲဒီ ဖြစ်လာတာ ဆက်တယ်ခေါ်တယ်၊ ဒါကြောင့် ပညတ်လိုပြောတတ်ပစေ၊ ပရမတ်လိုလဲ ပြောတတ်ပစေ၊ ယခု လောကမှာဆိုလျှင် ကောဇာသက္ကရာဇ်ဆိုတဲ့ ပညတ်သာသုံးသည်၊ နင့်အသက် ဘယ်လောက်ရှိပြီလဲလို့ မေးလျှင် ၂၀-ရှိပြီ ဒါအပြတ်လား အဆက်လား ?

။ အဆက်ပါဘုရား။ ။

ပညတ်လား ပရမတ်လား ?

။ ပညတ်ပါဘုရား။ ။

ပညတ်ခေါ်တယ်၊ ပရမတ်လို ဆိုလို့ရှိလျှင် လျှပ်တလက်မကမြန်တယ်၊ တခဏပြောတာနော်....ဒါကြောင့် ပရမတ်ကလေး

ထည့်ထည့်သုံးရတယ်၊ နင့်အသက် ဘယ်လောက်ရှိပလဲ မေးလျှင် ကျွန်တော် ကျွန်မ အသက် ပရမတ်လို လျှပ်တလက်မက တခဏ သာခံသည် ပညတ်လို နှစ်ဆယ်။

တယ် နင် စကားများတာဘဲ၊ ပရမတ်လို့ ပညတ်လိုနဲ့ ပရမတ်ဘယ်သင်းလဲ ပညတ်ဘယ်သင်းလဲ ပြောစမ်းပါအုံး။

ပရမတ်ဆိုတာ အပျက်အပြတ်ကို ပြောပါသည်၊ ပညတ်ဆိုတာ အဆက်ကိုပြောပါသည်၊

အပြတ်ပြောစမ်းပါ ?

။ ဖြစ်ပြီးလျှင် လျှပ်တလက်မက မြန်မြန်ကြီး ပျက်သွားတာကို အပြတ်ခေါ်ပါသည်။ ။

ဖြစ်တဲ့ ပျက်သွားတဲ့နေရာမှာ အသစ်ဖြစ်လာတာကို အဆက်လို့ ပြောပါတယ် သဘောကျပလား ?

။ ကျပါပြီဘုရား။ ။

အဲဒီ အပြတ် ပရမတ်လို့ ဆိုလျှင် ကျွန်တော် ကျွန်မ အသက် တခဏဘဲ ခံသည်၊ ပညတ်အဆက်ပြောမယ်ဆိုလျှင် ကျွန်တော်, ကျွန်မ အသက် ယခု နှစ်ဆယ်ပါ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဒါဖြင့် သက်တန်းတွေဟာ ပညတ်လိုပေါ့၊ ပရမတ်လိုဆိုလျှင် သက်တို့ သက်ရှည် ရှိ မရှိ ?

။ မရှိပါဘုရား။ ။

ဟို....သားသမီးနဲ့ မိဘ ပရမတ်လိုဆိုလျှင် သက်တို ရှိ မရှိ ?

။ မရှိပါဘုရား။ ။

မိဘက ကြီးတယ်ဆိုတာ ဘာဖြစ်လို့ ပညတ် အဆက်လို့ ခေါ်တာ။

॥ မှန်ပါဘုရား။ ॥

ဒီအိမ်ကြီးဟာ ဒီကျောင်းကြီးဟာ အနှစ်ငါးဆယ်ရှိပြီဆိုတာ ဘယ်လိုပြောတာလဲ ?

॥ ပညတ်လို ပြောတာပါဘုရား။ ॥

ကျွန်းသက်တထောင်ဆိုတာ ဘာပြောတာလဲ ?

॥ ပညတ်လို ပြောတာပါဘုရား။ ॥

ဒီအင်္ကျီကြီးဟာ မနှစ်က ဝယ်ထားတယ်ဆိုတာ ဘာပြောတာလဲ ?

॥ ပညတ်လို ပြောတာပါဘုရား။ ॥

ဟော....ပညတ်လိုခေါ်တယ်၊ ပရမတ်လိုဆိုလျှင် ဒီအင်္ကျီဘယ်လောက်ခံ ?

॥ တခဏသာ ခံပါတယ်ဘုရား။ ॥

တခဏဆိုလျှင် လျှပ်တလက်မက မြန်တာဘဲ....

॥ မှန်ပါဘုရား။ ॥

အဲဒီလို ကြည့်မယ်ဆိုလျှင် ဗဟုသုတရှိအောင် ဈေးရောင်းဈေးဝယ် နဲနဲလုပ်မယ်နော်...

॥ မှန်ပါဘုရား။ ॥

ခန္ဓာကိုယ်ကြီးသည် ပြတ်ဆက်လို့ဆိုတာ သဘောကျရဲ့လား၊ ပြတ်ဆက်ဆိုတာ သဘောကျရဲ့လား။

॥ ကျပါတယ်ဘုရား။ ॥

တပြွတ်ဆိုလျှင် လျှပ်စီးတလက်မက မြန်တယ်၊ တခဏခံတယ် ဆိုတာ သဘောကျရဲ့လား ?

॥ သဘောကျပါတယ်ဘုရား॥ ॥

တပြွတ်ပြီးလျှင် အဆက်တခု မလာဘူးလား ?

॥ လာပါတယ်ဘုရား॥ ॥

**ပြွတ်ဆက်ထင်စရာ ဥပမာ။**

ပြွတ်ဆက်၊ပြွတ်ဆက်၊ပြွတ်ဆက်၊ ဖြစ်ပျက်၊ဖြစ်ပျက်၊ဖြစ်ပျက် နဲ့ ဒီလို သွားလိုက်တာ ကဲ....ဟိုပေါင်ချိန်မယ်နော်....

॥ မှန်ပါဘုရား॥ ॥

မနက် (၆) နာရီ၊ မဝလွန်း မပိန်လွန်းသောသူ တယောက် ပေါင်ပေါ်တက်ပြီးတော့ ချိန်လိုက်တယ်၊ ပေါင်တရာတဲ့-ဟော- ပေါင်ဘယ်လောက်ရှိတယ် ?

॥ တရာပါဘုရား॥ ॥

တရာ၊ဆိုတာ ဘာကိုချိန်တာလဲမေးလျှင်၊ ရုပ်ကိုချိန်တာခေါ် တယ်၊ နာမ်ကိုချိန်တာမဟုတ်ဘူး၊ ရုပ်ဆိုလျှင် ပေါ်တုံးပေါ်ခိုက် ကလေးချိန်လိုက်တာဘဲ၊ ချိန်တော့ ငါးမိနစ် ကြာတယ်ပြော၊ ဒါဖြင့် ချိန်တုံးမှာ ရုပ်ကို ချိန်သည်ဖြစ်လေသောကြောင့် ချိန်တုံး ဆဲဆဲလေးကော၊ ပျက်မသွားဘူးလား ?

॥ ပျက်သွားပါတယ်ဘုရား॥ ॥

တပျက်ကို တစက္ကန့်ထားမယ်ဆိုလျှင် ငါးမိနစ်၊ တမိနစ်- ခြောက်ဆယ်၊ ငါးမိနစ်သုံးရာ၊ ပြောင်းလဲတယ်ခေါ်တယ်၊ ပျက် ထာက၊လျော့၊ဖြစ်လာတာက၊တိုးနော်-အပြော၊အပြော၊အပြော၊

အပြော, ပျက်သွားတာကို လျော့တယ်ပြော၊ ဖြစ်လာတာကို တိုးတယ်ပြော သဘောကျပလား ?

॥ သဘောကျပါပြီဘုရား॥ ॥

ကဲ....ဒါဖြင့် မနက်ပိုင်း ပေါင်ပေါ်မှာချိန်လိုက်ထာ, ဘယ်လောက်-ပေါင်တရာ ဆင်းလာတော့ ရုပ်ဟောင်းနဲ့ ဆင်းသလား, ရုပ်သစ်နဲ့ဆင်းသလား ?

॥ ရုပ်သစ်နဲ့ဆင်းပါတယ်ဘုရား॥ ॥

တနေ့လုံးကော ?

॥ ရုပ်သစ်ပါဘုရား॥ ॥

ရုပ်သစ်နဲ့ချည်းဘဲ ညနေကြတော့ ပေါင်ပေါ် တက်လိုက်၊ ရုပ်သစ်လား-ရုပ်ဟောင်းလား ?

॥ ရုပ်သစ်ပါဘုရား॥ ॥

မနက်ကရုပ်လား-ညနေပိုင်းကရုပ်လား ?

॥ ညနေပိုင်းကရုပ်ပါဘုရား॥ ॥

ရှင်းသွားပြီ....ကဲ....ပေါင်ချိန်လိုက်၊ ထမင်းမစားရသေးသည် ဖြစ်လေသောကြောင့် နဲနဲတော့ ပေါ့သွားတယ်,ကိုးဆယ့်ငါး ပေါင်တဲ့နော်၊ ပညတ်လိုမဟုတ်ဘူး ပညတ်လိုကျတော့ တကာ တကာမတွေ့, နောကြေနေတာဘဲ, ပေါင်တရာမှာ, ကိုးဆယ့် ငါးပေါင်ဆိုတော့ ငါးပေါင်လျော့မနေဘူးလား ?

॥ လျော့နေပါတယ်ဘုရား॥ ॥

အဲဒါ....ပညတ်ခေါ်တယ် ဆရာတော်က ဒါမတတ်ဘူး၊ ပရပတ်လို ပြောတာနော်.... ကဲ....ကိုးဆယ့်ငါးပေါင် ရှိတော့

ဘယ်လောက် လျှော့သလဲလို့မေးလျှင်, မနက်က ပေါင်တရာ ပါသေးလား ?

။ မပါ့ပါဘုရား။ ။

အဲဒါတရာလုံး လျှော့ ကျန်ရစ်ခဲ့တယ်၊ အခု ကိုးဆယ့်ငါး ပေါင်ဟာ အဟောင်းလား အသစ်လား ?

။ အသစ်ပါဘုရား။ ။

အဲဒါ တိုးတယ်ခေါ်တယ်၊ အဲ-နမူနာနော် နောက်ကို ပြောတတ်ပစေ၊ ဘယ်လောက်လျှော့သလဲ တရာလျှော့တယ်, ဘယ်လောက်တိုးသလဲ၊ ကိုးဆယ့်ငါးပေါင် တိုးတယ်၊ ဒါကပြောတတ်မှကိုး သိတော့, သိပြားသော်လဲဘဲ ဒါက အမေးအဖြေ စကားသုံးတွေ သိအုံးမှ၊ အဲဒါ တခုနမူနာပေါ့ မနက်ပိုင်းက ချိန်တာပေါင်တရာ၊ ညနေပိုင်းချိန်တော့ ပေါင်တရာ့တစ်ဆယ် ဘယ့်လောက်တိုး....ဟင်....ဘယ့်လောက်တိုး ?

။ တရာ့တစ်ဆယ်တိုးပါဘုရား။ ။

ပေါင်တရာ့တစ်ဆယ်တိုးတယ်အသစ်ကို ဘယ်လောက်လျှော့ တရာလုံးလုံးလျှော့တယ် နားလည်လျှော့ပေါ့၊ မနက်ပိုင်းကလဲ, တရာညနေပိုင်းကလဲတရာ၊ ဘယ်လောက်လျှော့ ?

။ တရာလျှော့ပါဘုရား။ ။

ဘယ့်လောက်တိုး ?

။ တရာတိုးပါဘုရား။ ။

အမယ် မေးတဲ့လူတောင် မမေးဝန့်အောင် ဖြစ်နေတယ်။ အရိပ်ပြတယ် ဒီကမကုန်သေးဘူး၊ သူတို့က တိုးနေကုန်ပြီ၊ အဲ မနက်ပိုင်းကဆိုလို့ ရှိလျှင် ပေါင်ချိန်တော့ ပေါင်ကြီးကျက်

သွားသည်၊ ညနေပိုင်းကျတော့ ဘယ့်လောက်တိုး-လူတကောင်လုံးတိုး၊ လူတကောင်းလုံးလျော့နေဘ်....။

ပေါင်ချိန်တတ်ပလွား-ချိန်တတ်ပလား ?

။ ချိန်တတ်ပါပြီဘုရား။ ။

ချိန်တတ်ပြီ၊ပရမတ်လိုပြောတာ ကဲ....ဈေးဝယ်တော့မယ်၊ ဈေးကနေပြီးသကာလ ဟို....ငါးတပိဿာဝယ်ခဲ့တယ်၊ အဲဒါ.... အလေးခိုးမခိုးသိရအောင် အိမ်ကျတော့ ချိန်တာပေါ့....။

။ မှန်ပါဘုရား။ ။

အဲ....ငါးတပိဿာ အိမ်ကျတော့ ချိန်ကြည့်လိုက်ထာ ကိုးဆယ့်ငါးကျပ်သားရှိတယ်၊ ဟော....ဘယ်လောက်လျော့ ?

။ တပိဿာလျော့ပါဘုရား။ ။

တပိဿာလျော့နေဘ် ပရမတ်ဆရာကြီးပညတ်ကို နားမလည် ဘယ်လောက်တိုး ?

။ ကိုးဆယ့်ငါးကျပ်သား တိုးပါဘုရား။ ။

အမယ်....အလေးမခိုးတဲ့ပြင်, တိုးတောင် တိုးနေသေးတယ်၊ ကြည့်....နောက်ပြီးတော့ ခုနပြောတဲ့ ဈေးက ဝယ်ခဲ့တော့ တပိဿာနေဘ် အိမ်ကျတော့ချိန်ကြည့်တော့တပိဿာတစ်ဆယ်ရှိ ဘယ်လောက်တိုး ?

။ တပိဿာတစ်ဆယ်တိုးပါဘုရား။ ။

ဘယ်လောက်လျော့ ?

။ တပိဿာလျော့ပါဘုရား။ ။

အဲချိန်ခွင်ကပျက်နေတယ်၊ အိမ်ကျတော့ ချိန်စရာမရှိဘူးတဲ့၊ ဘယ်လောက်တိုး တပိဿာလုံးတိုး, တပိဿာလုံး လျော့ပေါ့၊ သဘောကျရဲ့လား ?

။ သဘောကျပါဘုရား။ ။

အဲဒါ....ရုပ်စစ်တန်းခေါ်တယ်၊ ဈေးကနေပြီးတော့ ငရုပ်သီး တပိဿာဝယ်လာတယ် အိမ်ကျတော့ ဘယ်လောက်တိုး တပိဿာ တိုး-တပိဿာလျော့ပေါ့ သဘောကျပလား ?

။ သဘောကျပါပြီဘုရား။ ။

ဟို....ဈေးကနေပြီးတော့ လုံချည်တထည်ဝယ်ခဲ့တယ် အိမ်ကျ တဲ့အခါကျတော့ ဘယ်ကလုံချည်လဲ အိမ်ကလုံချည် ဖြစ်တယ်၊ ဈေးကလုံချည်ဘယ်ရောက်သွားပလဲ ပျက်သွားပြီ လုံချည်တထည် ထဲလားနှစ်ထည်လား ?

။ တထည်ထဲပါဘုရား။ ။

အဟောင်းလားအသစ်လား ?

။ အသစ်ပါဘုရား။ ။

အသစ်ဘဲခေါ်တယ် ယခုလူတွေဝတ်ထားတဲ့လုံချည်တွေဟာ အဟောင်းလားအသစ်လား ?

။ အသစ်ပါဘုရား။ ။

အင်္ကျီကော ?

။ အသစ်ပါဘုရား။ ။

အသစ်ဆိုလျှင် တချို့ လုံချီတွေ အင်္ကျီတွေဟာ စုတ်နေ၊ တ ချို့ မဲလို့နေ၊....အဲဒါဘာဖြစ်လို့လဲ မေးမယ်ဆိုလျှင် ရုပ်အိုမှ အသစ်ဖြစ်တော့ အအိုရုပ်ပေါ့၊ သွားကျိုးမှ,ဆံဖြူမှ, အသစ်ဖြင်

တယ်ဆိုတော့ ဒီဆံဖြူကပေါက်တဲ့ ဆံဖြူဖြစ်မှာပေါ့ ဆံမဲဖြစ်ပါ့မလား ?

॥ မဖြစ်ပါဘုရား॥ ॥

အဲဒါ ဥပမာ မူလံဗီဇကာတို့ပြတယ်၊ ငှက်ပျောပင်စိုက်တယ်တဲ့ ပထမ ပင်လုံးကြီးမထွားဘူးလား ?

॥ ထွားပါတယ်ဘုရား॥ ॥

သားတက်ကော မထွားဘူးလား ?

॥ ထွားပါတယ်ဘုရား॥ ॥

ဟောပင်ပျိုက ပေါက်တဲ့ သားတက်တော့ ထွားကြိုင်းတယ် နော်....နောက်တဖြည်းဖြည်း အိုမသွားဘူးလား ?

॥ အိုသွားပါတယ်ဘုရား॥ ॥

ပင်အိုက သားတက်ထွက်တော့ ထွားကြိုင်းသေးသလား ?

॥ မထွားကြိုင်းပါဘုရား॥ ॥

လှိမ်မသွားဘူးလား ?

॥ လှိမ်သွားပါတယ်ဘုရား॥ ॥

အဲဒါခေါ်တယ် ဟုတ်ကဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ရုပ်တွေပျိုတုံး နုတုံးမှာ အသစ်ဖြစ်တယ်ဆိုလျှင် ပျိုပျိုလေး နုနုလေးပေါ့၊ အိုသွားမှ၊ ခါးကုန်းသွားမှ၊ ပါးရေနားရေတွန့်မှ အသစ်ဖြစ်တယ်ဆိုလျှင် အတွန့်တွေဖြစ်မှာပေါ့....

သဘောကျပလား ?

॥ သဘောကျပါဘုရား॥ ॥

အဲ....ရှင်းရှင်းလေးမှတ်ထားကြ၊ အဲဒီ....မှာသာ လွယ်တာ
မူလဋ္ဌိကာတို့ ဘာတို့ကျတော့ တယ်ခက်ထာဘဲနော်....သဘော
လေးပါအောင် တော်တော်ယူရတယ် အားလုံး ရှင်းသွားပလား။

။ ရှင်းသွားပါပြီဘုရား။ ။

အဲ....ရှင်းသွားပြီ၊ ကဲ ဒါဖြင့် ရုပ်ဟောင်းပျက်၊ ရုပ်သစ်ဆက်
ထာသိလျှင် ကျွေးမွေးတာလေး ပြောမယ်။

သီလ,သမာဓိ,ဂုဏ်နဲ့လဲ ပြည့်စုံတယ်၊ ပညာဂုဏ်နဲ့ ပြည့်စုံလာ
သောကြောင့် အလှူခံတွေကြည့်လျှင် အဖျားလဲတယ်ကောင်း၊
ကိုယ်နဲ့နှုတ်နဲ့ အလယ်ကလဲ တယ်ကောင်း၊ စိတ်,အရင်းကလဲ နာမ်
ရုပ်လဲ တယ်ကောင်းတယ်၊ ယောဂီတို့ကြည့်မယ်ဆိုလို့ရှိလျှင် ငါ
စားတယ်,သူစားတယ်,ဆိုတာလဲ မထင်တော့ဘူး၊ ရုပ်မှုံတွေထဲကို
မော်တော်ကားဓါတ်ဆီထည့်သလို ကျွေးမွေးတဲ့နေရာမှာ ဓါတ်
ဆီ သွားသွားမထည့်ကြဘူးလား ?

။ ထည့်ကြပါတယ်ဘုရား။ ။

ရုပ်မှုံတွေထဲကို မနက်တခါ, နေ့လယ်တခါ, ညနေတခါ, ဆို
တာလိုဘဲ ဓါတ်ဆီ သွားသွားထည့်ကြတာဘဲ။

။ မှန်ပါဘုရား။ ။

အဲဒီ ရုပ်မှုံတွေထဲကို ဓါတ်ဆီထည့်တာဆိုလို့ရှိလျှင် အဲဒါ
စားမှုခေါ်တယ်၊ ရဟန္တာကိုယ်တော်မြတ်တွေ ဆင်ခြင်တာက
တော့ လှည်းဝင်ရိုး,လှည်းငါးဆီထိုးတဲ့ပမာလို ယခုလဲ ရုပ်မှုံတွေ
ထဲကို ဓါတ်ဆီထိုးလိုက်ထာခေါ်တယ်၊ အားလုံးရှင်းပလား ?

။ ရှင်းပါပြီဘုရား။ ။

ဒါကြောင့် အင်မတန်မှ သီလ,သမာဓိ,ပညာဂုဏ်နဲ့ ပြည့်စုံသော ယောဂီသုံးရာကျော်တို့မှာ လာပြီးတော့ကျွေးမွေးကြခြင်းသည် အင်မတန်မှအကျိုးကြီးတယ်ဆိုတဲ့ သဘောမျိုးဖြင့် အသိဥာဏ်တွေ့ကလဲကူ၊ သဒ္ဓါကလဲကြည်ဖြူ၊ စေတနာတွေ ဆူဆူဝေဝေဖြင့်လာပြီးတော့ ကျွေးမွေးလိုက်ကြတာ။

ကဲ....စျေးမှာ ဆန်မဝယ်ခဲ့ဘူးလား, သား, ငါးဟင်း ချက်စရာတွေ မဝယ်ခဲ့ဘူးလား၊ ဒီတော့ ဆန်ကလေးတခုပြောလျှင်သည့်ပြင် ဟင်းလျှာတွေပါပြီးပေါ့နော်။

॥ မှန်ပါဘုရား॥ ॥

ဆိုင်ကနေပြီးတော့ ဆန်ကလေး မော်တော်ကားပေါ်တင်လိုက် ဆိုင်ကဆန်လား, မော်တော်ကားပေါ်ကဆန်လား ?

॥ မော်တော်ကားပေါ်က ဆန်ပါဘုရား॥ ॥

ကဲ ရိပ်သာရောက်တော့ ရိပ်သာကဆန်လား, မော်တော်ကားပေါ်ကဆန်လား ?

॥ ရိပ်သာကဆန်ပါဘုရား॥ ॥

ရောက်သွားပြီနော်.... တခါ ထမင်းအိုးထဲထည့်လိုက်တော့ ဘယ်ကဆန် ?

॥ ထမင်းအိုးထဲက ဆန်ပါဘုရား॥ ॥

ကဲ....ချက်လိုက်တော့ ထမင်းမဖြစ်ဘူးလား ?

॥ ဖြစ်ပါတယ်ဘုရား॥ ॥

ထမင်းအိုးထဲက ထမင်းနော် ပန်းကန်ထဲခူး ဘယ်က ထမင်းလဲ ?

॥ ပန်းကန်ထဲက ထမင်းပါဘုရား॥ ॥

မှတ်ထားနော်, မှတ်ထားနော်, ပန်းဂံထဲကို ထမင်းရောက်သွားပြီ ကဲ....လက်နဲ့ကိုင် လက်ထဲရောက်တော့ကော ?

။ လက်ထဲက ထမင်းပါဘုရား။ ။

ကဲ....ပါးစပ်ထဲ ခွန့်တော့ကော ?

။ ပါးစပ်ထဲက ထမင်းပါဘုရား။ ။

ဒါဖြင့် ယောဂီတို့ ရိက္ခာပါလာတာပေါ့ ကိုယ့်ထမင်း ကိုယ်စားနေကြတယ် ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဟိုကကျွေးတယ့်ဒီကကျွေးတယ်ဆိုတာ ဟုတ်ကဲ့လား ?

။ မဟုတ်ပါဘူးဘုရား။ ။

ဘယ်သူ့ထမင်းစားကြသလဲ ?

။ ပါးစပ်ထဲက ထမင်းစားကြပါဘုရား။ ။

ပါးစပ်ထဲက ထမင်းဆိုတော့ ကိုယ့်ထမင်း ကိုယ်စားတာပေါ့၊ ကိုယ့်ဟင်းကိုယ်သောက်တယ် မဟုတ်လား၊ ကိုယ့်လဘက်ရည် ကိုယ်သောက်တယ် မဟုတ်လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဒါဖြင့် ယောဂီတို့ ရိက္ခာ တော်တော် တောင့်သားဘဲ၊ ဒါဖြင့် ဟိုက လာကျွေး ဒီက လာကျွေးတယ်ဆိုတာ မဟုတ်ဘူးပေါ့။

။ မဟုတ်ပါဘုရား။ ။

မဟုတ်လို့ရှိလျှင် - နက်ဖြန်ကာ - မချက်ကြနဲ့တော၊ သိရအောင်-ကိုယ့်ထမင်း ကိုယ်စားမှန်းသိရအောင်လေ....

ဒါဖြင့်ခုန-ကိုယ့်ထမင်း ကိုယ်စားတယ်ဆိုတာ-ပရမတ်အပြတ်, ပြောတာ-ဟိုက လာကျွေး ဒီကလာကျွေးတယ်ဆိုတာ ပညတ်အ

ဆက်, ပြောတာ သမုတိနယ်ဆိုလျှင် ဘယ်သူ ဘယ်ဝါလာကျွေး တယ် ဆိုတာမှန်တယ်။

ပရမတ်နယ်ဆိုလို့ရှိလျှင် ကိုယ့်ထမင်း ကိုယ်စားတယ်ဆိုတာ မှန်တယ် သဘောကျပလား?

။ သဘောကျပါတယ်ဘုရား။ ။

ကဲစစ်ရတယ် ပါးစပ်ထဲက ထမင်းသည် ဘယ်ကလာ၊ လက် ထဲကလာ၊ လက်ထဲကထမင်းသည်၊ ပန်းကန်ထဲကလာ၊ ပန်းကန်ထဲ ကထမင်းသည်၊ အိုးထဲကလာ၊ အိုးထဲကထမင်းသည်၊ ရိပ်သာ ဆန်ကလာ၊ ရိပ်သာဆန်သည်၊ မော်တော်ကားပေါ်ကလာ၊ မော်တော်ကားကဆန်သည်၊ ဆိုင်ကလာ အရင်းကျသွားတာဘဲ မှန်သွားရဲ့လား?

။ မှန်သွားပါပြီဘုရား။ ။

မနက်ဖြန်လဲစားရအောင် မင်္ဂလာတန်းပြောရတယ်....။

။ မှန်ပါဘုရား။ ။

ပညတ် အဆက်, သမုတိနယ်ဆိုလို့ရှိလျှင် မုသားလဲလွတ်ပါ တယ်၊ အပါယ်လဲမကျပါ၊ သို့သော် သညာဝိပ္ပလ္လာသ, ဘယ်သူ, ဘယ်ဝါကျွေးတယ်ဆိုတဲ့ အမှတ်မှားမပျောက်လျှင် မဂ်, ဖိုလ်, နိဗ္ဗာန်တော့မရောက်နိုင်ပါ။

ဒါကြောင့် စားတယ်, စားတယ်, ကျွေးတယ်, ကျွေးတယ်, ဆိုတာ တခြားမဟုတ်ပါဘူး မိမိတို့၏ ခန္ဓာကိုယ်ထဲမှာ, သီလ, သမာဓိ, ပညာ, ဂုဏ်နဲ့ပြည့်စုံနေတဲ့၊ ရုပ်မှုတွေထဲသို့လာကျွေး ကြတဲ့၊ ဆွမ်းဓါတ်ဆီ, မုန့်ဓါတ်ဆီ, အချိုဓါတ်ဆီ, ဆိုတဲ့အတွင်း ဓါတ်ဆီ, ပရမတ်ကလေးတွေကို ရုပ်ဆက်ရှည်ရေး, တရားအား

ထုတ်နိုင်ရေး၊ ဓါတ်ဆီထည့်ပေးတာကိုပင်လျှင်၊ အလှူ့ရှင့်စေတနာ, အလှူခံ ရုပ်မှုပါ, အလှူဝတ္ထု ဓါတ်ဆီပါ, အဲဒီဓါတ်ဆီလေးတွေကို၊ ရုပ်မှုလေးတွေထဲသို့ ထည့်လိုက်ထာ ကိုပင်လျှင် ဘယ်သူဘယ်ဝါ ဆွမ်းလာကျွေးတယ် မုန့်လာကျွေးတယ် အချိုလာတိုက်တယ် စသည်တို့ဖြင့်၊ ခေါ်ဝေါ်ပညတ် သမုတ်အပ်ခြင်းဖြစ်ပါသည်လို့ ရှင်းရှင်းမှတ်ပေတော့။

ကဲ့အချိန်လဲစေ့သွားပြီ၊ ကနေ့သမ္မသနုဉာဏ်၊ဖြစ်ပျက်လမ်းစမြင်ပုံ၊ လမ်းလယ်မြင်ပုံ၊ လမ်းဆုံးမြင်ပုံ၊ ဗုဒ္ဓဘာသာ အတုဖြစ်ပုံ၊ ဗုဒ္ဓဘာသာအစစ်ဖြစ်ပုံ၊ တို့ကို ခွဲခြမ်းစိတ်ဖြာပြီးသကာလ ကရုဏာ သန်သန်ထား မေတ္တာများများဖြင့် ဟောကြားလိုက်ပါပေသည်၊ ဟောကြားသောတရားများကို ရင်တွင်နာမ်အစဉ်မှာ ဝင်မယ်ဆိုလို့ရှိလျှင် ဝိဇ္ဇာလမ်းဖြစ်ပါသည်။

ဒါကြောင့်ကျွေးမွေးတဲ့ စရဏမှု, သိတဲ့ဝိဇ္ဇာမှု, နှစ်ခုရှိခဲ့ပါလျှင် သွားလေရာရာ အင်မတန်ချမ်းသာပြီးသကာလ၊ ဝိဇ္ဇာဉာဏ်မြင်ပေါက်၍ မဂ်, ဖိုလ်, နိဗ္ဗာန်, ကေန်ရောက်တော့မယ်ဆိုတာ ဝမ်းမြောက်သောအလား၊ တရားတော်ကို ချီးကျူးသောအားဖြင့် ကိုယ့်မြို့ ကိုယ့်ရွာဒေသမှာ ဒီလိုတရားမျိုး ကွယ်ပြီးတော့မသွားရလေအောင် အားပေးသောအားဖြင့် သုံးကြိမ် သာဓု ခေါ်နိုင်ကြပါစေကုန်သတည်း။

သာဓု....သာဓု....သာဓု။

သမ္မသနုဉာဏ်ခဏ်းညတရားတော်ပြီးပြီ။

ကျေးဇူးရှင်

မူလ-ကသစ်ပိုင်ဆရာတော်ဘုရားကြီးကိုယ်တိုင်

ဟောကြားတော်မူခဲ့သော

# မဂ္ဂင်ရှစ်ပါး

# အလုပ်ပေး—ထိုင်တရားတော်

ပဉ္စမနေ့-နံနက်ပိုင်း

ဒုလ္လဘဒေသနာ

# ကျေးဇူးရှင်

# မူလ-ကသစ်ဝိုင် ဆရာတော်ဘုရားကြီး၏

# မဂ္ဂင်ရှစ်ပါး

# အလုပ်ပေး-ဆိုင်တရားတော်

## ပဌမနေ့-နံနက်ပိုင်း

## ဒုလ္လဘဒေသနာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

မျက်လုံးမှိတ်ထားကြ။ ။

စိတ်ရင်ထဲမှာထား၊ ပေါ်ဒါလေးတွေမှတ်နေကြ။

ပေါ်ဒါဘယ်နှစ်မျိုးလဲ?

။ ငါးမျိုးပါဘုရား။ ။

လေးလေးပြတ်ပြတ်ရေးစမ်း?

။ ပူဒါ၊ အေးဒါ၊ လှုပ်ထာ၊ ဆင်းရဲဒါ၊ ချမ်းသာဒါ၊။ ။

ဘယ်နေရာကပေါ်တတ်သလဲ?

။ တကိုယ်လုံးကပေါ်တတ်ပါတယ်ဘုရား။ ။

တကိုယ်လုံးကပေါ်တတ်တယ်၊ ပေါ်ဒါသည်အမျိုးမျိုးလား, တမျိုးထဲလား?

॥ အမျိုးမျိုးပါဘုရား॥ ॥

စာလိုဘာခေါ်သလဲ?

॥ ရုပ်ခေါ်ပါတယ်ဘုရား॥ ॥

စာထဲကရုပ်သည် ကိုယ်ထဲကဘယ်လိုနေ?

॥ မျိုးစုံပေါ်နေပါဘုရား॥ ॥

မျိုးစုံပေါ်နေတတ်။

သိတာသည် တနေရာထဲမှသိသလား, ပေါ်တိုင်း လိုက်သိသလား?

॥ ပေါ်တိုင်းလိုက်သိပါတယ်ဘုရား॥ ॥

စာလိုဘာခေါ်သလဲ?

॥ နာမ်ခေါ်ပါတယ်ဘုရား॥ ॥

စာထဲကနာမ်သည်၊ ကိုယ်ထဲမှာဘယ်လိုနေသလဲ?

॥ ပေါ်တိုင်းလိုက်သိနေပါဘုရား॥ ॥

ပေါ်တိုင်းလိုက်သိတယ်လို့မှတ်....॥

ပေါ်ဒါနဲ့သိတာတို့သည်, တခုထဲလား,နှစ်ခုလား?

॥ နှစ်ခုပါဘုရား॥ ॥

ရုပ်နဲ့နာမ်တို့သည် တခုထဲလား,နှစ်ခုလား?

॥ ॥နှစ်ခုပါဘုရား॥ ॥

နှစ်ခု၊ ရုပ်ထဲမှာနာမ်မရှိ, နာမ်ထဲမှာရုပ်မရှိ, ရုပ်ကသပ်သပ်, တခြား၊ နာမ်ကသပ်သပ်,ကခြားလို့ကွဲနေပေစေ။

ရုပ်ရှင်စနစ်လိုမျိုးစုံပေါ်ဒါ....“ရုပ်”
ပေါ်တိုင်းလိုက်သိတာ....“နာမ်” လို့

**ဖြစ်ပျက်မှတ်မှမဂ်ရမည်။**

“ရုပ်နာမ်” စစ်လာပြီဆိုလျှင် ဖြစ်ပျက် ပါလာတတ်တယ်၊ ဖြစ်ပျက်ကသွားလျှင်ဆုံးတဲ့နိဗ္ဗာန်ကြီးကိုရောက်တယ်လို့ အင်း.... ဖြစ်ပျက်တခုဆိုလျှင် မှတ်စိတ် တခု၊ အပေါ်က ဖြစ်ပျက် ဆယ်ခု ရှိမယ်ဆိုလျှင် မှတ်စိတ် ဆယ်ခု မှတ်စိတ်နောက်မှာ မဂ်ဉာဏ် ရေးထား မဂ်ဉာဏ် က ဘာတွေမြင်သလဲမေးလျှင်၊ ရုပ်တဲ့နိဗ္ဗာန်ကြီးကိုမြင်တယ် နှစ်ကြောင်းထဲ။

မှတ်စိတ်ကသွားလျှင် ဘယ်ရောက်မလဲ မဂ်ဉာဏ်ရောက်၊ မဂ်ဉာဏ် ရောက်ချင်တယ်ဆိုလျှင်မှတ်ကြတဲ့....ဟော.... မှတ်ထာနဲ့ မဂ်ဉာဏ်နှစ်ခုစပ်ထား၊ မဂ်ဉာဏ်ဆိုလျှင်လှမ်းမြင်ဒါဘဲ မဂ်ဉာဏ် က၊ ရုပ်တဲ့နိဗ္ဗာန်ကြီးကို၊ လှမ်းမြင်တယ်လို့ ဒီလိုမှတ်ထား။

လှမ်းမြင်တာက....အကျိုးဘဲ။

မှတ်ထာက ........ အကြောင်းတဲ့။

ဖြစ်ပျက်ကိုမှတ်မယ်ဆိုလျှင် ရုပ်တဲ့နိဗ္ဗာန်ကြီးကို လှမ်းမြင်ကြရတော့မယ်လို့ ဒီလိုလဲဘဲ ယုံကြည်ပြီးတော့ထားကြ။

ကနေ့....ဗောဓိပက္ခိယတရား “သုံးဆယ့်ခုနစ်” ပါးထဲမှာ “မဂ္ဂင်ရှစ်ပါး” ဟောပါလိမ့်မယ် သမ္မပ္ပဓါန် “လေးပါး” နဲ့လဲ စပ်ပြီးတော့ ဟောလိမ့်မယ်တဲ့။

“ဗောဓိ” = ဗောဓိဆိုလျှင် မှတ်ထာနဲ့မြင်တာလို့ ဒီနှစ်ခုမှတ်ထားကြ ဒါကဗောဓိအတွက် မှတ်ထာ နဲ့ မြင်တာတဲ့။

မှတ်ထား,က= ဝိပဿနာမဂ်ခေါ်တယ်။
မြင်တာ,က = အရိယာ မဂ်ခေါ်တယ်။ လို့ဒီနှစ်ချက်သတ်ထား။

"ပက္ခိယ"=အသင်းဝင်တဲ့၊ လှမ်းမြင်ခဲ့လို့ရှိလျှင်တဲ့, လှမ်းမြင်ခဲ့လို့ရှိလျှင်, အသင်းဝင်ပေါင်း "သုံးဆယ့်ခုနစ်ခု" ပါတယ်, သုံးဆယ့်ခုနစ်ခု"ပါတယ်။

**တချက်မှတ်လျှင် သစ္စာလေးပါးပါဝင်ပုံ။**

နောက်ပြီးတော့, ဖြစ်ပျက်,ကို မှတ်စိတ်နဲ့၊ တခါမှတ်, အဲဒီတခါမှတ်မယ်ဆိုလျှင်, အသင်းဝင်ပေါင်း "သုံးဆယ့်ခုနစ်ခု" ပါလိမ့်မယ်လို့ အဲဒီလိုမှတ်။

ဗောဓိပက္ခိယတရား,သုံးဆယ့်ခုနစ်,ပါးထဲမှာ "မဂ္ဂင်ရှစ်ပါး" တဲ့....။

ဟော....မဂ္ဂင်,တဲ့=မဂ်,တဲ့-မ,နဲ့,ဂ,ငယ် သတ်ထားတယ်။
မ,က=သတ်ထာ
ဂ,က=ရောက်ထာ

လို့နှစ်ချက်,သတ်လျှင်,ရောက်ကြ, လိမ့်မယ်,ဒီလိုမှတ်ထား.... အဲဒီလိုမှတ်ထားတော့မှတ်စိတ်အောက်မှာ, စာလိုရေးလျှင်....။

မှတ်စိတ်,
အငုတ်သတ်,
အကြောင်းပြတ်,
အကျိုးရပ်,

ဒီလို ဆင့်ဆင့်ထား ဖတ်စမ်းပါဆိုလျှင် မှတ်စိတ်ရယ်အငုတ် သတ်ထားရယ်၊ အကြောင်းပြတ်ထားရယ်၊ အကျိုးရပ်ထားရယ်၊ လေးခုအောက်အထက်ဆင့်ထား။

တချက်မှတ်လိုက်လျှင်၊ ဒိဋ္ဌိအငုတ် သတ်လိုက်ထားဘဲ၊ ဒိဋ္ဌိ အငုတ်သတ်လိုက်မယ်ဆိုလျှင်၊ အကြောင်းတရားသည် ပြတ်သွားတာဘဲ၊ တနေ့က နံပါတ်တတ်ထားတာ။

၁=နံပါတ် ဒိဋ္ဌိ

၂=နံပါတ် အကုသိုလ်ကံ

၃။ နံပါတ် အပါယ်လို့

၂-နံပါတ် အကုသိုလ်ကံဆိုတဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ၊ အဲဒီကံသုံးပါးဟာဖြင့် အဲဒါအကြောင်းတရားဘဲ ခေါ်တယ်၊ ကံသုံးပါးဆိုတဲ့ အကြောင်းတရားတို့သည် ပြတ်သွားတယ်၊ ပြတ်သွားမယ်ဆိုလျှင် အပါယ်ကျနိုင်တဲ့ အကျိုးဟာ ရပ်သွားရောတဲ့။

ဟော....တချက်မှတ်လျှင် မှတ်ထားက "မဂ္ဂသစ္စာ" ခေါ်တယ်။ ဒိဋ္ဌိအငုတ်သတ်လိုက်ထာက "ဒုက္ခသစ္စာ" ပိုင်းခြားရှုသိတယ် ခေါ်တယ်။

အကြောင်းပြတ်လိုက်ထာက "သမုဒယသစ္စာ" ပယ်တယ်ခေါ်တယ်။

အကျိုးရပ်လိုက်ထာက- "နိရောဓသစ္စာ" နိဗ္ဗာန်ကို မျက်မှောက်ပြုတယ်ခေါ်တယ်။

ဟော....ဝိပဿနာတချက်, မှတ်စိတ်ကလေးတချက်,မှာ သစ္စာလေးချက် တပြိုင်နက် ပါလာပုံကို အဲဒီလိုမှတ်ထားကြ။

**တချက်မှတ်လျှင် မဂ္ဂင်ရှစ်ပါး-ပါပုံ။**

အဲဒါ....မဂ်ဘဲ, မဂ္ဂင်လို့ဆိုတော့ တချက်မှတ်တနေရာမှာ၊ အင်္ဂါရှစ်ပါး, ပါလာတတ်တယ်၊ အဲဒါ မဂ်၏ အစိပ်အပိုင်းဘဲ၊ တချက် မှတ်လိုက်မယ်ဆိုလို့ရှိလျှင်, အင်္ဂါရှစ်ပါး, ပါလာတတ်တယ်၊ အင်္ဂါရှစ်ပါးတဲ့၊ "-မဂ္ဂင်ရှစ်ပါး" ကိုဆိုလိုတယ်။

မှတ်ထာက=ပညာမဂ္ဂင်နှစ်ပါး၊ သမ္မာသင်္ကပ္ပနဲ့ သမ္မာဒိဋ္ဌိ, တဲ့ အဲဒါ တချက်မှတ်လိုက်ထာဘဲ ပညာမဂ္ဂင်နှစ်ပါး, ပါလာတယ်....။

သမ္မာသင်္ကပ္ပက=မှတ်စိတ်ကလေးကို ဖြစ်ပျက်ပေါ်တင်တာ, ခေါ်တယ် " "တင်,"တာ သမ္မာသင်္ကပ္ပ။

ဖြစ်ပျက်,ကို "မြင်"လိုက်ထာက, သမ္မာဒိဋ္ဌိ။

တင်,မြင်, ဗမာစကား၊ အဲဒါ ပညာမဂ္ဂင်နှစ်ပါး။

မှတ်လိုက်ပြီဆိုလို့ရှိလျှင်, စိတ်တည်လို့ မှတ်လို့ ရတယ်၊ မတည်လျှင် မှတ်လို့မရဘူး။

တည်တာက, သမာဓိမဂ္ဂင်သုံးပါး, ပါလာတယ် သမာဓိမဂ္ဂင်သုံးပါး,ပါလာတယ်။

တည်တာက....သမ္မာသမာဓိမဂ္ဂင်,

ပေါ်တာ ထင်ရှားတာက-သမ္မာသတိ မဂ္ဂင်,

စိတ်ကလေး တခြားမသွားစေတာက=သမ္မာဝါယာမမဂ္ဂင်,

ဟော....တည်တဲ့အချိန်ကလေးမှာ မဂ္ဂင်သုံးပါး ပါလာတယ် အဲဒီလိုတည်နေတဲ့အချိန်ကလေးမှာ ဘာတခုမှ မလွန်ကြူးဘူး၊

အဲဒီလို မလွန်ကြူးတဲ့နဲ့ ရှောင်နေတာ, သီလမဂ္ဂင်သုံးပါး, ပါနေတယ်။

သမ္မာဝါစာ။ ။အပြောမှားတာ့လေးခု ရှောင်ကြဉ်ပြီးသားဖြစ်နေတယ်။

သမ္မာကမ္မန္တ။ ။အလုပ်မှားတာ, သုံးခု့ရှောင်ကြဉ်ပြီးသားဖြစ်နေတယ်။

သမ္မာအာဇီဝ။ ။အသက်မွေး ဝမ်းကြောင်း မှားတာ့ ခုနှစ်ခု့မှရှောင်ကြဉ်ပြီးသား ဖြစ်နေတယ်။

သီလမဂ္ဂင်သုံး။
သမ္မာဓိမဂ္ဂင်သုံး။
ပညာမဂ္ဂင့်နှစ်။

ပေါင်းလိုက်တော့၊ တချက်မှတ်လိုက်တဲ့အခါအမှာ, ရှစ်ပါး, လုံးပါဝင်ကူညီပုံကလေး။ တချက်မှတ်လိုက်တဲ့အခါမှာ "သစ္စာလေးပါး" တပြိုင်နက် ပါလာပုံကလေးလို့ ဟော....သည်လိုတချက်မှတ်ထားကြ။

စာ့သည် အလုပ်ထဲသွင်းလျှင်, သိပ်အဘိုးတန်တယ်၊ စာ့စာအတိုင်းထားမယ်ဆိုလို့ရှိလျှင်၊ အနှစ်သာရသိပ်မရှိဘူး၊ အလုပ်မပါသောကြောင့် အဘိုးလဲ သိပ်မတန်ဘူး။

ယခု အလုပ်ထဲ သွင်းချလိုက်၊ သွင်း ချလိုက် တော့၊ မဂ်အကြောင်းဟာ သစ္စာလေးပါးနဲ့ကိုက်သွားကော၊မဂ္ဂင်အကြောင်းဟာ, သီလ, သမာဓိ, ပညာ, သိက္ခာသုံးပါးနဲ့လဲ ကိုက်သွားရေ့သိပ်အဘိုးတန်တယ် မှတ်ကြ။

အဲဒါက-မှတ်ထာ, အကြောင်းတရား အဲဒီလို တမှတ်ကို တပျက်, တပျက်ကို တစက္ကန့်ထား, တစက္ကန့်ထားမယ်ဆိုလျှင်၊ တမိနစ်ကို အမှတ်ပေါင်း (၆၀)ရ=မှတ်တိုင်း, မှတ်တိုင်း,သစ္စာ သစ္စာလေးပါး,နဲ့ ကိုက်, သီလ,သမာဓိ,ပညာ,ဆိုတဲ့သိက္ခာသုံးပါး ကျင့်သုံးမှုနဲ့ လဲညီ၊ မှတ်,မှတ်,သွားကြ။

**တချက်မှတ်လျှင်သမ္မပ္ပဓာန်နဲ့ ကိုက်ပုံ။**

မှတ်,မှတ်,သွားမယ်ဆိုလျှင်, ဒီနေရာ၌ သမ္မပ္ပဓာန်, နဲနဲ သွင်း လိုက် တချက်ထဲပါသွားအောင်။ ။

"သမ္မပ္ပဓာန်,လေးပါး,"။ ။ကုသိုလ်သမ္မပ္ပဓာန်နှစ်။
အကုသိုလ် သမ္မပ္ပဓာန်နှစ်, အခွား လုံး လေးပါး။

ကုသိုလ်ဘက်က, သမ္မပ္ပဓာန်, နှစ်ခု,ဆိုတာ=မဖြစ်သေးသော ကုသိုလ်များဖြစ်အောင် ကြိုးစားရ၊ ဖြစ်ပြီးသော ကုသိုလ်များ တိုးပွါးလာအောင်ကြိုးစားရမယ် မှတ်ထားကြ။

**ကုသိုလ်သမ္မပ္ပဓာန်နဲ့ ညီပုံ။**

ယခု-ဝိပဿနာ ကုသိုလ်,ဆိုတာ ဒီဘဝသန္တာန် ပြောမယ်ဆို လျှင်, မမြင်ဘူးတာတွေများကြ, ရင်တွင် နာမ်အစဉ်မှာမဖြစ်ဘူး တာတွေများကြ၊ ဖြစ်,ပျက်,ကိုမမှတ်ဘူးတဲ့ ပုဂ္ဂိုလ်တွေများကြ ဒါဖြင့်-မဖြစ်ဘူးသော ကုသိုလ်ဆိုတာ, ဝိပဿနာ ကုသိုလ်လို့ ဆိုလိုက်ကြ။

အဲဒီ....မဖြစ်ဘူးသေးသော, ဝိပဿနာကုသိုလ်,ကိုဖြစ်အောင် ကြိုးစားရမယ်၊ မမှတ်ဘူးသေးသော, မှတ်စိတ်ကလေးကို မှတ်ရ အောင်, ကြိုးစားရမယ်လို့ ဆိုတဲ့အတိုင်း, ယခုဝိပဿနာစိတ်တွေ

ပေါ်နေပြီ, မှတ်လဲ မှတ်နေကြပြီ၊ ဒါဖြင့် မဖြစ်သေးသော, ဝိပဿနာ ကုသိုလ် ဖြစ်လာအောင် ကြိုးစားမှု၊ ကဲ....တချက်ညီ သွားရော။

ဖြစ်ပြီးသောကုသိုလ်ကို တိုးလာအောင် ကြိုးစားရမယ်လို့ ဆိုသောကြောင့် ကဲ....တမှတ်တစက္ကန့်, တမိနစ်အမှတ်ပေါင်း (၆၀)ရအောင်, မှတ်,မှတ်,မှတ်,နေသော ပုဂ္ဂိုလ်တို့သည်၊ ဖြစ်ပြီးသော, ဝိပဿနာကုသိုလ်ဟာ, တိုး,တိုး, တိုး,တိုး, မလာဘူးလား၊ တနာရီမှာ (၃၆၀၀)ရအောင် မှတ်သော ပုဂ္ဂိုလ်တို့သည် ဖြစ်ပြီးသော,ဝိပဿနာ, ကုသိုလ်တို့ကို, တိုး,တိုး, တိုး,တိုး,လာအောင် ပြုလုပ်နေတာ မဟုတ်ဘူးလား ? ဟော....ကြည့်- ကုသိုလ် သမ္မပ္ပဓာန် နှစ်ချက်နဲ့ ညီလာပြီ။

**အကုသိုလ်သမ္မပ္ပဓာန်နဲ့ ညီပုံ။**

အဲဒီလိုညီလာတော့ အကုသိုလ်ဘက်က, သမ္မပ္ပဓာန်,နှစ်ချက်။ မဖြစ်သေးသော အကုသိုလ်များကို, မဖြစ်အောင်ကြိုးစားရ။ ဖြစ်ပြီးသော အကုသိုလ်များကို, ပယ်ရအောင် ကြိုးစားရမယ်၊ နှစ်ချက်။

မဖြစ်သေးသောအကုသိုလ်ဆိုတော့အဲဒါ-အကုသိုလ်အသစ်ဘဲ၊ အကုသိုလ်အသစ်ဆိုလျှင်,ကြွေးသစ်လို့မှတ်ထားနော်....၊ ဒီတော့ မဖြစ်သေးသော အကုသိုလ်အသစ်, ကြွေးသစ်ကို, မဝင်အောင် လုပ်ရတယ်၊ မဝင်အောင်လုပ်ရတာဘဲ။

ဖြစ်ပြီးသောအကုသိုလ်ဆိုလျှင်အဟောင်း, ကြွေးဟောင်း,လို့ မှတ် ကြွေးဟောင်းဆိုတော့ တင်ပြီးသားမဟုတ်ဘူးလား၊ ယူသုံး စွဲပြီးသား ကြွေးသဘောလို၊ ဒီတော့ ရင်တွင် နာမ်အစဉ်မှာ ဖြစ်

ပြီးသား, တင်ပြီးသားဖြစ်တဲ့, အကုသိုလ်ကံဟောင်း, ကြွေး ဟောင်းတို့ကိုလဲဘဲ စင်အောင်လုပ်ရတယ်၊ အကုသိုလ်ဘက်က မှတ်ထားကြ, "တင်ပြီးသား, ကြွေးဟောင်းကိုစင်၊ မဝင်သေး သော,ကြွေးသစ်ကို မဝင်အောင်လုပ်ရမယ်,"။ ။

ဟော....ဒါဖြင့် တချက်မှတ်လိုက်တယ်, ဖြစ်ပျက်ကို, တချက် မှတ်လိုက်တယ်၊ မှတ်ထာ,က,မဂ္ဂ-သစ္စာ,ပွါး,အငုတ်သတ်လိုက် တယ်, (၁)နံပါတ်ဒိဋ္ဌိအငုတ်ကိုသတ်လိုက်တော့,(၂)ဒုက္ခသစ္စာ, ပိုင်းခြား၍ သိတယ်ခေါ်တယ်။

အငုတ်သတ်လျှင်, အကြောင်းပြတ်သွား နံပါတ်....၂-နံပါတ် ဘဲ အကြောင်းဆိုတော့, ကာယကံ,ဝစီကံ, မနောကံ,ဆိုတဲ့၊ ကံဟောင်း, အကြောင်းတခု, ဒါကြွေးဟောင်းဘဲ။ ကံသစ်, ကြွေးသစ်တခု, အဲဒါကြွေးသစ်ဘဲ၊ အဲဒီတော့ ကံဟောင်း, ကြွေးဟောင်းသည်၊ ဘယ်သူနဲ့ပတ်သက်ပြီးတော့၊တင်လာသလဲ ဒိဋ္ဌိနဲ့ပတ်သက်ပြီးတော့ တင်လာတယ် ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဒိဋ္ဌိနဲ့ပတ်သက်ပြီးတော့ တင်လာတယ်၊ ပေါ်လွင်အောင် ပြောမယ်ဆိုလျှင်, ခေါင်းတွဲကြီး, ငါ,-ငါ,နဲ့ ပတ်သက်ပြီး သကာလ, ကြွေးဟောင်းတွေတင်, ကြွေးသစ်ကော ဘယ်သူနဲ့ ပတ်သက်ပြီးတင်လာသလဲလို့မေးလျှင်၊ ဒိဋ္ဌိကြီး, ငါ,ငါ,နဲ့ပတ် သက်ပြီးတော့ ကြွေးသစ်တွေမဝင်ဘူးလား ?

။ ဝင်ပါတယ်ဘုရား။ ။

မှတ်ထားကြနော်...."ကြွေးဟောင်းလဲဒိဋ္ဌိ, ငါ,ကြောင့်တင်၊ ကြွေးသစ်လဲ ဒိဋ္ဌိ, ငါ,ကြောင့်ဝင်, ဟော....အဲဒီကြွေးဟောင်း,

ကြွေးသစ်, ကံဟောင်း,ကံသစ်,နှစ်ခုတို့သည်၊ ဒိဋ္ဌိ, ငါ,ကြောင့် တင်သောကြောင့်, ဒိဋ္ဌိအငုတ်သတ်လိုက်တယ်၊ အငုတ်သတ်လိုက် တော့, တင်တဲ့ကြွေးဟောင်းလဲ စင်မသွားဘူးလား ?

။ စင်သွားပါတယ်ဘုရား။ ။

ဝင်မဲ့ကြွေးသစ်လဲဘဲ, မဝင်ဘဲနေမသွားဘူးလား ?

။ မဝင်တော့ပါဘုရား။ ။

ဟောကြည့် ကြွေးသစ်လဲမဝင်တော့ဘူး၊ အဲဒါ-ကြည့် မဖြစ် သေးသော အကုသိုလ်ကို မဖြစ်အောင် မှတ်လိုက်တာဘဲ၊ ဖြစ်ပြီး သော အကုသိုလ်ကံဟောင်း,ကြွေးဟောင်းကိုလဲဘဲ စင်အောင် လုပ်လိုက်ထာဘဲ ဘယ်လောက်အဘိုးတန်သလဲ။

တချက်မှတ်လိုက်ယာ သမ္မပ္ပဓါန် လေးချက်နဲ့ တခါထဲ သွားကိုက်ထာဘဲ၊ အစဆုံးတချက်မှတ်လျှင် မဖြစ်သေးသော ဝိပဿနာ ကုသိုလ်ဖြစ်အောင် လုပ်လိုက်ထာဘဲ ၂-ချက် ၃-ချက် ၄-ချက် ၅-ချက် စသည်တို့ဖြင့် ဆင့်ခါဆင့်ခါ မှတ်လိုက်တယ်ဆို လျှင် ဖြစ်ပြီးသော ဝိဿနာကုသိုလ်ကို တိုးအောင်လုပ်ထာဘဲ။

အဲဒီလိုမှတ်တဲ့အချိန်၌ ၁-နံပါတ် ဒိဋ္ဌိအငုတ်သတ် ၂-နံပါတ် အကုသိုလ်ကံဟောင်း, ကံသစ်တွေ ပြတ်သွားတယ် ဆိုသော ကြောင့် မဖြစ်သေးသော အကုသိုလ်အသစ်,ကြွေးသစ်ကိုလဲ မဝင် အောင်လုပ် ဖြစ်ပြီးသားဖြစ်သော အကုသိုလ်ကံဟောင်း, ကြွေး ဟောင်းကိုလဲဘဲ စင်အောင်လုပ်လိုက်တယ်၊ ဘယ်လောက် အဘိုး တန်သလဲ။

တချက်မှတ်လိုက်ထာနဲ့ ကုသိုလ်နှစ်မျိုးရ တချက်မှတ်လိုက်ထာနဲ့ ကြွေးဟောင်းလဲစင် ကြွေးသစ်လဲ မဝင်တော့ဘူးတဲ့ အဘိုးမတန်ဘူးလား ?

॥ အဘိုးတန်ပါတယ်ဘုရား॥ ॥

**ဝိပဿနာမှ ပါယ်မကျ။**

သိပ်အဘိုးတန်တယ်၊ ဒါန, ဒီလိုမရဘူး၊ သီလ, ဒီလိုမရဘူး၊ သမထ, ဒီလိုမရဘူး၊ ဝိပဿနာ, သိပ်အဘိုးတန်တယ်၊ သိပ်အဘိုးတန်တော့ အကြောင်းပြတ်တော့ အကျိုးရပ်သွားရော၊ ဘယ်လို အကျိုးလဲလို့မေးလျှင် သောတာပန်နဲ့ဆိုင်ရာပြော....

အပါယ်ကျနိုင်တဲ့ အကျိုးရပ်သွားရော အပါယ်ကျအုံးမလား ?

॥ မကျတော့ပါဘူး ဘုရား॥ ॥

ဟော....မကျတော့ဘူး၊အဲဒါ "နိရောဓသစ္စာ"နိဗ္ဗာန်ကို မျက်မှောက်ပြုတယ် ခေါ်တယ်တဲ့ ပထမတချက်၊ ဒါဖြင့် သူ့ဟာသူ ကြည့်လိုက်စမ်း တချက်မှတ်လိုက်ထာနဲ့ ကုသိုလ်နှစ်မျိုးရ မဖြစ်သေးသော ကုသိုလ်လဲဖြစ်လာရ ဖြစ်ပြီးသား ကုသိုလ်လဲဘဲ တိုးလာရ ကုသိုလ်ဘက်က နှစ်မျိုးရ။

အကုသိုလ်ဘက်က ကံဟောင်း ကြွေးဟောင်းလဲစင် ကံသစ် ကြွေးသစ်လဲမဝင် ဟော....အဝင်နဲ့ အထွက်နဲ့ အကုန်ပိတ်ပြစ်လိုက်တယ် မဟုတ်ဘူးလား ?

॥ မှန်ပါဘုရား॥ ॥

ပိတ်ပစ်လိုက်တယ်၊ နောက်ပြီးတော့ အပါယ်ကျနိုင်တဲ့ အကျိုးလဲ ရပ်သွားတယ်တဲ့ အပါယ်မကျဘူး၊ တချက်မှတ်ထာ

ဒီတော့ မှတ်တဲ့ကုသိုလ်လေးဟာ ကုသိုလ်ဘက်ကလဲ နှစ်မျိုးရတယ်၊ အပါယ်ကြွေးလဲဘဲ တင်ပြီးသား စင်သွားတယ်၊ မဝင်ရသေးတာလဲဘဲ မဝင်တော့ဘူး၊ အပါယ်ကြွေးလဲဆပ်ရာကျတယ်၊ အပါယ်လဲဘဲ မှတ်တိုင်း မှတ်တိုင်း မကျနိုင်ဘူးလို့ ဟော....ဒီလိုဆိုလိုက်တယ်၊ အဘိုးတန်တယ်နော်....အဘိုးတန်တယ်။

ဒါဖြင့် တမှတ်ကို တစက္ကန့်ထား တမိနစ်ကို အမှတ်ပေါင်း (၆၀)ရအောင် မှတ်မယ်ဆိုလျှင် ကြွေးဟောင်းလဲဖွဲ့ဆပ် ကြွေးသစ်လဲ မဝင်တော့ဘူး၊ အပါယ်ကျလဲ ရပ်ရပ်ရပ်ရပ်မသွားဘူးလား ?

။ ရပ်သွားပါတယ်ဘုရား။ ။

ဉပမာပြောမယ် ကြွေး(၁၀၀)ရှိတဲ့ ပုဂ္ဂိုလ်၊ ကြွေး(၁၀၀)ယူထားတယ်၊ အမှတ်တရားတွေ ပြောမယ်ဆိုလျှင် အဲဒီကြွေးဟောင်း (၁၀၀)ဟာ ဆပ်တယ်၊ တချက်မှတ်လျှင် ၁-ဆပ် အဓိပ္ပါယ် ၁၀-ချက်မှတ်လျှင် ၁၀-ဖဲ့ဖဲ့ ဆပ်မသွားဘူးလား ?

။ ဆပ်သွားပါတယ်ဘုရား။ ။

ဆပ်သွားတာဘဲ အမှတ်တရား ဝိပဿနာတရားတွေ ကြွေးဆပ်ထာ သို့သော်လဲဘဲ မှတ်နေတဲ့အချိန်ကလေးမှာ (၁၀၀)လုံးတော့ တပြိုင်နက် မဆပ်ဘူး၊ ဖဲ့ဖဲ့၊ ဖဲ့ဖဲ့ ဆပ်သွား ဤကဲ့သို့ တမှတ်ကို ၁-ကျပ်ဆပ်၊ တမှတ်ကို ၁-ကျပ်ဆပ်တဲ့ ကြွေးဟောင်းဘဲ ဖဲ့ဆပ်၊ ကြွေးသစ်တော့ ယူသလား၊ မယူဘူးလား ?

။ မယူတော့ပါဘုရား။ ။

မယူတော့ဘူး၊ ကံသစ်ကောဝင်သလား၊ မဝင်ဘူးလား ?

။ မဝင်တော့ပါဘုရား။ ။

မဝင်တော့ဘူး၊ ရှိပြီးသား ကြွေးဟောင်း၊ ကံဟောင်း၊ သာ ကြွေအောင်ဆပ်နေ အမှတ်ပေါင်းကလဲဘဲ (၉၉)မှတ်ရှိတယ်၊ အစိပ္ပါယ်ကြွေးကလဲဘဲ (၉၉)ကျပ် ဆပ်ပြီးပြီ ဘယ့်လောက် ကျန်သလဲ ?

။ တကျပ် ကျန်ပါဘုရား။ ။

တကျပ် ကျန်တော့တယ်၊ တနာရီမှတ်မယ်ဆိုလျှင် တနာရီ ဟာ (၃၆၀၀)ရသွားတယ်၊ ကြွေးကလဲဘဲ (၉၉)ကျပ်တော့ ဆပ်ပြီးပြီ တကျပ်ဘဲ ကျန်တော့တယ်၊ ကြွေးဟောင်းတော့ ကြေ ခါနီးပြီ ကြွေးသစ်တော့ ဝင်သေးသလား ?

။ မဝင်တော့ပါဘုရား။ ။

**သစ္စာလေးချက်ကိုက်ပုံ။**

မဝင်တော့ဘူး၊ အမှတ်တရားဟာ တယ်ဟုတ်၊ အဲဒီ ၁-ကျပ် ကြွေးလေးကို နောက်ပိတ်ဆုံး ဆုံးတဲ့နိဗ္ဗာန်ကြီးကို လှမ်းမြင်လိုက် တယ်၊ ဘာနဲ့ လှမ်းမြင်သလဲလို့ မေးတော့ မဂ်ဉာဏ်နဲ့ လှမ်းမြင် တယ်၊ ဟုတ်လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

လှမ်းမြင်တဲ့ ခဏလေး အောက်ကရေးထား

ဒိဋ္ဌိအငုတ်သတ်,

အကြောင်းပြတ်,

အကျိုးရပ်, လေးခုဆင့်ထား

လှမ်းမြင်တာ....တစ်

ဒိဋ္ဌိအငုတ်သတ်ထာ....နှစ်
အကြောင်းပြတ်ထာ....သုံး
အကျိုးရပ်ထာ....လေး

သစ္စာလေးချက်ကိုက်အောင် လှမ်းမြင်တာဟာ မဂ္ဂသစ္စာ ပွားဘယ်ခေါ်တယ်၊

ဒိဋ္ဌိအငုတ်သတ်ထာက ဒုက္ခသစ္စာ ပိုင်းခြား၍ သိတယ်ခေါ်ဘယ်၊

အကြောင်းပြတ်ထာက သမုဒယသစ္စာ ပယ်တယ်ခေါ်တယ်၊

အကျိုးရပ်ထာက နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက်ပြုဘယ်ခေါ်တယ်၊

ဟော....မဂ်တချက်ကျလိုက်ထာ သစ္စာလေးချက် တပြိုင်နက်ကိုက်သွားရော၊

မဂ်ဆိုတဲ့အတိုင်း မ ,က ,သတ် , ဂ ,က ,ရောက်၊

သတ်တဲ့အဓိပ္ပါယ်က ဒိဋ္ဌိအငုတ်သတ်နဲ့ အကြောင်းသစ်ပြတ်ဒိနှစ်ခု မ အတွက်။

ရောက်တယ်ဆိုတာက အကျိုးရပ်သည့်အတွက်တဲ့။

ဟော....စာသမားတွေ စာနဲ့ကိုက်ချင်လို့ရှိလျှင် ဒါ-ခန္ဓာနဲ့သာ သေသေချာချာ ကိုက်ပေတော့။

အဲဒီလို လှမ်းမြင်နေတဲ့အချိန်ကလေးမှာ မဂ္ဂင်ရှစ်ပါး စုံဘယ်၊ လှမ်းမြင်လိုက်ထာက ပညာမဂ္ဂင် နှစ်ပါး, လှမ်းမြင်တဲ့အချိန်ကလေးမှာ စိတ်တည်လို့မြင်ဒါက သမာဓိမဂ္ဂင် သုံးပါး၊ ဘည်တဲ့အချိန်ကလေးမှာ စိတ်ရှောင်လို့ တည်လို့ မြင်ဒါက သီလမဂ္ဂင် သုံးပါးတဲ့။

"ရှောင်လို့တည်, တည်လို့မြင်"တဲ့ ဟော....အလုပ်စခန်း, ရှစ်ပါးလုံးပါလာတယ်၊ ပါတဲ့အခါမှာ ခုနတုံးက ကြွေးဘယ်လောက်ရှိသလဲ ?

။ တကျပ်ပါဘုရား။ ။

တကျပ်ဘဲ ကျန်တော့တယ်၊ ဒိဋ္ဌိအငုတ်သတ်လိုက်တယ်၊ မဂ်နဲ့ တခါလှမ်းမြင်လိုက်လျှင် ဒိဋ္ဌိအငုတ်သတ်လိုက်တယ်၊ ဘယ်လိုသတ်သလဲမေးလျှင် သမုစ္ဆေဒနဲ့ သတ်တယ်၊ ဝိပဿနာ မှတ်စိတ်တုံးက တဒင်္ဂသတ်တယ်၊ မှတ်တုံးခဏကလေးသာ သတ်လိုက်ထာဘဲ၊ ဒါကြောင့်မို့ တချက်မှတ်လျှင် တခါသတ်,တချက်မှတ်လျှင်တခါသတ်,ဆိုတော့ တကျပ်,တကျပ်,ဆပ်လာတဲ့ ဥပမာပေးလာတယ်၊ ယခုတော့ သမုစ္ဆေဒ သတ်လိုက်တယ်၊ သမုစ္ဆေဒဆိုတာ ရှိသမျှဥစ္စာ ဘာမျှမကျန်အောင် သတ်လိုက်တယ်ခေါ်တယ်၊ ဒိဋ္ဌိဆိုတာ ရင်ထဲမှာ ဘာမှမရှိတော့ဘူး။

မိုးကြိုးပြစ်လိုက်သလိုဘဲ၊ မိုးကြိုးပြစ်ချလိုက်တဲ့ သစ်ပင်ဟာနောင် အတက်ပေါက်ပါအုံးမလား ?

။ မပေါက်တော့ပါဘုရား။ ။

မပေါက်တော့ဘူး၊ ယခုလဲ ဒီလိုဘဲ မဂ်တချက် ရင်တွင် နာမ်အစဉ်မှာ ဝင်လိုက်ပြီဆိုလျှင် ဒိဋ္ဌိအငုတ်ဟာ ပြုတ်သွားရော ကျန်အုံးမလားလို့ ဆိုတော့ နဲနဲကလေးမှ မကျန်ဘူး၊ နောင်ကော ဖြစ်ပေါ်လာအုံးမလားလို့ ဆိုလျှင် ဖြစ်ပေါ်လဲ ဘယ်တော့ကမှ ပေ လာတော့ဘူး။

ကဲ....ဒိဋ္ဌိတော့ အကြွင်းမဲ့ အကုန်သတ်လိုက်ပြီတဲ့ အကုန်သတ်လိုက်လို့ ရှိလျှင် ဒိဋ္ဌိကြောင့် တင်တဲ့ ငါ့ကြောင့် တင်တဲ့ ကြွေးဟောင်း တကျပ်ကော ရှိသေးသလား ?

။ မရှိတော့ပါဘုရား။ ။

ကြွေးသစ်ကော ဝင်သေးသလား ?

။ မဝင်တော့ပါဘုရား။ ။

ဟော....အပါယ်ကျနိုင်တဲ့ ကြွေးတွေ အကုန်ကြေသွားပြီ၊ အကုန်ကြေသွားပြီ၊ နောက်ကော ကြွေးဟောင်းတင်အုံးမလား?

။ မတင်တော့ပါဘုရား။ ။

ကြွေးသစ်ကော ယူကြအုံးမလား ?

။ မယူတော့ပါဘုရား။ ။

အပါယ်ဖြစ်ချနိုင်တဲ့ အကုသိုလ်တော့ မလုပ်တော့ဘူး၊ သောတာပန် ဖြစ်သွားပြီ မဟုတ်ဘူးလား ?

။ မှန်ပါဘုရား။ ။

မလုပ်နိုင်တော့ အပါယ်ကျ အကျိုးရပ်မသွားဘူးလား ?

။ ရပ်သွားပါပြီဘုရား။ ။

နောက် ဘယ်တော့ အပါယ်ကျအုံးမလဲ ?

။ ဘယ်တော့မှ အပါယ်မကျတော့ပါဘုရား။ ။

ဟောကြည့် မကျတော့ဘူး၊ အဲဒါ မဂ်တချက်နဲ့ နိဗ္ဗာန် လှမ်းမြင်လိုက်လျှင် ကြွေးတွေ အကုန်ကြေသွားတာဘဲ ဟုတ်ကြရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ကြွေးဆပ်တယ်၊ အနမတဂ္ဂသံသရာကစ၍ မင်္ဂမကျမခြင်း အပါယ်ကျနိုင်တဲ့ ကြွေးတွေ အများကြီးဘဲတဲ့ ပါဏာတိပါတ ကံကြွေး၊ အဒိန္နာဒါနာကံကြွေး၊ အစရှိတဲ့ ဒုစရိုက် ကံကြွေးတို့သည် ကြွေးဟောင်းလဲ အနန္တ တင်မြဲတင်နေတာဘဲ၊ ကြွေးသစ်လဲ အနန္တ ဝင်မြဲဝင်နေတာဘဲ၊ ဒါန လုပ်ပေမယ်လို့ ကြွေးမဆပ်ဘူး၊ သီလ ဆောက်တည်နေပေမယ်လို့ ကြွေးမဆပ်ဘူး၊ သမထ ပွားများနေလို့ ဈာန် အဘိညာဉ်တန်ခိုး မြေလျှိုး မိုးပျံနိုင်တဲ့ ပြဟ္မာကြီးတွေ ဖြစ်သော်လဲဘဲ ကြွေးဟောင်းကို နဲနဲလေးမှ မဆပ်ဘူး။

ကြွေးဟောင်းမဆပ်တဲ့ပြင် ကြွေးသစ်ကလေးကို သီလမရှိတုံး သမာဓိမရှိတုံး ဈာန်အဘိညာဉ်မရှိတုံး ကြွေးသစ်တွေ ဝင်သေးတယ်၊ ကံကြွေးကလေးတွေ ဝင်သေးတယ်၊ ဒါကြောင့် အပါယ်ကျ လုံးဝမလွတ်နိုင်ဘူး။

ယခုကောင်းလိုက်ထာ၊ ဝိပဿနာကလေးသည် အင်မတန်မှလဲ အဘိုးတန် အနမတဂ္ဂသံသရာမှစ၍ တင်လာတဲ့ကြွေးဟောင်းတွေလဲ ကြေသွား၊ ကြွေးသစ်လဲဘဲ မဝင်သည် ဖြစ်လေသော ကြောင့် အပါယ်ကျ အကျိုးတွေ ရပ်နိုင်တယ်။

ဒါကြောင့် ရပ်တဲ့နိဗ္ဗာန်ကြီးကို တခါအယုတ်ဆုံး၊ မင်္ဂဉာဏ်လေးနဲ့ လှမ်းမြင်ရလေအောင် ဖြစ်,ပျက်,ကို မှတ်ကြရမယ်၊ မှတ်ချင်တဲ့စိတ် ရှိပါသလား ?

။ ရှိပါတယ်ဘုရား။ ။

ကဲ....ရှိလျှင် ပြင်ကြ,ပြင်ကြ။

အစိဋ္ဌာန်ပြုပုံ။

အစိဋ္ဌာန်မယ် လိုက်ဆိုကြ။ ။ တပည့်တော်များသည် ဖြစ်ပျက်ဆုံးတဲ့နိဗ္ဗာန်တဘက်ကမ်းကို မဂ်ဉာဏ်ဖိုလ်ဉာဏ်ဖြင့် ဤဘက်ကမ်းက လှမ်းမြင်ရလေအောင် ခန္ဓာကိုယ်မှာ ယခုအချိန်ကစ၍ ပေါ်လျှင်သိ သိလျှင်ပျက် ပေါ် သိ ပျက် မှတ်၍ရှင်း၊ ပေါ်ဒါပျောက်လျှင် သိပျက် သိပျက် မှတ်၍ရှင်း၊ နေပါ့မည်၊ နေပါ့မည်၊ မှတ်နေတုံးမှာ ငိုက် သန်း ပျင်း ဝေ ထိနမိဒ္ဓ ပေါ်ခဲ့ပါလျှင် ဝီရိယဖိုလ်ဖြင့် နှိပ်ကွပ်ပြီးကာ စိတ်လေ စိတ်လွင့် စိတ်ကူး အချောင်နေတဲ့ ဥဒ္ဓစ္စ ပေါ်ခဲ့ပါလျှင် သမာဓိဖိုလ်ဖြင့် နှိပ်ကွပ်ပြီးကာ တနာရီတိတိ နေပါ့မည်၊ နေပါ့မည် အရှင်ဘုရား။

ကဲ....မှတ်နေကြ ငြိမ်ငြိမ်ကလေး အသာကလေး မှတ်နေကြ၊ တောင့်တောင့်တင်းတင်းကြီးလဲ လုပ်မထားနဲ့ အသက်ရှူ ပြင်းပြင်းကြီးလဲ လုပ်မထားနဲ့ နေတတ်သလို ချမ်းသာအောင် အသာကလေးနေ အသက်ကလဲ မှန်မှန်ကလေးရှူထား အသာကလေးနေ အသက်ကလဲ မှန်မှန်ရှူထား။

နာတာရှည် လူမမာဟာ အမောဆိုက် ရှူရှိုက်ပြီးတော့နေတဲ့အချိန်မှာ ဗိုက်ကလေးတွေ ရှိုက်ရှိုက် ရှိုက်ရှိုက် သွားတာ မြင်ရသလိုဘဲ ခပ်လျော့လျော့ကလေး စိတ်ကိုထားလျှင် အင်မတန်ကောင်းတယ်၊ အသက်ရှူတဲ့ လေဝင် လေထွက်တောင် မြင်နေတတ်တယ်။

ဒါကြောင့် ကြိုးစားပြီးသကာလ စိတ်ကလေးငြိမ်ငြိမ်နဲ့ ဘာမှမတွေးတောမူ၍ တနေ့ကဆုံးမတဲ့ ပါရမီကလေး သွင်းပြီးတော့လဲ နာနာမှတ်ကြ။

ကဲ....တနာရီစေ့ပါပြီ....

မျက်လုံးမဖွင့်နဲ့ ပေါ်ဒါမှတ်၍ ဖြေးဖြေးလေးပြင်ကြ။ လက်ပြင်လျှင် လက်ထဲစိတ်ဖြန့် ခြေထောက်ပြင်လျှင် ခြေထောက်ထဲစိတ်ဖြန့်၊ ကိုယ်ကြီးပြင်ချင်တယ်ဆိုလျှင် ကိုယ်ကြီးထဲစိတ်ဖြန့်၊ ပေါ်ဒါမှတ်၍ ဖြေးဖြေးကလေး, ဖြေးဖြေးကလေး, အမှတ်ကလေးနဲ့ပြင်ကြ၊

ပြင်ပြီးလို့ရှိလျှင်လဲဘဲ မှတ်မြဲမှတ်နေကြ၊ ဆုံးမတုံး, တရားနာတုံးလဲ အမှတ်မလွှတ်ဘူးဆိုလျှင် ဒါလဲဘဲ ဖြစ်,ပျက်,မြင်ဉာဏ်စဉ်တက်၍ မဂ်ဝင်,ဖိုလ်ဝင်, နိဗ္ဗာန်ဝင်, နိုင်ပါတယ်လို့မှတ်ကြ။

အင်း....ရွှေစစ်,မစစ်,ပန်းတိမ်မှတ်ကျောက်တင်သကဲ့သို့ ကိုယ်ခန္ဓာနဲ့ မှတ်ကျောက်တင်ရတယ်၊ ကိုယ့်ခန္ဓာသည် ဘယ်အဆင့်အတန်းကို ငါရောက်တယ်လို့ မှတ်ကျောက်ကလေး တင်ဘို့ "အရိယာလေးပါး"နဲ့ ဆုံးမမယ်။

**အရိယာလေ ပါးနဲ့ဆုံးမပုံ။**

အရိယာလေးပါး။

(၁) အာစာရအရိယာ၊

(၂) ဒဿနအရိယာ၊

(၃) လိင်္ဂအရိယာ၊

(၄) ပဋိဝေဓအရိယာ၊

**အာစာရအရိယာ။**

တရားအားထုတ်ပါက "အာစာရအရိယာ"တဲ့....။

တရားအားထုတ်တဲ့ပုဂ္ဂိုလ်ကို ဘာအရိယာခေါ်သလဲ ?

॥ အာစာရ အရိယာခေါ်ပါတယ်ဘုရား။ ॥

အာစာရအရိယာတဲ့....။

အာစာရက=တရား အားထုတ်တာ ခေါ်တယ်တဲ့၊ တရား အားထုတ်ထာခေါ်တယ်။

အရိယာက=ဗမာပြန်လျှင်၊ ကိလေသာဝေးတယ်ဆိုတဲ့ဂုဏ်၊ ဖြူစင်သန့်ရှင်းခြင်းတည်းဟူသောဂုဏ်၊ မြတ်တယ်ဆိုတဲ့ဂုဏ်၊ ဒီဂုဏ်, သုံးဂုဏ်,နဲ့ ပတ်သက်၍၊ အရိယာခေါ်တယ်။ ॥

တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ, သီလ, မပါဘူးလား ?

॥ ပါ,ပါတယ်ဘုရား။ ॥

သီလပါလျှင်၊ ကိုယ်နဲ့,နှုတ်နဲ့, လွန်ကြူးတဲ့, "ဝီတိက္ကမ-ကိလေသာ"တွေ ဝေးပြီးတော့သွားတတ်။

သမာဓိမပါဘူးလား ?

॥ ပါ,ပါတယ်ဘုရား။ ॥

သမာဓိ ပါမယ်ဆိုလျှင်၊ စိတ်နဲ့,လွန်ကြူးတဲ့, "ပရိယုဋ္ဌာန-ကိလေသာ"တွေလဲ ဝေးပြီးတော့သွားတတ်။ ॥

ပညာမပါဘူးလား ?

॥ ပါ,ပါတယ်ဘုရား။ ॥

ပညာပါမယ်ဆိုလျှင် ဒိဋ္ဌိ အ ငုတ် မှား ဆို တဲ "အနုသယ-ကိလေသာ"တွေဝေးပြီးတော့ သွားတတ်၊ အဲဒါ "ဂုဏ်တခု"

ဤကဲ့သို့ ကိလေသာတွေ ဝေးပြီးတော့ သွားမယ်ဆိုလျှင်၊ ကိုယ်နှုတ်လဲ ဖြူစင်သန့်ရှင်းတယ်၊ စိတ်လဲဘဲ ဖြူစင်သန့်ရှင်းတယ်၊ နာမ်ရုပ်လဲဘဲ ဖြူစင်သန့်ရှင်းတယ်၊ "ဂုဏ်နှစ်ခု"

ဖြူစင်သန့်ရှင်းမယ်ဆိုလျှင် ကိုယ်နှုတ်လဲမြတ်တယ်၊ စိတ်နှလုံးလဲမြတ်တယ်၊ နာမ်ရုပ်လဲမြတ်တယ်၊ ဂုဏ်တခု=ဂုဏ်သုံးဂုဏ်။

ဒီ-ဂုဏ်သုံးဂုဏ်နဲ့ ပတ်သက်ပြီးသကာလ၊ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ဟာ "ကလျာဏ ပုထုဇဉ်"ဖြစ်တယ်၊ ဒီလိုပင် ဖြစ်ငြားသောလဲ ဂုဏ်သုံးဂုဏ်နဲ့ပတ်သက်၍ တင်စားပြီး သကာလ.... "အာစာရအရိယာ"လို့ ခေါ်ရပါတယ်လို့ ဆိုတာမှတ် တချက်။

**ဒဿန အရိယာ။**

တရားအားထုတ်လိုက်တော့ နာမ်ရုပ်တွေ မမြင်ဘူးလား ?

။ မြင်ပါတယ်ဘုရား။ ။

ဖြစ်ပျက်တွေ မမြင်ဘူးလား ?

။ မြင်ပါတယ်ဘုရား။ ။

ရုပ်, နာမ်, ဖြစ်,ပျက်, မြင်ပါက "ဒဿနအရိယာ"တဲ့၊ရုပ်နာမ် မြင်တဲ့ပုဂ္ဂိုလ်ဟာ ဒဿနအရိယာ ခေါ်တယ်။

ဒဿနက=မြင်တာခေါ်တယ်၊

အရိယာက=ဝေးတာခေါ်တယ်၊

ကိလေသာဝေးတယ်ဆိုတဲ့ဂုဏ်တခု။

ဖြူစင်သန့်ရှင်းခြင်းတည်းဟူသော ဂုဏ်တခု။

မြတ်တယ်ဆိုတဲ့ဂုဏ်တခု။

ဤဂုဏ်သုံးဂုဏ်နဲ့ပတ်သက်၍၊ နာမ်ရုပ်မြင်တာဟာ....

အကျိုး, နာမ်, ရုပ်, မြင်ပါက "ကလျာဏ ပုထုဇဉ်"

အကြောင်း, နာမ်,ရုပ်,ကို မြင်ပါက, စူဠသောတာပန်။

အကျိုး,နာမ်,ရုပ်,ကို မြင်တဲ့,ကလျာဏပုထုဇဉ်,သည်၊ ဂုဏ်သုံးဂုဏ်နဲ့ ပတ်သက်၍, အရိယာပင် မဟုတ်ငြားသော်လည်း တင်စားပြီးသကာလ "ဒဿနအရိယာ"ခေါ်ရတယ်။

ဂုဏ်သုံးဂုဏ်, အကျိုးနာမ်, ရုပ်ကိုမြင်တဲ့၊ ကလျာဏပုထုဇဉ်, ဟာ-ဒိဋ္ဌိကိလေသာ,တွေ ဝေးပြီးတော့မသွားဘူးလား ?

॥ ဝေးသွားပါတယ်ဘုရား။

ဟော....ဒိဋ္ဌိဝေးသွားတယ်၊ တစ်နံပါတ် ဒိဋ္ဌိကိလေသာတွေ ဝေးပြီးတော့သွားမယ်ဆိုလျှင်၊ နှစ်နံပါတ် အကုသိုလ်ကံ ကိလေသာတွေလဲဘဲ ဝေးပြီးတော့ သွားတတ်တယ်၊ ဝေးပြီးတော့ သွားမယ်ဆိုလို့ရှိလျှင် နာမ်ရုပ်လဲဘဲ ဖြူစင်သန့်ရှင်းတယ်၊ ဖြူစင်သန့်ရှင်းမယ်ဆိုလို့ရှိလျှင် နာမ်ရုပ်လဲ မြတ်လဲမြတ်တယ်၊ ဒီလို ဂုဏ်သုံးဂုဏ်နဲ့ ပတ်သက်ပြီးသကာလ ကလျာဏပုထုဇဉ်ပင် ဖြစ်ငြားသော်လဲဘဲ "ဒဿနအရိယာ"လို့ တင်စား၍ ခေါ်ရပါတယ်။

အကျိုးနာမ်ရုပ်ကို မြင်တဲ့ စူဠသောတာပန်လဲဘဲ၊ ဂုဏ်သုံးဂုဏ်နဲ့ ပတ်သက်ပြီးသကာလ တင်စား၍ "ဒဿနအရိယာ"လို့ ခေါ်ရပါတယ်။

ဂုဏ်သုံးဂုဏ် စူဠသောတာပန်သည်တဲ့ ဝိစိကိစ္ဆာဆိုတဲ့ ကိလေသာတွေလဲဘဲ ဝေးပြီးတော့သွားတတ်။

အဲဒီ-ဒိဋ္ဌိကိလေသာတို့နဲ့ ပတ်သက်ပြီးသကာလ "ဝိသမဟေတုကဒိဋ္ဌိ"ဆိုတဲ့ ကိလေသာတွေလဲဘဲ ဝေးပြီးတော့ သွားတတ်တယ်။

"သိလဗ္ဗတပရာမာသဒိဋ္ဌိ"ဆိုတဲ့ ကိလေသာတွေလဲဘဲ ဝေးပြီး တော့သွားတတ်။

"ဣဒံသစ္စာဘိနိဝေသ ကာယဂန္ထ"ဆိုတဲ ဒိဋ္ဌိကိလေသာတွေလဲ ဝေးပြီးတော့သွားတယ်တယ်။

အဲဒီ ဒိဋ္ဌိနဲ့ ပတ်သက်ပြီးသကာလ နှစ်နံပါတ်ဆိုတဲ့ အကုသိုလ်က ကိလေသာတွေလဲ ဝေးပြီးတော့ သွားတတ်တယ်။

ဝေးပြီးတော့ သွားမယ်ဆိုလို့ရှိလျှင် အကြောင်းနာမ်ရုပ်မှာ လဲဘဲ ဖြူစင်သန့်ရှင်းပြီးတော့ သွားတတ်တယ်၊ ဖြူစင်သန့်ရှင်း ပြီးတော့ သွားမယ်ဆိုလို့ရှိလျှင် အကြောင်းနာမ်ရုပ်မှာလဲဘဲ မြတ် လဲမြတ်တယ်၊ ဤလိုဂုဏ်သုံးဂုဏ်နှင့် ပတ်သက်ပြီးသကာလ "စူဠ- သောတာပန်"ဟာ ပုထုဇဉ်ပင် ဖြစ်ငြားသော်လဲဘဲ တင်စား၍ "ဒဿနအရိယာ"လို့ ခေါ်ရပါတယ်၊ တချက်မှတ်ထား။

ဖြစ်ပျက်ကိုမြင်တဲ့ ပုဂ္ဂိုလ်မှာ "ကာလသုံးခွင် ဖြစ်ပျက်ကိုမြင် တဲ့ ပုဂ္ဂိုလ်တစား" "ပေါ်တုံးသာ ဖြစ်ပျက်မြင်တဲ့ပုဂ္ဂိုလ်တစား" တဲ့ အဲဒီပုဂ္ဂိုလ်ဟာ "အာရဒ္ဓဝိပဿက" ပုထုဇဉ်လို့ခေါ်တယ်၊ ပုထုဇဉ်ပင် ဖြစ်ပင်ဖြစ်ငြားသော်လဲဘဲ၊ ကိလေသာဝေးတယ်ဆိုတဲ့ ဂုဏ်တခု၊ ဖြူစင်သန့်ရှင်းခြင်းတည်းဟူသောဂုဏ်တခု၊ မြတ်တယ် ဆိုတဲ့ဂုဏ်တခု၊ ဒီဂုဏ်သုံးဂုဏ်နဲ့ ပတ်သက်၍ တင်စားပြီးသကာလ "ဒဿနအရိယာ"လို့ ခေါ်ရတယ်။

ဂုဏ်သုံးဂုဏ် အာရဒ္ဓဝိပဿကပုဂ္ဂိုလ်မှာ ဖြစ်ထာကိုမြင်သည့် အတွက်ကြောင့် "ဥစ္ဆေဒ"ဆိုတဲ့ ဒိဋ္ဌိကိလေသာတွေလဲ ဝေးပြီး တော့ သွားတတ်တယ်၊ ပျက်ထာကို မြင်သည့်အတွက်ကြောင့် သဿတဒိဋ္ဌိ,နိစ္စဒိဋ္ဌိ,ဆိုတဲ့ ကိလေသာ, သုခဒိဋ္ဌိဆိုတဲ့ကိလေသာ,

အတ္တဒိဋ္ဌိဆိုတဲ့ ကိလေသာ အဲဒီကိလေသာတွေလဲဘဲ ဝေးပြီးတော့ သွားတတ်ပါတယ်။

ဝေးသည် ဖြစ်လေသောကြောင့်, နာမ်ရုပ်, စိတ်အစဉ်မှာ ဖြူစင်,သန့်ရှင်း,ပြီးတော့ သွားတတ်ပါတယ်၊ ဖြူစင်သန့်ရှင်း ပြီးတော့ သွားတတ်သည်ဖြစ်လေသောကြောင့် နာမ်ရုပ်နဲ့, ဖြစ်ပျက်,မြင်တဲ့ဉာဏ်ဟာ မြတ်လဲမြတ်ပါတယ်။

ဤကဲ့သို့ ဂုဏ်သုံးဂုဏ်နဲ့ ပတ်သက်ပြီးသကာလ ဖြစ်ပျက်,ကို မြင်တဲ့ အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်ဟာ တင်စားပြီး သကာလ "ဒဿနအရိယာ"လို့ ခေါ်ရပါတယ်၊အရိယာအစစ်တော့မဟုတ် သေးဘူး တင်စားပြီးတော့ခေါ်တယ် အရိယာနဲ့လဲတူလို့တဲ့။

**လိင်္ဂအရိယာ။**

နောက်ပြီးတော့ အပျက်ကိုမြင်ပါများတော့ ကြောက်စရာထင်၊ အပြစ်တွေ့တရေးရေးမြင် မုန်းစိတ်လဲ,ဝင်လာတယ်၊ ရုပ်နာမ်ဓမ္မကိုမုန်းပြီ၊ ရုပ်နာမ်ထူထောင်ထားတဲ့ သတ္တလောကကိုလဲ မုန်းပြီ၊ ရုပ်နာမ်, ထူထောင်ထားတဲ့ သြကာသလောက, ဘုံသုံးဆယ့်တစ်ကိုလဲမုန်းပြီ။

အာရုံခြောက်ပါးနဲ့ လှည့်ပြောမယ်ဆိုလျှင် မြင်ရတာကိုလဲ မုန်းပြီ၊ ကြားရတာ,ကိုလဲမုန်းပြီ၊ နံ့ရတာ,ကိုလဲမုန်းပြီ၊ စားရတာ, ကိုလဲမုန်းပြီ၊ ထိရတာ,ကိုလဲ မုန်းပြီ၊ သိရတာ,ကိုလဲမုန်းတယ်ခေါ် တယ်။

ဤကဲ့သို့ မုန်းလာပြီဆိုလျှင်, ဗလဝ,ဝိပဿနာ, တန်းတက်ပြီ၊ ဝိပဿနာ အတော် အားကောင်းလာပြီခေါ်တယ်၊ အတော့ကို အားကောင်းလာပြီဆိုလျှင်, "လိင်္ဂအရိယာ" တန်းတက်ပြီ။

စိတ်နေကိုယ်ထား ပြောင်းသွားပါက= "လိင်္ဂ အရိယာ" တဲ့။

စိတ်နေ စိတ်ထားလဲ ပြောင်းသွားပြီ အရင်စိတ်မျိုး မဟုတ်တော့ဘူး၊ ကိုယ်နေ ကိုယ်ထား၊ အသွားအလာ၊ အလုပ်အကိုင်၊ အပြောအဆို၊ အဝတ်အစား ဒါတွေလဲပြောင်းပြီ၊ အရင်က အမူအရာမျိုး မဟုတ်တော့ဘူး၊ အဲဒီလိုပြောင်းတဲ့ပုဂ္ဂိုလ်ဟာ "လိင်္ဂ" ခေါ်တယ်။

အဲဒီလိုပြောင်းသွားပြီဆိုလျှင် အရိယာလို့ တင်စားပြီး ခေါ်ရတယ်၊ ပြောင်းတဲ့ပုဂ္ဂိုလ်ကတော့ သူကတော့ အာရဒ္ဓဝိပဿက ပုထုဇဉ်ဘဲခေါ်တယ်၊ အင်း....ပုထုဇဉ်ဘဲရှိသေး၊ သို့သော်လဲဘဲ "ကိလေသာဝေးတယ်ဆိုတဲ့ ဂုဏ်တခု" ဖြူစင်သန့်ရှင်းခြင်းတည်းဟူသောဂုဏ်တခု" "မြတ်တယ်ဆိုတဲ့ဂုဏ်တခု" ဒီဂုဏ်သုံးဂုဏ်နဲ့ ပတ်သက်ပြီးသကာလ တင်စားပြီးတော့ ခေါ်ရပါတယ်" လိင်္ဂအရိယာ" လို့ တင်စားပြီးတော့ ခေါ်ရပါတယ်လို့ ဆိုတာမှတ်။

အင်း....ကိလေသာဝေးပုံ။ အဲဒီပုဂ္ဂိုလ်ကတော့ ကိလေသာဟာ အတော်ဘဲ ဝေးသွားတတ်၊ သူက ရဟန္တာနဲ့ တူတော့ အတော်ဘဲဝေးသွားတယ်၊ သူက ရဟန္တာနဲ့ နဲနဲလေး တန်းတူတယ်၊ ရဟန္တာကိုယ်တော်မြတ်မှာလဲဘဲ အကုန်လုံး အမူအရာ၊ စိတ်နေစိတ်ထား၊ ကိုယ်နေကိုယ်ထား၊ အလုပ်အကိုင်၊ အသွားအလာ၊ အကုန်လုံး ပြောင်းပြစ်လိုက်သလိုဘဲ "အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်" "လိင်္ဂအရိယာ" တန်းတက်လာပြီဆိုလို့ ရှိလျှင် သူလဲဘဲ အကုန်ပြောင်း၊ အကုန်ပြောင်းတယ်ဆိုတော့ ကိလေသာမှန်သမျှလဲဘဲ တဒင်္ဂ တဒင်္ဂ၊ ဝိက္ခမ္ဘန လောက် အကုန်လုံးဘဲဝေးပြီးတော့ သွားတတ်။

ဝေးပြီးတော့သွားတတ်လေသောကြောင့် နာမ်ရုပ်နဲ့ ဖြစ်ပျက်မြင်တဲ့ဉာဏ်ဟာဖြင့် ဖြူစင်သန့်ရှင်းတယ်။ ဖြူစင်သန့်ရှင်းသည်ဖြစ်လေသောကြောင့် နာမ်ရုပ်နဲ့ ဖြစ်ပျက်မြင်တဲ့၊ဝိပဿနာဉာဏ်သည် "မြတ်လဲမြတ်တယ်, ကောင်းလဲကောင်းတယ်"

ဤကဲ့သို့ ဂုဏ်သုံးဂုဏ်နဲ့ ပတ်သက်ပြီး သကာလ "အာရဒ္ဓ-ဝိပဿက, ပုထုဇဉ်ပင် ဖြစ်ပင်ဖြစ်ငြားသော်လဲဘဲ "လိဂ်အရိယာ" လို့ တင်စားရှိခေါ်ရတယ်။

ဤကဲ့သို့ လိဂ်အရိယာ တန်းတက်တဲ့ပုဂ္ဂိုလ်ဆိုလျှင် စိတ်တမျိုး ပြောင်းသွားသည် ဖြစ်လေသောကြောင့် ဆရာတော်ညက ပြောပြတဲ့အတိုင်း၊ အင်း....မိမိစိတ်နဲ့ အိမ်သူ၏စိတ်သည် မတူတော့ဘူး စိတ်ခြင်းကွဲသွားတတ်တယ်၊ စိတ်ခြင်းမတူတတ်ပါစိတ်ခြင်းမတူငြားသော်လဲဘဲ ကိုယ်ခြင်းတော့ မဆန့်ကျင်ဘူး တရားမြင်တဲ့ပုဂ္ဂိုလ်ဟာဖြင့် ဆန့်ကျင်ဘက်သိပ်မရှိဘူး။

**သိအပ်စရာ-ဥပမာ။**

မနူဥာရီပုဏ္ဏေးမ သောတာပန်မနဲ့ ဘာရဒွါဇပုဏ္ဏားမိစ္ဆာဒိဋ္ဌိ အိမ်ထောင်ကျတော့ သောတာပန်မကတော့ မစ္ဆရိယတဲ့ ဝန်တိုခြင်းဆိုတာ အမြစ်ကစပြီး မင်္ဂနဲ့ဖြတ်လိုက်တယ်၊ ဣဿာငြူစူစောင်းမြောင်းခြင်း ဆိုတာလဲဘဲ မင်္ဂနဲ့အမြစ်က စပြီးတော့ဖြတ်လိုက်တယ်၊ သောတာပန်စစ်စစ် ဖြစ်လာပြီလျှင် ဝန်တိုတာမရှိရဘူး၊ ငြူစူစောင်းမြောင်းတာ မရှိရဘူး၊ ဒါကြောင့်လင်နဲ့ ပတ်သက်ပြီး သကာလ မိစ္ဆာဒိဋ္ဌိတွေ အိမ်များကြွလာပြီဆိုလျှင် ညှော်ဝတ်စောင်ဝတ်ကြေအောင် လုပ်ပေးတာဘဲ။

သောတာပန်ဖြစ်သော မိန်းမနှင့်ပတ်သက်၍ ဘုရားရှင်ကြွလာတယ်၊ သာဝကဖြစ်တဲ့ ရဟန္တာကိုတော်တွေများ ကြွပြီးတော့လာပြီဆိုလျှင် လင်က မိစ္ဆာဒိဋ္ဌိဖြစ်တော့ မလာစေချင်ဘူး မလှူတန်းစေချင်ဘူး၊ မလာစေချင်ရုံမျှမက အိမ်ကိုရောက်လာပြီဆိုလို့ ရှိလျှင် သဘောမကျတဲ့ အဓိပ္ပါယ်မျိုးဖြင့် မျက်နှာကလဲစူ ဆူလဲဆူ အိမ်ပေါ်လဲနေလို့မရ တခါထဲ ကြမ်းတွေဆောင့်နင်းပြီးသကာလ တခြားထွက်သွားတော့တာဘဲ လင်ကမနေတတ်ပုံ။

မိန်းမကတော့ သောတာပန်မ တရားရင်ဖြစ်သည့် အားလျော်စွာ ဘာမှလဲ စိတ်နေ စိတ်ထား မပြောင်းဘူး၊ ကိုယ်နေကိုယ်ထား အလုပ်အကိုင် အသွားအလာတွေလဲဘဲ မပြောင်းပါဘဲနဲ့ လင်ဝတ္တရားကြေအောင် ပြုစုပြီးတော့ နေတတ်တယ်။

တနေ့သ၌ လင်ကပြောတယ်၊ တို့ပုဏ္ဏားတွေ နက်ဖန်ခါ ထမင်းကျွေးမယ်လို့ ငါဘိတ်ခဲ့တယ်တဲ့၊ မိန်းမကိုပန်ကြားတယ်။

သောတာပန်မက ဘိတ်ထားပေါ့ ကျမ ဘာလုပ်ရမလဲ?

လုပ်စရာတော့ မရှိပါဘူး၊ အကုန်လုံး အဆင်သင့်လုပ်ကိုင်ပြီးပါပြီ....သို့ပေမဲ့ ငါတခုတော့ပြောချင်တယ်၊ နင်ဟာလေ....နင်တို့ဘုရားကိုအမှတ်ရလျှင် နင်တို့ဘုရားဘက်သို့လှည့် လက်အုပ်ချီပြီးတော့ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" လို့ သုံးကြိမ်ကျယ်ကျယ်ကြီးဆိုတာတော့ ငါတားမြစ်ချင်တယ်၊ နက်ဖြန်ကာတနေ့တော့ မဆိုပါနဲ့ တို့ပုဏ္ဏားတွေ ဒီအသံကြားလျှင် နှလုံးထိုလွန်းလို့ ရင်ခုံလွန်းလို့ အဲဒါ.... ဒီဟာကလေး တခုတော့ နင်မဆိုပါနဲ့ အဲဒါ တခုတော့ ငါတောင်းပန်ချင်ပါတယ်လို့ လင်ကပြောတယ်။

ဒီတော့....သောတာပန်မက ကျမလေ ဘုရားကို အမှတ်မရလျှင်တော့ နေနိုင်ပါတယ်၊ အမှတ်ရလျှင်တော့ ကျမ မဆိုဘဲနဲ့ ဘယ်နည်းနဲ့မှ မနေနိုင်ပါဘူးလို့ ပြောတယ်။

ပုဏ္ဏားကြီးက မဟုတ်ပါဘူး၊ နက်ဖြန်ခါ တနေ့ကလေးပါ၊ တို့ပုဏ္ဏားတွေ ဒီအသံကြားလျှင် နှလုံးတုံ ရင်ခုံလွန်းလို့၊ အော့စရာ အံ့စရာ မသတီစရာ စက်ဆုတ်စရာတွေ ဖြစ်လွန်းလို့ပါလို့ ခယ ဝပ်တွား တောင်းပန်ရှာတယ်။

သောတာပန်မက မရဘူး၊ ဘုရားကို အမှတ်မရလျှင်တော့ ကျမနေနိုင်ပါတယ်၊ အမှတ်ရလျှင်တော့ ဘယ်နည်းနဲ့မှ မနေနိုင်ပါဘူးလို့ အဲဒီလိုပြောတော့....

မဟုတ်ပါဘူးဟာ တနေ့ကလေးပါ။

ဟာ....တနေ့လေးလဲ ကျမ မနေနိုင်ဘူး။

ပုဏ္ဏားကြီးစိတ်ဆိုးလာရော နင့်ပါးစပ် လက်နှစ်သစ်လောက်ရှိတာ တနေ့ကလေးမှ နင်မပိတ်နိုင်ဘူးလား။

ဟာ....မပိတ်နိုင်ဘူး။

ဒီလောက်တောင် နင် ငါ့စကားနားမထောင်တာ နင်သေပေရော့လို့ ခေါင်းအုံးနားမှာထားတဲ့ သံလျက်ကို ဆွဲပြီးတော့ ခုတ်မလို ထိုးမလို လုပ်တယ်။

သောတာပန်မက အသက်စွန့်....ကျမ ဘုရားတော့ ဘယ်နည်းနဲ့မှ မစွန့်နိုင်ဘူး၊ ကျမအသက် သေချင် သေပါစေ၊ ဘုရားတော့ ကျမခန္ဓာအပ်လိုက်ပြီ၊ ကဲ....ခုတ်ချင်သလိုခုတ်၊ ထိုးချင်သလိုထိုး ပေတော့လို့ ခွင့်ပေးလိုက်တယ်။

ခွင့်ပေးလိုက်တော့ မလုပ်ရဲဘူး၊ တရားရင်ကို မလုပ်ရဲဘူး၊ တရားရင့်တကယ်လုပ်မယ်ဆိုလျှင် မျက်မြင်ဒိဋ္ဌဓမ္မ အကျိုးပေးတတ်တယ်၊ ဒါတွေ လက်တွေ့ဖြစ်တော့ မလုပ်ရဲဘူး၊ မလုပ်ရဲတော့ သံလျက်ပြန်ချ ခေါင်းအုံးနား အသာပြန်ထားပြီးတော့ လောကစကား "ကုလာမနိုင်ရခိုင်မဲ့" နောက်ပြီးတော့ "ကြွက်မနိုင် ကျီမီးရှို့" ဆိုတဲ့ စကားမျိုးလိုဘဲ ပြောလို့မရဘူး၊ ပြောလို့မရတော့ ဘုရားဘက်လှည့်ပြီးတော့ တခါထဲ ငြိုးတာဘဲ၊ နင် ဒီလောက်တောင်မှ ပြောလို့မရဘူး နင်တို့ဘုရားအကြောင်း ငါသိရအောင် သွားမေးအုံးမယ်လို့ ဒီလိုပြန်ပြောလိုက်တော့။

သွားမေးပါ၊ သွားမေးပါ၊ ဘုရားအကြောင်း ကောင်းကောင်းကြီး သိပါလိမ့်မယ်။

အဲဒီလိုထားလိုက် နက်ဖြန်ခါကျတော့လေ ပုဏ္ဏားတွေလာ မိန်းမကလဲ အိမ်မှာ ဝတ္တရားကြေအောင် တခါထဲ လိုက်ပြီးတော့ ထမင်းဟင်းတွေ လိုက်စရာရှိတာလိုက်၊ ခင်းစရာရှိတာခင်း၊ အဲဒီလိုလိုက်နေရင်း မတ်တက် ကြမ်းပေါက်ကလေးကို နင်းမိဟန်တူတယ် ဖြုံးကနဲ ကြမ်းပေါက်ကျွံသွားတော့ သတိလဲထား ဒုက္ခရောက်လျှင် ချက်ခြင်းဘုရားမြင်တာဘဲ၊ သောတာပန်မတို့ အလေ့အထ လုပ်ထားရတယ်၊ ပုထုဇဉ်တွေလဲဘဲ လုပ်ထားရတယ်၊အရေးကြီးတဲ့တခုရှိ၊ ဒုက္ခရောက်တဲ့တခုရှိလျှင် ဘုရားမြင်အောင်လုပ်ထားရတယ်၊ ချက်ခြင်းဘုရားမြင်၊ မြင်လျှင်မြင်ခြင်း၊ တခါထဲ ဘုရားဘက်လှည့် လက်အုပ်ချီ "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" လို့ သုံးကြိမ်ကျယ်ကျယ်ကြီး ဆိုလိုက်တယ်။

ပုဏ္ဏားတွေကြား,ကြားတော့ ကြက်သရေမရှိတဲ့မိန်းမ, အင်မတန် ရှုံစရာကောင်းတဲ့မိန်းမ, မိန်းမယုတ်မျိုး ဘာဖြစ်လို့ ဒီအိမ်ပေါ်မှာထားရသလဲ ပုဏ္ဏားတွေက, တချို့လဲ ထမင်းပါးစပ်ထဲရောက်, ထွီ,ထွင်,နဲ့ တခါထဲထွေးပစ်လိုက်၊ တချို့လဲ လက်ထဲမှာ ထမင်းဆုတ်ထား, လွှင့်ပစ်လိုက် ခုံပေါ်မှာဆိုလို့ ရှိလျှင်လဲဘဲ ထမင်းပန်းဂံတွေ,ဘာတွေ, တခါထဲမှောက်ပြစ်လိုက်, ဟင်းတွေ, ဘာတွေ,သွန်ပြစ်၊ သွန်ပြစ်ပြီးသကာလ တခါထဲ ကြမ်းတွေ, ဆောင့်နင်းပြီးတော့ တခါထဲထွက်သွားတာဘဲ အိမ်မှာ ပုဏ္ဏားတွေ တယောက်ကမှ မကျန်ရစ်ဘူး။

ကဲ....ငါမပြောဘူးလား, တို့ပုဏ္ဏားတွေ, ဒီအသံကြားလျှင်, နှလုံးတုံ့,ရင်ခုံ့,အော့စရာ,အံစရာ, မသတီစရာ,ဖြစ်လွန်းလို့ တနေ့လေးဆိုင်းပါဆိုနင်မဆိုင်းဘူး၊ ယခု အရှက်တကွဲ အကျိုးနဲ့ဖြစ်ပြီ၊ အရှက်တကွဲအကျိုးနဲ့ဖြစ်ပြီ၊ တို့ဘယ့်နယ်လုပ်မလဲ ငါမပြောဘူးလား, ငါပြောတာ နင် နားမထောင်ဘူး, ငါပြောတာ နင်နားမထောင်ဘူး။

ကဲ....ဒီလောက်တောင် နင်တို့ဘုရားနင်စွဲတယ်၊ နင်တို့ဘုရားအကြောင်းသိအောင် ငါသွားမေးအုံးမယ်လို့ဆိုတော့ တခါထဲ ဘုရားဆီလွှတ်လိုက်တယ်၊ ဘုရားဆီရောက်သွားရော။

ရှင်ကြီးဂေါတမ, ရှင်ကြီးဂေါတမတို့သည် ဘယ်တရားကိုသတ်လျှင် ချမ်းချမ်းသာသာ နေရ,ထိုင်ရ,အိပ်ရ,ပါသလဲ၊ ဘယ်တရားကိုသတ်လျှင် ချမ်းသာစွာ နေရပါသလဲ၊ ဘယ်တရားကိုသတ်ထာ ရှင်ကြီးဂေါတမတို့ · အကြိုက်ဆုံးဖြစ်ပါသလဲလို့ မေးလိုက်တယ်။

ဘုရားက သိတာဘဲ "ပရစိတ္တဝိဇာနန အဘိညာဉ်"ရတဲ့ ပုဂ္ဂိုလ် သူမိန်းမကို စိတ်ဆိုးပြီးသကာလ တညလုံးမအိပ်ရဘူး၊ တညလုံး ချမ်းချမ်းသာသာ မနေရဘူး၊ အဲဒီစိတ်ခေတ်နဲ့ ကိုက်ပြီးတော့ သူကမေးတာဘဲ။

ပုဏ္ဏား, စိတ်ဆိုး,စိတ်ညစ်, စိတ်ကောက်, စိတ်မချမ်းသာဆို တဲ့ "ဒေါသ"ကို သတ်မယ်ဆိုလျှင် ချမ်းချမ်းသာသာလဲ နေရ ပါတယ်, ချမ်းချမ်းသာသာလဲ အိပ်ရပါတယ်, တို့ဘုရားရှင် ကိုယ်တော်မြတ်တို့သည် အဲဒီ"ဒေါသ"တလုံးကို, စိတ်ဆိုးတာ တလုံးကို သတ်ထာ အကြိုက်ဆုံးပုါဘဲလို့ ဖြေလိုက်တော့ စိတ် ခေတ်နဲ့ကိုက်၊ သဘောကျလာတယ်၊ သဘောကျ သာသနာ ဘက် သက်ဝင်လိုက်တဲ့အခါမှာ သစ္စာလေးပါး မြတ်တရား ပိုင်း ခြားထင်ထင် သိမြင်အောင်ဟောလိုက်တဲ့ အခါမှာ ဆိုလို့ရှိလျှင် သောတာပန်ဖြစ်သွား။

သဘောခြင်း တူမသွားဘူးလား မယားကလဲ သောတာပန်, လင်ကလဲသောတာပန်, ဟော....သောတာပန် ဖြစ်မယ်ဆိုလျှင် သူတို့မိစ္ဆာဒိဋ္ဌိပုဏ္ဏားတွေ အိမ်မကပ်ရတော့ဘူး၊ လင်မယား နှစ် ယောက်စလုံးဘဲ ဘုရား,တရား,သံဃာ,ရတနာသုံးပါးကို ယုံကြည် တဲ့ အဝိဂမသဒ္ဓါ,ရောက်သွား လင်မယား နှစ်ယောက်စလုံးဘဲ သူတို့မှာဆိုလို့ရှိလျှင် ငါးပါးသီလ အရင်းကစပြီးတော့ လုံသွား ပြီတဲ့ အဲဒါ "လိင်္ဂအရိယာ"တန်းတက်ပုံ။

**ပဋိဝေဓအရိယာ။**

နောက်ပြီးတော့ဆိုလျှင်လဲဘဲ ဒုန "မုံးလျှင်လွတ်ချင်, ထင် ရှုမှုလွှတ်မည်ဆင်, ဖြစ်ပျက်,ကိုဘဲပြန်မြင်, ရှုရင်း,ရှုရင်း,နဲ့ပင်

"ဒါက အနုလောမဉာဏ် နောက်ပိတ်ဆုံး ပေါ် သိပျက် ရှုလိုက်တယ်၊ ရှုရင်းမတ်တတ် ရုပ်တဲ့နိဗ္ဗာန်ကြီးကို လှမ်းမြင်လိုက်တယ်၊ အဲဒါ "ပဋိဝေဓအရိယာ"

ရုပ်တဲ့နိဗ္ဗာန်ကြီးကိုမြင်ပါက မဂ်ဉာဏ် ဖိုလ်ဉာဏ်နဲ့ မြင်ပါက "ပဋိဝေဓ အရိယာ" တဲ့။

ပဋိဝေဓဆိုတာ= ဖေါက်ထွင်းပြီးတော့ သိတာခေါ်တယ်။

ဖေါက်ထွင်းပုံကလေး....။

ကိုယ်မှတ်နေတာက ဖြစ်ပျက်ကိုမှတ်နေတယ်၊ ဖြစ်ပျက်က ခန္ဓာတွင်းကနေ၁်....မှတ်တဲ့စိတ်ကကော ခန္ဓာတွင်းက မဟုတ်ဘူးလား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အတွင်းဖြစ်ပျက်ကို အတွင်းကမှတ်စိတ်နဲ့ မှတ်နေတာဘဲ၊ မှတ်ထာက ဖြစ်ပျက်ကလေး အဲဒါကျော်ပြီးသကာလ ရုပ်တဲ့နိဗ္ဗာန်ကြီးကိုသွားမြင်တာ အဲဒါ ဖေါက်ထွင်းပြီးတော့ မြင်တယ်ခေါ်တယ်။

ခန္ဓာကြီးမရှိဘူးလား ?

။ ရှိပါတယ်ဘုရား။ ။

ခန္ဓာရှိလျှင် ဖြစ်ပျက်မရှိဘူးလား ?

။ ရှိပါတယ်ဘုရား။ ။

အဲဒီဖြစ်ပျက်ကို မြင်သေးသလား ?

။ မမြင်တော့ပါဘုရား။ ။

မမြင်တော့ဘူး၊ မှတ်ထားနေ၁် ဖြစ်ပျက်ကိုကျော်ပြီးတော့ သွားမြင်တာခေါ်တယ်။

ဖြစ်ပျက်က....“လောက”ခေါ်တယ်။

ကျော်မြင်တာက....“ဥတ္တရ”ခေါ်တယ်။

စာစကား, အဲဒါ....လောကုတ္တရာဘဲ ရှိလျက်နဲ့, ဖြစ်ပျက်ရှိလျက်နဲ့, ဖြစ်ပျက်ခုန်ကျော်ပြီးတော့ သွားမြင်လိုက်ထာ အဲဒါ “အာရမ္မဏာဝုဋ္ဌာန” ခေါ်တယ်၊ အာရုံကျော်သွားတယ် ခေါ်တယ်၊ တချက်မှတ်ထား။

**လုပ်ငန်းမပိုင်-စာမနိုင်။**

အဲဒါ....တချို့ပြောတတ်တယ်၊ ခန္ဓာကြီးသည် အမြဲတန်း “ဖြစ်လိုက်,ပျက်လိုက်,ဖြစ်လိုက်, ပျက်လိုက်”ရှိတဲ့ ခန္ဓာကိုယ်ကြီးသည် ဒီမဆုံးတဲ့ ဖြစ်ပျက်တွေမှတ်နေလျှင် ဘယ်တော့ဆုံးမလဲ လို့ ပြောကြတယ်၊ လုပ်ငန်းမပိုင်ဘူး “လုပ်ငန်းမပိုင်,စာမနိုင်”စာက “ညာတော ဝုဋ္ဌာန”မဂ်ကျတဲ့ပုဂ္ဂိုလ်ဟာနှစ်ဘက်ထ,နှစ်ဘက်လွတ် ခေါ်တယ်, အာရုံလွတ်, ကိလေသာလွတ်,ခေါ်တယ်။

အာရုံက နကိုယ်က မှတ်နေတာက, ဖြစ်ပျက် အာရုံမှတ်နေတယ်၊ ယခုမဂ်ကျသွားတဲ့အချိန်မှာ ဖြစ်ပျက်, အာရုံ ရှိသေးသလား ?

။ မရှိတော့ပါဘုရား။ ။

ရုပ်ထာမြင်တယ် ခေါ်တယ်၊ ရှိတဲ့ဖြစ်ပျက်ကို ကျော်ပြီး သကာလ၊ မဖြစ်မပျက်ဆိုတဲ့ နိဗ္ဗာန်တဘက် ကမ်းသွားမြင်တယ် အဲဒါ အာရုံကျော်တယ် ခေါ်တယ်။

ကိလေသာထပုံ၊ ရင်တွင်နာမ်အစဉ်မှာ ဆိုလို့ရှိလျှင်၊ ဒိဋ္ဌိကိလေသာ မရှိဘူးလား ?

။ ရှိပါတယ်ဘုရား။ ။

နှစ်နံ့ပါတ်, အကုသိုလ်က ၊ ကိလေသာ,တွေ မရှိဘူးလား ?
॥ ရှိပါတယ်ဘုရား။ ॥

အဲဒီ-ကိလေသာဟာ, မင်္ဂကျလိုက်တဲ့ အခါမှာ၊ ထသွားတယ်၊ ကိလေသာလွတ်သွားတယ်၊ နောင်တဖန် ရင်တွင် နာမ်အစဉ်မှာ ကိလေသာတွေ ပြန်မဖြစ်တော့ဘူး ခေါ်တယ်၊ ဟုတ်ကြရဲ့လား ?
॥ ဟုတ်ပါတယ်ဘုရား။ ॥

အဲဒါမှ-မင်္ဂ,စစ်ခေါ်တယ်၊ ကြည့်, မင်္ဂ,စစ်တယ်၊ ဖြစ်ပျက်ရှိလျက်နဲ့,, ဖြစ်ပျက်ကိုကျော်ပြီးတော့၊ မဖြစ်မပျက်,ဆိုတဲ့ နိဗ္ဗာန်, တဘက်ကမ်းကို ဖေါက်ထွင်းပြီးတော့မြင်ပုံ။

ဥပမာ။ ॥ဆီးနှင်းမှုတိမ် သူရိန်မီးခိုး ညစ်မျိုးငါးအင်၊ ဖုံးလွှမ်းပြီးတော့နေတဲ့ လ,ကြီး-လ,ကြီးတော့ ထွက်နေသား မမြင်ရဘူး၊ မိုးပေါ် မော်ကြည့်မယ်ဆိုလျှင်၊ မှုတိမ်တွေမတွေ့ဘူးလား ?
॥ တွေ့ပါတယ်ဘုရား။ ॥

အဲဒါလေး ကြည့်နေ ဘာဘဲ ကြည့်နေရင်းမတ်တတ်, အဲဒီမှုတိမ်တိုကို လေတိုက်လိုက်တယ်၊ ကိုယ်ကကြည့်နေတာကတော့ မှုတိမ်ဘဲ၊ လေတိုက်လိုက်တော့၊ မြူတိမ်တွေ လွင့်မသွားဘူးလား ?
॥ လွင့်သွားပါတယ်ဘုရား။ ॥

လွင့်သွားရင်းနဲ့ ဘာသွားတွေ့သလဲ ?
॥ လကြီးသွားတွေ့ပါဘုရား။ ॥

လကြီးသွားတွေ့တယ်၊ "မြူတိမ်ကိုမြင်တာနဲ့ဖြစ်ပျက်မြင်ဒါနဲ့တူတယ်၊" မြူတိမ်လွင့်သွားလိုက်တဲ့ အခါမှာ "လကြီးကိုမြင်တာနဲ့, ရုပ်တဲ့နိဗ္ဗာန်ကြီးကို မဂ်ဉာဏ်နဲ့မြင်တာနဲ့တူတယ်။"

"ပဋိဝေဓအရိယာ" သဘောကျပလား ?

။ ကျပါပြီဘုရား။ ။

အဲဒါဖေါက်ထွင်းပြီးတော့မြင်ဒါ- အဲဒီဖေါက်ထွင်းပြီးတော မြင်မယ်ဆိုလျှင် ဒါ-"ပဋိဝေဓ-အရိယာ" တကယ်-မဂ်ဉာဏ်, ဖိုဉာဏ်နဲ့မြင်မယ်ဆိုလျှင်၊ ခုနလို-သစ္စာလေးပါးကိုက်၊ ဒိဋ္ဌိအငုတ်သတ်, အကြောင်းပြတ်, အကျိုးရပ်,ဆိုတဲ့ သစ္စာလေးပါးနဲ့ ကိုက်သောကြောင့်....

ဒိဋ္ဌိအငုတ်သတ်မယ်ဆိုလျှင်၊ နှစ်နံပါတ်ဆိုတဲ့အကြောင်းတွေ အကုန်ပြတ်သည်ဖြစ်လေသောကြောင့်၊ ငါးပါးသီလ အရင်းကစ၍လုံတယ်။

ဒိဋ္ဌိပြုတ်သည် ဖြစ်လေသောကြောင့်၊ ဘုရားအစစ်ကိုလဲမြင်သည်၊ တရားတော် အစစ်ကိုလဲ မြင်ပြီ၊ သံဃာတော် အစစ်ကိုလဲ မြင်ပြီ၊ မြင်သည်ဖြစ်လေသောကြောင့်၊ ဘုရားဂုဏ်,တရားဂုဏ်, သံဃာဂုဏ်,ကို ယုံတဲ့သဒ္ဓါလဲဘဲ, အစိဂမသဒ္ဓါ, ဖြစ်လေသောကြောင့် တခါထဲစွဲသွားပြီ၊ စွဲသွားပြီ။

ဘယ်တော့မှရတနာသုံးပါးဂုဏ်ကို မယုံကြည်တဲ့"အတ္တနိယ" ဆိုတဲ့တရားမျိုးမဖြစ်တော့ဘူး။

ရတနာသုံးပါးဂုဏ်နှင့် ပတ်သက်ပြီးသကာလ၊ သို့လော, သို့လော,နဲ့ တွေးတောပြီးနေတဲ့ ဝိစိကိစ္ဆာမျိုးလဲ ဘယ်တော့မှ မဖြစ်တော့ဘူး။ ။

သောတာပန်တို့မဂ်တကယ်ကျပြီးသားဖြစ်တဲ့ ပုဂ္ဂိုလ်တို့အင်္ဂါ လေးပါး။

(၁) ဘုရားဂုဏ်ကိုယုံကြည်တဲ့, အဝိဂမသဒ္ဓါတခု၊
(၂) တရားဂုဏ်ကိုယုံကြည်တဲ့, အဝိဂမသဒ္ဓါတခု၊
(၃) သံဃာတော်ဂုဏ်ကို ယုံကြည်တဲ့, အဝိဂမသဒ္ဓါတခု၊
(၄) ငါးပါးသီလ, အရင်းကစပြီးတော့လုံတယ်ဆိုတဲ့အင်္ဂါ တခု။

အဲဒီ-အင်္ဂါလေးချက်နဲ့ ပြည့်စုံပြီးတော့ လာမယ်ဆိုလျှင်... ဒါ-ပဋိဝေဓအရိယာ”ဖြစ်ပါတယ်။

။ ရှင်းသွားပါပြီဘုရား။ ။

တနေ့က-မဂ်ဝင်ပုံ, ဖိုလ်ဝင်ပုံ, နိဗ္ဗာန်ဝင်ပုံ,တို့ကိုလဲ ကိုက်, ကိုက်,ပြီးတော့ကြည့်သွားနော်....။

ဒီကနေ့-အရိယာ လေးပါးနဲ့ ဆုံးမပြီတဲ့ ဤကဲ့သို့ ကနေ့ တရားမထိုင်ခင်ကလဲဘဲ မဂ်တွေ၊ မဂ္ဂင်တွေဖြစ်ပုံ, ကြွေးဆပ်ပုံ, တရားထိုင်ပြီးတဲ့ နောက်မှာလဲဘဲ, အရိယာလေးပါး,နဲ့ ဆုံးမပုံ၊ အင်မတန်မှလဲ ကုသိုလ်ထူး၊ မနက်,မနက်, တရားတို့သည်ကား အင်မတန်မှတရားထူး, တရားမြတ်, တရားစစ်, အနှစ်သာရချည်းဘဲ ယခုလို တရားမျိုးကို ကြားနာရခြင်းသည်၊ အင်မတန်ကုသိုလ် ရှိလို့ ကြားနာရပါပေတယ်လို့ ကိုယ့်ကုသိုလ်လေး, ကိုယ့်ပါရ-မီလေး, ကိုယ့်ဆုတောင်းလေး, ပြည့်သောအားဖြင့်၊ ဝမ်း မြောက်ခဲ့ပါလျှင်၊ သုံးကြိမ် သာဓု, ခေါ်နိုင်ကြပါစေကုန်

သာဓု-သာဓု-သာဓု....

ပြီးပြီ....

ကျေးဇူးရှင်

မူလ-ကသစ်ဝိုင်ဆရာတော်ဘုရားကြီးကိုယ်တိုင်

ဟောကြားတော်မူခဲ့သော

# ဥဒယဗ္ဗယဉာဏ်

# မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိခဏ်း

အလုပ်ပေးဝိပဿနာ ညတရားတော်

ဒုလ္လဘဒေသနာ

## ကျေးဇူးရှင်

## မူလ-ကသစ်ဝိုင် ဆရာတော်ဘုရားကြီး၏

# ဥဒယဗ္ဗယဉာဏ်

# မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိခဏ်း

## အလုပ်ပေးဝိပဿနာ ညတရားတော်

## ဒုလ္လဘဒေသနာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**လက်အုပ်ချီ ကန်တော့ပုံ။**

ဂါရဝနိဝါတဖြစ်အောင်၊ ရိုသေထိုက်အောင်၊ နှိမ့်ချထိုက်အောင်၊ လက်အုပ်ချီကြ လက်အုပ်ချီပြီးလျှင် မျက်လုံးမှိတ်ပါ။

ရင်တွင် နာမ်အစဉ်မှာရှိတဲ့ စေတနာကလေးက အသိဆိုတဲ့ ဉာဏ်မှန်ပြောင်းလေးတတ်ပြီးသကာလ ရှိခိုးခံရသော ရတနာသုံးပါးနှင့် ဆရာသမားတို့၏ရင်တွင် နာမ်အစဉ်မှာဝင်တဲ့ သီလ, သမာဓိ,ပညာ,ဂုဏ်ကိုမှန်း၍ ကြည်ညိုသော သဒ္ဓါထက်သန်သော စေတနာအသိဉာဏ်ပညာ ပြဋ္ဌာန်းပြီးကာ၊ ခန္ဓာမှာ လက်ငင်းဖြစ်ပျက်နေသော ရုပ်နာမ်မှုဖြင့် လေးလေးညီညီ ပြတ်ပြတ်ရှင်းရှင်း ကန်တော့ကြ။

ဆုပေး။

ပဿေနဒီ ကောသလမင်းကြီးသည် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ဆန့်တန်းသော ခြေတော်အစုံကြာပဒုံတို့ကို နဖူးဖြင့် ပွတ်တိုက်၍သော်၎င်း၊ ပါးဖြင့်ပွတ်၍သော်၎င်း၊ ပါးစပ်ဖြင့် စုတ်၍သော်၎င်း၊ လက်ဖြင့်နယ်၍သော်၎င်း၊ အမျိုးမျိုး အားရပါးရ ရှိခိုးလိုက်သောအခါ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက ဒကာတော် ဤမျှလောက် ရိုသေလေးစားပြီး ငါဘုရားအား ရှိခိုးခြင်းသည် ဘယ်လိုအသိဉာဏ်ထူးတွေပေါ်လို့ ရှိခိုးပါသလဲလို့ မေးတော်မူလိုက်သောအခါ ပဿေနဒီ ကောသလမင်းကြီးက မြတ်စွာဘုရား ဒကာတော်မှာ ရှေ့တုံးက အသိဉာဏ်ထူးတွေ ပေါ်ခဲ့ဘူးပါတယ်ဘုရား၊ အသိဉာဏ်ထူးတွေ ပေါ်ခဲ့ဘူးပုံ လျှောက်ထားပါရစေလို့ ခွင့်ပန်ပြီးတဲ့နောက် လျှောက်ထား လေသည်။

မြတ်စွာဘုရား ဒကာတော်မှာ စစ်တိုက်ထွက်သောအချိန်၌ အကျဉ်းအကြပ် အိမ်တခုမှာ ပိသုကာဆိုတဲ့ လက်သမားနှစ်ယောက်နှင့်အတူ နေရပါတယ်ဘုရား၊ လက်သမားနှစ်ယောက်ဟာဖြင့် ညဉ့်ဦး၌ တရားစကားတွေ ဆွေးနွေး မေးမြန်းပြီးတဲ့နောက် လက်သမားတယောက်က ယခုနေအခါမှာ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ဘယ်အရပ်မှာ သီးတင်းသုံးပြီးနေတော်မူပါသလဲလို့ မေးလိုက်သောအခါဝယ် လက်သမားတယောက်က ဒကာတော်နှင့်ခြေရင်း ခေါင်းရင်း ဆန့်ကျင်ဘက်ဖြစ်သောအရပ်တခုကို ညွှန်ပြလိုက်သောအခါဝယ် လက်သမားနှစ်ယောက်သည် အိပ်ခါနီးဆဲဆဲမှာ ဒကာတော်ဘက်သို့ခြေဆင်း, ဘုရားဘက်သို့

ခေါင်းရင်းပြူကာ အိပ်လိုက်ထာကို ဒကာတော် အိပ်ချင်ယောင် ဆောင်လျက် နေသည့်အတွက်ကြောင့် ပစ္စက္ခဒိဋ္ဌ မြင်ရပါသည် ဘုရား။

ဤသို့မြင်ရတဲ့အခါမှာ ဒကာတော် စဉ်းစားဉာဏ်ပေါ်လာပါတယ်ဘုရား၊ အော်....လက်သမားနှစ်ယောက်ဟာဖြင့် ငါကလဲ ရိက္ခာ့လခ့ပေးရသေးတယ်၊ သားမယားစားဘို့လဲ ထောက်ပံ့ရသေးတယ်၊ ခရီးထွက်တဲ့အခါမှာ ခရီးစရိတ်တွေကိုလဲ ပေးရသေးတယ်၊ သူတို့စီးဘို့ ယာဉ့်ရထားတွေကိုလဲ ပေးရပါသေးလျက်နှင့် ငါ့ကိုတော့ မရိုသေမလေးစားပါကလား။

ဘုရားရှင် ကိုယ် တော်မြတ် ကြီး ဟာ ဖြင့် လက်သမားနှစ်ယောက်အား လခ့ရိက္ခာ့ပေးနေသည်လည်း မဟုတ်ပါ ခရီးထွက်တဲ့အခါမှာ ခရီးစရိတ်တွေကိုလဲ ထောက်ပံ့ပေးနေရသည် မဟုတ်ပါ၊ သားမယားစားဘို့လဲ ထောက်ပံ့ပေးနေသည်လည်း မဟုတ်ပါ၊ သူတို့စီးဘို့ ယာဉ့်ရထားတွေကိုလည်း ပေးနေရသည် မဟုတ်ပါဘဲလျက်နဲ့ ဘုရားရှင်ကိုယ်တော်မြတ်ကိုတော့ ရိုသေလေးစားလိုက်ထာ တခြားမဟုတ်ပါဘူး၊ တရားတော်ဟာ အမှန်ကောင်းမြတ်နေလို့ ဟောတော်မူတဲ့ ဘုရားရှင် ကိုယ်တော်မြတ်ကလဲ ဘုရားရှင် ကိုယ်တော်မြတ်အစစ်ဖြစ်နေလို့ ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးတော့နေကြတဲ့ သံဃာတော်အရှင် ကောင်းအရှင်မြတ်တို့ကလဲ အကျင့်ကောင်းအကျင့်မြတ် ဖြစ်နေလို့ ဆိုတာ တကာတော်မှာကတော့ပစ္စက္ခဒိဋ္ဌမြင်ရပါဘုရား၊ အနုမာနဉာဏ်ဖြင့်မှန်းဆ၍ သိရသည်ဖြစ်လေသောကြောင့် ဤမျှလောက် ရိုသေလေးစားပြီး ရှိခိုးရခြင်းဖြစ်ပါတယ်ဘုရားလို့....။ ။

ပသေနဒီကောသလမင်းကြီး လျှောက်ထားတဲ့ ထုံးနှလုံးသွင်းပြီးသကာလယခု ရှိ ခိုး နေ ကြကုန်သော သင်-ဒကာ....ဒကာမအပေါင်း သူတော်ကောင်းတို့သည် ယခုတရားပြသောဆရာဟာဖြင့် ငါတို့အား လခ-ရိက္ခာ ပေးနေသည်လည်း မဟုတ်ပါ၊ ဒို့-သားမယား စားဘို့ သောက်ဘို့ ထောက်ပံ့ ပေး နေ သည် လည်း မဟုတ်ပါ၊ ဒို့ခရီးထွက်တဲ့အခါမှာ ခရီးစရိတ်တွေကိုလဲ ပေးနေသည်လည်းမဟုတ်ပါ၊ ဒို့စီးဘို့ယာဉ်ရထားတွေကိုလဲ ပေးနေသည်လည်းမဟုတ်ပါ၊ သားဆရာ၊ သမီးဆရာ၊ မြေးဆရာမျိုးလဲ မဟုတ်ပါ၊ ဆေးဝါးကုသနေတဲ့ ဆရာမျိုးလဲ မဟုတ်ပါဘဲလျှက်နဲ့ မြို့တကာ၊ နယ်တကာ၊ ရွာကြီးတကာ၊မှာ လျှောက်-လျှောက်ပြီးသကာလ တရားပွဲကြီးများလုပ်၍ တရားတော်များလဲ အားထုတ်နေရခြင်း၊ တရားနာလာကြတဲ့ ပရိတ်သတ် တို့မှာ ဖြင့် နှစ်ထောင်ကျော်၊ သုံးထောင်ကျော်၊ လေးထောင်ကျော်မက တချို့တချို့ဌာနမှာရှိနေကြခြင်း၊ ဤအကြောင်းတရား တွေ့ကို ထောက်ဆလိုက်ခဲ့ပါလျှင်တရားတော်ဟာ အမှန်ကောင်းမြတ်နေပြီ ဟော တော်မူတဲ့ဆရာသမားကလဲစာတွေ့ငါတွေ့နှစ်ဖြာနဲ့ ကိုက်ညီအောင်ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်းသူတဘက်သားနားလည်အောင်ဟောတတ်နေပြီ၊ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးတော့နေကြတဲ့ ယောဂီ အရှင်သူတော်စင်တွေကလဲဘဲ အကျင့်ကောင်းအကျင့်မြတ် ဖြစ်နေပြီလို့ဆိုတာ ပစ္စက္ခဒိဋ္ဌမြင်ရသည်ဖြစ်စေ၊ အနုမာနဉာဏ်အားဖြင့် မှန်းဆ၍သိရသည် ဖြစ်စေ၊ ဤမျှလောက် ရိုသေလေးစားပြီး ရှိခိုးလိုက်ရခြင်းသည် ခန္ဓာကိုယ်မှာ၊ ပေါ်လျှင်သိ၊ သိလျှင်ပျက်ဆိုတဲ့ ပေါ်၊သိ၊ပျက်၊တွေကို တပေါ်တမှတ်၊တပေါ်နှစ်မှတ်ဖြင့်၊မှတ်ရင်း၊မှတ်ရင်း၊မှတ်ရင်း

မတ်တတ်နဲ့ မှတ်စိတ်ပါ ကုန်ဆုံးချုပ်ငြိမ်းသွားသော နိဗ္ဗာန် တဖက်ကမ်းကို ဤဘက်ကမ်းက မဂ်ဉာဏ်-ဖိုလ်ဉာဏ်ဖြင့် ကိုယ်အလျင် လှမ်းမြင်နိုင်ကြပါစေ။

ကိုယ်လှမ်းမြင်ရသလို သူတပါးကိုလဲ လှမ်းမြင်ရလေအောင် စားရေး၊ သောက်ရေး၊ ဝတ်ရေး၊ နေရေးဆိုတာ လိုလေသေး တယ်မရှိ၊ အိမ်မှာ ကိုယ့်တာဝန် တခု ထား၍ လုပ် သည်ကား-ကိုယ်ပိုင် အလုပ်မဟုတ်ပါဘူး သာသနာနဲ့စပ်သော တာဝန်သည်သာလျှင် ကိုယ့်တာဝန်အစစ်ပါတကား- သာသနာ့ အလုပ်သည်သာလျှင် ကိုယ့်အလုပ် အစစ်ပါတကားလို့ ကိုယ့် အလုပ်မှန်း ကိုယ့်တာဝန်မှန်း သိကြသည်ဖြစ်၍ လိုတဲ့နေရာမှာ အားပေးချီးမြှင့် ထောက်ပံ့ကြရုံမျှမက တရားတော်များကို တောင် ကိုယ်တိုင် ပြနိုင်-ဟောနိုင် ဆုံးမနိုင် သံသယကို ဖြေရှင်း နိုင်၊ အယူမှားဒိဋ္ဌိအကြီးစားကို အလွယ်တကူဖြင့် ချွတ်နိုင်-ဖြုတ် နိုင်ကြသော မြန်မာပြည် တပြည်လောက်သာမက ကမ္ဘာတဝှန်း လုံးထင်ရှားကျော်ကြားလောက်တဲ့ ကမ္ဘာ့သာသနာပြု အာဇာ- နည် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ်တွေ ရလွယ် ရောက်လွယ်နိုင်ကြသည် ဖြစ်ကြစေ။

ဆရာတော်ဘုရားပေးတဲ့ဆုနဲ့ ပြည့်စုံရပါလို၏ အရှင်ဘုရား။

ချမ်းသာသလို တရားတော်ကိုနာကြပေါ့ တခြားတခြားမှာ ဆိုလျှင် တနာရီခွဲပါဘဲ လွန်သွားလို့ရှိလျှင် နှစ်နာရီမတ်တင်း၊ ဒီမှာကတော့ ဌာနအသစ်လဲဖြစ်တယ် ပညာရှိတွေလဲများတယ် သည်အတွက်ကြောင့် တနေ့တနေ့မှာဆိုလျှင် စုံအောင်ခဲရာခက်

ဆစ်နှင့်တကွ ဟောပြော ပြသ,ဆုံးမတယ် ကြိုးစားပြီးတော့ မှတ်ကြ။

"နာမ်ရုပ်ထိမှ, ဖြစ်ပျက်သိမည်"

မနေ့ကဆိုတဲ့ ဝိပဿနာလမ်းစဉ်ကလေး "နာမ်ရုပ်ထိ"မှ ဆိုတာက, နှစ်ဉာဏ်။

အကျိုးနာမ်ရုပ်ကို မြင်တဲ့=နာမရူပပရိစ္ဆေဒဉာဏ်တဉာဏ်။

အကြောင်းနာမ်ရုပ်ကို မြင်တဲ့= ပစ္စယပရိဂ္ဂဟဉာဏ် တဉာဏ်။

ဒီနှစ်ဉာဏ်အတွက် နမ်ရုပ်ပေါ်တယ်၊ ကိုယ်တွေ့ပြောလျှင် ပေါ်,သိ, ဒီနှစ်ခုဘဲရှိသေးတယ်။

"နာရုပ်ထိမှ,ဖြစ်ပျက်သိမည်တဲ့" နာမ်အစစ်,ရုပ်အစစ်ဆိုလျှင် ဖြစ်,ပျက်, ပါလာမယ်နော်၊ ဖြစ်ပျက်ပါမှ နာမ်စစ်, ရုပ်စစ် ဆိုတာ ဆုံးဖြတ်နော်....။

॥ မှန်ပါဘုရား॥ ॥

ယောဂီတို့ခန္ဓာတွေ့နေတဲ့ရုပ်သည် စစ်ကဲ့လား စစ်ကဲ့လား ?

॥ စစ်ပါတယ်ဘုရား॥ ॥

နာမ်ကောစစ်ကဲ့လား ?

॥ စစ်ပါတယ်ဘုရား॥

ဘာဖြစ်လို့လဲ ?

॥ ဖြစ်ပျက်ပါလို့ပါဘုရား॥ ॥

ဖြစ်ပျက်ပါလို့တဲ့....ရှင်းသွားပလား ?

॥ ရှင်းသွားပါပြီဘုရား॥ ॥

စာထဲမှာရေးထားတဲ့ရုပ်နာမ်သည် စစ်ကဲ့လား ?

॥ မစစ်ပါဘုရား॥ ॥

ပါးစပ်က ဟောပြောနေတဲ့ရုပ်နာမ်သည် စစ်ကဲ့လား ?

။ မစစ်ပါဘုရား။ ။

နားမှာကြားတဲ့ ရုပ်နာမ်သည် စစ်ကဲ့လား ?

။ မစစ်ပါဘုရား။ ။

သူတဘက်သား နားလည်အောင် ရေးပြတဲ့ စာ, ရုပ်, နာမ်, ကောစစ်ကဲ့လား ?

။ မစစ်ပါဘုရား။ ။

ဘာဖြစ်လို့ ?

ဖြစ်ပျက်မပါလို့ပါဘုရား။ ။

ဖြစ်ပျက်မပါလို့....

"နာမ်ရုပ်ထိမှ, ဖြစ်,ပျက်,သိမည်" ဆိုတာ နှစ်ဉာဏ်ခေါ်ဘယ်။

သမ္မသနဉာဏ်, ဖြစ်ပျက်၊ ဥဒယဗ္ဗယဉာဏ်, ဖြစ်, ပျက်, လို့ နှစ်ဉာဏ်ယူကြ။

မနေ့က သမ္မသနဉာဏ်, ဖြစ်ပျက်ကို ဟောခဲ့ပြီ....

ဆောင်။ ။ကာလသုံးခွင် ဖြစ်ပျက်မြင် = သမ္မသနဉာဏ် "လမ်စပင်"။

လက္ခဏာရေးသုံးပါးထင် = သမ္မသနဉာဏ် "လမ်းလယ်ပင်။

အမှားသုံးခုစင် = သမ္မသနဉာဏ် "လမ်းဆုံးပင်"တဲ့။

သမ္မသနဉာဏ်လမ်းဆုံးလျှင်၊ ဖြစ်ထာ, ပျက်ထာ, မြင်ရတာ သျှင်မြန်သောကြောင့် ကာလသုံးပါးလုံး ဖြစ်ပျက်မမြင်ဘဲနဲ့

ပေါ်တိုးပေါ်ခိုက်, ပစ္စုပ္ပါန် လောက် သာ ဖြစ်, ပျက် မြင်လျှင်
"ဥဒယဗ္ဗယ ဉာဏ်" ဘက် သို့ ကူး သွားပြီ စာ ရှက်ကြည့်....

**ဥဒယဗ္ဗယဉာဏ်ခဏ်း။**

ပေါ်တိုးသာဖြစ်ပျက်မြင်=ဥဒယဗ္ဗယဉာဏ်ပင်
တွေ့ကြရဲ့လား ?
။ တွေ့ပါတယ်ဘုရား။ ။

ပေါ်တိုးသာဆိုတာ ပစ္စုပ္ပါန်ခေါ်တယ်၊ ပစ္စုပ္ပါန်လောက်သာ ဖြစ်ပျက်မြင်မယ်ဆိုလျှင် ဘာဉာဏ် ?
။ ဥဒယဗ္ဗယဉာဏ်ပါဘုရား။ ။

ဥဒယဗ္ဗယဉာဏ်ခေါ်တယ်၊ ကဲ....ကနေ့ ဥဒယဗ္ဗယဉာဏ် **အ**ကြောင်း ဟောကြစို့တဲ့ စာသုံးဆိုလျှင် ကြဲကြဲရေးရတယ်၊ ကြဲကြဲရေးရတယ်။

ဥဒယ—ဗ္ဗယ—ဉာဏ် သုံးကွက်ရေးထားရတယ်၊
ဗမာပြန်....
ဥဒယ=ဖြစ်ထာ
ဗ္ဗယ=ပျက်ထာ
ဉာဏ်=သိထာ
ဗမာပြန်တာနော်....
။ မှန်ပါဘုရား။ ။

စာသုံးဆိုလျှင် ဘာဉာဏ်ခေါ်သလဲ ?
။ ဥဒယဗ္ဗယဉာဏ် ခေါ်ပါတယ်ဘုရား။ ။

ဥဒယဗ္ဗယဉာဏ်ခေါ်တယ်၊ ဗမာသုံးဆိုလျှင် ဖြစ်ထာ,ပျက်ထာ,သိတာနော်.... ?

။ မှန်ပါဘုရား။ ။

ဖြစ်ထာဘယ်လိုသိသလဲ, ဘယ်လိုအသိကို ဖြစ်ထာသိတယ်လို့ ခေါ်သလဲ,ပျက်ထာဘယ်လိုသိသလဲ, ဘယ်လိုအသိကို ပျက်ထာသိတယ်လို့ ခေါ်သလဲ။

ယောဂီတို့ခန္ဓာမှာ စိုက်ကြည့်တော့ မနေ့က ပြောခဲ့တဲ့ စစ်,ကလေးတလုံး၊ စစ်,ကလေးဟာ သေးလဲသေးတယ်နော်....တခါတရံမှာ သန်းများ,ခြင်များ, ကြမ်းပိုးများ ကိုက်လိုက်သကဲ့သို့ နာမှုလေးလဲပါတယ်၊ အဲဒီစစ်ကလေးဟာ သေးလဲသေးတယ်၊ ရှင်းလဲရှင်းသောကြောင့် သူ့ကိုနမူနာတခု ထုတ်ပြောမယ်၊ မနေ့က နှာသီးဖျားမှာ စစ်ကလေးတလုံးပေါ်လာတယ်၊ ပေါ်ပြီးလျှင် ချက်ခြင်းပျက်မသွားဘူးလား ?

။ ပျက်သွားပါတယ်ဘုရား။ ။

နှာသီးဖျားမှာ စစ်ပေါ်တိုင်း,ပေါ်တိုင်း, ချက်ခြင်းပင် ပျက်ပျက်သွားတယ်၊ ဤကဲ့သို့ ပေါ်တိုင်း,ပေါ်တိုင်း, ချက်ခြင်းပင် ပျက်,ပျက်,သွားတာမြင်ပါများတော့ ယောဂီသည် ဖြစ်ထာကို တခါသူဆုံးဖြတ်တော့မယ်၊ နှာသီးဖျားမှာ ပေါ်တဲ့စစ်,ကလေးသည် မပေါ်ခင် ရှေးမဆွက အဆင်သင့်မရှိတာလဲတကြောင်း၊ ဘွားကနဲ ပေါ်လာမှ တွေ့ထိသည်လည်း တကြောင်း၊ ဤနှစ်ကြောင်းကို မြင်ခဲ့ပါလျှင် စစ်,ပေါ်တိုင်း, ပေါ်တိုင်း, အသစ်အသစ် ထင်မယ်ဆိုလျှင် စစ်,ဖြစ်ထာသိပြီတဲ့ ဥဒယဗ္ဗယဉာဏ်ပိုင်ပြီလို့ ဆိုလိုက်တယ်။

"ဥပမာယ မိဓေ ကေစ္စေ အတ္တံ ဇာနန္တိ ပဏ္ဍိတာ"လို့ကျမ်းဂန်မှာဆိုသည်ဖြစ်လေသောကြောင့် ပညာရှိသည် ခဲရာခက်ဆစ်နေရာမှာ ဥပမာဆောင် ထင်အောင်ပြကြတယ်။

**ဥပမာကလေး။**

မီးခြစ်ဆံယမ်းနဲ့ မီးခြစ်အိမ်ယမ်း ခြစ်လိုက်တဲ့အခါမှာ ရှုကနဲ မီးတောက်မပေါ်ဘူးလား ?

။ ပေါ်ပါတယ်ဘုရား။ ။

အဲဒီ မီးတောက်သည် ရှေးမဆွက အဆင်သင့် ရှိ,မရှိ ?

။ မရှိပါဘုရား။ ။

ဘယ်အချိန်မှ ရှိသလဲ ?

။ ခြစ်လိုက်တဲ့အခါမှ ရှိပါတယ်ဘုရား။ ။

ခြစ်လိုက်တဲ့အခါမှ ရှိတယ်၊ အဲဒီနှစ်ခုကို မြင်ခဲ့ပါလျှင် မီးတောက်တိုင်း,တောက်တိုင်း အသစ်အသစ် ထင်နေသလိုနော်....

။ မှန်ပါဘုရား။ ။

ထို့အတူဘဲ နှာသီးဖျားမှာဖြစ်တဲ့ စစ်,ကလေးသည်· စစ်,မပေါ်ခင် က,အောက်,အထက်,ဘေး,ဘီ,ရှေ့မဆွက အဆင်သင့်မရှိသည်လည်းတကြောင်း ဘွားကနဲပေါ်လာမှ တွေ့သည်လည်းတကြောင်း၊ ဤနှစ်ကြောင်းကို မြင်ခဲ့ပါလျှင် စစ်ပေါ်တိုင်း,ပေါ်တိုင်း အသစ်အသစ်လို့ ထင်မယ်ဆိုလျှင် စစ်,ဖြစ်ထသည်ပြီးတဲ့ အဲဒါ နမူနာဘဲ။

ထို့အတူ ရွ,ဖြစ်တိုင်း,ဖြစ်တိုင်း, ဖြင်း,ဖြစ်တိုင်း,ဖြစ်တိုင်း, ဒိတ်,ဖြစ်တိုင်း,ဖြစ်တိုင်း, လှုပ်,ဖြစ်တိုင်း,ဖြစ်တိုင်း, အပူလေးတွေ

ဖြစ်တိုင်း၊ဖြစ်တိုင်း၊ အအေးလေးတွေဖြစ်တိုင်း ဖြစ်တိုင်း၊ အရှိန်ကလေးတွေ ဖြစ်တိုင်းဖြစ်တိုင်း၊ အသစ်အသစ် ထင်မယ်ဆိုလို့ရှိလျှင် ရုပ်ဖြစ်ထသည်ပြီတဲ့နော်....

॥ မှန်ပါဘုရား॥ ॥

ဝေဒနာလဲ ဒီအတိုင်းဘဲ ကျင်တာလေးတွေ၊နာတာလေးတွေ ကိုက်တာလေးတွေ၊ အောင့်တာလေးတွေ၊ မူးတာလေးတွေ၊ ဝေတာလေးတွေ၊ ဆင်းရဲဒုက္ခတွေပြီဆိုလျှင် တွေ့တိုင်း၊တွေ့တိုင်း၊ အသစ်အသစ် ထင်မယ်ဆိုလို့ရှိလျှင် ဆင်းရဲဖြစ်ထသည်ပြီတဲ့၊ စိမ့်ကနဲ့၊ဖျန်းကနဲ့၊သိမ့်ကနဲ့၊ အေးကနဲ့၊ဆိုတဲ့ ချမ်းသာမှုကလေးတွေ ချမ်းသာမှုကလေးတွေ ပေါ်တိုင်းပေါ်တိုင်း အသစ်အသစ် ထင်မယ်ဆိုလို့ရှိလျှင် ချမ်းသာဖြစ်ထသည်ပြီတဲ့ ရှင်းသွားပလား ?

॥ ရှင်းသွားပါပြီဘုရား॥ ॥

ရုပ်ဖြစ်ထသည်ပြီဆိုလျှင် နာမ်ဖြစ်ထသလဲ ဒီအတိုင်းဘဲ နှာသီးဖျားမှာပေါ်တဲ့ စစ်ကလေးနဲ့ ရင်မှာပေါ်တဲ့ အသိကလေးနဲ့ တပြိုင်နက်ခေါ်တယ်၊ စစ်နဲ့ သိနဲ့ ထိုနှစ်ခုသည် ဘယ်သူကအရင်လဲ၊ ဘယ်သူကနောက်လဲ၊မေးလျှင် တပြိုင်နက်ခေါ်တယ်၊စစ်ပေါ်လျှင် သိပေါ်၊ စစ်ပျက်လျှင် သိပျက်သွားတာဘဲ၊ ဒါကြောင့် စစ်ပေါ်တိုင်းပေါ်တိုင်း အသစ်အသစ်ထင်နေသလို အသိဆိုတဲ့ နာမ်တရား ပေါ်တိုင်းပေါ်တိုင်း အသစ်အသစ် ထင်နေမယ်ဆိုလျှင် စစ်သိ၊ပျက်ထသည်ပြီတဲ့ ရုပ်နာမ်ဖြစ်ထသည်ပြီလို့ ဆိုလိုတယ်။

ရှင်းသွားပလား ?

॥ ရှင်းသွားပါပြီဘုရား॥ ॥

ဒါကြောင့် ခန္ဓာမှာ ရုပ်ကလေးပေါ်လို့ မပြတ်လျှင်တဲ့ ထင်ရှားသော ရုပ်နဲ့ဖြတ်ရတယ်၊ ထင်ရှားသော ရုပ်မပါပလား ဆိုလျှင် အသိကလေးနဲ့ ဖြတ်ရတယ်။

**အသိနဲ့ဖြတ်ပုံ။**

အသိကလေးဟာ အခုသိလျှင် အသစ်မဟုတ်လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

နောက်တခါသိလျှင်ကော ?

။ အသစ်ပါဘုရား။ ။

သိတိုင်းသိတိုင်းကော ?

။ အသစ်ပါဘုရား။ ။

အဟောင်းတွေ ဘယ်ရောက်သွား ?

။ ပျက်သွားပါတယ်ဘုရား။ ။

ဟော....အခုချိန်လိုက် အခုမှ စစ်ကိုသိတယ်၊ ရှုကိုသိတယ်၊ ဖြင်းကိုသိတယ်၊ ဒိဝ်ကိုသိတယ်၊ အဲဒီလိုအသိဘက်ကချိန်လိုက်၊ အဟောင်းတွေသိနေသလား၊ အသစ်ကိုသိနေသလား ?

။ အသစ်ကို သိနေပါတယ်ဘုရား။ ။

စစ်လဲဘဲ အသစ်ဘဲ၊ သိတာလဲ အသစ်ဘဲ၊ အပူလဲ အသစ်ဘဲ၊ အသိလဲ အသစ်ဘဲ၊ အရှိန်လဲ အသစ်ဘဲ၊ အသိလဲ အသစ်ဘဲ၊ ကျင်တာသိလျှင် ကျင်တာဟာလဲ အသစ်ဘဲ၊ သိတာကလဲ အသစ်ဘဲ၊ နာတာသိလျှင် နာတာကလဲ အသစ်ဘဲ၊ သိတာကလဲ အသစ်ဘဲ လို့ အဲ....ရှင်းသွားပလား ?

။ ရှင်းသွားပါပြီဘုရား။ ။

အဲဒါ ရုပ်နာမ်ဖြစ်ထာသိတယ်၊ ရုပ်နာမ် ဖြစ်တိုင်းဖြစ်တိုင်း အသစ်အသစ်ထင်မယ်ဆိုလျှင် ရုပ်နာမ်ဖြစ်ထာသိပြီ ဥဒယဗ္ဗယ-ဉာဏ်ပိုင်ပြီလို့ ဆိုလိုက်သည်။

**ပျက်ထာသိပုံကလေး။**

နာသီးဖျားမှာပေါ်တဲ့ စစ်ကလေးသည် ပေါ်တဲ့အတိုင်း တည်နေသလား ပျက်သွားသလား ?

။ ပျက်သွားပါတယ်ဘုရား။ ။

နေရာမရွေ့ ပျက်သလား၊ နေရာရွေ့ပြီးမှ ပျက်သလား?

။ နေရာမရွေ့ဘဲ ပျက်ပါတယ်ဘုရား။ ။

မရွေ့ဘဲပျက်လျှင် တိုသလား ရှည်သလား ?

။ တိုပါတယ်ဘုရား။ ။

တိုလျှင် မြန်သလား နှေးသလား ?

။ မြန်ပါတယ်ဘုရား။ ။

ဘယ်လောက် မြန်သလဲမေးလျှင် လျှပ်စီးတလက်မက မြန်တယ် ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

လျှပ်စီးတလက်မက မြန်တာကို တပျက်, တစက္ကန့်ထားလျှင် တမိနစ်ခြောက်ဆယ်၊ တနာရီ သုံးထောင်ခြောက်ရာ ပြောင်းလဲတယ်လို့ အကြမ်းဖျင်းတွက်ထား၊ အဲဒီ နှာသီးဖျားမှာပေါ်တဲ့ စစ်ကလေးပေါ်ပြီးလျှင် ချက်ခြင်း လျှပ်စီးတလက်မက မြန်မြန်ကြီး ပျက်ထာမြင်ပါများတော့, ယောဂီ ဆုံးဖြတ်တော့မယ်၊ ပျက်တဲ့နေရာမှာကော စစ်ကျန်ရစ် မကျန်ရစ် ?

။ မကျန်ရစ်ပါဘုရား။ ။

တခြားမှာကော စစ်သွား ဖြစ်မဖြစ် ?

။ မဖြစ်ပါဘုရား။ ။

ဒီလိုဆိုလျှင် ဒီနေရာမှာလဲ မကျန် တခြားမှာလဲ သွားမဖြစ်ဘူးဆိုလျှင် ပျက်သွားတာ ဘာမှ မရှိတာခေါ်တယ် ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဘာမှမရှိတာခေါ်တယ်၊ စစ်ပျက်တိုင်းပျက်တိုင်း ဘာမှ မရှိပါကလား၊ ဘာမှ မကျန်ပါကလားလို့ သိလျှင် စစ်ပျက်ထာသိပြီတဲ့ စစ်နဲ့ ပတ်သက်တဲ့ အသိကလေးလဲ ဒီအတိုင်းဘဲ၊ စစ်ပေါ်လျှင်သိပေါ်, စစ်ပျက်လျှင် သိကလေးလဲ ပျက်သွားတာဘဲ၊ စစ်သိပျက်တဲ့နေရာမှာ ဘာမှ မကျန်ရစ်ထာ မြင်သည်လည်းတာကြောင်း၊ တခြားမှာလဲ သွားမဖြစ်သည်လည်းတကြောင်း၊ ဤနှစ်ကြောင်းကိုမြင်သော ယောဂီမှန်ခဲ့ပါလျှင် အော်....စစ်သိပျက်ထာ ပျက်ထာ ဘာမှမကျန်ရစ်ပါကလား၊ ဘာဆို ဘာမှ မရှိပါကလားလို့ ထင်မယ်ဆိုလျှင် စစ်သိပျက်ထာသိပြီတဲ့။

ဥပမာဆောင်ထင်အောင်ပြအုံးမယ်။

ဒုန မီးခြစ်ဆံယမ်းနဲ့ မီးခြစ်အိမ်ယမ်းကလေး ခြစ်လိုက်တဲ့အခါမှာ ရှကနဲ မီးတောက်မပေါ်ဘူးလား ?

။ ပေါ်ပါတယ်ဘုရား။ ။

အဲဒီ မီးတောက်သည် မီးခြစ်ဆံကုန်သွားသည်ဖြစ်စေ၊ မကုန်ခင်ဖြပ်စေ၊ မီးသေမသွားဘူးလား ?

။ သေသွားပါတယ်ဘုရား။ ။

မီးသေတော့ မီးသေတဲ့နေရာကြည့်၊ မီးသေတော့ အဲဒီသေတဲ့နေရာမှာ မီးကျန်ရစ် မကျန်ရစ် ?

။ မကျန်ရစ်ပါဘုရား။ ။

တခြားမှာ မီးသွားတောက် မတောက်?

။ မတောက်ပါဘုရား။ ။

အဲဒီ နှစ်ကြောင်းကိုမြင်လျှင် မီးသေတယ်ဆိုတာ မီးလုံးလုံးမရှိတာ ပျက်သွားတာ သေသွားတာဟာ အမျိုးမျိုးရှိတယ်နော်။

။ မှန်ပါဘုရား။ ။

ဒါက ပရမတ်ခေါ်တယ်၊ မီးသေသွားတာ ဘာမှ မီးလုံးလုံးမကျန်ရစ်ထာ၊ မီးလုံးလုံးမရှိတာ ယူရသကဲ့သို့၊ ထို့အတူ စစ်,သိပျက်သွားတာ ဘာဆိုဘာမှ မကျန်ပါကလားလို့ အဲဒီလိုများမြင်မယ်ဆိုလျှင် စဖ်သိပျက်ထာသိပြီတဲ့ ဒါနမူနာကလေးဘဲ။

ထို့အတူ ရှု,သိပျက်ထာ, ဖြင်း,သိပျက်ထာ, ဒိတ်,သိပျက်ထာ, လှပ်,သိပျက်ထာ, ပူရှိန်,သိပျက်ထာ, အေးရှိန်,သိပျက်ထာကျင်တာ,နာတာ, ကိုက်ထာ, အောင့်တာ, မူးတာ, ဝေတာဆိုတဲ့ဆင်းရဲသိပျက်ထာ၊ စိမ့်ကနဲ, ဖြန်းကနဲ, သိမ့်ကနဲ, အေးကနဲဆိုတဲ့ချမ်းသာသိပျက်ထာ၊ ဘာဆိုဘာမှ မကျန်ရစ်ပါကလားလို့ သိမယ်ဆိုလျှင် ရုပ်နာမ်ပျက်သွားတာ သိပြီတဲ့ ရှင်;သွားပလား ?

။ ရှင်းသွားပါပြီဘုရား။ ။

ဒါဖြင့် ရုပ်နာမ်ပျက်လျှင် ဘာကျန်သလဲ ?

။ ဘာမှ မကျန်ပါဘုရား။ ။

ဘာမှမကျန်လျှင် ဒါ....ပရမတ်ပျက်, သိပြီခေါ်တယ်၊ ရှင်းသွားပလား ?

။ ရှင်းပါပြီဘုရား။ ။

ဒါဖြင့် ခေါင်းတလုံးရုပ်မှု့တပြည်သားထား၊ ချက်ခြင်းပျက်သွားလျှင် ဘာကျန်သလဲ ?

॥ ဘာမှမကျန်ပါဘုရား॥ ॥

**ရုပ်ဟောင်းပျက် ရုပ်သစ်ဆက်ပုံ။**

ဘာမှမကျန်လျှင် ဒီခေါင်း့ခေါင်းအတိုင်း တွေ့နေတာဘာဖြစ်လို့ ရုပ်သစ်ဆက်လို့တဲ့ ဟုတ်ကြရဲ့လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ပျက်ပြီးလျှင် ပျက်နေတဲ့နေရာမှာ အသစ် ဖြစ်ထာ မတွေ့ဘူးလား ?

॥ တွေ့ပါတယ်ဘုရား॥ ॥

အသစ်ဖြစ်လို့ရှိလျှင် နကိုယ်အတိုင်း ပြန်ပြန်ဖြစ်မသွားဘူးသား ?

॥ ဖြစ်သွားပါတယ်ဘုရား॥ ॥

ဖြစ်သွားတယ်နော်....ဒါကြောင့် သေသေချာချာလဲမှတ်ကြ။

॥ မှန်ပါဘုရား॥ ॥

ရုပ်ဟောင်းပျက်လျှင် ဘာမှမကျန်ဘူး၊ ရုပ်သစ်ဆက်လျှင် ကျန်နေတယ်လို့ထင်နေကြတယ်၊ ခေါင်း့ခေါင်းအတိုင်းတွေ့ရတယ်၊ ပိန်သွားခြင်း,ချိုင့်သွားခြင်း, ဟောက်သွားခြင်း, ဒီလိုမရှိဘူးဆိုလျှင် ရုပ်သစ်ဆက်ထာ။

အားလုံးသဘောကျပလား ?

॥ ကျပါပြီဘုရား॥ ॥

အဲဒါမှတ်ထားကြ ပရမတ်ရုပ်နာမ်ပျက်လျှင် ဘာမှမကျန်ပါ ကိုန်းသေ့ကိုန်းသေနော်....။

။ မှန်ပါဘုရား။ ။

ရုပ်သစ်ဆက်လျှင်ကျန်သည် အဲဒါ ပညတ်ခေါ်တယ်၊ပညတ် ဘက်ကပြောဦးမယ်၊ မျက်စေ့နဲ့မြင်ရတဲ့အိမ်တွေ ကျောင်းတွေ ပျက်စီးတာမရှိဘူးလား ?

။ ရှိပါတယ်ဘုရား။ ။

အိမ်၊ကျောင်း၊တွေ ပျက်မယ်ဆိုလျှင် ကျန်ပျက်၊မကျန်ပျက် နှစ်မျိုးရှိတယ်၊ သတ္တဝါတွေ သေမယ်ဆိုလို့ရှိလျှင် အလောင်း ကျန်သေ၊ အလောင်းမကျန်သေ၊ နှစ်မျိုးရှိတယ်၊ ဥပပါတ်သေ လျှင် အလောင်းမကျန်ပါ၊ ဂဗ္ဘသေယျက၊ သံသေဒဇ၊ အမိဝမ်း တွင်းမှာနေကြတဲ့ သတ္တဝါတို့သေမယ်ဆိုလျှင် အလောင်းကျန် တယ်ခေါ်တယ်။ အညှီအဟောက် အမွေးအကြိုင်စသည်တို့ကို အမှီပြုပြီးသကာလ ဖြစ်ပေါ်လာတဲ့ "သံသေဒဇ" သတ္တဝါတို့ သေမယ်ဆိုလျှင် အလောင်းကျန်သည် နှစ်မျိုးမှတ်ထားကြ။

ဥပပါတ်သေလျှင် အလောင်းမကျန်ဘူးနော်....?

။ မှန်ပါဘုရား။ ။

ဂဗ္ဘသေယျက၊ သံသေဒဇ၊သေလျှင် အလောင်းကျန်တယ် နော်....။

။ မှန်ပါဘုရား။ ။

အဲဒါ....ပညတ်ဘက်ကခေါ်တယ်၊ ပရမတ်နာမ်ရုပ်ပျက်လျှင် ဘာကျန်သလဲ ?

။ ဘာမှမကျန်ပါဘုရား။ ။

ပညတ်ဘက်ကဆိုလျှင် ကျန်တမျိုး မကျန်တမျိုး နှစ်မျိုးရှိတယ်၊ မဆန့်ကျင်အောင်ယူနော်....?

။ မှန်ပါဘုရား။ ။

ဥပပါတ်လဲ ရုပ်မဟုတ်လား?

။ ဟုတ်ပါတယ်ဘုရား။ ။

ဂဗ္ဘသေယျက, သံသေဒဇလဲ ရုပ်မဟုတ်လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဥပပါတ်သေတော့ အလောင်းမကျန်ဘူး ဥပပါတ်သဏ္ဍာန်မှာရှိတဲ့ရုပ်ပျက်သွားလျှင် ဘာမှမကျန်ဘူး၊ ရုပ်သစ်လဲ မဆက်တော့ ကျန်သေးသလား ?

။ မကျန်ပါဘုရား။ ။

အလောင်းလဲ မရှိတော့ဘူး၊ ဂဗ္ဘသေယျက, သံသေဒဇ,တို့မှာ ပျက်သွားလို့ရှိလျှင် ဘာမှမကျန်ဘူး၊ ရုပ် သစ် ဆက် တော့ အလောင်းတွေ တွေ့နေရတယ်တဲ့ ဟော....ဟုတ်ကြရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

။ ဒါဖြင့် ဂဗ္ဘသေယျက, သံသေဒဇ,တို့ သေသွားတဲ့အခါမှာဆိုလျှင် အိမ်မှာ အလောင်းမတွေ့ဘူးလား ?

။ တွေ့ပါတယ်ဘုရား။ ။

အဲဒါ ရုပ်ဟောင်းလား, ရုပ်သစ်လား ?

။ ရုပ်သစ်ပါဘုရား။ ။

ရုပ်သစ်ခေါ်တယ်၊ အိမ်မှာ ခုနစ်ရက်ထားတော့ကော ?

။ ရုပ်သစ်ပါဘုရား။ ။

ရုပ်သစ်တွေဘဲ မသာချသွားတော့ကော ?
॥ ရုပ်သစ်ပါဘဲဘုရား။ ॥

သင်္ချိုင်းရောက်တော့ကော ?
॥ ရုပ်သစ်ပါဘဲဘုရား။ ॥

မြေကြီးမြှုပ်တော့ကော
॥ ရုပ်သစ်ပါဘဲဘုရား။ ॥

အရိုးမဆွေးမခြင်းကော ?
॥ ရုပ်သစ်ပါဘုရား။ ॥

အရိုးပါရှာမရတော့ ရုပ်သစ်မဆက်တော့ဘူး သဘောကျရဲ့လား ?
॥ သဘောကျပါဘုရား။ ॥

အဲဒါလေး ရှင်းရှင်းမှတ်ထားကြ နွားတွေလဲ ရုပ်ခေါ်တယ်၊ ကျွဲတွေလဲရုပ်ခေါ်တယ်၊ ဝက်တွေလဲ ရုပ်ခေါ်တယ်၊ တိရစ္ဆာန်တွေလဲ ရုပ်ခေါ်တယ်၊ ငါးတွေလဲ ရုပ်ခေါ်တာဘဲ အဲဒီ ကျွဲနွားတို့ သေတဲ့အခါကျလျှင်အသားတွေ မကျန်ဘူးလား ?
॥ ကျန်ပါတယ်ဘုရား။ ॥

အဲဒါ ရုပ်ဟောင်းလား,ရုပ်သစ်လား ?
॥ ရုပ်သစ်ပါဘုရား။ ॥

အဲ....ခုလူတွေစားနေကြတဲ့ အမဲသားတို့ ကျွဲသား နွားသား ငါးသားတို့ဆိုတာ ဘာတွေလဲ ?
॥ ရုပ်သစ်တွေပါဘုရား။ ॥

ရုပ်သစ်တွေစားနေကြတာ ရုပ်ဟောင်းကို ရှိကို မရှိတော့ဘူး၊ စားနေရင်း မတ်တတ်နဲ့လဲဘဲ ပျက်ပျက်လျှင် အသစ်ဆက် ဒီလို မနေဘူးလား ?

॥ နေပါတယ်ဘုရား॥ ॥

စားတုံးလဲ ပျက်ပျက်မသွားဘူးလား ?

॥ ပျက်ပျက်သွားပါတယ်ဘုရား॥ ॥

ပျက်သွားလျှင် ဘာကျန်သေးသလဲ ?

॥ ဘာမှမကျန်ပါဘုရား॥ ॥

ဘာမှမကျန်ဘဲနဲ့ အမဲသား ကြက်သား, ကြက်ရိုးကို ကိုက်မြဲ ကိုက်နေတာ ဒါဘာဖြစ်လို့ ?

॥ ရုပ်သစ်ဆက်လို့ပါဘုရား॥ ॥

ရုပ်သစ်တွေ, ရုပ်သစ်တွေကိုက်နေတာ ရှင်းသွားပလား ?

॥ ရှင်းသွားပါပြီဘုရား॥ ॥

တော်တော်တာသွားတယ် အိမ်တွေ့ကျောင်းတွေမှာလဲ ရုပ်သစ်တွေမဟုတ်လား ?

॥ မှန်ပါဘုရား॥ ॥

ဒီရုပ်တွေဆိုလို့ရှိလျှင် ပျက်သွားလျှင်ဘာကျန် ?

॥ ဘာမှမကျန်ပါဘုရား॥ ॥

ဘာမှမကျန်ဘူးနော်....ပရမတ်ကို အမှန်ယူထားရတယ်၊ အိမ်ကြီးအတိုင်း, ကျောင်းကြီးအတိုင်း တွေ့နေတာဘာဖြစ်လို့ ?

॥ ရုပ်သစ်ဆက်လို့ပါဘုရား॥ ॥

ရုပ်သစ်ဆက်လို့၊ ယခုလူတွေဝတ်တဲ့အဝတ်တွေ စားနေတဲ့ အစားအသောက်တွေ နေထိုင်စရာဖြစ်တဲ့ အိမ်,ကျောင်း,ကုတင်,

ကုလားထိုင်တွေ၊ မိမိတို့ဝတ်ထားတဲ့ ဆွဲကြိုး, လက်စွပ်, လက်ကောက်, ခြေကျင်းတွေ ဒါတွေလဲရုပ်နော်....။

॥ မှန်ပါဘုရား။ ॥

သူတို့ကော မပျက်ဘူးလား ?

॥ ပျက်ပါတယ်ဘုရား။ ॥

ပျက်လျှင်ဘာကျန်သလဲ ?

॥ ဘာမှမကျန်ပါဘုရား။ ॥

ဘာမှမကျန်လျှင် အခု ဝတ်မြဲတိုင်း စားမြဲတိုင်း တွေ့နေတာ ဘာဖြစ်လို့ ?

॥ ရုပ်သစ်တွေဖြစ်နေလို့ပါဘုရား။ ॥

အဲ....မှတ်ထားကြ ဒါဖြင့် ရုပ်ဟောင်းလဲဘဲ မခိုင်မြဲဘူးပေါ့?

॥ မှန်ပါဘုရား။ ॥

ဟော....ရှင်းရှင်းမှတ်ထားကြနော်....?

॥ မှန်ပါဘုရား။ ॥

အဲ....ဒီကဲ့သို့ အဟောင်းအသစ် ပြောင်းလဲဘာမြင်လျှင် မနေ့ကရုပ်ဒီနေ့ပါ နောက်လကရုပ် ဒီနေ့ပါ နောက်နှစ်ကရုပ် ဒီနေ့ပါအမေမွေးတဲ့ရုပ်အတိုင်း ရုပ်အတိုင်း အဲဒီလိုယူကြတယ်ရှိကော ရှိသေးသလား ?

॥ မရှိပါဘုရား။ ॥

မရှိဘူးနော်....ရုပ်နာမ် ပျက်တိုင်းပျက်တိုင်း ဘာမှမကျန်ပါကလား ဘာမှမရှိပါကလားလို့ ထင်မယ်ဆိုလျှင် ပရမတ်ရုပ်နာမ် ပျက်ထာသိပြီတဲ့ ရှင်းသွားပလား ?

॥ ရှင်းပါပြီဘုရား။ ॥

ရုပ်နာမ်ဖြစ်တိုင်း အသစ်အသစ်ထင်ခြင်း ရုပ်နာမ်ပျက်သွားတိုင်း ပျက်သွားတိုင်း ဘာမှမကျန်ရစ်ထာ ထင်မယ်ဆိုလျှင် ရုပ်နာမ်ဖြစ်ထာသိပြီတဲ့ ဉဒယဗ္ဗယဉာဏ်ပိုင်ပြီလို့ ဆိုလိုက်သည် အားလုံးရှင်းသွားပလား?

॥ ရှင်းပါပြီဘုရား॥ ॥

**အပျက်မြင်လက္ခဏာရေး ဝင်။**

ကဲ....ရှေ့ကို တက်သွားကြစို့....။

**ဆောင်။** ။အပျက်တခုမြင်, လက္ခဏာရေးသုံးပါး အတွင်းဝင်။
တခုစီသာထင်, အစုံသုံးခုစင်။ ။

ခေါင်းစဉ်ကလေးရအောင် လုပ်ရတယ်၊ ဘာဖြစ်ဖြစ် အခုကာလဟာ ကိန်းသေ,ဖြတ်ထိုးတွေများကြတယ်။ စာသင်လျှင်လဲ ဖြတ်ထိုးခေါ်တယ်၊ ဝိပဿနာပြတဲ့ နေရာမှာလဲ ဖြတ်ထိုးတွေပေါ်ပေါ်လာတယ် "အပျက်တခုမြင်, လက္ခဏာရေးသုံးပါး အတွင်းဝင်၊ တခုစီသာထင်, အစုံသုံးခုစင် နော်....။

॥ မှန်ပါဘုရား॥ ॥

ရုပ်နာမ်မှန်လျှင် မပျက်ဘူးလား?

॥ ပျက်ပါတယ်ဘုရား॥ ॥

ရှေ့ရုပ်နာမ်ကော မပျက်ဘူးလား?

॥ ပျက်ပါတယ်ဘုရား॥ ॥

ယခုရုပ်နာမ်ကော မပျက်ဘူးလား?

॥ ပျက်ပါတယ်ဘုရား॥ ॥

နောင်-နိဗ္ဗာန်မရမခြင်း ရုပ်နာမ်ကော မပျက်ဘူးလား?

॥ ပျက်ပါတယ်ဘုရား॥ ॥

**အနိစ္စလက္ခဏာဝင်ပုံ။**

ပျက်သွားတာမြင်မယ်ဆိုလျှင် လက္ခဏာရေးသုံးပါး အတွင်းဝင်တတ်တယ်၊ မနေ့က သမ္မသနညာဏ် လက္ခဏာရေးသုံးပါး အတိုင်းပါဘဲ။

**ဆောင်။** ။ပျက်ပျက်သွားတာမြင်, မမြဲတဲ့, အနိစ္စလက္ခဏာ တခုဝင်။

ဟော-မနေ့ကအတိုင်းဘဲ ပျက်သွားတာရုပ်နာမ်နော်....။

။ မှန်ပါဘုရား။ ။

ရုပ်နာမ်သည် "အနိစ္စ"မမြဲမခိုင်တာနော်....။

။ မှန်ပါဘုရား။ ။

လက္ခဏာက=အမှတ်အသားဖြစ်ပျက်နော်....။

။ မှန်ပါဘုရား။ ။

သူ့ဟာသူ့ အနိစ္စနဲ့လက္ခဏာ ကွဲအောင်ခွဲကြ....။

**သင်္ခါရဒုက္ခဝင်ပုံ။**

**ဆောင်။** ။ပျက်ပျက်သွားတာမြင်, အောင့်လို့မရတဲ့, သင်္ခါရ ဒုက္ခ, လက္ခဏာတခုဝင်။ ။

လက္ခဏာရေးသုံးပါးမှာ ဒုက္ခသည် ဘယ်ဒုက္ခကောက်မလဲ, သင်္ခါရဒုက္ခ, သင်္ခါရဒုက္ခနော်....။

။ မှန်ပါဘုရား။ ။

သင်္ခါရဒုက္ခဆိုလျှင်။ သင်္ခါရက=ဖြစ်ပျက်။ဒုက္ခက=မအောင့်နိုင်တာ ခေါ်တယ်။

ဖြစ်ခြင်းပျက်ခြင်း မအောင့်နိုင်တာ=ရုပ်နာမ်ကောက်ရတယ် ယောဂီကိုယ်တွေ့ဆိုလျှင် ပေါ်သိ ကောက်ရတယ် ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

သင်္ခါရဒုက္ခကောက်ရတယ်၊ လက္ခဏာက ဖြစ်ပျက်ဘဲခေါ်တယ်၊ ဟို....ကိုယ်ဆင်းရဲတဲ့ ကာယိကဒုက္ခ၊ စိတ်ဆင်းရဲတဲ့ စေတသိကဒုက္ခ၊ အဲဒီနှစ်ခုပေါင်းမယ်ဆိုလျှင် ဒုက္ခဒုက္ခ ခေါ်တယ်၊ တယ်လဲဘဲဆင်းရဲကြ၊ စိတ်လဲဘဲဆင်းရဲကြ၊ ကိုယ်လဲဘဲဆင်းရဲကြဆိုတာ ဒုက္ခဒုက္ခခေါ်တယ်၊ အဲဒီလိုဒုက္ခမျိုးလဲဘဲ လက္ခဏာရေးသုံးပါးမှာ မပါရဘူး။ ဝိပရိဏာမဒုက္ခ၊ သားသမီး ပစ္စည်းဉစ္စာရတနာရွှေငွေတွေ ဖေါက်ပြန်ပျက်စီးလို့ ဆင်းရဲနေကြတဲ့ ဝိပရိဏာမ ဒုက္ခမျိုးလဲဘဲ ဒီနေရာမှာမကောက်ရပါ။ ။

ရုပ်နာမ်ပေါ်မှာတင်တဲ့ သင်္ခါရဒုက္ခ၊ ခဏိကဒုက္ခ၊ ပရမတ်ဒုက္ခ၊ ဖြစ်ပျက်ဒုက္ခသာလျှင် ဒီနေရာမှာ ကောက်ရပါသည်၊ ရှင်းသွားပလား ?

။ ရှင်းသွားပါပြီဘုရား။ ။

**အနတ္တသုံးမျိုးရှင်းပြပုံ။**

**ဆောင်။** ။ပျက်သွားတာမြင်, အစိုးမရတဲ့, အနတ္တ လက္ခဏာတဝင်။ ။

ဒါက....မနေ့ကအတိုင်း ခေါ်တယ်၊ အနတ္တကလေး ခွဲပြီးတော့ ပြောတော့မယ်နော်....။

။ မှန်ပါဘုရား။ ။

ဟို....ငယ်စဉ်တောင်ကြေး ကလေးဘဝမှာဆိုလျှင် မိကောင်း ဘခင်သားသမီးများ ရှေ့တုံးက သင်ကြ ဥပုဒ်စောင့်များကျောင်း ကန်ဘုရားကလေးများ သွားမယ်ဆိုလျှင် ပုတီးကလေးများ စိပ် တတ်အောင်၊ အနိစ္စ့အမြဲမရှိ၊ ဒုက္ခ့ဆင်းရဲခြင်း၊ "အနတ္တ့ ငါမ ဟုတ်တမျိုး၊ ကိုယ်မဟုတ်တမျိုး အစိုးမရတမျိုး" သုံးမျိုးလို့ တချို့မိဘတွေ သင်တတ်တယ်။

သုံးမျိုးစလုံး ရှင်းတန်းထုတ်မယ်နော်....။

။ မှန်ပါဘုရား။ ။

**ငါ့စွဲရှင်းပြပုံ။**

အနတ္တ့ ငါမဟုတ်ကို အရင်ရှင်းမယ်....။

ဝါဒနှစ်ခုကိုင်ရတယ်၊ ဒိဋ္ဌိဝါဒနဲ့ ဗုဒ္ဓဝါဒ့နှစ်ခုကို ကိုင်ထား ရတယ်။

ဒိဋ္ဌိဝါဒက=ရုပ်နာမ့်အတ္တ။

ဗုဒ္ဓဝါဒက=ရုပ်နာမ့်အနတ္တ။

ဒိဋ္ဌိနဲ့ဘုရားနဲ့တော့ ဘယ်တော့မှလဲမတွဲဘူး၊ အင်း....ဗမာ ဘာသာနဲ့ ပသီဘာသာ့ မူစလင်ဘာသာ မတွဲသလိုဘဲမှတ်ရမယ် နော်....။

။ မှန်ပါဘုရား။ ။

ဒိဋ္ဌိဝါဒက ရုပ်နာမ်ကိုဘာခေါ်သလဲ့ အတ္တ့ခေါ်တယ်။

ဗုဒ္ဓဝါဒက ရုပ်နာမ်ကို့ အနတ္တ့ခေါ်တယ်နော်....။

။ မှန်ပါဘုရား။ ။

ဒါဖြင့် ဒိဋ္ဌိဝါဒ ရှင်းမယ်ဆိုလျှင်၊ ဗုဒ္ဓဝါဒ ရှင်းပြီးသားဘဲ ဒိဋ္ဌိဝါဒက့ ရုပ်နာမ့် အတ္တ့ အတ္တဆိုဒါပါဠိခေါ်တယ်၊ ဗမာ

ပြန်မယ်ဆိုလို့ရှိလျှင် ငါ့တဲ့၊ ငါဆိုတာ ဘယ်လိုဟာမျိုးလဲလို့ ဒိဋ္ဌိကိုမေးမယ်ဆိုလျှင် "မပျက်စီးနိုင်တဲ့ အနှစ်ကလေး" တဲ့ ဒိဋ္ဌိကလဲတခါထဲ ဉာဏ်မှိုသလောက် ကြံထားတယ်ခေါ်တယ်။

ပါဠိခေါ်တော့ အတ္တ, ဗမာခေါ်တော့ ငါ, သဘောပြောမယ်ဆိုလျှင် အမတေလို မပျက်စီးနိုင်တဲ့ အနှစ်ကလေးတဲ့-ဟော။

ဒါဖြင့် ဒိဋ္ဌိဝါဒ ကောက်ချက်ချစမ်း, ရုပ်နာမ်သည် အကာခေါ်တယ်၊ အကာဆိုသောကြောင့် ရုပ်တော့ပျက်တယ်,နံတော့ပျက်တယ်၊ ရုပ်ထဲမှာရှိတဲ့ အနှစ်ကလေး၊ နာမ်ထဲမှာရှိတဲ့ အနှစ်ကလေးတော့ မပျက်ဘူး ဒိဋ္ဌိယူပုံ။

ဒါဖြင့် ရုပ်ထဲနာမ်ထဲမှာ ဆိုလျှင် အနှစ်ကလေး ရှိတယ်လို့ ဒိဋ္ဌိယူပုံနော်....။

။ မှန်ပါဘုရား။ ။

ဗုဒ္ဓဝါဒယူပုံပြောမယ်....။

ရုပ်နာမ်,အနတ္တ, အနတ္တဆိုလျှင်, ငါ,မဟုတ်, ငါမဟုတ်ဘူးဆိုလျှင် အနှစ်မရှိဘူးတဲ့။

။ မှန်ပါဘုရား။ ။

ဒိဋ္ဌိအယူက ရုပ်နာမ်ထဲမှာ အနှစ်ရှိတယ်။

ဒို့ဗုဒ္ဓက ရုပ်နာမ်ထဲမှာ အနှစ်,မရှိ၊ ဟော....ငြင်းကြပြီ၊ အနှစ်ရှိခြင်း၊ အနှစ်မရှိခြင်း ငြင်းကြပြီ၊ ဘယ်ဝါဒမှန်မလဲ ?

။ ဗုဒ္ဓဝါဒမှန်ပါတယ်ဘုရား။

ဗုဒ္ဓဝါဒမှန်တာ ဘာဖြစ်လို့ ?

။ ဖြစ်ပျက်မြင်လို့ပါဘုရား။ ။

ဟော....ဖြစ်ပျက်ကိုမြင်လို့တဲ့....အနှစ်ရှိတာလဲဖြစ်ပြီး ပျက်သွားတာဘဲ၊ အနှစ်မရှိတဲ့ သစ်ပင်ဝတ္ထုလဲဖြစ်ပြီး ပျက်သွားတာဘဲ ဖြစ်ပျက်နဲ့တော့ မလုံလောက်ဘူး။

။ အစိုးမရလို့ပါဘုရား။ ။

ဟင့်အင်း....အစိုးမရတာလဲ မလုံလောက်ဘူး မလုံလောက်ဘူး မလုံလောက်သေးဘူး၊ ဒါအကုန်လုံး ဆရာတော်မရှင်းလျှင်တော့ ဒိဋ္ဌိဖြစ်ကုန်တော့မှာဘဲ၊ ကိုယ်မြင်လျက်သားနဲ့ ဟုတ်လျက်သားနဲ့ ဒိဋ္ဌိတော့ အဖြစ်မခံနိုင်ဘူး၊ ရုပ်နာမ်ထဲမှာ အနှစ်ရှိမရှိ ဒါ-ပြောင်းတာဘဲ။

ကဲ....ခန္ဓာတွင်းသွင်းပါလား ရုပ်နာမ်ပျက်လျှင် ဘာကျန်သလဲ ?

။ ဘာမှမကျန်ပါဘုရား။ ။

အဲဒါလေးဗျာ....အဲဒါလေး လက်တလုံးလေး, ဒါလေးနဲ့ ဒိဋ္ဌိအဖြစ်မခံနိုင်ဘူး၊ရုပ်နာမ် ပျက်တိုင်းပျက်တိုင်း ဘာမှမကျန်ရစ်ထာတွေ့လို့ ရုပ်ထဲမှာ နာမ်ထဲမှာ အနှစ်မရှိဘူးလို့ သိရပါသည် အကယ်၍ အနှစ်ရှိမယ်ဆိုလျှင် ရုပ်ပျက်သွားလျှင် ကျန်ရမယ်၊ နာမ်ပျက်သွားလျှင် ကျန်ရမယ် ယခုတော့ ကျန်ရဲ့လား ?

။ မကျန်ပါဘုရား။ ။

မကျန်သောကြောင့် အနှစ်ရှိမရှိ ?

။ မရှိပါဘုရား။ ။

အနှစ်မရှိဘူးဆိုတဲ့ ဗုဒ္ဓဝါဒ မှန်မနေဘူးလား ?

။ မှန်နေပါတယ်ဘုရား။ ။

အနှစ်မရှိလျှင် ငါမဟုတ်၊ အတ္တလဲမဟုတ် ရှင်းသွားပလား ?

॥ ရှင်းသွားပါပြီဘုရား॥ ॥

**ဆောင်॥** ॥ ပျက်ပျက်သွားတာမြင်၊ အနှစ်မရှိတာထင်၊ ငါမဟုတ်ဘူးဆိုတဲ့၊ အနတ္တလက္ခဏာတခုဝင်॥ ॥

တချက်ကောက်ချက်ချလိုက်....॥

**ကိုယ့်စွဲရှင်းပြပုံ॥**

အနတ္တ၊ ကိုယ်မဟုတ် တခါရှင်းမယ်နော်....॥

॥ မှန်ပါဘုရား॥ ॥

ဒိဋ္ဌိဝါဒ=အတ္တ॥ ဗုဒ္ဓဝါဒ=အနတ္တ=နှစ်ခုကိုင်ကြ၊ ဒိဋ္ဌိဝါဒ အရင်ရှင်းမယ်....॥

စာ၊ခေါ်တော့=အတ္တ॥ ဗမာ၊ခေါ်တော့=ကိုယ်॥

ခုနတုံးကတော့၊ငါ၊အခုကတော့ ဘာလဲ ?

॥ ကိုယ်ပါဘုရား॥ ॥

ကိုယ်၊ခေါ်တယ်၊ ဒိဋ္ဌိတွေကလဲ အမျိုးမျိုးရှိတယ်နော်....॥

॥ မှန်ပါဘုရား॥ ॥

ကိုယ်ဆိုပေမယ့်လို့ ကာယသဒ္ဒါကလာတဲ့ ယ၊သတ်ကိုယ် မဟုတ်ဘူး၊ ဒိဋ္ဌိများကြံဆထားတဲ့၊ ဝ၊သတ်ကိုဝ် ခေါ်တယ်၊ ကကြီးလုံးတင်တချောင်းငင်၊ဝ၊သတ်ကိုဝ်တဲ့နော်....॥

॥ မှန်ပါဘုရား॥ ॥

ကိုယ်ဆိုတာဘယ်လိုဟာမျိုးလဲ၊ ဒိဋ္ဌိကိုမေးလိုက်ပြန်တယ်၊ ပုံဟန်သဏ္ဌာန်ကလေး၊ဒိဋ္ဌိကလဲမညွှန်ဘူးဒီဘုရားအယူတဲ့ဗုဒ္ဓဘာသာတွေနဲ့ တွေ့တော့ဝ်လဲ သူက ဆွေးနွေးရအောင်၊ ဘာသာငြင်းချက်ထုတ်ရအောင်၊ သူကလဲမညွှန်ဘူး၊ ကိုယ်ဆိုတာ ဘယ်လိုဟာမျိုး

လဲမေးလျှင်၊ သန္တာန်ကလေးတဲ့၊ လုံးလုံးလေ့ လို့ ဝိုင်းဝိုင်းလေ လို့ ရှည်ရှည်လေးလို့ လေးထောင့်လေးလို့ အသား အရေ အကြောစသော ကောဋ္ဌာသလေးလို့ ခေါင်း ကိုယ် ခြေ့လက် စသော ကိုယ်အင်္ဂါအစိပ်အပိုင်းလေးလို ယောကျ်ားလေးလို့ မိန်းမလေးလို့ လူလေးလို့ နတ်လေးလို့ ဗြဟ္မာလေးလို့ ကျွဲနွား တိရစ္ဆာန်လေးလို့ စသည်တို့ဖြင့် သန္တာန်ကလေးရှိသတဲ့၊ ဘယ် သူယူတာလဲ၊ "ဒိဋ္ဌိယူတာ" ပြန်ကောက်လိုက်၊ သန္တာန်ကလေး ရှိမယ်ဆိုလျှင် ဒီသန္တာန်ကလေးကို ကိုယ်ခေါ်တယ်၊ ကိုယ်ခေါ် တယ်ဆိုလို့ရှိလျှင် ရုပ်နာမ်သည်၊ အတ္တ ကိုယ်ဟုတ်၏၊ ဒိဋ္ဌိတွေ ယူပုံနေ၁်....

॥ မှန်ပါဘုရား॥ ॥

ကဲ-ဘုရားအသူစစ်လိုက်အုံးမယ်၊ ရုပ်နာမ်သည် အနတ္တ ကိုယ် မဟုတ်၊ ကိုမဟုတ်လျှင် သန္တာန်မရှိ၊ကဲ...."ဒိဋ္ဌိက-ရုပ်နာမ်သန္တာန် ရှိ" "ဗုဒ္ဓက-ရုပ်နာမ်သန္တာန်မရှိ" ငြင်းတာဘဲ ကဲ.... ဘယ်ဝါဒ လိုက်မလဲ?

॥ ဗုဒ္ဓဝါဒလိုက်ပါ့မယ်ဘုရား॥ ॥

ဘာမြင်လို့ ?

॥ သန္တာန်မရှိတာမြင်လို့ပါဘုရား॥ ॥

သန္တာန်မရှိတာ ဘာဖြစ်လို့မရှိသလဲ? ဟော....॥

॥ ပျက်ပြီးဘာမှမကျန်ရစ်လို့ပါဘုရား॥ ॥

ဟင်.... ဒါကမရဘူး.... ဘာမှမရှိတာက ခုန အနှစ်မရှိတာရ တယ်၊ သန္တာန်မရှိဘူးဆိုတာက "သဘောကိုမြင်လို့တဲ့" "သ ဘော၊ သဘော"

ရုပ်ကလေးတွေဟာ သဘောလောက်ဘဲရှိတယ် နာမ်ကလေးတွေဟာ သဘောလောက်ဘဲရှိတယ်, သဘောဆိုတာ, သ,တကယ်ရှိ။, ဘော=ဖြစ်ပေါ်လာတာခေါ်တယ်၊ ကဲ....ခန္ဓာထဲမှာကြည့်စမ်း အပူကလေးစစ်မယ်။

အဲဒီအပူကလေးဟာ လုံးလုံးဝိုင်းဝိုင်း, ရှည်ရှည်, မေးလျှင်ဘယ့်နယ်ပြောမလဲ?

။ မပြောတတ်ပါဘုရား။ ။

အသား, အရေ အကြော ခေါင်း ကိုယ် ခြေ လက် ယောကျ်ားမိန်းမလေးလားမေးလျှင် ဘယ့်နှယ်ပြော?

။ မပြောတတ်ပါဘုရား။ ။

မာတာလေးလား, ပျော့တာလေးလားမေးလျှင် ဘယ့်နှယ်ပြော?

။ မပြောဘတ်ပါဘုရား။ ။

ဖြူနီကြောင်ကြား အဆင်းတွေမေးလျှင် ဘယ့်နယ်ပြော?

။ မပြောတတ်ပါဘုရား။ ။

အပူဟာ အဆင်းမရှိဘူးနော်....။

။ မှန်ပါဘုရား။ ။

မီးကြည့်လျှင် ရဲရဲကြီးမနေဘူးလား?

။ နေပါတယ်ဘုရား။ ။

နေကြည့်လျှင် ရဲရဲကြီးမနေဘူးလား?

။ နေပါတယ်ဘုရား။ ။

အဲဒီရဲရဲကြီးဟာ အပူဟုတ်ကဲ့လား?

။ မဟုတ်ပါဘူးဘုရား။ ။

အဆင်းနော်....မျက်မြင်ခေါ်တယ်၊ အပူကကိုယ်တွေ့နော်.... သဘောကျရဲ့လား?

॥ သဘောကျပါပြီဘုရား॥ ॥

ဒါဖြင့်ကိုယ်ထဲမှာပူတဲ့အပူကလေးဟာ သဏ္ဌာန်တွေ့ရဲ့လား?

॥ မတွေ့ပါဘုရား॥ ॥

မတွေ့သော်လဲအပူတော့မရှိဘူးလား?

॥ ရှိပါတယ်ဘုရား॥ ॥

ဟော....ဒါ့သဘော့ခေါ်တယ်၊ အပြင်ဘက်မှာ မီးပူ နေပူ တွေမရှိဘူးလား?

॥ ရှိပါတယ်ဘုရား॥ ॥

အဲဒီ အပူကလေးကော သဏ္ဌာန်တွေ့ရဲ့လား?

॥ မတွေ့ပါဘူးဘုရား॥ ॥

လုံးလုံးဝိုင်းဝိုင်းမဟုတ်ဘူးနော်....॥

॥ မှန်ပါဘုရား॥ ॥

ခုန ပြုနီကြောင်ကြား အဆင်းတွေမဟုတ်ဘူးနော်....॥

॥ မှန်ပါဘုရား॥ ॥

အပူကလေးဟာပူရုံသက်သက်ဘဲ၊ သူ့စမ်းကြည့်မယ်ဆိုလျှင်၊ မာမာပျော့ပျော့ရှိရဲ့လား?

॥ မရှိပါဘူးဘုရား॥ ॥

မရှိဘူးခေါ်တယ်၊ ကိုယ်ထဲမှာရှိနေတဲ့ ကန့်တိုး တွန်းဆိုတဲ့ လေကလေး ဒါကောသဏ္ဌာန်တွေ့ရဲ့လား?

॥ မတွေ့ပါဘုရား॥ ॥

သို့သော် ကန်တာရှိမရှိ?

॥ ရှိပါတယ်ဘုရား॥ ॥

တိုးတာရှိမရှိ?

॥ ရှိပါတယ်ဘုရား॥ ॥

တွန်းတာရှိမရှိ?

॥ ရှိပါတယ်ဘုရား॥ ॥

ဟို လမ်းရှောက်သွားတဲ့အခါမှာ လေလေးတွေ လာလာမတိုးဘူးလား?

॥ တိုးပါတယ်ဘုရား॥ ॥

အဲဒီတိုးတဲ့လေကလေးဖမ်းစမ်း မာမာလား, ပျော့ပျော့လား?

॥ မရပါဘုရား॥ ॥

ဖြူနီကြောင်ကြားလား?

॥ မဟုတ်ပါဘုရား॥ ॥

ယောကျာ်းလေးလား မိန်းမလေးလား?

॥ မဟုတ်ပါဘုရား॥ ॥

ယော....ဘာမှသဏ္ဌာန်ပါတာမဟုတ်ဘူး၊ သို့သော် တိုးတာကလေးတော့ တကယ်ရှိမရှိ ?

॥ ရှိပါတယ်ဘုရား॥ ॥

အဲဒါ-"သဘော" ခေါ်တယ်၊ ရှင်းပြီနော်?

॥ ရှင်းပါပြီဘုရား॥ ॥

အဲ....နောက်ပြီးတော့ဆိုလျှင် ရင်ထဲက အသိကလေး ခေါင်းကပေါ်လျှင် ရင်ထဲကမသိဘူးလား?

॥ သိပါတယ်ဘုရား॥ ॥

ကျော့ရင်ကပေါ်လျှင် ရင်ကမသိဘူးလား ?

॥ သိပါတယ်ဘုရား॥ ॥

ဟိုနေရာ....ဒီနေရာကပေါ်လျှင် ရင်ကမသိဘူးလား?

॥ သိပါတယ်ဘုရား॥ ॥

အဲဒီ....အသိကလေး အကဲခတ်စမ်း အဲဒီ အသိကလေးဟာ လုံးလုံးလား၊ ဝိုင်းဝိုင်းလား၊ ရှည်ရှည်လား?

॥ မပြောတတ်ပါဘုရား॥ ॥

အသားအရေအကြောနဲ့တူသလား?

॥ မတူပါဘုရား॥ ॥

ခေါင်းကိုယ်ခြေလက်နဲ့တူသလား ?

॥ မတူပါဘူးဘုရား॥ ॥

အဲဒီ....အသိကလေးဟာ မာမာလား ပျော့ပျော့လား ?

မပြောတတ်ပါဘုရား॥ ॥

သိရုံ့သိရုံ့ဘဲခေါ်တယ်၊ ဒီအသိကလေးဟာ သိရုံကလေးဘဲ ဟို....ဘုရားရှင်ကိုယ်တော်မြတ်က ရင်ထဲမှာ ဟဒယဝတ္ထုရှိလို့ အဲဒီ....ဟဒယဝတ္ထုပေါ်မှာ အသိကလေးမှီနေတယ်၊ ဒီလိုဆိုလို့ သာဆိုလိုက်ရတယ်၊ ဘယ်ကသိနေမှန်း၊ မသိဘူး သေချာ၊ စာမတတ်ဘဲနဲ့ဆိုလျှင် ငြင်းချက်ထုတ်တော့မှာဘဲ....॥

ဟယ်....အသိကလေးဟာ ဘယ်နေရာကသိသလဲ ဟော့-ပြောစမ်းဆိုလျှင် ဆရာတော် ပြောရမယ်ဆိုလျှင်တော့၊ မျက်စေ့က သိတယ် အောက်မေ့တယ်၊ ဘာဖြစ်လို့လဲဆိုလျှင် ရင်မှာစိတ်

ထားပါဆိုလျှင်၊ မျက်စေ့ကပါ-ပါသွားတယ်, မျက်စေ့မပါဘဲနဲ့ ရင်မှာစိတ်ထားလို့မရဘူးမဟုတ်လား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ဒါကြောင့်....ဟိုနေရာ-ဒီနေရာက သိတယ်ဆိုလျှင် မျက်စေ့ထဲကထွက်ထွက်သိ၊ မျက်စေ့ထဲကထွက်ထွက်သိ၊အဲဒီလိုထင်တတ်တယ်၊ သို့သော်တကယ်မဟုတ်ဘူးနော်....॥

॥ မှန်ပါဘုရား॥ ॥

ဒါကြောင့် အသိကလေးဟာ သိရုံသိပြီး ပျက်သွားတာဘဲ ဒါကြောင့် "သဘော-သဘော"ပါ "သ"တကယ်ရှိ॥ ဘော= အသိကလေး- ဖြစ်ပေါ်ပြီးတော့ လာသောကြောင့် ပရမတ်, ဆပ်ဆပ်, သဘောရတယ်လို့ ကေန်စင်စစ် ဖြစ်သောကြောင့်၊ သန္တာန်မရှိပါ၊ သန္တာန်မရှိလျှင် ကိုယ်မဟုတ်ပါလို့ဆိုတာ ရှင်းရှင်းမှတ် သဘောကျပလား ?

॥ ကျပါပြီဘုရား॥ ॥

**ဆောင်॥** ॥ပျက်ပျက်သွားတာမြင်, သန္တာန်မရှိတာထင်၊ ကိုယ်မဟုတ်ဘူးဆိုတဲ့ အနတ္တလက္ခဏာတခုဝင်॥

သိပ်အဘိုးတန်တာဘဲ ဒီနေရာ စကားဆက်ရသေးတယ်॥ ॥

ရုပ်ဖြစ်လျှင် သန္တာန်ရှိသလား ?

॥ မရှိပါဘူးဘုရား॥ ॥

နာမ်ဖြစ်လျှင် သန္တာန်ရှိသလား॥ ॥

॥ မရှိပါဘူးဘုရား॥ ॥

မရှိဘဲနဲ့ ရေပွက်ကလေးနဲ့ တူလိုက်ထာ၊ တံလျှပ်တလေးနဲ့ တူလိုက်ထာ၊ နောက်ပြီးတော့ ဆပ်ပြာမြှုပ်တွေနဲ့တူလိုက်ထာ၊

နှင်းဖွဲ့ကလေးတွေများ ကျနေသလို၊ မိုးဖွဲလေးတွေများ ကျနေသလို၊ မြူမှုံလေးတွေများကျနေသလို၊ နောက်ပြီးတော့ ရေငွေ့အိုးကြီးများ ဆူပွက်နေသလို၊ ဘိုလပ်ရည်ပုလင်း ဖေါက်လိုက်တဲ့အခါမှာ အကြည်ဓာတ်ပျောက်၍ အမြှုပ်ကလေးတွေ ဗူပေါင်းကလေးတွေ့ စီစီ့စီစီ့ထနေသလို ဘယ့်နှယ်လဲ ဥပမာ သန္တာန်တွေတယ်များပါကလား၊ သန္တာန်လဲမရှိဘူးဆိုပြီးတော့ ဟောတော့၊သန္တာန်တွေဟောနေတယ် အဲဒါ ဘယ့်နှယ်လဲ။ ။

**"ယောဂါဝစရဿဟိ သင်္ခါရာသသဏ္ဍာနဝိယ ဥပဒဟန္တိ"**

ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ ဖွင့်ပြန်တယ်။

ယောဂါဝစရဿဟိ၊ ကမ္မဋ္ဌာန်းကို နှင်လားငါလားတကယ်တန်းလုံးပန်း ကြိုးကုတ်အားထုတ်၍ နေကြရတဲ့၊ ရဟန်းလူရှင်ယောဂီ သူတော်စင်အပေါင်းအား။ သင်္ခါရာ၊ ရုပ်နာမ်ဓမ္မသင်္ခါရတို့သည်။ သသဏ္ဍာနဝိယ၊ ဘာလေးနဲ့တူတယ်၊ ညာတေးနဲ့တူတယ် စသည်တို့ဖြင့် သန္တာန်တော့မရှိပါ သန္တာန်တကယ်မရှိငြားသော်လဲ သန္တာန်ရှိသကဲ့သို့။ ဥပဒဟန္တိ၊ မုချမသွေ တကယ်တန်းထင်၍ နေကြပေကုန်၏တကား။ ။

သာဓု....သာဓု....သာဓု

တကယ်သန္တာန်မရှိဘူး သန္တာန်မရှိသော်လဲ ဟို....ပရမတ်စစ်စစ်ဆိုလျှင် တခုထဲခေါ်တယ်၊ ယခုတော့၊ ရှ့ကလေးတွေ အများကြီးပေါင်း၊ နောက်ပြီးတော့ အမြှုပ်ကလေးတွေ အများကြီးပေါင်းတော့၊ ဘာနဲ့တူတယ်၊ ညာနဲ့တူတယ် မဖြစ်ဘူးလား?

။ ဖြစ်လာပါတယ်ဘုရား။ ။

အဲဒါ....ပညတ်ဖြစ်သွားတာဘဲ ပရမတ်စစ်စစ်, အာကာသ ပြတ်ပြီးတော့ တခုစီများမြင်မယ်ဆိုလျှင် ဘာနဲ့တူတယ် ညာနဲ့ တူတယ်၊ ရှိပါ့မလာ့ ?

॥ မရှိပါဘူးဘုရား။ ॥

အဲ....ယောဂီတို့ကတော့ အပေါင်းထင်ခေါ်တယ်၊အစိပ်ကြပြီ ဆိုလျှင် သဏ္ဍာန်မရှိဘူးတဲ့ အားလုံးသဘောကျပလား ?

॥ ကျပါပြီဘုရား။ ॥

ဘုရားရှင် ကိုယ်တော်မြတ်ကလဲ အပေါင်း ပညတ်မှာထင်တဲ့ သဏ္ဍာန်အတိုင်းဘဲ ဟောရှာတယ် ရှင်းသွားပြီနော်....။

॥မှန်ပါဘုရား။ ॥

**အစိုးမရပုံ။**

နောက်ပြီးတော့ဆိုလျှင် အစိုးမရဆိုတာကတော့လွယ်တာဘဲ ရုပ်နာမ်လေးတွေဟာ သူ့သဘောနဲ့ဖြစ်သလား၊ ကိုယ့်သဘော နဲ့ဖြစ်သလား ?

॥ သူ့သဘောနဲ့ သူဖြစ်ပါတယ်ဘုရား။ ॥

ယောဂီတို့ကတော့ စိတ်ရင်ထဲမှာ အသာထားရုံထားတယ်၊ ပေါ်ဘို့ကိုလုပ်သေးသလား ?

॥ မလုပ်ပါဘုရား။ ॥

ပျက်သွားဘို့ကိုကောလုပ်သေးသလား ?

॥ မလုပ်ပါဘုရား။ ॥

လုပ်ထာက စိတ်ကလေးတည်အောင်လုပ်ပေးတယ်ခေါ်တယ်။

[ဆောင်။ ။သူ့သဘောနဲ့ ပျက်သွားတာမြင်, အစိုးမရတဲ့,
အနတ္တတခုဝင်။ ။

ဒါဖြင့် အပျက်တခုမှာ လက္ခဏာသုံးပါး မဝင်ဘူး ?

။ ဝင်ပါတယ်ဘုရား။ ။

**အပျက်တခုမြင်-လက္ခဏာသုံးခုဝင်ပုံ။**

ဆောင်။ ။အပျက်တခုမြင်၊ လက္ခဏာရေးသုံးပါးအတွင်းဝင်။

"**တေသု တီသု လက္ခဏေသု ကေသ္မိံ ဒိဋ္ဌေ ဣတရ ဒွယံ ဒိဋ္ဌမေဝ**" ဆိုတဲ့ ခန္ဓာဂုဏ်သံယုတ် အဋ္ဌကထာနဲ့အညီပါဘဲ။

လက္ခဏာရေးသုံးပါးမှာ တပါးမြင်လျှင် ကျန်တဲ့နှစ်ပါးမြင်လာတယ်ဆိုတာ၊ အတွင်းဝင်တာပြောတာ၊ တပြိုင်နက်မသင်နိုင်ဘူးတဲ့ ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

တပျင်နက် "သုံးသိ့သုံးဉာဏ်" မဖြစ်နိုင်ဘူး၊ အနိစ္စ့သိတဲ့ ဉာဏ်ကတလုံး၊ ဒုက္ခ့သိတဲ့ ဉာဏ်ကတလုံး၊ အနတ္တ့သိတဲ့ ဉာဏ်ကတလုံး၊ ဉာဏ်သုံးလုံး စိတ္တက္ခဏာတချက်ထဲမှာ ဉာဏ်သုံးဉာဏ် တပြိုင်နက် ဖြစ်နိုင်ပါ့မလား ?

။ မဖြစ်နိုင်ပါဘူးဘုရား။ ။

ပညိန္ဒြေအမောဟ စေတသိက်ဆိုတာ စိတ္တက္ခဏာမှာ တခုထဲပါရတယ် ရှင်းသွားရဲ့လား ?

။ ရှင်းသွားပါပြီဘုရား။ ။

ဒါကြောင့်....လက္ခဏာရေးသုံးပါးမှာ တပါးမြင်လျှင် ကျန်တဲ့နှစ်ပါးလဲ မြင်တယ်ဆိုတာ တပြိုင်နက်မယူနဲ့နော်....အတွင်းဝင်တာယူထားကြ။

"အပျက်တခုမြင်၊ လက္ခဏာရေးသုံးပါး အတွင်းဝင်၊ တခုစီသာထင်" ဟော....မူလဋီကာ ဆရာကြီးက တခုစီသာထင်ရမယ်တဲ့ ဘာဖြစ်လို့လဲဆိုလျှင် ခုနပြောသလို သုံးသိ့သုံးဉာဏ် တပြိုင်နက်မဖြစ်လို့ အနုဋီကာက အကြောင်းပေးတယ်ခေါ်တယ်၊ ဒါဖြင့်ဘယ်လက္ခဏာထင်ရမလဲမေးတော့"အနိစ္စ မေ ဝတ္တပမာနံ"တဲ့ အနိစ္စ့ပမာနလိုရင်း ထင်ရမယ်တဲ့၊ ရှင်းသွားပလား ?

။ ရှင်းပါပြီဘုရား။ ။

ဟုတ်လဲ ဟုတ်ထာဘဲ အနိစ္စက ဆက်သွယ်ရေးထင်ရမယ် အနိစ္စနဲ့ ဒုက္ခထင်ခြင်း၊ အနိစ္စနဲ့အနတ္တ့ထင်ခြင်း၊ ဒုက္ခနဲ့ အနတ္တထင်ခြင်း အနိစ္စလိုရင်းထားနော်....။

။ မှန်ပါဘုရား။ ။

**အနိစ္စနဲ့ ဒုက္ခထင်ပုံ။**

ကိုယ်တွေ့ ကိုယ်တွေ့သွား ခန္ဓာထဲမှာ ထိုင့်ထိုင်ခြင်းလို၊အိပ့်အိပ်ခြင်းလို၊ ရပ့်ရပ်ခြင်းလို၊သွား့သွားခြင်းလို၊ လျှပ်တလက်မကဖြစ်လိုက့်ပျက်လိုက့်ဖြစ်လိုက့်ပျက်လိုက့်မြင်မယ်ဆိုလျှင် သင်္ခါရလက္ခဏာထင်၊ နဲ့နဲ့လေး့ကြာ့ကြာ့သွားလိုက်ပြီဆိုလျှင် ပူ့ချည်တလှည့်၊ အေး့ချည်တလှည့့်ထုံချည်တလှည့့် ကျင်ချည်တလှည့့် နာ့ချည်တလှည့်၊ ကိုက့်ချည်တလှည့့် အောင့့်ချည်တလှည့့် မူး့ချည်တလှည့့် ဝေ့ချည်တလှည့် စသည်ဖြင့် တမျိုးစီ့တမျိုးစီ စိတ်ဆင်းရဲဒါ ထင်မယ်ဆိုလျှစ့် သန္တတိဒုက္ခလက္ခဏာ၊ အလပ်စားထင်နောက်ကျတော့ ဆင်းရဲဒုက္ခ မြင်ပါများမယ်ဆိုလျှင် ဘယ်ညာ တစောင်းပြောင်းလိုက့် ဤကဲ့သို့ ဟိုပြောင်း့ဒီပြောင်း

နဲ့ ပြောင်းပါများမယ်ဆိုလျှင် တဘာဝတခါအို့ တခါနာ, တခါ သေရတဲ့ အဒ္ဒါန ဒုက္ခလက္ခဏာထင်, ဒုက္ခသုံးမျိုးမှတ်ထားကြ။

နောက်ပြန်မေးမယ်၊ တဘဝ တခါအို့ တခါနာ, တခါသေ ရတဲ့ အဒ္ဒါနဒုက္ခသည် ဘာဖြစ်လို့ထင်သလဲ၊ တမျိုးစီ တမျိုးစီ ခန္ဓာမှာ ဖေါက်ပြန်ဆင်းရဲပြီးတော့နေတဲ့ "သန္တတိဒုက္ခ" အရင်း ခံရှိလို့ ဘာဖြစ်လို့ သန္တတိဒုက္ခရှိကြပြန်သလဲ ခန္ဓာထဲမှာ ထိုင်, ထိုင်ခြင်း၊ အိပ်, အိပ်ခြင်း၊ ရပ်, ရပ်ခြင်း၊ သွား, သွားခြင်း ဆိုတာလို လျှပ်စီးတလက်မက ဖြစ်လိုက်, ပျက်လိုက်, ဖြစ်လိုက်, ပျက်လိုက်, မအောင့်နိုင်တဲ့ "သင်္ခါရဒုက္ခ" အရင်းခံရှိလို့ ဘာဖြစ်လို့ ဒီသင်္ခါရ ဒုက္ခရှိကြသလဲ ရုပ်နာမ်ကိုက မမြဲ, မခိုင်ကြလို့ အနိစ္စနဲ့ ဒုက္ခ သုံး မျိုးထင်ပုံ။

**အနိစ္စနဲ့ အနတ္တထင်ပုံ။**

အားလုံးသတ္တဝါတွေ ကြိုက်ကြတာက မြဲတာ, ခိုင်တာ, ကြိုက် တယ်၊ ရုပ်နာမ်က အနိစ္စ မမြဲတာ, မခိုင်တာ ပြနေတယ်နော်....

။ မှန်ပါဘုရား။ ။

ကိုယ်ကြိုက်ထာက နိစ္စ၊ သူဖြစ်ထာက အနိစ္စ ဆိုတော့ လိုသလို မရ "အနတ္တ" ပေါ့ အနိစ္စနဲ့ အနတ္တထင်ပုံတဲ့။

**ဒုက္ခနဲ့ အနတ္တထင်ပုံ။**

အားလုံးသတ္တဝါတွေ ကြိုက်ကြတာက သုခ, ချမ်းသာဒါ ကြိုက်သည်၊ ရုပ်နာမ်ဖြစ်နေတာက ဒုက္ခ, ဆင်းရဲဒါ ဖြစ်နေသည်၊ ကိုယ်ကြိုက်ထာက သုခ, သူဖြစ်တာက ဒုက္ခ, လိုသလိုမရ အနတ္တပေါ့။

ရှင်းသွားပလား ?

။ ရှင်းပါပြီဘုရား။ ။

**အစွဲသုံးခုစင်ပုံ။**

"တခုစီသာထင် အစွဲသုံးခုစင်" ဟော....အစွဲသုံးခုရှိပါတယ်၊ မာနစွဲ၊ တဏှာစွဲ၊ ဒိဋ္ဌိစွဲ၊ အစွဲသုံးပါးရှိတယ်၊ အစွဲသုံးပါးစွဲနေတဲ့ ပုဂ္ဂိုလ်ဟာ ရောဂါသည်နော်....။

။ မှန်ပါ့ဘုရား။ ။

"အနာနဲ့ဆေးကိုက်အောင်ပေး ပျောက်ရေးမခက်ပါတဲ့" သူ့လက္ခဏာနဲ့ သူ့အစွဲနဲ့ ကိုက်အောင်ပေးရ "အနိစ္စလက္ခဏာ ထင်လျှင် ထောင်လွှားတဲ့မာနစွဲတွေစင်" ဟော....မာနဆိုတာ အထင်ကြီးတယ်၊ ဘဝင်မြင့်တယ်၊ ခြေဖျား ထောက်တယ်လို့ ခေါ်တယ်။

ဘယ်သူ့မှ လူမထင်ဘူး ခေါ်တယ်နော်....အဲဒါ မာနခေါ်တယ်၊ အဲဒီလို မာနစွဲတဲ့လူဟာ အနိစ္စ မမြဲ၊ မခိုင်၊ အားကိုးစရာ မရှိတာ သူမမြင် ခန္ဓာထဲသွင်းကြည့်လိုက်တဲ့အခါကျတော့ မြဲတာတွေ့ရဲ့လား ?

။ မတွေ့ပါဘုရား။ ။

ခိုင်မြဲတာတွေ့ရဲ့လား ?

။ မတွေ့ပါဘုရား။ ။

အားကိုးစရာကော တွေ့ရဲ့လား ?

။ မတွေ့ပါဘုရား။ ။

ရေမြှုတ်စိုင်ကြီးသည် အင်မတန့်တောင်လောက်မက ကြီးတယ်ခေါ်တယ်၊ ဒီရေမြှုတ်စိုင်ကြီးကို အားကိုးပြီးသကာလ ဟိုဘက်ကမ်းကူးလျှင် ရပါ့မလား ?

။ မရပါဘူးဘုရား။ ။

မရဘူး၊ အခုလဲ အဲဒီလိုဘဲ အင်မတန် ဝဖြိုးပြီးတော့နေတဲ့ ခန္ဓာကိုယ်ကြီးပင် ဖြစ်သော်လဲ ရေမြှုတ်စိုင်မကာ အနားကပ်ပြီးတော့ နားထောင်လိုက်မယ်ဆိုလျှင် ဖျစ်ဖျစ်, ဖျစ်ဖျစ်, ဖျစ်ဖျစ်နဲ့ မြည်ပြီးတော့ တပျက်ထဲပျက်နေတာဘဲ၊ မပျက်တဲ့နေရာအစိပ်အပိုင်းရယ်လို့ ရှိရဲ့လား ?

။ မရှိပါဘုရား။ ။

မရှိဘူးခေါ်တယ်၊ ဒါကြောင့် ရေပွက်ပမာဏကဲ့သို့ တပျက်ထဲပျက်နေတဲ့ ခန္ဓာကိုယ်ကြီးကို မြင်မယ်ဆိုလျှင် ဒီခန္ဓာကိုယ်ကြီးနဲ့ပတ်သက်၍ ဘာ မာနကြီးစရာလိုသလဲ ရှိသေးသလား ?

။ မရှိပါဘုရား။ ။

ခေါင်းနဲ့ ပတ်သက်၍ မာန၊ ကိုယ်နဲ့ပတ်သက်၍ မာန၊ အောက်ပိုင်းနဲ့ပတ်သက်၍ မာနကြီးစရာ ရှိသေးသလား ?

။ မရှိပါဘူးဘုရား။ ။

အားခွန်ဗလကောင်းလို့ မာနတက်တဲ့ပုဂ္ဂိုလ် အားခွန်ဗလမရှိလျှင် မာနကျတာဘဲ၊ အဆင်းလှလို့ မာနတက်တဲ့ပုဂ္ဂိုလ် အဆင်းပျက်သွားလျှင် မာနကျတာဘဲ၊ ရုပ်ချောတဲ့ပုဂ္ဂိုလ်တယောက် ရုပ်ချောလို့ မာနတက်လျှင် ဒီရုပ်ကြီးဟာ အကြည့်တန်သွားလျှင် ဒီမာန မကျဘူးလား ?

။ ကျပါတယ်ဘုရား။ ။

သားသမီးကြောင့် မာနတက်တဲ့ပုဂ္ဂိုလ်သည် သားသမီးများ တဖြေးဖြေး ဆုတ်ယုတ် ပျက်စီးပြီးတော့သွားလျှင် ဒီမာနကျတယ်၊ ပစ္စည်းဥစ္စာတောင့်တင်းပြီးသကာလ မာနတက်တဲ့ ပုဂ္ဂိုလ်တယောက်သည် ဒီပစ္စည်းဥစ္စာကလေး တဖြေးဖြေး တဖြေးဖြေး ဆုတ်ယုတ် ဆုတ်ယုတ်ပြီးတော့ သွားမယ်ဆိုလျှင် ဒီမာန ကျပါတယ် ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

အလုပ်အကိုင်နဲ့ ပတ်သက်၍ မာနတက်နေတဲ့ ပုဂ္ဂိုလ်တယောက်သည် အလုပ်အကိုင် မရှိတဲ့အခါမှာဆိုလျှင် ဒီမာန ကျပါသည်နော်....

။ မှန်ပါဘုရား။ ။

ဆောင်။ ။အနိဋ္ဌလက္ခဏာထင်လျှင် ထောင်လွှားတဲ့မာနစွဲစင်။ သင်္ခါရဒုက္ခလက္ခဏာထင်လျှင် လိုချင်တဲ့ တဏှာစွဲစင်။ အနတ္တလက္ခဏာထင်လျှင် ငါလို့ယူတဲ့ ဒိဋ္ဌိစွဲစင်။

ဘာလေးလိုချင်တယ်၊ ညာလေးလိုချင်တယ်၊ လူ့စည်းစိမ်လေးလိုချင်တယ်၊ နတ်စည်းစိမ်လေးလိုချင်တယ်၊ ဗြဟ္မာ့စည်းစိမ်လေးလိုချင်တယ်၊ သားလေးလိုချင်တယ်၊ သမီးလေးလိုချင်တယ် လို့ဆိုတာ ဒုက္ခမမြင်လို့တဲ့ သင်္ခါရဒုက္ခ ဖြစ်ခြင်း, ပျက်ခြင်း, မအောင့်နိုင်တာ မြင်မယ်ဆိုလျှင် ဘာမှမလိုချင်တော့ဘူး၊ "သင်္ခါရဒုက္ခလက္ခဏာထင်လျှင် လိုချင်တဲ့ တဏှာစွဲတွေစင်"။

"အနတ္တလက္ခဏာထင်လျှင် ငါလို့ယူတဲ့ ဒိဋ္ဌိစွဲစင်" အသားအရေ အကြောလို့ယူတဲ့ ဒိဋ္ဌိစွဲစင်၊ ခေါင်းကိုယ် ခြေလက်စသည်

လို့ ယူတဲ့ ဒိဋ္ဌိစွဲ၊ လူနတ်ပြဟ္မာ အသက်လိပ်ပြာ အကောင် သတ္တဝါလို့ ယူတဲ့ ဒိဋ္ဌိစွဲတွေစင် ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

တဏှာစွဲ၊ မာနစွဲ၊ ဒိဋ္ဌိစွဲ၊ ဒီအစွဲသုံးပါးကို စာလို "ပပဉ္စ"ခေါ်တယ်၊ ဗမာပြန်တော့ သံသရာကြီးထဲမှာ ကြာကြာကြီးနေရတယ် ခေါ်တယ်နော်။

။ မှန်ပါဘုရား။ ။

အခုထက်ထိ သံသရာထဲက မထွက်နိုင်တာ ဘာဖြစ်လို့လဲ မေးလျှင် အစွဲသုံးပါး မပျောက်လို့ ဘာဖြစ်လို့ အစွဲသုံးပါး မပျောက်သလဲမေးလျှင်"လက္ခဏာရေးသုံးပါး စစ်စစ်"မမြင်လို့။

ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ဘာဖြစ်လို့ လက္ခဏာရေးသုံးပါး စစ်စစ်မမြင်သလဲမေးလျှင် ဖြစ်ပျက်စစ်စစ်မမြင်လို့ ဘာဖြစ်လို့ မမြင်သလဲမေးလျှင် ရုပ်နာမ်စစ်စစ် အားမထုတ်လို့ပေါ့... ဒါဖြင့် ကောက်ချက်ချစမ်း။

ဝိပဿနာတရား စစ်စစ်အားမထုတ်လျှင် အစွဲမပြုတ်ပါ အစွဲမပြုတ်လျှင်အောက်တန်းစား သောတာပန်မဖြစ်ပါ သောတာပန်မဖြစ်လို့ရှိလျှင် အပါယ်ခွင် ပထမလွတ်လပ်ရေး ဘယ်တော့မှ မရနိုင်ပါ ရှင်းသွားပလား ?

။ ရှင်းသွားပါပြီဘုရား။ ။

**ဆော င်။** ။အပျက်တခုမြင် လက္ခဏာရေးသုံးပါး အတွင်းဝင် တခုစီသာထင် အစွဲသုံးခုစင်။

အဲဒါပုတီးစိပ်တဲ့ ယခုလက်ထက်တော့မဆိုနိုင်ဘူး၊ ရှေးတုံးကဆိုလျှင် ဥပုသ်စောင့်သွားလျှင်ပုတီးကလေးပါရတယ်၊ ပုတီးမပါနိုင်လို့ရှိလျှင် အပြစ်တင်တောင်ခံရတယ်၊ နင်ဒီလောက်တောင် ဆင်းရဲသလား၊ ပုတီးကလေးတကုံးမှ နင်မဝယ်နိုင်ဘူးလားလို့ ရှေးတုံးကဆိုလျှင် အပြစ်တင်ခံရတယ်....နော်။

॥ မှန်ပါ့ဘုရား။ ॥

အခု ဝိပဿနာ စစ်စစ်ဆိုတာ စိတ်အလုပ်ခေါ်တယ်၊ ပါးစပ်ကော ပါသေးသလား ?

॥ မပါ၊ပါဘူးဘုရား။ ॥

စိတ်အလုပ်ခေါ်တယ်၊ ကိုယ်ထဲမှာ ပေါ်သိ၊ဆိုတာ ပေါ်ဒါက ရုပ်၊ သိတာက နာမ်၊ ဒီ-ရုပ်နာမ်စစ်စစ် သိတယ်ဆိုတာ စိတ်အလုပ်၊ ဉာဏ်အလုပ်၊ခေါ်တယ်၊ သိတာကလေး ပျက်သွားတာလဲတဲ့ ဉာဏ်ထဲမှာ မြင်ရတယ်နော်....။

॥ မှန်ပါတယ်ဘုရား။ ॥

ဒါကြောင့် လက္ခဏာစစ်စစ်ဆိုလျှင် အသိအလုပ်၊ ဉာဏ်အလုပ်၊ စိတ်အလုပ်သာမှတ်တော့ ကိုယ်နဲ့လဲ မဆိုင်ဘူး၊ ပါးစပ်နဲ့လဲ မဆိုင်ဘူး၊ လက်နဲ့လဲ မဆိုင်ဘူး၊ ပုတီးနဲ့လဲမဆိုင်ဘူး။

ဆိုင်သေးသလား ?

॥ မဆိုင်ပါဘုရား။ ॥

ဒါကြောင့် ပုတီးစိပ်သော အလုပ်တို့သည် ဝိပဿနာစစ်စစ်မဟုတ်ဘူး ဟုတ်ကဲ့လား ?

॥ ဝိပဿနာအလုပ်မဟုတ်ပါဘုရား။ ॥

လက်နဲ့စိပ်လဲ စစ်စစ်မဟုတ်ဘူး၊ ပါးစပ်ကဆိုစိပ်လဲ စစ်စစ်မဟုတ်ဘူး၊ ဝိပဿနာစစ်စစ်ဆိုတာ ခုန ဆရာတော်ပြောတဲ့အတိုင်း မနောဝိညာဉ် ဉာဏ်အလုပ် အသိအလုပ်ခေါ်တယ်။

သဘောပါရဲ့လား ?

॥ သဘော ပါ့ပါတယ်ဘုရား။ ॥

ရှင်းကောရှင်းရဲ့လား ?

॥ ရှင်းပါတယ်ဘုရား။ ॥

ဒါဖြင့် စိပ်ပုတီး, စိပ်ပုတီးဆိုတာ စိတ်နဲ့တကယ်စိပ်မှ ယခုတော့ ဘယ်လိုဖြစ်နေသလဲဆိုလျှင် လက်က ချောက်, ချောက်, ချောက်, ချောက်နဲ့ဆိုတော့ လက်ပုတီးဖြစ်နေတယ်။

ပါးစပ်ကကော မဆိုဘူးလား ?

॥ ဆိုပါတယ်ဘုရား။ ॥

ဒီကိုယ်ကြီး အနိစ္စ,ဒုက္ခ,အနတ္တ, ဒီသားသမီး, အနိစ္စ,ဒီသားသမီး, ဒုက္ခ,ဒီသားသမီး,အနတ္တ, ဒါနဲ့ရပါ့မလား ?

॥ မရပါဘုရား။ ॥

ရုပ်နာမ်ပေါ်တင်ရဲ့လား ?

॥ မတင်ပါဘူးဘုရား။ ॥

ပြစ်ပျက်ကောတွေ့ရဲ့လား ?

॥ မတွေ့ပါဘူးဘုရား။ ॥

မတွေ့တော့ဘူး-တာလဲဘဲ ပါးစပ်ကလိုက်ပြီးတော့ ဆိုနေတာဘဲ-ဒါလဲ တချို့ခန္ဓာငါးပါး စိပ်ထာရှိသေးတယ်၊ ရုပ်အနိစ္စံ, ဝေဒနာအနိစ္စံ, သညာအနိစ္စံသင်္ခါရာအနိစ္စံ,ဝိညာဏံအနိစ္စံ,ခန္ဓာ-

ငါပါးပုတီးစိပ်တယ်၊ ခန္ဓာငါးပါးတွေ့သလားဆိုတော့ မတွေ့ဘူး ရှတ်ဘာသ်လို့ကောင်းလို့သာ စိပ်နေတာဘဲ မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

အဲဒါ....နောက်ပိတ်ဆုံးတော့ ဝိပဿနာစစ်စစ်တော့ မဟုတ်ဘူး၊ ရှတ်ဘာသ်သနာ ခေါ်ချင်ခေါ်တော့တဲ့ ဟော....မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ရှတ်ထာဘဲရှိတယ် ခန္ဓာထဲက ရုပ်နာမ်ပါရဲ့လား ?

॥ မပါပါဘုရား॥ ॥

မပါဘူး သညာ သိက လေးနဲ့ ရူပက္ခန္ဓာ, ဝေဒနက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ။

ရူပက္ခန္ဓာ=ရုပ်အစု၊
သညာက္ခန္ဓာ=မှတ်သားမှုစု၊
သင်္ခါရက္ခန္ဓာ=အားထုတ်အမှုစု၊
ဝေဒနက္ခန္ဓာ=ခံစားမှုအစု၊
ဝိညာဏက္ခန္ဓာ=သိမှုအစု၊

ဒါလေး လိုက်ပြီး စိပ်ထာ စစ်စစ်မဟုတ်ဘူး၊ သဘောကျပလား ?

॥ ကျပါပြီဘုရား॥ ॥

စစ်စစ်မဟုတ်ဘူး ဒါဖြင့် ပုတီးတော့လဲ အပြစ်မတင်ရဘူး၊ ပုတီးလဲရုပ်ပါ၊လက်လဲဘဲရုပ်ပါ၊ ပါးစပ်လဲဘဲရုပ်ပါ၊ ရုပ်ဆိုလျှင်,

အဗျာကတ၊ အဗျာကတ, ဆိုလျှင်, ကုသိုလ်လို့လဲ မခေါ်ရ၊ အကုသိုလ်လို့လဲမခေါ်ရ၊ မင်္ဂ, ဖိုလ်, နိဗ္ဗာန်လဲမရနော်....။

။ မှန်ပါဘုရား။ ။

ဒါကြောင့် ပဋိပတ္တိသာသနာထွန်းပြီးတော့နေတဲ့ အချိန်လေးမှာစိပ်ပုတီးနဲ့ မတော်တော့ဘူး၊ စိပ်ပုတီးနဲ့ မတော်တော့ဘူး၊ တကယ့်ကို ခန္ဓာကိုယ်အတွင်းမှာ၊ ပေါ်သိဆိုတဲ့ ရုပ်နာမ်စစ်စစ်ကလေးဖြစ်ပြီး ပျက်သွားတာ၊ ကိုယ်ကိုယ်တိုင် ကိုယ်ပိုင်ဉာဏ်ဖြင့်သိပြီးသကာလ, တကယ့်ကို မနောဝိညာဉ်စိတ်မျိုးနှင့် စိပ်မှသာလျှင်တော်တော့မယ်၊ မတော်ဘူးလား ?

။ တော်ပါတယ်ဘုရား။ ။

ဒီခေတ်မှာ ပဋိပတ္တိသာသနာတော်လေး ကွယ်ပြီးတော့သွားမယ်ဆိုလျှင် ဘယ်မှာ စိပ်တတ်မလဲ၊ မစိပ်တတ်တော့ဘူးနော်....။

။ မှန်ပါဘုရား။ ။

ဒါကြောင့် သူများကိုတော့ အပြစ်မဆိုနဲ့ ပုတီးကိုင်တဲ့ ပုဂ္ဂိုလ်တွေကိုတော့ အပြစ်မဆိုနဲ့ အကယ်၍ ပုတီးကိုင်သော ပုဂ္ဂိုလ်တွေများ တွေ့မယ်ဆိုလျှင် အင်မတန် သနားသောအားဖြင့် ဒီလိုထိုင်စမ်းပါ, ဒီလိုအိပ်စမ်းပါ စိတ်ကလေးရင်ထဲမှာ ထားပြီးသကာလ, ပေါ်ဒါလေးတွေမှတ်ကြစမ်းပါလို့ ကရုဏာမေတ္တာထားပြီးသကာလ ဆုံးမလို့ ကိုယ်ထဲမှာ ဖြစ်ပျက်လေးတွေမြင်မယ်ဆိုလျှင် အဲဒါကလေးတွေ မှတ်ကြစမ်းပါလို့ ပုတီးကိုပြောင်းပြီးသကာလ၊ ခန္ဓာကိုယ်ထဲမှာ ဖြစ်ပျက်မြင်အောင် သတိပေးကြပါလို့ ဆိုလိုက်ပေတယ်။

ရှင်းသွားပလား ?

။ ရှင်းပါပြီဘုရား။

**ဥဒယဗ္ဗယဥာဏ် အနုစားပိုင်ပုံ။**

**ဆောင်။** ။ရုပ်နာမ်ဖြစ်ဆဲ, အမြဲအသစ်ပင်, အသက်တိုမြင်, အနှစ်မရှိတာထင်, ဥဒယဗ္ဗယဥာဏ် အနုစားပင်, အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်တွင်။ ။

တခုတက်သွား....။ "ရုပ်နာမ်ဖြစ်ဆဲ, အမြဲအသစ်ပင်" ရုပ်,ဆို တော့ပေါ်တာနော်....။ နာမ်,ဆိုတော့ သိတာနော်...."

။ မှန်ပါဘုရား။ ။

ပေါ်,သိ,ပေါ်၊ အဲဒီလို-ရုပ်နာမ်ဖြစ်တိုင်းဖြစ်တိုင်း အမြဲအသစ် လို့ ထင်ခြင်းတပါး၊ ကိုယ့်ခန္ဓာနဲ့ကိုက်ကြည့်။ "အသက်တိုမြင်" ရုပ်နာမ်လေးတွေဖြစ်ပြီးလျှင် လျှပ်တလက်မကမြန်မြန်ကြီး ပျက်မ မသွားဘူးလား ?

။ ပျက်သွားပါတယ်ဘုရား။ ။

အဲဒီလို မြန်မြန် ပျက်သွားလျှင်, အသက်တိုသလား ရှည် သလား ?

။ တိုပါတယ်ဘုရား။ ။

တိုတယ်ခေါ်တယ် ရုပ်နာမ်လေးတွေဖြစ်တိုင်းဖြစ်တိုင်း အမြဲ တန်းအသစ်အသစ်လို့ ထင်ခြင်း အင်္ဂါတပါး၊ ဖြစ်ပြီးလျှင် လျှပ် တလက်မက မြန်မြန်ကြီးပျက်သွားပါကလားလို့ အသက်တိုတာ မြင်ခြင်းအင်္ဂါတပါး၊ နှစ်ပါးရှိသွားပြီ၊ "အနှစ်မရှိထင်"ရုပ်နာမ် ကလေးပျက်သွားလျှင် ဘာဆိုဘာမှ မကျန်ပါကလားလို့ အနှစ်

မရှိတာ ထင်မြင်ခြင်း တပါး၊ အားလုံး အထင် ဘယ်နှစ်ပါးလဲ?

။ သုံးပါး,ပါဘုရာ,။ ။

ဖြစ်ပျက်ကို ဒီအင်္ဂါသုံးပါးနှင့် ညီအောင်ထင်လျှင်ဥဒယဗ္ဗယ-ဉာဏ်အနုစားခေါ်သည်၊ ပြန်ပြောဦးမည်....။ ရုပ်နာမ်မြင်တိုင်း အမြဲတန်း အသစ်လို့ ထင်ခြင်း အင်္ဂါတပါး၊ ဖြစ်ပြီးလျှင် လျှပ်တလက်မက မြန်မြန်ပျက်သွားပါလားလို့ အသက်တိုတာထင်ခြင်း အင်္ဂါတပါး၊ ပျက်တဲ့နေရာမှာ ဘာဆိုဘာမှ မကျန်ပါကလားလို့ အနှစ်မရှိတာထင်ခြင်းအင်္ဂါတပါး၊ အဲဒီ....အထင်သုံးပါးနှင့် ပြည့်စုံသောဉာဏ်သည်၊ ဥဒယဗ္ဗယဉာဏ်, အနုစား, စာ,ကတော့ တရုဏဝိပဿနာဉာဏ်, ခေါ်တယ်၊ ဝိပဿနာ အားထုတ်တဲ့နေရာမှာ၊ နုသေးတယ်-နုသေးတယ်ဆိုတာက မြင်တာမကြာသေးလို့ဆိုတာမှတ်ပါနော်....။

။ မှန်ပါဘုရား။ ။

**အာရဒ္ဓဝိပဿကပုဂ္ဂိုလ်ဖြစ်ပုံ။**

"ရုပ်နာမ်ဖြစ်ဆဲ, အမြဲအသစ်ပင်, အသက်ဘိုမြင်, အနှစ်မရှိထင်၊ ဥဒယဗ္ဗယဉာဏ်အနုစားပင်, အာဒ္ဓဝိပဿက ပုဂ္ဂိုလ်တွင်။"

ဟော-ဘာပုဂ္ဂိုလ် အာရဒ္ဓဝိပဿကပုဂ္ဂိုလ်တဲ့၊ဝိပဿကဆိုတာ ဝိပဿနာဉာဏ်ဥဒယဗ္ဗယဉာဏ်အနုစားခေါ်တယ်၊ အဲဒီ ဥဒယဗ္ဗယဉာဏ် အနုစားပိုင်ဘိုဟာဆိုလျှင်၊ အာရဒ္ဓ=ဘကယ့်ကို အားထုတ်လာခဲ့ရတယ်ခေါ်တယ်၊ အိပ်နေလို့ ဒီဉာဏ် ရောက်ပါ့မလား?

။ မရောက်ပါဘုရား။ ။

ဟို....စိတ်လေ့ စိတ်လွင့်၊ စိတ်ကူး၊ အချောင်နေလို့ ဒီဉာဏ်ရောက်ပါ့မလား ?

॥ မရောက်ပါဘုရား॥ ॥

တခုခု စဉ်းစားနေလို့ ဒီဉာဏ်ရောက်ပါ့မလား ?

॥ မရောက်ပါဘုရား॥ ॥

စာကိုကြည့်နေလို့ ဆွေးနွေးနေလို့ မေးမြန်းနေလို့ ဒီဉာဏ်ရောက်ပမလား ?

॥ မရောက်ပါဘုရား॥ ॥

သတင်းစာ စသည်တို့ကြည့်နေလို့ ဒီဉာဏ်ရောက်ပမလား ?

॥ မရောက်ပါဘုရား॥ ॥

ရောက်အောင် ဘာလုပ်ရမလဲ ?

॥ အားထုတ်ရပါမယ်ဘုရား॥ ॥

အားထုတ်ရမယ်၊ ပေါ့ပေါ့နဲ့ ရတာမဟုတ်ဘူး၊ ဒါကြောင့် "အာရဒ္ဓဝီရိယဿက" ပုဂ္ဂိုလ်လို့ ခေါ်ပါသည်၊ ဘုရားသာသနာမှာ အမှတ်မထင်ဆိုတော့ ဂုဏ်ထူးကလေး နာမည်ထူးကလေး ပေးပုံ "နာမရူပ ပရိစ္ဆေဒဉာဏ်" နာမ်ရုပ်ကွဲတဲ့အခါမှာ ဆိုလျှင် "ကလျာဏပုထုဇဉ်" ဆိုတဲ့ ဂုဏ်ထူးကလေးတခု၊ "ပစ္စယပရိဂ္ဂဟဉာဏ်" အကြောင်းကို ပိုင်ပိုင်ကြီး သိတဲ့အခါကျတော့ "စူဠသောတာပန်" ဆိုတဲ့ ဂုဏ်ထူးကလေးတခု "ဥဒယဗ္ဗယဉာဏ်" အနုစားပိုင်တဲ့အခါမှာဆိုလျှင် "အာရဒ္ဓဝီရိယဿက" ဆိုတဲ့ ဂုဏ်ထူးကလေးတခုနော်....॥

॥ မှန်ပါဘုရား॥ ॥

အမှုထမ်းကောင်းတော့ ဂုဏ်ထူးကလေး နာမည်ထူးကလေး သုံးခုပေးလိုက်သည်၊ အာရဒ္ဓဝိပဿကပုဂ္ဂိုလ် အင်မတန်အဘိုးတန်တယ်၊ ကုသိုလ်ရေးတွေမှာလဲဘဲ ဒါနပြု၊ပြု၊ သီလဆောက်တည်၊ ဆောက်တည်၊ သမထပွား၊ပွား၊ အင်မတန်မှ အဘိုးတန်တယ် ဘာဝနာမယဒါန, နိဗ္ဗဲဓဘာဂီယသီလ, နိဗ္ဗဓဘာဂီယသမထ, သူမှာစစ်တယ်နော်....

॥ မှန်ပါဘုရား॥ ॥

နောက်ပြီးတော့ဆိုလျှင်လဲဘဲ ကြောက်စရာဘေးအမျိုးမျိုး, ရန်အမျိုးမျိုး, အန္တရာယ်အမျိုးမျိုး, ခေတ်ဆိုးအမျိုးမျိုး, ရင်ဆိုင်တိုးမယ်ဆိုလို့ရှိလျှင် အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်အနေမျိုးနဲ့ သေမယ်ဆိုလျှင် အပါယ်မကျပါဘဲနဲ့ နောက်ဘဝ နတ်သား, နတ်သမီးဖြစ်ပြီးသကာလ "တရားအလျှင်မြင်, သေတာနောက်မှ ထင်သတဲ့" အင်မတန် အဘိုးတန်တယ်ခေါ်တယ်။

॥ မှန်ပါဘုရား॥ ॥

တမဂ်,တဖိုလ်, ဒီဘဝမှာပင် မရငြားသော်လဲဘဲ၊ အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်အနေမျိုးနဲ့ ရအောင်ကျိုးစားကြ ဤမှာလဲ မှတ်ထားရတယ်။

## အညစ်အကြေးဆယ်ပါးပေါ်ပုံ။

ကဲ....ရှေ့တက်ကြစို့ အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်ဖြစ်လာမယ်ဆိုလျှင် အညစ်အကြေး "ဆယ်"ပါး ပေါ်လာတတ်တယ်။

အညစ်အကြေးဆယ်ပါး....။

**သြဘာသော ပီတိ ပဿဒ္ဓိ၊ အဓိမောက္ခော စ ပဂ္ဂဟော။**

**သုခံ ဉာဏ မုပဋ္ဌာန၊ မုပေက္ခာ စ နိကန္တိ။**

သင်္ဂြိုဟ်လာတဲ့အတိုင်းဘဲ၊ သင်္ဂြိုဟ်မရကဲ့လို့ရှိလျှင် ဒီက တခု စီပြောမယ်....။

**အရောင်အကြောင်းပြပုံ။**

နံပါတ်-၁။ သြဘာသော=အရောင်ထွက်မှု။

အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်ဖြစ်လာလျှင် အရောင်ထွက်တတ် တယ်နော်။

။ မှန်ပါဘုရား။ ။

အရောင်အကြောင်းပြောမယ်။

အရောင်သည်နှစ်မျိုး။ ။စိတ်တည်လို့ ထွက်တဲ့ "သမထ အရောင်" တမျိုး၊ ခန္ဓာမှာ ဖြစ်ပျက်မြင်လို့ထွက်တဲ့ "ဝိပဿနာ အရောင်"တမျိုး၊ အရောင်တော့ထွက်တတ်တယ်၊ အခုမထွက်လို့ ရှိလျှင် နောင်ကိုနှစ်ရှည်လများ ဆက်လက်ကျိုးစား အားထုတ် သွားမယ်ဆိုလျှင် အရောင်ထွက်တတ်တယ်၊ အရောင်ထွက်လျှင် ဒီအရောင်ကို ဆုံးဖြတ်ရတယ်၊ သမထရောင်လား၊ ဝိပဿနာရောင် လား၊ စိတ်တည်လို့ထွက်ထာလား၊ ဖြစ်ပျက်မြင်လို့ ထွက်ထာ လားလို့ ဒီအရောင်စစ်ရတယ်။

ဖြစ်ပျက်မြင်လို့ထွက်တဲ့ဝိပဿနာရောင်မှာလဲဘဲ စိတ်ကြောင့် ထွက်တဲ့အရောင်တမျိုး၊ ဥတုကြောင့်ထွက်တဲ့အရောင်တမျိုး၊ နှစ် မျိုးလာပြန်သည်....နော်—။

။ မှန်ပါဘုရား။ ။

စိတ်ကြောင့်ထွက်သော အရောင်သည် ကိုယ်ထဲမှာပင်ဖြစ်ပြီး ပျက်သွားသည် ဖြစ်လေသောကြောင့် သိပ်မထင်ရှားပါ၊ ဥတုကြောင့်ထွက်သော အရောင်ကိုပြောတော့မယ်၊ ဥတု့တေဇောဓာတ်ခေါ်တယ်၊ တေဇောဓာတ်ဆိုလျှင် ပူဒါ့အေးဒါ့ နှစ်ခု အပူလွန်ကဲလျှင် အပူကြောင့်အရောင်ထွက်တတ်သည်၊ အအေး့လွန်ကဲလျှင် အအေးကြောင့် အရောင်ထွက်တတ်တယ်၊ ဟိုတုံးက ပြောတဲ့စကားနဲ့ ဒီမှာလာကိုက်တယ့် ဟိုတုံးကဆိုလျှင့် တေဇောဓာတ်နဲ့ ဝါယောဓာတ် ပေါင်းတဲ့အချိန်မှာ တေဇောဓာတ် ပူ့အေး့ ဝါယောဓာတ်က့ ကန့်တိုး့တွန်း့နေ၁်....။

॥ မှန်ပါဘုရား။ ॥

အပူလေးနဲ့့ကန်တာလေးနဲ့ ပေါင်း၊ အအေးလေးနဲ့့ ကန်တာလေးနဲ့ ပေါင်းလျှင် ဘာဖြစ်တတ်သလဲ မေးခဲ့သော် ပူရှိန့်အေးရှိန့်တစ်၊ ပူခိုး့အေးခိုး့နှစ်၊ ဖူရောင့်အေးရောင့်သုံး၊နောက်ကခွဲခဲ့တယ်၊ပူရှိန်အေးရှိန်အကြောင်း၊ ပူငွေ့အေးငွေ့အကြောင်းကိုတော့ နောက်ကဟောခဲ့ပြီ၊ ပူရောင့်အေးရောင် အကြောင်းကိုတော့ ဥဒယဗ္ဗယဉာဏ် အနုစားပိုင်လို့အာရဒ္ဓ ဝိပဿကပုဂ္ဂိုလ်ဖြစ်လာမယ်ဆိုလျှင် အရောင်ထွက်မှု ပါတတ်တယ်၊ အဲဒီကျမှ နာကြပေတော့ (ဆိုခဲ့တာ) အခု လာကိုက်သွားတယ်ခေါ်တယ်။

အပူလွန်ကဲလျှင် အပူကြောင့် အရောင် ထွက်တတ်တယ်၊ အအေးလွန်ကဲလျှင် အအေးကြောင့် အရောင်ထွက်တတ်တယ်၊ ဒါ....ဥတုဇရောင်ခေါ်သည် ရှင်းသွားပလား ?

॥ ရှင်းသွားပါပြီဘုရား။ ॥

အဲဒီ အရောင်ကိုစစ်တော့မယ် အဲဒီအရောင်တို့သည် ဘယ်လောက်ဝေးဝေး ထွက်တတ်သလဲမေးလျှင် တချို့တထိုင်တချို့ခြင်ထောင်တလုံးစာ၊ တချို့မှာဆိုလျှင် အခန်းတခုစာ၊ တချို့မှာဆိုလျှင် ကျောင်းတခုစာ၊ တချို့မှာဆိုလျှင် ကျောင်းတိုက်တခုစာ၊ တချို့မှာ တဂါဝုတ်၊နှစ်ဂါဝုတ်၊ တယူဇနာ၊နှစ်ယူဇနာ စသည်တို့ဖြင့် အဝေးကြီးလင်းသွားနိုင်ကြောင်း၊ တို့ဘုရားအလောင်း တရားအားထုတ်တဲ့အခါမှာ စကြာဝဠာတသောင်းလင်းသွားနိုင်ကြောင်း၊စာထဲမှာပါတာပြောတာ ဒါက စာတွေ့ခေါ်တယ်နော်....။

။ မှန်ပါဘုရား။ ။

အဲဒီ....အရောင်တို့သည် ဘယ်လိုအရောင်မျိုးလဲ မေးမယ်ဆိုလျှင် ရောင်မျိုးစုံခေါ်တယ်၊ ရောင်မျိုးစုံတဲ့၊ တချို့မှာဆိုလျှင်ကုလားမခေါင်းမြီးခြုံလို မဲမဲကြီးအရောင်ထွက်တတ်တယ်၊ ထိုင်လျက်အားထုတ်နေပြီဆိုလျှင် အောက်ကနေပြီးတော့ တခါထဲမဲမဲကြီးတက်လာတတ်တယ်၊ ကုလားမခေါင်းမြီးခြုံ ပမာဏကဲ့သို့အထက်ကိုတခါထဲ ရွေ့ရွေ့ရွေ့ရွေ့နဲ့ တက်လာတဲ့အခါမှာဆိုလျှင် မျက်နှာနားနီးတော့ နဲနဲစိတ်ထဲမှာ မရိုးမရွ မသက်သာတော့ဘူး၊ မသက်သာတဲ့အခါမှာ လက်နဲ့ပုတ်လိုက်တော့တခါထဲပျောက်သွားတယ်ခေါ်တယ်၊ အဲဒါ လူတိုင်းတော့မထွက်တတ်ဘူး။

ဤကဲ့သို့ မဲမဲကြီးထွက်တတ်တယ်၊ နောက်ပြီးတော့ဆိုလျှင်လဲဘဲ လမသာ့တသာ အရောင်တို့သည် မလင်းတလင်း မှိတ်တုတ်မှိတ်တုတ်နဲ့ ဒီလိုလဲထွက်တတ်တယ်နော်၊ ဒီလို မလင်းတလင်း၊ မသာ့တသာ၊ ထွက်တဲ့အခါမှာဆိုလျှင် ခြင်ထောင်တော့ မြင်ရ

တတ်တယ်၊ ချိုလုံးတော့မကဲ့ပြန်ဘူး၊ ဆီးနှင်းမြူတိမ်, သူရိန်မီးခိုး ငြစ်မျိုးငါးအင်, ကင်းစင်ပြီးတော့နေတဲ့ ဖိုးရွှေလပမာကဲ့သို့အင် မတန်ကြည်လင်ပြီးတော့, သာပြီးတော့နေတဲ့ အရောင်မျိုးလဲ ထွက်တတ်တယ်၊ ဤကဲ့သို့ ထွက်မယ်ဆိုလို့ရှိလျှင် လက်ကိုထောင် ကြည့် လက္ခဏာလဲတွေ့တတ်တယ်, ခြင်ထောင်မှာလဲဘဲ ချိုလုံး စသည်တို့ အကုန်လုံးဘဲ တွေ့တတ်တယ်လို့ ဆိုလိုသည်နော်....။

။ မှန်ပါဘုရား။ ။

အဲဒီ ကြည်လင်သော အရောင်ထဲမှာလဲဘဲ သန့်စင်ပန်းခက်စ သော ပန်းမျိုးစုံလဲပါတတ်တယ်, ဖူနီကြောင်ကြားဆိုတဲ့ အဆင်း မျိုးစုံလဲပါတတ်တယ်၊ ဥပသကာကြီးသည် မိန်းမထိုင်ထိုင် ဖေါ် ပေါင်း, ပေါင်းပြီးသကာလ လက်နှစ်ဘက်ရှေ့ချ ရှိသေသော အမူအရာမျိုး, မိန်းမထိုင်ထိုင်ပြီးသကာလလဲ နေတတ်တယ်။

စာအုပ်ကြီး ရင်ဘတ်ပေါ်တင်ပြီးသကာလ စာအုပ်ကိုဖွင့်ပြ လျှင် စာလုံးတွေတောင် ဖတ်ရတဲ့အနေမျိုးလဲ ပါတတ်တယ်၊ နောက်ပြီးတော့ဆိုလျှင် စမ်းရေတသွင်သွင် စီးပြီးတော့နေတဲ့ အသံတွေတောင်မှလဲ ကြားရတတ်ပါပေတယ်၊ အဲဒါ အမျိုးမျိုး ခေါ်တယ်နော်....။

။ မှန်ပါဘုရား။ ။

ရောင်မျိုးစုံလို့ အဲဒီလိုမှတ်ပါ။

။ မှန်ပါဘုရား။ ။

ဤကဲ့သို့ ရောင်မျိုးစုံထွက်တဲ့ နေရာမှာဆိုလျှင် တချို့သည် ဖြတ်ခနဲမြန်မြန်ကြီးပျက်တယ်၊ တချို့မှာဆိုလျှင် တယ်ပြီးတော့လဲ ကြာတတ်တယ်ဆိုတာမှတ်နေ‌ော်....။

။ မှန်ပါဘုရား။ ။

ဤကဲ့သို့ ရောင်မျိုးစုံထွက်တဲ့နေရာမှာ တချို့ ခုန်ကျော်ပြီးတော့လဲ ထွက်တတ်တယ်၊ တချို့ စင်တိုက် တဖြောင့်ထဲလဲထွက်တတ်တယ်၊ တဖြောင့်ထဲ တစင်ထဲထွက်ထာကတော့ အံ့သြစရာမရှိဘူး။

**ခုန်ကျော်လင်းပုံ။**

ခုန်ကျော်ပြီးတော့ထွက်ပုံရှင်းမယ်....နော်....။

။ မှန်ပါဘုရား။ ။

ယောဂီကိုယ်တွေ့၊ တချို့မှာ ကန်ထဲသွားလင်းသောကြောင့် ကန်ထဲမှာရှိသောရေတွေ မြင်ရတယ်၊ ကျောင်းခေါင်ပေါ် သွားလင်းသောကြောင့် ကျောင်းခေါင်ကိုမြင်ရတယ်၊ တချို့မှာဆိုလျှင် ဘုရားမျက်နှာတော်မှာ သွားလင်းသည် ဖြစ်လေသောကြောင့် မျက်နှာတော်မှာလှူထားတဲ့ စိန်တွေ့ ကျောက်တွေကို မြင်ရပုံ၊ တချို့မှာဆိုလျှင် စမ်းရေတသွင်သွင် စီးဆင်းပြီးတော့နေတဲ့ စမ်းချောင်းအနားမှာ ရောက်သွားသည် ဖြစ်လေသောကြောင့် ရေတွေစီးဆင်းပြီးတော့နေတာ ရေတွေစီးဆင်းနေတဲ့ အသံမျိုးကိုလဲ ကြားရတတ်ပါပေတယ်၊ ဒါမျက်မြင်မျက်စေ့အမြင်လဲဖြစ်တယ်နော်....စိတ်ထင် မဟုတ်ဘူးနော်....ဒါတွေ တကယ်ခေါ်တယ် အဲဒါ "ယောဂီကိုယ်တွေ့ ခုန်ကျော်လင်းပုံ"

နောက်ပြီးတော့ စာတွေ့ခုန်ကျော်လင်းပုံ၊ နံရံနှစ်ထပ်ကာထားသော ကျောင်းတကျောင်းမှာ မထေရ်ကြီးနှစ်ပါး တရားအားထုတ်ပြီးတော့နေတယ်၊ လကွယ်နေ့ကြီးလဲဖြစ်ပြန်၊ သန်းခေါင်ယံလဲဖြစ်ပြန်၊ မိုးမှောင်တွေလဲကျတဲ့ အချိန်မှာဆိုလို့ ရှိလျှင် အင်မတန်မှ ညဥ့်နက်ပြီးတော့ နေတဲ့အချိန်လေးမှာ မထေရ်ကြီးတပါးက ငါ့ရှင် ငါ့သည် ညကတုံးက ဘုရားယင်ပြင်တော်မှာ တင်ထားတဲ့ အဆင်းငါးမျိုးနဲ့ ပြည့်စုံသော ပန်းတွေမြင်ရသည်လို့ ပြောလိုက်သည်၊ သူကတော့ ဘုရားယင်ပြင်တော်သွားလင်းသောကြောင့် ဘုရားယင်ပြင်တော်မှာ တင်ထားတဲ့ ပန်းတွေမြင်ရပုံ။

မထေရ်ကြီးတပါးက ငါ့ရှင် အဲ့သြစရာမဟုတ်ထာတွေ၊ ချီးမွမ်းစရာမဟုတ်ထာတွေ၊ လာပြောနေပြန်ပြီ ညကတုံးက ငါသည် သမုဒ္ဒရာအလယ် တသျှဇနာလောက်ရှိသော အရပ်ထဲမှာ အကြီးအကျယ်ပေါ်နေတဲ့ ငါးကြီးတွေ့ လိပ်ကြီးတွေ့ တွေ့နေရတယ်လို့ ပြောသည်၊ သူကတော့ သမုဒ္ဒရာအလယ်မှာ သွားလင်းသည်ဖြစ်လေသောကြောင့် အကြီးအကျယ်ပေါ်နေတဲ့ ငါးကြီးတွေ့ လိပ်ကြီးတွေမြင်ရပုံ။

အဲဒါ ခုန်ကျော်လင်းတယ်ခေါ်တယ်။
။ မှန်ပါဘုရား။ ။

စာတွေ့လဲ ခုန်ကျော်လင်းပုံ၊ ယောဂီကိုယ်တွေ့လဲ ခုန်ကျော်လင်းပုံနဲ့ ကိုက်သောကြောင့် မုချအမှန် ယုံလဲယုံကြည်ကြ။

## အရောင်ထွက်သည့် ယောဂီသာမြင်ရပုံ။

နောက်ပြီးတော့ ဆိုလျှင် ယောဂီက ထွက်တဲ့အရောင်သည် ယောဂီတဦးသာလျှင် မြင်ရတယ်နော်....။

။ မှန်ပါဘုရား။

သည့်ပြင်လူတွေ မမြင်ရဘူးတဲ့၊ ယောဂီခန္ဓာမှာ အရောင်တွေ ထွက်ပြီဆိုလို့ ရှိလျှင် ဥပမာ အခန်းတခုလုံးလင်းမယ်ဆိုလို့ ရှိလျှင် အခန်းထဲမှာရှိတဲ့ ပစ္စည်းတွေလဲ အကုန်မြင်ရတတ်တယ်၊ အိပ်သော လူတွေများ ရှိမယ်ဆိုလျှင် အိပ်သောလူတွေပါ မြင်ရတယ်၊ ကျောင်းတခုလုံး လင်းမယ်ဆိုလျှင် ကျောင်းထဲမှာရှိတဲ့ ပစ္စည်း တွေ၊ အိပ်နေတဲ့လူတွေပါ အကုန်မြင်ရတတ်တယ်၊ မိမိထပြီး တော့ သွားမယ်ဆိုလျှင် ပတ်ဝန်းကျင် အကုန်လင်းပြီးသကာလ တံခါးနားသွားရပ်မယ်ဆိုလို့ ရှိလျှင် တံခါးကို တခါထဲ မင်းတုံး ကလေးတွေ လက်နှိပ်ဓါတ်မီး ဆလိုက်ဓါတ်မီးနဲ့ ထိုးထားလိုက် ဘိသကဲ့သို့ မင်းတုံးတွေလဲဘဲ ဖွင့်တတ်တယ်၊ တံခါးတွေလဲဘဲ လွယ်လွယ်ကူကူနဲ့ ဖွင့်တတ်တယ်လို့ ဆိုတာမှတ်နော်။

"မှန်ပါဘုရား။ ။

ဤကဲ့သို့ စာထဲမှာ ယောဂီအားလင်းပြီဆိုလို့ ရှိလျှင် ယောဂီ တဦးသာလျှင်တွေ့ရတယ်၊ မိမိတို့ ခန္ဓာကိုယ်ထဲမှာ လင်းပြီးတော့ လာမယ်ဆိုလျှင်လဲဘဲ မိမိတဦးသာလျှင် တွေ့ရတယ်၊ ဆိုတာ အိပ် သောလူတွေများ ရှိမယ်ဆိုလျှင် အဲဒီအိပ်သောလူတွေကို နှိုးပြီး သကာလ ဟိုကြည့်စမ်းပါ၊ဒီကြည့်စမ်းပါ၊နံရံတွေကြည့်စမ်းပါ၊

ဘယ်ကြည့်စမ်းပါလို့ ခိုင်းမယ်ဆိုလျှင် မှောင်နေပါတယ် မလင်းပါဘူးလို့ ပြောတတ်တယ်နော်....။

။ မှန်ပါဘုရား။ ။

ဒါကြောင့် စာတွေလဲဘဲ မိမိတဦးသာလျှင် မြင်ရသည်၊ ကိုယ်တွေလဲဘဲ မိမိတဦးသာလျှင် မြင်ရသည်ဆိုတာ အရောင်နဲ့ ပတ်သက်ပြီးသကာလ ယုံပေတော့၊ အဲဒီအရောင်ကိုလဲဘဲ၊ ဝိသုဒ္ဓိမဂ်-မဟာဋီကာမှာ မေးထားတာရှိတယ်၊ ယောဂီကထွက်တဲ့ အရောင်ကိုတဲ့ မျက်စေ့နဲ့ မြင်ရတာလား၊ ဉာဏ်နဲ့ မြင်ရတာလားလို့ မေးထားတာရှိတယ်၊ ဝိသုဒ္ဓိမဂ်မဟာဋီကာဆရာကြီးကတော့ ဒိဗ္ဗ-စက္ခုအဘိညာဉ်ဖြင့် ပစ္စုပ္ပန်ရူပါရုံကို မြင်ရဘိသကဲ့သို့ ဉာဏ်နဲ့ မြင်ရတယ်လို့ ဆိုလိုဟန်ထင်သတဲ့ ထင်တလုံးဆိုတာ စကားပျော့ခေါ်တယ်။

ဝိသုဒ္ဓိမဂ်မဟာဋီကာလာတဲ့ ဝဒန္တိ ဆိုတဲ့ အာစရိယဝါဒကတော့ မျက်စေ့နဲ့ လဲ မြင်ရသည်လို့ ဆိုလိုသည်၊ ဝါဒနှစ်ခုကွဲနေကြတယ်၊ ဉာဏ်နဲ့ မြင်ရသည်လို့လဲဆိုသည်၊ မျက်စေ့နဲ့ မြင်ရသည်လို့ လဲ ဆိုသည်၊ နှစ်ခုစလုံး အသင့်ကြီးပါဘဲ၊ သင့်ပုံပြောမယ်၊ စာတွေနဲ့ ဆုံးဖြတ်လို့ မရပါ၊ ကိုယ်တွေ့ပါမှ ဆုံးဖြတ်လို့ ရမယ်ဆိုတာ ယုံနော်....။

။ မှန်ပါဘုရား။ ။

## ဌာနနဲ့ အရောင်ထွက်ပုံ။

အရောင်ထွက်ထာလဲဘဲ ဌာနနဲ့ ပြောမယ်ဆိုလျှင် အမျိုးမျိုးဘဲ၊ မျက်စေ့ကလဲ အရောင်ထွက်တတ်တယ်၊ ရှေ့တည့်တည့်ကလဲ အရောင်ထွက်တတ်တယ်၊ ဘေးနှစ်ဘက်ကလဲ အရောင်ထွက်တတ်

တယ်၊ နောက်ကျောဘက်ကလဲ အရောင်ထွက်တတ်တယ်၊ ပတ်ဝန်းကျင်တခုလုံးကလဲ အရောင်ထွက်တတ်တယ်ဆိုတာ မှတ်နော်။

။ မှန်ပါဘုရား။ ။

ရှေ့တည့်တည့်က မထွက်မူ၍ ဘေးနှစ်ဘက်က မထွက်မူ၍ နောက်ကျောဘက်က ထွက်တဲ့အခါမှာဆိုလျှင် တချို့သည် လက်နှိပ်ဓါတ်မီး၊ ဆလိုက်ဓါတ်မီးနဲ့ ရှေ့ကို ထိုးထားလိုက်ဘိသကဲ့သို့ ဝင်းကနဲဆို လန့်ပြီးတော့ သွားတတ်တယ်၊ စုန်းမီး, သရဲကြီး, တစ္ဆေမီး, ထင်သည့်အတွက်ကြောင့် လန့်ပြီးတော့ သွားတတ်တယ်၊မဟုတ်ဘူးနော်....။

။ မှန်ပါဘုရား။ ။

**ဝိပဿနာရောင်ထွက်ပုံ။**

ခန္ဓာမှာ ဖြစ်ပျက်မြင်တာနဲ့ အရောင်ထွက်ထာနဲ့ နှစ်ခုကိုက်ထားကြ၊ ဒီလိုနှစ်ခုကိုက်မယ်ဆိုလျှင် မုချဝိပဿနာရောင်ဘဲ ခန္ဓာမှာ ဖြစ်ပျက်မြင်လို့ ထွက်တဲ့အရောင်ဘဲလို့ဆိုတာ ဆုံးဖြတ်ကြနော်....။

။ မှန်ပါဘုရား။ ။

မျက်စေ့ကထွက်တဲ့ အရောင်တခုနဲ့ ဆုံးဖြတ်ကြ၊ မျက်စေ့ထဲမှာဆိုလျှင် ဖြူနီကြောင်ကျားဆိုတဲ့ အဆင်းမျိုးစုံရှိတတ်တယ်၊ အဲဒီအဆင်းမျိုးစုံတို့သည် ခုနရှေးဦးစွာမြင်တဲ့ ရှေ့က အရောင်ထွက်မယ်ဆိုလျှင် ဖြူတဲ့နေရာက ဖြူရောင်, ညိုတဲ့နေရာက ညိုရောင်, နီတဲ့နေရာက နီရောင်, မှောင်တဲ့နေရာက မှောင်ရောင်, အဲဒီလိုထွက်[illegible]က်တယ်နော်....

။ မှန်ပါဘုရား။ ။

တချို့မှာ ဆိုလို့ရှိလျှင် အင်မတန် ဆီးနှင်းမြူတိမ် သူ့ရိန်မီး ခိုး ညစ်မျိုးငါးအင် ကင်းစင်ပြီးတော့နေတဲ့ ဖိုးရွှေလမင်းပမာကဲ့ ကဲ့သို့ အင်မတန် ကြည်လင်ပြီးသကာလ မျက်စေ့ထဲက အရောင် တခုထဲ ထွက်တတ်တယ်။

မျက်မြင် ဉာဏ်မြင် အရောင်ထွက်ပုံ။

အဲဒီမျက်စေ့ထဲက အင်မတန်ကြည်လင်တဲ့အရောင် ထွက်မယ် ဆိုလျှင် တချို့မျက်စေ့မှိတ်ပြီးသကာလ ဖြစ်ပျက်မှတ်နေတဲ့ အချိန်မှာ မှိတ်တုံးတော့ မထွက်ဘူး၊ ဖွင့်လိုက်တဲ့အခါမှာ ရှေ့ကိုလက်နှိပ်ဓာတ်မီး၊ ဆလိုက်ဓာတ်မီးနဲ့ ထိုးထားလိုက်ဘိ သကဲ့သို့၊ ဖြာပြီးတော့ လင်းနေတတ်တယ်၊ ဥပသကာကြီးလဲပါ တတ်တယ်၊ စာအုပ်စာတမ်း စသည်တို့လဲပါတတ်တယ်၊ ခုန ပြောတဲ့ စမ်းရေစသွင်သွင် စီးဆင်းပြီးတော့နေတဲ့ ချောင်းတွေ လဲမြင်ရတတ်သည်ဟဲ့....နော်....။

။ မှန်ပါဘုရား။ ။

မျက်မြင်ဉာဏ်မြင်လင်းပုံ။

မျက်စေ့ဖွင့်နေတုံး မြင်လိုက်ထာဘဲ၊ မှိတ်လိုက်လျှင်ပျောက် သွားပြန်သည်၊ ဖွင့်တုံးလင်း၍ မှိတ်လိုက်လျှင် ပျောက်သွားတဲ့ အရောင်မျိုးကို မျက်မြင်လို့ဆိုလိုက်ချင်သည်။

တချို့ယောဂီမှာ မျက်စိမှိတ်ပြီးတော့ အားထုတ်နေတုံး ရှေ့ကိုလင်းပြီးတော့နေတတ်သည်၊ လက်နှိပ်ဓာတ်မီး ဆလိုက် ဓာတ်မီးနဲ့ ဆိုးထားလိုက်ဘိသကဲ့သို့ ရှေ့ကိုလင်းနေတတ်သည်၊ ဖွင့်လိုက်လျှင် ပျောက်သွားပြန်သည်၊ မှိတ်တုံးလင်း၍ ဖွင့်တုံး

ပျောက်သွားတဲ့ အရောင်မျိုးကို ဉာဏ်မြင်လို့ ဆိုလိုက်ချင်သည်။ ။

တချို့ယောဂီမှာမျက်စေ့မှိတ်ပြီးတော့တခါထဲခန္ဓာဖြစ်ပျက်မှတ်နေ၊ မှိတ်ရင်းနဲ့လဲထွက်တာဘဲ, ဖွင့်လိုက်လျှင်လဲထွက်တာဘဲ၊ နောက်ပြန်မှိတ်လဲထွက်ထာဘဲ၊ စောင်ကြီးနဲ့စီးထားလဲထွက်တာဘဲ၊ ပက်လက်လှန်နေတဲ့ပုဂ္ဂိုလ်တယောက်သည်၊ ပက်လက်လှန်တုံးထွက်လျှင်၊ခေါင်မိုးလဲမြင်နေရ၊ စောင်းကြည့်ပြီဆိုလျှင် နံရံလဲမြင်နေရ၊ မှောက်ကြည့်လိုက်ပြီဆိုလျှင်၊ အောက်မြေကြီးလဲမြင်နေရ၊ ဘယ်လိုလုပ်လုပ် တချို့မပျောက်ဘူး၊ မပျောက်တဲ့အခါမှာ ·တချို့နားမလည်တဲ့ ပုဂ္ဂိုလ်တို့ဟာဖြင့်၊ မိုးဦးကျစ, ဘားအောင်တဲ့အသံကလေးတခုကို အာရုံခံပြီးလကာလ၊ ဒီအသံကလေးထဲမှာ စိတ်ရောက်နေတဲ့အချိန် ခန္ဓာမှာ ဖြစ်ပျက်မမြင်တော့ဘူး၊ ဒီအခါကျမှပျောက်သွားကြောင်း၊ အဲဒီအရောင်ကို စစ်စမ်းဖွင့်ဘုံးလဲလင်း မှိတ်တုံးလဲလင်းဆိုတဲ့ အရောင်မျိုးကို "မျက်မြင်, ဉာဏ်မြင်" နှစ်ပါးလို့ ဆိုလိုက်ချင်သည်၊ ခဲရာခက်ဆစ်ခေါ်တယ်၊ စာတွေနဲ့ပင်မဆုံးဖြတ်နိုင်ဘူး၊ ကိုယ်တွေ့လေးလဲ ပါဦးမှခေါ်ဘယ်နေ်နေ်....။

။ မှန်ပါဘုရား။ ။

အရောင်တော့ ကုန်စင်အောင် ပြောလိုက်ပြီးတဲ့နေ်....။

။ မှန်ပါဘုရား။ ။

ဤကဲ့သို့ အရောင်ထွက်လာတဲ့အခါမှာ, မှားတတ်တယ်ခေါ်ဘယ်....နောက်မှ ဆုံးဖြတ်မယ်နေ်....။

။ မှန်ပါဘုရား။ ။

"ဤကဲ့သို့ အရောင်ထွက်ခြင်းဆိုတဲ့ အညစ်အကြေး တပါး" တခုဘဲရှိသေးတယ်။ ။

**ဝမ်းသာနှစ်သက်ပုံ။**

နံပါတ်။ ၂ ။ပီတိ=ဆိုတာနှစ်သက်ဝမ်းသာတယ်ခေါ်တယ်။
ဝမ်းသာဒါ ငါး မျိုးနော်....။
မှန်ပါဘုရား။ ။

ခုဒ္ဒကပီတိ = နဲနဲနှစ်သက်ဝမ်းသာဒါတမျိုး။ ခဏိကပီတိ = ခဏ ခဏ ဝမ်းသာဒါတမျိုး၊ ဝမ်းသာလျှင် ဘယ်လိုဖြစ်တတ်သလဲမေးလျှင် ကြက်သီးထသလိုတဲ့ ကြက်သီးနော်....။
။ မှန်ပါဘုရား။ ။

ကြက်သီးထသလိုတဲ့ ကြက်သီးမှာဆိုလျှင်၊ ကြောက်လို့ ကြက်သီးထတာတမျိုး၊ ဝမ်းသာလို့ ကြက် သီး ထ တာ တမျိုး၊ နှစ်မျိုးရှိတယ်။ ။

**"လော မ ဟံ သော နာမေသ သော မ န ဿ နာ ပိ ဟောတိ ဒေါမနဿနာပိ"**

(မူလပဏ္ဏာသ သဗ္ဗာသဝသုတ် အဋ္ဌကထာမှာလာပါသည်။)

ကြောက်လို့ထတဲ့ ကြက်သီးပြောမယ်၊ ရင်တုံတတ်တယ်၊ ဘဝင်ခိုတတ်တယ်၊ ဇက္ကြောမဲ့တတ်တယ်၊ မျက်လုံးမျက်ဆံပြူး တတ်တယ်၊ အသားကလေးတွေ ဆပ်ဆပ် ဆပ်ဆပ်နဲ့ တုံနေ တတ်တယ်၊ စိတ်ထိခိုက်ပြီဆိုလျှင် ရှုံးသွပ်ခြင်းတောင် ဖြစ်တတ်သည်၊ ကြောက်လို့ ကြက်သီးထပုံတဲ့။

ဝမ်းသာလို့ထတဲ့ကြက်သီး။ ရင်ကလေးထဲမှာ စိမ့်ကနဲ ဖြန်းကနဲ သိမ့်ကနဲ အေးကနဲ၊ နှလုံးသွေး လေတိုက်သလို ဖြစ်တတ်

တယ်၊ အဲဒီလိုဖြစ်မယ်ဆိုလျှင်၊ မျက်နှာလေး ရွှင်ပြီးသကာလ ကြည်လင်ပြီးတော့ နေတတ်တယ်နော်....။

။ မှန်ပါဘုရား။ ။

ဤကဲ့သို့ဝမ်းသာလို့ ထတဲ့ကြက်သီးမှာဖိန်းကနဲ့ ဖြန်းကနဲ့ သိမ့်ကနဲဆိုလျှင် နောက်မပေါ်တော့ဘူး၊ အဆက်ပြတ်သွားတယ် ခေါ်တယ်၊ ဖိန်းဖိန်း ဖိန်းဖိန်း၊ ဖြန်းဖြန်း ဖြန်းဖြန်း၊ စိမ့်စိမ့် စိမ့်စိမ့် ဒီလိုဆိုလျှင် အဆက်မပြတ်ဘူးခေါ်တယ်၊ အဆက်ပြတ်တဲ့ကြက်သီးမျိုးကိုတော့ ခုဒ္ဒိကာပီတိ၊ နဲနဲနှစ်သက်ဝမ်းသာလို့ ထတဲ့ကြက်သီးလို့ ယူပါ၊ အဆက်မပြတ်တဲ့ ကြက်သီးမျိုးကိုတော့ ခဏိကာပီတိ=ခဏခဏ နှစ်သက်ဝမ်းသာလို့ ထတဲ့ ကြက်သီးလို့ ယူပါ။

ဟို....ပထဝီကသိဏနိဒ္ဒေသကထာမှာဆိုလျှင် ပီတိ ငါးမျိုး အထူးကလေး ဆိုထားတာရှိတယ်လို့ ဝိသုဒ္ဓိမဂ် မဟာဋီကာမှာ ကြည့်ပေတော့နော်....။

။ မှန်ပါဘုရား။

အဲဒါ-ပီတိ နှစ်ခု ကုန်သွားပြီ....။

ဩက္ကန္တိကာပီတိ = အင်မတန် အာရုံက သိပ်ကောင်းတာဘဲ၊ အာရုံထဲမှာသက်ဝင်ပြီးသကာလ ဝမ်းသာတဲ့ ပီတိခေါ်တယ်နော်။ ။

။ မှန်ပါဘုရား။ ။

ဟို....သမုဒ္ဒရာ လှိုင်းတံပိုးကလေး ကမ်းပါးရိုက်တဲ့ ပုံသဏ္ဌာန်လိုကမ်းပါးရိုက်တော့ ဖြန်းကနဲရိုက်လိုက်၊ လျှောကနဲ ကျသွားလိုက်၊ ဖြန်းကနဲရိုက်လိုက် လျှောကနဲကျသွားလိုက် ပုံသဏ္ဌာန်လို

ထိုင်လျက် တရားအားထုတ်နေတာဘဲ၊ အောက်ကလဲ အခိုးလိုလို၊ အရှိန်လိုလို၊ အငွေ့လိုလို၊ အပေါ်တက်၊ အပေါ်ကလဲ အခိုးလိုလို၊ အရှိန်လိုလို၊ အငွေ့လိုလို၊ အောက်ကိုဆင်း၊ သူတို့နှစ်ခုဆုံမိမည့် ဆဲဆဲလေးမှာ၊ ဒီနှစ်လုံးပြေးပြီးတော့ ခွပ်လိုက်တဲ့ပမာကဲ့သို့ ဖိန်းကနဲဆိုလျှင်၊ တခါထဲ ဇက်တွေ-ဂုတ်တွေပါ တိုးပြီးတော့မြုပ်ကျသွားတာဘဲ၊ အာရုံကကောင်းလွန်းလို့ အဲဒီအာရုံထဲမှာ သက်ဝင်ပြီးတော့ သွားတဲ့ နှစ်သက်ပုံကလေးနော်....။

။ မှန်ပါဘုရား။ ။

ဥပမာ ပြောမယ်ဆိုလျှင်၊ ပျားရည်ကိုလျက်တဲ့ ယင်ကောင်ကလေးဟာ တင်းမတိမ်၊ အားမရ မရောင့်ရဲနိုင်တဲ့အတွက် ပျားရည်ထဲမှာ မြုပ်ပြီးတော့ သေနေတဲ့ပုံသဏ္ဍာန်လို အာရုံက သိပ်ကောင်းတာဘဲ၊ ဖိန်းကနဲဆိုလျှင်၊ အဲဒီအာရုံထဲမှာ တခါထဲ မြုပ်သွားတာဘဲ ဒီအာရုံမျိုးကိုတော့ "ဩက္ကန္တိကာပီတိလို့ ဆိုလိုက်ချင်သည်။

ဥဗ္ဗေဂကာပီတိ=လဲ ဝါဂွမ်းများ လေတိုက်လိုက်တဲ့ အခါမှာ ကောင်းကင်ပေါ်၌၊ ပေါ့ပေါ့၊ ပါးပါး၊ လျှင်လျှင်၊ မြန်မြန်တက်ပြီးတော့နေတဲ့ပုံသဏ္ဍာန်လို ခန္ဓာထဲမှာလဲ ဖြစ်ပျက်တွေ အတော်မြင်နေမယ်ဆိုလျှင်၊ ကောင်းကင်ပေါ် တက်ဘတ်ဘယ် ခေါ်တယ်။

**သမထ ဥဗ္ဗေဂကာပီတိဖြစ်ပုံ။**

ကျမ်းဂန်ထဲမှာ သမထဘက်က ဥဗ္ဗေဂကာပီဘိ လာတတ်တယ် ကိုယ်ဝန်ဆောင် အရင့်အမာရှိသော မိန်းကလေးတယောက်သွားနေကျဘုရားပွဲမသွားရ၊ အိမ်မှာ အိမ်စောင့်အဖြစ်နဲ့ ကျန်ပြီး

နေတဲ့အခါမှာ အိမ်မှာနဲ့နဲ့လေးမှ မနေချင်ဘူး ဘုရားကို အာရုံစူး စိုက်ပြီးသကာလ အိမ်ထဲကနေပြီး ဘုရားအာရုံအပြင်ဘက် ထွက် ပြီးတော့ ခံနေတုံးဆဲ့ဆဲကလေးမှာ တခါထဲ ကောင်းကင်ပေါ် တက်သွားတာဘဲ ကောင်းကင်ပေါ် တက်သွားပြီး သကာလ ဘုရားယင်ပြင်တော်မှာ အသာလေးသွားပြီးတော့ ကျပါသတဲ့၊ သမထဘက်က "ဥဗ္ဗေကာပီတိ"ဖြစ်ပုံ ကျမ်းဂန်ထဲမှာ ဝတ္ထု ကြောင်းလာသည်တဲ့....နော်....။

။ မှန်ပါဘုရား။ ။

**ဝိပဿနာ ဥဗ္ဗေကာပီတိဖြစ်ပုံ။**

ဝိပဿနာဘက်က ဥဗ္ဗေကာပီတိဖြစ်ပုံ လက်တွေ့ပြောမယ်၊ အသက်သုံးဆယ်ကျော်လောက်ရှိတဲ့ ကျောင်းအုပ်ဆရာမလေးတ ယောက်လာပြီးတော့ အားထုတ်တဲ့အချိန်ကလေးမှာ ထိုင်လျက် ကလေး တခုန်လောက်မြင့်သွားတာဘဲ အဲဒီမြင်ပုံကိုလဲ စိတ်ထင် ရှိတယ်၊ တချို့မျက်စေ့မှိတ်ပြီးတော့ အားထုတ်တဲ့ အခါမှာ တခါထဲ ကောင်းကင်ပေါ် တက်သွားတယ်ထင်တယ်၊ ဖွင့်ကြည့် လိုက်တော့ ထိုင်လျက် ထိုင်လျက်ဘဲ အဲဒါစိတ်ထင်ခေါ်တယ်။

ဒီ-ကျောင်းဆရာမကလေးက ဒီလိုမဟုတ်ဘူး တခါထဲ တခုန် လောက်မြင့်သွားတာဘဲ မျက်စေ့ဖွင့်ကြည့်လဲ တက်နေတာဘဲ၊ အဲဒီ တခုန်လောက်မြင့်ပြီးတော့ ကျခါနီးဆဲဆဲကလေးမှာအလင်း ရောင်တွေထွက်အောက်ကို တဖြေးဖြေး ပြန်ကျတဲ့အခါမှာဆိုလို့ ရှိလျှင် အသာလေးကျပြီးတော့ လာပါသတဲ့ အဲဒီ ယောဂီကိုယ် တွေ့ ဝိပဿနာဘက်က "ဥဗ္ဗေကာပီတိ" ဖြစ်ပုံနော်....။

။ မှန်ပါဘုရား။ ။

လေကြောင့်ဖြစ်တတ်ပုံ။

တက်တိုင်းလဲမဟုတ်ဘူး၊ လေ့အရှိန်ကြောင့် တက်ကြတာဘဲ တချို့မှာ ခြေထောက်မြောက်သည်၊ တချို့မှာ ခေါင်းမြောက်သည်၊ တချို့မှာ လက်ကလေးမြောက်သွားတာဘဲ၊ တချို့မှာ ဆိုလို့ရှိလျှင် ခြေထောက်ရော ခေါင်းကြီးရော အထက်ပိုင်း, အောက်ပိုင်း နှစ်ခုမြောက်မယ်ဆိုလျှင် အလယ်ပိုင်းကိုယ်ကြီးကို တခါထဲ ကလေးများ ဆင်ဖြူရေချ တပေါင်းလ ကစားသလို ကိုယ်ကြီးတော့ တခါထဲ အောက်ကို အစ်တစ်တစ်ကြီးကျနေတာ ဘဲ အသက်ရှူ ကြပ်တတ်တတ်နေတတ်သည်၊ အဲဒါ ဥဗ္ဗေကာ ပီတိမဟုတ်ဘူး လေ့မညီလို့နေ၁်....။

။ မှန်ပါဘုရား။ ။

တချို့မှာဆိုသို့ရှိလျှင် လက်တွေရိုက်နေတတ်သည်၊ ခါနေ တတ်သည်၊ ခုန်နေတတ်သည်၊ က့နေတတ်သည်၊ အဲဒါကတော့ ဥဗ္ဗေကာပီတိမဟုတ်ပါ၊ ရှင်းသွားပလား ?

။ ရှင်းသွားပါပြီဘုရား။ ။

ဖရဏာပီတိ။ ။ဂွမ်းဆီထိဘိသကဲ့သို့ စိတ်၏ ကြည်နူးပြီး တော့ဖြစ်ပုံ၊ ကျမ်းဂန်ထဲမှာကတော့ လေပြည့်သော ပန်းဘဲဖို ကြီးလိုဖေါင်းနေပုံ၊ ရေပြည့်သော သစ်ခေါင်းကြီးလို ပြည့်နေပုံ၊ အဲဒီဥပမာအတိုင်း သိတ်ဟုတ်ထာဘဲ ပက်လက်လှန်ပြီးတော့ တရားကို အားထုတ်နေတဲ့အချိန်မှာ ခန္ဓာကိုမြင်နေကျအတိုင်း, ပူရှိန်,ပူခိုး,ပူငွေ့,တွေ ဆွလိုက်တဲ့အခါမှာ တကိုယ်လုံး၌ တလှုပ် လှုပ်,တရွရွ,တမွမွ,တရိပ်ရိပ်, တလှစ်လှစ်,တစစ်စစ်, တဖြစ်ဖြစ်,နဲ့ ရှပ်ရှင်စနစ်လို ကိုယ်ထဲမှာ မျိုးစုံပေါ်ပြီးတော့နေတဲ့အချိန်၊ အပူ

ရှိန်များနေတတ် အပူရှိန်များနေမယ်ဆိုလျှင် အပူကိုလေက လွှမ်းမိုးတော့ လေကပိုလာလျှင် အပူဓာတ် ချိုသွားတတ်တယ်။

အပူဓာတ်ကချို့၍ လေကပိုလာပြီဆိုလျှင် ဗိုက်ကြီးဖေါင်းလာတတ်တယ်၊ နောက်ပြီးတော့ ရင်မှာလဲ အေးလာတတ်တယ်၊ နောက်ပြီးတော့ ဒိတ်ဒိတ်,ဒိတ်ဒိတ်,ဒိတ်ဒိတ်,နဲ့ ခုန်တဲ့ သွေးကျတာလေးလဲ ရှာမတွေ့တတ်ဘူး၊ အသက်ရှုလို့ လေတောင်, လေထွက်, လေဝင်သည် ဖြစ်လေသောကြောင့် ရှူမှန်းလဲမသိ, ရှိုက်မှန်းလဲမသိ၊ ငြိမ်နေသလိုထင်တတ်တယ်၊ လေများလွန်းမကများလာမယ်ဆိုလျှင် ခန္ဓာမှာ, တလှုပ်လှုပ်,တရွရွဆိုတဲ့ ပထဝီအမှုံကလေးတွေလဲ ရှာမတွေ့တော့ဘူး၊ နောက်ပိတ်ဆုံး သတ္တုချကြည့်လိုက်တဲ့အခါမှာ ရင်ကလေး အေးမှုနဲ့ ဗိုက်ကြီးဖေါင်းပြီးတော့နေမှု, ဒီနှစ်ခုသာထင်ရှားသည်။

အဲဒီ....အချိန်ကလေးမှာ လေ,ပြည့်သော ပန်းဘဲဖိုကြီးလိုဖေါင်းနေပုံ သိပ်တူတာဘဲ၊ ရေပြည့်သောသစ်ခေါင်းကြီးလို ပြည့်နှက်နေပုံ၊ အဲဒီအခါမှာ ရုပ်မှုတိုင်း,ရုပ်မှုတိုင်း "ဖရဏာပိတိ" ဂွမ်းဆီထိဘိသကဲ့သို့ စိတ်၏ကြည်နူးပြီးတော့ဖြစ်နေပုံ၊ ဗိုက်ကြီးဖေါင်းနေသော်လဲဘဲ မပေါ့ဘူး၊ ပေါ့မလားလို့ အားယူပြီးတော့ အထက်ကို မြှောက်ကြည့်လျှင် လေးပြီးတော့နေတာဘဲ တက်ကိုမတက်ဘူး၊ မရဘူး၊ ဥဗ္ဗေဂါပီတိကတမျိုး၊ "ဖရဏာပီတိ"ကတမျိုး၊ ဒီကစိုင်နေဘတ်တယ်။

ဤကဲ့သို့ ဖရဏာပိတိ ဂွမ်းဆီထိသကဲ့သို့ စိတ်၏ကြည်နူးပြီးတော့ ဖြစ်နေမယ်ဆိုလျှင် စိတ်ချမ်းသာတာဘဲ အင်မတန် ဒီချမ်းသာကလေးတွေ့ တွေ့တဲ့အခါမှာဆိုလျှင် မဖျက်ချင်တော့ဘူး၊

အချိန်ကျလို့ ဖျက်ရမယ်ဆိုလျှင် လူလာလို့ ဖျက်ရမယ်ဆိုလျှင် မဖျက်ချင်တော့ဘူး၊ ဖျက်သော်လဲ ဒီအာရုံကြီးဘဲ တွေ့နေတာဘဲ ဒီအာရုံကို မြန်မြန်ပင်ပြန်ပြီးတော့ ခံချင်လှပါသည်လို့ ဆိုလို သည်။

ရှင်းပါသလား ?

॥ ရှင်းပါပြီဘုရား॥ ॥

ဤကဲ့သို့ ဖရဏာပီတိ, ဂွမ်းဆီထိသကဲ့သို့ စိတ်၏ကြည်နူးပြီး တော့ဖြစ်နေတဲ့ အချိန်ကလေးမှာ ဆာလောင်, မွတ်သိပ်ခြင်း ကင်းသတဲ့၊ ထမင်းမဆာဘူးနော်....။

॥ မှန်ပါဘုရား॥ ॥

ထမင်းမဆာဘူး ဥပုသ်သည်တွေဟာ အရင် ရင်းနှီးတဲ့ ဥပုသ် သည်တွေလျှောက်ဘူးတယ်၊ တပည့်တော်များ ဥပုသ်သွားစောင့် တဲ့အခါမှာ ထမင်းဘယ်တော့ကမှ မငတ်ခဲ့ပါဘူးဘုရား....တဲ့၊ ဥပုသ် စောင့်တိုင်းစောင့်တိုင်း ထမင်းမငတ်ဘူးတဲ့၊ အဲဒါ ဘာဖြစ် လို့လဲဆိုတော့ မနေနိုင်တော့ စားကြတယ် မဟုတ်ဘူးလား ?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

အဲဒါ....ဝိကာလဘောဇနာ ချန်ထားလို့လား မသိဘူး၊ သို့ မဟုတ် ဆောက်တော့ ဆောက်တည်ပါရဲ့ မခံနိုင်လို့ရှိလျှင် စားမယ်ဆိုတဲ့ ဒီလိုမျှင်းချက်ကလေးများ ထားခဲ့သလား မသိ ဘူးနော်....

॥ မှန်ပါဘုရား॥ ॥

အဲဒီလို ဥပုသ်သည်တွေဟာ အခု တရားအားထုတ်လိုက်တဲ့ အခါ ဖရဏာပီတိဖြစ်လျှင် မဆာဘူးပေါ့တယ်၊ ဒါကြောင့်

ဗြဟ္မာ့ပြည်၌ ဗြဟ္မာတို့သည် ကမ္ဘာငါးရာ, ကမ္ဘာတထောင့် အစာရေစာမစားဘဲနဲ့ နေနိုင်တာ ပီတိဘက္ခ၊ ဝီတိ=ဝမ်းသာဒါ ဘက္ခ=အစာ....နော်....။

။ မှန်ပါဘုရား။ ။

ဓမ္မပီတိ, ဓမ္မသြဇာက ဟို-ဆွမ်းသြဇာထက် ပိုထက်မျက်တယ် ခေါ်တယ် ရှင်းကြရဲ့လား ?

။ ရှင်းပါတယ်ဘုရား။ ။

အင်မတန် အဘိုးတန်တယ်ခေါ်တယ်၊ ဗြဟ္မာတို့သာလျှင် မဆိုထားဘိ၊ အဇာတသတ်မင်းကြီး ခမည်းတော် ထောင်သွင်း အကျဉ်းချထားတဲ့အခါမှာဆိုလျှင် ဘာအစာမှ မစားရတဲ့အခါ မှာဆိုလျှင် လမ်းလျှောက်ပြီးတော့ တရားအားထုတ်နေတာဘဲ၊ ဤကဲ့သို့ တရားအားထုတ်နေတဲ့အချိန်မှာ ရှေ့က စားရသည်ထက် ပင် စိုပြေဝပြောပြီးသကာလ မသေနိုင်ကြောင်း အဲဒါ ပီတိ- ဘက္ခဘဲ။

ဟုတ်ကြရဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

ငွေ်ဟာကလေးမျှားလဲဘဲ အတောင်ပေါက်ပြီးသကာလ ကိုယ့် ဟာကိုယ် ရှာမှစားနိုင်တာလဲဘဲ အဲဒါလဲ ပီတိဘက္ခဘဲ အမေကြီး သွားအစာတောင်း၊ အစာတောင်းတော့ အမေကြီးက နက်ဖြန် ကာမှ အမေအစာချီခဲ့မယ်၊ နက်ဖြန်ခါကျမှစား၊ နက်ဖြန်ခါကျမှ စားဆိုလျှင် သူတို့ သိပ်ဝမ်းသာနေတာဘဲ၊ နက်ဖြန်ခါကျတော့ လဲ ပါတာမဟုတ်ဘူး၊ မပါပေမဲ့ အမေကြီးက လိမ်လိမ့်လိမ်လိမ် ထားတော့ နက်ဖြန်ကာ ဒို့စားရတော့မယ်၊ နက်ဖြန်ခါ ဒို့စား

ချတော့မယ်ဆိုပြီး ဝမ်းသာနေတယ်၊ အဲဒီ ဝမ်းသာလုံးလေးကြောင့် အစာမစားဘဲနဲ့လဲ မသေနိုင်၊ ကိုယ့်ဟာကိုယ် အတောင်ပေါက်ပြီး သကာလ ပျံနိုင် ရှာနိုင်မှ အစာစားရကြောင်း ဒီအတွင်းမှာ မသေတာ ပီတိဘက္ခဲ ဟုတ်ကြရဲ့လား?

॥ ဟုတ်ပါတယ်ဘုရား॥ ॥

ဤကဲ့သို့ ဖရဏာပီတိ, ဝမ်းဆီထိသကဲ့သို့ စိတ်၏ကြည်နူးပြီးတော့ ဖြစ်နေတဲ့ အချိန်ကလေးမှာ မီးရှို့မီးမလောင်းဘူးတဲ့ အဆိပ်လူးသောမျှားဖြင့် ပြစ်ခယ်ဆိုလျှင် မျှားမစူးဘူးတဲ့ တယ်စွမ်းတာဘဲနော်....

॥ မှန်ပါဘုရား॥ ॥

တယ်စွမ်းတာဘဲ၊ လက်နက်ကလေးနဲ့ ပြစ်မယ်ဆိုလျှင်လဲ လက်နက်မထိဘူးတဲ့ သဘောကျရဲ့လား?

॥ ကျပါတယ်ဘုရား॥ ॥

အင်မတန် ကိုယ်လဲချမ်းသာ, စိတ်လဲချမ်းသာတတ်ပါသည်၊ ဤကဲ့သို့ ပီတိငါးမျိုး, ဝမ်းသာဒါငါးမျိုးဖြစ်ခြင်းလဲဘဲ အညစ်အကြေးတပါး॥

**ကိုယ်စိတ်အေးပုံ॥**

နံပါတ်-၃॥ ပဿဒ္ဓိ॥ ॥သင်္ဂြိုဟ်မှာ ပဿဒ္ဓိတလုံးထဲလာတယ်၊ ဝိသုဒ္ဓိမဂ်မှာကတော့ ပဿဒ္ဓိတလုံးကို ယူလိုက်ပါသဖြင့် အဝိနာဘာဝနည်း လဟုတာ, မုဒုတာ, ကမ္မညတာ, ပါဂုညတာ, ဥဇုကတာ, ခြောက်စုံဆယ့်နှစ်ခု ထည့်ယူပါနော်॥

॥ မှန်ပါဘုရား॥ ॥

ခန္ဓာကိုယ်မှာဥဒယဗ္ဗယဉာဏ်အနုစားပိုင်ခဲ့သော်စိတ်လဲဘဲအေး ကိုယ်လဲဘဲ အေးဆိုတဲ့ ပဿဒ္ဓိဒုက, တစုံပေါ်တတ်တယ်၊ ပူပန်ခြင်း ဘာမှမရှိရဘူး၊ စိတ်လဲပူလောင်ခြင်း, ကိုယ်လဲပူလောင်ခြင်း မရှိပါမူ၍ စိတ်ကလေးလဲ အေးပြီးတော့နေတတ်တယ်၊ ကိုယ်ကလေးလဲ အေးပြီးတော့နေတတ်တယ်၊ သဘောကျပလား ?

॥ သဘောကျပါတယ်ဘုရား॥ ॥

ဤကဲ့သို့ စိတ်အေးကိုယ်အေးဆိုတဲ့ ပဿဒ္ဓိဒုက တစုံလဲပေါ်တတ်တယ်၊ စိတ်ပေါ့ကိုယ်ပေါ့ဆိုတဲ့ လဟုတာဒုက တစုံလဲပေါ်တတ်တယ်၊ စိတ်ကလေးဟာ သိပ်ပေါ့တာဘဲ၊ အဲဒီလိုပေါ့မယ်ဆိုလျှင် ဗဟုဿုတမရှိတဲ့ ပုဂ္ဂိုလ်တွေ ငါ့စိတ်တယ်ပေါ့ပါကလား၊ ရူးများရူးချင်သေးသလားလို့ သံသယရှိတတ်တယ်၊ မုချဒါ လဟုတာ ဘဲလို့ ဆိုတာကောင်းကောင်းကြီးဆုံးဖြတ်ပြီးသကာလ အားထုတ်မြဲ အားထုတ်နေတတ်တယ်နော်။

॥ မှန်ပါဘုရား॥ ॥

ကိုယ်လေးတွေလဲ ပေါ့တတ်တယ်၊ ဘာဖြစ်လို့ ငါ့ကိုယ်ပေါ့ပါသလဲလို့ ဖျန်းပြီးတော့ကြည့်တဲ့အခါမှာဆိုလျှင် ဆံကာလို အပေါက်,အပေါက်,ကလေးတွေ ထင်းရူးသားများကဲ့သို့ ပွပွ, ရွရွ, ပွပွ, ကလေးတွေ တွေ့တတ်တယ်နော်။

॥ မှန်ပါဘုရား॥ ॥

ဒါကြောင့် ခန္ဓာကိုယ်ကြီး ပေါ့ပြီးတော့နေပါကလား၊ ဒီလိုပေါ့နေတဲ့အတွက်ကြောင့် ရေပြင်ပေါ်မှာ အသာကလေး ကူးပြီးတော့သွားနိုင်တယ်ဆိုတာ ဒီအဖြစ်မျိုးပါကလားလို့ ဆိုတာလဲ ဆုံးဖြတ်တတ်တယ်နော်။

॥ မှန်ပါဘုရား॥ ॥

ဤကဲ့သို့ စိတ်ပေါ့ကိုယ်ပေါ့ လဟုတာဒုက ပေါ်ခြင်းလဲဘဲ အညစ်အကြေးတပါး၊ စိတ်ကလေးလဲ နူးညံ့တတ်တယ်၊ ကိုယ်လေးလဲ နူးညံ့တတ်တယ်နော်....။

။ မှန်ပါဘုရား။ ။

မာနထန့်ခြင်းလဲမရှိဘူး၊ ဒိဋ္ဌိအယူသီးပြီးသကာလ အကြီးစားမျိုးလဲဘူ မရှိဘူးနော်။

။ မှန်ပါဘုရား။ ။

ဒါကြောင့် ခန္ဓာကိုယ်ကြည့်မယ်ဆိုလျှင် စိတ်ဘက်က ကြည့်လျှင် အင်မတန် နူးညံ့တတ်တယ်နော်။

။ မှန်ပါဘုရား။ ။

ရှေးတုံးကလို မာမာ၊ ကျစ်ကျစ်၊ သိပ်သိပ်၊ သဲသဲ၊ အနှစ်ရယ်လို့ ဘာမှ တခုမှလဲ မတွေ့ရတော့ဘူး၊ အင်မတန် သိမ်သိမ်၊ မွေ့မွေ့၊ သေးသေး၊ ငယ်ငယ်၊ အမူအရာဆိုတဲ့ နူးညံ့တာလေးဘဲ သွားပြီးတော့တွေ့တတ်တယ်၊ နောက်ပြီးတော့ဆိုလျှင်လဲဘဲ စိတ်ကလေးတွေကလဲ မှတ်လို့ကောင်း၊ ကိုယ်ကလေးကလဲ နေလို့ကောင်းဆိုတဲ့ "ကမ္မညတာဒုက"တစုံလဲပေါ်တတ်တယ်။

အဲဒီအခါကျလျှင် ထိုင်လျက် အားထုတ်မယ်ဆိုလျှင် ကြာကြာထိုင်နိုင်တယ်၊ ကြာကြာလဲမှတ်နိုင်တယ်၊ အိပ်လျက်အားထုတ်မယ်ဆိုလျှင် ကြာကြာလဲအိပ်နိုင်တယ်၊ ကြာကြာလဲမှတ်နိုင်တယ်၊ ရပ်လျက်အားထုတ်မယ်ဆိုလျှင် ကြာကြာလဲရပ်နိုင်တယ်၊ ကြာကြာလဲမှတ်နိုင်တယ်၊ စင်္ကြံန်လျှောက်ပြီးတော့ အားထုတ်မယ်ဆိုလျှင် ကြာကြာလဲ စင်္ကြံန်လျှောက်နိုင်တယ်၊ ကြာကြာလဲ မှတ်နိုင်တယ်နော်။

။ မှန်ပါဘုရား။ ။

ဤကဲ့သို့ ကိုယ်ဘက်ကလဲဘဲ နေလို့ကောင်း၊ စိတ်ဘက်ကလဲ မှတ်လို့ကောင်းဆိုတဲ့ ကမ္မဋ္ဌာနတရားက တစ်ပုံလဲပေါ်တတ်တယ်၊ စိတ်လဲဘဲ ကျန်းမာ၊ ကိုယ်လဲကျန်းမာဆိုတဲ့ပါဂုဏ်တရားက၊ တစ်ပုံလဲပေါ်တတ်တယ်နော်။

॥ မှန်ပါဘုရား॥ ॥

သည့်ပြင်ဆေးသည်သာလျှင် ကျန်းမာရေးနဲ့ ပြည့်စုံတာ မဟုတ်ဘူးနော်၊ ယခု ဝိပဿနာဆေးလဲ ကျန်းမာရေးနဲ့ ပြည့်စုံတယ်၊ ဥဒယဗ္ဗယဉာဏ် အနုစားပိုင်ပြီဆိုလျှင် စိတ်လဲ ကျန်းမာတတ်တယ်၊ လူတွေဟာ မမာဘူး မမာဘူးဆိုလျှင် ရုပ်ဘက်က ကိုယ်ဘက်ကသာပြောတယ်၊ နာမ်ကလေး မမာဘူး၊ စိတ်ကလေး မမာဘူးလို့ ဘယ်သူမှလဲ မပြောတော့ဘူး၊ စိတ်တရား နာမ်တရားက လူမမာသယ်နော် ကိလေသာဆယ်ပါးက အဲဒါ ရောဂါသယ်နော်....။

॥ မှန်ပါဘုရား॥ ॥

ကိလေသာဆယ်ပါးတွေ ပူလောင်တာတွေ ဆင်းရဲတာတွေ ရှိမယ်ဆိုလျှင်, ဒီစိတ်ဟာ မာပါ့မလား- နာမ်တရားလဲ မာပါ့ မလား ?

॥ မမာပါဘုရား॥ ॥

ဒီကိလေသာရောဂါစွဲနေတဲ့ နာမ်မမာတာတွေကို ဗမာဆေး, အင်္ဂလိပ်ဆေး, တရုတ်ဆေး, ထိုးဆေး, လိမ်းဆေးနဲ့ မရဘူး၊ ဘယ်ဆေးသောက်မလဲဆိုလျှင်ဝိပဿနာဆေးသောက်မှ ပျောက်မယ် ကိုယ်လဲကျန်းမာပြီးတော့ နေတတ်တယ်နော်....။

॥ မှန်ပါဘုရား॥ ॥

ဟို....တချို့မှာဆိုလျှင် အနှင်း, အနှိပ်,လက်မလွှတ်ရတဲ့ပုဂ္ဂိုလ် အနင်း, အနှိပ်, ဆေးစား လက်လွှတ်ရပါသည်၊ မျက်စေ့ မှုံတာ မျက်စေ့ ကြည်သွားပါသည်၊ မျက်စေ့ကန်းတာ မျက်စေ့ လင်းသွားပါသည်၊ နားပင်းတာ နားကောင်းသွားပါသည်၊ သရက်ကုန်းနားကထိတန်ရွာမှာရှိတဲ့ လူကြီးတယောက်နာပင်းနေ ဘယ်ခေါ်တယ်၊ ခရမ်းရိပ်သာမှာ လာပြီးတော့ အားထုတ်လိုက် တဲ့အခါမှာ နားကြားသွားကြောင်း။

ခါးကုန်းတဲ့လူဟာ ခါးဆန့်သွားကြောင်း၊ နောက်ပြီးတော့ ဆိုလျှင်လဲ ခုနှစ်နှစ်တိုင်တိုင် သွေးတချမ်း ကိုက်ပြီးတော့ နေတဲ့ ခရမ်းက ဆေးဆရာကြီး တယောက် အသက် (၇၅)နှစ်ရှိပါပြီ ဝေဒနာနုပဿနာ သိမ်းဆည်းလိုက်တဲ့အခါမှာဆိုလျှင်၊ သုံးပုံ-ပုံ နှစ်ပုံပျောက်ပြီးသာကာလ တပုံသာကျန်ရစ်ကြောင်း။

နောက်ပြီးတော့ဆိုလျှင်ကျိုက်ထိုရိပ်သာမှာ ပန်းနာ-ပန်းနာ လေး တခါထဲ အနှစ်နှစ် အလ,လကဆိုလျှင် စွဲလာတဲ့ ပန်းနာ ကလေးဟာ၊ ပန်းနာများထပြီဆိုလျှင် ခုနှစ်အိမ်ကြား ရှစ်အိမ် ကြား၊ မနေနိုင်လောက်အောင်၊ အင်မတန်မှပြင်းထန်တဲ့ ရောဂါ ဝေဒနာသယ်ဟာဖြင့်၊ ဝိပဿနာတရားလာပြီးအားထုတ်လိုက်တဲ့ အခါမှာ ရှင်းရှင်းပျောက်ပြီးတော့သွားကြောင်း။ ။

နောက်ပြီးတော့ဆိုလျှင်, ဝေါရိပ်သာ,မှာ ဘိန်းစားများ, ဘိန်းစားများ ဘိန်းဖြတ်လိုက်သည့် အခါမှာ ဆိုလို့ရှိလျှင်၊ တချို့သည် ဘိန်းဝမ်းသွားသည် ဖြစ်လေသောကြောင့် မစား ချင်ဘဲနဲ့စားရ၊ တရားများလာပြီးတော့ အားထုတ်လိုက်တဲ့အခါ မှာဆိုလျှင် ဘိန်းဝမ်မသွားပါဘဲနဲ့၊ ဘိန်းလုံးလုံး ပြတ်ပြီးတော့

သွားကြောင်း၊ အဲဒါကြောင့် တရားဆေးလဲ အင်မတန်မှုစွမ်း ပါသည်။

ယုံကြောယုံရဲ့လား?

။ ယုံပါတယ်ဘုရား။ ။

အဲဒါတွေဆေးကြော်ငြာတွေခေါ်တယ်၊တရားဆေးကြော်ငြာ မော်တော်ကားတွေ ဘာတွေ ငှါးနေစရာမလိုတော့ဘူး၊ ပလ္လင် ပေါ်ကနေပြီးတော့ ကြော်ငြာလိုက်ထာဘဲ၊ ဒီထက်မျှားမျှားရှိ သေးတယ်၊ ဆေးကြော်ငြာတွေ၊ ဒါ-"ပါဂုညတာ"ခေါ်တယ်၊ စေတသိက်ပိုင်းမှာ သူပါလိမ့်မယ်နော်....။

။ မှန်ပါဘုရား။ ။

အင်း....ပါဂုညတာ ခေါ်တယ်၊ စိတ်ကျန်းမာ, ကိုယ်ကျန်းမာ ဆိုတဲ့"ပါဂုညတာဒုက"တစုံလဲပေါ်တတ်တယ်၊စိတ်ဖြောင့်,ကိုယ် ဖြောင့်ဆိုတဲ့ "ဥဇုကတာ" တစုံလဲပေါ်တယ်၊ မာယာ၊ မလိမ် ချင်တော့ပါ၊ သာဌေယျ၊ ကောက်ကျစ်စဉ်းလဲတာ မဟုတ် တော့ပါ၊ ကောက်ကျစ် စဉ်းလဲတာမျိုးလဲ မလုပ်ချင်တော့ပါ၊ ဘာဖြစ်လို့လဲဆိုလျှင်၊ တရားကအင်မတန် ကောင်းနေတာကိုး လိမ်လိုက်မယ်၊ ကောက်ကျစ်စဉ်းလဲ လိုက်မယ်ဆိုလျှင် ဒီတရား ပျောက်သွားတော့မယ်၊ ဒါကြောင့် အဘိုးပန်တဲ့ တရားစစ်, တရားမှန်ကိုရပြီးသားဖြစ်လေသောကြောင့်၊ လိမ်ခြင်း, ကောက် ခြင်း, စဉ်းလဲခြင်းဆိုတာမျိုးလဲ မလုပ်ချင်တော့ပါလို့ ဆိုလိုသည်၊ ဤကဲ့သို့ ခြောက်စုံဆယ့်နှစ်ခု ပေါ်လာခြင်းလဲဘဲ အညစ် အကြေး တပါးနော်....။

။ မှန်ပါဘုရား။ ။

ဤကဲ့သို့ ခြောက်စုံ ဆယ့်နှစ်ခု ပေါ်လာမယ်ဆိုလို့ရှိလျှင် အင်မတန်မှ ပျော်စရာကောင်းသတဲ့၊ တရားမှတ်ရတာ အင်မတန်မှပျော်စရာကောင်းသတဲ့၊ ဒါကြောင့် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က....

**သုညာဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။**
**အမာနုသီ ရတီဟောတိ၊ သမ္မာဓမ္မံ ဝိပဿတော။ ။**

သုညာဂါရံ၊ လူတွေကင်းဆိတ် လူသံတိတ်ရာ၊ ရိပ်သာဂူကျောင်း ဇရပ်တန်ဆောင်းထဲသို့။ ပဝိဋ္ဌဿ၊ အဖော်မမှီး တကိုယ်တည်းဖြင့် ဝင်နေကြပြီး၍။ သန္တစိတ္တဿ၊ ကြောင့်ကြလုံးတွေ စိုးရိမ်လုံးတွေ အပူလုံးတွေ အဆုံးနှိမ်လျက် စိတ်နှလုံးငြိမ်ငြိမ်သက်သက် အေးအေးမြမြ ချမ်းချမ်းသာသာ ထားနိုင်ကြသည်ဖြစ်၍။ ဓမ္မံ၊ ခန္ဓာကိုယ်တွင်း သမာဓိသွင်း၍ ဖြစ်ခြင်းပျက်ခြင်းတရားတွေကို။ သမ္မာဝိပဿတော၊ ဝိပဿနာဉာဏ် မျက်စေ့ဖြင့် အမှန်ပင် မြင်မြင်သိသိ ရှုရှုမှတ်မှတ်နေသော။ ဘိက္ခုနော၊ ဖြစ်ပျက်နှစ်ခုဘေးဟုရှုမြင် ရဟန်းရှင်လူယောဂီသူတော်စင်အပေါင်းအား။ အမာနုသီ၊ လူနတ်တို့၏ ဖေါ်ဋ္ဌပ္ပါရုံ ကာမဂုံစည်းစိမ်ချမ်းသာလိုက်လို့ကို မမှီနိုင်သော။ ရတိ၊ အမျိုးစုံ ပေါ်လာပုံထူးပေ၍ ချမ်းသာလုံးတွေ တွေ့တွေ့နေရသဖြင့် ဘဝင်ထဲမှာ စိတ်ထဲမှာ ပြည့်ပြည့်လာကြပြီး အလွန်တရားနဲ့ မွေ့လျော်ပျော်မွေ့နေရခြင်းသည်။ ဟောတိ၊ မယုံလျှင်စမ်း ဘုရားဟောခမ်းမို့ တကယ်တန်းကြုံတွေ့နိုင် ဖြစ်နိုင်ကြတော့သည်သာလျှင် ကတည်း။

သာဓု-သာဓု-သာဓု....

ဝိသုဒ္ဓိမဂ် အဋ္ဌကထာမှာကတော့ ဒီ-ဂါထာကလေး ပဿတိ အတွက် ထည့်တာခေါ်တယ်၊ ဆရာတော်ကြီးက အရင်တုံးက ပြောပြောနေတုံးကတော့ သုခချမ်းသာတဲ့ဘက်မှာ တွေ့ထား ဘယ်နော်. ။

။ မှန်ပါဘုရား။ ။

ဒီနှစ်ခုဟာ သိပ်ပြီးတော့မကွာပါဘူး၊ စိတ်အေး ကိုယ်အေး၊ စိတ်ပေါ့ကိုယ်ပေါ့၊ စိတ်နူးညံ့ ကိုယ်လဲနူးညံ့၊ စိတ်လဲ မှတ်လို့ကောင်း ကိုယ်လဲမှတ်လို့ကောင်း၊ စိတ်ကလေးတွေကလဲကျန်းမာ ကိုယ်ကလေးတွေကလဲကျန်းမာ၊ စိတ်ဖြောင့် ကိုယ်ဖြောင့်ရှိမယ် ဆိုလျှင်၊ မုချအမှန်ကေန် ချမ်းသာဒါပါဘဲနော်....။

။ မှန်ပါဘုရား။ ။

ဒါကြောင့်-သုခချမ်းသာတဲ့နေရာမှာ ထည့်သုံးလျှင်လဲဘဲမလွဲ ပါဘူး "သြဘာသော၊ ပီတိ၊ ပဿဒ္ဓိ၊ အဓိမောက္ခ" လေး သုံးရှိသွားပြီ။

## ကြည်သဒ္ဓါဖြစ်ပုံ။

နံပါတ် ၄။ အဓိမောက္ခ=စေတသိက်မကောက်ပါနဲ့ သဒ္ဓါ ကောက်ပါ၊ သဒ္ဓါမှာလဲဘဲ ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာဂုဏ်၊ ယုံတဲ့-ယုံသဒ္ဓါ မကောက်ပါနဲ့၊ ကံ၊ ကံ၏ အကျိုး ကိုယ်ယုံတဲ့ ယုံသဒ္ဓါမကောက်ပါနဲ့၊ ကြည်ပြီးတော့နေတဲ့ "ကြည်သဒ္ဓါ" ကောက်ပါနော်....။

။ မှန်ပါဘုရား။ ။

စိတ်ကလေးကိုလဲ ကြည်လင်စေတတ်တယ်၊ စေတသိက်ကလေးကိုလဲ ကြည်လင်စေတတ်တယ်ဆိုတဲ့ ကြည်သဒ္ဓါ၊ ကောက်ပါလို့ ဆိုလိုသည်နော်....။

။ မှန်ပါဘုရား။ ။

ရေနောက်နေတဲ့ ရေထဲသို့ ရေကို ကြည်လင်စေတတ်သော ခပေါင်းရေကြည်စေ့များ၊ ပတ္တမြားရတနာများချလိုက်တဲ့အခါမှာ ရေနယ်လေးတွေထိုင်၍ အပေါ်ယံရေကြည်ကလေးတွေဝေ့ပြီးတော့ တက်နေတဲ့ ပုံသဏ္ဍာန်လို့ "အဓိမောက္ခ"ဆိုတဲ့ ကြည်သဒ္ဓါလေးစိတ်အစဉ် နာမ်အစဉ်မှာဝင်ပြီးတော့ နေမယ်ဆိုလျှင် ရင်ကနေပြီးတော့ ကြည်လာတတ်တယ်ခေါ်တယ်၊ အရောင်တော့မဟုတ်ဘူးနော်။

။ မှန်ပါဘုရား။ ။

ကြည်ပြီးတော့နေတတ်တယ်၊ အဲဒီ ရင်ကနေပြီးတော့ ကြည်လိုက်တဲ့ အကြည်ကလေးဟာ တခါထဲ ခေါင်းထိအောင် ကြည်လိုက်ထာဘဲ၊ ခေါင်းထဲရောက်သွားတဲ့အခါကြပြီဆိုလျှင် ဟို.... ဘုရားရှင် ကိုယ်တော်မြတ် မျက်နှာတော်သည် ဖိုးရွှေလမင်းအတွင်းမှာဝင်ပြီးသကာလ အင်မတန် ကြည်ပြီးတော့နေတတ်တယ်၊ အရောင်တော့မဟုတ်ဘူးနော်....

စိတ်အစဉ်ကြည်ပုံပြောပြတာ၊ အင်မတန် ဒီတခါထူးပါကလားလို့ စိတ်အစဉ်ကြည်ပုံကလေးကို မြင်မယ်ဆိုလျှင် အံ့ဩပြီးတော့လဲနေတတ်တယ်၊ဤကဲ့သို့"အဓိမောက္ခ"ကြည်သဒ္ဓါဖြင့်လာခြင်းလဲဘဲ အညစ်အကြေးတပါး။

**အားထုတ်မှုလွယ်ပုံ။**

နံပါတ်-၅။ ပဂ္ဂဟ=တဲ့ အားထုတ်မှု လွယ်တတ်တယ်ခေါ်တယ်၊ ဤကဲ့သို့ ဥဒယဗ္ဗယဉာဏ် အနုစားရောက်လာပြီဆိုလျှင် မရော့မတင်း စောင်းကြိုးညှင်းဘိသကဲ့သို့ အသာကလေး အားထုတ်ထာနဲ့ ဖြစ်ပျက်တွေ မြင်တတ်တယ်ခေါ်တယ်၊ ငိုက်ခြင်း, သန်းခြင်း,ပျင်းခြင်း,ဝေခြင်းလဲမရှိပါ စိတ်လေစိတ်လွင့် စိတ်ကူး အချောင်နေခြင်းလဲ မရှိပါ၊ အင်မတန်မှ စိတ်သည် ရင်ထဲမှာ ထ,ထခြင်းလို၊ ထိုင်,ထိုင်ခြင်းလို၊ အိပ်,အိပ်ခြင်းလို၊ ရပ်,ရပ်ခြင်းလို၊ သွား,သွားခြင်းလို အားထုတ်မှုလွယ်ခြင်းလဲဘဲ အညစ်အကြေး တပါး။

ရှင်းသွားပလား ?

။ ရှင်းသွားပါပြီဘုရား။ ။

စိတ်က တယ်ပြီးတော့ တခြားမသွားတော့ သမာဓိချက်နဲ့ ဝိပဿနာဉာဏ်မြင့်သွားရတယ်ခေါ်တယ်၊ ဒီလိုမှမဟုတ်လျှင် ဒီစိတ် သိပ်ဖမ်းရတယ်ခေါ်တယ်နော်။

။ မှန်ပါဘုရား။ ။

**ချမ်းသာပုံ။**

နံပါတ်-၆။ သုခ=တယ် ချမ်းသာတယ်ဆိုပါကလား တကိုယ်လုံးမှာဆိုလျှင် အင်မတန် ယိုစီးပြီးသကာလ အလွန်မွန်မြတ်တဲ့ ချမ်းသာတု ချမ်းသာဒါ တွေ့ရတတ်တယ်၊ တွေ့မှာပေါ့ နောက်ကပြန်ကြည့်စမ်းပါ၊ ပီတိငါးမျိုး, ဝမ်းသာတာငါးမျိုး၊ အားပေးလို့ ချမ်းသာတာတမျိုး, ပဿဒ္ဓိ စသော ခြောက်စုံဆယ့်နှစ်ခုက ငြိးမြောက်လို့တမျိုး, အဓိမောက္ခ,စိတ်ကလေး ကြည်ပြီး

တော့နေတာတမျိုး၊ ဤကဲ့သို့ အကောင်းမျိုးစုံ ဝိုင်းအုံပြီးသကာလ ကျေးဇူးပြုလိုက်တဲ့အခါမှာ တကိုယ်လုံးစိုနေတာဘဲ အင်မတန်မှမြတ်သော ပဏီတရုပ်တွေ ချမ်းသာပြီးတော့နေတတ်တယ်။

စိတ်ကောင်းလျှင် ကိုယ်နူဆိုတဲ့ ပမာကဲ့သို့ အင်မတန် ကိုယ်ကလေး နူပျိုပြီးသကာလ ချမ်းသာပြီးတော့နေတတ်တယ်၊ အဲဒီချမ်းသာကိုတွေ့တဲ့ ယောဂီကြီးတယောက် ဒိုက်ဦးက အသက်ငါးဆယ်ရှိပါပြီဘုရား၊ တပည့်တော် ဒီလိုချမ်းသာတာ တခါဘူးမျှမတွေ့ဘူးပါဘူးဘုရား အရှင်ဘုရားက ဒကာကြီးချမ်းသာတာဘယ်လိုဘယ်ပုံဘယ်နည်း ချမ်းသာသလဲလို့ တပည့်တော်ကိုဆင့်မေးလျှင် မလျှောက်တတ်အောင် ချမ်းသာပါတယ်ဘုရားတဲ့နော်။

။ မှန်ပါဘုရား။ ။

အဲဒါ ကိုယ်ဇတ္တခေါ်တယ်။

**ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။**
**လဘတေ ပီတိပါမောဇ္ဇံ၊ အမတံ တံဝိဇာနတံ။**

ခုနပဿဒ္ဓိထဲမှာဟောထားတာ၊ ဟောထားပေမဲ့လို့ သုခချမ်းသာဒါလဲတဆက်ထဲ ဖြစ်သောကြောင့် ဒီမှာရွတ်ဆိုလိုက်သည်။

ခန္ဓာနံ၊ ကိုယ့်ခန္ဓာငါးခု ရုပ်စုနာမ်စုနှစ်ခုတို့၏။ ဥဒယဗ္ဗယံ၊ ဖြစ်လာပုံ ပျက်သွားပုံကို။ ယတောယတော၊ အကြွင်အကြွင်ပူသိလေးဘဲ, အေးသိကလေးဘဲ, လှုပ်သိကလေးဘဲ, ဆင်းရဲသိကလေးဘဲ, ချမ်းသာသိကလေးဘဲ,ဟူ၍။ သမ္မသတိ၊ပေါ်တိုင်းပေါ်တိုင်းလက်မလွှတ်တန်းမှတ်ခါမှတ်ခါနေပါပေ၏။ အမတံ၊ ဘယ်တော့မှမသေတဲ့ နိဗ္ဗာန်ချမ်းသာမြတ်ကြီးကို။ ဝိဇာနတံ-ဝိဇာနန္တာနံ၊ တ

ကာယ်တန်း သိမြင်ကြကုန်သည့် အရိယာရှင် သူတော်စင်တို့အား။ ယံပီတိပါမောဇ္ဇံ၊အကြင်နှစ်သက်လုံးဝမ်းသာလုံးကို။လဘတေ၊ သူတို့ကိုယ်တိုင် စမ်းကြည့်လို့ လက်တွေ့ခမ်းဖြစ်၍မို့ တကာယ်တန်းရနိုင်ကြပါပေ၏။တံပီတိပါမောဇ္ဇံ၊ ထိုအရိယာပုဂ္ဂိုလ်တို့ ရကြတဲ့ပီတိပါမောဇ္ဇ ဝမ်းသာလုံးနှစ်သက်လုံးတွေကို။ တတော-တတော၊ ထိုထိုပုသိကလေးဘဲ့ အေးသိကလေးဘဲ့ လှုပ်သိကလေးဘဲ့ ဆင်းရဲသိကလေးဘဲ့ ချမ်းသာသိကလေးဘဲ့ ဟူ၍။ သမ္မ-သန္တသ၊ ပေါ်တိုင်းပေါ်တိုင်း လက်မလွှတ်တန်း မှတ်ခါမှတ်ခါ နေပါပေသော ရဟန်းရှင်လူ ယောဂီ သူတော်စင် တဦးအား။ လဘတေ၊ မယုံလျှင်စမ်းဘုရားဟောခမ်းမို့ တကာယ်တန်း ကိုယ်တိုင်ကြုံတွေ့နိုင် ရနိုင်ကြတော့သည်သာလျှင်ကတည်း။

သာဓု....သာဓု....သာဓု။

တရားရှာချမ်းသာတွေ့အလွန်တရာပျော်မွေ့ကြောင်း ပျင်းစရာ မဟုတ်တော့ဘူး....နော်....။

။ မှန်ပါဘုရား။ ။

ဝိပဿနာချမ်းသာဆိုတာကိလေသာချမ်းသာထက်ပိုပြီးတော့ကောင်းတယ်ခေါ်တယ်၊ လူ့စည်းစိမ် လူ့ကာမဂုဏ်ချမ်းသာ၊နတ်စည်းစိမ် နတ်ကာမဂုံချမ်းသာက ကိလေသာချမ်းသာခေါ်တယ်၊ ကိလေသာဆိုတာ ပူလောင်ဆင်းရဲပြီးတော့နေတဲ့ ချမ်းသာခေါ်တယ်၊ ဝိပဿနာလိုအေးပြီးတော့နေတဲ့ ချမ်းသာမျိုးမဟုတ်ပါ ရှင်းသွားပလား?

။ ရှင်းသွားပါပြီဘုရား။ ။

ဤကဲ့သို့ချမ်းသာထူး ချမ်းသာမြတ်ပေါ်ခြင်းလဲဘဲ၊ အညစ်အကြေးတပါး။ ။

**ဉာဏ်ထက်သန်ပုံ။**

နံပါတ်။ ၇။ ဉာဏ=ဝိပဿဉာဏ်ထက်သန်ခြင်းလဲဘဲ အညစ်အကြေးတပါး၊ ဝရဇိန်လက်နက် မိုးကြိုးစက်နဲ့ ပစ်ချလိုက်ဘိသကဲ့သို့ ဘာမှလဲအခုအခံမရှိတော့ဘူး၊ ဝိပဿနာဉာဏ်လေးတခု ပေါ်လာမယ်ဆိုလျှင် ရုပ်ဘက်က, နာမ်ဘက်က, လဲဘဲ၊ သန့်သန့် ရှင်းရှင်း စင်စင် ကြယ်ကြယ် မြင်တတ်တယ် ပဋိပတ္တိ နေရာမှာသာလျှင်မဟုတ်သေးပါ၊ ပရိယတ္တိ၊ စာဉာဏ်မှာ စာဘက်ကလဲဘဲ၊ အင်မတန် ထင်ထင် ရှားရှား ဖြစ်ပြီးတော့ လာတတ်တယ်၊ ဒါကြောင့် လယ်တီဆရာတော်ဘုရားကြီးက၊ စာသာတတ်၍ လုပ်ငန်းမတတ်သေးမူ တကယ့်စာတတ်မခေါ်ရ၊ လုပ်ငန်းတတ်မှ တကယ့်စာတတ်ခေါ်တယ်ဆိုတာ ကိုယ်တွေ့ပေါက်တဲ့ဆရာတော်ကြီးမှတ်ပါ....နော်....။

။ မှန်ပါဘုရား။ ။

တကယ်ဟုတ်တယ်ခေါ်တယ် ဝိပဿနာဉာဏ်, ပရိယတ္တိစာဉာဏ်, ထက်သန်ခြင်းလဲဘဲ အညစ်အကြေးတပါး။ ။

ဒါကြောင့် စာသိသောပုဂ္ဂိုလ်တို့သည် ခန္ဓာမှာစိုက် ယုံယုံကြည်ကြည်နဲ့ အားထုတ်ပါ။ အားထုတ်တဲ့အခါမှာ ကိုယ်တွေ့ကလေးတွေမြင်လာပြီဆိုလျှင်၊အော်....ငါရသော့ စာ့ကလေးနဲ့ ကိုက်လိုက်ထာနော် ကိုက်လိုက်ထာနော်, လို့ သဘာဝကို ရှေ့

ထားပြီးသကာလတရားကိုနောက်က လာပါစေ "သဘာဝဓမ္မ" လို့ဆိုလိုတယ်နော်....။

။ မှန်ပါဘုရား။ ။

ရှင်းရှင်းလေးမှတ်ပါတော့....။

။ မှန်ပါဘုရား။ ။

**ထင်ရှားခြင်းဖြစ်ပုံ။**

နံပါတ်။ ဂ။ ဥပဋ္ဌာန=ဆိုတာ သတိ ကောက်ရတယ်၊ သတိကောက်ရတယ်၊ ပေါ်ဒါ ဝိပဿနာဉာဏ်နေရာမှာဆိုလျှင်၊ ဘာလေးတခုဖြစ်ဖြစ် အင်မတန်မှ အောက်မေ့လိုက်မယ်၊ ဆင်ခြင်လိုက်မယ်ဆိုလျှင်၊ တခါထဲထင်ထင်ရှားရှားပေါ်လာတတ်တယ်၊ ကိုယ်တွေ့တရားပြောမယ်ဆိုလျှင်၊ ပေါ်ဒါထင်ရှားခြင်းလဲ အညစ်အကြေးတပါး။

ပရိယတ္တိစာဘက်က ပြောမယ်ဆိုလျှင် မေ့သောစာများလဲ ပေါ်တတ်ပါပေသည် အော်.... ငါ့စာလေးနဲ့ ခန္ဓာမှာမြင်လိုက်ထာ တကိုက်ထဲဘဲလို့ဆိုလိုသည်။

မေ့နေသော ကုသိုလ်ရေးတရား, အကုသိုလ်ရေးတရား,လဲဘဲထင်ရှားစွာ ပေါ်လာတတ်သည်၊ ဘာမှမစဉ်းစားဘဲနဲ့ သေပျောက်ပြီးတော့သွားကြတဲ့ အမေ, အဖေ, ညီ, အစ်ကို, မောင်နှမတွေလဲဘဲ ပေါ်လာတတ်ပါပေတယ်၊ သတိပေးသောအနေမျိုး၊ နောက်ပြီးတော့ဆိုလျှင်၊ အမျဝေတဲ့အနေမျိုး နဲ့လဲ ပေါ်လာတတ်ပါပေတယ်။

ဒါကြောင့် အရာရာမှာ ဆင်ခြင်သည်ဖြစ်စေ, မဆင်ခြင်သည်ဖြစ်စေ, ပေါ်ဒါ ထင်ရှားခြင်းလဲဘဲ အညစ် အကြေး တပါး နော်....။

။ မှန်ပါဘုရား။ ။

**လျစ်လျူရှုနိုင်ပုံ။**

နံပါတ်။ ၉ ။ဥပေက္ခာတဲ့= အာဝဇ္ဇနုပေက္ခာ, ဝိပဿနုပေက္ခာ၊ နှစ်မျိုးရှိပါတယ်....နော်....။

အာဝဇ္ဇနုပေက္ခာဆိုတာ=မနောဒွါရာဝဇ္ဇာန်မှာယှဉ်တဲ့စေတနာ ကောက်ရပါတယ်။

ဝိပဿနုပေက္ခာ = ဝိပဿနာဉာဏ်မှာတွဲတဲ့ တတြမဇ္ဈတ္တတာ စေတသိက်ကောက်ပေါသည်။

ဒါက-သရုပ်ခွဲပုံကလေးဘဲ....နော်....။

မှန်ပါဘုရား။ ။

အာဝဇ္ဇာန်တဲ့-မနောဒွါရာဝဇ္ဇာန်, ခေါ်တယ်၊ မနောဒွါရာ-ဝဇ္ဇာန် အားကောင်းပြီဆိုလျှင်၊ လျစ်လျူသာရှုနေလိုက်ရတယ် နော်....။

။ မှန်ပါဘုရား။ ။

ဝရဇိန်လက်နက် မိုးကြိုးစက်နဲ့ ခွင်းလိုက်ဘိသကဲ့သို့ တိကနဲ ဘာမှ အခုအခံ မရှိပါမူ၍ သစ်ပင်ကို မိုးကြိုးပစ်လိုက်မယ်ဆိုလျှင် တခါထဲတိကနဲ ပြတ်သွားတဲ့ ထုံးဥပမာကဲ့သို့ အာဝဇ္ဇာန်များ ကောင်းလိုက်ပြီဆိုလျှင်၊ ချက်ခြင်းပင်စိတ်ကလေးဟာဖြင့် ဘဝင်

စိတ်တွေဖြတ်ပြီးသကာလ ကုသိုလ်စိတ်တွေ လှည့်ပြီးတော့လာ တတ်တယ်နော်....။

။ မှန်ပါဘုရား။. ။

ချက်ခြင်းပင် ဘဝင်တွေကျနေတဲ့ ပုဂ္ဂိုလ်တယောက်မှာဆိုလို့ ရှိလျှင် ချက်ခြင်းပင်မှတ်ချင်တယ်ဆိုလို့ရှိလျှင် စိတ်ကလေးသည် လှည့်ပြီးသကာလ၊ ဝိပဿနာစိတ်တွေ တခုပြီးတခု၊ တခုပြီးတခု၊ လှည့်ပြီးသကာလ ဝင်လာတတ်ပါတယ်၊ ဒါကြောင့်အာဝဇ္ဇာန် အားကောင်းလိုက်ပြီဆိုလျှင်၊ ဘဝင်စိတ်ချက်ခြင်းပြတ်ပြီးသကာ လ၊စိတ်ကလေးလှည့်ပြီးတော့သွင်းနိုင်ခြင်းလဲ "အာဝဇ္ဇနုပေက္ခာ" သဘော။ ။

ဝိပဿနုပေက္ခာဆိုလျှင် အလုံးစုံသော သင်္ခါရဓမ္မရုပ်နာမ် တရားတို့မှာဆိုလို့ရှိလျှင် လျစ်လျူရှုနိုင်တယ်။

လျစ်လျူရှုနိုင်တယ်ဆိုတာက၊ လောဘဆိုတဲ့လိုချင်မှုလဲမဝင်၊ ဒေါသဆိုတဲ့ စိတ်ဆိုးမှုလဲမဝင်၊ မုန်းတာ၊ ချစ်တာ၊ ထိုနှစ်ခုမဝင် ပါဘဲနဲ့၊ အလိုက်သင့် အသာကလေးရှုမှတ်ပြီးတော့၊ ဖြစ်လျှင်လဲ ဖြစ်တယ်၊ ပျက်လျှင်လဲပျက်တယ် ဆိုတဲ့သဘောမျိုးဖြင့် ရှုမှတ်နိုင် ခြင်းလဲဘဲ၊ ဝိပဿနုပေက္ခာသဘော၊ အင်မတန်ရှေ့သွားနောက် လိုက်ညီကြပါပေတယ်လို့ ဆိုလိုသည် ဤကဲ့သို့ "ဉပေက္ခာ" ပေါ်လာခြင်းလဲ၊ အညစ်အကြေးတပါးနော်....။

။ မှန်ပါဘုရား။

**တပ်နှစ်သက်ပုံ။**

နံပါတ်-၁၀ ။ နိကန္တိ = နိကန္တိဆိုတာ တပ်နှစ်သက်ထာ ခေါ်တယ်၊ ဒါလေးကိုရေးလိုက်မယ်ဆိုလျှင်၊ "ဘာဝနာရတိ"

ကမ္မဋ္ဌာန်း အားထုတ်ထာ၊ တရားပွါးများတာ ပျော်တယ်လို့ ဆိုလိုတယ်နော်....။

॥ မှန်ပါဘုရား။ ॥

ငါတရားအားထုတ်ထာ အင်မတန် ပျော်တယ်ဟေ့၊ ထိုင်လျက်အားထုတ်ပေမယ်လို့ ညောင်းမှန်းလဲမသိ၊ကျင်မှန်းလဲမသိ၊ ထုံမှန်းလဲမသိ၊ ဘာမှန်းမှလဲမသိ၊ အင်မတန်ပျော်တယ်ဟေ့လို့၊ ဤကဲ့သို တနာရီနှစ်နာရီထိအောင် ပျော်ပျော်ကြီးနေနိုင်ခြင်းလဲဘဲ၊ ဝိပဿနာလိုလိုနဲ့၊ "နိကန္တိ" တဏှာ ဖြစ်နေတတ်ပါသည်။

ဟော....တယ်အသဲနာစရာကောင်းတာဘဲ၊ ဒီမှာတော့မဖျက်ဘဲနဲ့နေလိုက်ထာ၊ နှစ်နာရီသုံးနာရီတောင်ကြာ၊ မင်းဘာဖြစ်လို့မဖျက်သလဲ၊ ပျော်လွန်းလို့၊ ပျော်လွန်းလို့၊ ပျော်တယ်ဆိုတာ ဝိပဿနာလား-တဏှာလား ?

॥ တဏှာပါဘုရား။ ॥

ဟောကြည့် ပျော်လျှင်လဲတဏှာအပါယ်ကျတတ်တယ် ပြိတ္တာဖြစ်တတ်တယ်၊ ပျင်းလျှင်လဲ ထိနမိဒ္ဓတဲ့၊ ဖြစ်ခိုက်ပျက်ခိုက်မသိလို့ရှိလျှင်လဲမောဟတဲ့ကဲ....အိမ်ပြန်ကြစမ်း၊ အင်း....ပျော်လျှင်လဲတဏှာ ဆိုတော့ အားမထုတ်ထာ ကောင်းပါသေးတယ်ဆိုပြီး အိမ်ပြန်သွား၊ မောဟတွေ အားကြီး နေမှာပေါ့ ခန္ဓာမှာဖြစ်ခိုက်ပျက်ခိုက်သိပါ့မလား ?

॥ မသိနိုင်ပါဘုရား။ ॥

မသိလျှင် မောဟတုံးမောဟခဲ၊ အမိုက်တုံးကြီးပေါ့-အမိုက်ဘုံးဆိုလို့ရှိလျှင်၊ မောဟကြောင့် တိရစ္ဆာန်ဘုံ ဖြစ်တတ်တယ်၊

ဟင်....ရိပ်သာနေလဲ မပေါ်နဲ့, အိမ်ပြန်သွားလဲ မပေါ်နဲ့တဲ့ ဟုတ်ကဲ့လား?

။ ဟုတ်ပါတယ်ဘုရား။ ။

ဒီ-အစွန်းသုံးပါးလွတ်အောင် အားထုတ်ရတယ်။

**"ကုလ္လူပမာဓေါဘိက္ခဝေ ဓမ္မံ ဒေသိဿာမိ"**

ဖေါင်ကြီးနဲ့တူသော ဝိပဿနာတရားကို ဘုရားရှင်ကိုယ်တော်မြတ်ဟောပြောမယ်တဲ့ ဖေါင်ကြီး....ဖေါင်ကြီးနဲ့ ဟိုဘက်ကမ်းကူးမယ်ဆိုလျှင်၊ ဟိုဘက်ကမ်းရောက်တော့ ဖေါင်ကြီးကို ကမ်းပါးမှာထားခဲ့သလား, ထမ်းသွားသလား?

။ ကမ်းပါးမှာထားခဲ့ပါဘုရား။ ။

သွားလေရာရာ-ဒီဖေါင်ကြီးထမ်းဘို့ဟုတ်ကဲ့လား?

။ မဟုတ်ပါဘူးဘုရား။ ။

ဟိုဘက်ကမ်းရောက်အောင် ပို့ဘို့နော်....။

မှန်ပါဘုရား။ ။

ထို့အတူ ဝိပဿနာလဲဘဲ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ရောက်အောင် ပို့ဘို့၊ တပ်နှစ်သက်ဘို့မဟုတ်ဘူး၊ စုံမက် နှစ်သက်ပြီးတော့ နေဘို့ မဟုတ်ဘူး၊ ခန္ဓာမှာ ဖြစ်ပျက်ကို မြင်ပြီးတော့ ပျော်ပျော်ကြီး နေဘို့လဲမဟုတ်ဘူး၊ ခန္ဓာမှာဖြစ်ပျက်တွေ ကြမ်းလွန်းလို့ အင်မတန်မှဘဲ ဆင်းရဲလွန်းလို့, မုန်းနေဘို့လဲမဟုတ်ဘူး။ ။

ချမ်းသာဒါကိုလဲ, မမက်နဲ့, ဆင်းရဲဒါကိုလဲ, မဖျက်နဲ့နော်....နောက်ပြီးတော့ သိမ်မွေ့ဒါကိုလဲ, မမက်နဲ့နော်, ကြမ်းတမ်းတာကိုလဲ, မဖျက်နဲ့နော်.... "မက်လျှင်လဲလောဘ, ဖျက်လျှင်လဲဒေါသ"နော်-ကြမ်းတာဖြစ်စေ, နုတာဖြစ်စေ, သိမ်မွေ့...

တာဖြစ်စေ, ခက်ထန်တာဖြစ်စေ, ဖြစ်ခိုက်, ဖြစ်ခိုက်, မသိလိုက်လျှင်, မောဟ,ဖြစ်တတ်သည်။

ဒါကြောင့် ယောဂီဍ္ဍေ့သည် ပမာကဲ့သို့ အိမ်သည်ရောက်သွားတဲ့အခါမှာ ထည့်ကျွေးလျှင်ငံတယ်, ပေါ့တယ်ဆိုတာ ဘာမှမပြောကြနဲ့၊ အသာကလေး အလိုက်သင့်,ဝမ်းဝအောင်စားတဲ့ ပုံပမာကဲ့သို့၊ ထို့အတူ ဘာမှမရွေးပါနဲ့၊ ဖြစ်ခိုက်,ဖြစ်ခိုက်,မှတ်လိုက်မယ်ဆိုလျှင် "နိုကန္တိ" ဆိုတဲ့ တဏှာကလေးဟာ ပြတ်ပြီးတော့သွားပါသည်။

ရှင်းသွားပလား ?

။ ရှင်းသွားပါပြီဘုရား။ ။

**မဂ်မှန်, မဂ်မှား, ခွဲခြားသိပုံ။**

ပေါင်းလိုက်တဲ့အခါမှာဆိုလျှင် ဥဒယဗ္ဗယဉာဏ် အနုစားပိုင်လျှင် အညစ်အကြေးဆယ်ပါး ပေါ်လာတတ်သည်၊ အဲဒီအညစ်အကြေးဆယ်ပါး ပေါ်လာတဲ့အခါမှာဆိုလျှင် ဥဒယဗ္ဗယဉာဏ် အနုစားပိုင်တဲ့ "အာရဒ္ဓဝိပဿက" ပုဂ္ဂိုလ်နှစ်ဦး ရှိတယ် ခေါ်တယ်။

မန္ဒ = ဉာဏ် နုံ့သောပုဂ္ဂိုလ်တဦး။
တိက္ခ = ဉာဏ်ထက်သောပုဂ္ဂိုလ်တဦး။
ပုဂ္ဂိုလ်နှစ်ဦးရှိတယ်။ ။

မန္ဒ = ဉာဏ်နုံ့သော ပုဂ္ဂိုလ်များအား အညစ်အကြေးဆယ်ပါးပေါ်လာမယ်ဆိုလျှင် အဲဒါမဂ်ထင်တတ်တယ်၊ အရောင်ဟာ မဂ်ပါဘဲ၊ ပီတိ ငါးမျိုးလဲမဂ်ပါဘဲ၊ ပဿဒ္ဓိစသော ခြောက်မျိုးလဲမဂ်ပါဘဲ၊ စိတ်ကလေးတည်ငြိမ်တော့နေတာလဲမဂ်ပါဘဲ၊ အင်မ

တန် ဒီချမ်းသာမျိုးတခါမှ မတွေ့ဘူးပါဘူး၊ အင်မတန် ချမ်းသာ လိုက်ထာ၊ ဒီချမ်းသာဟာမဂ်ပါဘဲ ဖိုလ်ပါဘဲလို့၊ မဂ်မဟုတ်ပါဘဲနဲ့ အညစ်အကြေးဆယ်ပါးကို မဂ်ထင်တတ်တယ်။

မဂ်ထင်လျှင် ဆင်ခြင်နေတတ်တယ်၊ ဆင်ခြင်နေလျှင် စိတ်ပြန်လှင့်နေတတ်တယ်၊ စိတ်ပြန့်လွင့်နေပြီဆိုလျှင် ဖြစ်ထာ,ပျက်ထာ မမှတ်တော့ပါ၊ မမှတ်ဘဲနဲ့နေမယ်ဆိုလျှင် လက္ခဏာရေး သုံးပါးလဲမထင်တော့ပါ။

ဉာဏ်စဉ်လဲ ကျော် တက် သွား ပါ သည်၊ သူရောက်ထာက ဥဒယဗ္ဗယဉာဏ် အနုစားရောက်တယ်၊ သူ့စိတ်ထဲမှာ ထင်တာက မဂ်ဉာဏ်,ဖိုလ်ဉာဏ်ထင်တတ်တယ်။ ။

ဟော....ဉာဏ်စဉ်ကျော်မသွားဘူးလား ?

။ ကျော်သွားပါတယ်ဘုရား။ ။

ဉာဏ် စဉ် ကျော် သွား တယ်၊ ဤကဲ့သို့ ဥဒယဗ္ဗယဉာဏ်ကို ဥဒယဗ္ဗယဉာဏ်ရောက်ထာကိုပင်လျှင် မဂ်လို့ ထင်သည်ဖြစ်လေသောကြောင့် ဖြစ်ထာပျက်ထာကလေးကို မမှတ်မူ၍၊ အညစ်အကြေးဆယ်ပါ ကိုပင်လျှင် စွဲလမ်းခုံမင်နှစ်သက်ပြီးတော့မှတ်နေမယ်ဆိုလျှင် အဲဒါ ဥဒယဗ္ဗယဉာဏ်မှာ အညစ်အကြေး ဆယ်ပါး ထင်တယ်လို့ဆိုလိုသည်။

။ မှန်ပါဘုရား။ ။

တိက္ခ=ဉာဏ်ထက်မြက်သော ပုဂ္ဂိုလ်တို့မှာ အညစ်အကြေး ဆယ်ပါးပေါ်လာမယ်ဆိုလျှင် အဲဒီ အညစ်အကြေးဆယ်ပါး သည် မဂ်မဟုတ်သေးပါ မဂ်မဟုတ်လို့ရှိလျှင် မဆင်ခြင်ပါ မဆင်ခြင်လို့ရှိလျှင် စိတ်မပြန့်လွင့်ပါ ခန္ဓာမှာ ဖြစ်ပျက်ကို မှတ်မြဲ

မှတ်နေတတ်ပါသည် လက္ခဏာရေးသုံးပါးကို ထင်မြဲထင်နေတတ်ပါသည်။

ဒီလိုဆိုလျှင် ဉာဏ်စဉ် မကျော်တော့ပါ သူရောက်ထားလဲ ဉဒယဗ္ဗယဉာဏ်, သူထင်တာလဲ ဉဒယဗ္ဗယဉာဏ်, အဲဒီလို ဉာဏ်စဉ်မကျော်မူ၍ ခန္ဓာမှာ ဖြစ်ထာ,ပျက်ထာ,မှုသာလျှင် မဂ်ဟုတ်၏၊ အညစ်အကြေးဆယ်ပါးက မဂ်မဟုတ်ပါ၊ ခန္ဓာထဲမှာ ဖြစ်ထာ,ပျက်ထာ,မြင်ရတဲ့ ဉဒယဗ္ဗယဉာဏ်သည်သာလျှင် မဂ်စစ်ပါ၊ အညစ်အကြေးဆယ်ပါးက မဂ်မဟုတ်ပါ၊ ခန္ဓာမှာ ဖြစ်ထာ,ပျက်ထာ,မြင်ရတဲ့ ဉဒယဗ္ဗယဉာဏ်က မဂ်မှန်ပါ၊ အညစ်အကြေးဆယ်ပါးက မဂ်မှားပါလို့ မဂ်ဟုတ်ထာ, မဂ်မဟုတ်ထာ, မဂ်မှန်တာ, မဂ်မှားတာ,မဂ်စစ်,မဂ်တု,ခွဲခြမ်းဝေဖန် စိတ်ဖြာပြီးတော့ သိမယ်ဆိုလျှင် "မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ" စခမ်းသို့ ပေါက်သွားပြီနော်....

။ မှန်ပါဘုရား။ ။

**ဆောင်။** ။ နာမ်ရုပ်ထိမှ ဖြစ်ပျက်သိမည်၊ ဖြစ်ပျက်သိမှ လက္ခဏာရေးသုံးပါးမိမည်၊ လက္ခဏာရေး သုံးပါးမိမှ အညစ်အကြေး ဆယ်ပါးပေါ်ရှိမည်၊ အညစ်အကြေးဆယ်ပါးပေါ်ရှိမှ မဂ်ဟုတ်မဟုတ်သိမည်။

"နာမ်ရုပ်ထိမှ ဖြစ်ပျက်သိမည်၊ ဖြစ်ပျက်သိမှ လက္ခဏာရေးသုံးပါးမိမည်"

ဟုတ်ကဲ့လား ?

။ ဟုတ်ပါတယ်ဘုရား။ ။

"လက္ခဏာရေးသုံးပါးမိမှ အညစ်အကြေး ဆယ်ပါးပေါ်ရှိမည်၊ အညစ်အကြေးဆယ်ပါးပေါ်ရှိမှ မဂ်ဟုတ်မဟုတ်သိမည်" ဟောဒီ လမ်းစဉ်ကလေးခေါ်တယ်။

ကဲ....ကနေ့ ဥဒယဗ္ဗယဉာဏ် အနုစိတ်နှင့်တကွ အညစ်အကြေး ဆယ်ပါးပေါ်လာပုံကို စာတွေ့ကိုယ်တွေ့ နှစ်ဖြာကိုက်ညီပြီး သကာလ ရှင်းရှင်းလင်းလင်း အကြောင်းနဲ့ အကျိုးနဲ့စပ်၍ ပြောပြခဲ့လေပြီ အညစ်အကြေးဆယ်ပါးဆိုတာက "သဒ္ဓမ္မဿဝနံ-အတိဒုလ္လဘာ" ဆိုတဲ့အတိုင်း အလွန်တရာ နာရခဲသော တရားတွေဖြစ်ပေတယ်၊ ဘာကြောင့်လဲလို့မေးလျှင် စာတွေ့သက်သက်နဲ့ ဆိုခဲ့လို့ရှိလျှင်လဲ အင်မတန် ကျဉ်းလှပါတယ်၊ ကိုယ်တွေ့သက်သက်နဲ့ ဆိုခဲ့လို့ရှိလျှင်လဲဘဲ စည်းကမ်းလွတ်သွားတတ်ပါတယ်။

ဒါကြောင့် စာရော့ကိုယ်ရော့နှစ်ဖြာ အင်မတန်မှ တွေ့ကြုံခဲလှသော နာရခဲလှသော အညစ်အကြေးဆယ်ပါး တရားတော်ကို ပင်လျှင် နာရခြင်းသည် ဒိုသည် ပါရမီထူးပါပေစွ၊ ရှေးဆုတောင်းပြည့်ပါပေ၍လို့ အလွန်အလွန် ဝမ်းမြောက်ခြင်း ရှိခဲ့ပါလျှင် သုံးကြိမ်ကြွေးလောက်သော နေရာဌာနက သာဓု-သာဓု-သာဓုလို့ စိတ်ပါလက်ပါ အားရပါးရ ခေါ်နိုင်ကြပါစေကုန်သတည်း။

သာဓု-သာဓု-သာဓု

ဥဒယဗ္ဗယဉာဏ်

မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိခဏ်းတရားတော်

ပြီးပြီ

ကျေးဇူးရှင်

မူလ-ကသစ်ဝိုင်ဆရာတော်ဘုရားကြီးကိုယ်တိုင်

ဟောကြားတော်မူခဲ့သော

# ကံတရားဆန်းကျယ်ပုံ

ဩဝါဒ ကထာ တရားတော်

ကျေးဇူးရှင်

မူလ-ကသစ်ဝိုင် ဆရာတော်ဘုရားကြီး၏

# ကံတရားဆန်းကြယ်ပုံ

## ဩဝါဒ ကထာ တရားတော်

### ဒုလ္လဘဒေသနာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

**ကံတရားဆန်းကြယ်ပုံ။**

သောဒေယျပုဏ္ဏားရဲ့သား၊ သုဘလုလင်သည် ဘုရားရှင်အား လူတွေဟာ တယောက်နဲ့တယောက် မတူကြပုံတွေကို မျက်မြင်ဒိဋ္ဌတွေ့လို့ တွေ့ရပုံအမျိုးမျိုးကို လျှောက်ထား၏။

ဘုရားရှင်က, နောက်အတိတ် ဘဝတွေကပင် ပြုလုပ်ခဲ့တဲ့ "ကံတရား"ဆန်းကြယ်မှုကြောင့်, တယောက်နဲ့တယောက် မတူကြပုံကို ဖြေတော်မူ၏။

**အမှာ။** ။ဥပရိပဏ္ဏာသ ကမ္မဝိဘင်္ဂသုတ်မှာ အကျယ် မေး,ဖြေ,လာ၏၊ ဤမှာကား သိလွယ်ဘို့,အတိုချုံးဘို့ ရှောင်ဘို့ အကျဉ်းမေးဖြေအံ့။ ။

မြတ်စွာဘုရား အချို့လူ အသက်တို၏ အချို့လူ အသက်ရှည်၏၊ ဘာ့ကြောင့်ပါလဲဘုရားလို့ သုဘလုလင်ကလျှောက်သတဲ့....?

။ ချစ်သားသုဘ, ပါဏာတိပါတကံ, တွေ့ကြောင့် အသက်တိုကြ၏၊ ပါဏာတိပါတကံမှ, ရှောင်ကျဉ်ခဲ့တဲ့ ကုသိုလ်ကံကြောင့် အသက်ရှည်ကြ၏။

**ဆုံးမပုံ။** ။ထို့ကြောင့်ယောဂီများလဲ သူ့အသက် မသတ်နဲ့ ရှောင်ကျဉ်ကြပါ၊ ရှောင်ကျဉ်လိုက်လျှင် အသက် ရှည်လျက်နေရ၏၊ဖုံး,အမြောက်,စက်သေနတ်, ကြားသွားလာနေသော်လဲ မ-သဘဲနေရ၏။ မြွေဘေး, သားရဲဘေး, ဘီလူးသဘက်ဘေး,တွေနဲ့ တွေ့ရပေမယ်လို့မကြောက်ရ။ ။

မြတ်စွာဘုရား, အချို့လူ ရောဂါထူ၏၊ အချို့လူ ရောဂါကင်း၏၊ ဘာ့ကြောင့်ပါလဲ ဘုရား လို့ လျှောက်ပြန်သတဲ့....?

။ ချစ်သားသုဘ, ကျွဲ,နွား, ခွေး,ဝက်,ကြက်,ငှက်, စသော တိရစ္ဆာန်များကို ရိုက်နှက်,ပုတ်ခတ်, သံချွန်နဲ့ထိုး, ရိုက်ချိုးခြေလက်, အသက်မထွက်ရဘဲ အမျိုးမျိုးနှိပ်စက် ညှင်းပန်းခဲ့တဲ့ "ဝိဟိံသကံ, လူ့,လူခြင်းလဲ, မညှာမတာ, ရိုက်လား, ပုတ်လား, အမျိုးမျိုး,

နှိပ်စက်ညှင်းပန်းခဲ့တဲ့" ဝိဟိံသ ကံ့တွေကြောင့် ရောဂါထူကြ၏။ ။

။ ဝိဟိံသ ကံမရှိဘဲ ချစ်ခင်တဲ့မေတ္တာ၊ သနားတဲ့ ကရုဏာ့ကံတွေကြောင့် ရောဂါကင်းကြ၏ ချစ်သား လို့ ဘုရားဟောလေသည်။ ။

ဆုံးမပုံ။ ။ထိုကြောင့် ယောဂီများလဲ ရောဂါကင်းဘို့ လူတဘက်သားအား ချစ်ခင်တဲ့မေတ္တာ သနားတဲ့ကရုဏာ ရှိပါလေ၊ တဘက်သားအား သနားမဘက် ရိုက်နှက်ညှင်းပန်း နှိပ်စက်ခန်းဖြင့် ကိုယ်စိတ်နွမ်းရန် ဝိဟိံသကံကို မလုပ်ပါနဲ့ ဆုံးမပေ၏။

မြတ်စွာဘုရား အချို့လူ အရုပ်ဆိုးပုံ ပုံအချိုးမကျ၊ အကြိုတန်လှ၏၊ အချို့လူ ရုပ်ချော့ပုံကျ၊ အလွန်လှပ၏၊ ဘာကြောင့်ပါလဲဘုရားလို့ လျှောက်ပြန်သတဲ့....?

။ ချစ်သားသုဘ၊ အရာရာမှာ သီးမခံ၊ စိတ်ဆိုးပြန်တဲ့ ဒေါသကံတွေကြောင့် အလွန်လှကြ၏ ချစ်သားလို့ ဘုရားဟောလေသည်။ ။

ဆုံးမပုံ။ ။ထို့ကြောင့် ယောဂီများလဲ အရာရာမှာ သီးခံနော်၊ စိတ်ဆိုးမမြန်နဲ့၊ စိတ်မြန်သူဟာ မှားတတ်တယ်၊ ဒေါသဆိုတာ၊ အကြောင်း၊ အကျိုး၊ မကောင်း မဆိုး မရှေးတတ်ဘူး၊ ဒေါသကြမ်းလျှင် အပူရုပ်တွေဖြစ်၍ နှလုံးသွေးပူလျှက် တကိုယ်လုံးဆူပွက်ပြီး အရုပ်ပျက်၊ အဆင်းပျက် ဖြစ်တတ်၏၊ အထက်ကိုလေပင့်၊

ဘဝင်မြင့်ပြီး အရှုးသဘွယ် ရောက်တတ်သေးဆယ်
ပြောချင်သလို ပြောနေတတ်၏။

ဒေါသကြမ်း ခဏ ခဏ ဖြစ်လျှင် အိုလွယ်တတ်၏၊ သေလျှင် ငရဲကျ, လူဖြစ်လျှင်လဲ အရုပ်ဆိုး, အချိုးမကျ, အကြည့်တန်တာမျိုး ဖြစ်တတ်၏၊ ဆုတ်နစ်တဲ့ ဒေါသဖြစ်လျှင် အေးရုပ်တွေ ဖြစ်၍ ကြောက်သလို ငိုသလို ဖြစ်တတ်၏။

ဒေါသမဝင်လျှင် ယခုဘဝမှာပင် အိပ်,ထိုင်,ရပ်,သွား,ချမ်းသာပေါ၏၊ လူခင်များ၍ သေလဲ နတ်ပြည်မှာ ချမ်းသာ၏၊ ထို့ကြောင့် ဘုရားရှင်တို့သည် ဒေါသပယ်ခြင်းကို အလွန်အမင်း နှစ်သက်တော်မူကြ၏။

မြတ်စွာဘုရား အချို့လူ ဩဇာနည်း,တံခိုးနည်းကြ၏၊အချို့လူဩဇာကြီး,တံခိုးကြီးကြ၏၊ ဘာကြောင့်ပါလဲ ဘုရားလို့ လျှောက်ပြန်သတဲ့ ?

။ ချစ်သားသုဘ သူတပါးနေထိုင်တာ,ဝတ်တာ,စားတာ, ပစ္စည်းချမ်းသာတာ, လူချစ်လူခင်ပေါတာ, ပေးလား, ကမ်းလား လုပ်နေတာတွေကို မနာလို,မကြည့်လို, ငြူစူ, စောင်းမြောင်းတဲ့ "ဣဿာက"တွေကြောင့် တံခိုးနည်း, ဩဇာနည်းကြ၏၊ ငြူစူစောင်းမြောင်းတဲ့"ဣဿာက" မရှိ အလွန်ဝမ်းသာသည့် "မုဒိတာက" တွေကြောင့် ဩဇာကြီး,တံခိုးကြီးကြ၏၊ ချစ်သားလို့ ဘုရားဟော လေသည်။

**ဆုံးမပုံ။** ။ ထို့ကြောင့် ယောဂီများလဲ သူတပါးချမ်းသာတာတွေလျှင် ကိုယ်ချမ်းသာသလိုဘဲ ဝမ်းသာနော်....

ဘယ်တော့မှ မငြိုးစူနဲ့ မကြည့်ချင်ဘူးမရှိနဲ့ နိဗ္ဗာန်မရခင် သံသရာလည်နေလျှင် တယောက်ထဲနေရမည်မဟုတ်ပေ၊ မိဘ သားသမီး ကျေးကျွန် တွေနဲ့ နေကြရလိမ့်မယ်၊ လူကြီးလုပ်ပြီး ပြောဆိုခိုင်းလိုက်တဲ့အခါ ကိုယ့်စကားနားထောင်မှ သူတော်ကြီးမှ စိတ်ချမ်းသာကြမယ်၊ နားမထောင်ဘူး ဆိုလျှင် ကိုယ်စိတ်ဆင်းရဲပြီး သေပွဲဝင်တာက မြတ်ဘို့ရှိသေး၏။

မြတ်စွာဘုရား အချို့လူ ပစ္စည်းမဲ့ကြ၏၊ အချို့လူ ပစ္စည်းချမ်းသာကြ၏၊ ဘာ့ကြောင့်ပါလဲဘုရားလို့ သုဘလုလင်က လျှောက်ထားပြန်သတဲ့ ?

။ ချစ်သားသုဘ မိမိပစ္စည်းကို နှမြောဝန်တိုမပေးမကမ်းလို့ မလှူလို့ဘဲ၊ ဝန်တို မစ္ဆရိယစိတ်ဓါတ်တွေကြောင့် ပစ္စည်းမဲ့ကြ၏၊ မိမိပစ္စည်းကို မနှမြောဘဲ စွန့်ကြဲပေးကမ်းလှူဒါန်းခဲ့တဲ့ "ဒါနက" တွေကြောင့် ပစ္စည်းချမ်းသာကြ၏ ချစ်သားလို့ ဘုရားဟောတော်မူလေသည်။

**ဆုံးမပုံ။** ။ ထိုကြောင့် တပည့်များလဲ တတ်နိုင်သမျှ နည်းများမဆို စွန့်ကြဲပေးကမ်းလှူဒါန်းပါ ပစ္စည်းချမ်းသာမှ အဟာရပရိယေသန ဒုက္ခကင်း၍ စိတ်ချမ်းသာ ကိုယ်ချမ်းသာနှင့် ပြည့်စုံပြီး ပစ္စည်းကို အများမမုံးဘို့ စွန့်ကြဲပေးကမ်းနိုင်ခြင်း သာသနာအားပေးသူ နိဗ္ဗာန်ရောက်ဘို့ လှူဒါန်းနိုင်ခြင်း၊

နောက်ပိုင်း ဘာကိုမျှ မငဲ့ရဘဲ အမြဲတရားအား ထုတ်ရခြင်း။

ထို့ကြောင့် ဒါနဆိုတာ သမာဓိနဲ့ ဝိပဿနာကို အားပေးတယ်လို့ ကျမ်းဂန်မှာလာတယ်၊ ပစ္စည်းဆိုတာ မလိမ္မာသူကို ရန်သူလိုဘဲ ညှဥ်းဆဲနှိပ်စက်တတ်၏၊ လိမ္မာသူကို မိတ်ဆွေကောင်းလိုဘဲ အမြဲချီးမြှောက် ထောက်ပံ့ပေးတတ်၏ သတိပြုပါ၊ မိမိ အသက်,ပစ္စည်း,သဒ္ဓါတရား, ဤသုံးပါး ပြည့်စုံမှ လှူဒါန်းနိုင်တော့ ဤသုံးခုဟာလဲ အနတ္တဲ အစိုးမရဘူး၊ ဘယ်ဟာ တခုမှ ခိုင်မြဲတယ်မရှိ ခဏလေးပျက်စီးပါတကားဟု နဖူးလက်တင် ဆင်ခြင်၍ အဟုတ်သိမြင်ခဲ့သော် နောင်ဘဝမှာ အားထားစရာတခု ဒါနကုသိုလ်ပြုပါနော်။

ဒါနထက်ပိုပြီးတမလွန်ခရီး၌ အားထားစရာမရှိဟု ဝေဿန္တရာမင်းကြီးက မယ်မဒ္ဒီကို ဆုံးမလေသည်၊ သီလ,သမာဓိ,ပညာရှိခြင်းတူသူ လူနှစ်ဦးတွင် တဦးကလှူ၏ တဦးက မလှူ သေသွားမူ နတ်ဖြစ်ခြင်းတူသော်လည်း လှူသူကအကျိုး "ဆယ်ပါး" သာ၏၊ လူဖြစ်ခြင်းတူသော်လည်း အကျိုး"ဆယ်ပါး"သာ၏၊ ရဟန်းဖြစ်ခြင်းတူသော်လည်း ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး, လေးပါးသောပစ္စည်းမှာ အကျိုးပေးမတူဟု "သုမနမင်းသမီး" အား ဘုရားဟောထားလေသည်။

နောက်ဘဝမှာသာ အကျိုးပေးနိုင်သည်မဟုတ်သေး ဤဘဝမှာလဲ....

(၁) အများချစ်ခင်ခြင်း။
(၂) သူတော်ကောင်းများ အမြဲဝင်ထွက်သွားလာနိုင်ခြင်း။

(၃) သတင်းကောင်း ကြေးကြော်ပြန့်နှံ့ခြင်း။
(၄) လူပရိသတ် ရဟန်းပရိသတ်အလယ်၌ မကြောက်မရွံ့ ရဲဝန့်စွာ သွားလာနိုင်ခြင်း။

ဤအကျိုး "လေးပါး"ရနိုင်ကြောင်းကို "သီဟစစ်သူကြီး" အား ဘုရားဟောလေသည်။

တရားသဖြင့် ရတဲ့ပစ္စည်းများကိုသာ လှူဒါန်းပါ၊ မစင်ကျယ်လျှင် မလှူပါနဲ့ သူများအသက်ကို သတ်ခုတ်၍ ထည့်ပြီး လုပ်သော အလှူကို ဘုရား၊ရဟန္တာ၊အရိယာ၊သူတော်ကောင်းတို့ အလှူမခံကြကုန်၊ ဖြူစင်တဲ့အလှူမျိုးကိုသာ အလှူခံကြကုန်၏၊ အလှန်မြတ်၏၊ အကျိုးလဲများ၏၊ နတ်ပြဟ္မာတို့ အလွန်ဘဲကြည်ညိုကြကုန်၏ဟု "ပေတဝတ္ထု" ပါဠိတော်မှာ ဘုရားဟောထားလေသည်။

ထို့ကြောင့်....

**ဆောင်။** ။ ပံ့သုကူရ လှူဒါန်းကြ၊ မရလွယ်ကူ သက်လွတ်လှူမှတ်။

**သတိပေး။** ။ အကျိုးကြီးဘို့ နောင်အကျိုးပေး မရှုပ်ထွေးဘို့ ယောဂီများကို အကျယ်ဆိုးမပေ၏။

မြတ်စွာဘုရား အချို့ လူအမျိုးယုတ်ညံ့၏၊ အချို့လူအမျိုးမြတ်၏၊ ဘာ့ကြောင့်ပါလဲ ဘုရားလို့ လျှောက်ထားပြန်သတဲ့ ?

။ ချစ်သားသုဘာ ရတနာသုံးပါးကို မရိုမသေ အသက်ကြီးတဲ့ မိဘ၊ဘိုးဘွား စသည်တို့ကို မရိုမသေ မထီလေးစားပြုခဲ့တဲ့"အဂါရဝ"အမှုတွေကြောင့် အမျိုးယုတ်၏၊ ရတနာသုံးပါး ဘိုးဘွား၊ မိဘ၊ အသက်ကြီးသူ၊ ဂုဏ်ကြီးသူကို

ရိုသေလေးစားတဲ့ ဂါရဝမှုပြုခဲ့ဘူးသည့် အတွက်ကြောင့် အမျိုးမြတ်ကြ၏ ချစ်သားလို့ ဘုရားဟောလေသည်။

**ဆုံးမပုံ။** ။ ထိုကြောင့် ယောဂီများလဲ ဘုရားဝိုင်းရှိလျှင် ဘုရားဝိုင်းအတွင်း ဘုရားဝိုင်းမရှိလျှင် တဆယ့်နှစ်တောင် အတွင်းမှာ ဦးခေါင်းခြုံခြင်း, ထီးဆောင်းခြင်း, ဘိနပ်စီးခြင်းမပြုရ၊ ရေချိုးခြင်း,နှပ်,တံတွေး,ထွေးစွန့်ခြင်း,ကျင်ကြီး,ကျင်ငယ်,စွန့်ခြင်းမပြုရ ပြုလျှင် ဘုရားကို မရိုသေရာကြ၏ မှတ်နော်။

တရားတော်ကိုလဲ ရိုသေပါ တရားဟောခိုက် နာနေလိုက်တဲ့ အခါ တရားသံ၌ နားစိုက်၍ထောင်ပါ ခြေ, လက်, မျက်စေ့, မဆော့နဲ့ ငြိမ်ငြိမ်နေပါ၊ စကားမပြောပါနဲ့ နားမထောင်ဘဲ ဆော့နေ,ပြောနေလျှင် တရားတော်ကို မရိုသေမှတ်ပါ။

သံဃာတော်ကိုလဲ ရိုသေပါ၊ အိမ်ကြွလာလျှင် နေရာပြင်ပေး, ကွမ်းဆေး,လျှော်ရာကပ်ပါတဲ့ ဝတ်ချ, ရိုသေ, ငြိမ်စွာနေတဲ့ လမ်းမှာတွေ့လျှင် အရိပ်ရှောင်, လမ်းဘေးဖယ်, တဆယ့်နှစ် တောင်အတွင်း ဦးခေါင်းခြုံ,ထီးဆောင်း,ဘိနပ်စီး,မပြုရ၊ ခြေမှာ ပေရေနေလျှင် သုတ်ဆေးပြီးကာ ကျောင်းပေါ်,ဖျာသင်ဖြူးပေါ် တက်ပါ၊ ကျောင်းပေါ်ရောက်လျှင် ဘုရားနဲ့သံဃာကို ဆုံးမ တိုင်းသာ ဖြစ်ပျက်နဲ့ ရိုသေစွာရှိခိုးပါ သံဃာရှေ့တွင် နောက် ခိုင်းထိုင်ခြင်း, ခြေဆင်းခြင်း, ဦးခေါင်းခြုံခြင်း စသည်ကို မပြု မလုပ်ရ။

အသက်ကြီးမားသည့် ဘိုး, ဘွား, မိဘ, ဦးကြီး,ဦးလေး, ကြီး တော်,အဒေါ်,အကို,အမ,စသော မိမိထက် တနေ့တရက် ကြီးသူ

များကိုလဲ ရှိသေပါ အနီးရောက်လျှင် ကုန်းသွား၊ လမ်းဖယ်ပေး၊နေရာဖယ်ပေး၊ခင်းပေး၊အမြင့်ဘက်၊ခေါင်းရင်းဘက်က မနေနဲ့၊ ကျွန်တော်၊ကျွန်မ စသည်ဖြင့် ရှိသေစွာပြော နှုတ်ချိုပါစေ ဂုဏ်ကြီးမားသည့် သီလရှိသူ၊ သမာဓိရှိသူ၊ ပညာရှိသူ၊ များကိုလဲ ရှေ့ကလိုဘဲ ရှိသေပါနော် မရိုမသေ မထီလေးစား မလုပ်ပါနဲ့။

ဆွမ်းတော်တင် ဆွမ်းလောင်းတဲ့အခါ အလှူလှူတဲ့အခါ ထမင်း ဟင်းစသည် ကျွေးတဲ့အခါ နေရာထိုင်ခင်းသန့်ရှင်းရေး၊ ဇွန်း၊ပန်းဂံ၊ခွံ၊ရေ စသည် သန့်ရှင်းရေး၊ ဖြူဖြူစင်စင် ပြုလုပ်မှုတွေကိုလဲ ရှိသေမှု ဂါရဝတွေဘဲ မှတ်နော်၊ ထိုကြောင့် ယောဂီများတို့ ပိုက်ဆံအကုန်နဲ့တဲ့ အမြဲရှိသေမှုပြုနော် အမျိုးလဲမြတ် ဩဇာ ခတ်ကလဲကြီးတော့ လူကြီးလူငယ် ရှိသေခံရတာပေါ့။

မြတ်စွာဘုရား အချို့လူပညာတတ်၏ အချို့လူပညာမတတ်ကြ- ဘာ့ကြောင့်ပါလဲ ဘုရားလို့ မေးလျှောက်ပြန်သတဲ့ ?

။ ချစ်သားသုဘ တရားနာခဲ့ခြင်း၊ တရားကို ဆွေးနွေးမေးမြန်းခြင်း၊ မပြုလုပ်မိခဲ့သည် အတွက်ကြောင့် ပညာမတတ်ကြ၊ တရားနာ၊ ဆွေးနွေးမေးမြန်းသည် အတွက်ကြောင့် ပညာတတ်ကြ၏ ချစ်သားလို့ ဘုရားဟောလေသည်။

**ဆုံးမပုံ။** ။ထိုကြောင့် ယောဂီများလဲ တရားနာနော်၊ ဆွေးနွေးမေးမြန်းနော်၊ မှတ်သားလောက်တဲ့ စာအုပ်များရလျှင်လဲကြည့်ရှုပါ၊ မသိလျှင် ဆရာတွေမှာမေးပါ ဆွေးနွေးတိုင်ပင်ပါ ပညာတတ်မှ ပညာပါရမီရင့်မှ ကျွတ်နိုင်သတဲ့ ပညိန္ဒြေမရင့်သန်လျှင်

ဘုရားရှင်တောင် တရားမဟောဘူး၊ ပညိန္ဒြေရင့်အောင် စောင့်ဆိုင်းနေတာဘဲ ရင့်မှ တရားဟောသတဲ့ ပါရမီဆယ်ပါးမှာ ပညာပါရမီ သာပဓာနအချုပ်, ကျန်ပါရမီ ကိုးပါးဟာ ပညာပါရမီရင့်အောင် အားပေးရတာကြီးဘဲ၊ သို့အတွက် ယောဂီများလဲ ဘာကုသိုလ်ပြုပြု ဝိပဿနာပညာ, မဂ်ပညာ, ဖိုလ်ပညာ, ဖြစ်အောင် ဆုတောင်းပါလေ။

လောကီပညာ မတတ်လျှင် ကျွန်,သဘောက်ပမာ သူများအောက်ကျ နောက်ကျ၍ ခိုင်းစေရာခံနေရတတ်၏၊ လောကုတ္တရာပညာမတတ်လျှင် လောက, သာသနာ, နှစ်ဖြာ အောက်ကျ၏၊ ထို့ကြောင့် ယောဂီများလဲ လောကီ လောကုတ္တရာဆိုင်သည့် ပညာကိုတတ်အောင် ဆီးပူးပါ၊ လောကီဘက်က မတတ်သော်လဲ လောကုတ္တရာပညာတတ်လျှင် လောကသံသရာ သာသနာပါ အောက်တမ်းမကျဘဲ အမြဲ,အအေး,ပင်စင်ကြီးကို အပြီးတိုင်ခံစားနိုင်ကြပါပေသည်။

ကံတရားဆန်းကျယ်ပုံ

ဩဝါဒကထာ

ပြီးပြီ

# " ကျမ်းပြီးနိဂုံး "

ပဋိသန္ဓေနေခြင်း ဘေးကင်းရာ နိဗ္ဗာန်၊ အိုခြင်းဘေးကင်းရာ နိဗ္ဗာန်၊ နာခြင်းဘေးကင်းရာ နိဗ္ဗာန်၊ သေခြင်းဘေးကင်းရာ နိဗ္ဗာန်၊ ဤလေးပါးသော ဘေးတို့၏ ငြိမ်းအေးရာဖြစ်သော နိဗ္ဗာန်ကို တောင့်တကြကုန်သော ရဟန်း, ရှင်, လူ, ယောဂီ, သူတော်စင်, အပေါင်းတို့သည် ဘုရားတဆူဆူ ပွင့်တော်မူသော ကာလ၌သာလျှင် အံ့ဘွယ်သရဲ မဖြစ်ဘူး ထူး၍ ဖြစ်ပေါ်လာသော "ဝိပဿနာဉာဏ်ပညာ"ဖြင့် ယောကျ်ား, မိန်းမ, လူ, နတ်, ဗြဟ္မာ, အကောင်သတ္တဝါစင်ပြီး နာမ်ရုပ်မြင် အနိစ္စလက္ခဏာ ပညာဝင်ခါ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် ရွှေပြည်နိဗ္ဗာန် တံခါးဝသို့ ဝင်စံနိုင်ကြပါစေဟု ဆုပတ္ထနာ အာသီသပြုရင်း "ကိုယ်တွေ့ဉာဏ်မြင် အလုပ်ပေးဝိပဿနာတရားစဉ်" ဒုလ္လဘဒေသနာ အမည်ရှိသော ကျမ်းစာ "တတိယတွဲ"ကို ဤနေရာ၌ အဆုံးခါးပတ် နိဂုံးသတ်လိုက်ရပါတော့သတည်း။

ဘဒ္ဒန္တ ခေမိန္ဒ

ဘဒ္ဒန္တ လက္ခဏ

၉။ ညောင်လေးပင်မြို့ ဦးကျောက်ငါး-ဒေါ်စိန်တင် စေတနာ ၅၀

၁၀။ ညောင်လေးပင်မြို့ ဦးကို့ရင်-ဒေါ်ကျင်ထွေး စေတနာ ၅၀

၁၁။ ညောင်လေးပင်မြို့ ရဟန်းအမ မစမ်းရီ သား-မောင်ကျော်ညွန့်-မောင်တင်အောင်စေတနာ ၅၀

၁၂။ ညောင်လေးပင်မြို့ ဆရာဝန်ကြီး ဦးမြတ်ကျော် နှင့် အမ-ဒေါ်စိန်မြ စေတနာ ၅၀

၁၃။ ညောင်လေးပင်မြို့ ကျောင်းဒါယကာ ဦးညို-ဒေါ်သန်းရင်စေတနာ ၅၀

၁၄။ ပဲနွယ်ကုန်းမြို့ ဒေါ်သောင်းကြည် စေတနာ ၅၀

၁၅။ ပဲခူးမြို့ ဦးဘသိန်း-ဒေါ်စိန်စေတနာ ၅၀

၁၆။ လေးအိမ်စုရွာ ဒေါ်ချစ်ကိုရည်စူး၍ ဝေါမြို့ ဒေါ်အေးစေတနာ ၅၀

၁၇။ ပဲခူးမြို့ ဆင်အုန်းပင်တံဆိပ် ဘိနပ်ပိုင်ရှင် ဦးစံရင်-ဒေါ်ဝက်၊ သမီး-မခင်စန်းကြည်စေတနာ ၅၀

၁၈။ ဒါးပိန်မြို့ ရဟန်းအမကြီး ဒေါ်တင်စေတနာ ၅၀

၁၉။ ရန်ကုန်မြို့ ပုဇွန်တောင် တပ်မြေရပ် ကုန်စျေးတန်းလမ်း အမှတ်(၂၉) ဦးထွန်းရီ-ဒေါ်ပု စေတနာ ၅၀

၂၀။ ရန်ကုန်မြို့ အထက်ပုဇွန်တောင်လမ်း အမှတ်(၂၁) ဦးဘဒွေး-ဒေါ်စိုးမြင့် စေတနာ ၅၀

၂၁။ ရန်ကုန်မြို့ ပုဇွန်တောင် တပ်မြေရပ် ကုန်ဈေး တန်းလမ်း ဦးကိုကိုကြီး-ဒေါ်လှရီ မိသားစု စေတနာ ၅၀

၂၂။ ရန်ကုန်မြို့ ဘောက်ထော်ရပ် အဝေရာလမ်း ဦးသိန်းအောင်-ဒေါ်တင်တင်ညွန့် မိသားစု စေတနာ ၃၀

၂၃။ မြန်တံဆာမြို့ ဒေါ်လုံးတင် သား-သမီးများနှင့် တူ တူမများစေတနာ ၃၀

၂၄။ ရန်ကုန်မြို့ လမ်း-၅၀ ဦးသိန်းမောင်-ဒေါ်အေးကြည် မိသားစုစေတနာ ၃၀

၂၅။ ပိန်းဇလုပ်မြို့ ဒေါ်စိန်မြင့်နှင့်မောင် ဦးစံရွှေ သမီး-မဝင်း စေတနာ ၃၀

၂၆။ ညောင်ခါးရှည်ရွာ ဦးအောင်သိန်း-ဒေါ်သြိမ်းသင် စေတနာ ၃၀

၂၇။ ပိန်းဇလုပ်မြို့ ဒေါ်ဖွားဓါ၏မောင် ဦးဘိုးဒွေး-ဒေါ်လှ သမီး-မကျင်မြ စေတနာ ၂၅

၂၈။ ညောင်ခါးရှည်ရွာ ဆရာမ-ဒေါ်တင်မြင့် ဒေါ်သန်းကျွယ် စေတနာ ၂၅

၂၉။ ဖဒိုမြို့ ဦးကြူဝါ သား-သမီးများ စေတနာ ၂၅

၃၀။ ရန်ကုန်မြို့ ပုဇွန်တောင် တပ်မြေရပ် မြခွါညို လမ်း အမှတ်(၅) ဦးထွန်းခိုင်-ဒေါ်အေးချစ် သမီး-သန်းသန်းနွဲ့ မြင့်မြင့်ဝေ စေတနာ ၂၅

၃၁။ ပြန်တံဆာမြို့ ဒေါ်ရွှေဖီ မိသားစုစေတနာ ၂၂

၃၂။ ပဲခူးမြို့ ဦးချစ်လှိုင်-ဒေါ်သန်းကျွယ် စေတနာ ၂၀

၃၃။ ရန်ကုန်မြို့ အမှတ်-၁၄၀၊ ၃၂-လမ်း
ဒေါ်လှစိန် စေတနာ ၂၀

၃၄။ ရန်ကုန်မြို့ အမှတ်-၄၄၊ ၁၂-လမ်း ဦးလှထွန်း-
ဒေါ်သိန်းဟန် သား-မောင်ဇော်ဦး စေတနာ ၂၀

၃၅။ သီဘောမြို့ ဦးဣန္ဒာစရိယ အရှင်မြတ်စေတနာ ၂၀

၃၆။ ရန်ကုန်မြို့ ပုဇွန်တောင် အိုးဘိုရပ် ဦးကုလား
လမ်း အမှတ်(၁၆) ဦးလှမောင်-ဒေါ်စိန်ခိုင်
စေတနာ ၂၀

၃၇။ ရန်ကုန်မြို့ ပုဇွန်တောင် အိုးဘိုရပ် ဖြတ်လမ်း
အမှတ်(၅၂) ဦးမြ-ဒေါ်တင်မြင့် စေတနာ ၂၀

၃၈။ မြစ်ကြီးမြို့ ဦးစိန်မင်း-ဒေါ်အေးကျင် သမီး-
မအေးသန်း စေတနာ ၂၀

၃၉။ ဖဒိုမြို့ ဦးရုံပျောင်း-ဒေါ်ခွေး မိသားစုစေတနာ ၂၀

၄၀။ ဖဒိုမြို့ ဦးစောရင်-ဒေါ်ရှမ်းမ မိသားစုစေတနာ ၂၀

၄၁။ ဖဒိုမြို့ ဦးခင်မောင်-ဒေါ်ညိမ်းရွှေ မိသားစု
စေတနာ ၂၀

၄၂။ ဖဒိုမြို့ ဦးအောင်မြ-ဒေါ်အုံးမြ မိသားစု
စေတနာ ၂၀

၄၃။ ဖဒိုမြို့ ဦးကျော်လှ-ဒေါ်ဝါး မိသားစုစေတနာ ၂၀

၄၄။ ရစ်ကံကလေးရွာ ဦးဝေလင်း-ဒေါ်စောမြ
စေတနာ ၂၀

၄၅။ ဒါးပိန်မြို့ သာသနာ့အကျိုးဆောင်
ဦးတင်မောင် စေတနာ ၂၀

၄၆။ ပဲခူးမြို့ မိခင်ဒေါ်ဖွားခင်အား အမှူးထား၍ ကြေးနန်းရုံးအုပ် ဦးလှကျော် ဒေါ်အေးရှင် မိသားစုစေတနာ ၂၀

၄၇။ တွံတေးမြို့ အိုဘိုပိုင်း ဦးဖိုးမျိုး-ဒေါ်မယ်သက် သား-ဦးဘမြို့ သမီး-ဒေါ်ခင်လှစေတနာ ၂၀

၄၈။ ရန်ကုန်မြို့ ပုဇွန်တောင် တပ်မြေရပ် ဂန္ဓမာလမ်း အမှတ်(၈) ဒေါ်လှ မိသားစုစေတနာ ၁၅

၄၉။ ရစ်ကန်လေးရွာ ဦးဝေလင်း-ဒေါ်သင်းမြ စေတနာ ၁၅

၅၀။ ဖဒိုမြို့ ဦးမှတ်ကြီး သား-သမီးများ စေတနာ ၁၀

၅၁။ ညောင်ခါးရှည်ရွာ တရားဝင် ယောဂီများ စေတနာ ၁၀

၅၂။ မကျက်ကြီးရွာ ဦးကျော်ထွန်း-ဒေါ်ခင်မြင့် စေတနာ ၁၀

၅၃။ မကျက်ကြီးရွာ ဦးသန်းရွှေ-ဒေါ်နီစေတနာ ၁၀

၅၄။ မကျက်ကြီးရွာ ဦးအုန်းလှိုင်-ဒေါ်တင်လှ စေတနာ ၁၀

၅၅။ ကျောက်ကြီးမြို့ ဦးဣန္ဒာစရိယ စေတနာ ၁၀

၅၆။ ဒါးပိန်မြို့ ဦးရှောင်ငှါး-ဒေါ်အေးကြည် စေတနာ ၁၀

၅၇။ ပြွန်တံဆာမြို့ ဒေါ်ငွေစိန်,ဒေါ်အုံးမြ, ဒေါ်ညွန့်မေ,ဒေါ်မြစိန်,ဒေါ်ခင်စန်း စေတနာ ၁၀

၅၈။ မကျက်ကြီးရွာ အဘ-ဦးအောင်မြတ်ကို အမှူး ထား၍ ရဟန်းအမ-ဒေါ်ညို၊ သမီး-ရီရီမြင့် စေတနာ ၁၀
၅၉။ ပြန်တံဆာမြို့ အမိ-ဒေါ်လုံးတင်ကို အမှူး ထား၍ သမီး-မသိန်း စေတနာ ၁၀
၆၀။ ကျောက်ကြီးမြို့ အမိ-ဒေါ်မဲကို အမှူးထား၍ သား-သမီး မောင်အုံးမြင့်၊ မသန်းမြင့်စေတနာ ၁၀
၆၁။ ရန်ကုန်မြို့ မအူကုန်း ဒေါ်အုံးရှင်စေတနာ ၁၀
၆၂။ ဖဒိုမြို့ ရဟန်းအမ-ဒေါ်လှစေတနာ ၁၀
၆၃။ ဖဒိုမြို့ ရဟန်းအမလေး-မကျင်လှမ် စေတနာ ၁၀
၆၄။ အဗျားငှက်ချေးဝင်းရွာ ဒေါ်ဟုတ်ကျင် စေတနာ ၁၀
၆၅။ ရန်ကုန်မြို့ ကွယ်လွန်သူ အဖွား-ဒေါ်ငွေနုအား ရည်စူး၍ ဒေါ်မြရီနှင့် သမီး-မစန်းစန်း စေတနာ ၁၀
၆၆။ ရန်ကုန်မြို့ ကြည့်မြင်တိုင် ဦးသိန်းမောင် စေတနာ ၁၀
၆၇။ ရန်ကုန်မြို့ ပုဇွန်တောင် မောင်ကျော်ဝင်း စေတနာ ၁၀
၆၈။ ရန်ကုန်မြို့ ၂၃-လမ်း ဒေါ်ရှုခင် စေတနာ ၁၀
၆၉။ ပြန်တံဆာမြို့ ဒေါ်မြစိန် စေတနာ ၁၀
၇၀။ ရန်ကုန်မြို့ ပုဇွန်တောင် လိပ်ကန်လမ်း၊ အမှတ် (၅၁) ဦးတင်အောင်-ဒေါ်လှရီ စေတနာ ၁၀

၇၁။ ရန်ကုန်မြို့ ပုဇွန်တောင်ဈေး(က)ရှိ အပြင်တန်း အမှတ် ၄၃-ဦးမျိုးဆွေ စေတနာ ၁၀
၇၂။ ရန်ကုန်မြို့ လမ်း ၅၀-အမှတ် ၈၅-ဦးထွန်းအုံ- ဒေါ်ခင်ညွန့် စေတနာ ၁၀
၇၃။ ဒါးပိန်မြို့ ရဟန်းဒါယကာ ဦးချစ်မောင် ဒေါ်တင် စေတနာ ၁၀
၇၄။ ရန်ကုန်မြို့ အမှတ် ၁၄၀-၃၂-လမ်း မညွန့်သန်း စေတနာ ၁၀
၇၅။ မြစ်ကျိုးမြို့ မရီ စေတနာ ၁၀
၇၆။ မြစ်ကျိုးမြို့ ဦးအောင်ချစ်-ဒေါ်အေးသင် စေတနာ ၁၀
၇၇။ ရန်ကုန်မြို့ ဒေါပုံမြို့သစ် ဦးတင်မောင်-ဒေါ်တောင် ဒေါ်ဧအေးညွန့်-ဒေါ်စော, မောင်နှမ စေတနာ ၅
၇၈။ ပြွန်တံဆာမြို့ လေးအိမ်စုရွာ ဦးအောင်သိန်း- ဒေါ်မြညွန့် စေတနာ ၅
၇၉။ မကျက်ကြီးရွာ ဒေါ်သန်း စေတနာ ၅
၈၀။ မကျက်ကြီးရွာ ဦးဘရှင်-ဒေါ်စိန်နု သမီး မရင်မြ စေတနာ ၅
၈၁။ ဝေါမြို့ ဒေါ်ဖွားကြိုင် စေတနာ ၅
၈၂။ အင်းစိန်မြို့ ဒေါ်သောင်း စေတနာ ၅
၈၃။ ပဲခူးမြို့ ဒေါ်စော စေတနာ ၅
၈၄။ မအူပင်မြို့ ဒေါ်ကျင်မြိုင် စေတနာ ၅
၈၅။ ရန်ကုန်မြို့ ပုဇွန်တောင် တပ်မြေရပ်ဒေါ်တင်မေ သမီး မစန်းစေတနာ ၅

| | |
|---|---|
| ၈၆။ ရန်ကုန်မြို့ ပုဇွန်တောင်တပ်မြေရပ် ဒေါ်သိန်း မြေး-မစန်း-မသန်းညွန့် စေတနာ | ၅၀ |
| ၈၇။ ရန်ကုန်မြို့ ပုဇွန်တောင် တောင်လုံးပြန်ရပ် ဦးကျော်-ဒေါ်ကြည် မိသားစု စေတနာ | ၅ |
| ၈၈။ ရန်ကုန် သုဝဏ္ဏမြို့ ဒေါ်ခင်ဝိန် မိသားစု စေတနာ | ၅ |
| ၈၉။ ဝေါမြို့ ဒေါ်လှစိန်မိသားစု စေတနာ | ၅ |
| ၉၀။ ပဲခူးမြို့ ဒေါ်အေးသွယ် စေတနာ | ၅ |
| ၉၁။ ရန်ကုန်မြို့ ဦးဘိုးချစ် သားသမီးများစေတနာ | ၅ |
| ၉၂။ ရန်ကုန်မြို့ ရွှေဘုန်းပွင့်ဒုလ္လဘအဖွဲ့ ဒေါ်နှင်းရင် စေတနာ | ၅ |
| ၉၃။ ရန်ကုန်မြို့ ဒေါ်တင်တင် စေတနာ | ၅ |
| ၉၄။ ကသစ်ဝိုင်ရိပ်သာ နံပါတ်(၆) ကျောင်းတရားဝင် ယောဂီများစေတနာ | ၅ |
| ၉၅။ ဝေါမြို့ ရဟန်းအမကြီး ဒေါ်သင်စေတနာ | ၅ |
| ၉၆။ ဝေါမြို့ ဦးအောင်တင်-ဒေါ်မြတင်စေတနာ | ၅ |
| ၉၇။ တွံတေးမြို့ အိုးဘိုပိုင်း အိုးကုန်သည် မောင်သိန်း ကြွယ်-မကြည်အောင် စေတနာ | ၅ |
| ၉၈။ ကျောက်တန်းမြို့ ဒေါ်သီစေတနာ | ၅ |
| ၉၉။ ရန်ကုန်မြို့ မကြည်သိန်းစေတနာ | ၅ |
| ၁၀၀။ ရန်ကုန်မြို့ ၂၇-လမ်း ဒေါ်သန်းဦးစေတနာ | ၅ |
| ၁၀၁။ ပဲခူးမြို့ ဒေါ်မေတင်စေတနာ | ၅ |
| ၁၀၂။ ဒါးပိန်မြို့ မတင်မြစေတနာ | ၅ |

၁၀၃။ ရန်ကုန်မြို့ ဗိုလ်စိန်မှန်လမ်း အမှတ် ၂၅၊ ကျောင်းအမကြီး ဒေါ်ဌေး-ဒေါ်လုံး စေတနာ ၅

၁၀၄။ ညောင်လေးပင်မြို့ ဦးမောင်ကြီး-ဒေါ်စောလှိုင် စေတနာ

၁၀၅။ ညောင်လေးပင်မြို့ ဦးထွန်းစိန်-နှမ ဒေါ်သိန်းတင် စေတနာ ၅

၁၀၆။ ရန်ကုန်မြို့ ပုဇွန်တောင်တပ်မြေရပ် ဦးဘဌေး-ဒေါ်နက်စေတနာ ၅

၁၀၇။ ပျင်ပုံကြီးရွာ ဦးစီစေတနာ ၅

၁၀၈။ မြစ်ကြီးမြို့ ဒေါ်စောတင်သမီး မစိုးမြင့်စေတနာ ၅

၁၀၉။ ပဲခူးမြို့ ဒေါ်အေးလှိုင်စေတနာ ၅

၁၁၀။ ညောင်ခါးရှည်ရွာ ဒေါ်သဲဝါစေတနာ ၅

၁၁၁။ ညောင်ခါးရှည်ရွာ ဦးပိန်-ဒေါ်ဖွားသီစေတနာ ၅

၁၁၂။ မြစ်ကြီးမြို့ တာထိပ်ကျောင်း ဦးဥတ္တမ-ဦးဇဝန ဦးတေဇစေတနာ ၅

**ဆုတောင်း** ။ဤသို့ သဒ္ဓါ ရှင်လန်း၊ လှူဒါန်း ရသော မဟာဒါန၊ ဓမ္မပူဇာ၊ ဓမ္မာနုဂ္ဂဟ မြတ်ပုညကြောင့် ဘဝတိုင်းဝယ်၊ ပညာကြွယ်လျက်၊ သုံးဆယ်သုံးဂုဏ်နှင့်၊ အစုံတင့်၍၊ တဆင့်ရပ်နာမ်၊ ဖြစ်ပျက်ဟန်ကို၊ အမှန်မြင်သိ၊ ဉာဏ်မျက်စေ့ဖြင့်၊ အပျက်ဆုံးရာ၊ နိဗ္ဗူတာကို၊ ကောင်းစွာအမြန်၊ မဂ်ဖိုလ်ဉာဏ်ဖြင့်၊ ဝင်စံရွှေ့လျောက်၊ မျက်မှောက် ပြုရပါစေသား....ဟု ဆုပတ္ထနာ, ပြုကြစေကုန်ရာ သတည်း။ ။

# မွေ့ဒါန အလှူရှင်များ

## စာအုပ်ရနိုင်သောဌာန

၁။ ပင်ရင်းဌာန မူလကသစ်ဝိုင် ဓမ္မရိပ်သာ-အဗျားစာတိုက် ဝေါမြို့အပိုင် ပဲခူးခရိုင်။

၂။ ဦးထွန်းခိုင်-ဒေါ်အေးချစ် အမှတ် (၅) မြခွါညိုလမ်း၊ တပ်မြေရပ် ပုဇွန်တောင် ရန်ကုန်မြို့။

၃။ ဒေါ်အုန်းမေ-ကုန်စုံဆိုင် ဂွတ္တာလစ်ဈေးအတွင်း၊ ဂွတ္တာလစ် ရန်ကုန်မြို့။

၄။ ဗိုလ်ကြီးပေါ-ဒေါ်စီစီ လမ်းသစ်လမ်း၊ အင်းစိန်မြို့။

၅။ ဦးကိုကိုကြီး ဘုတာရုံလဘက်ရည်ဆိုင် ဒါးပိန်မြို့။

၆။ ဦးပေါ-ဒေါ်မြိုင်နှင့်ဒေါ်အမာ(၁၇)လမ်း ညောင်ဝိုင်းရပ် ပဲခူးမြို့။

၇။ ဒဂုန်ထွန်း-ဒေါ်သန်း ဝေါမြို့။

၈။ ကျောင်းအမကြီးဒေါ်အုန်းကျင်ဈေးအနီးပြွန်တံဆာမြို့။

၉။ ဦးညို-ဒေါ်သန်းရင် လမ်းသစ်လမ်း ညောင်လေးပင်မြို့။

၁၀။ ဦးယုံပျောင်း-ဒေါ်ခွေးမ ဖဒိုမြို့။

၁၁။ ဦးထွန်းရင်-ဒေါ်ကျင်ထွေး မဒေါက်မြို့။

၁၂။ ဦးခင်မောင်-ဒေါ်ချစ် ပျဉ်းမပင်ရပ် ရွှေကျင်မြို့။

၁၃။ ကသစ်ဝိုင်ရိပ်သာ မော်လမြိုင်မြို့။

၁၄။ ဦးအုံးရင်-ဒေါ်ငွေဆင် မကျက်ကြီးရွာ။

၁၅။ ဦးသာအောင် (စသုံးလုံးအရာရှိဟောင်း) ရတနာလမ်း သံတွဲမြို့။

၁၆။ ဦးအောင်ကျော်ဖြူ-ဒေါ်သိန်း ကျိုက္ကလိမြို့ သံတွဲခရိုင်။